www.burmeseclassic.com

# လရောင်ကျူးရှင့်

အမုန်းသင့်လေပြည်



www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | – | ၅၀၀၁၂၈၀၂၁၀ |
| မျက်နှာဖုံးခွင့်ပြုချက် | – | ၅၀၀၁၈၉၀၂၁၀ |
| အကြိမ် | – | ပထမအကြိမ်၊ ၂၀၁၀ ခုနှစ်၊ မေလ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၅၀၀/– |
| ထုတ်ဝေသူ | – | ဒေါ်ကေခိုင်ဦး (မြဲ–၀၃၇၆၉) ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း။ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။ |
| အတွင်း/အဖုံးပုံနှိပ်သူ | – | ဦးဝင်းဖေ (မြဲ–၀၇၆၅၀) စိုးထက်ကျော်ပုံနှိပ်တိုက် တိုက် (၂၀၆)၊ အခန်း (အေ) ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။ |

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

လရောင်ကျူးရင့်

အမုန်းသင့်လေပြည်/ လရောင်ကျူးရင့်၊ – ရန်ကုန်။

ရွှေသမင်စာပေ၊ ၂၀၀၉။

၃၃၆– စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။

(၁) အမုန်းသင့်လေပြည်



## အခန်း (၁)

"လင်ပါသားနဲ့ မယားပါသမီးတို့ ညားကြလေသတည်းဆိုတဲ့ ဖြစ်ရိုးဖြစ်စဉ်တွေထဲမှာ ခိုင့်သမီးနဲ့ကိုသား မပါနိုင်တာကိုတော့ ကို သိပါတယ်နော်"

"ခိုင်ရယ် ..."

"ကိုကို ခိုင် ချစ်တာက သပ်သပ်၊ ကိုသားကို ဘယ်လိုမှကြည့်မရတာက သပ်သပ်၊ ဒီလိုပြောလို့ ကိုမကြိုက်ဘူးဆိုရင်လဲ မတတ်နိုင်ဘူး"

"မကြိုက်လဲ နေ့ရှိသရွေ့ မင်းပြောနေတာပဲ ခိုင်၊ ကိုယ်လဲ နားထောင်နေတာပဲ၊ ဒီထက် ဘာလုပ်ပေးရဦးမှာလဲ"

ဦးလွင်မိုးက စီးကရက်ညှိမလို့ကိုင်ထားပြီးမှ စီးကရက်ကိုရော မီးခြစ်ကိုရော စားပွဲပေါ်မှာ ဒီတိုင်းပြန်ချကာ နေရာမှထ,ရပ်လိုက်၏။

သူ့ထက် အသက်ဆယ်နှစ်ကျော်ငယ်သော ဒေါ်မမခိုင် က ပခုံးအောက်သာသာဆံပင်အကောက်တွေကို နားသယ်စပ်နှစ်ဖက်စလုံးကနေ ကျောက်ကလစ်လှလှလေးတွေနှင့် သိမ်းညှပ်ထားကာ နဖူးထက်မှာဆံမြိတ်ပါးလေးတွေ ပြန်ချထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖွံ့ထွားလှပသော ကိုယ်ဟန်က စမတ်ကျပြီး ဝင်းစိုသည့်အသားရောင်က ဆွဲဆောင်မှုတွေအပြည့်နှင့် ...။

သူမက ဦးလွင်မိုး ထ,ရပ်လိုက်တာနှင့် မှုန်ကုပ်ကုပ်မျက်ဝန်းလေးတွေကို ဦးလွင်မိုးနဲ့အတူပူးတွဲပို့လွှတ်လိုက်ကာ ...

"ကိုကိုလဲ ဘာမှမလုပ်နိုင်ဘူး၊ ဒါပေမယ့် ကိုသားတော့ ဒါကိုသိမှဖြစ်မယ်၊ သမီးလေးက ခုမှ ကျောင်းပြီးကာစရယ်၊ မမှားဖူးလဲ မပြောနိုင်ဘူး၊ မမိုက်ဖူးလဲ မပြောနိုင်ဘူး။ လူငယ်ချင်းတူရင်တောင်မှ ကိုသားက အသက်ပိုကြီးတယ်၊ သူ့ဘက်က နားလည်နေမှဖြစ်မှာ"

ခက်ပါလား ...၊ ဘယ်သူကပဲ အသက်ပိုကြီးကြီး နှစ်ဖက်စလုံးလူငယ်တွေချည်းပဲမဟုတ်ဘူးလား ...။

သူ့သမီးကို သူ ဖူးဖူးမှုတ်ချစ်သလို ကိုယ်လည်းကိုယ့်သားကို မချစ်ဘဲနေမလား...၊ ဒါပေမယ့် သူမဘက်မှာပဲ တရားဝင်ချစ်ခွင့်တွေရှိကာ ကျိုးယိုကျတော့ သားဖြစ်သူဘက်ကို ဖေးဖေးမမ ပြောပေးတာလောက်အောင် သူမက ခွင့်မလွှတ်ချင်။

နိုင် ဆိုသည့် ဒေါ်မမနိုင်သည် သူမ လိုချင်သည့်ဘက်ကို ပြောပြီဆိုဘယ်သူ ဘယ်စကားမှ တိုးလို့မပေါက်အောင် ပြောလည်းပြောတတ်လွန်းပါ၏။

"အတူတူပဲလို့တော့ မပြောနဲ့ ကို၊ သားနဲ့သမီး ဖြစ်နေတာကိုကလုံးဝမတူညီမှုပဲ၊ သမီးမိန်းကလေးဆိုတာ မိဘအတွက် အနှစ်ဖြစ်ပေမယ့် သားယောကျ်ားလေးက အကာပဲ၊ အတွင်းနဲ့အပြင်ကာရံရဲ့သဘောတွေကို ကိုယ်လဲနားလည်သားနဲ့၊ အခု ကိုသားကို ကစ်နေတုန်း အိမ်မှာမမြင်လဲ 'ဒီကောင် ဘယ်လျှောက်သိမ့်နေပြန်ပြီလဲ' လို့ မျက်လုံးတစ်ချက်ဝေ့ရှာမိရုံပဲ ကိုမှာဖြစ်တာ၊ နိုင့် ကျတော့ 'သမီးရေ ...' လို့ ခေါ်လိုက်လို့ ထူးသံမကြားတာနဲ့ သွားနေတဲ့ခြေလှမ်းတွေ ရပ်တန့်ကုန်တယ်၊ စားတော့မယ်





ထမင်းလုတ်က ပြုတ်ကျတယ်၊ ခိုင်ပဲ ပိုချစ်တာလို့ပြောနေတာမဟုတ်ဘူး၊ ပူရပုံချင်းမတူတဲ့အကြောင်း သိစေချင်တာ" တဲ့။

ဘယ်ဘက်ကမှ စကားထောက်လို့မရအောင် ဥပမာတွေ ရှုပကာဒေတွေ သူမနှုတ်ခမ်းဖျားမှ အမြဲတမ်းအဆင်သင့်ရှိသည်။

ဘာပဲဖြစ်ဖြစ်ပါ သားသမီးတွေ ကြီးတောင့်ကြီးမားကျမှ နောက်ထပ်အိမ်ထောင်ပြုခဲ့မိတာမို့ ဒီအိမ်ထောင် ဆိုးခိုးကောင်းကောင်း ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် ...၊

ပြီးတော့ ဒေါ်မမနိုင့်ကို ဦးလွင်မိုးက တကယ်နှစ်သက်လို့လက်ထပ်ခဲ့တာဖြစ်သလို ဒေါ်မမနိုင်ကလည်း စည်းစိမ်ဥစ္စာကိုမက်လို့ အားကိုးခဲ့တာ မဟုတ်ပေ။

စီးပွားဥစ္စာအရ နှစ်ဦးနှစ်ဖက် အတူတူပဲဖြစ်၏။ ဦးလွင်မိုး ကဒေါ်မမနိုင်ရဲ့ခင်ပွန်း ရှိနေစဉ်ကတည်းက အလွန်ရင်းနှီးကြသည့်မိတ်ဆွေတွေဖြစ်သည်။ သား ဆယ်နှစ်သားကတည်းကမှ မုဆိုးဖိုဖြစ်နေခဲ့သည့်ဦးလွင်မိုး က အလွန်လှပချောမောသော ဒေါ်မမနိုင်ကို မရိုးသားစိတ်နဲ့ပြစ်မှားတာမျိုးတော့မဟုတ်ပါ။

ဒါပေမယ့် ဒီအိမ်မှာရောက်တိုင်း၊ မျက်နှာချင်းဆိုင်မိကြတိုင်း ဒေါ်မမနိုင်၏ ဖူးရှုနှသစ်နေတတ်သည့် အလှတွေကို သတိတရရှိခဲ့သည်။

ရင်းနှီးနေကြတော့ ပို၍ကြည့်ဖြစ် မြင်ဖြစ်ခဲ့၏။ ဒေါ်မမနိုင်ဟာ ဦးချစ်ကိုကိုအပေါ်မှာကတည်းက ကလေးဆိုး ဆိုးနေခဲ့တာ သူသိသည်။

အိမ်မှာ သူတစ်ယောက်ပဲ အဝင်အထွက်များပြီး ရင်းနှီးနေခဲ့တော့ သူ့အပေါ်မှာလည်း အစ်ကိုရင်းချာတစ်ယောက်လို ရင်းနှီးခဲ့သည်။ ဦးချစ်ကိုကို ဆုံးသွားပြီးနောက်မှာ ဦးလွင်မိုးက လုပ်ငန်းနှစ်ဖက်စလုံးကို မလစ်ဟင်းရအောင် စေတနာပါပါနှင့်စောင့်ရှောက်ပေးခဲ့၏။

အချိန်တွေများစွာ ရှိသွားခဲ့ကြတာပါ။ ထိုစဉ်မှာကတည်းက သား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သူအကြောင်းမေးတိုင်း ဒေါ်မမခိုင် က ရွှတ်ချနေကျ ...။

"ကိုမိုးသားကလဲ လူရှုပ်လေးပဲ၊ ဟိုနေ့က လမ်းဘေးမှာ ကားတွေ့လို့ကြည့်တော့ သူတို့အုပ်စုကို တွေ့ခဲ့တယ် သိလား၊ ခေါင်းမိုးတွေပေါ်မှာ .. ဘွန်းနစ်ပေါ်မှာ .. အို .. ပိုးလိုးပက်လက်တွေလန်ပြီး ဗရုတ်သုတ်ခနေကြတာပဲ၊ စီးကရက်တွေသောက်နေကြတာရော ရှိုးရဲ့လားမသိဘူး"

"ကိုယ့်သား အဲဒီလောက်တော့မဆိုးပါဘူး"

လို့များ ကာကွယ်ပြောမိလျှင် 'သူသိတာကျနေတာပဲ' လို့ ပြောချင်သည့်မျက်ဝန်းတွေ ချက်ချင်းပြုံးပြက်လက်ကာ ...

"မိဘဆိုတာ သားသမီးကို အဲဒီလောက် မျက်ခြည်ပြတ်မခံရဘူး ကိုမိုးရဲ့၊ ပြီးတော့ မျက်စိပိတ် နားပိတ်ဖြစ်အောင် မယုံရဘူး၊ ကိုမိုး သားမီးခံသေတ္တာဖွင့်တတ်လာမှ ဆေးသမား ဘိန်းစားလေးဖြစ်နေမှန်းသိရင် ဖြေဆေးမရှိတော့ဘူး" တဲ့။

သူမကို လက်မထပ်ခင်တတည်းက ကိုယ်က ညီမလေးလိုချစ်ခဲ့ပြီး သမီးလေးလို ခွင့်လွှတ်နားလည်ရင်း စောင့်ရှောက်ခဲ့တာမို့ ဘာပြောပြော သည်းခံနေကျ ...။

သူမကလည်း ဘာပဲပြောချင်ပြောချင် ဂရုမစိုက်ဘွာ တစ်တစ်ခွခွ ပြောနေကျ။

"ကိုမိုး သားမျိုးသာ ခိုင် မွေးမိရင်တော့ တကယ် ခိုင် အသက်တိုမှာပဲ၊ စိတ်ညစ်စရာ"

ဟု ရှုံ့မဲ့ချီးမွမ်းတာတွေများ မကြားချင်မှအဆုံး ...။

ကိုယ့်သားကလည်း ကိုယ့်သားပါပဲ။ ဆယ်တန်းကို ဘယ်လိုဖြေလို့မှ မအောင်ဘဲ နောက်ထပ်ဖြေခိုင်းလို့လည်း မရတော့ပေ။

စီးပွားရေးကို စိတ်ဝင်စားတာလားဆိုတော့လည်း မဟုတ်။

"ကို ..."





"ဟင်"

စိတ်ပျက်ခြင်းအကြောင်းတွေထဲမှာ ခဏလေးတစ်ပတ်လျှောက်လိုက်တာ ပစ္စုပ္ပန်စကားဝိုင်းကို ဦးလွင်မိုး မေ့သွားခဲ့၏။ ဒေါ်မမခိုင် က ပန်းသီးကို အခွံခွာမလို့ကိုင်ပြီးမှ မခွာသေးဘဲ သူ့ကို မော့ကြည့်၍ ...

"ကို့သားကို စီးပွားလုပ်ငန်းတစ်ခုခု ထူထောင်ပေးလိုက်ပါလား"

ပြောပြန်ပြီ။ စေတနာစကားသက်သက်မဟုတ်မှန်း ဦးလွင်မိုး နားလည်သည်။ သမီးလေး အရွယ်ရောက်လာပြီဆိုကတည်းက ဒီသားကိုပဲ သူမ ခလုတ်တိုက်နေတာ တခြားတစ်နေရာရာကို လွင့်သွားဖို့ ...၊

"ဟင် ... ကို .. ခိုင်ပြောတာ ကြားလား"

"ကြားတယ်၊ သူကမှ စိတ်မပါတာ ဘယ်လိုလုပ်ရမလဲ ခိုင်"

"စိတ်မပါလို့ရမလား ကိုရဲ့၊ အရပ်ကြီးက မိုးထိုးနေပြီ၊ ဆေးလိပ်သောက်တတ်၊ ကွမ်းစားတတ်နဲ့ မျက်နှာက ရင့်သေးတယ်၊ ပြောမယ်ဆို သားနဲ့ဖအေက ညီအစ်ကိုလိုလိုဖြစ်နေတာ။ ဒီအချိန်ထိ ဖအေလုပ်တဲ့သူကို မှီခိုစားသောက်နေသင့်သလား၊ ခိုင် က မကျေးမွေးချင်လို့ပြောတာမဟုတ်ဘူးနော်၊ သားဆိုတာ ဖအေရဲ့လက်ရုံးမဟုတ်လား။ ကို ပင်ပန်းနေတာကိုလဲ မကြည့်ရက်ဘူး။ တစ်ခါတလေ သူ သိတတ်ရင် ကို သက်သာမှာပဲလို့ တွေးမိလာတာမျိုးပါ"

ကိုယ့်သားကို ကဲ့ရဲ့ရှုတ်ချနေခြင်းမဟုတ်ဘူးသာဆို သူမ စကားတတ်လွန်းတာကို ဦးလွင်မိုး ချစ်စနိုးဖြစ်မိမှာပါ။ ခုတော့ သူ့မှာ ခေါင်းတုယမ်းယမ်းဖြစ်လျက် ...

"ဒီလိုရှိတယ် ခိုင်၊ ပညာရေး၊ စီးပွားရေး ဆိုတာ ဝါသနာပါရမီနဲ့လဲဆိုင်တယ်၊ တိုက်တွန်းနေတိုင်း ရတတ်တာမဟုတ်ဘူး။ ဆုံးမပြောပြနေတိုင်းလဲ သိတတ်နားလည်ကုန်ကြတာမဟုတ်ဘူး၊ ပြီးတော့ ကိုယ့်ဘက်မှာ နောက်အိမ်ထောင်ပြုခဲ့တယ်ဆိုတဲ့ပြစ်ချက် ရှိခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို .. ဒါကို သားသမီးက အပြစ်တောက်လို့ရမလား၊ ဒီလိုဆို နိုင့်မှာ သမီးလေးမွေးထားတာ ကိုဇက် အများကြီးရင်ဆိုင်ရဖို့ရှိတာပဲ"

"မတူဘူး နိုင်၊ သမီးလေးက လိမ္မာတယ်၊ နာခံလွယ်တယ်၊ ကိုယ့်သားက နားကောက်တဲ့ဉာဉ်ရှိတယ်၊ ယောက်ျားလေးမို့ အပေါင်းအသင်းစုတော့ ပိုဆိုးတယ်၊ မိဘကို အမြင်စောင်းပြီး လမ်းမှားရောက်ဖို့က လွယ်လွယ်လေး"

"ဒါဆို ကိုသား ဒီတိုင်းနေသွားတော့မှာလား၊ ပညာ မတူးချွန်ရင်စီးပွားရေးတစ်ခုခုတော့ ဖြစ်အောင်လုပ်နိုင်းရမှာပဲ၊ ဒီလိုမှမဟုတ်ရင်လဲ မိန်းမပေးစားလိုက်လေ"

"နိုင်ရယ် ..."

ညည်းမိပြန်ပါပြီ။ ဦးလွင်မိုး မူလနေရာမှာပဲ ပြန်ထိုင်ချကာ ဆေးလိပ်နဲ့ မီးခြစ်ကို ပြန်ကောက်သည်။ မညီဖြစ်ဘဲ ဒီတိုင်းကိုင်ထားမိပြန်ကာ..

"ကိုယ် ပွင့်ပွင့်ပွင့်လင်းလင်းပြောမယ် နိုင်၊ သားနဲ့ပတ်သက်ပြီးပြောတိုင်း နိုင့်သဘောကို ကိုယ်နားလည်တာ သမီးလေးကို နိုင့်လိုပဲ ကိုယ်က ချစ်တော့ သမီးနဲ့ပတ်သက်ပြီး စိတ်ပူတာလဲ သဘာဝကျတယ်လို့ ကိုယ်က မြင်ပေးနိုင်တယ်၊ စောစောက နိုင်ပြောသလိုပဲပေါ့ ကိုယ်က သားမွေးထားတဲ့ဘက်ကဖြစ်လို့ သမီးရှင်ဘက်ကို စာနာပေးဖို့ပဲ အလေးထားတာမျိုးပါ၊ အဲဒါကြောင့် တစ်ခုတော့ စိတ်ချစေချင်တယ်"

ဘာလဲဆိုသည့်မျက်ဝန်းတွေ သူ့ဆီရောက်လာသည်။

"သားက ချစ်မယ့်မိန်းကလေးဖြစ်ဖြစ်၊ သူနဲ့လက်ထပ်ပေးဖို့ဖြစ်လာတဲ့မိန်းကလေးဖြစ်ဖြစ် အဲဒီမိန်းကလေးဟာ သမီးလေးမဖြစ်စေရပါဘူး၊ ကိုယ် ကတိပေးပါတယ်"

"ဟွန်း ..."

ဒေါ်မမခိုင်က ပြောင်ပြောင်ပဲ နှုတ်ခမ်းမဲ့၏။ ဦးလွင်မိုးနဲ့ပတ်သက်





သမျှ သူမဘက်က ဘယ်တုန်းကမှ အားနာထောက်ထားခဲ့တဲ့ရာဇဝင်မရှိသည့်အတိုင်း ...

"ကို ကတိပေးမလို့ ဖြစ်မလား၊ ကာယကံရှင်က သူ ..."

"ကိုယ်က ကာယကံရှင်မဟုတ်ပေမယ့် သားရဲ့စိတ်ဓာတ်ကို သိတယ် နိုင်၊ သားက အပေါင်းအသင်းနဲ့ ပေပေတေတေနေတတ်တာပဲ ရှိတယ်၊ ဒီလိုကိစ္စမှာ မရှုပ်တတ်ဘူး"

လာသေးတယ်။ ဒေါ်မမခိုင် က သမီးအပျိုရှိလာသည့် မိခင် တစ်ယောက်နှင့်မတူဘဲ နှုတ်ခမ်းကို ဟိုဘက်ဒီဘက်ရွဲ့စောင်းသွားတဲ့အထိ မဲ့သည်။

နှာခေါင်းရှုံ့ပွပွနှင့် မျက်ခုံးနှစ်ဖက်ပင့်၏။ ဦးလွင်မိုး က ထိုမျက်နှာကို ကြည့်နေရင်း သက်ပြင်းချလေသည်။

ဒီမိန်းမကို သူ ဘယ်လိုမှ အပြစ်မမြင်နိုင်တာလည်း ဝဋ်ကြွေးတစ်ခု ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"ဟဲ့ .. စီးကရက်တိုကို ခွက်ထဲထည့်လေ၊ ဘယ့်နှယ် စားပွဲခုံနဲ့ ဖိချေတာလည်း။ ညစ်ညစ်ပတ်ပတ်"

ပြောပေမယ့် ဖိချေပြီးစီးကာ စီးကရက်တိုက တွန့်ခေါက်ကြေမွခြင်းသို့ရောက်၏။ ဒီဘက်ကို မျက်နှာခပ်စောင်းစောင်းငဲ့လိုက်ပြီး မျက်လုံးချင်းမဆုံခင် ပြန်လှည့်သွားလျက် ကြေမွပြီးသည့် စီးကရက်ကိုကျမှ ခွက်ထဲပစ်ထည့်သည်။

ကြည့်စမ်း ...၊ ဒေါ်မမခိုင် မတ်ခနဲခေါင်းထောင်သွား၏။ ဆေးလိပ်ခွက်က ဟိုဘက်အစွန်းမှာကို ဒီဘက်ကနေ ပစ်ထည့်လိုက်တာ လူကို မထိမဲ့မြင် ရန်စလိုက်သလိုပင်။ ဒီဆေးလိပ် ခွက်ထဲကို တန်းခနဲဝင်မသွားလျှင် ဟိုဘက်ကပ်လျက်မှာ အလှမွေးငါးကန်လေးနဲ့ ...၊

"စစ်ခြံရဲ့ .. မင်းကိုမြင်လိုက်ရရင် မပြောဘဲနေချင်လို့ကိုမရဘူး။ အုပ်စုဖွဲ့နေလဲ အမြင်မတော်၊ တစ်ယောက်တည်းနေလဲ စည်းကမ်းမရှိ ..."

"အန်တီခိုင် ကျွန်တော့်ကိုပဲကြည့်နေလို့ပါ။ မကြည့်ဘဲနေလိုက်ရင် မမြင်တော့ဘူး"





"ဘာ ..."

ဒေါ်မမခိုင် ပန်းအိုးကိုမချဖြစ်ဘဲ ဖျတ်ခနဲပြန်လှည့်၏။ ရိပ် က ဗီတေဝါးနေသည့်နှုတ်ခမ်းစေ့စေ့နှင့် နောက်ပြန်ငဲ့ကြည့်တော့ မျက်တောင်ဖျားတွေစင်းလျက် 'ဘာဖြစ်ချင်လဲ' လို့ မေးနေသလိုလို ...။

"မကြည့်နဲ့ပေါ့ .. ဟုတ်လား စစ်ခြံရဲ့ တစ်မိုးအောက်တည်းမှာနေကြတာ ဒီနေရာမှာထိုင်၊ ဒီနေရာမှာပဲတွေ့နေကြတာ၊ ငါက မျက်စိမှိတ်နေရမှာလား၊ ဟိုခြေထောက်ကိုရော ပြန်ရုပ်လိုက်စမ်း၊ အဲဒါ စားပွဲအောက်ဆိုပေမယ့် အဲဒီအထပ်မှာ စာအုပ်တွေချည်းပဲ၊ မင်းမို့လို့ စာမှန်းပေမှန်းမသိ ..."

ပန်းအိုးလေးကို စောင်းကောက်တင်ထားသည့် ရှိုးကေ့စ်ပေါ်မှာတင်ဖို့ဟာ ညှော်ခနဲစားပွဲပေါ်မှာပဲ ဒေါက်ခနဲဆောင့်ချလိုက်ရင်း ...

"ပြောတော့ ငါကပဲကြည့်ပြောနေတယ်တဲ့၊ အခု မင်းရှေ့က စားပွဲခြေထောက်မှာ ဗီကေဝါးပြီးသားတစ်ခု အဲပေါ်ထပ်လှေကားထိပ်က ပန်းအိုးစင်မှာတစ်ခု၊ ရေချိုးခန်းနံရံမှာ နောက်ဖေးလှေကားတန်းတွေမှာ ဘယ်နေရာကြည့်ကြည့် ဗီကေတွေချည်းပဲ။ ဒါတောင် အိမ်မကပ်တဲ့ရက်က များနေလို့၊ အမြဲတမ်းသာနေရင် ငါ့အိမ်၊ ဆပ်ပြာကြော်ငြာတဲ့ထဲက အဝတ်စလိုဖြစ်နေပြီ၊ ဒီအသက်အရွယ်လဲရှိနေပြီ စည်းနဲ့ကမ်းနဲ့ သန့်ရှင်းရည်မွန်ဖို့ကြိုးစားစမ်းပါ"

မျက်နှာချင်းဆိုင်လိုက်တာနှင့် ဆာရီပျောက်တဲ့ကုလားမလို ဆူလည်းဆူ ပြောလည်းပြောနိုင်လွန်းသည်။ ပြန်ခံပြောတော့ ဒီကောင်က မိမဆုံးမ၊ ဖမဆုံးမသား ...။

ဒေါ်မမခိုင် ဆိုသည့် 'ဒေါ်' တစ်လုံးတပ်ပြီး လူကြီးသူကြီးလို တည်တည်ခံ့ခံ့ကြီးနေထိုင်ပြောဆိုတာလည်းမမြင်ဖူးသော ထိုအမျိုးသမီးသည် ရုပ်ရှာသလောက် အလှအပလည်း အလွန်ကြိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အလှချည်းပဲထိုင်ပြင်နေတာမျိုးလည်းမဟုတ်ဘဲ လက်သည်းနီနီဆိုးပြီး လက်တွေကိုထောင်၍ ပါးစပ်တဟူးဟူးမှုတ်ရင်း ပေါင်းတင်ထားသည့်မျက်နှာဖွေးဖွေးပိတ်ပိတ်ကြီးနှင့် တစ်အိမ်လုံး တခေါက်ခေါက်သွားရင်း ...

"မီဂု ဟဲ့ .. သခွားသီးတို့စရှေ့ပြင်တာ ဘယ်နှယ် အတုံးလိုက် အတစ်လိုက်ကြီး။ ပြန်ယူစမ်း .. ပြန်ချ။ ကို က အဲဒီလိုပြင်တာမျိုး စားမှာမဟုတ်ဘူး"

"အားလုံး ပြင်ပြီးပြီလား။ ကို့အတွက် မုန့်ပွဲကို ငါ့ဘာသာပြင်မှာနော်"

"ဒရိုင်ဘာ ဘာလုပ်နေသလဲ၊ ကားနောက်ဖုံးပေါ်မှာ ငှက်ချေးတွေ မမြင်ဘူးလား။ ခက်တော့တာပဲ၊ ခုပဲ ကိုက အပြင်သွားတော့မှာ၊ ဟဲ့... သွားခေါ် စမ်း မြန်မြန်"

စသဖြင့် ပါးစပ်မအား လက်မအား ဘယ်လိုဖြစ်ဖြစ် အိမ်မှာထောင့်စေ့အောင်ဆူသည်။ သူမ ဝင်မလုပ်ပေမယ့် တစ်ချက်မှ မလစ်ဟင်းအောင် ညွှန်ကြား၏။

ပြောသမျှစကားထဲမှာ ဖေဖေ့အတွက်ချည်းဝဲဖြစ်နေတော့ သူ့မှာ မကျေနပ်တာတွေများပြားနေပေမယ့်လည်း ပြန်ပြန်မျိုချနေရသည်။

အသက်ငယ်ငယ်လှလှမိန်းမကို ယူထားပေမယ့် ဖေဖေ့အတွက် အဆင်ပြေနေတာကို သားတစ်ယောက်အနေဖြင့် ကြည်ဖြူစိတ်မွေးနေရတာမျိုး ...။

"ဒါ ဘယ်ကိုလဲ စစ်ခြံရုံ"

ပြောမိဆိုမိမှာစိုးလို့ ရှောင်ထွက်တော့လည်း သူပြောလို့မပြီးသေးဘဲ သွားတာမကြိုက်။ အားလုံး 'ခြံရုံ' လို့ပဲခေါ်နေကြသည့်ထဲမှာ စစ်ခြံရုံ လို့ ပြည့်စုံစွာကင်ပွန်းတပ်ခဲ့တာလည်း ဒေါ်မမခိုင် ပဲဖြစ်လေသည်။

"ကျွန်တော့်ကို ဖေဖေ ခေါ်ထားလို့ ..."





"ဘာလုပ်ဖို့လဲ"

လို့ မျက်မှောင်ကြုတ်ပြောလိုက်တာက ကိုယ့်ကိုမေးတာမဟုတ်တော့ သူကလည်း မဖြေ။

"မင်းတို့အုပ်စုတွေ ရှမ်းပြည်နယ်ဘက်ကို ခရီးထွက်ကြမလို့ဆို"

"ဟုတ်တယ်။ အခု ..."

"မင်းအဖေက မုန့်ဖိုးပေးတာ နည်းလို့လား၊ ဘယ်နေ့သွားမှာလဲ ပြောလေ၊ ငါ့ဆီကယူသွားပေါ့၊ ဟိုမှာ ဘယ်နှစ်ရက်ကြာမှာလဲ၊ အဲဒီကနေ ချင်းပြည်နယ်ဘက်ကိုလှည့်ကြဦးမှာဆိုတော့ ကြာမှာပဲ၊ ဘာပဲဖြစ်ဖြစ် သွားစရာရှိတာ သွားပါ၊ မင်းအဖေကို ငါပြောထားပါ့မယ်"

အတင်းကြီးပါလား ...၊ ကိုယ့်ဘာသာမေး .. ကိုယ့်ဘာသာဖြေရင်း အဆင်ပြေနေသည့် ဒေါ်မမခိုင်ကိုကြည့်ကာ သူ့ မျက်ခုံးနှစ်ဖက်ပင့်နေမိတာ ပြန်မကျနိုင်။

ဟုတ်သည်။ ဒီအမျိုးသမီးဟာ ကိုယ့်အပေါ်မှာ ဘယ်တော့မှ စိတ်တိုင်းတကျပြောဆိုဆက်ဆံခဲ့ဖူးခြင်းမရှိပေမယ့် မိထွေးပီပီ မောက်မာဆိုးသွမ်းနေတာမျိုးလည်း မဟုတ်။

သားတစ်ယောက်၊ သမီးတစ်ယောက်ဆီ ရှိနေကြပြီး ကိုယ့်သားသမီး ဘဝအရေးအတွက် ကိုယ့်ဘာသာရုန်းကြမည်ဆိုသည့် မာနများနှင့် ရှိခဲ့ကြတာလည်း သူသိသည်။

"ဖေဖေ့မိန်းမက ဘာဖြစ်တာလဲ၊ ဖေဖေနဲ့မယူခင်ကတည်းက ဖေဖေပဲ သူ့လုပ်ငန်းတွေကို တာဝန်ယူကူညီထားခဲ့တာ .. ခုကျမှ ..."

"အစက မိတ်ဆွေ၊ အခုကျတော့ လင်မယားဖြစ်သွားပြီလေ၊ ဒါပေမယ့် ကိုယ့်သားကလဲ သူ့သားမဟုတ်ဘူး။ သူ့သမီးကလဲ ကိုယ့်သမီးမဟုတ်ဘူး၊ ခိုင် က စည်းကမ်းထားတဲ့သဘောနဲ့ပါ၊ အဲဒါလဲ ကောင်းတာပဲကွဲ၊ ဖေဖေတို့ လွတ်လပ်တာပေါ့" တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ ဘာကိုရည်ရွယ်မှန်းမသိပေမယ့် ကြည့်လိုက်တိုင်း လွတ်လပ်မှု တစ်ခါမှမမြင်ရတာတော့ သေချာသည်။ အန်တီနိုင်က ဒါခိုင်ဒ် ဖေဖေ တစ်ခါမှ ခေါင်းခါခဲ့တာ မတွေ့။

ကိုယ်က သားပီပီ ဖေဖေ့နားမှာ ပွတ်သီးပွတ်သပ်နေတတ်တာ မရှိခဲ့ပေမယ့် ဟိုကောင်မလေးလည်း ချွဲတီချွဲဖတ်ကလေးတော့ မဟုတ်သည့်တိုင် ဖေဖေ အဲဒီကောင်မလေးကိုချစ်တာ အသိသာကြီး။

အန်တီနိုင် က 'စစ်ခြံရုံ' ဆို နာခေါင်းရှုံ့ပြီးသား။ ဖေဖေကတော့ 'ချစ်ခြင်းမွှမ်းမံ' ဆိုတဲ့ ကောင်မလေးကို တတ်နိုင်သမျှ အလိုလိုက်ယုယပြီးချစ်ခဲ့သည်။

ဖေဖေနဲ့ လက်မထပ်ခင်ကတည်းက သူ ဖေဖေနဲ့ တစ်ခါတလေ လိုက်သွားမိရင်တောင် ဖော်ရွေစွာကြို့ဆိုခဲ့တာ ရှိလို့လား ...။

"ဒါ ကိုမိုး သားလား"

"မျက်နှာလေးက ဂျစ်တိဂျစ်ကန်ပုံလေးပဲ"

"သားလေးမွေးထားပြီး လျှော့ရိလျှော့ရဲမအုပ်ချုပ်နဲ့ ကိုမိုး၊ ခံသွားရမယ်"လို့ ပြောတာမျိုးက မရှား၊ သူ ကလေးပီစိလေးမှမဟုတ်တော့တဲ့ဆုံးမတာ၊ မလိုလားတာလောက်တော့ ခွဲခြားနိုင်သည်။ ထို့ကြောင့် ဒီအမျိုးသမီးနဲ့ ဖေဖေ လက်ထပ်မယ်ဆိုတာ ကြားလိုက်တော့ မကျေနပ်ချင်။

"ဖေဖေကတော့ သူ့သမီးကို ကိုယ့်သမီးလေးလို သဘောပေါက်မယ်ဆိုတဲ့ ကတိကဝတ်တွေနဲ့ လက်ထပ်ခွင့်တောင်းရတယ်၊ ဖေဖေ့ကို မှီခိုမယ့်သူ့ကျတော့ ကျွန်တော့်ကို မေ့တ္တာတွေထားလိုက်တာ တရားကျလောက်စရာပါပဲ"

လို့ ဖွင့်ပြောတော့ ဖေဖေ့မျက်နှာကြီး ပြုံကျတော့မတတ်ပင်။

"သူက မင်းရဲ့မေမေမှမဟုတ်တာ သားရယ်၊ သားလို သဘောမထားနိုင်ဘူးဆိုရင်လဲ ငါ့သားက ထားလိုက်ပါ"





"သူ့သမီးကရော ဖေဖေ့သမီး ဟုတ်လို့လား"

"ဒါက မတူဘူးလေ၊ မိထွေးဖြစ်လာမယ့်မိန်းမနဲ့ ပထွေးဖြစ်တဲ့ ယောကျ်ားအတွက် ယောကျ်ားဘက်မှာ အများကြီးဘောင်ကျဉ်းတယ်"

ဒေါ်မမခိုင်အတွက် ဖေဖေက နားလည်ပေးနိုင်သည့်ဘက်မှာပဲ အမြဲရှိနေတတ်တာလည်း ကျေနပ်ဖွယ်မရှိပေ။ ဘာပဲဖြစ်ဖြစ် ဒေါ်မမခိုင် အပေါ်မှာ အမုန်းကြီးမုန်းတာမျိုးတော့ သူ့ရင်ထဲမှာ ဖြစ်မလာခဲ့ပါ။

ဖြစ်လောက်အောင်လည်း မိထွေးပီသစွာ နေရာတကာ စီးတောင့်စီးနဲပြောဆိုကတတ်ဖွဲ့နေတာမျိုးမဟုတ်ဘဲ စားစရာလုပ်ပြီဆို ချန်ထားတတ်တာတွေ၊ သူ အပြင်မှာ ပြဿနာတစ်ခုခုဖြစ်လာတဲ့အခါ အိမ်မှာ ဖေဖေ မရှိလျှင် ဒေါ်မမခိုင် ဖျာယာခတ်နေတတ်တာတွေ၊ ပါးစပ်ကသာ တဖျစ်တောက်တောက်ဆူပြောနေတာ ရှိချင်ရှိမည်၊ ခြေရာလက်ရာရှုပ်ယှက်ခတ်နေအောင် ပူပင်တတ်တာတွေ ရှိခဲ့၏။

"အဲဒါ အဲဒါပဲ၊ သားတစ်ယောက် သမီးတစ်ယောက် မွေးထားတ... ချင်းအတူတူကို ငါ မွေးထားတာကို ငါနိုင်တယ်၊ သူ့မှာ သားတစ်ယောက်ကို မနိုင်နင်းဘူး၊ ဆယ်တန်းလေးတော့ အောင်အောင်တွန်းပို့လိုက်မယ်၊ အပေါင်းအသင်းမမှားအောင် ဂရုစိုက်ဖို့တော့ ကြပ်မတ်၊ ဒါလောက်တော့ မရှိသင့်ဘူးလား။ ဘွဲ့ယူနှယ် အပြင်မှာ ထင်သလိုသွားလာနေတာကို မတားဆီးတဲ့အပြင် ကားထည့်လဲဝယ်ပေးနေသေးတယ်၊ အံ့ရော ..."

ဝင်ပါစရာရှိရင်တော့ စေတနာပါပါနဲ့ပါ၊ ပြီးပြီဆို ပါးစပ်က တစ်ချက်မှမပိတ်တော့တာ နားမခံနိုင်၊ နည်းနည်းငယ်ရွယ်တုန်းက ငြိမ်နေပေးခဲ့တာရှိပေမယ့် ခုကျတော့ မခံနိုင်။

"အန်တီခိုင် တော်တော့ဗျာ၊ ဘာမှလဲလုပ်မပေးနဲ့ နားတွေလဲပူလှပြီ"

"ပူရင် သွားလေ၊ ငါ့ရှေ့ကိုမလာနဲ့ သွား ..."

အော်စရာရှိပြီဆို အသက်အရွယ်ဆိုတာကိုလည်း သတိရပုံမရ...။



www.burmeseclassic.com

www.burmeseclassic.com



“ဖေဖေ့မိန်းမကို မွေးနေ့လေး ဘာလေး လုပ်ပေးလိုက်ဦး”

“ဘာဖြစ်လို့လဲ”

“သူ့အသက် သူ သတိရသွားအောင်”

ထိုသို့ပြောတိုင်း ဖေဖေက မပြုံးဘဲ ဝါးလုံးကွဲရယ်ချင်သည့်မျက်နှာကြီးနှင့် ...

“ဩော် ... ဘာဖြစ်ဖြစ် ဖေဖေ့ထက်တော့ အများကြီးငယ်ပါသေးတယ်”တဲ့။

ရှေးဟောင်းနှောင်းဖြစ်တွေ ပြန်လည်တူးဆွ၍ ဒေါ်မမခိုင်ကို သည်းခံနိုင်စွမ်း မွေးနေရသည်။ ဟိုတုန်းက တစ်ခါတလေ စိတ်တိုလာလျှင်ခံပြောခံဆိုလုပ်ခဲ့ဖူးပြီး အကျိုးအခဲဆိုတာလည်း သိပ်မဖြစ်ခဲ့တာ အမှန်ပင်။

ခုကျတော့ ကိုယ့်ကို အပြင်မှာချည်းနေစေချင်သည့်သဘောတွေကို ရှိအကဲခတ်မိလာသဖြင့် နားလည်ပေးဖို့က သိပ်မလွယ်ပေ။ သူငယ်ချင်းတွေကလည်း အိမ်ကို အဝင်အထွက် သိပ်မလုပ်ရပေမယ့် တစ်ခါတလေ ရောက်ရောက်လာဖူးနေတာနဲ့ပဲ ဒေါ်မမခိုင်ကို အကဲခတ်သွားကြ၏။

“မင်းရဲ့ဂေါ်တမီက ဘာလဲ၊ ဒီလောက်အိမ်မကပ်တဲ့လူကို ခဏလေးမြင်လိုက်တာနဲ့ ခဏလေးကောက်ဆူတာပဲ၊ မဆူသာရင် မျက်လုံးတဝင်းဝင်းနဲ့ ...”

“ငါထင်တာတော့ သူ့သမီးနဲ့ငြိမှာစိုးနေသလားမှမသိတာ”

“စိုးရအောင် သူ့သမီးက သူ့ဘိုးဘွားတွေဆီမှာပဲ အနေများတဲ့ဟာ၊ ပြီးတော့ ခုမှ ဟိုက ကိုးတန်းတက်နေတုန်း။ မင်းကလဲ မဆီမဆိုင် ...”

သူငယ်ချင်းတွေ ပြောဖူးကြတာ ဟိုတုန်းတည်းကဖြစ်သည်။ ဘာပြောပြော သူကတော့ ထိုကိစ္စကို ခေါင်းထဲမထည့်မိပါ။

‘ချစ်ခြင်းမွှမ်းမံ’ ဆိုတာလေးကို သူ့ခေါင်းထဲမှာရော မျက်လုံးထဲမှာရော ဘယ်မှာမှမရှိ။ ဒေါ်မမခိုင့်ဘက်မှာလဲ ဒီလိုဖြစ်နိုင်မယ်မထင်။





မိထွေးကတော့ မိထွေးတို့၏လုပ်ရိုးလုပ်စဉ်အတိုင်းပဲ ဖြစ်ပေမည်။ ထို့ကြောင့် ဒေါ်သထိန်းမရဖြစ်လာတိုင်း အပြင်ကိုထွက်သွားချင်သွား။ အခန်းအောင်းနေချင်နေ၊ အလိုချင်ဆုံးတစ်ခုက ဘာသံမှမကြားရဘဲ အေးအေးနေချင်၏။

ခုလည်း သူ့ကို ခရီးထွက်ဖြစ်သလား၊ မဖြစ်ဘူးလား မမေး။ ပြောချင်တာကိုပဲ ဖွတ်တိုးပြောနေသည်။ သက်ရောက်မှုကတော့ သူ့ကို သူမ ခရီးထွက်စေချင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

ဖုန်းသံက ဆူညံနေသည်။ ရေချိုးခန်းထဲကထွက်ပြီး ခေါင်းက ရေတောင်ခြောက်စင်အောင်မသုတ်ရသေးဘဲ ဟိုဒီလိုက်ကြည့်ရင်း ဖုန်းဆီလျှောက်ခဲ့မိသည်။

"ဟလို"

"ဦးဦးမိုးလား၊ မေမေ မရှိဘူးလားဟင်"

"ဘာ ဦးဦးမိုးလဲ၊ အသံလေးဘာလေး သေချာနားထောင်"

"ဟင် .. ကိုကြီးလား ..."

"ဘာလဲ မြန်မြန်ပြော၊ ဒီမှာ ရေစိုကြီးနဲ့ ..."

"သြော် ... ဒါဆိုရင် မေမေ့ကို ခဏလေးခေါ်ပေးပါ ကိုကြီးရယ်၊ ချစ်ချင်း မေမေနဲ့ ပြောချင်လို့"

"ခင်ဗျားမယ်တော် မရှိဘူး၊ ဒီအိမ်မှာ သူ ဒါရိုက်တာ၊ သူပဲ မင်းသမီး၊ ငါ လာကိုင်ကတည်းက သူမရှိလို့ဆိုတာ မသိဘူးလား"

တစ်ဖက်က အသံလေးတိတ်ကျသွား၏။ ပြီးမှ သူ ဖုန်းချလိုက်မှာစိုးသည့် ခပ်ပျာပျာလေသံလေးနှင့် ...





"ကိုကြီး မေမေ့ကိုလေ မနက်ဖြန် လေဆိပ်မှာ လာကြိုပေးပါလို့..."

"ဘာ..."

"ချစ်ခြင်း ပြန်လာချင်လို့၊ ပြီးတော့ ဒီမှာ တစ်ရက်ကလေးမှကို မနေချင်လို့၊ ကိုကြီး ပြောပေးနော် .. နော် ကိုကြီး"

"ဒါပဲမဟုတ်လား"

သူ ဖုန်းချပစ်လိုက်သည်။ ဟိုမှာ အလုပ်လုပ်မိုင်းဖို့ အားလုံး စီစဉ်ပေးမယ်ဆိုပြီးတော့ ဘာတွေဖြစ်ကုန်ကြသည်မသိ။

"ဘယ်ရောက်သွားလဲ ခြံရံ ... စစ်ခြံရံ ..."

"ဒီမှာ"

လူမမြင်ရသေးဘဲ ဆူးစူးဝါးဝါးအော်ခေါ်နေတာကို စိတ်ပေါက်ပေါက်နှင့် ခြံရံ ကလည်း ပြန်အော်၏။ ခဏအတွင်းမှာပဲ ဒေါ်မမခိုင် သူ့ရှေ့ကို ဘွားခနဲရောက်လာကာ ...

"အပြင်မှာ ကားက ဘာဖြစ်တာလဲ၊ နောက်မီးနှစ်လုံးစလုံး ကွဲပြီး တစ်ပိုင်းလုံး ကြေမွနေတာပဲ"

"ရန်ဖြစ်လာတာ"

"သိတယ်၊ ဖြစ်လာပြီဆိုတာ ဖြစ်တဲ့အကြောင်းပဲ မေးနေတာ"

"ရန်ဖြစ်ပါတယ်ဆို ဖြစ်တယ်ပဲမှတ်လိုက်ပေါ့၊ လူငယ်တွေပြဿနာကို အန်တီခိုင့်ကို အလုံးစုံပြောရဦးမှာလား၊ ကျွန်တော် ကားပျက်သွားတဲ့အကြောင်း ဖေဖေ့ကို ဖုန်းဆက်ပြီးပြီ"

"အို... အဲဒီလို 'ကြွေးတင် ရှင်ဘုရင်ဆပ်' ဆိုတာမျိုး လုပ်လုပ်နေလို့ ရမလား၊ မင်းအဖေ ဘယ်လောက်ချမ်းသာချမ်းသာ ဖြုန်းတဲ့လူက ထိုင်ဖြုန်းနေရင် ပလိုင်းပေါက်နဲ့ဖားကောက်တာထက်ဆိုးဦးမယ်၊ ဘာဖြစ်လာတာလဲပြော၊ ဘယ်သူလွန်တာလဲ၊ ဒီကားပျက်စီးတဲ့အတွက် တစ်ဖက်က တန်ရာတန်ကြေးအတိုင်း လျှော်ကိုလျှော်ရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ်.."

ကိုယ်ပေါ်မှာ တဘက်နဲ့ပတ်ထားရဲ၊ ပခုံးပေါ်မှာလည်း မျက်နှာသုတ်ပဝါကိုလေးတင်ထားလျက်နှင့် အမြင်မတော်တာကို ဒေါ်မမခိုင်လည်း သတိမထားမိ။ သူလည်း ကိုယ့်ကိုယ်ကို မေ့နေ၏။ ထုံးစံအတိုင်း ဆိုဖာပေါ်ကို ပက်ခနဲဆောင့်ထိုင်မိတော့မလိုဖြစ်ပြီးမှ အဝတ်စားမပါသေးတာကိုပြန်ကြည့်မိကာ နေရာမှ လှည့်ထွက်လာခဲ့မိသည်။

"စစ်ခြံရဲ.. မင်းကို ငါမေးနေတာက ဖြစ်သင့်တဲ့အတိုင်း ဖြစ်အောင်လုပ်ရဖို့တွေရှိသေးလို့နော်၊ ရန်ဖြစ်လို့ မင်းခေါင်းကွဲလာတာ ဆရာဝန်ပင့်လိုက်ရုံနဲ့ပြီးတယ်၊ ဒီကိစ္စက မရဘူး"

ဒေါ်မမခိုင် က အခန်းဝထိလျှောက်လိုက်ပြောနေရင်း သူ တံခါးပိတ်လိုက်တဲ့အထိ တံခါးတစ်ချပ်ခြားနေသည့်အပြင်မှာ ပြောလို့မပြီးနိုင်။

"အကျီလဲပြီး မြန်မြန်ပြန်ထွက်ခဲ့၊ ဘယ်သူနဲ့ဖြစ်လာတာလဲ၊ ကားနောက်ပိုင်းတစ်ပိုင်းလုံး ကြေမွသွားတာ နည်းတဲ့စရိတ်လား"

"စရိတ် ဘယ်လောက်ကြီးကြီး .. အန်တီခိုင် ကုန်မှာလဲမဟုတ်ဘဲနဲ့ ဘာဖြစ်လို့ အလကားနားပူနေတာလဲ"

"ဘာပြောတယ်"

"မီးလုံးတစ်ဖက်က မတော်တဆတိုက်မိသွားတာ၊ အဲဒါ ရန်တွေဖြစ်ကြပြီး နောက်မီးလုံးတစ်ဖက်ကို တမင်တကာခွဲသွားတာ"

"ကြည့်စမ်း ...၊ မိုက်ရိုင်းနေလိုက်ကြတာ၊ ဒါဆို ဟိုက မတော်တဆကို မင်းက သွားစခဲ့တာပေါ့။ စပြီး အခု မင်းပဲခံလိုက်ရတယ်မဟုတ်လား။ စစ်ခြံရဲ .. ဟိတ် ..."

တံခါးကို အားမလိုအားမရထုပစ်လိုက်ရင်း ဒေါ်မမခိုင် ဒေါသတွေဖြစ်နေတာ ဘယ်ကိုပေါက်ကွဲပစ်ရမှန်းလည်းမသိ။ နောက်ဆုံးတော့ သူမသည်သာ ဒေါသတွေထွက်၊ တက်ခေါက်လို ခေါက် ...၊





စစ်ခြံရဲ တစ်ခွန်းမှ ခွန်းတုံ့မပြန်ပါလား မှတ်ခဲ့သည်။ ပြတင်းတံခါးကနေ ကျော်ခွဆင်းထွက်သွားတာ ဘယ်တုန်းကမှန်းမသိ။

သားသမီးတွေ အဲဒီလို မလိမ္မာစွာ သုံးဖြုန်းကုန်ခန်းကြမှာတွေရှိလာမှာကိုမြင်လို့ သူ့စီးပွား ကိုယ့်စီးပွား ဆိုသည့် အစကတည်းက ကန့်သတ်ချက်ရှိထားခဲ့တာကို ဒီနေ့ထိ မရောနှောခဲ့ပါ။

သူ့ဖအေရှာနေတာကို ကိုယ်ပဲ ထိုင်သိမ်းနေတာဆိုလျှင် မသုံးစွဲစေချင်လို့၊ မသဒ္ဓါနိုင်လို့ဆိုသည့် ပုဒ်မတွေဖြစ်လာမှာမလွဲ၊ ဒီလိုကြိုတွက်ပြီး ကာကွယ်ထားခဲ့တာတောင် အထဲကနေ ပြန်ပြောနေတဲ့စကားလုံးတွေကကြားလို့မကောင်း။ ဒါကို သူ့ဖအေနဲ့ပြန်တိုင်လည်း ပြောပါလိမ့်ဦးမည်။

"အဲဒါကြောင့် ခိုင့်ကို ကိုယ်ပြောတာပေါ့၊ ကိုယ်ရှာနေတာ မင်းနဲ့ကလေးတွေအတွက်ပဲ၊ အားလုံး မင်းသိမ်းမှပေါ့၊ ကိုယ့်ဆီက ငါးခါတောင်းရဲပေမယ့် မင်းဆီမှာဆိုရင် တစ်ခါ နှစ်ခါတောင်းဖို့တောင် သူ ခဲယဉ်းသွားမှာ၊ ကိုယ့်သားကို စေတနာမရှိလို့ ပြောတာတော့မဟုတ်ဘူး။ ဒါပေမယ့် အဲဒီလိုဖြစ်သွားရင် သူ မင်းဆီက လက်ဝါးဖြန့်မှာမဟုတ်ဘူးဆိုတာ ကိုယ်သေချာသိတယ်။ ဒီကောင်က လူသာအသုံးမကျတာ၊ မာနရှိတယ်" တဲ့။

သူ့သား မာနရှိတာကိုတော့ စကားကြုံလာတိုင်းပြောနေတာပင်။ ဘာမာနကြီးတာလဲ၊ 'ငါ့အဖေပစ္စည်း ငါဖြုန်းနေတာ' ဆိုတဲ့ မာနတွေလား...၊

ဘယ်လိုမှကို ကြည့်မရခဲ့တာ အဲဒါ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"တင်းတောင် ..."

"ကျွတ်"

နုတ်မင်းစည်းစိမ် ဘယ်လိုနေမှန်းတော့မသိ၊ ဒေါ်မမခိုင် အိမ်မှာမရှိသည့်နေ့ဆို သူ့ တမင်တကာ အပြင်မထွက်ဘဲနေဖြစ်ခဲ့၏။ အိမ်မှာ ခြေဆန့်လက်ဆန့် ဘယ်လိုနေနေ၊ ဘာလုပ်လုပ် ...၊

အိမ်ရှေ့က ဘဲလ်သံကြောင့် စိတ်တိုသွားကာ ကျွတ်ခနဲစုတ်သပ်မိတဲ့အထိ၊ မီးညှိထားစ စီးကရက်ကို နောက်ထပ်ဖွာရှိုက်ရင်း ဆိုဖာပေါ်မှာ ပစ်စလက်ခတ်လှဲနေရသည့်အရသာကို စွန့်လွှတ်ဖို့ တော်တော်ခက်နေ၏။

"တင်းတောင် ..."

"တောက် ..."

နောက်ထပ်မြည်လာတော့ ရုတ်ခနဲထ လိုက်မိ၏။ ဒီအချိန်ရောက်လာတာ အလုပ်နဲ့ပတ်သက်သည့် ဖေဖေ့မိတ်ဆွေ မဖြစ်နိုင်။

နွားနို့သည် သို့မဟုတ် ပန်းသည်၊ မုန့်ကား တစ်ခုခုပဲဟုတွက်၍ ရှေ့ကို လှမ်းကြည့်လိုက်မိသည်။





"ကိုကြီး လာပါ၊ တံခါးဖွင့်ပေးပါဦး၊ ရေအရမ်းသောက်ချင်နေပြီ"

"ချစ်ခြင်း ..."

ဂရုစိုက်လို့မဟုတ်ပေမယ့် စိတ်ထဲမှာ ထိတ်ခနဲတော့ဖြစ်သွားမိ၏။ အဝတ်သေတ္တာကြီးတစ်လုံးနှင့် ပခုံးနှစ်ဖက်မှာ အိတ်တစ်ဖက်စီချိတ်လျက် ချစ်ခြင်းကိုမြင်လိုက်မှ မနေ့က ဖုန်းဆက်ထားတာကိုသတိရသည်။

သူ ဘာဖြစ်လို့မပြောဖြစ်တာလဲ၊ တမင်တကာ မပြောဘဲထားခဲ့တာမဟုတ်မှန်း ကိုယ့်ဘာသာပြန်တွေးရင်း နေရာမှ ထ,ရပ်လိုက်သည်။

"ဘယ်သူမှ လိုက်မပို့ဘူးလား"

သော့ကိုဖြုတ်ယူပြီး တံခါးနားရောက်တော့ မေးမိသည်။

"ဘယ်လိုလုပ်ပို့မှာလဲ ကိုကြီးရဲ့၊ ချစ်ခြင်းက ဘွား ခွင့်မပြုဘဲနဲ့ ခွတ်ပြန်လာတာကိုး"

ဒါဆို ဟိုကနေ ခိုးထွက်လာတာလား၊ စိတ်ထဲမှာ မေးခွန်းတစ်ခုဖြစ်သွားပြီး မမေးဖြစ်။ ဒီကောင်မလေးအပေါ်မှာ သူ ထိုမျှထိ မနွေးထွေးခဲ့ပါ။ သူမကတော့ ကိုကြီးဟုခေါ်ကာ ပြုံးပြ၊ လိုက်ခေါ်နှင့် ဟိုပြော ဒီပြောပြောဖြစ်သွားတာမျိုးပဲရှိသည်။ မရင်းနှီးခဲ့။

ရင်းနှီးချင်စရာရှိတဲ့အကြောင်းက ဒေါ်မမခိုင် ပြုံးပြလွန်းလို့ဖြစ်၏။ ဘာလေးဖြစ်ဖြစ် သူက အော်လိုက်ငေါက်လိုက်ပြီဆို သူမက ရှေ့က ...

"အမလေး အစ်ကိုကြီးပုံစံမျိုးနဲ့ ဆူချင်ပြောချင်ရင်လဲ ကိုယ့်ကိုယ်ကို အစ်ကိုကြီးနဲ့တူရဲ့လား [illegible] နဲ့ကြည့်ပါဦး၊ ငါ့သမီးက မိန်းကလေးပီပီ တစ်ဦးတည်းသောသမီး၊ တစ်ကောင်ကြွက်လေးမို့ မွေးချင်းမောင်နှမ မင်တာကလေးက သည်းညည်းခံတိုင်း ဗိုလ်ဟောက်နေတယ် .. ဟွန်း ... ပြောပြန်ရင် ဒီက သွေးမတော်လို့ ခွဲခြားတယ်ဖြစ်ဦးမယ်"

ဆိုတာတွေ ပြောလို့မပြီးနိုင်။ ဒါကြောင့် အဲဒီမိန်းကလေး ကိုယ်များရောက်လာတာနှင့် ခြံရဲ တို့က မျက်မှောင်ကြုတ်ပြီးသား ...။



www.burmeseclassic.com

www.burmeseclassic.com



သူ့အမေ ပြောကွက်ရအောင် ဒီကောင်မလေးကိုက မခေါ်မပြောဘဲ နေလည်းမရ၊ မလိုလားစွာကြည့်ပစ်တာကိုလည်း မသိ။ မအေဖြစ်တဲ့သူက တစ်မျိုး၊ သမီးက တစ်ပုံစံ။

"ကိုကြီး ချစ်ခြင်း သေတ္တာလေး ကူဆွဲပေးပါဦး"

တံခါးဖွင့်ပေးပြီး လှည့်ဝင်လာတော့ ချစ်ခြင်းက သေတ္တာကို တံခါး တစ်ဖက်ပေါင်နှင့်လွတ်အောင်မဆွဲနိုင်ဘဲဖြစ်နေရင်း လှမ်းခေါ်သည်။

ခြံရှံ က ကိုယ်မပါဘဲ မျက်နှာချည်းပဲ ပြန်ငဲ့ကြည့်ကာ ...

"ဘီးတွေပါတဲ့ပစ္စည်းကို ဘယ်သူက ကူဆွဲရဦးမှာလဲ၊ အပိုတွေ..."

ခြံဝကနေ ဒီထိရောက်လာအောင်ကျတော့ ဘယ်လိုသယ်လာသလဲလို့ အသံတိတ်ပြောရင်း ကျောခိုင်းထားလိုက်၏။

ချစ်ခြင်း နှုတ်ခမ်းလေးစူသွားပေမယ့် အမြဲ ဒီတိုင်းပဲနေတတ်ခဲ့သည့် ခြံရှံ ၏ဥပေက္ခာကို ထူးခြားစွာခံစားမတော့ပါ။ မဟတာဟာပဲဖွင့်ပေးထားခဲ့သည့် တံခါးနှစ်ဖက်ကို သေတ္တာတွန်းသာအောင် ကိုယ့်ဘာသာဖွင့်ပြီး ဝင်လိုက်ခဲ့သည်။

"ကိုကြီး"

ခြံရှံ က မထူးဘဲ အခန်းထဲကိုတန်းဝင်သွားသဖြင့် တံခါးအပြင်ကနေ ခဏရပ်စောင့်လိုက်သည်။ တစ်အောင့်ကြာတော့ ခြံရှံ က အင်္ကျီလဲ ပြန်ထွက်လာ၏။ ချစ်ခြင်း ကိုမြင်တော့ မျက်မှောင်ကြုတ်သွားလျက် ...

"ဘာလာလုပ်နေတာလဲ"

"မေမေနဲ့ ဦးဦးမိုး ဘယ်သွားလဲဟင်"

"တစ်ယောက်တစ်လမ်းစီ ဒီလိုပဲ သွားနေကျ။ ဘာလုပ်မလို့လဲ"

"မေမေ့ ဟန်းဖုန်းခေါ်တာ မရလို့ပါ။ ဟို မေမေ့ဆီကို ..."

"လိုက်သွားပေါ့။ မီးဖိုချောင်မှာ ဒေါ်တိုး ရှိတယ်၊ သွားပြောထားခဲ့"

ပြောရင်းလှောက်သွားနေသဖြင့် ချစ်ခြင်း က သူ့ဘေးက လိုက်နေ





ရကာ ...

"ရန်ကုန်မှာ ချစ်ခြင်း ဟိုဟိုဒီဒီမှမသွားတတ်တာ၊ မေမေ ဘယ်မှာရှိမှန်းသိလဲ မလိုက်တတ်ဘူးလေ၊ ကိုကြီးကပဲ လိုက်ပို့ပေးပါ"

"ဘာ .. ငါက ..."

ဖျတ်ခနဲလှည့်အော်လိုက်သဖြင့် ချစ်ခြင်း လန့်သွား၏။

"လိုက်ပို့ရမယ် ဟုတ်လား"

"အင်း"

"ခင်ဗျားအမေဆီကို ..."

အင်းလို့မပြောရဲတော့ဘဲ ချစ်ခြင်း မျက်တောင်လေးတဖျပ်ဖျပ်ခတ်ရင်း မော့ငေးနေ၏။

"မပို့ရကောင်းလားဆိုပြီး အဲဒီနားမှာ နှစ်ပတ်သုံးပတ်လောက် ကျွမ်းထိုးအော်လိုက်တော့ ... ဆောရီးပဲ"

"ကိုကြီး ..."

ပြောရင် ပြတ်သည်။ လုပ်ရင် ရှင်းသည်။ ဒီသားအမိနှစ်ယောက်အတွက် သူ့ဘက်က ဒီသဘောအတိုင်းပဲထား၏။ ချစ်ခြင်း ဘယ်လိုမျက်နှာ ဖြစ်သွားသည်၊ ဘယ်လိုခံစားကျန်ခဲ့သည် တစ်ချက်မှပြန်မကြည့်ဘဲ ကားသော့တွေ ရွေးလိုက်သည်။

စိတ်မျက်ဝန်းထောင့်မှာတော့ မလှုပ်မယှက်လေးရပ်ကျန်ခဲ့သည့် ချစ်ခြင်း ၏ပုံရိပ်လေး ဖျတ်ခနဲထင်သွားသည်။ သနားတတ်ဖို့ သံယောဇဉ်အစအနလေးဖြစ်ဖြစ် အစကတည်းက ရင်ဘတ်ထဲမှာ ထည့်ထားခဲ့မိလျှင်တော့ အကောင်းသား ...။

ကြည့်လို့ကိုမရတာ .. ဒေါ်မမခိုင် ကို ...။

ဒါကြောင့် သူ့သမီးလေးဆိုတဲ့အဖြစ်က ငဲ့ညှာတတ်တဲ့ နူးညံ့ခြင်းအားလုံးကို ပျောက်ဆုံးနေစေခဲ့၏။ ဖေဖေနဲ့ ဒေါ်မမခိုင် လက်ထပ်တော့



www.burmeseclassic.com

www.burmeseclassic.com



သူကရှစ်တန်းကျောင်းသားပဲရှိသေးသည်။ 'ချစ်ခြင်းမွှမ်းမံ' ဆိုတဲ့ကောင်မလေးက ဂါဝန်လေးတဝဲဝဲ၊ ကျစ်ဆံမြီးလေးနှစ်ဖက်နှင့် ...။

တွေ့စကတော့ ချစ်စရာလေးမို့ စနောက်ဖူးသည်။ ထိပ်ပုတ်ခေါင်းပုတ်နှင့် ငိုအောင်စတဲ့အထိ ရောနှောခဲ့ဖူး၏။ ဒေါ်မမခိုင် က စနောက်တာလည်းမကြိုက်၊ သူနဲ့ အတူတူရှိနေပြီး ချစ်ခြင်း ငိုနေနေ၊ ရယ်နေနေ ကြိုက်ကိုမကြိုက်တာဖြစ်သည်။

"လာစမ်း သမီး၊ သမီးနဲ့ ရွယ်တူမို့လို့လား၊ သူ့ဟာသူ သူငယ်ချင်းတွေနဲ့ တရှန်းရှန်းနေနေတာကို ဟိုမတ်တတ် ဒီမတ်တတ် ..."

သူတို့အုပ်စုနားမှာ ချစ်ခြင်း ရောက်နေပြီး သူတို့ဘာလုပ်လုပ် ကြက်တောင်ရိုက်ရိုက်၊ ဘတ်စကက်ဘောကစား၊ ရေကူး၊ သီချင်းဆို ဘာမဆို ချစ်ခြင်း က ငေးနေတတ်၏။

"ကိုကြီး ချစ်ခြင်းကို သင်ပေး"

ဆိုတာမျိုးလည်း ခဏခဏ ...။

"နင့်မယ်တော်ကြီး ပွမ်လိမ့်မယ်၊ ဝေးဝေးနေ"

သူ အဲဒီလိုပြောပြီး ကြောင်တောင်ကြည့်နေတာတောင် ဒေါ်မမခိုင် ရောက်လာပြီဆို သခင်မက ကျေးကျွန်တွေနားမှာ ရှိနေသလိုလို ဖျပ်ဖျပ်လူး ဆတ်ဆတ်ခါ။

"နေပါစေ ခိုင်ရယ်၊ သူ့ဟာသူ ဘေးမှာရပ်နေတဲ့ဥစ္စာ၊ ကလေးက တစ်ယောက်တည်းနေနေရတာ။ သူများ ကစားတာတော့ ကြည့်ပါစေ"

ဖေဖေကလည်း မနေနိုင်မထိုင်နိုင် ဝင်ဝင်ပါတတ်၏။ ဒီလိုပြောလိုက်တိုင်း ဒီမိန်းမကြီး ဘယ်လိုပြန်အော်တော့မယ်ဆိုတာ မသိဘူးလား ...။

"ဘေးမှာလဲမနေရဘူး။ သူတို့က ယောက်ျားလေးတွေ၊ လွှားခနဲ ပျံ့ခနဲ ခုန်ပေါက်နေကြတာ၊ ရေကူးပြီး ဗရုတ်သုတ်ခနေကြတာက ရှိသေး၊ အဲဒါမျိုးတွေ သမီးက ကြည့်နေစရာလား၊ အဓိပ္ပာယ်မရှိ ..."





ခဏခဏ ဒီအသံတွေကြားရပြီး သိပ်မကြာလိုက်ပါ ...

"သား .. မင်းသူငယ်ချင်းတွေအများကြီးနဲ့ ခြံထဲမှာ တစ်နေကုန်ဆော့ကြတာ သိပ်မကောင်းဘူး။ ဟိုတုန်းက သားအဖနှစ်ယောက် သိပ်ပြဿနာမရှိပေမယ့် ကလေးကို ငဲ့ရမယ်"

ဟု ဖေဖေက သူ့သဘောပဲ ဒီလိုရှိသလိုလို ပြောလာ၏။

"အဲဒါ အန်တီခိုင့်ဆန္ဒတွေမဟုတ်လား၊ သားတို့ ဆော့ကြတာ သူ့သမီးနဲ့ ဘာဆိုင်လို့လဲ၊ ဒီမိန်းမကြီး ပါးစပ်နံလွန်းလို့ သူ့သမီးကို သားသူငယ်ချင်းတွေက စောင်းတောင်မကြည့်ဘူး"

"မဟုတ်ဘူးလေ၊ ကလေးက မိန်းကလေးမဟုတ်လား ... အစ်ကိုဖြစ်တဲ့ သားက ကိုယ့်ညီမလေးအတွက် အစစ သိတတ်ရမှာပေါ့"

"ဘာဆိုင်လို့လဲ၊ သားညီမမှမဟုတ်တာ"

ညီမအဖြစ်နဲ့ရော ဖေဖေ့သမီးအဖြစ်နဲ့ရော ချစ်ခြင်းကို သူ ဘယ်လိုမှ မေတ္တာထားလို့မရ။ ဆံပင်ရှည်ရှည် ရွှေအိုရောင်လေးက ခါးလောက်ထိရှိပြီး အမြဲတမ်း ကျစ်ဆံမြီးလေးနှစ်ဖက်ကျစ်ထားတတ်သည့် ချစ်ခြင်းက ဂါဝန်လေးတွေ နဲ့ဆို ဘိုမရုပ်လေးနှင့်တူ၏။ ထို့ကြောင့် စတွေ့စဉ်က သူ့စိတ်ထဲမှာ ချစ်ခင်စိတ်လေးဖြစ်ဖူးခဲ့ သည်။

ချစ်ခြင်း မျက်နှာလေးက ခပ်သွယ်သွယ်၊ နဖူးက ပိုကျယ်သလိုထင်ရကာ အလယ်ခွဲဆံပင်ကို ဆံမြိတ်အစအနဘာမှမထားဘဲ အနောက်သိမ်းထားသဖြင့် နှာတံချွန်ကော့ကော့လေးက ထင်းနေ၏။

ပါးပေါ်မှာ သနပ်ခါးတင်တာလည်း တစ်ခါမှမမြင်ဖူးပါ။ အနီအနက်ကာလာလည်း ဘာမှမတွေ့၊ သူမမျက်နှာလေးက နဂိုအတိုင်းပဲရှိနေသလို ထင်ရ၏။

"ခြံရဲ့ .. မင်းညီမက ချစ်စရာလေးနော်"

"ဘာမှမကောင်းဘူး၊ မအေက ဘိုရှူး"



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ အမြဲတမ်း ကြည့်မရတဲ့ဘက်က ...၊

"ချစ်ခြင်းမွှမ်းမံ ဆိုတဲ့ နာမည်လေးနဲ့ လိုက်တယ်ကွ၊ မြင်လိုက်တာနဲ့ ချစ်စရာလေးလို့ မပြောဘဲမနေနိုင်အောင်လှတာ၊ သူ့အမေနဲ့ မတူပါဘူးကွာ၊ မင်းကလဲ ကောင်မလေး သနားပါတယ်"

လို့ သူငယ်ချင်းတချို့ ပြောသည်။ သူတို့ကမှ အကြောင်းမသိတာ။ ဒေါ်မမခိုင်က သူ့သမီးကိုပဲ တော်ဝင်မင်းသမီးတစ်ပါးလိုလို၊ မဟာဆိုမဟာသွေးစစ်စစ်မို့ တခြားသွေး အရောမခံနိုင်တာမျိုး ...၊

သူ့ကျမှမဟုတ်ဘဲ ကျောင်းမှာထားတာက အစ အပေါင်းအသင်းကို ဖြူးဖြူဆန်ခါစစ်သည်။ သမီးကျတော့ မအေနဲ့ တခြားစီ။

ထစ်ခနဲဆို ချစ်ခြင်းတို့ ခံလာရပြီဆိုတာ ဗေဒင်မမေးနဲ့၊ ထိပ်ပေါက်ခေါင်းကွဲမဖြစ်တာပဲရှိကာ ဘယ်သူက စာအုပ်ဖြဲလိုက်လို့ ဘယ်သူက ကွန်ပါဘူးယူဝှက်ထားလို့ စာမပြီးဘဲ အရိုက်ခံရတာ စသည်သော အကြောင်းတွေဟာ ချစ်ခြင်း၏ မလဲ့ည်မဝယ်ကိစ္စတွေဖြစ်သည်။

တစ်ခါတလေ ဖေဖေက အမှတ်မရှိ။

"သားရေ ညီမလေးကို လမ်းထိပ်မှာ မုန့်သွားဝယ်ကျွေးလိုက်ပါ၊ ဈေးကြောက်လို့ တဲ့"

ဒါမျိုးကျတော့ 'မလိုပါဘူး မပို့ပါနဲ့' ဘာညာမရှိ၊ တစ်ခါတလေတော့ ဘော်ဒီဂတ်လိုသည့်ဟု သတ်မှတ်ပုံရသည်။

'စစ်ခြံရှ'ဆိုတာကလည်း နာမည်ကိုက စစ်ခြံရှ ပန်းပေါင်းခြံရှံမဟုတ်။

"ဈေးကြောက်ရင် ကားနဲ့သွားပေါ့၊ ကျွန်တော် မအားသေးဘူး"

မျက်နှာစုံညီရှေ့မှာ ပြောပေးလိုက်၏။ ဒေါ်မမခိုင် မျက်ဝန်းတွေ ဘယ်ပုံပြောင်းသွားသည်ကို ဖေဖေပဲကြည့်ပါလိမ့်မည်။

အတိတ်ဟာ နောက်မှာကျန်ရစ်ခဲ့လျက် ခုချိန်မှာ ဒီကောင်မလေးကိုယ့်ထက်အသက်ငယ်ပေမယ့် ကျောင်းပြီးနေပြီဖြစ်သည်။ ဟိုတုန်းက





ထက် ကင်းကင်းနေဖို့ ဆုံးဖြတ်၏။ သူငယ်ချင်းတွေကလည်း စသလို နောက်သလို ပြောထားကြတာ ရှိသည်။

"မင်းကို အိမ်မကပ်စေချင်ရာကနေ နှင်ချနေဦးမယ်၊ ဟိုကောင် ပြောသလို သူ့သမီးနဲ့ငြိမှာစိုးနေတာမှန်ရင် မင်းကို တိုက်ထုတ်နိုင်တယ်"တဲ့။

"သူ ကိုယ့်ကိုပြောပါတယ် ခိုင်ရယ်၊ တမင်တကာ မပြောဘဲနေတာတော့ မဟုတ်ပါဘူး"

"အဲဒါ ..."

ဒေါ်မမခိုင် နင်ပဲငဆပြောလိုက်ဖို့ဖြစ်သည့် စကားလုံးတွေ ပါးစပ်ထဲမှာ ပြည့်လာပြီးမှ ဦးလွင်မိုး မျက်နှာပျက်နေတာကို သတိထားမိလိုက်ပြီး တစ်ငေါ့ကုန်သည်။

ရင်ထဲမှာတော့ နည်းနည်းလေးမှ မကျေနပ်ပါ။ ငယ်ငယ်တုန်းကမှ တချို့တလေဆို ပြောဆိုလို့ရသေးသည်။ ဟိုဟာ ဒီဟာ ခိုင်းလိုက်လျှင် ရှုသိုးသိုးမျက်နှာလေးနဲ့ပဲ လုပ်ကိုင်ပေးသွားတတ်တာရှိသေးသည်။

ခုကျမှ ကိုယ်ကလည်း ကြည့်မရသည့် မလိုလားခြင်းတွေ ရင့်သန်လာကာ သူကလည်း ကိုယ့်ကို အမှတ်တမဲ့လှမ်းကြည့်တဲ့မျက်လုံးထဲမှာတောင် နူးညံ့ကြည်လင်တာ မပါ။ ဒေါ်လေးကတော့ ပြောဖူးသည်။

"ညည်းကမှ မေတ္တာမရှိတာ သူက စေတနာရှိပါ့မလား၊ စေတနာမေတ္တာ ဆိုတာ ရောင်ပြန်ဟပ်တာနော်၊ ပြီးတော့ သူလဲ ဟိုမရောက် ဒီမရောက်အရွယ်လေးမဟုတ်တော့ဘူး၊ မြင့်မြင့်မားမား ထွားထွားကျိုင်းကျိုင်းကြီး၊ ညည်းယောကျ်ားကိုတောင် ပြန်ငုံ့ကြည့်နေရပြီ၊ သူ့ကို ဘယ်လိုသဘောနဲ့ဆက်ဆံနေတယ်၊ ဘာအဓိပ္ပာယ်တွေနဲ့ ပြောနေတယ် ဆိုတာတွေ မသိဘဲနေမလား" တဲ့။

သိလည်း ဂရုမစိုက်ပါဘူးလို့ စိတ်ထဲက ပြောခဲ့မိသေးသည်။ အရွယ်ရောက်နေကြပြီမို့လို့ သေအောင်စိုးရိမ်နေတာက သမီးလေးနဲ့ ငြိတွယ်သွား



www.burmeseclassic.com

www.burmeseclassic.com



မှာကိုဖြစ်၏။

အပေါင်းအသင်းတွေကစုံ၊ ပညာက မတတ်၊ ဘယ်ဘက်ကမှ မချွန်ပေမယ့် ရုပ်ကလေး သနားကမားဖြစ်နေတော့ ရူးရူးမိုက်မိုက်မိန်းမငယ်လေးတွေ ရင်ဖိုနိုင်ဖို့ရှိသေး၏။

ထိုထဲမှာ အနေနီးစပ်ဆုံး ကိုယ့်သမီးလေးပဲဖြစ်နိုင်နေတာမို့ ယောကျ်ားကိုချစ်သည့်စိတ် ရှိနေပေမယ့် ဒီယောကျ်ားကိုယူမိတာ မှားပြီဟု အကြိမ်ကြိမ်အခါခါ တွေးဖြစ်နေတော့သည်။

သူမ စိုးရိမ်နေသလောက်ထိ မသိပေမယ့် ခြံရံ့ ကလည်း သူမနှင့်ထပ်တူညီသောမာနမျိုးရှိတဲ့သူပင်။ ထို့ကြောင့် ပိုတင်းသည်။ ချစ်ခြင်းနဲ့ ပိုကင်းအောင်နေ၏။

ကိုယ့်ဘက်က ကင်းနေတော့ ပြောစရာရှိပြီဆို 'ဘယ်သူ့ဂရုစိုက်ရမှာလဲ'ဆိုသည့် စိန်ခေါ်ကြည့်နှင့် ...

"ကိုကြီး"

ဒေါသမကင်းစွာလှမ်းနေသည့် ခြေလှမ်းတွေ တုံ့ခနဲဖြစ်သွား၏။ ကြေသားကွဲသို့ ဖြူနဝင်းမွတ်နေသည့်မျက်နှာ၊ သွယ်နွဲ့သောကိုယ်လုံးလေးနှင့် ချစ်ခြင်း သည် သူ့ရှေ့မှာ ပိတ်ရပ်လျက် ...

"ကိုကြီးကို ချစ်ခြင်း တိုင်ပြောတာမဟုတ်ဘူးနော်၊ ချစ်ခြင်း ကို သူမသိအောင်ပြန်သွားတယ်ဆိုပြီး ဘွားက လှမ်းတိုင်တော့ မေမေ့ကို လှမ်းဖုန်းဆက်ပြီးမှလာတာ၊ မေမေ လာမကြိုလို့လို့ ပြန်ပြောရင်းနဲ့ အဲဒါကို ပြောမိသွားတာ၊ ကိုကြီး မေမေ့ကို မပြောဘဲထားမှန်း ချစ်ခြင်း က တကယ်မသိတာ"

"အခု သိပြီမဟုတ်လား၊ မင်း ဒုက္ခရောက်အောင် ငါ တမင်နေတာ၊ ဟိုမှာ မင်းအမေကို သွားပြောပြီ မီးထိုးပေးလိုက်၊ စစ်ခြံရံ့ က အခု အဲဒီလို ထပ်ပြောနေတယ်လို့ ..."





"ကိုကြီးကလဲ ..."

ချစ်ခြင်း ဘာပြောရမှန်းမသိတော့ဘူးဆိုရင် 'ကိုကြီးကလဲ'လို့ ပြောပြီး ပါးကုတ်လိုက်၊ လက်ဝါးချင်းပွတ်လိုက်ဖြစ်သွားတတ်တာ ဟိုတုန်းတည်းက အကျင့် ...၊

အိမ်ရှေ့ဧည့်ခန်းမှာလည်း မေမေ့အသံကို ကြားနေရတုန်းမို့ အခြေအနေ ဘယ်လောက်ဆိုးရွားနေမှန်းတော့ ခန့်မှန်းမိသည်။ ကိုကြီး ဖြေရှင်းရဲ့သားနဲ့ ဆူခံထိနေတယ်ပဲမှတ်တာပါ။

'အခုထပ်ပြောတယ်'လို့ သွားပြောခိုင်းပုံက ကိုကြီး ခုပဲ ဘေးပြောပြီး ထထွက်လာတာဟု ဖော်ပြနေကြ၏။

"နေပါဦး .. မင်းက အခု ဘာပြန်လုပ်တာလဲ ရန်ကုန်ကို ..."

"ဟင် ..."

တွေးနေတုန်းမို့ ချစ်ခြင်း ဆတ်ခနဲဖြစ်သွား၏။

"ချစ်ခြင်း လားဟင်..."

"ကျွတ် ... အူကြောင်ကြောင်နဲ့ကွာ၊ အခု အလည်လာတာ၊ ပြန်လာတာလား"

"အလည်မဟုတ်ဘူး"

'ပြဿနာ ဒီကစတာ'လို့ အော်ပစ်ချင်တော့သည်။ ကိုယ့်ဟာကိုယ်နေလည်း ပြဿနာက ကိုယ့်ကို ခလုတ်လာတိုက်မှာ သေချာ၏။

အစက ကိုယ့်အဖြစ်ကို သေချာမတွေးခဲ့မိပေမယ့် ဒေါ်မမခိုင်နှင့် မျက်နှာချင်းဆိုင်လိုက်တိုင်း အဆင်မပြေခြင်းတွေချည်း ဖြစ်ခဲ့သည့် တောက်လျှောက်မှာ ချစ်ခြင်း နဲ့သာ သက်ဆိုင်နေမှန်း ကြာလေ သေချာလေ ...။

စေ့စေ့ကြည့်မိတော့ ဟိုတုန်းက ကောင်မလေးနှင့် လုံးဝခြားနားနေပြီဖြစ်သော အလှသွေးကြွယ်နေသည့် 'ချစ်ခြင်းမွှမ်းမံ' ...၊



www.burmeseclassic.com

www.burmeseclassic.com



ယယ်ယယ်တုန်းကကျတော့ ဆံပင်တိုတော့ အရှည်ထားပြီး ရွှေအိုရောင်တွေဆိုးပေးနေလို့ ရှုံ့းဖိနပ်၊ ခြေအိတ်နှင့်ကလေးပုံက ဘိုရူးလိုလို၊ ဘာလိုလို ...၊

ခုကျတော့ ပြောင်းပြန် ...၊

ဘင်ပါးလောက်ဆံပင်တွေက အနက်ရောင်စစ်စစ်ပြောင်းနေသည်။ ကျစ်ဆံမြီးလေးနှစ်ဖက် ချထားတာ မပြောင်းလဲသော်လည်း အင်္ကျီလက်ရှည် ရင်စေ့ခါးတိုနှင့် ရင်ဖုံးတွေပဲဝတ်၏။

လက်ဝတ်ရတနာဝတ်တာကို ချစ်ခြင်း က ဝါသနာမပါ။ သူမအိမ်မှာ ထရှိနေသည့်အခါဆို တစ်ခါတစ်ခါ အပြင်သွားကြဖို့ရှိလျှင် ဒါဝတ်ဝါ ဟိုဟာ ဝိုကဘ်ပါနှင့် သားအမိ ပြောဆိုကြသံတွေ ထွက်လာတတ်သည်။

ဂ သမီးတစ်ယောက်မွေးထားပြီး ဘိုဆန်ဆန်လှစေချင်လိုက်၊ မဟာ မှာလဲ ဆန်ပေးဆင်လိုက်နှင့် ဒေါ်မမခိုင် ဆိုသည့်မိန်းမကြီး ဒီသမီး တစ်

"ကိုဂျက်နဲ့ ရူးသွားနိုင်၏။

ဒေါ် ကိုကြီး ဘာဖြစ်လို့လဲဟင်"

သားကဲ့သို့ စိုက်ကြည့်နေတော့ ချစ်ခြင်း မလုံမလဲနှင့် ကိုယ့်ကိုယ်ကို ပြန်ငုံ့ ချကြည့်မိကာ အင်္ကျီခါးစကို ဆွဲချလိုက်၊ ဆံပင်ကိုင်လိုက်နှင့် ပါးပြင်လေး တွေလည်း နီမြန်းစပြု၏။

ခြံရုံလည်း မျက်နှာ ဖျတ်ခနဲလွှဲမိပြီးမှ ခပ်တည်တည်ပြန်လှည့်၍...

"ဒီမှာနေမှာကို မင်းအမေက ခွင့်ပြုလိုက်ပြီပေါ့"

"ပြုမယ်တော့ မထင်ပါဘူး၊ ဒါပေမယ့် ..."

"မနေနဲ့ပေါ့ကွ၊ သူ ခွင့်ပြုလိုက်ရင်လဲ ဒီမှာ အားလုံးရှုပ်ကုန်မှာ"

"ဟင် .. ဘယ်လို ကိုကြီး"

ခြံရုံ က ပြန်မဖြေပါ။ ဒေါ်မမခိုင် အပြောအဆို မဆင်ခြင်ပုံနှင့် သူ့ ဒေါသ ခလုတ်တိုက်ဖို့တွေရှိနေတာကို တွေးမိသဖြင့် ဆံပင်တွေကို ဆွဲဖွ





ပစ်သည်။

နောက်ဖေးတံခါးကနေ ခြံထဲဆင်းခဲ့ရင်း မြေခွေးတွေရှိနေသေးသည့် ပန်းအိုးအဟောင်းတစ်လုံးကို သုံးလေးပတ် လိမ့်ထွက်သွားအောင် လွှဲ၍ကန်လိုက်မိသည်။

ဒါကို တံခါးနားကနေ ရပ်ကြည့်နေသည့် ချစ်ခြင်း က မြင်နေရကာ ...

ချစ်ခြင်း ကတော့ ကိုကြီးကိုခင်ပါတယ် ... ဟု တိုးတိုးလေးပြောနေမိလျက် .....



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"ဒေါ်လေးကိုက ခက်ပါတယ်။ လူကြီးတစ်ယောက်ဖြစ်နေတော့ ပြောပြန်ရင် ဆရာလုပ်တယ်ဖြစ်ဦးမယ်၊ သူများတကာတွေမှာ အကြောင်းအမျိုးမျိုးနဲ့ သူတစ်ပါးနိုင်ငံရောက်နေလဲ သေရင်တော့ ကိုယ့်နိုင်ငံ ကိုယ့်မြေမှာပဲ ခေါင်းချမယ်ဆိုတဲ့မျိုးချစ်စိတ်ဓာတ်တွေနဲ့ ..."

"ဟဲ့.. ငါကရော ဟိုမှာနေတော့မှာမို့လို့လား။ ဗုဒ္ဓဂယာဘုရားဖူးရင်းနဲ့ ဆက်သွားလိုက်ချင်တာ၊ ညည်းသမီးကို မန္တလေးမှာနေခဲ့လို့ရအောင် ကျူပ်က အားလုံးစီစဉ်ပေးပြီးသား၊ သူ့ကိုက မနေချင်လို့ပြန်သွားတာလေ၊ အဲဒီပြန်တဲ့အကြောင်း မပြောစမ်းပါနဲ့အေ၊ ဒီမှာ ငယ်ထိပ်မြွေပေါက်ခံရတာကျနေတာပဲ၊ အဲဒီနေ့ကို ပြန်ကိုမတွေးချင်ဘူး"

ဟုတ်ပါသည်၊ မန္တလေးကနေ ဒေါ်လေး ဖုန်းဆက်လို့ သမီး ရန်ကုန်ပြန်သွားဆိုတာသိလိုက်ရသည့်နေ့က ဟိုမှာရော ဒီမှာရော အားလုံး ယောက်ယက်ခတ်သွားခဲ့ကြ။

သူမကိုယ်တိုင် ကိုယ့်ရဲ့အဒေါ် ဘာညာကိုမေ့သွားကာ သမီးကို ဂရုမစိုက်လေခြင်းဆိုပြီး အပြစ်တင်ပြောဆိုခဲ့မိသေးသည်။





ဖုန်းထဲမှာ ဒေါ်လေး ငိုရှိုက်သံတွေဖြစ်လာမှ သတိရခဲ့၏။ သမီးလေးဟာ ဤသို့ တစ်ခါမှ တစ်ယောက်တည်း သွားလာဖူးတာမဟုတ်။

နောက်ဆုံး လေယာဉ်လက်မှတ်၊ ကားလက်မှတ်တွေ ဘယ်လိုဝယ်ရမည်ဆိုတာတောင် မသိတဲ့ကလေး၊ ဘာနဲ့သွားပြီး ဘယ်လိုပြန်လာမှန်းလည်းမသိ။

အိမ်မှာ ရောက်နေလိမ့်မယ်လို့တော့ လုံးဝ မထင်ခဲ့တာပါ။ အဖြစ်မှန်တွေကိုသိရတော့ တရားခံက 'စစ်ခြံရုံ' ...။

လေယာဉ်နဲ့ဆို တစ်နာရီသာသာလောက်ပဲ စီးရသည့်ခရီးမို့ သမီးက စွန့်စားခဲ့၏။ မသွားမလာတတ်တာက ရန်ကုန်ကို ခြေချလိုက်မှလိုအပ်တာမို့ အိမ်ကို ဖုန်းကြိုဆက်ထားသည့်အားကိုးနှင့်ဖြစ်သည်။ ကံကောင်းလို့ ချောချောမောမောရောက်လာခဲ့တာ ...။

ဖုန်းဆက်နေရင်း ဒေါ်လေးရော သူမရော ထိုနေ့ကအဖြစ်ဆီ စိတ်ရောက်သွားကြသဖြင့် တခဏ တိတ်ဆိတ်သွားကြသည်။ တစ်အောင့်ကြာမှ ...

"သမီး နိုင်"

"ရှင်"

"ညည်းသမီး အခု ဘယ်လိုနေလဲ"

"ဘယ်လိုနေရမှာလဲ ဒေါ်လေးရယ်၊ သူက ဒီမှာဆိုရင် ပျော်နေတာပဲဟာ"

"အင်း .. ကလေး သနားပါတယ်အေ၊ ဒီမှာ သူ့မိဘကလဲမဟုတ်၊ အဘွားတွေ အဒေါ်ဝမ်းကွဲတွေပဲရှိတော့ ပိုဆိုးတာပေါ့၊ လူငယ်ဖြစ်ပြီး လူကြီးတွေ ပတ်လည်ဝိုင်းနေတာ"

"အဲဒါက စိတ်ချရတယ် ဒေါ်လေး၊ ဒီမှာ ခွေးစားမှာစိုးရ၊ ကျီးထိုးမှာ ကြောက်ရနဲ့ ..."

www.burmeseclassic.com



"ဘာဖြစ်လို့လဲ၊ ကလေးက အဲဒီမှာ ချစ်သူရှိလို့လား၊ သေချာစုံစမ်းပါဦးအေ၊ မြေးလေးက ဒီပုံစံမဟုတ်နိုင်ပါဘူး"

"ခက်တော့တာပဲ၊ ဒေါ်လေးက မသိဘဲနဲ့"

"အေးလေ၊ သိစေချင်ရင်လဲ ပြောပေါ့"

"ဒေါ်လေး ရန်ကုန်ကိုဆင်းခဲ့ပါလား၊ တိုင်ပင်စရာရှိလို့"

"အေးလေ၊ ဒီမှာ ခရီးထွက်ဖို့စီစဉ်ပြီးနေလို့ပါဆို၊ ပြန်ရောက်ရောက်ချင်း လာခဲ့မယ်"

"ဘယ်လောက်ကြာမှာလဲ"

"တစ်လခွဲ နှစ်လပေါ့"

"ဟိုမှာ ဆွေတော်မျိုးတော်တွေနဲ့တွေ့ပြီး အကြာကြီးမနေနဲ့နော်"

"အေးပါ"

"အသက်ကကြီးနေပြီ၊ မပြောကောင်းမဆိုကောင်း ဟိုမှာ ဖျားနာတော့မှ ပြန်ရခက်မယ်"

"အေးပါကွယ်"

ဒေါ်လေးကို နှုတ်ဆက်ပြီး ဒီဘက်ပြန်လှည့်လိုက်တဲ့အထိ မကျေနပ်စိတ်က ရှိနေတုန်း။

တကယ်ပြောဆိုဖို့ရှိပြီ၊ တိုင်ပင်ဖို့ရှိနေပြီဆိုမှ ဒေါ်လေးက ခရီးထွက်ဦးမည်တဲ့ ...။

သမီးကလည်း အသွားဖြစ်သူ ခရီးထွက်တော့မည်ဆိုလို့ အဒေါ်ဝမ်းကွဲအပျိုကြီးညီအစ်မနဲ့ ကျန်ခဲ့မှာစိုးပြီး ပြန်ပြေးလာခဲ့ခြင်းဖြစ်သည်။

ဒီကောင်မလေးကိုက ခက်သည်။ သူမ အိမ်ထောင်သစ်ထူထောင်လိုက်ပြီဆိုကတည်းက ဒေါ်လေးတို့ လာခေါ်သွားကြလို့ ရန်ကုန်ကိုဆိုတစ်ရွာကိုးသီတင်း အလည်အပတ်လောက်ပဲ နေခဲ့ရတာဖြစ်၏။

ကလေးမို့ မိဘကိုချစ်တာက သနားစရာပါ။ ဒါပေမယ့် မိဘကလည်း





ချစ်လို့ခွဲနေရတာပဲ။ အိမ်ထောင်သစ်ထူထောင်လိုက်ရတာက ကိုယ်ချစ်တာ တစ်ခုတည်းကြောင့် မဟုတ်ပေ။

ဒီလုပ်ငန်း၊ ဒီစီးပွားတွေကို ကိုချစ်နဲ့ ဆိုးတူကောင်းဖက် အကြံပြုလက်တွဲလာခဲ့ကြသည့် ကိုလွင်နှင့်သာ လက်ထပ်လိုက်စေလိုသော လူကြီးတွေရဲ့ ဆန္ဒလည်းပါ၏။

ကိုလွင်ကလည်း မရိုးသားတာတွေ သူ့ရင်ထဲမှာ ရှိချင်ရှိမည်။ သို့သိပ်ယဉ်ကျေးတဲ့သူဖြစ်သည်။ သူ့စီးပွားက တစ်ဖက်၊ ဒီဘက်မှာလည်း ကူညီမပျက်ခဲ့ရင်း သူ့ရဲ့ ဘယ်တစ်ဖက်၊ ညာတစ်ဖက် စီးပွားနှစ်ရပ်စလုံးက မဆုတ်မလျော့ရှိနေခဲ့၏။

ယောက်ျားဆုံးသွားပြီး ဘာမှလည်း မလုပ်တတ် နားမလည်ဘဲ ကျန်ခဲ့ပေမယ့် ကိုလွင့် ကျေးဇူးကြောင့် သူမတို့ စီးပွားဉစ္စာတွေ ဘာတစ်ခုမှ လေလွင့်ပျက်စီးခဲ့တာ မရှိ။

ဒါကို လူကြီးတွေက အမှတ်ပြည့်ပေးထား၏။ အားလုံး သဘောတူအဆင်ပြေဖို့တွေ ရှိလာမှ ကိုလွင် က သူ့ဆန္ဒကို ဖွင့်ပြောသည်။

လက်ထပ်ဖြစ်ခဲ့သည့်အကြောင်းရင်းက ဒါပဲဖြစ်၏။

ထိုစဉ်တုန်းကတော့ သူ့ကလေးရော ကိုယ့်ကလေးရော ငယ်ငယ်နောင်းနောင်းတွေပဲရှိကြသေးတော့ ဒီလိုအရေးတွေက ခေါင်းထဲကို လေးလေးနက်နက်ကြီး သိပ်မဝင်။

ခုလည်း ဘာမှဖြစ်ကြတာမဟုတ်သေးပါ။ ဒါပေမယ် ...

"သမီး"

ဖျတ်ခနဲသတိရကာ ပါးစပ်က အသံထွက်သွားမိ၏။ သမီး ဘယ်ရောက်သွားပါလိမ့်။ ဒီနေ့ ဟိုကောင် တစ်နေကုန် အိမ်မှာကပ်နေသည်။ နှစ်ယောက် ပူးတွဲလျက်ရှိမနေနိုင်တာကို သိသော်လည်း ပူတာက ပူတာပဲဖြစ်၏။

www.burmeseclassic.com



မောင်မင်းကြီးသား ဒိထက် ဒိထက်သောမာနတွေ ဆထက်ထမ်းပိုး များနိုင်ပါစေ။ စိတ်ပေါက်ပေါက်နှင့် ဆုတောင်းရင်း သမီးကိုလိုက်ရှာတော့ သူမအခန်းထဲမှာပဲ၊ စိတ်တစ်ထစ်အေးသွားပေမယ့် အခန်းထဲဝင်သွားမိ ရင်း ...

"ပြတင်းပေါက်နားမှာ ဘာတွေငေးနေတာလဲ၊ ခြံထဲဆင်းချင်ရင် မေမေတို့ သွားကြမယ်"

ချစ်ခြင်း က ဝိတောက်ခြောက်ရောင်ဝတ်စုံလေးနှင့် ကျစ်ဆံမြီး အဖျားမှာ အဝါရောင်ဖဲပြားလေးတွေနဲ့ ချည်ထားသဖြင့် တစ်ကိုယ်လုံး ရွှေရောင်ဝင်းစက်နေ၏။

ကိုယ့်သမီးလေးကို ကြည့်မဝစွာငေးရင်း ...

"လာလေ သွားမယ်၊ ဒေါ်တိုးကို သမီး စားချင်တာ လာပို့ဖို့ မှာခဲ့"

"မသွားချင်ပါဘူး မေမေရဲ့ .. အပြွန်း"

သူမ ဝင်သွားတာနှင့် ပြတင်းပေါက်နားမှာ အတွေးလွန်နေပုံရသော ချစ်ခြင်း က ဒီဘက် ဖျတ်ခနဲလှည့်ရသည်။ ပြီးတော့ မဆီမဆိုင် ...

"မေမေ"

"ဟင် ..."

"ဦးဦးမိုး မရှိဘူးလား"

"ဟင့်အင်း၊ သူ ပြန်လာချိန်မှမဟုတ်သေးတာ၊ ဘာဖြစ်လို့လဲ"

"ဟို .. ဘာမှမဟုတ်ပါဘူး။ ဟိုလေ .. ဦးဦးမိုးက အရမ်းတော်တာပဲ နော်"

ဒေါ်မမခိုင် မျက်မှောင်ကြုတ်သွား၏။

"ဦးဦးမိုးက တော်ရဲ့သားနဲ့ ကိုကြီးက ဘာဖြစ်လို့ အလုပ်မလုပ်ချင် တာလဲမသိဘူး"

"သူ့ဟာသူ သူ့ခိုးဂျပိုးဖြစ်ဖြစ် ကိုယ်ကိစ္စလား"





ဒါကို သမီးပါးစပ်က စ,လိုက်တော့ ဒေါသက ဟန်မဆောင်နိုင်။

"ချစ်ခြင်း တ မေမေရယ်၊ ဦးဦးမိုးရယ်၊ ကိုကြီးတို့သုံးယောက် ရန် မဖြစ်စေချင်လို့ပါ"

"ဘာပြောတယ်"

"မေမေကလဲ အခု ကိုကြီး အသုံးမကျဘူးဆိုပြီး မေမေက ကိုကြီးကို ကြည့်မရဖြစ်တယ်၊ ဦးဦးမိုးက ကိုကြီးရဲ့အဖေဆိုတော့ သူလဲစိတ်ညစ် မှာပေါ့၊ နောက်ပြီး ..."

ကိုယ့်စကားကို အပြစ်မကင်းမှန်းလည်းသိကာ ချစ်ခြင်း က မိခင်ဖြစ် သူကို ဝေ့ခနဲကြည့်မိပြီးမှ ...

"ချစ်ခြင်း မှာလဲ ကိုကြီးတစ်ယောက်ရှိရဲ့သားနဲ့ မခေါ်ရ မပြောရ..."

"ချစ်ခြင်း"

ဒေါ်မမခိုင် ချစ်ခြင်း လက်မောင်းကို ဆတ်ခနဲဖိဆုပ်ပစ်ကာ ...

"သမီးက သူ့ကို အစ်ကိုလို သတ်မှတ်နေတာလား၊ အဲဒီလို ခင်တွယ် နေတယ်ပေါ့ ဟုတ်လား။ သူ့မှာ ညည်းအစ်ကိုဖြစ်ထိုက်တဲ့ အရည်အချင်း ဘာတွေရှိနေလို့လဲ၊ မကြာခင် ညည်း ဘွဲ့ရတော့မယ်၊ သူက ဆယ်တန်း တောင်မအောင်တဲ့ကောင်"

"မေမေကလဲ ..."

"တော်ပြီ မပြောနဲ့တော့၊ မောင်နှမလို့ကိုမမှတ်ရဘူး။ ဘာမှဆိုင် တယ်မမှတ်နဲ့၊ သူကရော ညည်းကိုခေါ် ချင်နှုတ်ချင်တဲ့ပုံ ရှိလို့လား၊ ကဲ ပြော ..."

"ကိုကြီးက ဒီလိုပဲနေတတ်တာကို ..."

"ဒါ ခေါင်းကိုထုပစ်မိတော့မယ်၊ သမီးနော် .. ချစ်ခြင်း သူနေသလိုပဲ နေ၊ မေမေက မခေါ်နဲ့လို့တားနေတာကို မရလို့ကတော့ မေမေတို့လင်မယား မန္တလေးပြန်လိုက်ပို့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ .. မသွားပါဘူး၊ မန္တလေးကို လုံးဝမသွားဘူး"

ချစ်ခြင်း တစ်ယောက်တည်း အကြောက်အကန်ငြင်း၍ အခန်းပြင်ထွက်သွား၏။ ဒေါ်မမခိုင် မှုန်ကုတ်ကုတ်မျက်နှာနှင့်ကျန်ခဲ့ရင်း ဘာရယ်မဟုတ်ဘဲ ရှေ့ကို နှစ်လှမ်းခန့်တိုးလျှောက်သွားခဲ့မိ၏။ ထိုအခါ ပြတင်းပေါက်နှင့်မလှမ်းမကမ်းသို့ရောက်ကာ တည့်တည့်မှာမြင်နေရသည့် ရေကူးကန်ကြီးဆီ မျက်လုံးရောက်သွားသည်။

"ဟင် .. စစ်ခြံရဲ ..."

ဒေါ်မမခိုင် မျက်လုံးတွေကျဉ်းမြောင်းသွား၏။ စောစောက ဒီနားမှာ ရပ်ပြီး သမီး ကြည့်နေတာ သူ့ကိုလား ...၊ ရင်ထဲမှာ တဒိတ်ဒိတ်မြည်သံနှင့် ပူလောင်ခြင်းက ဆတူရောထွေးလာ၏။

ဘောင်းဘီတိုအနီရဲရဲနှင့် ရေကူးနေသည့် ခြံရဲသည် အသားဖြူသူမို့ ရေပြင်စိမ်းစိမ်း ဘောင်းဘီအနီနှင့် အဝေးကမြင်တော့ ထင်းရှင်းနေသည်။

ထိုစဉ် ကျောနောက်က ခြေသံကြားလိုက်သဖြင့် လှည့်ကြည့်လိုက်တော့ ချစ်ခြင်း ...၊

ဝုန်းဒိုင်းပေါက်ကွဲပစ်ချင်သည့် ဒေါသတွေကို မချိမဆုံပြန်ထိန်း၍ ဒေါ်မမခိုင် ချစ်ခြင်း ကို စိုက်ကြည့်မိ၏။ သူတို့နှစ်ယောက်စလုံးက ဘာမှ မဟုတ်ကြပါဘဲ ကိုယ်ပဲပူ၊ ကိုယ်တစ်ယောက်တည်း ရူးနေတာမျိုးဖြစ်နေပြီလား ...၊

သမီးလေးကိုမြင်လိုက်တော့လည်း ဖိနှိပ်မဆူရက်ပေ၊ သူမကလည်း ကိုယ့်အပြစ်ကိုသိသလို ရေကူးကန်ဆီ ဖျတ်ခနဲငေးကြည့်ပြီး မျက်လွှာချသွား၏။

"စောစောက သမီး ဒီနားမှာ ဘာရပ်လုပ်နေတာလဲ"

ဒီလိုမေးစရာအပြင် စကားလုံးရှာမရသဖြင့် ဒေါ်မမခိုင် တည့်တည့်ပဲ မေးလိုက်၏။





"ကိုကြီး ရေကူးနေတာကို အားကျလို့ ကြည့်နေတာပါ၊ ချစ်ခြင်းက ရေမှမကူးတတ်တာ"

ဒေါ်မမခိုင်မျက်နှာ ဖြုတ်ခနဲလျှော့ကျသွား၏။ ဒါက ကိုယ့်အပြစ်မကင်းသည့်ကိစ္စ ...။

သမီးလေးကို ကားမောင်းတောင်သင်မပေးဘဲထားခဲ့သည်။ သင်ပေးတော့လည်း ဘာလုပ်မှာလဲ၊ ကားမောင်းတတ်ပြီဆိုပြီး သမီးလေးကို ကားတစ်စီးနဲ့ တစ်ယောက်တည်းလွှတ်ပေးလိုက်ဖို့ထိ ဘယ်လိုမှ စိတ်ချနိုင်မှာမဟုတ်တာ ကိုယ့်ကိုယ် သိနေသည်။

ရေကူးသင်တယ်ဆိုတာကရော မျက်စိရှက်စရာဝတ်စုံဝတ်ပြီး ခြေကားရား လက်ကားရားတွေ ကန်ပေါင်ပေါ်မှာအရင်လုပ်နေရသေးသည်။

ပြီးတော့ သင်တန်းဆရာက ယောကျ်ားတွေချည်းပဲဖြစ်နေတာ ဘယ်လောက်ရှက်ဖို့ကောင်းသလဲ။

ကိုယ်လည်း ဒီခေတ်ထဲမှာနေနေတာပဲ၊ ဒါပေမယ့် ခေတ်ရဲ့စီးမျောခြင်းကိုတော့ မကြိုက်ပေ။ ထိုမှစ၍ ဘယ်သူနဲ့မှမတူသော ယဉ်ကျေးသိမ်မွေ့သည့် မိန်းကလေးအဖြစ် မွေးမြူဖို့ကြိုးစားရင်း သမီးလေးကို ကိုယ့်ရင်ခွင်ထဲမှာပဲ ထုတ်ပတ်ထားခဲ့တာ ဒီနေ့ထိ ...၊

"ရေကူးတတ်တာကိုတော့ အားမကျပါနဲ့ သမီးလေးရယ်၊ သူက ယောကျ်ားလေး၊ ပြီးတော့ သူ မတတ်တာ ဘာမှကိုမရှိဘူး။ သမီး သူ့ကိုကြည့်ပြီး အားကျနေရင်တော့ ဆေးသမားဖြစ်နေတဲ့ဘဝကိုပါ အထင်ကြီးတတ်လာလိမ့်မယ်"

ဒေါ်မမခိုင် က နူးညံ့သည့်အပြုံးနှင့် နှစ်သိမ့်ရင်း ချစ်ခြင်း ပခုံးလေးကို ကိုင်လိုက်သည်။

"ပြီးတော့လေ မေမေ သမီးကို တစ်ခုပြောထားချင်တယ်"

"ဟင် ... ပြောလေ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မမခိုင် မျက်နှာတည်သွားကာ မျက်ဝန်းတို့က ကျောနောက်ခြံထဲမှ ရေကူးကန်ဆီ ရည်ရွယ်တိမ်းစောင်းသွားပြီးမှ ချစ်ခြင်း မျက်နှာလေးဆီ ပြန်ရောက်လျက် ...

"အဲဒီကောင်လေးကြောင့် သမီးလေးအတွက် ဂုဏ်သရေထိခိုက်လာနိုင်တယ်နော်၊ အဲဒါ သမီး မမေ့နဲ့၊ သူ့ကို ကိုယ့်အစ်ကိုလို သဘောထားပြီး ခင်တွယ်နေတယ်ဆိုရင်လဲ ကိုယ်နဲ့ ဘာမှသွေးမတော်တာ၊ ကိုယ့်လို စရိုက်သဘာဝမျိုးမရှိတာ၊ ဒါတွေကိုထည့်တွက်၊ ကိုမိုးနဲ့မေမေက လင်မယားဖြစ်နေတဲ့အတွက် သူ့သားက ကိုယ့်သားလိုဖြစ်ချင်ဖြစ်လာမယ်၊ သမီးအတွက် အစ်ကိုကောင်းတစ်ယောက် ဖြစ်မလာနိုင်ဘူး"

"ဟုတ်ကဲ့ပါ"

"အေး .. သမီးလေးကို မေမေ ယုံပါတယ်၊ နောက်ပြီး သမီးရဲ့ အိမ်ထောင်ရေးအတွက်ပဲ ကြိုပြောထားချင်သေးတယ်၊ သမီးလေးက ငယ်သေးတယ်ဆိုပေမယ့် မေမေကတော့ ခုတည်းက စဉ်းစားနေရပြီလေ၊ စီစဉ်တော့မယ် လက်ထပ်တော့မယ်ဆိုမှ သမီး မေမေ့ကို စိတ်ဆင်းရဲအောင်မလုပ်ရဘူးနော်"

'ဟုတ်ကဲ့'လို့ ချက်ချင်းထွက်မလာဘဲ ချစ်ခြင်း မျက်ဝန်းလေးတွေ စိုးရိမ်မကင်း လှုပ်ရှားသွားသည်။ တော်တော်လေးကြာမှ ခေါင်းညိတ်၍..

"ချစ်ခြင်း ဝရန်တာမှာ စာဖတ်နေမလို့နော်"

"အင်း .. အင်း"

ချစ်ခြင်း က စာအုပ်သွားယူရင်း ပြတင်းပေါက်ဘေးနားမှာရှိသည့် ဆေးဗီရိုလေးပေါ်က တစ်စုံတစ်ရာကို ဖျတ်ခနဲဆွဲယူ၏။ ထိုအရာကို စာအုပ်နဲ့ထပ်ကိုင်ပြီး လှည့်အထွက် ...

"ဒေါက်"

နိုးချင်လိုက်တာလည်း ပျာလို့၊ နေးလိုက်တာလည်း ချာလို့ ဆိုတာ





မျိုး ...၊ မေမေ့ရှေ့က အလျင်အမြန်ထွက်ချင်ပါမှ ထိုပစ္စည်းက ပြုတ်ကျ၏။

"အဲဒါ ဘာလဲ သမီး"

မေးနေပြီး ဖြေတာကိုမစောင့်ဘဲ ဒေါ်မမခိုင် က ချစ်ခြင်း ကောက်လိုက်သည့် လက်တစ်ဝါးလောက် ကင်မရာလိုဟာလေးကို ဆွဲယူလိုက်၏။

"ဟင် ..."

ဒါ မှန်ဘီလူးပဲ ...။ ဒေါ်မမခိုင် မှန်ဘီလူးကိုကိုင်၍ ရေကူးကန်ဆီ ဖျတ်ခနဲလှည့်ကြည့်လိုက်မိသည်။ ပြီးတော့ ဒီဘက်ပြန်လှည့်ကြည့်၏။

ဒေါ်မမခိုင် မျက်ဝန်းတွေမှာ မီးတောက်မီးလျှံတွေလို ပြိုးပြက်လက်နေလျက် ချစ်ခြင်း ခေါင်းလေးငုံ့သွားခဲ့သည်။

မေမေ့ကို ဘာမှ ထပ်မညာရဲတော့လို့ .....၊



www.burmeseclassic.com

## အခန်း (၆)

သကြိန်က လိုပါသေးသည်။ ဒါပေမယ့် ပိတောက်ပင်ကြီး တစ်ပင်လုံးမှာ အဖူးတွေရော အပွင့်တချို့ရော ညွတ်ကျဝေဆာနေပြီဖြစ်၏။

အပေါ်ကနေလှမ်းမြင်လိုက်တုန်းကပိတောက်ပင်ကိုပဲဖြစ်ကာ အပင်ပေါ် ရောက်နေသည့်လူကို မမြင်။ အပင်အောက်ကနေ သေချာကြည့်ချင်လို့ ဆင်းလာခဲ့တော့မှ အပေါ်မှာ ခြံရံ ရှိနေတာကို တွေ့လိုက်ရ၏။

"ကိုကြီး ပန်းခူးမလို့လားဟင်"

ချစ်ခြင်း အသံကြားမှ ခြံရံ က အောက်ကိုငုံ့ကြည့်၏။

"အပင်ပေါ် ရောက်နေတာမြင်သားနဲ့ ပန်းမခူးဘဲ ငါက ဘာတက်လုပ်ရမှာလဲ"

"ကိုကြီးကလဲ သကြိန်လဲမကျသေးဘဲနဲ့ ...၊ ပြီးတော့ အဖူးတွေအများကြီးရှိသေးတာကို ဘာလို့ခူးမှာလဲ"

"အားလုံး ပွင့်အာနေကာမှ ညှိုးတော့မလို့ အဆင်သင့်ဖြစ်နေတဲ့ပန်းဘာလုပ်ဖို့လဲ"

"ဟင် ..."





ချစ်ခြင်း မော့ကြည့်ရင်း မျက်လုံးလေးဝိုင်းသွားသည်။ ဘာမှမခူးရသေးဘူးမှတ်လို့ ပြောနေမိတာပါ။ သူ ကိုင်ပြီးထပ်နေတာကိုမြင်မှ သစ်ပင်ခွကြားမှာခူးပြီးသား ပန်းကိုင်းတွေတစ်ထပ်ကြီး၊ ခြံရံ က ပန်းကိုင်းတွေကို ကြိုးတစ်ချောင်းနဲ့ပတ်ချည်ပြီး အောက်ကို ဖြည်းဖြည်းချင်းချသည်။

"မျက်လုံးကြီးပြူးပြီးမော့မနေနဲ့ မျက်လုံးထဲ အမှိုက်ဝင်မှ မကြားချင်ကဲ့အသံတွေ ကြားရဦးမယ်"

ကိုင်းတွေ အထပ်လိုက်ကြီးက အောက်မရောက်တရောက်မှာ ရပ်သွားပြီး ခြံရံလည်း အပေါ်ကနေ တွယ်ကပ်ဆင်းလာ၏။

အဖူးတွေချည်းရှိနေသည့်အထဲမှာ ပန်းပွင့်လေးတွေ တစ်ပွင့်နှစ်ပွင့်နှင့် အဝါရောင်အစက်အပြောက်လေးတွေလောက်ပဲပါသည်။ တစ်နိုင်လုံးရွှေရောင်တောက်နေအောင် ဝါထိန်ဖူးပွင့်နေတော့လည်း လှသလို ခုလိုအဖူးအစိမ်းလေးတွေ အတွဲလိုက်သီနေသည့် ထိပ်ဖျားမှာ အဝါရောင်စပ်ကျားလေးဖြစ်နေတော့လည်း တစ်မျိုးလှနေ၏။

ဒါပေမယ့် ချစ်ခြင်း နှမြောခြင်းကြီးစွာဖြင့် တံတွေးမျိုမိသည်။

တကယ်တော့ ဒီတိုက် ဒီခြံကြီးက ကိုကြီးတို့ပိုင်တာပါ။ မေမေနဲ့လက်ထပ်ပြီးတော့ မေမေက မနေချင်ပေမယ့် ရေကူးကန်တွေ ကစားကွင်းတွေ စုံလင်ကာ ပန်းခြံသာမကဘဲ သစ်တောအုပ်အတုလေးတွေဖန်ဆင်းထားတာကအစ အံ့သြဖွယ်လှနေ၏။

ထို့ကြောင့် ချစ်ခြင်း က ဒီခြံကြီးထဲမှာနေဖို့ အိပ်မက်မက်ပြီး ကယောင်ကတမ်းအော်မိတဲ့အထိ မက်မောခဲ့သည်။

ဘွားလေးတို့ကိုယ်တိုင်ကလည်း ဒီလိုပဲဖြစ်သင့်သည်ဟု ယူဆကာ သျှောင်နောက်ဆံထုံးပါပုံစံအတိုင်း ချစ်ခြင်းတို့သားအမိကို ဒီမှာပဲနေစေခဲ့တာဖြစ်သည်။

ဘာတစ်ခုမှ အတင်းအကျပ်တောင်းဆိုရယူခြင်းမရှိခဲ့သည့် ဦးဦး

www.burmeseclassic.com



ကလည်း အားလုံး မေမေ့သဘော၊ မေမေ နေချင်တဲ့နေရာမှာ သူထားပါမည်လို့ လိုက်လျောခဲ့သည့်သူ ...၊

မေမေသည် ဦးဦးမိုးအပေါ်မှာ သူမကိုယ်တိုင်လည်း မေတ္တာသက်ဝင်ခဲ့ပါလျက် ကိုကြီးအပေါ်မှာတော့ တစ်စက်ကလေးမှ အကောင်းမြင်ခဲ့တာမရှိ။

"ဘာကြောင့်မှမဟုတ်ဘူး၊ ကလေးဘဝကတည်းက ရုပ်လေးက ဂျစ်ကန်ကန်၊ စကားပြောတော့ မယဉ်ကျေးဘူး၊ ပေါင်းသင်းသွားလာနေတဲ့ ကလေးတွေကိုမြင်တာနဲ့ ဒီကောင်လေးရဲ့အနာဂတ်ကို ဖတ်လို့ရတယ်" တဲ့။

ဒါက ဟိုတုန်းက ပြောသံ၊ နောက်ကျတော့ အပြစ်က ဆယ်တန်းတောင်မအောင်လို့တဲ့ ...။

"ဆေးတွေဘာတွေ သုံးချင်သုံးနေမှာ၊ ပုံစံကိုက ဆံပင်ဖားလျား၊ ကိုယ်လုံးကြီးကြီးနဲ့ လူရိုင်းကောင်ကြီးပုံပေါက်နေတာ"ဟု ဆိုသည်။

ကိုကြီးကလည်း ရိုင်းတော့ရိုင်းတာ အမှန်ပါ။ မေမေ မသိခဲ့ပေမယ့် ဒီအိမ်မှာ ကိုကြီးနဲ့ ချစ်ခြင်း စပြီး ဆုံပြီဆိုကတည်းက ကိုကြီးက 'ဒါ ငါ့အိမ်၊ ငါ့ဘာသာ ဘာလုပ်လုပ်'လို့ ကြေညာခဲ့တဲ့သူ ...၊

မေမေ မကြားတဲ့ကွယ်ရာမှာလည်း ဦးဦးမိုးကို ပြောနေတာ ကြားဖူးသည်။

"သူတို့က သားတို့အိမ်မှာ လာနေပြီးတော့ ဆရာလုပ်ချင်တာ" ဆိုသည့်စကားတွေ ...၊

ချစ်ခြင်း ကတော့ ခြံကြီးကိုလည်း သဘောကျသည်။ ကိုကြီးကိုလည်း ခင်ချင်တဲ့သူမို့ မေမေ ဒီကနေထွက်သွားနိုင်တဲ့ ဘယ်လိုစကားဖြစ်ဖြစ် ပြန်မပြောဘဲထားခဲ့သည်။

ဒီနေ့ ဒီလိုအရွယ်တွေရောက်လာကြသည့်တိုင် ကိုကြီး မျက်နှာ





တစ်စက်မှမလျှော့တာတွေဟာ ငယ်ငယ်တုန်းကလို 'ငါ့အိမ်မှာ ငါနေတာ' ဆိုတဲ့ မာနတွေနဲ့လား ...၊

ပိတောက်ပန်းတွေ မစူးပါနဲ့လို့ နောက်ထပ်မပြောမိအောင်ထိန်းရသည့်အဖြစ်ကို ကိုယ့်ဘာသာတွေးရင်း အပင်ပေါ်ကိုပဲ မော့ကြည့်နေမိသည်။ မျက်ဝန်းရှုတွကို လွှဲဖို့ပါ သတိရလာသည်။

သို့သော် မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်လေးမှာ သူမ ဆုံးဖြတ်ချက်က နောက်ကျသွားခဲ့၏။

"အား ..."

မျက်လုံးထဲကို ကျောက်ခဲအကြီးကြီးတစ်လုံး ပြုတ်ကျဝင်သွားသလို စူးစူးရှရှနာကျင်သွားသည်။

"အား ... သေပါပြီ၊ ကိုကြီး လုပ်ပါဦး"

"နည်းသေးတယ် မင်း ...ငါ ပြောနေတာ ပါးစပ်မပိတ်သေးဘူး"

ဆူပူသံပေမယ့် ကိုကြီး အနားရောက်လာတာကို ချစ်ခြင်း သိသည်။

"လက်ဖယ်လိုက်"

"နာတယ် ကိုကြီး၊ မျက်ခွံထဲမှာ ခဲအကြီးကြီးပဲ၊ အား .. မေမေရေ.."

"ဘာမေမေလဲ၊ မေမေဆိုရင် အထဲကိုကြွ၊ လုပ်မပေးနိုင်ဘူး"

"ဟင့်အင်း .. မေမေမှမရှိတာ ကိုကြီးရယ်၊ သေတော့မယ်၊ ကြည့်ပေးပါ .. လုပ်ပါ"

ခြံရဲ့ က ချစ်ခြင်း လက်တွေကို ဆွဲဖယ်ပစ်လိုက်၏။ ရှည်လျားကော့နက်သော မျက်တောင်တွေမှာ မျက်ရည်တွေနှင့်စိုရွှဲကာ မျက်လုံးကို သူ့လက်နဲ့ဖွင့်ကြည့်တာ ဘယ်လိုမှမရ။

"ဘာလို့ ရှုတ်ပိတ်ထားတာလဲ၊ အထဲမှာ ဘာရှိသလဲ၊ ငါက ဘယ်လိုလုပ်ကြည့်ရမလဲ"

"ဖွင့်လို့မှမရတာ၊ ကြည့် .. ကြည့်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမော့ထားပြီး မျက်လုံးက မဖွင့်ဘဲ မျက်ရည် မျက်နှာတစ်ပြင်လုံး ရွှဲနေပြီဖြစ်၏။

"မျက်နှာသစ်လိုက်မလား။ လာ အိမ်ထဲသွားမယ်"

သူမ တကယ်နာနေပြီမှန်းသိတော့ ခြံရံ စိတ်မကောင်းဖြစ်သွား၏။ ဒါပေမယ့် လက်မောင်းလေးကိုတွဲခေါ် ပေးနေရင်း ခလုတ်တိုက် ယိုင်နဲ့ပါလာနေတာက စိတ်ရှည်ချင်စရာမရှိ။

"မဖြစ်တဲ့တစ်ဖက်ကို ဖွင့်ကြည့်ပြီးလျှောက်လေ၊ မင်းကိုကိုင်ထားရတာ ဘယ်လိုထိန်းပေးရမှန်းမသိတော့ဘူး"

လက်ခုံနှစ်ဖက်နှင့် မျက်လုံးတွေမှာ ဖိကပ်ထားကာ ချစ်ခြင်း က ရှိုက်ငိုလျက် ...

"ဒီဘက်လဲ ဖွင့်မရတော့ဘူး ကိုကြီးရဲ့၊ ချစ်ခြင်း မျက်လုံးတွေ ကန်းတော့မယ်ထင်တယ်"

'ဒီလောက်ဖြစ်နေတာ ကန်းတော့ကောင်းတာပေါ့'ဟု ပြောပစ်ချင်စိတ်တွေဖြစ်လာမိ၏။ အိမ်ထိ ဒီကနေ အဝေးကြီးလျှောက်ရဦးမှာကို ဒီတိုင်းကြီးတွဲခေါ်နေရရင် ဘယ်လိုလုပ်ရောက်တော့မလဲ၊ ဒီကြားထဲ သံဖြဲနဲ့ တတွတ်တွတ်ပြောငိုနေတာက နားမခံနိုင်။

"ကဲ .. ငါပွေ့သွားမယ်၊ မင်းကိုယ်ကို တောင့်မထားနဲ့"

"ဟင် ..."

ချစ်ခြင်း တီခနဲ အငိုရပ်သွားစဉ် ခြံရံ က သူမကိုယ်လေးကို ဆွေ့ခနဲ ပွေ့လိုက်၏။

"ကိုကြီး .. ကိုကြီး ချစ်ခြင်းကို လွှတ်မချလိုက်နဲ့နော်"

မျက်လုံးတွေက နာနေသည်။ လန့်ဖျပ်သွားပေမယ့် လူကိုဖက်ထားလိုက်လို့လည်းမရဘဲ ပါးစပ်ကပဲ အော်နေနိုင်၏။

အိမ်ဝရောက်တော့ အထဲက ဦးလွင်မိုး အပြေးတစ်ပိုင်းထွက်လာ





တာနှင့် ဆုံမိလိုက်သည်။

"သား .. သမီး ဘာဖြစ်လာတာလဲ"

'ပြဿနာအကြီးအကျယ်တွေ'လို့ မပြောဖြစ်လိုက်သော်လည်း ခြံဝကို စိုးရိမ်တကြီးလှမ်းကြည့်လိုက်မိသည်။ ခုနေသာ ခိုင့်ကား ဝင်လာလျှင် ဘယ်လိုမှရှင်းရမှာမဟုတ်။

"ဦးဦးမိုး ချစ်ခြင်း မျက်လုံးထဲ ခဲအကြီးကြီးဝင်သွားတာ၊ ဘယ်လိုမှ မျက်လုံးဖွင့်မရတော့ဘူး။ လုပ်ပေးပါဦး"

"ဟုတ်လား၊ လာ လာ ...၊ သား .. သမီးကို ဒီနားမှာချလိုက်"

သူ့မှာ ချစ်ခြင်း ကို သားဖြစ်သူ ပွေ့ချီထားသည့်အဖြစ်ကနေ ကင်းလွတ်ဖို့အတွက် ဘယ်လိုကြိုးစားပေမယ့် ...

"မျက်နှာသစ်ရမှာကို ရေချိုးခန်းမှာချပြီး ဘာလုပ်လို့ရမှာလဲ ဖေဖေ"

"ဟော ,, အေး .. ဟုတ်တယ်၊ ခဏ ခဏ ..."

လူတစ်ယောက်လုံးကို ပေါ့ပေါ့ပါးပါးပွေ့ချီသွားရင်း ခြံရံ ခြေလှမ်းကျဲနိုင်ပေမယ့် ဦးလွင်မိုး အပြေးတစ်ပိုင်း မီအောင်လိုက်ရသည်။

ဒီကောင် မသိတတ်ဆိုးရွားလှချေလား ...၊ ကောင်မလေးနဲ့မှ .....



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

"မင်းကွာ တူတူလာပြီးမှ ခေါ် လာခဲ့တာမဟုတ်ဘူး"

"ဘာလဲ"

သူ မထိုင်ရသေးဘဲ ဆီးကြိုလိုက်သည့်စကားသံတွေကြောင့် မျက်
တွန့်ကုတ်သွားသည်။

"သူ့ခမျာ လှည့်တကြည့်ကြည့်နဲ့ ..."

သူရအောင်က ပြောလို့မပြီးနိုင်။ နေဝန်း က ပလာဇာအောက်ထ
ရည်ရွယ်၍ မေးဆတ်ပြလိုက်ကာ ...

"မင်းညီမကို အောက်ထပ်မှာထားပစ်ခဲ့တာ ပြောတာ"

"ခေါ်တိုးနဲ့လာတာ၊ အိမ်မှာ ကားတစ်စီးမှမအားလို့ ငါ လိုက်ပို့ရတ

ဖြေရှင်းတာမဟုတ်ပေမယ့် ခြံရံ က ရှင်းပြပြီး ခုံဆွဲထိုင်လိုက်
ပြီးတော့ စားသောက်ထားတာတွေကို ငေးကြည့်ကာ ...

"စောစောစီးစီး မျိုထားတာတွေ မနည်းပါလား၊ ဒီမှာ ဘယ်လိုဆုံ
မျိုဖြစ်ကြတာလဲ"





"မင်းလို အမှတ်တမဲ့တွေ့တာမဟုတ်ဘူး၊ မနေ့ကတည်းက ချိန်း
ထားကြတာ၊ ဟိုကောင်တွေရောက်လာရင် ကျောက်တန်းကိုလိမ့်မလို့"

"ဘာလုပ်ဖို့လဲ"

"ဒီနေ့ ဟိုကောင့်ကို သစ်သစ်ဖော် အဖြေပေးမှာလေ"

ဟိုကောင်ဆိုတာ ဘယ်သူ့ကိုပြောမှန်း သူတို့ချင်းတော့ သိကြကာ
ခြံရံ က သိပြီးသားမျက်နှာနှင့် ...

"အဲဒါ မင်းတို့ တစ်လေ့ကြီးလိုက်ပြီး ဘာလုပ်မလို့လဲ၊ တိုင်း က
သစ်သစ်ဖော်ကို တစ်ပိုင်းစီပိုင်းပြီး ပြန်ဝေပေးမယ် ပြောလို့လား"

"ဟာ .. ဒါတော့ ဒါပေါ့ကွ၊ တို့နဲ့မဆိုင်ပေမယ့် ကိုယ့်သူငယ်ချင်းရဲ့
အောင်ပွဲကို လိုက်ပါဂုဏ်ပြုရမှာပဲ၊ မင်းကရော ဘယ်လိုလဲ"

"ဘာလဲ"

နေဝန်း က သူရအောင်ကိုလှည့်ကြည့်ပြီး ဘာတွေ အချက်ပြမေးနေ
မှန်းမသိ၊ ပြီးမှ ...

"မင်းပဲ ရဲရဲနေ ကို ဘာမှမဟုတ်ပါဘူးဆို"

"ဘယ်သူက ဟုတ်နေလို့လဲ"

နေဝန်း မျက်လုံးတွေ သူရအောင်ဆီ ရောက်သွားပြန်သည်။ သူရ
အောင် ခြံရံ ကို စိုက်ကြည့်ရင်း သူ့ရှေ့က ကုန်နေပြီဖြစ်သည့် ရေခဲမုန့်
ခွက်လေးကို ဟိုဘက်ရွှေ့လိုက်၏။

"ငါနဲ့ရဲရဲနေ တွေ့ခဲ့တယ်"

"ဆက်ပြော"

"မင်းကို သူ အဖြေပေးလိုက်ပြီဆို"

ခြံရံ့ မျက်နှာမှာ သဘောကျသွားသလို အပြုံးတစ်ချက် လက်သွား
၏။ ပြီးတော့ စီးကရက်မီးညှိလိုက်ရင်း ဘာမှမဖြေ။

"ဟုတ်တာ မဟုတ်တာ ထား၊ မင်း အဲဒီ ရဲရဲနေ နဲ့ အခွင့်ရှည်နိုင်ပြ



www.burmeseclassic.com

www.burmeseclassic.com



မနေသင့်ဘူး ခြံရံ”

“ဘာလုပ်ရမှာလဲ၊ သူ့ဟာသူ ဟုတ်နေတာကို ‘ဟုတ်လဲမဟုတ်ဘဲနဲ့’ လို့ ကလေးတွေလို ရန်သွားဖြစ်ရမလား”

“ဟား ... မင်း သိသားနဲ့ ခြံရံ ရာ၊ ရဲရဲနေ က နာမည်အတိုင်းပဲနော် သတ္တိခေတဲ့သူမဟုတ်ဘူး၊ အဲဒါကို ငါတို့ကောင်တွေ အားလုံးရှေ့မှာ ပြော သွားတာ မင်းသိလား”

“ပြောပါစေပေါ့၊ သူ့အခွင့်အရေးနဲ့သူ ...”

“မင်း မဖြေရှင်းရင် အားလုံးရဲ့သတ်မှတ်ချက်ထဲမှာ မင်း တုပ်နှောင်ခံ ပြီးသားဖြစ်သွားလိမ့်မယ်”

ခြံရံ မျက်နှာတည်သွားသည်။ စီးကရက်တစ်ရှိုက်ကို သွားတွေစေ့ ထားရင်း ခပ်ဖြည်းဖြည်းမှုတ်ထုတ်ပုံက ယောကျ်ားချင်းတောင် အားကျ ချင်လောက်တဲ့အထိ ဆွဲဆောင်နိုင်စွမ်းသည်။

သူ့ကို သဘောကျကြသည့်မိန်းကလေးတချို့ဆို ရွှံ့သလို၊ လျှောင် သလို တမင်တွင်ကာ ဇာတ်လမ်းတွေလုပ်လာကြတာမျိုးထိ ဖြစ်ကြ၏။

သူကလည်း ပြန်နောက်လိုက်၊ ကပ်ရိလိုက်နှင့် ရည်းစားလိုလို၊ ဘာ လိုလို တွဲဖြစ်သွားခဲ့တာတွေရှိသည်။ ဒါပေမယ့် အားလုံး ချစ်သူတွေကိုယ် စီရှိကြပြီး ခြံရံ တစ်ယောက်ပဲ ခုချိန်ထိ ဟုတ်တိပတ်တိ ချစ်သူ မရှိဘဲဖြစ် နေတာ အံ့ဩစရာပင်။

“မင်းက ဟုတ်တော့မလိုနဲ့ အဖျားရှူးအောင်လုပ်လုပ်ပစ်တာ ဘာ လဲ၊ မင်းပုံစံက တစ်ခုခုပဲ”

ဟု တစ်ခါတလေ အစ်အောက်ကြည့်တော့ ခပ်တည်တည်နှင့် ...

“တစ်ယောက်မှာ အတွဲဖြစ်ရင် မင်းတို့ အုပ်စုလိုက် လှုပ်ရှားပေးကြ တာတွေလေ .. အဲဒါကို မျက်စိနောက်လို့” တဲ့၊ ပြီးတော့ ပြောသေးသည်။

“ငါချစ်တဲ့မိန်းမတွေ့ရင် မင်းတို့ တစ်ယောက်မှ သိမှာမဟုတ်ဘူး”





“ဘာဖြစ်လို့လဲ”

“မင်းတို့ ဝိုင်းပြီးရှုစားကြတာကို မခံနိုင်ဘူး”

“ဟ .. ဒါက သင့်မသင့်၊ တော်မတော် ဝိုင်းဝန်းစောင့်ရှောက်တာ ဗွ”

“မလိုပါဘူး၊ သင့်တော်လို့ချစ်နေတာမှမဟုတ်တာ၊ ချစ်လို့ .. အချစ် ကြောင့် အရာအားလုံး ပြည့်စုံရမှာ”

ရည်းစားမထားတာတောင် ခြံရံ တို့က မှီးမြင့်သည်။ ရဲရဲနေ နဲ့ တွဲဖို့လဲ တာတော့ အကြာဆုံးဖြစ်၏။ ထို့ကြောင့် သူတို့ စိုးရိမ်နေကြတာပါ။ ခြံရံ မကြိုက်လောက်ဘူးဆိုတာ ခန့်မှန်းမိသော်လည်း ရဲရဲနေ ဘက်ကဖြစ် ‘ချမ်းသာပုဆိုး’ ...၊

သူတို့အုပ်စုထဲမှာ ‘ချမ်းသာပုဆိုး’ ဆိုသည့်စကား သုံးတာက အနံကြီး ကွင်းကျယ်ရဲ့သဘောဖြစ်သည်။

နေဝန်း က ခြံရံ့မျက်နှာကို စူးစိုက်ကြည့်နေရင်း သက်ပြင်းချသည်။

“မင်း တစ်ခုခုမစားတော့ဘူးလား”

ခြံရံ က ခေါင်းခါပြီး နာရီကြည့်၏။

“ချစ်ခြင်း တို့ပြီးတာနဲ့ ပြန်ပို့လိုက်မယ်၊ ပြီးရင် ...”

“ငါတို့နဲ့လိုက်မလား”

“မလိုက်ပါဘူး၊ သွားစရာရှိသေးတယ်”

“ရဲရဲနဲ့ ချိန်းထားတာတော့မဟုတ်ပါဘူးနော်”

ခြံရံ က ခေါင်းခါလိုက်ပြီး ...

“သူနဲ့ငါ ဘာမှမဟုတ်ဘူး”

“ဒါဆို မင်း အဖြေမတောင်းဘူးပေါ့”

“ဘာစကားကိုမှ မပြောခဲ့သေးဘူး”

“ပြောဖို့ စိတ်ကူးတော့ရှိလား”



www.burmeseclassic.com

www.burmeseclassic.com



"မရှိလောက်ဘူးထင်တာပဲ"

ခြံရဲ့ ဖြေပုံက သူရှားတစ်ယောက်ကို ဝေဖန်ကြည့်နေသလိုမျိုး။ သူငယ်ချင်းတွေထဲမှာ အကဲခတ်ရသိပ်မလွယ်တာလည်း သူပဲဖြစ်သည်။

သူတို့လေးယောက်သောသူငယ်ချင်းအုပ်စုတွေ ဆယ်တန်းမှာ တက်ညီလက်ညီ ကျရှုံးခဲ့ကြတုန်းကလည်း ပထမဆုံးကျသည့်နှစ်က ခြံရဲ့ ကောင်မလေးတစ်ယောက်ကို လိုက်ခဲ့ဖူးသည်။

'မင်း ရအောင်လိုက်မှာလား' လို့မေးတော့ စပ်ဖြဲဖြဲ မချိုမချဉ်နှင့် ...။

ပြီးတော့လည်း ကောင်မလေးဘေးမှာပဲ တဝဲဝဲနဲ့ သူတို့ ထင်တော့ ထင်သားပါ။ ဒါပေမယ့် သိပ်မကြာခင်မှာ ကောင်မလေးတစ်ယောက်နဲ့ ညှိသွား၏။

"မင်းတို့က ဘာလဲ" လို့မေးတော့ "ဘာမှမဟုတ်လို့ပေါ့" ဟု ပေါ့ပါးသလိုဖြေသည်။

နောက်နှစ်မှာ အရက်တွေလိုမ့်သောက်ပြီး အခန်းအောင်းနေလိုက်တာ နာမည်ကြီးတော့ ဆယ်တန်းကျလို့ဟု လူသိများသွား၏။ ဒီနေ့ထိလည်း သူ အသည်းကွဲခဲ့ဖူးတယ်လို့ ဝန်မခံပါ။ ထိုအဖြစ်ကို သူတို့ချင်းနားလည်လိုက်ပေမယ့် ခြံရဲ က ဘာလိုလိုနဲ့ ဖျောက်ပစ်၏။

တစ်ခုတော့ရှိပါသည်။

ဆယ်တန်း ပထမဆုံးကျတဲ့နှစ်က စစ်ခြံရဲ သည် ယခု စစ်ခြံရဲနဲ့တော့ လားလားမှမဆိုင်။

ဟိုတုန်းက ဆံပင်သည် သိပ်မရှည်ဘဲနှင့် ဖွဖွအုပ်အုပ်ကြီးဖြစ်နေကာ ပေပေတေတေနေတတ်လွန်းတော့ အသားဖြူပေမယ့်လည်း နီတီတီဖြစ်နေခဲ့၏။

အရပ်ကြီးရှည်ပြီး ပိန်ချုပ်ချုပ်မို့ လမ်းသွားလျှင် ခပ်ကိုင်းကိုင်းပုံ ဖြစ်နေတာကလည်း ခုပုံစံနှင့်တော့ လုံးဝခြားနားပါသည်။





ခုကျတော့ ဆံပင် ရှည်တွေက ပခုံးလွန်အောင်ကျနေပေမယ့် တောင့်တင်းမြင့်မားသည့် ကိုယ်ဟန်နှင့်လိုက်ဖက်သည်။ ဆံပင်ကြောင့် နွဲ့သွားတာမျိုးလည်းမဖြစ်၊ ရုပ်ချောသည့်သူမို့ လူကြမ်းပုံပေါက်သွားသလိုလည်း ရုပ်ပျက်မသွားပေ။

မိန်းကလေးတွေလို လှသထက်လှအောင် ပြင်ဆင်တာမျိုးမဟုတ်ဘဲ ဒီတိုင်းနေရင်း ဖြူဝင်းချောမွေ့လာသည့် ခြံရဲ၏မျက်နှာသည် အမြဲမြင်နေကြသည့် သူတို့အားလုံးတောင် သတိထားမိတဲ့အထိ ပြောင်းလဲသွားတာဖြစ်၏။

ပြောင်းလဲခြင်းများစွာထဲမှာ ကောင်းသောပြောင်းလဲခြင်းတွေပဲ ဖြစ်စေချင်ပါသည်။

ရည်းစားထားဖို့ စိတ်မကူးတော့သလိုနေခဲ့ပြီးမှ ထားမယ့်ထားတော့ ရဲရဲနေလိုမိန်းကလေးမျိုးနဲ့ လာဖြစ်နေသည်။

အရှည်ကြီးတွေးလိုက်မိပြီး သူရအောင် က သက်ပြင်းချသည်။

"မင်းဘက်က လူချမ်းသာတွေထဲမှာ ထိပ်ဆုံးစာရင်းနဲ့ရှိနေတာနော်၊ ပြီးတော့ အခု အိမ်ထောင်ပြုထားပေမယ့် ချစ်ခြင်း တို့သားအမိက ကိုယ့်စီးပွားနဲ့ကိုယ်နေတာ၊ အဲဒါတွေထိ သိတဲ့လူတွေ သိကြတယ်"

ဒီ ရဲ့ပြောတော့ ခြံရဲ က စီးကရက်ကိုင်ထားသည့်လက်ကို စားပွဲပေါ်မှာ ဆန့်တင်လိုက်ပြီး မျက်လွှာပင့်ကြည့်သည်။

"အဲဒါ အန်တီခိုင်က မာနတွေကြီးနေတာ၊ ဖေဖေ့စိတ်ထဲမှာ သူ့စီးပွားကို အန်တီခိုင်နဲ့မဆိုင်ဘူးလို့ ဘယ်တုန်းကမှတွက်ခဲ့တာမဟုတ်ဘူး၊ အဲဒါ ငါ အသိဆုံး"

"အေး .. မင်းပဲသိတာလေ၊ အများတကာအမြင်မှာ မင်းအဖေ ရှာသမျှ မင်းတစ်ယောက်တည်း ပိုင်မှာ၊ ရဲရဲနေလဲ ဒီလိုမြင်တယ်ဆိုတာ ငါတို့ သိတယ်၊ သူတို့ညီအစ်မတွေက ရုပ်ချောလွန်းလို့ နာမည်ကျော်



www.burmeseclassic.com

www.burmeseclassic.com



တာထက် သချိုတော်ကြတာလဲပါတယ်၊ မင်း အဲဒါ မမေ့နဲ့"

"ဟုတ်တယ်၊ ပြီးတော့ သူတို့ညီအစ်မတွေ ဘယ်လိုကောင်းသတင်းတွေနဲ့ပဲ ပြည့်စုံနေနေ အိမ်ထောင်ပြုတဲ့ သချိုတွေတော့ ဆိုးလွန်းပါတယ်ကွာ၊ ကိုယ့်ကို မချစ်ဘဲနဲ့ ငွေကြောင့်ဆိုတာ သိသိကြီးနဲ့ ဘယ်လိုရင်ခုန်သံတွေနဲ့ မောင်းမလဲ"

တစ်ယောက်တစ်ခွန်းပြောကြတော့ သူ ငြိမ်နေလိုက်သည်။ ရဲရဲနေသည် နာမည်လေးအတိုင်း မြင်တဲ့သူ လှုပ်ရှားရုံးသွပ်လောက်အောင် ဆွဲဆောင်မှုရှိ၏။

သူ တကယ်သဘောကျခဲ့မိသည်။ ဒီထက်တော့ မပိုခဲ့သေးပါ။ ဒါပေမယ့် ကိုယ့်ရင်ဘတ်ထဲမှာ လစ်မစ်ထည့်ထားတာတော့မဟုတ်ပေ။

နှလုံးသားက ဆုံးဖြတ်ချက်အတိုင်း သူရှိနေမှာမို့ ကိုယ့်ဘာသာ ကြိုးစားဖန်တီးရမှာတွေကို စိတ်မွင်စားခြင်းပဲဖြစ်သည်။

"ငါသွားတော့မယ်"

"ဘယ်ကိုလဲ"

ပြောရင်း သူက ထရပ်လိုက်ကာ ...

"ခုလောက်ဆို သူတို့ ပါကင်မှာ ရောက်နေလောက်ပြီ"

"ခြံရံ ..."

နေဝန်း က ခြံရံ့လက်ကို ဆွဲထားပြီးမှ ပြုံးစိစိမျက်နှာ ဖြစ်သွားကာ...

"ရဲရဲနေလို့မဟုတ်ပေမယ့် ချစ်ခြင်း လှတာလေးကလဲ တပ်မက်စရာလေးပါ၊ မင်း ရင်မခုန်ဘူးလား"

ခြံရံ မျက်နှာတွန့်မဲ့သွား၏။

"ရင်ခုန်နေတာတော့ နေ့တိုင်းပဲ၊ ဒေါ်မမခိုင်ကြီးကို မေတ္တာတွေထားရလွန်းလို့ ..."





နေဝန်း မျက်နှာက လိုရင်းရောက်ခါနီးမှ မျှော်လင့်ချက်မဲ့သွားသလို မအီမလည်နှင့် ...

"ရှင်းရှင်းလေးကို ရှုပ်အောင်လုပ်နေတာ"

ဟု ခပ်တိုးတိုးပြော၍ လက်ကိုလွှတ်လိုက်သည်။ သူ့မျက်လုံးထဲမှာ ဒီနေ့ အပေါ်ထပ်ကနေလှမ်းမြင်လိုက်ရသည့် အဖြူရောင်ဝတ်စုံလေးနှင့် ကျစ်ဆံမြီးရှည်နွဲ့နွဲ့ကို စွဲထင်နေ၏။

တကယ် မဟာဆန်ဆန် ရှုမငြီးနိုင်တဲ့ အလှမျိုး .....။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"သမီး စစ်ခြံရုံတို့ ထွက်သွားပြီးရင် တံခါးတွေပိတ်ထားလိုက်တော့နော်"

လို့ မေမေတို့မှာသွားသဖြင့် ပိတောက်ပင်ကြီးအောက်မှာထိုင်၍ တစ်ပင်လုံး ခူးချသွားပြီးလို့ နည်းနည်းယူထားလိုက်သည့် ပိတောက်ခက်လေးတွေကို စိမ်ပြေနပြေ ခြွေနေမိသည်။

နားထဲမှာတော့ ကိုကြီးသူငယ်ချင်းတွေ ရေပက်ခံထွက်ဖို့ လာခေါ်သည့်ကား ဝင်လာကတည်းက ထိုအသံတွေပဲ ဆူညံစွာဝင်နေ၏။

အမိုးဖွင့်ကားလေးပေါ်မှာ ယောကျ်ားလေးတွေ အများကြီးပါသည်။ ဖျတ်ခနဲ လှည့်ကြည့်လိုက်တာပေမယ့် ရှေ့ခုံးမှာရပ်နေသည့် မိန်းကလေးနှစ်ယောက်ကို သတိထားလိုက်မိသည်။

နှစ်ယောက်မှာ အဖြူနဲ့အနီ ဆန့်ကျင်ဘက်အရောင်တွေ ဝတ်ထားကြပေမယ့် ဖြူဝင်းနုမွတ်နေသည့် အသားရောင်တွေနှင့် ထင်းနေအောင် လှသည်။

ပခုံးလောက်သာသာဆံပင်တွေကို ကျစ်ဆံမြီးသေးသေးလေးတွေ





ကျစ်ချထားသည့် တစ်ယောက်က ပိုလှပြီး သူမက အနီရဲရဲကို ဝတ်ထားတာဖြစ်၏။

သင်္ကြန်ဦးထုပ်ရဲရဲမှာ နားကွင်းဝိုင်းရဲရဲကြီးက လှုပ်ခါလျက် ...

"မင်းသားကြီး အစ်ကိုခြံရုံကို အခြံအရံများနဲ့ လာကြိုပါတယ်"ဟု ကားပေါ်ကနေ လှမ်းအော်တာလည်း သူမပဲဖြစ်သည်။

ကိုကြီးရဲ့ချစ်သူများလား ...၊ ဟု တွေးမိရင်း ပန်းကိုကိုင်နေလျက်နှင့် မျက်လုံးထဲမှာ သူမအသံနှင့် သူမ၏မျက်နှာလေးကိုပဲ မြင်ယောင်နေမိသည်။

သူ့သူငယ်ချင်းတွေ ပြောနေသံများအရ ကိုကြီးမှာ ချစ်သူရှိသည်ဆိုတာ ချစ်ခြင်း သိသည်။ တစ်ခါတလေ ဖုန်းပြောနေတာလည်း ကြားဖူး၏။

ဘာလဲ ...၊ 'ရဲ' ဆိုလား၊ ကိုကြီး ပြောတဲ့ထဲမှာ 'ရဲ'ဆိုသည့် နာမည်ကို သတိရလိုက်ကာ ကားဆီကို ဖျတ်ခနဲလှည့်ကြည့်မိ၏။

အနီရောင်ရဲရဲနှင့် အလွန်လှနေသော သူမကို သတိရသွား၍ဖြစ်သည်။ ကားပေါ်မှာ တစ်ယောက်မှမရှိတော့ပါ။ အားလုံး အိမ်ထဲဝင်သွားကြပြီဖြစ်၏။

ကားရှေ့တစ်ပိုင်းလုံးမှာ ပိတောက်ခက်တွေ လျှိုင်လျှိုင်ဝေနေသည့် ကားကိုပဲငေးကာ သူမနှင့်အတူ ကိုကြီး ပါသွားတော့မှာကိုတွေး၍ ရင်ထဲမှာ လှစ်ဟာနေသည်။

ဘယ်တုန်းကမှ ကိုယ့်ကို သံယောဇဉ်နှင့်မကြည့်ခဲ့ဖူးပါဘဲ ကိုကြီးကို သူမ ခင်တွယ်နေခဲ့သည်။ အရင်ကဆို ကိုကြီးလက်ကိုဆွဲ၍ ကိုကြီး ဘယ်သွားသွား လိုက်ချင်သည်၊ ကိုကြီးနဲ့အတူ ထမင်းစားချင်မိ၏။

ဘာတစ်ခုမှလည်း မဖြစ်ခဲ့ပါ။ မေမေက ကိုကြီးကို သဘောမကျသလို ကိုကြီးကလည်း မာကျောခြင်းတွေအပြည့်။ ခုကျတော့ လက်ကိုဆွဲ၍ လိုက်နေချင်တာမျိုး မဟုတ်တော့ဘူးထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးရဲ့ ခပ်ဖျော့ဖျော့သွယ်တန်းနေသော မျက်ခုံးတွေမှာ ငေးနေခဲ့မိသည်။ မျက်တောင်ထူတာ၊ ကော့တာမဟုတ်ဘဲ မျက်ခမ်းစပ်လေးတွေ မည်းလျက် အညိုရောင်ရွှန်းတောက်နေသည့် ကိုကြီးမျက်လုံးတွေကို ရင်စုန့်ချင်သည်။

ပြီးတော့ အမှတ်တမဲ့ကြည့်လျှင် ကိုကြီးနှုတ်ခမ်းအစုံက ထောင့်ချိုးညီတာထက်ပိုလျက် ရန်တွေ့ကောင်းသည့် ထော်လန်လန်နှုတ်ခမ်းမျိုး ဖြစ်သည်။

ဖြူသောအသားရောင်ထက်မှာ အညိုရောင်သမ်းလျက် လေးကိုင်းသဏ္ဍာန်ထက် ပိုကော့နေ၏။

သူကတော့ ကိုယ့်ကို ဘယ်ကြည့်ကြည့် မုန်းစရာလို့မြင်ချင်မြင်နေမည်။ ကိုယ့်မှာတော့ ကိုကြီးနဲ့ပင်ဘ်သက်ပြီး မုန်းတဲ့ခံစားချက်မျိုး အသေးအသား ဘယ်နေရာမှာမှ ရှိမနေခဲ့ပါ။

ကိုကြီးနဲ့ ချစ်ခြင်း ဟာ အနီးဆုံးဖြစ်ခဲ့ပါလျက် ဘာဖြစ်လို့ ဝေးကွာနေခဲ့ကြတာလဲ။

"ရှူး .. ဟော့ ..."

အတွေးလွန်နေတုန်း ခေါ်သံကြောင့် လှည့်ကြည့်လိုက်မိသည်။ ခြံဝမှာ ယောက်ျားလေး၊ မိန်းကလေးတွေ စုပြုံလျက် အားလုံးသောမျက်နှာတွေက သူမဆီကိုပဲ လှမ်းကြည့်နေကြ၏။

ပြီးတော့ လှမ်းကြည့်လိုက်တာမြင်သည်နှင့် လက်ယပ်ခေါ်နေကြသဖြင့် ချစ်ခြင်း ကပျာကယာလေး ထ,သွားမိသည်။

"ဟော့ .. အန်တီမမ တို့ရော ..."

"ဥပုသ်စောင့်သွားကြတယ်၊ ဘာဖြစ်လို့လဲ"

အားလုံး ငါးယောက်ထဲမှာ ရှေ့ဆုံးကရပ်နေသည့် အမျိုးသမီးက သံပန်းတံခါးကို ကိုင်၍ ရှေ့ကိုပိုတိုးလိုက်ကာ ...





"တို့မဏ္ဍာပ်မှာလေ ပျော်ပွဲရွှင်ပွဲလေးလုပ်ရအောင်လို့ ဒီအနီးအနားခြံတွေမှာ လိုက်အလှူခံနေတာ၊ ဟဲ့ .. ဟဲ့.. ဖလားပေးလေ"

ချစ်ခြင်း ကိုပြောရင်း နောက်လှည့်ပြီး လက်လှမ်းတော့ နောက်မှာ ဖလားကိုင်ပြီးရပ်နေသည့်တစ်ယောက်က လှမ်းပေး၏။ သူမက ဖလားကိုကိုင်ပြီး ချစ်ခြင်း ကို ပြန်လှည့်ပြုံးပြတာ ...

"စေတနာရှိသလောက်ပေါ့ ညီမရယ်၊ အပွန်း .. ငါးထောင် တစ်သောင်း စသဖြင့် ..."

သူမက ရယ်ကျဲကျဲပြောနေတုန်း စေ့ထားသည့်တံခါးကို လူငယ်တစ်ယောက်က တွန်းဖွင့်လိုက်ပြီး အထဲကိုဝင်လာ၏။

သူ့လက်ထဲမှာ ဖလားကြီးကိုကိုင်ထားသဖြင့် ချစ်ခြင်း လန့်သွားကာ နောက်ကို ကမန်းကတန်းဆုတ်လိုက်မိသည်။

"သင်္ကြန်အကျနေ့ဆိုတာ ရေပက်ခံရတယ်၊ လာပါ .. နည်းနည်းပဲ လောင်းမှာ"

"ဟင့်အင်း၊ ရေပက်မခံချင်လို့ ချစ်ခြင်း အပြင်မထွက်ဘဲနေတာ"

"ဟာ .. ချစ်ခြင်း တဲ့လား ...၊ လှလိုက်တာဗျာ၊ လူရော နာမည်ရောပဲ အဲဒီလို ရေတစ်စက်မှမစိုသေးတဲ့ ရေကြောက်မလေးတွေကိုပဲ ပက်ချင်တာ၊ နည်းနည်းလေးပက်ပါရစေ"

"ကဲဟာ.. ထွတ် ကလဲ ဒီမှာ အလှူခံနေတာ လာဘ်ပိတ်အောင်လုပ်ဖြန့်ပြီ၊ ခဏနေပါဦး၊ ပြီးမှပက်"

"မရဘူး၊ သူ ထွက်ပြေးနိုင်တယ်၊ အပွန်း ..."

အိမ်ထဲက စုရုံးထွက်လာကြသည့်ထဲကနေ ခြံရဲ့ မျက်လုံးတွေ အိမ်ရှေ့ကအဖြစ်ဆီ ရောက်သွား၏။ ခြံတံခါးဝက သူတို့သွားလာကြဦးမှာကို သိ၍ အဆင်သင့်ဖွင့်ထားတာဖြစ်သည်။

ဒေါ်မမခိုင် ချစ်ခြင်း ကို မှာသွားတာလည်း သူ ကြားသည်။ ချစ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



တံခါးနားကိုရောက်နေသည့်အဖြစ်က ရေပက်ဖို့ခေါ်ထုတ်တာမှန်း သိသိနှင့် တမင်ထွက်ပေးတာတော့ မဖြစ်နိုင်။

"တက်လေကွာ"

သူကြည့်နေထဲ သိသာလွန်းတော့ တိုင်း က ခြံဝကိုလိုက်ကြည့်ရင်း လက်မောင်းကိုလှုပ်၍ သတိပေး၏။ သူ တက်ပြီးသည်နှင့် ကားက ပေါ်တီကိုအောက်ကနေ ထွက်လာခဲ့၏။

"ဟေး"ခနဲအော်ဟစ်ကြသည့် ဆူညံသံတွေရော၊ ရဲ သူ့လက်ထဲကို ပိတောက်ခက်တွေ လာထည့်ပေးတာကိုရော စိတ်က မဝင်စားဘဲ ကားထွက်လာသည့်တောက်လျှောက်မှာ ချစ်ခြင်း နဲ့ ဟိုတစ်ယောက် ဖြစ်ပျက်နေပုံကို စူးစိုက်ကြည့်လာမိသည်။

ခြံဝကို သူတို့ကားရောက်လာတော့ ချစ်ခြင်း၏ အားကိုးမဲ့နေသည့် မျက်ဝန်းလေးတွေ သူ့ဆီဖြင့်တက်လာသည်။ သွားအဖြီးသားနှင့် အဝါရောင်စပို့ရှပ်ဝတ်ထားသည့် တစ်ယောက်က ခေါင်းတခါခါဖြစ်နေသည့် ချစ်ခြင်း ကို ဖလားကြီးမြှောက်၍ ခေါင်းကနေ လောင်းချပစ်လိုက်၏။

"အား ..."

ချစ်ခြင်း ကိုကြီးကို မော့ကြည့်မိတုန်းမို့ ရေတွေ မျက်လုံးထဲပါ ဝင်ကုန်သည်။ စိမ့်အေးသွားခြင်းသည် သကြံန်ကိုကြောက်တတ်သည့် ချစ်ခြင်း အတွက် လန့်ဖျပ်အော်မိသည့်အထိပင် ...။

"ဟားဟား .. နည်းနည်းလေးပါ ချစ်ခြင်း ရယ်၊ မရှောင်ပါနဲ့၊ နည်းနည်းလေး .. နည်းနည်းလေး"

"အို .. မလုပ်ပါနဲ့"

"မစိုသေးလို့ပါ"

"ကဲ.. တော်ပါတော့ ထွက်ရယ်"

"အသာနေစမ်းပါ၊ ရေတွေစိုသွားမှ ပိုလှသွားတာ မတွေ့ဘူးလား"





ချစ်ခြင်း နောက်ဆုတ်ရှောင်နေသည့်ကြားကနေ တစ်ဖက်က ရေလောင်းချနေပြီး ချစ်ခြင်းရဲ့ကျောပြင်လေးကို သူ့လက်ဝါးနဲ့ ပုတ်လိုက်သေးသည်။

ထိုစဉ် ဘေးမှာ လူရိပ်တစ်ရိပ် ဖျတ်ခနဲပြုတ်ကျလာကာ..

"ဟိတ်"

"ဟင် ..."

"ခွပ်"

"အို ..."

"ဟယ်.. လုပ်ပါဦး"

ခြံရုံ က ပခုံးပုတ်ခေါ်ပြီးမှ မျက်နှာကို တည့်တည့်ထိုး၏။ ပက်ခနဲ လန်သွားတဲ့အထိ အားမရဘဲ လက်မောင်းတစ်ဖက်ကို ပြန်ဆွဲယူပြီး မေးရိုးကို နောက်ထပ်ထိုးချလိုက်၏။

ဖလားတခြား လူတခြား လွင့်ထွက်သွားလျက် ရေပက်သည့်လူ၏ နှာခေါင်းမှ သွေးစေ့တွေထွက်ကျလာတာ မြင်မကောင်း။

"ရေပက်တာလေးကို မင်း ဘယ်လိုလုပ်လိုက်တာလဲ"

အလှူခံဖလားနှင့်အမျိုးသမီးက ဒေါသတကြီးအော်သည်။ ခြံရုံ က အမျိုးသမီးဘက်ကိုလှည့်၍ ဖလားကို ဖိတွန်းပစ်လိုက်သဖြင့် သူမ ဒယိမ်း ဒယိုင်နောက်လန်သွား၏။

"ရေပက်တာလေးပဲဆိုရင် ခင်ဗျား ခံကြည့်မလား၊ ဟိုဘက်လှည့် လိုက်၊ သူလုပ်သလို လုပ်ပြမယ်"

"မင်းနော် ..."

"သူများခြံဝင်းထဲကို ကျူးကျော်ပြီး ဘာလာလုပ်ကြတာလဲ၊ ဒါ ..."

လဲကျနေသည့်လူရွယ်ကို ပြေးထူသည့်လူတွေရော ကားပေါ်က ဝန်း တို့အုပ်စုတွေပါ အားလုံး သူ့ဘက် ကိုယ့်ဘက် စုပြုံရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ကြသဖြင့် ခြံရှေ့မှာ လူတွေ မည်းမည်းလှုပ်သွားသည်။

"ဟဲ့ .. ငါတို့က ဒီလမ်းရေပက်မထွက်အတွက် အလှူလာခံတာ၊ ရေပက်ဖို့သက်သက်လာတာမဟုတ်ဘူး"

"ဘာအလှူခံလဲ၊ အလှူခံတာဆိုရင် လှူချင်အောင် လေးစားလောက်စရာ လူကြီးသူကြီးတွေခေါ်လာခဲ့၊ မပါရင် အိမ်ရှေ့တောင် လာမရပ်နဲ့သွား ..."

"ဒေါင်"

"အယ် ..."

"ရမ်းကားလိုက်တာ"

"ခြံရုံ တော်တော့"

ငွေဖလားကြီးကို လက်ပြန်ပုတ်ထုတ်လိုက်သဖြင့် ဖလားနဲ့ ပိုက်ဆံတွေ ဖွားခနဲလွင့်ထွက်သွားသည်။ ကဲ့ရဲ့ရှုတ်ချသံတွေ တစ်ယောက် တစ်ခွန်း ပေါ်လာကာ ရဲရဲနေ က သူ့လက်ကိုလာဆွဲ၏။

ထိုလက်ကို ခြံရုံ က ဖယ်ချပစ်လိုက်ပြီး ရေတွေစိုရွှဲနေသည့် ချစ်ခြင်းကို လှည့်ကြည့်ကာ ...

"ချစ်ခြင်း အထဲဝင်စမ်း၊ ဦးဘလှ .. ဦးဘလှ ဘာလုပ်နေသလဲ"

"မေမေတို့ ဥပုသ်စောင့်ဖို့ခေါ် သွားတယ် ကိုကြီး"

"ဒါဆို တံခါးသော့ခတ်ပြီး အထဲမှာဝင်နေ"

ပြောပြီး ခြံရုံ က အားလုံးကို စိန်ခေါ်သလိုဝေ့ပတ်ကြည့်၍ ...

"ငါ မွန်းမတည့်ခင်ပြန်လာမယ်"

'ကြိုက်တဲ့ကောင်လာခဲ့လို့ရတယ်'ဟု ပြောလိုက်သလိုမျိုး အံကြိတ်လျက် ကားပေါ်ပြန်တက်လိုက်၏။ ဒီတစ်ခါ ကားအထွက်မှာ 'ဟေး'ခနဲ အော်သံတွေ မထွက်နိုင်တော့ဘဲ တစ်ကားလုံး တိတ်ဆိတ်နေခဲ့၏။

ခရီးတော်တော်ပေါက်လာမှ ရေတွေ အလုံးအရင်းပစ်ဝင်လာသည့်





ချက်နှာပေါ်ကို သပ်ချရင်း နေဝန်း က သူ့ဘက်ကပ်ကာ ...

"မင်းကလဲ ဒီလောက်မဖြစ်သင့်တာကို အလွန်အကျွံပြောဆိုပစ်ခဲ့သလား"

ဟု ဘာမှန်း အစမချိဘဲ ထ,ပြောသည်။ ခြံရုံ ကလည်း သိနေကာ..

"ဘာဖြစ်လဲ၊ တစ်တိုင်းပြည်လုံးတောင် စိန်ခေါ်ပစ်ချင်တာ၊ အမိပွာယ်မရှိ ..."တဲ့။

သူ့စကားကို နေဝန်း က ဒီဘက်လှည့်ပြီး ပင့်သက်ရှိုက်လျက်... အဓိပ္ပာယ်မရှိ ဒေါသတွေထွက်နေတာက မင်း .....။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

"ရန်ဖြစ်ဖို့ အမိပွာယ်မရှိ တွက်နေရဦးမှာလား ဖေဖေ"

"ဟ .. မင်းရန်ဖြစ်ခဲ့တာက ယောကျာ်းချင်းမှမဟုတ်ဘဲ"

"ယောကျာ်းချင်းဖြစ်တာကို တစ်ချက်၊ နှစ်ချက်ပဲထိုးရသေးတယ် အသေအိပ်တော့ မိန်းမနဲ့ ဆက်ဖြစ်တာပေါ့။ သူ့ကို ကျွန်တော် ဘာမှ မလုပ်ဘူး၊ အလှူခံဖလားကိုပဲ ရိုက်ထုတ်ပစ်လိုက်တာ၊ တိုင်ချက်ဖွင့်တော့ မဟုတ်ကဟုတ်က ကွိစိကွစတွေနဲ့ .. တောက်၊ တတ်လဲတတ်နိုင်တဲ့ မိန်းမတွေ ..."

မိန်းမတွေဆိုတော့ ဒေါ်မမခိုင် ခေါင်းထောင်သွားသည်။

"မိန်းမတွေဘက်မှာ အခွင့်အရေးတွေ အများကြီးရှိတယ်လေ၊ အဲဒါကို မင်း နားလည်ရမှာပေါ့၊ ဒီလောက်တောင် မသိတတ်ဆိုးရွားတာ ဘယ်သူ့မှာ အပြစ်ရှိသလဲ"

"အန်တီခိုင် ဝင်မပါပါနဲ့"

"သား ..."





မိန်းမနဲ့ဖြစ်မှာစိုးတော့ ဦးလွင်မိုး ကြားဝင်လိုက်ရသည်။ ဒေါ်မမခိုင်လည်း မကျေနပ်နိုင်။ ပြဿနာဖြစ်လာပြီဆို ဘယ်သူနေရသလဲ ...။

ဖြစ်ပြီဆိုတိုင်း အိမ်မှာအမြဲရှိနေသည့် သူမပဲ အရင်သိရတာမို့ ထိတ်ရလန့်ရတာလည်း သူမပဲဖြစ်၏။

ခုလည်းကြည့် ...၊ သင်္ကြန်ရက်ကြီးမှာတောင် ဦးလွင်မိုး ဆိုတဲ့ပုဂ္ဂိုလ် အေးအေးဆေးဆေး နားရလို့လား ...၊

လင်မယား ဥပုသ်စောင့်ဖို့ အတူတူထွက်သွားပြီးမှ သီလမယူသေးမီ အရေးကြီးတဲ့ဖုန်းဝင်လာပြီး ချက်ချင်း ထ၊ ထွက်သွားရသည်။

သီလယူပြီးလို့ လာကြိုမှာကိုစောင့်နေတာ မလာတာနဲ့ ကိုယ့်ဘာသာ ကားငှားပြန်ခဲ့လိုက်တာ အိမ်ပြန်ရောက်တော့ စစ်ခြံရဲ ဆိုတဲ့ အိမ်ရှေ့စံက အိမ်ရှေ့မှာမဟုတ်ဘဲ အချုပ်ထဲမှာ စံတော်မူနေသည်တဲ့။

ဘယ်လိုကြည့်မရနေနေ မကြည့်ချင်မြင်လျက်သား ...၊

ဖြစ်ပြီဆိုတော့လည်း လူကြီးပီပီ ရှိနေတဲ့ကိုယ်ပဲ အရင်ပြေးသွားရသည်။ ရုံးကျမှ ဦးလွင်မိုးက ရောက်လာတာဖြစ်သည်။

ဒီလို သင်္ကြန်ချိန်ခါမှာ ဤသို့သောပြဿနာဖြစ်ပြီဆို သင်္ကြန် မပြီးမချင်း ရှင်းလို့ရဖို့က လွယ်တာမဟုတ်၊ သင်းကို ပြန်ထုတ်လာဖို့အတွက် ဘယ်လောက်ပြေးလွှားခဲ့ရသလဲ ...၊ ဒါကို ကျေးဇူးမတင် ... လှန်ပြ ...။

"ထစ်ခနဲရှိ လက်ပါရဲတော့ လူရှိန်တာပေါ့ကွာ၊ ဒါပေမယ့် သတ္တိရှိတာနဲ့ မိုက်ရိုင်းတာကို ခွဲခြားသိဖို့တော့ လိုတယ်၊ မင်းမိဘ အဆင့်အတန်းနဲ့ မင်းရုပ်ရည်လေးက အပေါ်ယံကြည့်ရင် ဒီလိုစရိုက်မျိုးဖြစ်နေတာ အရမ်းကို အံ့သြဖို့ကောင်းတယ်"

ဒေါ်မမခိုင် က ပြောစရာရှိတာကိုတော့ ပြီးအောင်ပြောသွားသည်။ ဒါကို တစိမ်းစကားချည်းပဲမဖြစ်ရအောင် ဦးလွင်မိုး ကလည်း တစ်ဆက်တည်း တစ်လေသံတည်း လိုက်ဆူ၏။



www.burmeseclassic.com

www.burmeseclassic.com



"မလိမ္မာရင်နေပေါ့ကွာ၊ မင်းကို မလိမ္မာဖို့ ဖေဖေ ဘယ်နှစ်ခါ ညည်း ညူခဲ့ဖူးသလဲ၊ ကိုယ်ဖြစ်စေချင်တိုင်း ဖြစ်ကြတာမဟုတ်ဘူးဆိုတဲ့ တရား ဖေဖေ ဖြေနိုင်တယ်၊ ခုကျတော့ မင်းက မိုက်ရိုင်းနေတာ"

"ကျွန်တော် မဟုတ်ဘူးလို့ ပြောပြီးပြီပဲ ဖေဖေ"

ဒီထက်ပိုပြီးတော့လည်း ရှင်းမပြချင်တော့ပေ။ တကယ်ဖြစ်တာ ချစ်ခြင်း ကို ဟိုကောင် လွှန်ဂ ဒေအာင် စ,နောက်ထိပါးနေ၍ဖြစ်လျ နာမည်ကြီးတော့ အိမ်မှာ အလှူလာခံသည့်အမျိုးသမီးတွေကို စစ်ခြ ဆိုတဲ့ကောင်က ကိုယ်ထိလက်ရောက် မိုက်ရိုင်းစော်ကားလိုက်သည့်တဲ့

စခန်းမှူးက တစ်ဖက်ကတိုင်တန်းစာကို အရှည်ကြီးဖတ်ပြသည် ပြီးတော့ ဖေဖေတို့က အစ သူ ဘာပြောပြော လက်မခံဘဲ ထိုစာရွက်ကြ ပဲ အမှန်ဟုလက်ခံ၏။

ပိုဆိုးတာက ဒေါ်မမခိုင် ပါလာသဖြင့် သူ့သမီးကို ကာကွယ်မိလို့ဖြ ရသည့်အကြောင်းကို ထုတ်ပြောပြီး မရမက ဖြေရှင်းဖို့စိတ်ကူးဝေ ပျောက်ခဲ့ခြင်းပင် ...။

ပြောလိုက်လျှင် 'ဟုတ်လား .. ငါ့သမီးကို ကာကွယ်ပေးခဲ့တာလာ လို့ ကျေးဇူးတင်ဝမ်းမြောက်သွားဖို့ထက် 'ငါ့သမီးကို ဆွဲမထည့်ပါနဲ့၊ တို စာထဲမှာ ဒါတွေမပါဘူး'လို့ ဆတ်ဆတ်ထိမခံ ထဖြစ်ဖို့က များနေ၏။

ထို့ကြောင့် အဖြစ်မှန်ကို သိသိကြီးနှင့် နှိပ်ကွပ်ခံနေရတာ သူ့မှ အသည်းတယားယား၊ အံကြိတ်နေရတဲ့အဖြစ် ...၊

ငယ်တဲ့ဘဝတုန်းကတော့ ဒီအမျိုးသမီးကြီး အပြောဆိုးပေမယ့် တကယ်ဖြစ်လာရင်တော့ ဥပေက္ခာနဲ့မနေနိုင်ရှာဘူးလို့ ကြံဖန်ကျေနပ်ခဲ့ သေးသည်။

ခုတော့ ဒါတွေဟာ သူမဘက်မှာ ပြောစရာ၊ ပြစရာအကွက်တွေ ထောက်ဖို့စုဆောင်းနေတာလို့ပဲ မြင်လာခဲ့၏။ မျက်လုံးချင်းဆုံသွားစဉ်မှာ





ဒေါ်မမခိုင် က သောက်မလို့ကိုင်လာသည့်ရေဘူးကို ခြံရဲ့ရှေ့မှာ ဒိုင်းခနဲ ဆောင့်ချလိုက်ကာ ...

"လူကြီးမှန်းမသိ၊ လူငယ်မှန်းမသိ၊ မင်းက ဘယ်လိုမျက်လုံးနဲ့ ငါ့ကို ကြည့်တာလဲ"

"အန်တီခိုင် ကြည့်တဲ့အတိုင်း ကြည့်တာလေ၊ မေတ္တာမပါကြတဲ့ သူချင်း ..."

"မင်း ..."

"သား .. မင်း ဒီလိုမရိုင်းနဲ့လေ၊ ပြောလေ ကဲလေ ..."

"ဖေဖေ့မိန်းမကိုလဲ နားလည်အောင်ပြောထားပေါ့၊ မလိုအပ်တာ တွေ မမေးဖို့ ..."

"တောက် ..."

ဒေါ်မမခိုင် တက်ခေါက်သံကြီးက ဒေါသနှင့် ရင်ဘတ်မချိမဆံ့ဖိသိပ် ထားရသည့် အချိုးအဆများနဲ့ဖြစ်သည်။ ထို့ပြင် ဒေါသမျက်ဝန်းတွေက ခြံရဲ ထံမှ ဖျတ်ခနဲရွှေ့လျားကာ ဦးလွင်မိုး ထံ ရောက်၏။

ဒီလိုလူလည်း မကျေနပ်ချင်၊ ဒီလောက်အပြစ်ကြီးနေတဲ့သားကို ဆုံးမတာ သူ့မှာ ဂန္ထဝင်ဆန်ဆန်မေတ္တာများနှင့်အတိပြီးသော ကရုဏာ မျက်လုံးကြီးတွေနဲ့ ပါးစပ်မှာ 'သား'ဆိုတာက မချ။

သူက ယောကျ်ားဖြစ်ပြီး နုနုရွရွ ကဗျာဆန်နေသည်။ ဒေါ်မမခိုင် တို့ကတော့ နှုတ်ကြမ်းလျှာကြမ်းနဲ့ပေါ့။ သမီးလေးကို တစ်ဦးတည်းသော သမီးမို့ တုန်နေအောင်ချစ်သည်။

ဒါပေမယ့် ချစ်တာက ချစ်တာပဲဖြစ်ကာ စိတ်ထဲမှာ သာယာနေလျှင် သာယာသည့်အသံမျိုး ထွက်နိုင်ပေမယ့် ဒေါသမောဟတွေဖြစ်လာပြီဆို 'ညည်း' တစ်လုံး 'ငါ'တစ်လုံးနဲ့ပြောရမှ ...၊

'သမီးရယ်'ဘာညာ၊ 'မေမေက ဘယ်လိုဖြစ်စေချင်တာ' အသည်း



www.burmeseclassic.com

www.burmeseclassic.com



ကဗျာပာန် စာသံတွေနဲ့ ပြောနေလို့ ဖြစ်လာတဲ့ဒေါသက ပြေနိုင်မလား
ဟွန်း ...၊

နောက်ဆုံး ဦးလွင်မိုးမှာလည်း မိန်းမကို တားမရ၊ သားဖြစ်သူ
ဘယ်သူမှ လူမထင်နှင့် ဒေါ်မမခိုင် အခန်းထဲဝင် တံခါးပိတ်နေလျ
ခြံရဲ က နံရံကိုလက်သီးနဲ့ထိုးပစ်သည်။

သူ့အဖြစ်ကတော့ လူတော်သူတော မိတ်ဆွေအသိုင်းအဝိုင်းထဲမှ
ဦးလွင်မိုးက တခမ်းတနား ...၊

အိမ်မှာဆို ကိုယ့်ကို လေးစားကြောက်ရွံ့မယ့်သူ ခွေးတောင်မှ
မထားခဲ့မိရာ ...

ဘယ်လိုဆုတောင်းတွေမှားခဲ့လို့လဲ .....။





## အခန်း (၁၀)

"ဒေါက် ... ဒေါက်"

လက်တဒင်္ဂဏ်ရာကို ဘာမှမလုပ်တတ်ဘဲ ထောင်ကြည့်လိုက်၊ ချ
ကြည့်လိုက်လုပ်နေတုန်း တံခါးခေါက်သံကြောင့် မျက်နှာက တံခါးဆီ
ရောက်သွားမိ၏။

"ဒေါက် ... ဒေါက်"

"ဘယ်သူလဲ၊ ဘာလုပ်မလို့လဲ"

ဒီလိုဝုန်းဒိုင်းကြဲဖြစ်လာတာသိရက်နဲ့ ဒေါ်တိုးကတော့ သူ့ဆီကို ဘာ
အကြောင်းနဲ့မှ ချက်ချင်းရောက်လာမှာမဟုတ်။

ဖေဖေပဲလို့ စိတ်ကတွက်လိုက်မိတာနှင့် မျက်နှာကတင်းပြီးသားဖြစ်
သွားသည်။ ဖေဖေဟာ သူ့မိန်းမကိုဆို ဘေးလွတ်ရာမှာ အမြဲထားတတ်
ပြီး ဘာတွေဖြစ်ဖြစ် ကိုယ့်ဘက်ကိုပဲ လှည့်လည်လာတတ်၏။

ခုလည်း ဒေါ်မမခိုင်နဲ့ သူ့ကြားမှာ စိတ်ပျက်စရာခေါင်းငိုက်စိုက်နဲ့ ကျန်
ခဲ့ပြီးမှ ချက်ချင်း ထလိုက်လာတာ သူ့လူကိုယ့်ဘက်သားလုပ်ပြီး ချော့
သပ်ချော့ချင်တာလား ...၊



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် မင်း ဒီလောက်တောင်ရိုင်းရသလားလို့ ထပ်ဆူဦးမလို့လား ...၊ သူ့ဘာသာတွေးနေရင်း ဘာသံမှ တုံ့ပြန်မလာတော့ နေရာမှ ထသွားပြီး တံခါးဖွင့်လိုက်၏။

"ကိုကြီး"

"ဘာလာလုပ်တာလဲ"

ချစ်ခြင်းသည် လက်ထဲမှာ အရက်ပုံ့ပုလင်းနှင့်ဂွမ်းတွေ ပတ်တီးတွေ ဆေးပုလင်း အစ အစုံစုပြုံပိုက်ထားကာ ဟိုကြည့်ဒီကြည့် မျာယိမျာယာ မျက်နှာလေးနှင့် ...

"ကိုကြီး နံရံကိုထိုးလိုက်တာ လက်တွေ ပေါက်ပြဲသွားတယ်မဟုတ်လား။ ဆေး .. ဆေးထည့်လိုက်လေ"

"မလိုပါဘူး။ သေလောက်တဲ့ဒဏ်ရာမဟုတ်ဘူး"

"ကိုကြီးကလဲ ဟိုမှာ သွေးတွေအများကြီးထွက်နေတာကို .. ရော့ပါ၊ ချစ်ခြင်း လုပ်ပေးရမလားဟင်...၊ နောက်ဖေးခြံထဲ ခဏထွက်ခဲ့လေ"

"မလိုဘူးလို့ ပြောနေတယ်မဟုတ်လား"

ခပ်တင်းတင်းပြောကာ ခြံရံ က သွေးစိမ်းရှင်ရှင်ရှိနေသေးသည့်လက်ကို ထောင်၍ မဲ့ရွဲ့အံကြိတ်လျက် ...

"မင်းလဲ ပြုစုဖို့မလိုဘူး။ ငါကလဲ ကျေးဇူးဘင်မှာမဟုတ်ဘူး"

"မေမေတို့က မသိလို့ပါ ကိုကြီးကလဲ ...၊ တကယ့်အဖြစ်ကို ကိုကြီးကမှ ပြောမပြတာ"

"ပြောပြလဲ ကျုပ်ရဲ့ဂေါတမီ၊ ခင်ဗျားအမေက ကျွတ်တမ်းဝင်မယ့် လမ်း ရှိလို့လား"

နောက်ကရန်ကတစ်မျိုး၊ ခြံရံ့ ကိုလည်း ပြောမရဖြစ်ကာ ချစ်ခြင်း မျက်နှာလေး မဲ့တဲ့တဲ့လေးဖြစ်လာသည်။ လက်ခုံနဲ့လက်ဆစ်တွေမှာ ပေါက်ပြဲရာများနှင့် သွေးတွေဖြစ်နေတာကို ငုံ့ကြည့်ရင်း ကိုယ့်ဘာသာပဲ





ဆေးထည့်စည်းနှောင်ပေးလိုက်ချင်စိတ်တွေဖြစ်ခဲ့မိ၏။

ဒါပေမယ့် ခြံရံ့ ကို ခေါ်ထုတ်လို့လည်းမရ၊ အခန်းထဲဝင်ပြီး လုပ်ကိုင်ပေးဖို့ကလည်း မဖြစ်နိုင်။ ထိုစဉ် 'သွားတော့'လို့ပြောပြီး ခြံရံ က တံခါးပြန်ပိတ်ဖို့ နောက်ဆုတ်လိုက်၏။

"ဒေါ်တိုင်း သမီးရော ..."

"ခုနကပဲ ဒီနားမှာတွေ့လိုက်သေးတယ်"

ဟင် ...၊ ချစ်ခြင်း မျက်လုံးပြူးသွား၏။ ခြံရံလည်း စကားသံတွေကို ကြားလိုက်ကာ ချစ်ခြင်း ပြေးပေါက်မှားပြီကို သိလိုက်၏။

"အထဲဝင်"

တံခါးကို ကိုင်ထားသည့်လက်တစ်ဖက်ဖြုတ်ပေးလိုက်တော့ ချစ်ခြင်း က အခန်းထဲကို ကမန်းကတန်းတိုးဝင်သည်။ သူ တံခါးပြန်ပိတ်လိုက်ပြီး အသက်တစ်အောင့်လောက်ပဲကြာကာ ...

"လူလေး .. လူလေး ခြံရံ"

တံခါးခေါက်ရင်း ခေါ်လိုက်သည့် ဒေါ်တိုးအသံကို ကြားလိုက်ရသည်။ ချစ်ခြင်း နှုတ်ခမ်းသားလေးတွေပွင့်ဟနေလောက်အောင်ထိ လန့်နေရှာသည်။ သူ ငုံ့ကြည့်လိုက်တော့ ခေါင်းလေးတွင်တွင်ခါလျက် တံခါးကို ကျောလေးနဲ့ကပ်ပစ်လိုက်၏။

"ဒေါ်တိုး ဘာလုပ်မလို့လဲ"

"လူလေး ခုနက လက်တွေပေါက်ပြဲသွားတယ်မဟုတ်လား၊ ဆေးနဲ့ ပတ်တီး ဒေါ်လေးယူလာတယ်၊ တံခါး ခဏလေးဖွင့်နော်၊ ဒေါ်တိုး လုပ်ပေးတာမကြိုက်ရင်လဲ လူလေးဘာသာလုပ်ပါ၊ ဒါလေးပဲယူထားလိုက်"

ဒေါ်တိုးက သူတို့သားအဖဆီမှာ အလုပ်လုပ်နေတာ ကြာပါပြီ။ ထို့ကြောင့် သံယောဇဉ်ကြီးနေတာလည်းပါသည်။ သူ့အလုပ် သူလုပ်ပြီး စကားပြောနည်းပေမယ့် ခုလိုနေရာမျိုးမှာဆို ဘယ်သူ့မှမခိုင်းရဲ နောက်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတတ်၏။

ဒါပေမယ့် ခြံရှံ ကလည်း စိတ်ထဲမှာ အဆင်မပြေလျှင် အဖေပြောတာတောင် နာခံချင်တာမဟုတ်။

ချစ်ခြင်း ထိတ်လန့်နေသည့်မျက်နှာလေးကို ငဲ့ကြည့်ကာ အခု သူ ငြင်းလိုက်ရင်လည်း ဘာမှပြဿနာကြီးထွားသွားဖို့မရှိတာကို သိနေသဖြင့် ...

"ကျွန်တော် ရပြီ ဒေါ်တိုး၊ ပြန်ယူသွားတော့"

"ဟင် ... ရပြီ"

"ဟုတ်တယ်"

သူ ချစ်ခြင်းကိုတွန်းဖယ်ကာ တံခါးကို သာသာလေးဟသွားအောင် ဖွင့်လိုက်ပြီးမှ ပြန်ဆောင့်ပိတ်လိုက်သည်။ ဒေါ်တိုး နောက်ထပ်တိုက်တွန်းတော့မှာမဟုတ်ဘူးဆိုတာ သေချာသိပြီးသား။

သို့သော် သူ ချစ်ခြင်း ကို တစ်ခုခုမှမပြောရသေးမီ ..

"ဒေါ်တိုး ဒါတွေဘာလုပ်တာလဲ၊ ကျွန်မက အလုပ်လုပ်နေပြီမှတ်လို့"

"သြော် ... ဟိုလေ .. လူလေးလက်မှာ ဒဏ်ရာတွေများသွားတယ်မှတ်လို့ ဆေးယူလာပေးတာ"

"ဟွန်း ... မယူလိုက်ဘူးမဟုတ်လား"

ဒေါ်မမခိုင်လေသံက အခန်းဆီ မဲ့ရွဲ့ကြည့်နေမှန်းသိသာနေသည်။ ဒေါ်တိုးနဲ့သူမ အခန်းနဲ့ မလှမ်းမကမ်းမှာပဲရှိနေကြတာဖြစ်၏။

"အဲဒါပြောတာ ဒေါ်တိုးရဲ့၊ မကျွတ်ထိုက်သူကို မချွတ်ရဘူး၊ မြတ်စွာဘုရားရှင်တောင်မှ ကျွတ်ထိုက်တဲ့သူကိုပဲ ကျွတ်တမ်းဝင်အောင် တရားပြခဲ့တာ ဒေါ်တိုး မဖတ်ဖူးဘူးထင်တယ်၊ ငရဲကျတဲ့ စိဉ္စမာဏမိန်းမယုတ်ကို ညီတော်အာနန္ဒာက မေးခွန်းကြီးသုံးခုမေးပြီး ငရဲကလွတ်အောင် ကျွတ်တမ်းဝင်ဖို့ တရားပြတာ ငရဲမီးလိုက်ခံရတယ်"





ခြံရှံ မျက်နှာနီရဲလာသဖြင့် ချစ်ခြင်း က တောင်းပန်သလိုလေးမော့ကြည့်ကာ တံခါးနားကနေ အိပ်ရာနားထိ ဆွဲခေါ်သွားသည်။ ဒါပေမယ့် ဒေါ်မမခိုင် အသံကိုတော့ ကြားနေရဆဲပါ။

"အဲဒီဇာတ်တော်ကြီးကို ပြောရရင် အရှည်ကြီးပါပဲ။ ဒေါ်တိုးရော၊ ဟိုမိုးရောပဲ ဒီကောင်ကလေးကိုချစ်ကြတာ နည်းနည်းလမ်းလွဲနေတယ်၊ ခြေမခိုင်တဲ့အရွယ်လေးမှာ မတ်တတ်ရပ်နေရင်း သွားလာရင်း ခဏခဏလဲတာ၊ သူ့ခြေထောက်က သူ့ကိုယ်ကို မထိန်းနိုင်သေးလို့ သဘာဝကျတယ်၊ အခု သူ ခြေမခိုင်တဲ့အရွယ်မှမဟုတ်တော့တာ၊ သူများမတ်မတ်ရပ်နိုင်လို့မှ သူ မရပ်နိုင်ရင် လဲပါစေ၊ နဖူးကွဲလွဲ ဒူးပြဲပြဲ"

"မဟုတ်ပါဘူး မခိုင်ရယ်၊ စောစောက ဒေါသဖြစ်နေကြတုန်းမို့ ဒေါ်တိုး မပြောရဲလို့ပါ၊ တကယ်ပြဿနာဖြစ်တာက သူ့ညီမကြောင့် ..."

"သူ့ညီမဆိုတာ ကျွန်မသမီးကို ပြောတာလား"

"ဟုတ်ပါတယ်၊ အလှူခံတဲ့မိန်းကလေးတွေကို ..."

"အဲဒါတွေ သူ ကျူးလွန်ခဲ့တာ၊ သမီးက ဒါတွေဖြစ်တာ သူကြောင့်ပါလို့ပြောလဲ ကျွန်မက လက်မခံဘူး၊ ဟိုတုန်းကတည်းက သူ ဘာလုပ်ခဲ့လုပ်ခဲ့ သမီးက ဝိုင်းပြီးဖုံးဖိပေးနေကျ။ အခု ဒေါ်တိုး ဒါတွေကို သွားထားလိုက်ပါ"

"ဟုတ်ကဲ့"

"ဘုရားခန်းက စပြီးဆေးချ၊ တရော်ကင်ပွန်းတွေအားလုံး ကျွန်မလုပ်ထားပြီးပြီ၊ အဲဒါပြီးတာနဲ့ ဘုရားခန်းရှေ့စားပွဲပေါ်မှာ ငွေဖလားနဲ့ ခေါင်းဘယက်ထည့်စိမ်ထားတယ်၊ ဝက်အိမ်လုံးနဲ့အောင် ရွှေရည်ငွေရည်လောင်း၊ အမွှေးနံ့သာပါပြီးသားနော်၊ ထပ်မထည့်နဲ့နော်"

"ဟုတ်ကဲ့ပါ"

'တောက်' သူ ဖျတ်ခနဲခြေလှမ်းရှေ့လိုက်တာနှင့် ကြိုသိထားပြီး



www.burmeseclassic.com

www.burmeseclassic.com



သလိုမျိုး ချစ်ခြင်း က သူ့လက်မောင်းကို တအားဆွဲထားလိုက်၏။

ဒီမိန်းမကြီးမျိုးက သည်းခံနေလို့ကောင်းတဲ့လူမျိုးလား ...၊ သူ ရန်ဖြစ်လို့ ရုံးရောက် ဂတ်ရောက်ဖြစ်ရတိုင်း အိမ်ရောက်တာနဲ့ တရော်ကင်ပွန်းနဲ့ဆေး၊ ရွှေရည်ငွေရည်လောင်း ...၊

တစ်အိမ်လုံးကို လက်လက်ထသွားအောင် ပြန်တိုက်စေသည်။ မသိလျှင် ဒီအိမ်မှာ အလှူကြီးအတန်းကြီး တစ်ခုခုလုပ်မှာမို့ ဆေးကြောသန့်ရှင်းနေတဲ့အတိုင်း ...၊

ဒါကို ဖေဖေက သူ့ဘက်က မျက်နှာပူနေပုံနှင့် တားဆီးဖူးသည်။ သူမက တစ်စက်မှမလျော့နိုင်သည့်မာနနှင့် ...

"အဲဒီလိုမျိုးဖြစ်တတ်ရင် ဒီလိုပဲလုပ်တတ်တာကို နိုင် က မြင်နေကျကို၊ ဖေဖေဆိုရင် အလုပ်ရုံထဲမှာ အလုပ်သမားတွေကြောင့် အမှုအခင်း စကားပြောရပြီဆို ပြန်လာတာနဲ့ ခေါင်းလျှော်ပစ်တာ၊ နိုင် တို့မျိုးရိုးထဲမှာ ဒီလိုဆိုးသွမ်းခဲ့တဲ့လူ မပါပေမယ့် ခွေးမျိုးထဲက တစ်ယောက်ယောက် အဲဒီလိုဖြစ်ပြီး ရောက်လာပြီဆိုလဲ သူပြန်တာနဲ့ ဒီလိုပဲ ဆေးကြောချပစ်တာ၊ နိုင် ကတော့ တစ်သက်လုံး ဒါမှမဟုတ် ဒီလိုပဲ ခဏခဏ ပင်ပန်းနေဦးမှာပါ၊ ကျေးဇူးရှင်က နာခံရှာတာကို"

ဆိုတဲ့ စကားတွေကို အားမနာတမ်းပြော၏။ ခုလည်း အခန်းရှေ့ကို လာပြီး တမင်တကာ ကြားအောင်ပြောနေတာမှန်း သိသာလွန်းသည်။

"ကိုကြီးရယ် ချစ်ခြင်း တောင်းပန်ပါတယ်နော်၊ မေမေ့အစား ချစ်ခြင်း ဘယ်လိုပဲ တောင်းပန်ရ တောင်းပန်ရပါ"

အသံတွေတိတ်သွားသည်နှင့် ချစ်ခြင်း က လက်တစ်ဖက်တည်းမှာ ပစ္စည်းတွေကိုပိုက်ထားပြီး တောင်းပန်သည်။ ခြံရှ် က ချစ်ခြင်း ကိုင်ထားသမျှကို ပုတ်ချပစ်လိုက်ကာ ...

"သွား .. သွား .. မင်း မြန်မြန်ထွက်သွား၊ မပဟုတ်ရင် မင်းကို ငါ





တစ်ခုခုလုပ်မိတော့မယ်"

ချစ်ခြင်းသည် မျက်တောင်ရှည်တွေ ကော့ပျံကပ်နေသည်အထိ သူ့ကို မော့ကြည့်ရင်း တောင့်မတ်စွာရပ်နေ၏။ ဒေါသသည် ထိုမျက်ဝန်းတွေကို သနားရမှန်းမသိဘဲ မအေလိုပဲ သမီးက ပေကပ်ကပ် ဂရုမစိုက်တတ်ဖါလားဟု မြင်၏။

"မင်းက ..."

"အ ..."

ချစ်ခြင်း လက်မောင်းလေးနှစ်ဖက်ကို သူ ဆောင့်ဆွဲလိုက်တော့ ခြေဖော့လိုက်သလို သူမကိုယ်လေး စိုက်ခနဲပါလာ၏။ ထို့ပြင် မျက်နှာလေးက မဲခနဲဖြစ်သွားလျက် ...

"ကိုကြီး .. ချစ်ခြင်း ..."

"ဘာလဲ ...၊ မင်းက မအေတူသမီးလား၊ မင်းအမေက ငါ မိုက်ရိုင်းမှန်း တော်တော်သိတဲ့လူဆိုတော့ မင်းလဲသိရမှာပေါ့"

"ဟင်အင်း"

သူ ချစ်ခြင်းမျက်နှာလေးကို ငုံ့နမ်း၏။ ချစ်ခြင်း က ရှောင်ပစ်လိုက်သဖြင့် ခြေတစ်လှမ်းအဆုတ်မှာ ညွှတ်ခနဲကျသွားသည်။

ထိုအခါ ခြံရှ် က တင်းခနဲဖက်ထားလျက် ...

'ဟင့်အင်း .. ကိုကြီး၊ အဲလိုမလုပ်ပါနဲ့' လွတ်ကင်းအောင်တိမ်းရှောင်ငြင်းဆန်နေမိတာက စိတ်ကူးထဲမှာပဲဖြစ်ကာ တကယ်တမ်းကျတော့ ဒေါသနှင့်ကြွဆင်းနေသည့်ကြမ်းရှသောအနမ်းများကြောင့် သူမ အသိတရားတွေ ကိုယ်မှာကပ်ငြိနေရဲ့လား ...၊ ကင်းကွာသွားပြီလား ...။

တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေခြင်းသည် ခြံရှ့်လက်တွေ ပြေလျော့သွားသည်နှင့် နောက်နံရံမှာ ဒယိမ်းဒယိုင်မှီကျသွားခဲ့ပြီး ...

"အဟင့် ..."



www.burmeseclassic.com

www.burmeseclassic.com



နုတ်ခမ်းသားလေးတွေမှာ လက်ဖဝါးနှင့် ရှက်ရွံ့စွာဖိကပ်ထားလိုက်ကာ ခပ်ငုံ့ငုံ့မျက်နှာလွှဲပစ်သည့် ကိုကြီး၏နှာတံချွန်ချွန်ကို အတိတ်မေ့သွားသူလို ငေးနေမိ၏။

ပြီးတော့ ...

တံခါး ခပ်ဟဟကျန်ရစ်ကာမှ ခြံရဲ့ ဒီဘက်ကို မျက်နှာ ခပ်စောင်းစောင်းပြန်လှည့်သည်။ သူ မှားသွားပြီကိုသိလိုက်သော်လည်း ဒေါ်မမခိုင် မျက်နှာကိုမြင်၍ အသံတွေကို ကြားယောင်ကာ မာနက ချက်ချင်း ခေါင်းခါသည်။

မဆိုင်ဘူးဆိုတာ မဟုတ်ဘူး ဆိုင်တယ်၊ ဖေဖေ သိပ်ချစ်တဲ့မိန်းမမို့လို့ သူတောင် မကြည့်ချင်ဘဲကြည့်၊ မကြားချင်လည်း နားထောင်နေရသည်။

သူ့အမေအတွက် သူ ပြန်ပေးရမှာပေါ့။ ကိုယ့်ဘာသာ လက်ပမ်းပေါက်ခတ်အားပြုနေပေမယ့် ခြေထောက်တွေက နေရာမှာပဲ မရွေ့မလျားရှိနေဆဲ...။

ထိုပြင် သေချာတာတစ်ခုက ရင်ဘတ်တစ်ပြင်လုံး ကတုန်ကယင်ပူလောင်နေခြင်းများသည် ကျေနပ်ဝမ်းမြောက်နေတာမဟုတ်မှန်းတော့သိသာ၏။ ဆံပင်တွေထဲကို ဒဏ်ရာမရှိသည့်လက်နှင့် ဖွပစ်ရင်း ချစ်ခြင်းလက်ထဲက ပြုတ်ကျကျန်ရစ်သောပစ္စည်းတွေ ပြန့်ကျဲနေတဲ့ဆီ အမိပ္ပာယ်မဲ့ ငုံ့မိုးကြည့်နေမိစဉ် ...

"ဟင် ..."

ခြံရဲ့ မျက်မှောင်ကြုတ်သွားကာ ကတ်ကြေးလေးနှင့် နီးကပ်စွာရှိနေသော ကြမ်းပြင်ထက်က နီစွေးစွေးအစက်အပေါက်လေးနှစ်ခုကို သူ့လက်နဲ့တို့ကြည့်လိုက်၏။

ထောင်ကြည့်လိုက်တော့ လက်မှာပါလာတာ သွေးတွေ ...၊

ကတ်ကြေးနဲ့သွေးကို တစ်လှည့်စီကြည့်ရင်း သူဆွဲကိုင်သည့်အချိန်





မှာ ချစ်ခြင်း မျက်နှာမဲ့မဲ့လေးနှင့်ညွတ်ကျပါလာတာကို သတိရလိုက်သည်။

ဒါတွေကို သူပဲ ပုတ်ချပစ်ခဲ့တာဖြစ်သည်။ ပစ္စည်းတွေပြုတ်ကျကုန်တော့ ကတ်ကြေးက သူမခြေဖမိုးတစ်ဖက်ပေါ်ကို အချွန်နဲ့စိုက်ကျသွားခြင်းသာဖြစ်မည်။

ဝိုင်းစက်ပြူးကျယ်နေသော ချစ်ခြင်း မျက်ဝန်းလေးတွေကိုသတိရတာ ခြေဖျားထောက်ထိုင်နေရာမှ ဆတ်ခနဲ ထရပ်လိုက်မိ၏။

တံခါးဆွဲဖွင့်ပြီး အပြင်ကို ကိုယ်တစ်ခြမ်းထွက်လိုက်မိသေးသည်။

ဒါပေမယ့် နေရာမှာပဲ မြဲနေခဲ့ပြန်သည်။ ရင်ထဲမှာတော့ ကိုယ့်ကိုယ်ကို အပြစ်တင်မဆုံးနိုင်။

ကိုယ့်ရင်ခွင်ထဲကျွလူ သွေးထွက်သံယိုဖြစ်နေတာကိုတောင် မသိလိုက်တဲ့အဖြစ်။

သူ့အပြစ် တော်တော်ကြီးသွားပြီလား ....။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"ခွေးလိုမိုက်ရိုင်းတဲ့ကောင်၊ ငါ့ယောက်ျားမျက်နှာသာရှိမနေဘူး ဆိုရင် မိမဆုံးမ ဖမဆုံးမသားလို့ ပေတစ်ရာထွက်အောင်ပစ်တယ် သိလား။ ငါ့ကို မကျေနပ်တိုင်း ငါ့သမီးလေးကို နင် ဒီလိုရမ်းကားစရာလား ...၊ ငါ့သမီးလေးက မြကလပ်နဲ့ရွှေလျောင်ချိုင့်နဲ့ သီးသီးသန့်သန့် ဖူးဖူးစင်စင်မွေးထားတဲ့သမီး၊ ဒီနေ့ထိ အုပ်ထိန်းသူ ခြေရုံသင်းပင်းမပါဘဲ လမ်းမပေါ် ခြေတစ်လှမ်းကျူးခဲ့ဖူးတာမဟုတ်ဘူး"

ဒေါ်သမျက်နှာတစ်ပြင်လုံးက နီရဲနေသည်။ အမြဲတမ်း တသသပြင်ဆင်ထားသဖြင့် လှနေတတ်သည့် ပခုံးလောက်ဆံပင်ကောက်ကောက်တွေလည်း ဖွာလန်ကျဲကာ ဒေါ်မမခိုင် ဘီလူးသရဲစီးသလိုဖြစ်နေ၏။

"နတော့ ကျားကိုက်သေမှာစိုးလို့ အိမ်ထဲကအပြင်ကိုမထွက်နိုင်းဘဲထားမှ အိမ်ထဲမှာ ကျားရိုးစူးပြီးသေရတာမျိုး၊ ငါ့သမီးတစ်တော့ ကျားမဟုတ်ဘူး၊ ခွေးကိုက်ခံရတာ ခွေးမှခွေးကောင်းတောင်မဟုတ်ဘူး၊ ခွေးရူး"

"ခင်ဗျားကြီး တော်စမ်း"





"ဘာဖြစ်လို့တော်ရမှာလဲ၊ နင့်ကို လုံးဝမကျေနပ်ဘူး။ ကို .. ကိုသားကို တစ်ခုခုလုပ်နော်၊ ခိုင် ကျေနပ်အောင် ကို တစ်ခုခုမလုပ်ရင် ကိုနဲ့ခိုင် ဘယ်လိုမှ ရှေ့ဆက်ဖို့မရှိတော့ဘူး"

"ကောင်းတာပေါ့၊ အဲဒီလိုဖြစ်နိုင်မှန်းသိရင် ဒါမျိုး အစောကြီးတည်းက လုပ်မိမှာ"

"ဟိတ်ကောင် ..."

ဘယ်တုန်းကမှ တင်းတင်းမာမာ မဆက်ဆံခဲ့ဖူးသည့် ဖေဖေ့စကားသံက နားထဲကို ဆောင့်ဝင်၏။ လှည့်ကြည့်လိုက်တော့ နီရဲနေသည့် ဖေဖေ့မျက်နှာသည် သူဘယ်လိုမှမထင်မှတ်ဘဲ အနားတိုးလာခဲ့ပြီး ...

"မိုက်ရိုင်းတဲ့ကောင် ... မင်း ငါ့သားဟုတ်ဘူး"

"ခွပ်"

မျက်လုံးထဲမှာ မီးပွင့်သွား၏။

"အား ..."

သူ တစ်ခုခုပေါ်က ပြုတ်ကျသွားသလိုဖြစ်လျက် မျက်လုံးဖွင့်လိုက်တော့ စပ်ဖျင်းဖျင်းအမြင်အာရုံမှာ အရိပ်တွေရှုပ်ယှက်ခတ်လျက် ...၊ ပြီးတော့ ဝုန်းဒိုင်းကြဲဆူညံနေတာတွေ ...၊

"ခြံရဲ ... ခြံရဲ ... ဟိတ်ကောင် ..."

"ဟင် ..."

"ထ .. ထဦး၊ ဟိုကောင်တွေ အကြီးအကျယ်ဆော်ကုန်ကြပြီ"

"ဟင် ... ဘာဖြစ်တာလဲ"

သူ့ကို နေဝန်းက ဆွဲထူ၏။ မျက်လုံးတွေ ကောင်းကောင်းဖွင့်နိုင်သာမှ မြင်ကွင်းက ကြည်လင်လာ၏။ ဒါ ဗီဒီယိုဇာတ်လမ်းတစ်ခုအတွက် ရိုက်ထိတ်ဆီးနှံဝင်နေတာတော့ မဖြစ်နိုင်။

သေချာကြည့်လိုက်တော့ သံဒေါက်နှင့်စားပွဲကလည်း ပြိုလျက်သူ



www.burmeseclassic.com

'www.burmeseclassic.com



လည်း ထိုဘေးမှ လူးလဲထလိုက်ရခြင်းဖြစ်သည်။

"မင်း စားပွဲပေါ် မှာမှောက်နေတော့ တိုင်း နဲ့သူ့ ယောက်ဖလောင်းတွေ ရန်ထဖြစ်ကြတာ"

"ဒီကောင်တွေ နောက်မှဝင်လာတာလား"

"ဟုတ်တယ်၊ မင်းမှောက်နေမှပါဆို ...၊ အဲဒါ ဟိုကောင်က တိုင်းကို စိန်ခေါ်ပြီး စားပွဲကို ခြေထောက်နဲ့ကန်ပစ်လိုက်တာ မင်း ပါသွားတာပေါ့"

ဩော် ... ကိုယ့်အဖြစ်ကို နားလည်သွားတော့မှ ပစ်စလက်ခတ်ပြုတ်ကျသွားသည့် ကိုယ့်ခေါင်းကိုပြန်စစ်ကြည့်ရသည်။ ဘယ်လိုပုံပြုတ်ကျပြီး မီးပွင့်သွားသည်မသိ၊ ခေါင်းတော့မကွဲသေးပါ။

တစ်ဆိုင်လုံးမှာ လဲကွဲပြိုပျက်ခြင်းတွေဗွထလျက် ဟိုဘက်က သုံးယောက်၊ ဒီဘက်က နှစ်ယောက်တည်း။ ဒါပေမယ့် တိုင်းနဲ့သူရအောင်မြင့်မြင့်မားမားကြီးတွေမို့ ဘယ်ဘက်ကမှမသာသေးဘဲရှိနေ၏။

"ဟိတ်ကောင်တွေ ရပ်ကြစမ်း၊ ရပ်ကြ .. ဟေ့ ..."

စားသောက်ဆိုင်က လုံခြုံရေးတွေဝိုင်းနေပေမယ့် ရတ်တရက်ဝင်လို့မရဘဲ ဘေးကနေပဲအော်ဟစ်တားဆီးနေကြ၏။

ဟိုဘက်ကသုံးယောက်ကိုကြည့်လိုက်တော့ ကတုံးဆံပင်ထောင်ထောင်နှင့် ဂင်တိုတိုလူရွယ်က မျက်နှာကလည်း မိုက်တိမိုက်ကန်း။ ပညာလည်းတော်ပုံရ၏။ လူတွေဝိုင်းလာတာကို မြန်ခဲ့ကာ တိုင်း က နောက်ဆုတ်ဖို့ကြိုးစားလိုက်စဉ် လျှပ်တစ်ပြက်ပတ်ကန်ပစ်လိုက်သဖြင့် ခြေကန်ချက်ထိကာ တိုင်း ကျောကော့သွား၏။

နောက်ထပ် ဒူးတစ်ချက်တိုက်ပေးလိုက်တော့ တိုင်း ခွေကျသွားသည်။

"မဆိုးဘူးဘဲ"





"ခြံရံ မလုပ်နဲ့"

နေဝန်း လှမ်းဆွဲတာ မမီလိုက်ဘဲဖြစ်သွား၏။ ခြံရံ က တိုင်းတို့၏ရန်ပွဲကို ဘေးကနေလှမ်းကြည့်နေသည်ဖြစ်ရာ တိုင်း လဲကျသွားသည်နှင့် ဘေးစားပွဲပေါ် မှာတင်ထားသည့် သူ့လက်တစ်ဖက် ရိုပ်ခနဲမြောက်တက်သွား၏။

"ခွပ်"

"အား"

"ဟာ ..."

လွင့်ပျံထွက်သွားသည့် စီးကရက်ပြာခွက်က ကတုံးဆံပင်နှင့်လူရွယ်၏ မျက်နုံးရိုးကို ကျကျနနရိုက်ဆက်ပြီးမှ ကြမ်းပေါ် ကို ဒေါက်ခနဲပြန်ဆင်း၏။

လက်တွေ တံတောင်တွေနှင့် ထင်သလိုကြဲနေကြသည့် ရန်ပွဲက သွေးစိမ်းရှင်ရှင် မြင်မကောင်းအောင်လွှမ်းခြုံသွားတော့မှ သူ့အလိုလို ရပ်လေသည်။

နေဝန်း မျက်လုံးပြူးနေဆဲမှာ အားလုံး၏ မျက်လုံးတွေလည်း ခြံရံဆီသို့စုပြုံရောက်လာကြ၏။

ကိုယ်တော်က ခပ်တည်တည်၊ ပုပ်သိုးသိုးမျက်နှာနှင့် သူ ဘာမှမလုပ်ခဲ့သလိုလို ...၊

ကိုယ့်အတွက် ဒေါသလက်ရောက်ဖြစ်သွားမှန်းသိပေမယ့် တိုင်း စိတ်ကောင်းဖြစ်သွားမိသည်။

ဒီဆိုင်ထဲမှာ သူတို့ စုဝိုင်းထိုင်ကြပြီး ပြောဖြစ်တာက ခြံရံ သင်္ကြန်အကျနေ့မှာ ပြဿနာတက်ခဲ့ရတဲ့အကြောင်း ...၊

ထိုပြဿနာ ဒီနေ့ထိ မငြိမ်းချမ်းသေးပါဟုပြော၍ အရက်တွေမျိုချရင်း စားပွဲပေါ် မှာ မှောက်သွားခဲ့တာလည်း ခြံရံ ပါဖြစ်သည်။ ခု ဆိုင်ထဲမှာ ရန်တိုင်းမွှေသလို တစ်ဆိုင်လုံး ပျက်စီးကွဲကြေကုန်ကြတာကို ရင်ဘတ်သည်



www.burmeseclassic.com

www.burmeseclassic.com



တဲ့လူကကြည့်၊ ရယ်တဲ့သူကရယ်နဲ့ ရှိနေတုန်း ...၊

လက်တစ်မြှောက်တည်းလှုပ်ရှားလိုက်ရုံနဲ့ ပွဲသိမ်းပေးလိုက်ပြန်ပြီ ခြိုရုံ ...၊

ဒဏ်ရာကို လက်နှင့်ဖိအုပ်၍ ဒယိမ်းဒယိုင်ရပ်တည်ဖို့ကြိုးစားရင်း အလံမလှဲလိုသော်လည်း ကတုံး ဘုန်းခနဲလဲကျသွားလေသည်။

သူ့နဖူးမှ စီးမြဲစီးနေခဲ့သောသွေးတွေက ခြိုရုံကို လက်ယပ်ခေါ်သလိုပင် ...။

လာ ဟိတ်ကောင် .. မင်းကြောင့် .. အဲဒါ .....





အခန်း (၁၂)

"မင်း ..."

ဦးလွင်မိုး သားဖြစ်သူ၏ပခုံးနှစ်ဖက်ကို မချင့်မရဲဖျစ်ညှစ်ဆုပ်ရင်း အံကြိတ်သည်။ ပြီးတော့ ...

"မင်းကွာ ..."

ခပ်ကြိတ်ကြိတ်တက်ခေါက်သံထွက်ကာ ပခုံးကိုဆောင့်လွှတ်လိုက်ပြီး တစ်ဖက်လှည့်သွား၏။ ဦးလွင်မိုးသည် ကဗျာဆရာလည်းမဟုတ်၊ ဒန်းရှိဆိုလို့ တီကောင်နဲ့တူလောက်အောင် မျဉ်းကောက်တစ်ကြောင်း ခြစ်အောင် မဆွဲတတ်ပေ။

ဒါပေမယ့် သူ့ခံစားချက် စိတ်ကူးအားလုံးမှာ တစ်ခုမှ ရုန့်ရင်းကြမ်းတမ်းတာမပါ။ အပြုအမူ စိတ်ဓာတ် ဘာမဆို ခက်ထန်မာကျောခဲ့တာမရှိ။

သားဖြစ်သူကို စိတ်ဆိုးခဲ့ပေါင်းများစွာထဲမှာလည်း တက်ခေါက်ကြိမ်းမောင်းခဲ့ဖူးတာ မရှိသလောက်ပါ။ ထို့ထက်သေချာတာက မင်းနဲ့ငါ ပြောတဲ့အထိတောင် ကြမ်းတမ်းခဲ့တာ မရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ကိုက အေးချမ်းစွာနေလိုတာဖြစ်ကာ သူတစ်ပါးကိုလည်း စိတ်သောကဖြစ်အောင်မလုပ်ချင်။ သူ ဤသို့ရှိခဲ့ပါလျက် သားဖြစ်သူ၏ စရိုက်က တစ်မျိုးတစ်ဘာသာဖြစ်နေခြင်းကို နားမလည်နိုင်အောင်ဖြစ်ခဲ့ မိသည်။ သူ့အမေကိုယ်တိုင်လည်း ဒီလို စိတ်ဆတ်လက်မြန်တတ်တဲ့ အကျင့် မရှိ။

ဒါဆို 'စစ်ခြံရုံ' ဆိုတဲ့နာမည်နဲ့ ဥပ္ပန်းတပ်ခဲ့တာ မှားလေသလား...

"လုံးဝကို နားမလည်နိုင်တော့ဘူး သား၊ မင်းကို ဖေဖေ ဘယ်လိုမက် သတ်တွေနဲ့ ဆုံးမရမလဲ"

ထိုစဉ် အပေါ်ထပ်ကဆင်းလာသည့် ဒေါ်မမခိုင်၏အရိပ်ကို မျက်ဝန်း ထောင့်မှာမြင်လိုက်ရကာ အရက်မူးပြီး အိပ်ပျော်သွားစဉ်က အိပ်မက်ကို သတိရလိုက်မိ၏။

ဒါပေမယ့် ဒေါ်မမခိုင်က အိပ်မက်ထဲကလိုမဟုတ်ဘဲ လှေကားပေါ် ကဆင်းလာပြီး ဘေးတံခါးကနေ ခြံထဲဘက်ကိုဆင်းထွက်သွား၏။ သူ ပြဿနာတက်လာတိုင်း မပါမပြီးရှိခဲ့သူမို့ နည်းနည်းတော့ ထူးဆန်းနေ ကာ ခြံရုံ က ခပ်စောင်းစောင်းငဲ့ကြည့်သည်။

"ခြံရုံ"

ဖေဖေက ခေါ်တော့ ဒီဘက် ပြန်လှည့်ရ၏။

"မင်းကို ဖေဖေ မေးချင်နေပြီ ပြောပါဦး .. ခိုင့်ကို မင်း ရွဲ့ပြနေတာလား"

"ကျွန်တော် အဲဒီလိုကောင် မဟုတ်ဘူး"

"ရန်ဖြစ်လာတိုင်း ခိုင် ကဲ့ရဲ့ပြောဆိုနေတာကို တမင်ရွဲ့နေတာဆိုရင် မင်း မှားမှာပဲ သား၊ သူ့ဘက်က စေတနာမှန်တာ၊ မမှန်တာကို ဖေဖေ မပြောဘူး၊ ဒါပေမယ့် ရွဲ့လေမှားလေ၊ မင်းပဲ နစ်မွန်းမှာ။ ပညာပေး စာတို လေးတစ်ခု ဖေဖေ ဖတ်ဖူးတယ်၊ သစ်ပင်အောက်မှာ အရိပ်ဝင်ခိုတဲ့လူကြီး က မော့ကြည့်ပြီး ကလေးကိုတွေ့တော့ ပြုံးပြတယ်ကွ၊ ပြီးတော့ ဘာ





လုပ်သွားလဲ သိလား၊ 'မင်း သိပ်ကိုတော်တာပဲ လူလေးရာ၊ အဲဒီသတ္တိမျိုး ကို ဘဘက ဆုချရမှာပေ့ါ၊ ရော့ .. လာယူ ကလေး' ဆိုပြီး ပိုက်ဆံထုပ် ခေါ်ပေးသွားသေးတယ်၊ ကလေးက ဝမ်းသာအားရဖြစ်သွားပြီး ဒီလိုပဲ အပင် ခေါ်ကစောင့်၊ တခြားမြင့်တဲ့နေရာတွေက စောင့်၊ နေရာအမျိုးမျိုးယူပြီး ဒီတိုင်းဆက်လုပ်နေတယ်၊ ဒီကလေး ဘာဖြစ်သွားလဲ မင်း သိချင်လား..."

ခြံရုံ က နှိုင်းရက်လေခြင်းဆိုသည့် မျက်ဝန်းတွေနှင့် စိုက်ကြည့်ရင်း မချိတရိ မျက်နှာလွှဲ၏။

"မင်းကို အဲဒီကလေးမျိုးဖြစ်နေပြီလို့ ဖေဖေ မပြောဘူး၊ ဗိအားတစ်ခု ဖြစ်နေပြီဆိုရင် သူ့ရဲ့လားရာကိုမြင်တတ်ဖို့လိုတယ်၊ မြင့်သထက်မြင့်သွား အောင် တွန်းနေတာလား၊ ကုန်းဆင်းမှာ လိမ့်ထွက်သွားအောင် တွန်းတာ လား၊ ဒါကိုနားလည်စမ်းပါ။ ချီးကျူးခံရတိုင်း ငါ တော်နေပြီလို့ မမှတ်ရဘူး တွား၊ ကဲ့ရဲ့ရှုတ်ချတဲ့လူကို ဆရာတင်ရတာတွေရှိတယ်၊ ဒါတွေဟာ တွန်း အားတစ်ရပ်မဟုတ်ရင်တောင် ကိုယ့်အတွက် လှေကားထစ် တစ်ထစ် ဆိုရင် မင်း ခြေတစ်လှမ်းမခိုင်ဘူးလား"

"ကျွန်တော် ဘယ်သူ့ကိုမှ ခေါင်းထဲမထည့်ဘူး ဖေဖေ၊ ကျေးဇူးတင်ဖို့ လဲ စိတ်မကူးဘူး၊ ရွဲ့ရစောင်းရလောက်အောင်လဲ မိန်းမလိုမိန်းမရစိတ် မမွေးဘူး၊ ပြောတာကို မကြိုက်ပေမယ့် ပြောစရာတွေဖြစ်ဖြစ်ကုန်တာတော့ စောတ်နိုင်ဘူး၊ မနေ့ညကဖြစ်တာ ကျွန်တော်နဲ့မဟုတ်ဘူး၊ ဒါပေမယ့် ..."

"ဟာ .. မင်းကိုယ်တိုင် ခံဝန်ထိုးခဲ့တာကို မဟုတ်ဘူးပြောတုန်းပဲလား၊ ဖြစ်တဲ့လူတွေ လေးငါးခြောက်ယောက်ထဲမှာ တစ်ဆိုင်လုံးပျက်စီးသမျှ ဖေဖေ လျော်ခဲ့ရတယ်၊ လာမယ့်ဆန်းဒေးမှာ လူနာရှင်ကို ကျေနပ်အောင် သွားပေးရဦးမှာ၊ အဲဒါတွေ မင်း ကျူးလွန်ခဲ့လို့ ဖေဖေ ဖြေရှင်းပေးရမှာတွေ မဟုတ်ဘူးလား"

ဘယ်နှစ်သိန်းကုန်သွားပြီ ဘယ်လောက်ထပ်ကုန်ရဦးမှာလိုတာကို



www.burmeseclassic.com

www.burmeseclassic.com



တော့ မပြောချင်တော့ပါ။

"ကိုသားကို ဆုံးမမနေနဲ့တော့ ကို၊ အကောင်းဆုံးက သူ ရသင့်တာအားလုံးကို ဘဏ်အကောင့်မှာ အကုန်ထည့်ပေးထားလိုက်၊ ရှိသမျှအကုန်ဖြစ်ဖြစ်နော်၊ နောက်ထပ် ရဲစခန်းကို လိုက်ပေးစရာမလိုတော့ဘူးဆိုတဲ့ အဖြစ်တစ်ခုပြန်ရရင် ကျေနပ်တယ်၊ ကိုကို ခိုင် လက်ထပ်ခဲ့တာ ဆင်းရဲစုတ်ပြတ်ပြီး အားကိုးစရာမရှိလို့မဟုတ်ဘူး၊ အဲဒါ ကို သိပါတယ်"

ခိုင်ကတော့ စကားကုန်ပြောပြီးပါပြီ။ ဒါပေမယ့် အမွေပစ္စည်းနှင့် မသက်ဆိုင်သော သွေး ဆိုသည့် ရင်သွေးရတနာကို ဘာတွေပုံပေးပြီး ဖြတ်တောက်ပစ်ရမလဲ ...၊

ခိုင်ကလည်း သူမဘက်က စည်းစိမ်ဥစ္စာနှင့်ပတ်သက်ပြီး တိုတိုထွာထွာလိုက်ပြောနေတာမဟုတ်ကြောင်း သိစေချင်တာပဲဖြစ်မှာပါ။ ခိုင့် ကို သူ မိတွေးမို့ ပြောရက်သည်လို့မထင်ခဲ့တာလည်း ဒီလိုသဘောလေး ရှိနေတာကို သိ၍ပါ။

သူမသည် ခြံရဲ့ အပေါ်မှာ လင်ဘက်ကပါသည့်သားမို့ ခွဲခြားချင်တာမျိုးမဟုတ်၊ 'ငါပိုင်ဆိုင်မှာတွေကို ခွဲယူမယ့်သူ'လို့မြင်တာမျိုးလည်းမဟုတ်ဘဲ စိတ်ခါတ်စရိုက် ညံ့ဖျင်းသူဟုသတ်မှတ်ကာ တစ်ဖက်ကလည်း ဒီလိုပဲ ထပ်ကာထပ်ကာ မှားယွင်းကျူးလွန်နေသဖြင့် တိမ်းစောင်းနေသည့် အဖြစ်က တည့်မတ်ဖို့ ခဲယဉ်းနေခြင်းဖြစ်သည်။

ဒါတွေကို သူ ဘယ်လိုကြိုးစားရမလဲ၊ ဒီသားနဲ့ပတ်သက်လာတိုင်း သူ့မှာ ဒေါသတွေလှုံးလှိမ့်ဖြစ်လာလိုက်၊ မပေါက်ကွဲဖြစ်ဘဲ ပြန်လည်ပျောက်ကွယ်ခဲ့လိုက် ...၊

သူ ခံယူထားသည်က မိဘက သားသမီးကို ဆုံးမဖို့မှာ ရိုက်နှက်ဆုံးမခြင်းတစ်မျိုးသာရှိသည်မဟုတ်။ တုတ်ကိုင်ခြောက်လှန့်ရသည်က အဟိတ်တိရစ္ဆာန်သာဖြစ်သည်။





တိရစ္ဆာန်သည် ကိုယ်ခန္ဓာ နာကျင်မှ ကြောက်ရမှန်းသိသည်။ လူဟာ သတ္တဝါထဲမှာ အမြတ်ဆုံး၊ စား၊ အိပ်၊ မေထုံ ဤသုံးမျိုးသာသိသော တိရစ္ဆာန်နှင့် မနှိုင်းသာ ...။

ရိုက်နှက်နာကျင်စေမှသိမှာလား။ ဒါဆို တစ်သက်လုံး ပြောပြလာခဲ့သည့် ဆုံးမစကားတွေကို ဘယ်ထောင့် ဘယ်နေရာမှာ လွှင့်ပစ်ထားရစ်ခဲ့တာလဲ ...၊

ကိုယ့်ရဲ့ ဆုံးမမှုက လျော့ရိလျော့ရဲဖြစ်နေတာလား၊ ဒါမှမဟုတ် စော်ခြံရဲ ဆိုသည့် လူငယ်တစ်ယောက်ရဲ့ ဗီဇကို ဆိုဆုံးမလို့ နားမဝင်နိုင်တာလား ...၊

ဘယ်လိုပဲဖြစ်ဖြစ် သားနဲ့ အဖေ ဆိုတဲ့ နှစ်ယောက်တည်းကမ္ဘာမှာ ပြဿနာကြီးထွားသွားနိုင်စရာ ဘာမှမရှိပါ။ ခုကျတော့ သားအဖ နှစ်ယောက်တည်းမဟုတ်ပေ။

သူ့မှာ အချိန်ပြည့် အလုပ်ထဲရောက်နေရပြီ။ စိတ်က အိမ်ကိုမဖြောင့်နိုင်ဖြစ်နေရတာ မဖြောင့်တဲ့အတိုင်းပါပဲ ...၊

ခိုင် နဲ့ သားရဲ့ ဆက်ဆံရေးက ကြာလာလေ ပိုဆိုးလေ၊ ဒီလိုအတိုင်းသာ ဆက်လက်သွားနေမည်ဆိုလျှင် သားက သူ့ကို အထင်မြင်လွဲပြီး အိမ်ကိုစွန့်ခွာသွားနိုင်သလို ...

ခိုင် ကလည်း ဤသို့နည်းတူဖြစ်လာဖို့တွေရှိနေသည်။ ဒီအကြောင်းကို အရင်းနှီးဆုံးမိတ်ဆွေဖြစ်သည့် ဦးမြင့်နိုင်ကို ရင်ဖွင့်ပြောမိသေးသည်။ ဦးမြင့်နိုင် က ...

"အဲဒါ တစ်ယောက်နဲ့တစ်ယောက် စိတ်ဝမ်းကွဲမှုတွေမဖြစ်ကြခင် ခင်ဗျားက လုပ်သင့်တာကိုလုပ်ရမှာပေါ့။ သားကျတော့လဲ သူ လူမမယ် အရွယ်မှာ ခင်ဗျားအိမ်ထောင်မပြုဘဲနေခဲ့တဲ့အထိ ထားခဲ့တဲ့မေတ္တာတွေ နည်းသလား၊ ဒီသားကို ဘယ်သူစွန့်လွှတ်နိုင်ပါ့မလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးမြင့်နိုင်က နှစ်ဖက်စလုံးအတွက် တွေးပြီး အကြံဉာဏ်ကောင်းပေးခဲ့တာပါ။ ဒါပေမယ့် ...

"ဓနီးဆိုတာကလဲ ဒီအရွယ်ကျမှ သားသမီးငြိုငြင်ခံ၊ ပတ်ဝန်းကျင်ကဲ့ရဲ့ဖို့ရှိနိုင်တာတွေကို လျစ်လျူရှုပြီး လက်ထပ်ယူခဲ့လိုက်တာ၊ ဒီမီးကလဲ သေးသေးနုပ်နုပ်မဟုတ်ဘူးလေ၊ ဖြစ်သင့်တာကတော့ ဓနီးက ဇိုယ့်အနားမှာ တစ်သက်လုံး မခွဲမခွာရှိနေဖို့လိုသလို သားသမီးကိုလဲ စွန့်လွှတ်နာကြည်းမှုတွေနဲ့ ဆုံးရှုံးမခံနိုင်ဘူးဆိုတော့ မိဘတို့ရဲ့ ထိမ်းမြားခြင်းဝတ္တရားအတိုင်း အမှန်ကန်ဆုံးခွဲခွာခြင်းနဲ့ ခင်ဗျားစီစဉ်ပေးလိုက်ပေတော့"

ဦးမြင့်နိုင် ပေးခဲ့သည့် အကြံဉာဏ်ဟာ အသင့်မြတ်ဆုံးဖြစ်တာ မှန်သည်။ ဒါပေမယ့် ဒါကို မှန်ကန်စွာစီရင်ဆုံးဖြတ်ပေးခြင်းလို့သားက လက်ခံမှာမဟုတ်သည့်အခြေအနေ သူ့မှာဖြစ်နေခဲ့၏။

ဒီမိန်းကလေးနဲ့သင့်တော်သည်။ သားလက်ထပ်ရမည်လို့ စီစဉ်ပေးတိုင်းလည်း စစ်ခြံရဲ့ ဆိုသည့် သားအလိမ္မာက ခေါင်းညိတ်မှာမဟုတ်။

အကောင်းဆုံးဖြစ်သွားဖို့ရှိတာက သူကြိုက်သည့်မိန်းကလေးကို သူကိုယ်တိုင်ရွေးချယ်လိုက်ခြင်းပဲဖြစ်သည်။

ဒီကောင်လေး ရည်းစားတစ်ယောက်မှမရှိဘူး တဲ့လား ......။





## အခန်း (၁၃)

အစကဆို ခေါ် ချင်လွန်းလို့ မေမေကလည်း လုံးဝမကြိုက်မှန်းသိလို့ သူ့အသံကြားလိုက်တာနှင့် ကွယ်ရာလေးပြေးပြီး ဟိုနားကစောင့်နေရ၊ ဒီနားက စောင့်နေရ ....၊

ခုကျတော့ တွေ့မှာစိုးလို့ ဆုံနိုင်သည့်အချိန် ထိပ်တိုက်မြင်နိုင်သည့်နေရာအားလုံးကို ရှောင်ရှားနေရတာ စိတ်အိုက်စရာပါ။

အခန်းထဲကထွက်ဖို့ကို ခေါင်းနည်းနည်းလေးပြူပြီး နားစွင့်ကြည့်ရသေးသည်။ အပြင်ကို ဖွဖွလေးထွက်လာပြီး သူ့ကားတွေထားသည့်ဘက်မှာ ကားတစ်စီးစီးလျော့နေရဲ့လား ချောင်းရ၏။

ဒီခြံကြီးထဲမှာ ကားဂိုဒေါင်အကျယ်ကြီးဖြစ်နေသည်။ လူရှိသမျှ စုစ်ခြင်း အတွက်မှလွဲ၍ ကားတစ်စီးစီရှိသည်။

ခြံရဲ့ ကျတော့ ကားလေးစီးတောင်။ သူများလို တစ်စီးပြီးတစ်စီး လဲစီးတာမဟုတ်ဘဲ တစ်စီးပြီးတစ်စီး ဝယ်စီးတာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကားတစ်စီးကို တစ်နေရာမှာတိုက်မိခိုက်မိလာရင် ရောင်းပစ်တတ်တာမှလွဲ၍ မော်ဒယ်နိမ့်သွားလို့ ရောင်းပစ်တာမျိုး မရှိ။

ဒါကို မေမေက တွင်တွင်ကဲ့ရဲ့သည်။

“ဖအေက ရှာနိုင်တာကိုး၊ ဒီလိုနည်းနဲ့ ကားတွေထည်လဲစီးနိုင်တာများ သူမို့မရှက်တာ”တဲ့။

ကိုကြီးပုံစံက အလုပ်လုပ်ဖို့ကို စိတ်ဝင်စားပုံမရှိသလို အလုပ်မလုပ်လို့ သူများကဲ့ရဲ့မှာကို စိုးရိမ်မိတာမျိုးလည်း ဖြစ်ပုံမပေါ်။

ချစ်ခြင်း ကတော့ ကိုကြီးကို မေမေ မြင်နေသလိုမျိုး မမြင်ပါ။ ယောကျ်ားလေးဖြစ်နေလို့ ...၊ အထူးသဖြင့် တည်တံ့ရည်မွန်ရမည်လို့ သတ်မှတ်ထားလို့မရနိုင်သလို ယောကျ်ားတိုင်း တော်နေထက်နေကြတာလည်းမဟုတ်။

ကိုကြီး ဆေးသမားဖြစ်နေနိုင်တာကိုလည်း မယုံချင်သည့်ဘက်မှာ ရှိခဲ့၏။ မေမေနဲ့ဖတ်သက်တိုင်း ပြေပြစ်ခြင်းမရှိတာ၊ ရန် ခဏခဏဖြစ်တတ်တာမှလွဲလျှင် ကိုကြီး ဒီလောက်တော့မဆိုးသေးဘူးထင်သည်။

ကျန်ရစ်သည့် ခြံရှဲ ရဲ့ကားသုံးစီးနားမှာရပ်ငေးရင်း စိတ်က သူ့အကြောင်းကိုပဲတွေးနေမိစဉ် ကိုယ်နဲ့ပတ်သက်တာတွေကိုတော့ တတ်နိုင်သမျှ ချန်လှပ်ထားရသည်။

စရိုးမှာ ချစ်ခြင်း ကိုကြီးကို မမုန်းပေမယ့် လုံးဝ မျက်နှာချင်းမဆိုင်ချင်ပေ။

ဒါကြောင့် မတွေ့အောင်ရှောင်နေခဲ့တာ ဒီနေ့ဆို တစ်ပတ်ကျော်သွားပြီဖြစ်၏။ ငယ်ငယ်တည်းက ခင်တွယ်ခဲ့သည့်ကိုကြီးကို ချစ်ခြင်း မမုန်းချင်ပါ။ ဒါပေမယ့် ‘ရက်စက်လိုက်တာ’လို့ တွေးမိတိုင်း ခံစားမိသည်။

မေမေ့ကိုဖြစ်တဲ့ဒေါသတွေနဲ့ ချစ်ခြင်းကို ...၊

ချစ်ခြင်း မျက်နှာလေးငုံ့ကျသွားကာ လက်ချောင်းကလေးတချို့က





နှုတ်ခမ်းလေးတွေဆီ ဖွဖွလေးထိကိုင်မိပြီးဖြစ်သွားသည်။

“သမီး”

“အမေ့”

နီးနီးလေးခေါ် လိုက်တာကို ချစ်ခြင်း တုန်ခနဲဖြစ်သွားသဖြင့် ဒေါ်တိုး အ ဝန်းတွေကိုင်ထားရင်း တအံ့တသြကြည့်သည်။ ပြီးတော့ စိတ်ကောင်းဖြစ်သွားပုံလည်းရှိကာ ...

“ဖြစ်ရလေ သမီးရယ်၊ သမီး တစ်ခုခုစဉ်းစားနေမှန်း ဒေါ်တိုး မသိလို့ပါ ဒီနားမှာ ဘာရပ်လုပ်နေတာလဲလို့ မေးမလို့”

မေးချင်တာက ခြံရှဲ ရဲ့ကားတွေနားမှာ ဘာလုပ်နေတာလဲလို့ပါ။

လူလေးကို ဒီမိန်းကလေး ခင်တွယ်ရှာတာကိုသိပေမယ့် လူကြီးမို့ အခြေအနေအရပ်ရပ်ကို အကဲခတ်မိနေသည်။

မခိုင် သည် သူ့သမီးလေးကို ဘယ်သူနဲ့မှတူတယ်၊ တန်တယ် မထင်တာမျိုးမဟုတ်ဘဲ စစ်ခြံရှဲ ဆိုသော လူငယ်တစ်ယောက်နဲ့ နီးစပ်ငြိတွယ်သွားမှာကိုတော့ သေမလောက်စိုးရိမ်နေခဲ့၏။

ထို့ကြောင့် သူမလေးကို ဒီနေရာမှာလှမ်းမြင်သွားလျှင် ဆူပူကြိမ်းမောင်းခံရနိုင်သည်။ ချစ်ခြင်း ကလည်း နားလည်ပါသည်။

“ချစ်ခြင်း ခြံထဲခဏဆင်းလာတာပါ။ ပန်းတွေ ... ဘုရားပန်းလဲမလို့ ထားဟင် ...”

“အင်းလေ .. မခိုင် ရေချိုးနေတယ်၊ သူ သောက်တော်ရေကပ်ရင်း နဲ့ကပ်လို့ရအောင် ထိုးပေးထားမလို့၊ သမီး ခြံထဲဆင်းမှာဆို ဒေါ်တိုး ဘာလုပ်ပေးရဦးမလဲ၊ စားစရာတစ်ခုခုလေ ...”

“ဟင့်အင်း ... ခဏပဲနေမှာ .. ရတယ်”

ဒေါ်တိုး ထွက်သွားတဲ့အထိ စောစောက လန့်သွားတာက မပြေချင်ဒိုင်ခုန်သံတွေကို သူမ မကြားချင်ပါ။ ကိုကြီး အတင်းဖိနှစ်နမ်းပစ်ခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



က အမုန်းတွေ ရန်ငြိုးတွေနဲ့ ...။

ကိုယ်က တိုက်ပွဲခေါ်သံကိုမှ နားဝင်ချိုသာယာနေမိတာမျိုး ဖြစ်သင့်သလား။ မြက်ခင်းစိမ်းစိမ်းကို ငုံ့ကြည့်လျှောက်ရင်း ညနေခင်းရဲ့ သာယာမှုကို ခံစားကြည့်ဖို့ ကြိုးစားပေမယ့် မအောင်မြင်။

နှစ်ဖက်ခွဲ၍ကျစ်ဆံမြီးကျစ်ထားသည့် ဆံနွယ်ရှည်ရှည်တွေကို ရင်အုံမို့မို့ကနေ ဆွဲယူ၍ ဖွဖွလေးကိုင်ရင်း ပတ်ဝန်းကျင်ကို လျှောက်ကြည့်ရင်း စိတ်ကိုနှစ်သည်။

ထိုစဉ် ပန်းရုံထိပ်များကနေ ဖလူးခနဲပျံတက်လာကာ ချစ်ခြင်း ပါးပြင်လေးကို ပွတ်ထိပြီးမှ ရှေ့မှာပြုတ်ကျသွားသည့် စာလေးတစ်ကောင်...

“ဟယ် ... စာကလေးကြည့်စမ်း”

ခြေစုံရပ်၍ တအံ့တသြကြည့်နေမိစဉ် စာကလေးက သူမကိုလန့်ပြီး ထပျံသွား၏။ သို့သော် သိပ်မကွာသောနေရာမှာပဲ ပြန်ပြုတ်ကျသည်။

“မပြေးနဲ့ .. မပြေးနဲ့ နင့်ကို ငါ ဘာမှမလုပ်ဘူး။ မပြေးနဲ့နော်၊ အိပ်တန်းဝင်ချိန်လဲရောက်နေပြီ၊ ဒီနားမှာ အိပ်တန်းရှိလို့ပြန်လာတာမဟုတ်လား။ ဘေးကင်းတဲ့နေရာ ငါ ပြန်ပို့ပေးမယ်”

စကားတွေပြော၍ ချစ်ခြင်း အနားကပ်သွားတော့ မသိတတ် နားမလည်စွာ ထပျံသွားပြန်သည်။

“မပြေးနဲ့ဆိုမှ ...”

“ဖလူး”

“အို ...”

ရေကူးကန်ကြီးဘေးမှာ ဖုတ်ခနဲပြန်ကျတော့ ချစ်ခြင်း မျက်လုံးပြူးသွား၏။

“ဟဲ့ .. မပြေးနဲ့၊ နင် ထပျံရင် ဒီတစ်ခါ ရေထဲကျတော့မှာ”

ကိုယ်ကလိုက်လေ ခြောက်ထုတ်သလိုဖြစ်လေ ဖြစ်မှာကိုတွေးမိကာ





သူ နားမလည်မှန်းသိရက်နှင့် တတွတ်တွတ်ပြောရင်း တစ်လှမ်းချင်း တိုးသွားရသည်။

စာကလေးသည် အတောင်မစုံဘဲ အသိုက်ကပျံထွက်လာတာလား၊ ဆင်းရရလာသည်လားတော့မသိ၊ မည်းနက်ပြူးဝိုင်းသောမျက်လုံးလေးတွေက ချစ်ခြင်းကိုဘယ်လိုမှမိတ်ဆွေလို့ မသတ်မှတ်နိုင်ပါဟု အကြောင်းပြနေကြ၏။

ထို့ကြောင့် ချစ်ခြင်း သူ့ဆီကိုတိုးလာနေမှန်းသိတာနှင့် လွတ်မြောက်အောင်ကြိုးစားရင်း ပျံထွက်သွား၏။ သို့သော် ...

“ဟယ်... ကျပြီ .. သေတော့မှာပဲ”

ချစ်ခြင်း ရင်ဘတ်လေးဖိကာ ကန်စပ်မှာ တောင်ပံတဖျပ်ဖျပ်ခတ်ရင်း နစ်မလိုဖြစ်နေသော စာကလေးကို ဘယ်လိုကယ်ရမှန်းမသိ။ အနားမှာ လှမ်းဆွဲဖို့ တုတ်တို့ ဝါးတို့လည်း ဘာမှမရှိ။

“နေ .. နေ .. ဟိုဘက်ရောက်သွားလိမ့်မယ်၊ ငါ ဆယ်ပေးမယ်”

ကန်ပေါင်ပေါ်မှာ ဆောင့်ကြောင့်လေးထိုင်ကာ စာကလေးကို လှမ်းကိုင်လိုက်၏။ တကယ်ဆို ကိုင်မိမှာဖြစ်ပေမယ့် တောင်ပံခတ်၍ ကူးပစ်လိုက်သောကြောင့် လက်နဲ့အလှမ်းကွာသွားသည်။

ချစ်ခြင်း ရှေ့ကိုထပ်ရွှေ့၊ ပြန်လှမ်းနှင့် နစ်တော့မလိုဖြစ်နေသည့် စာကလေးကို အမိအရကယ်ချင်ဇောကြောင့် သူမတစ်ကိုယ်လုံး ရေထဲကို ဖွမ်းခနဲကျလေသည်။

“အား ...”

လက်ထဲမှာတော့ စာကလေးကို ကိုင်မိထားပြီးဖြစ်၏။ ချစ်ခြင်း ထိုလက်ကို လွှဲ၍ စာကလေးကို မြေပြင်ပေါ်ရောက်အောင် ပစ်လိုက်နိုင်ခဲ့သည်။ ထို့နောက် ...

“အမလေး .. သမီး ချစ်ခြင်း .. လုပ်ကြပါဦး”



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တိုး ရေကန်နားအရောက်မှာ လူနစ်နေမှန်းသိကာ အထဲကိုပြေး
ဆင်းတော့မလိုဖြစ်လိုက်၊ အိမ်ကြီးဆီ လူပြေးခေါ် ရတော့မလိုပြန်လှည့်
လိုက်နှင့် ခေါက်တုံ့ခေါက်ပြန် နှစ်ပတ်၊သုံးပတ်ပြေးနေမိ၏။

သူမ ရေထဲလည်းမဆင်းရဲ အိမ်ကြီးဆီ ပြန်ပြေးပြီး ဘုရားရှိခိုးနေသည့်
ဒေါ်မမခိုင်ကို အကြောင်းကြားနေလည်း ဒီမှာ အချိန်မီကယ်နိုင်ဖို့မလွယ်

"သမီး .. သမီး ဒီဘက်ကူးခဲ့"

ကယောင်ကတမ်းနှင့် ဘာတွေလုပ်မိမှန်းမသိ။ ရေထဲဆင်းသည့်
လှေကားကနေဆင်းကာ တစ်ဖက်က လှေကားကိုကိုင်ထားပြီး တစ်ဖက်
နဲ့ ချစ်ခြင်းကို လှမ်းခေါ်မိသည်။

နီးနီးလေးပဲလို့ သူမက ထင်ပေမယ့် ရေမကူးတတ်သည့်လူက သူ
ဆီကို ဘယ်လိုကူးလာမလဲ ...။

"သမီးရေ ... လာပါ။ ဒေါ်တိုးလက်ကိုဆွဲ၊ လာဆွဲ၊ ဒုက္ခတွေတော့
များပါပြီ၊ လုပ်ကြပါဦး"

မြုပ်ချီပေါ်ချီကနေ ပြန်ပေါ်မလာတော့ ဒေါ်တိုး ကန်ပေါင်ပေါ် ပြေး
တက်ပြန်သည်။

ထိုစဉ် ခြံထဲကိုဝင်လာနေပြီဖြစ်သည့် ခြံရဲ့ကားကို လှမ်းမြင်လိုက်
သဖြင့် ခေါ်လည်းခေါ်၊ အော်လည်းအော်နှင့် ခြေရောလက်ရောခုန်ပေါက်
နေတာ ကျီးခြောက်နေသည့်အတိုင်း ...၊

"လာပါဦး၊ လူလေး မြန်မြန်လာပါ။ ဒီမှာ ကလေး ရေနစ်နေပြီ"

ရေနစ်နေပြီအော်လို့ ကားကို ရောက်သည့်နေရာမှာထိုးရပ်ပြီး ခြံ
ပြေးဆင်းလာခဲ့သည်။ ကန်ထဲမှာလည်း ဘာမှမတွေ့ ...။

"ဘာလဲ .. ဘာဖြစ်တာလဲ"

"ရေထဲမှာ .. ရေထဲမှာ ချစ်ခြင်း ..."

"ဘာ ..."





ထိုအခါကျမှ လှုပ်ခတ်ကျန်ရစ်သည့်ရေပြင်ကို ပြန်ကြည့်မိကာ ခြံရဲ
ထဲကို ဒိုင်ဗင်ထိုးဆင်းသွား၏။

ဒီနေ့ကျမှ ဘာဖြစ်မှန်းမသိဘဲ ကြာရှည်မထိုင်ချင်သည့်စိတ်တွေဖြစ်
ဒေါ်မမခိုင်ကလည်း သောက်တော်ရေကပ်၊ ပန်းကပ်ခြင်းပြီးတာနှင့်
ရားခန်းထဲက ထွက်ခဲ့၏။

အပေါ်ထပ်ညှေ့ခန်းစားပွဲက အလှပန်းအိုးလေးကို ဒေါ်တိုး ပန်းလဲ
ရဲ့လား သိချင်သဖြင့် ရှေ့ကိုလှည့်ထွက်လာခဲ့စဉ် ...

"ဟင် ..."

ပြတင်းပေါက်တစ်ခုကနေ လှမ်းမြင်လိုက်ရသည့်မြင်ကွင်းကြောင့်
နိုင်စွာ ထပ်တိုးသွားပြီး ငုံ့ကြည့်လိုက်မိ၏။ ရေကူးကန်ကြီးထဲမှာ
နဲ့ ဟိုလူရှိင်းလေး ...။

သမီးကို ခြံရဲ့က လက်တစ်ဖက်နှင့်ဖက်ထားလျက် လှေကားပေါ်ကို
စွာတက်နေ၏။ သမီး ... ငါ့သမီး ရေနစ်တာလား ...။

ဒေါ်မမခိုင် တစ်ကိုယ်လုံးတောင့်တင်းသွားကာ ပြတင်းပေါက်မှ ချာ
ပြန်လှည့်ပြေးခဲ့၏။ ဒေါ်တိုးကတော့ ရှေ့ရန် နောက်ရန်တွေ ဒီအချိန်
ဘာမှသတိမရတော့ပေ။

မေ့မြောငြိမ်သက်နေပြီဖြစ်သည့် ချစ်ခြင်း ကိုကြည့်ကာ တကယ်လို့
အသက်မရှိတော့ဘူးဆိုလျှင် ကိုယ့်ရှေ့မှာဖြစ်တော့ ကိုယ့်အပြစ်
တာကို တွေးမိကာ ငယ်ထိပ်မြွေပေါက်သလို ခံစားနေရ၏။

"ဘာဖြစ်သွားပြီလဲဟင်၊ လုပ်ပါဦး လူလေးရယ် ... မိန်းကလေးကို
ယ်ပေးပါ"

"ဒေါ်တိုး အော်ဟစ်နေတာနဲ့ ဘာလုပ်ရမှန်းမသိတော့ဘူး၊ ခဏ
ငြိမ်နေစမ်းပါ။ ရေနစ်နေတာသိရက်နဲ့ ရေအောက်ရောက်တဲ့အထိ
ကြည့်နေတာကို ..."



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်း ကို ကန့်ပေါင်ကြေပြားပေါ် ပက်လက်ကလေးချထားလိုက်ကာ အသက်ရှူလာအောင်လုပ်ဖို့အတွက် သူ့မှာ အားယူနေရသည်။

ဒါပေမယ့် ဒီနည်းအပြင် တခြားနည်းက မရှိ။ ရင်ဝကို လက်ဖနောင့်နှစ်ချက်၊ သုံးချက်ဆောင့်ဖိကြည့်တာ မရလျှင် ...

"ဟင် .. ငါ .. ငါ့သမီးကို ..."

အိမ်ကြီးထဲကပြေးထွက်လာပြီးမှ ဒေါ်မမခိုင် တုံ့ခနဲရပ်သွားၡ ချစ်ခြင်း၏ ပါးလေးနှစ်ဖက်ကို လက်ဖဝါးနဲ့ဖိညှစ်ထားကာ နှုတ်ခမ်းချင်ဖိကပ်၍ ခြံရံ ဘာလုပ်နေတာကိုသိပေမယ့် ...

"မလုပ်နဲ့ .. ငါ့သမီးကို နင် မထိနဲ့"

ဒေါ်သမာနှတွေ ငယ်ထိပ်တက်ဆောင့်ကာ ခေါင်းတွင်တွင်ခါရင်း အသံကမထွက်။ ရှေ့ကိုမတိုးဖြစ်ဘဲ နေရာမှာရပ်ရင်း ကိုယ့်ကိုယ်ကိုပင် ဘာဖြစ်သွားမှန်းမသိခဲ့ဘဲ ...

"ဟောတော် မခိုင် ..."

ဒေါ်တိုး လှည့်ကြည့်လိုက်ချိန်တွင် ဒေါ်မမခိုင်သည် ရပ်နေရာမှ ခွေခေါက်ပုံလဲကျသွားလျက် ...။





အခန်း (၁၄)

"ဘယ်လို ... ကလေးကို အိမ်ထောင်ချပေးတော့မယ် ဟုတ်လား"

ဒေါ်လေးရဲ့လေသံက တကကယ့်ကို တအံ့တဩ၊ ပြီးတော့ တော်တော်နှင့် စကားပြန်မလာဘဲ အကြာကြီးတိတ်နေပြီးမှ ...

"ကျုပ်လဲပြန်လာတော့မှာပါ မယ်ခိုင်ရယ်၊ ခဏလေးဆိုင်းပါဦး၊ ဘယ့်နှယ် လင်ယူသားမွေးတဲ့ကိစ္စကို ညနေခင်း ဈေးပေါင်ကျိုးချရောင်းသလို ရသမျှဈေးနဲ့ ထုတ်လွှတ်လိုက်တာမျိုးဖြစ်ကုန်ပါ့မယ်၊ ကျုပ်တို့ ကလေးက အမျိုးမှန် အဖိုးတန်လေး ..."

"အဲဒါကြောင့် အမျိုးမမှန် အဖိုးမတန်တာနဲ့ နီးစပ်သွားမှာကို မခံနိုင်တာ"

"နီးစပ်တိုင်းညားကြတာလဲမဟုတ်ပါဘူးကွယ်၊ အမေရိကားကလူနဲ့ မြန်မာပြည်ကလူ ညားကြတာ ဘယ်လိုလုပ်မလဲ၊ ရွာနားကမြက် ရွာနွားမစားဘူးတဲ့"

"သူက နွားမှမဟုတ်တာ ဒေါ်လေးရဲ့၊ သမီးကလဲ မြက်မဟုတ်ဘူး။



www.burmeseclassic.com

အိုးချင်းထား အိုးချင်းထိဆိုတာတွေ မှန်ခဲ့တာရော မရှိလို့လား၊ နိုင် လုံး
စိတ်မချနိုင်တော့ဘူး"

"ဩော် ... ညည်းလေးပြောသလိုဆိုရင် ကလေးတွေကလဲ အိုးတွေ
မှမဟုတ်တာ၊ နေပါဦး နိုင်ရယ် .. ဒီလောက်တောင် ညည်း ဖြစ်နေတာ
ဒီကောင်လေးက တကယ်ကို ပွေရှုပ်နေလို့လား"

"ပွေရှုပ်တယ်ဆိုတာ ဘာကိုပြောတာလဲ ဒေါ်လေး၊ အချုပ်ကျတဲ့
ရက်နဲ့ သူ့အသက်ကတော့ သူမသာ ကိုယ့်မသာပဲ"

"အချုပ်ဆိုတာ ရဲကဖမ်းခေါ်သွားပြီး သူ့အဖေ လိုက်ထုတ် ဒါပဲ
ကွယ်၊ ညအိပ်ညနေ အချုပ်ထဲမှာထားရတဲ့အထိ အပြစ်ကြီးကြီးဖြစ်ခဲ့
တာ ရှိလို့လား"

အရေးထဲမှာ ဒေါ်လေးက ဟိုဘက်ကလိုလို၊ ဒီဘက်ကလိုလို ...
ကိုမိုးနဲ့ပတ်သက်ပြီး အကောင်းဘက်ကချည်းမြင်နေခဲ့တာဟာ သားဖြစ်
တဲ့လူအထိ ဒီတိုင်း မပြောင်းမလဲရှိနေတာတော့ မဖြစ်သင့်ဘူးထင်သည်
ဒီကောင်လေးအကြောင်းဆို သူမ ပြောပြထားခဲ့သမျှ ဒီနေ့ထိ နှာခေါင်း
ရှုံ့စရာ အကျင့်စရိုက်မျိုးတွေချည်းပဲဖြစ်ခဲ့တာတောင် ဝိုင်းဝန်းကာကွယ်ရဲ
ဖော်မရခဲ့ပေ။

'လူငယ်တွေက ဒီလိုပဲ'ဆိုတဲ့ စကားနဲ့ မျက်နှာလွှဲသည်။ 'စိတ်
တာ အမြဲတမ်းပြောင်းလဲနေတတ်တာမျိုး၊ ဒီနေ့ ဆိုးပေမယ့် နောက်နေ့
ကောင်းချင်ကောင်းသွားတာ'လို့ ဖေဖေမမ ပြောခဲ့တာတွေက မရှုး

"သမီး နိုင်"

"ရှင်"

မကျေနပ်စိတ်တွေဖြစ်နေတုန်းမို့ ထူးလိုက်တဲ့အသံက ပြေပြေပြ
ပြစ်ရှိဖို့ကတော့ မလွယ်။

"ဖုန်းဘီလ်တွေလဲ မနည်းမနောဖြစ်ကုန်ပြီ ဒေါ်လေးကို လူချင်းတွေ





ပဲပြောကြရအောင်၊ တစ်လလောက်တော့စောင့်ပါကွယ်၊ ညည်း ထင်
သလို ဘာမှစေ့စပ်တာ၊ ကြောင်းလမ်းတာတွေမလုပ်ပါနဲ့ဦး"

"တစ်လ မစောင့်နိုင်ဘူး ဒေါ်လေး၊ ဒီမှာ တစ်နေ့တခြားမြင်နေရတာ
ကောင်းတော့ဘူး၊ ပြောပြန်ရင် ကိုယ်ပေါင်ကိုယ်လှန်ထောင်းရာကျဦး
မယ်၊ ဒေါ်လေးမြေးမကိုက အဲဒီလူရှုပ်လေးကို ... ကျွတ် ... ပြောကို
မပြောချင်တော့ဘူး"

"ဒါကတော့ သူ့စိတ်ထဲမှာ မောင်နှမလိုသတ်မှတ်ထားတာလဲ ဖြစ်
ချင်ဖြစ်မှာပေါ့"

"လုံးဝမဟုတ်ဘူး"

ဟု အခိုင်အမာပြောလိုက်ပြီးမှ 'ဘာဖြစ်လို့မဟုတ်တာလဲ'လို့ ဒေါ်လေး
မေးလာလျှင် လက်ထိကွက်ကျဆွဲပြစရာ ကြီးမားတဲ့သာဓကလည်း
ကိုယ်မှာမရှိတာကို သတိရသည်။

မျက်လုံးထဲမှာ ခုထိမြင်နေတာက ရေကူးကန်ထဲကကောင်ကို အိမ်
နန်းထဲကနေ မှန်ဘီလူးနဲ့ဆွဲကြည့်နေတဲ့အဖြစ်၊ ပြီးတော့ ခြေဖမိုးပေါ်မှာ
လှတ်တိုက်လို့ ဒဏ်ရာရလာသည်ဆိုတုန်းက အပြင်းဖျားတဲ့ညက စကား
တွေ ...။

"ကိုကြီးနော် .. ချစ်ခြင်း အဲဒီလိုမဟုတ်ဘူး"

"ဟင့်အင်း .. အဲဒီလိုမလုပ်ပါနဲ့၊ ဟင့်အင်း .. ကိုကြီး ..."

ကယောင်ကတမ်းတွေပြောနေလိုက်တာ အများကြီးပါပဲ။ ပီပီသသ
ကြားလိုက်တာတွေရှိသလို နားစိုက်ထောင်နေရင်း ဘာမှန်းမသိလိုက်တာ
တွေလည်းပါသည်။

ဘာပဲဖြစ်ဖြစ် 'ကိုကြီး' ဆိုတာတွေပဲ ထပ်နေတာက အထင်အရှား
ပင်။ အားလုံးကို ခြုံကြည့်လိုက်တော့ သမီးနဲ့သူ အနေအထားမှာ သူ့
ဘက်က ဘာသိဘာသာနေနေလို့သာ ...။

www.burmeseclassic.com



နောက်တစ်ခုက နှစ်ယောက်ကြာကြာ အတူနေထိုင်မိတာမျိုးမဖြစ် စေချင်လို့ ကိုမိုးနဲ့လက်ထပ်ပြီးကတည်းက သမီးကို သူ့မအိမ်မှာ ကြာကြာ အတူနေထိုင်မှုတာမျိုးမဖြစ်စေချင်လို့ ဘွားအေတွေဆီ ပို့ထားလိုက်၊ သင် တန်းတွေတက်ခိုင်းလိုက်နှင့် အမျိုးမျိုးခွဲခြားထားခဲ့၍ ...

ဒီလိုသာမဟုတ်လျှင် ကိုယ်ကလည်း တခြားမိဘတွေလို အမှတ် တမဲ့ထားမိပြီး ဟိုကောင်လေးကလည်း မဆင်မခြင်နေတတ်သူဆိုလျှင် ငြိမိသွားကြမှာ ကျိန်းသေနေသည်။

ရှေ့လျှောက်ပြီး ဘယ်လိုစိတ်ချနေရမလဲ။ ကိုယ့်သမီးလေးရဲ့ အသည်း နုနု မယဉ်မရိုင်းလေးဟာ ဒီကောင်လေးဘက်က ဘာလိုလို အစပျိုးလာ တာနှင့် နှစ်ပါးသွားကကြဖို့က သေချာနေ၏။

"ဒေါ်လေး .. နိုင် ပြောမယ်"

"အင်း .. ပြောပါ၊ နောက်မှပြောရအောင်ဆိုလဲ မရတော့ ပြောသာ ပြောတော့၊ ကျုပ်မသိအောင်မလုပ်ရင် ပြီးရော"

"မလုပ်ချင်လို့ ဖုန်းဆက်တာပေါ့၊ သမီးနဲ့လက်ထပ်ပေးဖို့ကောင်လေး ကို နိုင်က တွေ့ထားပြီးပြီ"

"လုပ်ပြီကွယ်"

"ဟုတ်တယ်၊ ဒါပေမယ့် သူ့ကို ဒေါ်လေးတို့ကပြောမှအဆင်ပြေမှာ"

"အမလေး .. ကျုပ်မြေးကို လက်ထပ်ဖို့ ကျုပ်က တောင်းဆိုရမယ်"

"အဲဒီလိုပုံစံ မဖြစ်ချင်လို့ ဒေါ်လေးကို မြန်မြန်ပြန်လာစေချင်တာပေါ့ နိုင်ကိုယ်တိုင်မဟုတ်ဘူးဆိုရင် ဘာမှဖြစ်ဖို့မရှိဘူး၊ မန္တလေးကပဲလေ 'ဂိုလ်းစတား' ရတနာစိန်တိုက်ပိုင်ရှင် ဦးလှဝေရဲ့သား"

"ဟင် .. မောင်သက်ဝေလွှမ်းကို ပြောတာလား"

"ဟုတ်တယ်"

"ဖြစ်ရလေအေ၊ အသက်ကလဲ သုံးဆယ်နီးပါးရှိနေပြီ၊ ဆိုင်မှာ အမြဲ





တမ်းငုတ်တုတ်ထိုင်ပြီး ဆိုင်ရှေ့လာရပ်တဲ့ ကာစတန်မာကို ဒီအိတ်ထဲမှာ ငွေ ဘယ်လောက်ပါလာနိုင်သလဲ၊ ဘယ်လောက်တန်တဲ့အထည်မျိုးကို ဝယ်မယ့်လူလဲဆိုတဲ့ မျက်လုံးကြီးတဝင့်ဝင့်နဲ့ ..."

"ဘာဖြစ်ဖြစ် စီးပွားပဲကုန်းကျုံးရှာနေတော့ ပွေမှာရှုပ်မှာ မပူရတော့ ဘူး။ သမီးနောင်ရေးအတွက်လဲ စိတ်အေးရမယ်"

"မယ်နိုင်ရယ် .. ဒီယောကျ်ား မပွေမရှုပ်တာနဲ့ စီးပွားရှာတောင်းတာ နဲ့ပဲ အိမ်ထောင်ရေး သာယာသွားနိုင်မယ်လို့ ညည်း ထင်လို့လား"

"သာယာအောင်နေရမှာပဲ ဒေါ်လေး၊ သမီးကို အဲဒီလို တည်တံ့ရည် မွန်တဲ့ယောကျ်ားမျိုးရဲ့လက်ထဲကိုပဲ ထည့်ချင်တယ်"

"တည်တံ့ရည်မွန်တယ်ဆိုတာ စိတ်ဓာတ်မပါသေးဘူးအေ၊ တည်တံ့ တဲ့သူလို့ အများမြင်အောင် ရုပ်အင်္ကျီလက်ရှည်အဖြူ၊ ကော်လံကတုံးကို ကြယ်သီးစုံအောင်တပ်၊ ဘိုကေပြောင်အောင်ဖြီးထားလိုက်တာနဲ့ပြီးတယ်၊ ရည်မွန်လိုက်တဲ့သူဆိုတာဖြစ်ဖို့လဲ 'ဟုတ်ကဲ့ခင်ဗျ'၊ 'ကြွပါခင်ဗျ' ဘာညာ 'ခင်ဗျာ' 'ခင်ဗျ' ရေလဲသုံးပြီးပြောနေနိုင်ရင် ဖြစ်သေးတာပဲ။ တို့က အဲဒါ တွေကြည့်ပြီး လက်ထပ်ပေးမှာ၊ စိတ်ချင်း လူချင်း တကယ်ပေါင်းရမှာက တို့ရဲ့သမီး၊ ရင်လေးစရာကြီးပါကွယ်၊ 'မချစ် မနှစ်သက်တဲ့သူ' ဆိုတာ ရန်သူမျိုးငါးပါးထဲမှာတောင် ထည့်ထားတာနော်၊ ကလေးရဲ့ခံစားချက်ကို ထည့်မတွက်လို့မရဘူး"

"နေပါဦး၊ ဒေါ်လေး မြန်မာပြည်ကိုပြန်လာမှာက သမီးရဲ့မင်္ဂလာပွဲ အတွက် စီစဉ်ပေးဖို့လား၊ မလုပ်သင့်တာတွေပြောပြပြီး ဖျက်ဖို့လား"

"ဟဲ့.. တိုင်ပင်ကြမှတော့ မှားတာ မှန်တာတွေထောက်ပြပြီး အမှား အယွင်းနည်းနိုင်သမျှနည်းအောင် ဖြင်ဆင်ဖြည့်စွက်ကြဖို့ပေါ့၊ ကျုပ်က ရှင်ပြောသမျှ မှန်ပါတယ်ဆိုပြီး ဖော်လိုလိုက်လုပ်နေရမှာလား"

ဒေါ်မမခိုင် စိတ်အပျက်ကြီးပျက်သွားမိလေသည်။ သက်ဝေလွှမ်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ပေးဖို့ကိစ္စမှာ ဒေါ်လေးအနေနဲ့ အင်တိုက်အားတိုက် ပါဝင်လာဖို့က မသေချာတော့ပေ။

ဒါပေမယ့် ပါမှဖြစ်မည်။ သက်ဝေလွှမ်းတို့မိသားစုနဲ့ နှစ်ကိုယ့် တစ်စိတ်လိုနေနေကြတာက ဒေါ်လေးတို့ပဲဖြစ်ကာ ကိုယ့်ကျတော့ သမီးရှင်မိခင်လည်းဖြစ်နေ၏။

ထို့ပြင် သမီးက မန္တလေးမှာ အနေများတာမို့ သမီးကိုမြင်တိုင်း သူတို့သားအတွက် ချွေးမတောင်းတောင်းနေတာ ခဏခဏဟု ဟိုတုန်းတည်းက ကြားနေခဲ့ရသည်။

ခု လက်ထပ်ပေးမယ်ဆိုရင် ကိုယ့်ဘက်က 'ခေါင်းညိတ်'လိုက်ရုံပဲ မဟုတ်ဘူးလား ...။

"နိုင် ..."

"ပြောလေ"

"သက်ဝေလွှမ်းတို့ချမ်းသာတာလောက်ကို ညည်းယောကျ်ားက ဟားတိုက်ရယ်နိုင်သေးတယ်နော်၊ အဲဒါ မမေ့နဲ့၊ ဒါက နောင်ရေးအတွက်ထား၊ စိတ်ချမ်းသာဖို့ဆိုတာလဲ သက်ဝေလွှမ်းနဲ့ စစ်ခြံရဲ ကိုယ့်ဟာဉ်ကြည့်၊ ရုပ်ရည်အတွက်၊ စည်းစိမ်ဥစ္စာ၊ ပြီးတော့ မြေးလေး ခင်တွယ်တဲ့သူ ...၊ ဒါတွေ သက်ဝေလွှမ်းမှာ တစ်ခုမှမပြည့်စုံဘူး"

"အဟွန်း ... ရုပ်ရည်၊ အရွယ်ပဲလား ...၊ စည်းစိမ်တွေပဲလား၊ ပညာအရည်အချင်းကို ထည့်ယှဉ်ပြောလေ"

"ဘွဲ့ရတာ၊ မရတာနဲ့တော့ လူတစ်ယောက်ရဲ့ အရည်အချင်းကို သတ်မှတ်လို့မရပါဘူးကွယ်"

"အဲဒါ ပညာမတတ်တဲ့လူတွေအတွက် ဖေးမကျန်ရစ်တဲ့စကားတွေပါ။ ဘာပဲဖြစ်ဖြစ် ပညာနည်းလို့ စိတ်ဓာတ်အဆင့်အတန်းနိမ့်ကျတဲ့သူဟာ တစ်ရာမှာ တစ်ရာခိုင်နှုန်းလောက်ပဲရှိတယ်ဆိုဆို အဲဒီတစ်ယောက်သော





သူဟာ စစ်ခြံရဲ ပဲ၊ သမီးနဲ့ ဒီကောင် လုံးဝမတန်ဘူး ဒေါ်လေး၊ သူ့ဟာသူ နတ်ပေးထားတဲ့စည်းစိမ်မျိုးပဲ ပိုင်နေနေ ..."

"အဲဒါကျတော့ ညည်းကတစ်ယူသန်တာ၊ လူတစ်ယောက်ဟာ တစ်သမတ်တည်းမကောင်းနိုင်သလို အဆိုးချည်းပဲလဲဖြစ်မသွားဘူး၊ နောက်တစ်ခုက မိုးပြိုမှာကို ထန်းလက်နဲ့ကာလို့မရဘူး သမီး၊ အရာရာကို ကိုယ်ဖြစ်ချင်သလိုဖြစ်အောင်လုပ်ဖို့ဆိုတာ ညည်းလက်ထဲမှာဆုပ်ကိုင်ထားတာကြီးတစ်စမဟုတ်ဘူး .. ဘဝတစ်ခု ...၊ လုပ်သလိုမဖြစ်လို့ ဖြစ်သလို လုပ်သွားရတာတွေရှိတာယ်မဟုတ်လား။ မာနတော့သိပ်မကြီးပါနဲ့ကွယ်။ ဒေါ်လေးပြောတာကိုနားထောင်ပါ။ ရှေ့တိုးပြီးမှ နောက်ပြန်ဆုတ်ရတာ မကောင်းဘူး၊ ခြေလှမ်းမရွေ့ခင်ကတည်းက သေချာစဉ်းစား၊ ဒေါ်လေး တတ်နိုင်သလောက် အမြန်ဆုံးပြန်ခဲ့မယ်၊ သက်ဝေလွှမ်းနဲ့ပဲ ညည်းကလေးကို သဘောတူနေတယ်ဆိုရင်တော့ ဒေါ်လေး စီစဉ်ပေးနိုင်တယ်"

နှုတ်ဆက်ပြီး ဒေါ်လေးကပဲ ဖုန်းချသွားခဲ့၏။ စဉ်းစားချင့်ချိန်ဖို့တွေ အများကြီးပြောသွားပေမယ့် နောက်ဆုံးကျတော့ စစ်ခြံရဲ ဆိုတဲ့ကောင်ပဲ သင့်တော်ဆုံးဖြစ်သလိုလို ...၊

ဒီကောင်လေးသာ တစ်လောကလုံးမှာ အချမ်းသာဆုံးလူလိုလို ...။

ကိုယ်ကရော ငွေမက်လွန်းလို့ ငွေကြေးပြည့်စုံတဲ့နောက်ကိုပဲ တကောက်ကောက်လိုက်နေခဲ့တာလား၊ ဒါတွေကို ပြောပြချင်ပါသေးသည်။

သူမမျက်လုံးထဲမှာ တစ်လောကလုံးမှာရှိသမျှယောကျ်ားတိုင်း စစ်ခြံရဲ ထက်သာလွန်ကောင်းမွန်နေကြသည်။ သမီးလေးကို သင်းမှလွဲ၍ ဘယ်သူနဲ့မဆို ထည့်သွင်းစဉ်းစားပေးနိုင်ပေမယ့် စစ်ခြံရဲ ဆို အသံပင်မကြားချင်။ ဘယ်ဘဝက အမုန်းဓာတ်ခံတွေပါလာခဲ့သည့်ရေစက်ဟောင်းတွေလဲ ...။

ဟိုနေ့က သမီးလေးနှင့် နှုတ်ခမ်းချင်းဖိကပ်၍ဖြစ်နေပုံကို မျက်စိထဲက မထွက်နိုင်ပါ။ ထိုအဖြစ်ကြောင့်ပဲ သမီးကို အမြန်ဆုံးလက်ထပ်ပေးဖို့



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။ အားလုံးကတော့ သမီး ရေနစ်နေတာ သတိပြန်မရသေးသဖြင့် စိုးရိမ်လွန်ပြီး ဟတ်ထိအတက်ခ်ဖြစ်သွားသည်ဟု ထင်ခဲ့ကြသည်။

ကိုယ်ခံစားလိုက်ရတာ ကိုယ်အသိဆုံး။ သမီး သတိပြန်ရလာတော့ သူ ရှိမနေတော့တာဘဲတော်သေးသည်ဟု ပြောရမည်။

ဒေါ်တိုး ပြောသည်ကတော့ သူမ သတိလစ်လဲကျသွားသည်နှင့် သမီးလေးလည်း သတိပြန်ရလာသည်တဲ့။ ခြံရဲ့ ကတော့ သတိရလာတဲ့လူကို စောင့်မနေတော့ဘဲ ဘာမှလည်းမပြောဘဲထ,ထွက်သွားသည်ဟုဆိုသည်။

"နေပါဦးဒေါ်တာ လုံးဝကိုပြန်လှည့်မလာဘူး။ ကျွန်မမှာ ချစ်ခြင်းလေးဆီ ပြေးရ၊ မခိုင် ကိုပြေးထူရနဲ့ နလုံးသွေးရပ်တော့မလားတောင် ထင်ရတယ်"တဲ့။

မြွေမြွေချင်းတော့ခြေမြင်တယ်ဆိုတာမျိုးလား။ သမီးနားမှာရှိနေတာ မကြိုက်မှန်း သူ့ဘာသာခံစားမိပြီး ထ,ထွက်သွားတာဟုပဲ သတ်မှတ်၍ ကျေနပ်လိုက်သည်။

သိလေ ကောင်းလေပါပဲ .....။





## အခန်း (၁၅)

"ဟင် ... ကိုကြီး"

ချစ်ခြင်း ခြေလှမ်းတုံ့သွားပြီးမှ ခပ်တုံ့တုံ့ဆက်လှမ်းခဲ့သည်။ ခြံရဲ့ က အပေါ်ထပ်ကနေဆင်းလာရင်း စီးကရက်မီးညှိလာတာဖြစ်သည်။

"နေကောင်းသွားပြီလား"

"အင်း"

ဘေးတံခါးဆီကိုလာတာဟာ ခြံထဲကိုဆင်းမလို့မှန်း သူ သိနေမှာမို့ ဆက်လက်ထွက်လာခဲ့ရသော်လည်း ကိုကြီးများ ဒီဘက်ကိုလိုက်လာမလားဟုတွေးကာ ရင်တွေခုန်နေမိသည်။

လှည့်လည်းမကြည့်ရဲ၊ ပါမလာပါစေနှင့်ဟု ဆုတောင်းရင်း ခြေလှမ်းတွေက နှေးကွေးနေ၏။

ကိုကြီးနဲ့ စကားပြောချင်စိတ်တွေ ချစ်ခြင်းမှာ ရှိပါသည်။ ဒါပေမယ့် မမေက ဒါကို အပြင်းအထန်တားမြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှိတာ၊ မရှိတာ မလိုချင်ဘူး၊ အစကတည်းက ညည်း ဒီမှာမနေဖြစ်အောင် မန္တလေးရောက် ဘယ်ရောက် လျှောက်ရောက်နေတာကို နားလည်လိုက်၊ အခုမှ ပြောချိန်တန်လို့ပြောရတာ၊ ညည်းကို တင့်တယ်ခမ်းနားတဲ့ ယောက်ျားနဲ့ လက်ထပ်ပေးမှာ၊ ဒီလိုသတ္တဝါကို ရောရောနှောနှောနေလို့ကတော့ လုံးဝ ဘာမှန်းမသိလိုက်ဘဲ ယောက်ျားရသွားမယ်၊ မလုပ်ဘူး မထင်နဲ့"

ဟု ကြိမ်းဝါးထားတာကို နှလုံးသွင်းရင်း အိမ်ထောင်ပြုရခြင်းဒုက္ခကို ရှောင်ရှားဖို့ထဲမှာ ကိုကြီး အဓိက နံပါတ်တစ်အဖြစ် ပါသွားရခြင်းဖြစ်သည်။

"ချစ်ခြင်း"

"ဟင်"

လှုပ်ရှားသံမကြားလိုက်ရဘဲ ချစ်ခြင်း ဘေးမှာ ခြံရဲ့ ဘွားခနဲကျလာသလို ရောက်လာခဲ့ပြီး ...

"ခြေထောက်မှာ ဒဏ်ရာရသွားတာ အမာရွတ်ကျန်ခဲ့သေးလား"

ဘုရား ...၊ ရင်ထဲမှာ ဒိတ်ခနဲထ,ခုန်သွားသည်။ ဒီဒဏ်ရာရလာတဲ့ နေ့ကို သတိမရချင်လို့ အိမ်တွင်းပုန်းလုပ်နေခဲ့တာ ဘယ်လောက်ကြာပြီလဲ။

ပျော့အိအိချိတ်ထဘီအနားစကို ခြေဖမိုးပေါ်မှာပုံကျနေသည့်အဖြစ်မှ မလွဲဖို့ ခြေလှမ်းက ပို၍စိပ်ရင်း နှေးကျသွား၏။ ခြံရဲ့ ကလည်း မရမက ကြည့်နေတာ မဟုတ်ပေမယ့် သူမခြေဖမိုးကိုပဲ ကြည့်နေတာဖြစ်သည်။

ချစ်ခြင်း က ခြေလှမ်းရပ်ပစ်လိုက်ကာ ...

"သက်သာသွားပြီလား၊ ဘာအမာရွတ်မှမကျန်ခဲ့ဘူး၊ ကိုကြီး ဒီနေ့ ဘယ်မှမသွားဘူးလား"

"သွားမလို့ဆင်းလာတာ၊ မင်းနဲ့ စကားမပြောဖြစ်တာ ကြာတာနဲ့..."

အော် ... ဘယ်တုန်းကမှ စကားကောင်းကောင်းပြန်မပြောခဲ့ဘဲနဲ့...၊





ခုကျတော့ ကိုကြီး မျက်နှာကိုလည်း ရဲရဲမကြည့်ရဲ၊ မေမေကလည်း တင်းတင်းကျပ်ကျပ်ဖြစ်နေပြီ။

အမြဲတမ်း အောက်ကျနောက်ကျခင်တွယ်ခဲ့ရသည့် ကိုကြီးမျက်နှာဆို ချစ်ခြင်း နှမြောတသခြင်းများဖြင့် မော့ကြည့်လိုက်မိသည်။

ခြံရဲ့ က ဆံပင်တွေကို နောက်မှာစုချည်ထားပုံပေါ် ကာ နားဆယ်စပ်မှ ဖရိုဖရဲပြိုဆင်းနေသည့်ဆံပင်တွေက ရှေ့ပခုံးအောက်ထိ ခပ်တွန့်တွန့်...။

ဒီပုံစံ မေမေ မြင်ရင် ချီးကျူးပါလိမ့်မည်။

'ဘယ်ကိုကြည့်ကြည့် လမ်းသရဲလူမိုက်ရုပ်'လို့ ...၊

ချစ်ခြင်း မျက်လုံးထဲမှာတော့ ကိုကြီးက အမြဲတမ်းချောနေတဲ့သူ...၊ ခေးရိုးကားသလိုရှိသော မျက်နှာကျပုံက တောင့်တင်းမြင့်မားသည့်ကိုယ်ဟန်နှင့် အလိုက်ဖက်ဆုံးပင်။

ပြီးတော့ ထောင့်ချိုးလွန်အောင်ပေါ် နေသည့်နှုတ်ခမ်းတွေမှာ အမြဲတမ်း ရှုသိုးသိုးမာကျောကျောပုံပေါက်နေတတ်သည့်မျက်နှာဟာ မာန်မာနတွေအပြည့်နဲ့ဖြစ်၏။

ဒီလို ယောက်ျားတစ်ယောက်ဟာ တစ်စုံတစ်ရာမှ ထူးချွန်ထက်မြက်ခြင်းမရှိပါဘဲ ပျော့ညံ့ညံ့ရေသာခိုရင် ဒီတိုင်းပြီးဆုံးသွားမယ့်သူဆိုတာ ချစ်ခြင်း မယုံကြည်။ မေမေထင်နေသလို ကိုကြီးက ဆေးသမားမဟုတ်ပေ။ ပြီးတော့ ရန်ဖြစ်ရခြင်းအကြောင်းတွေကလည်း ကိုကြီး သောက်စားမူးရူးပြီး ဖြစ်ချင်တိုင်းဖြစ်နေတာတွေမဟုတ်။

ဒီလိုသာ ချစ်ခြင်း ကိုကြီးဘက်က ကာကွယ်တွေ့နေခဲ့တာ မေမေ သိသွားလျှင် ...

"ချစ်ခြင်း .. မင်းကို တစ်ခုလောက် အကူအညီတောင်းချင်တယ်၊ ဖြစ်မလား"

"ဟင် ... ချစ်ခြင်း ဆီက ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

ဩော် ... နေကောင်းလား ဘာညာနဲ့ ဒဏ်ရာကိုတောင် မေးနေခဲ့တာ စိတ်ကောင်းလေးဝင်လို့ပါလားလို့မှတ်ပါတယ် သူ့မှာ ပြဿနာရှိနေလို့ကိုး .....။

"ပြောလေ .. ကိုကြီး ဘာလဲ"

"အခု အပြင်ခဏလိုက်ခဲ့လို့ရမလား"

"အပြင်ကို ..."

ချစ်ခြင်း မျက်နှာလေးပျက်သွားတာကို သူက စိုက်ကြည့်၏။ ဝင်းနှစ်နေသည့်မျက်နှာလေးမှာ ရောင်စုံတင်ထားတာဘာမှမရှိဘဲ ပြည့်စုံနေသည်။

မချစဖူး ဆံပင်ရှည်တွေဖြန့်ချထားတာကြောင့် ဒီနေ့ ချစ်ခြင်း၏အလှက ဆန်းပြားနေ၏။ ဟိုနေ့က သူ ကျူးလွန်လိုက်မိသည့်အပြစ်ကို တောင်းပန်ချင်သည်။ ဒဏ်ရာရသွားမှန်းသိလို့လည်း တောင်းပန်သင့်သည်ဟု သတိမှတ်ခဲ့တာဖြစ်သည်။

ဒါပေမယ့် မတွေ့ဖြစ်တော့ဘဲ သူမ ရေနစ်နေကာမှ နောက်ထပ်တွေ့ဖြစ်ခဲ့၏။ ထို့နောက်မှာလည်း မတွေ့ဖြစ်ကြခြင်းပဲဖြစ်ကာ ဘာအတွက်မှလည်း မတောင်းပန်ဖြစ်တော့ပါ။

ဒါတွေပြန်ပြောပြနေလည်း အသစ်ပြန်ဖြစ်လာဦးမှာမို့ ဒီတိုင်းပဲ ကျော်ဖြတ်ထားခဲ့လိုက်တာ သင့်တော်ရဲ့လားမသိ။ စကားပြန်ပြောပုံလေးကတော့ ဟိုတုန်းကပုံစံလေးအတိုင်း သူ့အပေါ်မှာ ချစ်ခြင်း အပြစ်မမြင်ခဲ့ဘူးထင်သည်။

"ဟိုလေ .. မေမေက ..."

သူတွေးနေတာတွေမဟုတ်ဘဲ ချစ်ခြင်း က အပြင်ထွက်ဖို့အကြောင်းကိုပဲတွေး၍ စကားပြန်စလာသည်။ သူ့ကို အားနာသလိုလေးမော့ကြည့်ကာ ...





"မေမေက ချစ်ခြင်းကို သူမသိဘဲ ဘယ်မှမထွက်ရဘူးလို့ မှာထားတာ"

"သိတယ်လေ၊ မင်းအမေက ကိုယ့်ကိုမခေါ်မပြောဖို့ အမိကမေကျာ ဘွဲ့ရအောင်ပို့ချနေတာ"

"အို ... အဲဒီလိုလဲမဟုတ်ပါဘူး။ ဟို ..."

"အခု မင်းအမေမှမရှိတာ လိုက်ခဲ့ပေးကွာ၊ မင်းပါမှဖြစ်မှာမို့လို့ပါ။ ညည်းလေးတစ်ခုဝယ်ပေးရုံပဲ၊ အဲဒါတွေ တို့ မဝယ်တတ်လို့ ..."

"ဘာလဲဟင်"

"ဘာဖြစ်ဖြစ် ခဏလေးပဲ၊ လာ"

"အို.. ကိုကြီး ... ချစ်ခြင်း မဖြစ် ..."

စကားလည်းဆုံးအောင်မပြောဖြစ်ပါ။ ခြံရဲ့ က သူ့ရဲ့များစွာသောကားတွေထဲက အလယ်တစ်စီးထဲကို ချစ်ခြင်း ထိုင်ဖြစ်သွားအောင် ထည့်ပေးလိုက်ပြီး သူ ဟိုဘက်ကတက်သည်။

ကားက ဖီးရောင်ပါဂျရိုးဖြစ်ကာ ဖိတ်ဖိတ်လက်နေ၏။ တန်းစီထားသည့်ကားတွေထဲကနေ နောက်ကိုလျှောခနဲဆုတ်ထွက်လိုက်ပြီး ခြံဝကိုဦးတည်လိုက်တာ တစ်စီးတည်းကွင်းပြင်ကြီးထဲမှာ မောင်းနေသလိုပင်။

မတော်တဆ ဘေးကားတွေကို ပွတ်မိ ချိတ်မိသွားလျှင် မခက်ဘူးလား။ အတူနေလာကြတာကြာပေမယ့် ကိုကြီးရဲ့ကားကိုစီးဖူးတာ ဒါပထမဆုံးဖြစ်သည်။

ဦးဦးမိုးတောင်မှ ဒီလောက်ကောင်းတဲ့ကားကိုမစီးခဲ့ပါ။ ကိုကြီးမှာ ဒီလိုကောင်းတဲ့ကားတွေချည်း လေးစီးတောင်ရှိနေ၏။

ဖအေနဲ့သားမို့ သားအမိလို ပူးပူးကပ်ကပ်သိပ်မနေကြသော်လည်း ကိုကြီးကို ဦးဦးမိုး ဘယ်လောက်ချစ်တယ်ဆိုတာ သိသာနေသည်။ မေမေ အဆို ဒါကိုပဲကဲ့ရဲ့သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားသမီးကို ရွှေပေါ်မြတင်ထားနိုင်တာနဲ့ မိဘဝတ္တရားကျေတာ မဟုတ်တာ။ ဟွန်း .. အဲဒါ အဆင်းကို ဘီးတပ်ပေးထားတာ"တဲ့။

"ချစ်ခြင်း"

"ဟင်"

"မင်းအမေ မင်းကို တစ်ယောက်ယောက်နဲ့လက်ထပ်ပေးမလို့ စီစဉ်နေတယ်ထင်တယ်၊ အဲဒါ မင်းသိလား"

မဆီမဆိုင်မေးလာသဖြင့် ကားမောင်းနေသည့် ခြံရံ ကို ချစ်ခြင်းက လှည့်ကြည့်သည်။ ခြံရံ က ရှေ့ကိုကြည့်နေရင်းကနေ ဖျတ်ခနဲလှည့်လာပြီး မေးဆတ်ကာ ...

"ဖြေလေ"

"ပြောတော့ပြောထားတယ်၊ စီစဉ်နေတယ်ဆိုတာတော့ မသိဘူး ဦးဦးမိုး ပြောတာလားဟင်"

သူမေးချင်တာကိုမေးပြီး ချစ်ခြင်းမေးတာကိုကျတော့ ခြံရံ က မဖြေ။

"ငါ့သူငယ်ချင်းတစ်ယောက် မိန်းမခိုးလာတယ်"

"ဟင် ..."

ဘယ်ကိစ္စကနေ ဘယ်အကြောင်းကိုပြန်ရောက်သွားတာလဲ။ ချစ်ခြင်း ဘာနားထောင်ရမှန်းမသိတော့ဘဲ နားရှုပ်သည့်မျက်နှာလေးနှင့်ဖြစ်သွား၏။ ခြံရံ က ကားမောင်းနေရင်း ဆက်ပြောသည်။

"တို့အုပ်စုထဲက ဒီကောင်က နည်းနည်းဖောင်းရှိတယ်၊ ဒါပေမယ့် ဒီတစ်ယောက်ကိုတော့ သူ ချစ်ပါတယ်၊ ပြီးတော့ ပညာရေး ဥစ္စာရေး သူ့ထက် အများကြီးသာတယ်၊ အမိကကတော့ သူတို့ချင်းချစ်ဖို့ပဲလေ၊ ခိုးပြေးတဲ့အထိဖြစ်သွားတဲ့အကြောင်းထဲမှာတော့ ငါမပါပါဘူး၊ ပြီးပြီဆိုမှ သိတာ"

"အခု အဲဒါ ကိုကြီးနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"





"ဘာမှကိုမသိလိုက်ပေမယ့် အခု ရွှေပုန်းညက်က ဖေဖေဝယ်ထား ...ိုက်ခန်းမှာ သူတို့ကိုထားလိုက်ရတယ်"

"အဲ့... အဲဒါတွေ ဦးဦးမိုးမိုး မသိဘူးပေါ့"

"ဘယ်သိမလဲ၊ လောလောဆယ် သိဖို့လဲမလွယ်ပါဘူး၊ ဖေဖေ့မှာ ...ယ်ထားတဲ့ လုံးချင်းတိုက်တွေ၊ တိုက်ခန်းတွေ အများကြီးရှိတယ်၊ ...ဖြစ်ကိုမပြောဘဲ ကျွန်တော့်သူငယ်ချင်း အကူအညီတောင်းလို့ ခဏ ...ားတယ်ဆိုရင်လဲ ဖြစ်တယ်"

"မိဘကို မညာကောင်းဘူး ကိုကြီးရဲ့၊ ဦးဦးမိုးက ကိုကြီးအတွက် ...နေတာလေ"

တင်းသွားသည့်မျက်နှာ ချစ်ခြင်းဘက် ဖျတ်ခနဲလှည့်လာသည်။

"ငါကတော့ မင်းအမေအတွက်လို့ထင်တာပဲ၊ မဖြစ်နိုင်ဘူးလား"

...ချက်လုံးချင်းဆုံသွားစဉ်မှာ ရှေ့မှာ ကားတစ်စီး ဘွားခနဲပေါ်လာ ...ငြင့် ပွတ်ကပ်ရှောင်ပစ်လိုက်ရသည်။ ကားက ခါယမ်းသွားရာ ချစ်ခြင်း ...ယ်လေး ယိုင်သွား၏။

"ကိုကြီးက အဲဒီလို တစ်ချိန်လုံးမြင်ပြီး မေမေ့ကို ဒီလိုဆက်ဆံနေခဲ့ ...လားဟင်"

"မင်းအမေကရော မိဘအုပ်ထိန်းသူပုံစံမျိုးနဲ့ နူးနူးညံ့ညံ့ဝင်လာခဲ့တာ ... သူပေးတာတွေကို ငါ အရင်ယူခဲ့ရတာ၊ ငါကတော့ ဘာမှပြန်မပေး ...ဘူးထင်တယ်"

ခြံရံ့ နှုတ်ခမ်းများက မဲ့ပြုံးကို ချစ်ခြင်း အံ့သြစွာငေးနေမိသည်။ ...ာ ကားမောင်းရင်း ဒီဘက်ကိုမလှည့်ဘဲ ...

"အစကနေ အလယ် ပြီးတော့ ဒီနေ့ထိ စည်းစိမ်ဥစ္စာတွေ ငါ့ခေါင်းထဲ ...ကျုပ်ကျုပ်သိပ်သိပ် ဘာမှထည့်ခဲ့တာမရှိဘူး၊ စီးပွားခွဲနေကြဖို့ စ,လာ ...ာ မင်းအမေ။ မင်းဘဝ , ငါ့ဘဝ ရင်းနှီးကျွမ်းဝင်ဖို့ မတန်ရာဘူးဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ကို တရားဝင်ပြောပြီး စည်းခြားပစ်ခဲ့တာလဲ မင်းအမေပဲ၊ အဲဒါ ငါ တစ်ချိန်လုံး ဒီလိုမြင်ခဲ့တာလား၊ မင်းမေးခွန်းကို ပြန်စဉ်းစားလိုက်"

"မေမေက ..."

"ငါ စိတ်မဝင်စားပါဘူး၊ မင်းကိုလဲ ဘယ်တုန်းကမှ ခေါင်းထဲမထ ခဲ့ဘူး၊ ငါ့ဘက်က ငါနေတတ်သလိုနေခဲ့တာ၊ တစ်ခုတော့ရှိတယ်၊ ငါ နိုင်အောင် စော်ကားမှုပြင်းထန်လာရင် အဲဒီနေ့ကစပြီး ငါ တုံ့ပြန်မ

"ကိုကြီး ဟိုလေ .. ကိုကြီးပြောချင်တာကိုပဲပြောပါ၊ မေမေ့အကြော မပါပါနဲ့တော့နော်၊ ချစ်ခြင်း ကိုကြီးနဲ့မေမေ အဲဒီလိုဖြစ်နေကြတာ မကြားရဲဘူး"

ချစ်ခြင်း မျက်ဝန်းမှာ မျက်ရည်လေးတွေလက်နေတာကို ခြိမ့်
၄ ရှုးခနဲကြည့်သည်။

"မေမေ့ဘက်က ပြောတာဆိုတာတွေ လွန်တာရှိမှန်း ချစ်ခြင်း သိ တယ်၊ ဒါပေမယ့် ..."

"ထားလိုက်ပါ၊ အဲဒါတွေကို စိတ်ဝင်စားလွန်းလို့ ငါ ထည့်ပြော မဟုတ်ဘူး၊ ထားလိုက်တော့၊ အခု ဟိုမှာ သတို့သမီးဝတ်စုံတစ်စုံ ငါ ရွေးပေး"

ပြောင်းသွားပြန်ပြီ အကြောင်းအရာတစ်ခု။ 'Marry'လို့ ဆိုင်းဘု အကြီးကြီးတင်ထားသည့်ဆိုင်ရှေ့မှာ ကားကို နေရာယူပြီးရပ်လိုက်သည်

ဘေးပတ်ဝန်းကျင်မှာ ပလက်ဖောင်းတစ်လျှောက်လုံး ဒီလိုဆိုင် တွေပဲဖြစ်လျက် လူတွေရော ကားတွေရော ရှုပ်ယှက်ခတ်နေသည် ရန်ကုန်သူဖြစ်ပေမယ့် မေမေ ထုပ်ပိုးထားခဲ့သည့် အသိုက်အဝန်းလေး မှာပဲနေခဲ့ရသည့် ချစ်ခြင်းအတွက် ဘယ်နေရာရောက်ရောက် မရင်း မကျွမ်းဝင်ခဲ့သည့်နေရာတွေချည်းပဲဖြစ်နေ၏။

"လာ .. ဒီဘက်ကို"





ကားပေါ်ကနေဆင်းကတည်းက ချစ်ခြင်း ဟိုကြည့်ဒီကြည့် လျှောက် နေသဖြင့် ခြိမ့် က ချစ်ခြင်း လက်ကလေးတစ်ဖက်ကိုဆွဲ၍ ဆိုင်ထဲကို သွား၏။

"လာ မောင်လေးတို့ ဟိုဘက်မှာ မြန်မာဝတ်စုံတွေရှိတယ်၊ ဒီဘက် ကိုရီးယားမိတ်တွေရော၊ ချုပ်ထားတာတွေရော အစုံပဲ၊ ညီမဇလေးက မာဝတ်စုံ ကြိုက်နေတာလား"

ထွက်ကြိုကြတာ အမျိုးသမီးနှစ်ယောက်၊ တစ်ယောက်က ဖော်ရွေ န်းကာ ချစ်ခြင်း ပခုံးလေးကိုလာဖက်၍ ...

"ညီမလေးမျက်နှာက မြန်မာမဆန်ဆန်လေးပေမယ့် ဘယ်လိုဝတ်စုံ ဖြစ် လိုက်မှာ၊ မျက်နှာလေးကလဲ ဆံပင်ကို ဘယ်လိုပြင်ပြင် လှမှာပဲ"

"အို .. ချစ်ခြင်း .. ကျွန်မ မဟုတ်ပါဘူး"

"ဟင် ..."

"လာ ဟိုဘက်မှာကြည့်ပေး"

ချစ်ခြင်း ဘာမှမပြောရသေးခင် ခြိမ့် က မြန်မာဝတ်စုံတွေဘက်ကို သွား၏။

ထိုအခါ နောက်ထဲက မိန်းကလေးတစ်ယောက်ထွက်လာကာ ...

"ပတ်ကြည့်လို့ရတယ် မမ၊ ဒီဘက်မှာ အခန်းနံရံကပ်မှန်တွေ တပ် ထားတာ"

"ခဏ ခဏ"

ခြိမ့် က သူမကိုလက်ကာပြလိုက်ပြီး ချစ်ခြင်း ပခုံးလေးကိုဖက်ကာ ဘက်ဆွဲခေါ်သွား၏။ ပြီးမှ အသံတိုးတိုးနှင့် ...

"သစ်သစ်ဇော် ဆိုတဲ့မိန်းကလေး တော်တော်လှတယ်၊ ဒါပေမယ့် နည်းပိန်တယ်၊ မင်းကိုယ်လုံးနဲ့တိုင်းပြီး နှစ်လက်မလောက်လျှော့ တ်ရင် ရပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး ..."

"မင်းဝတ်ကြည့်လေ၊ ကျပ်နေရင်ရမှာပေါ့၊ အရောင်လေးပဲ အ[illegible] ရွေးပေး"

"ကိုကြီး အဲဒါ သူ့ဘာသာရွေးမှ အဆင်ပြေမှာလေ၊ ချစ်ခြင်း[illegible] ချစ်ခြင်း အကြိုက်ကိုပဲရွေးလိုက်ရင် သူ ကြိုက်ချင်မှကြိုက်မှာပေါ့"

"ကြိုက်ကြိုက် မကြိုက်ကြိုက်ကွာ ကိုယ် အကောင်းဆုံးကြိုး[illegible] ပေးလိုက်တာပဲ၊ အားလုံး တာဝန်တွေခွဲလိုက်တော့ ငါက ဝတ်စုံနဲ့ မုန့်[illegible] ခုံတစ်လုံး မဲကျသွားတယ်"

"သူ .. သူက အဲဒီလောက်တောင် ချို့တဲ့လို့လားဟင်"

"မဟုတ်ဘူး၊ ရှေ့နည်းနည်းရှိလို့၊ အဲဒါတွေ နောက်မှမေး၊ ဝ[illegible] သွားရွေးလိုက်ပါ"

စကားပြောနေတုန်း ဖုန်းလာတော့ ခြံရဲ့ က ဖုန်းထုတ်ကိုင်သ[illegible] ထိုအချိန်ထိ ချစ်ခြင်း က လည်ပင်းလေးတွေပွတ်နေတုန်း။ ဒီနေ့[illegible] ဆံပင်တွေရှင်းပြီး ဒီတိုင်းဖြန့်ချထားခဲ့မိတော့ စိတ်ကအိုက်၊ လူကအိုက်[illegible] ဆိုင်ထဲမှာ အဲကွန်းဖွင့်ထားတာတောင် ချွေးပြန်ချင်လာသည်။

"ဟလို .. အေး .. ငါရယ် ..."

ဖုန်းပြောရင်း ခြံရဲ့ က ချစ်ခြင်း လက်ကို စိတ်မရှည်သလိုဆွဲ[illegible] ရပ်စောင့်နေသည့်မိန်းကလေးနားကို ပို့လိုက်၏။ ပြီးတော့ လိုက်ပြ[illegible] လိုက်ဖို့ သူမကို ပုံစံလုပ်ပြပြီး ဖုန်းဆက်ပြောနေ၏။

"အေး .. ငါ ခု ဝယ်နေပြီ တိုင်း ဆိုတဲ့အပေအတေကောင် အခန်း[illegible] မှာ နပ်နေတုန်းလား"

"... ... ..."

"ဆွဲထုတ်ပြီး ဝရန်တာက ကန်ချပစ်လိုက်"

"... ... ..."





"အေးနော် .. လက်မှတ်ထိုးပြီးတာနဲ့ ဘာမှ လုံးဝနားမပူကြေးပဲ၊ မင်းတို့ဘာသာ ဆက်လုပ်ပေးကြ၊ ငါ စိတ်မရှည်ဘူး"

"... ... ..."

"ဘာ .. အင်း .. ချစ်ခြင်း ကို ခေါ်လာရတာ"

"... ... ..."

"အဲဒါ မင်းကိစ္စမဟုတ်ပါဘူး၊ ဒါပဲ"

ဖုန်းပြောပြီး သိပ်မစောင့်လိုက်ရဘဲ ချစ်ခြင်း ပြန်ထွက်လာသည်။

"ရလား"

"အင်း .. ဒါပေမယ့် ချစ်ခြင်း ကြိုက်တဲ့အရောင်တွေက ချစ်ခြင်း နဲ့ အတော်ပဲဖြစ်ဖြစ်နေတာ၊ တခြားအရောင်က အနီရောင်သမ်းပြီး မင်္ဂလာ မရှိဘူး ကိုကြီး"

"ဒါဆိုလဲ မင်းနဲ့တော်တာပဲယူလိုက်ကွာ၊ ကိုယ်ဝယ်ပေးလိုက်တယ် ဆို ပြီးတာပဲ၊ အဲဒီဖယားတွေကို စိတ်ကိုမဝင်စားချင်ဘူး၊ သွားမယ်"

သူ ပိုက်ဆံရှင်းတော့ ရှိသမျှမိန်းကလေးတွေက ဝင်လာတုန်းကနှင့် မတူသောမျက်လုံးတွေနဲ့ဝိုင်းကြည့်နေကြ၏။ လက်ထပ်မည့်စုံတွဲမဟုတ် မှန်းတော့ ချစ်ခြင်း ပြောပြလိုက်လို့ တစ်ယောက်စကား တစ်ယောက် နား ကြားပြီးဖြစ်လိမ့်မည်။

ဒါပေမယ့် မောင်နှမလည်းမဟုတ်၊ ဟုတ်နေတယ်ပဲထား .. ဒါမျိုး ဝယ်ခြမ်းတယ်ဆိုတာ ဇနီးလောင်းနဲ့သာ လာသင့်တာမဟုတ်ဘူးလား...။

"မိန်းမတွေကိုက ပါးစပ်နဲ့ပြောမကောင်းတော့ မျက်လုံးတွေနဲ့စပ်စု တယ်၊ အဲဒါကြောင့် ဒီနေရာတွေကို မလာချင်တာ"

အတူထွက်လာတော့ ခြံရဲ့ မျက်နှာကြီးက ရှုပ်ပွထနေ၏။ သူ့ပုံစံ ကြီးကမိန်းမတွေကို အလွန်စိတ်ပျက်နေသည့် ဝါဒီသမားကြီးနှင့် တူနေ ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးက သူများအတွက်ရှာဝယ်တာကို၊ သူတို့က ထူးဆန်းနေ လို့ဖြစ်မှာပေါ့၊ ဒါမျိုးက စုံတွဲလာဝယ်ရတာကို ..."

"ဒါကျတော့ မင်းက သိနေပါလား"

ချစ်ခြင်း ကားထဲဝင်လို့ တံခါးလိုက်ဖွင့်ပေးရင်း သူက မျက်မှောင် ကြုတ်နှင့်မေး၏။

"ဒီလောက်တော့သိတာပေါ့၊ ကိုကြီးက ရည်းစားတော့ထားနေပြီ ဒါတောင်မသိဘူးလား"

"ငါ ရည်းစားထားတယ်လို့ မင်းကို ဘယ်သူပြောလဲ"

"ဟင် ..."

ချစ်ခြင်း မျက်လုံးလေးဝိုင်းသွားသည်။ ကိုကြီး ဆယ်တန်းဖြေရင်း တဗုန်းဗုန်းကျနေတုန်းက အိမ်မှာ သူငယ်ချင်းတွေစုပြီး ပြောဆို စနောက် နေကြတာတွေကို နားစွန်နားဖျားကြားခဲ့တာပါ။

ကိုကြီး အသေအလဲ ပိုးပန်းနေတယ်ဆိုလား ...၊ ချစ်နေကြပြီဆို လား ...၊

"ဟွန့် ..."

ဘာကြောင့်မှန်းမသိဘဲ ခြံရံ က ဟွန့်ခနဲမဲ့ပြီး တံခါးကိုဆောင့်ပိတ် ပေးလိုက်၏။ ဟိုဘက်ကနေ ဝင်ထိုင်ပြီးမှ ...

"မင်းအမေပါးစပ်ထဲမှာ လူရှုပ်လို့ပြောပြောနေတော့ လူပွေမဖြစ် သေးတာ တော်သေးတယ်လို့ထင်နေတာ၊ ဘာလဲ .. ရည်းစားများနေတဲ့ ကောင်လို့ အခု ပြောနေပြီလား"

"ဟင့်အင်း"

ချစ်ခြင်း ပျာပျာသလဲခေါင်းခါမိသည်။ မေမေကလည်း စကားပြော တိုင်း ကိုကြီး မကောင်းကြောင်းမပါလို့မပြီး။ တစ်ယောက်ယောက်ကနေ ခြံရံ ဘယ်နေရာလေးတော့တော်သားပဲလို့ မပြောလိုက်နဲ့ မေမေက ဖျက်





ပြီးသား ...။

ကိုကြီးကလည်း မကောင်းစကားဆို မေမေ့ဆီကလာတယ်လို့ပဲ ထင်ပြီးသားပါလား။ လော်လောဆယ် စကားမှားသွားတာကို ဖြေရှင်းဖို့ သတိမရဘဲ ချစ်ခြင်း ရဲ့စိတ်က မေမေနဲ့ ခြံရံ ရဲ့နှစ်ချို့ပဋိပက္ခများဆီ ရောက်သွားခဲ့၏။

"တစ်ခုခုစားရအောင်၊ ဗိုက်မဆာဘူးလား"

"ဟင့်အင်း .. ညနေစောင်းနေပြီ"

မေမေ ပြန်ရောက်နေလျှင် ခက်ပြီကိုတွေးမိတော့ ရင်ထဲမှာ ပူ လောင်သွား၏။

ထို့ကြောင့် ရင်ခွင်ထဲက သတိ့သမီးပြန်ငုံကြည့်ကာ ...

"ကိုကြီး ဒါ သွားပေးဦးမှာလားဟင်"

"ဟုတ်တယ်၊ သိပ်မကြာပါဘူး၊ တိုင်း ကိုထွက်လာခဲ့ဖို့ ဖုန်းဆက် လိုက်မယ်၊ ဟိုထိမသွားဘူး"

ပြောရင်း လက်တစ်ဖက်က ဟန်းဖုန်းကိုထုတ်လိုက်လျှင် ...

"ကိုကြီး .. ကိုကြီး ပြီးတော့မှပြန်ထွက်ပါလားဟင်၊ ချစ်ခြင်း ကို အရင်ပြန်ပို့ပါ၊ မေမေက အပြင်ကို သူမပါဘဲ လုံးဝမထွက်ရဘူးလို့ သေချာ မှာထားတာ"

"အခု သူမသိအောင် ပြန်နိုင်မယ်လို့ မင်း ထင်လို့လား"

"ဘယ်လို ..."

"သူသိသိ မသိသိပေါ့၊ မင်းနဲ့ငါ တစ်အိမ်တည်းနေကြတဲ့သူတွေ၊ ကောင်းရာမကောင်းကြောင်းဆိုတာ ရှိတာပဲ၊ မင်းကို မိုက်ရိုင်းဖို့မြှောက်ပေး တာတော့မဟုတ်ဘူး၊ ဒါပေမယ့် ကိုယ့်ရဲ့စိတ်ချမ်းသာပျော်ရွှင်မှုကို ရယူ ချင်တဲ့အခါ တစ်ခါတလေ လူဆိုးဖြစ်သွားတတ်တာရှိတယ်၊ အမြဲတမ်း ညှိသက်နေခြင်းက မကောင်းဘူးကွ၊ ကိုယ့်ရဲ့ကိုယ်နဲ့ သူများရဲ့စိတ် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေရတာ ကြာလာရင် အဲဒီလူမှာ ကိုယ်ပိုင်စွန့်စားဆုံးဖြတ်နိုင်စွမ်းတွေ မဲ့လာတယ်၊ အမှီတစ်ခုခုရှိနေမှ ရပ်တည်ချင်တဲ့အထိ ကိုယ်စွမ်းကိုယ်စ ပျောက်သွားတာမျိုး ...”

သူ့စကားသူပြောရင်း ကျေနပ်နေသလားမသိ၊ ကားမောင်းလိုက်၊ ဒီဘက်လှည့်ပြောလိုက်နှင့် ခြံရုံ့ မျက်နှာက ထိမထင်အပြုံးတွေ လွှမ်းခြုံနေ၏။

ကိုကြီး ဒီလိုပြောပါတယ်လို့ မေမေ့ကို ပြန်ပြောကြည့် ...၊

“အဲဒါကြောင့် ပြောတာပေါ့၊ သူတော်ချင်းချင်း သတင်းလွှေ့တဲ့ တံငါနားနီးတံငါ၊ မုဆိုးနားနီးမုဆိုးလေ၊ ဘုန်းကြီးကျောင်းနားသွားမှ စာသင်စာချသံ ကြားရမှာ၊ သားသတ်ကုန်းကိုသွားမှတော့ သတ်ဖြတ်အော်ဟစ်သံတွေပဲ ကြားရမှာပေါ့”

ဟု ဇွေ့ဇွေ့ခုန်ထဖြစ်ကာ ...

“လူမိုက်နဲ့နီးကပ်နေမှတော့ လူမိုက်ဂုဏ်ရည်တွေပဲ သူရှယ်ပြောမှာပဲ၊ အဲဒါကြောင့် လုံးဝကို မရင်းနှီးစေချင်တာ၊ ဓားကိုင်တတ်တဲ့လက်က ဓားကိုပဲသွေးနေမှာ၊ ပုတီးကိုင်တဲ့သူမှ သရဏဂုဏ်ဆောက်တည်ရမှန်း သိမယ်၊ လူမိုက်ကို အထင်မကြီးစမ်းပါနဲ့ ပြောထားမယ်နော်၊ ဒီကောင်ကို လုံးဝ စကားသွားမပြောနဲ့”

ဆိုသည့် စကားတွေကို ကိုကြီးနဲ့ ချစ်ခြင်း ဒီလောက်မရင်းနှီးခင် ကတည်းက အရွယ်မရောက်တရောက်အချိန်တွေမှာပဲ ငြီးငွေ့အောင် ကြားခဲ့ရသည်။ ခုဆို ရင်ဘတ်ပါထုလိမ့်မည်ထင်သည်။

“မင်း ငါပြောတာကို တွေးနေတာလား၊ မင်းအမေပို့ချပူးတာတွေနဲ့ တိုက်ကြည့်နေတာလား”

ရင်ထဲကအတွေးကို ဒေါက်ခနဲမေးချလိုက်သဖြင့် ချစ်ခြင်း သူ့ကို မော့ကြည့်ပြီး ခေါင်းခါလိုက်ရမလို ဝန်ခံလိုက်ရမလိုလို ...။





“အစချီလာခဲ့တဲ့ လူ့ရဲ့စိတ်က ဘာနဲ့တူလဲ မင်း သိလား”

ကားမောင်းရင်း လှည့်ကြည့်လိုက်ပေမယ့် ချစ်ခြင်း ဖြေတာကို သူက မစောင့်ဘဲ ဆက်ပြော၏။

“ပုံစံခွက်ထဲကို စီးဝင်လာတဲ့ အစေးရည်တွေလိုပဲ သူ နေရာယူလိုက်တဲ့ပုံစံအတိုင်း အေးခဲသွားတော့ ဒီပုံအတိုင်းပဲသွားတယ်၊ လူကတော့ အချိန်ယူပြောင်းလဲမှု ဘာညာတွေရှိတယ်ကွာ၊ ဒါပေမယ့် အချိန်ဆိုတာကို လူက ကန့်သတ်တာ၊ အချိန်က ဘယ်သူ့ကိုမှ လိုသလောက်ပေးတာ မရှိဘူး၊ လူတစ်ယောက်ရဲ့ဘဝက သူ့မိဘအုပ်ထိန်းသူရဲ့လက်ထဲမှာ အချိန်ရဲ့သုံးပုံတစ်ပုံရှိခဲ့ရတာ၊ ဒီအချိန်မှာ ကိုယ့်ရဲ့စိတ်ကို ကိုယ်မဟုတ်တဲ့ တစ်ယောက်ယောက်က စိတ်ကြိုက်မောင်းနှင်မယ်ဆိုရင် ...”

“သားသမီးတိုင်း မိဘရင်ခွင်ထဲကနေ ကြီးပြင်းခဲ့ကြတာပဲ ကိုကြီးရဲ့”

ချစ်ခြင်း ပြောလိုက်တော့ သူက ဖျတ်ခနဲလှည့်ကြည့်ပြီး ရှေ့ပြန်လှည့်၏။

နှုတ်ခမ်းအစုံမှာ ပြုံးယောင်သမ်းလျက် ...

“မတူတာကို မင်း မသိလို့ပါ၊ ငါပြောချင်တာက လူတစ်ယောက်ကို ပြောတာမဟုတ်ဘူး၊ သူ့ရဲ့စိတ်ကိုပြောတာ၊ ပြောသင့်တာကို ပြောရဲရမယ်၊ မေးသင့်တာရှိရင်လဲ မေးရဲရမယ်၊ အသက်ကြီးတာနဲ့ အမှားကင်းသွားပြီဆိုတဲ့ အတည်ပြုချက် ဘယ်မှာရှိခဲ့သလဲ၊ အဲဒါကြောင့် လူကြီးမို့ အမြဲတမ်းမှန်နေတယ်လို့ မြင်မထားရဘူး၊ မိဘက သားသမီးကို သေတစ်ပန်သက်တစ်ဆုံး မခွဲမခွာစောင့်ရှောက်သွားနိုင်တာမှမဟုတ်ဘဲ၊ မိဘအရိပ်မှာ အေးချမ်းနေပေမယ့် အမြဲတမ်း အရိပ်ခိုခေါင်းညိတ်နေခဲ့တဲ့ အကျင့်နဲ့ မိဘအရိပ်ကလွတ်သွားခဲ့ရင် ဘယ်လိုလုပ်မလဲ”

ချစ်ခြင်း မျက်မှောင်လေးကြုတ်ထားမိသည်။ ကိုကြီး ပြောနေတာကို နားထောင်ရင်း မေမေ့စကားတွေကို သတိမရအောင် ကော်တော်ခွဲ



www.burmeseclassic.com

www.burmeseclassic.com



ခြားနေရ၏။

မေမေ စိုးရိမ်ပိုနေတာကို သိသည်။ ဒါပေမယ့် မိဘစကားမို့ ဘာကိုမဆို တစ်သဝေမတိမ်း နားထောင်ဖို့က အဆင်သင့်ဖြစ်ပြီးသား ...။

ကိုကြီးပြောတာတွေကျတော့ မှန်သလိုလို စိတ်က လက်ခံမိပေမယ့် ကိုယ့်အတွက် ဆက်စပ်သည်မထင်။ အဘယ်ကြောင့်ဆိုသော် မိမိဘသာ ရပ်တည်ခြင်းလို့ ကိုကြီး ပြောနေတာကို သူမ နားမလည်ပါ။

စိတ်နဲ့လူကို ခွဲခြားပြောလို့ရသလား၊ မိဘကျောသပ်ချော့သိပ်တာကို မှေးစက်ပျော်ဝင်လာခဲ့ပြီးမှ ဒီစကား ဒီအသံတွေကို အမှန်တွေချည်း မမှတ်ရဘူးလို့ ပြောနေတာ သဘာဝကျလို့လား။

ချစ်ခြင်း ကို ငုံကြည့်ပြီး ခြံရုံက ခပ်မဲ့မဲ့ပြုံးသည်။ သူမ သတိမထားမိပေမယ့် စကားပြောနေသည်မို့ ကားက အရှိန်အနည်းငယ်လျှော့ကျသွားခဲ့၏။

"အခု ငါ့ကို မိဘလုပ်စာထိုင်ဖြုန်းနေတယ်၊ အလကားကောင် ဘာပြောပြော ငါ့ဘဝအတွက် ငါ့မှာ ခွန်အားရှိတယ်၊ ချမ်းချမ်းသာသာ သုံးဖြုန်းနေရလို့ ပျော်တာမှမဟုတ်တာ၊ ကိုယ့်စိတ်ဦးတည်တဲ့အတိုင်း သွားနေရတဲ့လွတ်လပ်မှုကို ကျေနပ်နေတာ၊ ဥပမာတွေရှိတဲ့အတိုင်း မျောက်သစ်ကိုင်းလွတ်တာမျိုး၊ ရေနည်းငါး ဘာညာ ဘယ်ဘဝမျိုးဖြစ်သွားသွား ငါ့ဘဝရပ်တည်ဖို့ ငါ စွမ်းနိုင်တယ်"

"ကိုကြီးက ဆင်းရဲမှာမကြောက်တဲ့သတ္တိတွေရှိတာကိုပြောတာလားဟင်၊ မေမေတို့က ကိုကြီးကို အဲဒီလိုဖြစ်လာရင် ဒုက္ခရောက်မှာပဲလို့ပြောကြတာမဟုတ်ဘူး။ အခု မိဘကို မကူညီတာ၊ တိုးတက်ကြီးပွားအောင် မလုပ်နိုင်တာ၊ အဲဒါတွေ ..."

"ပြောပြီးပြီလေ၊ ကိုယ့်စိတ်ဦးတည်တဲ့အတိုင်းနေရတာကိုပဲ ကျေနပ်တယ်ဆိုတာ ဒါကို လေလွင့်နေတာလို့ ကဲ့ရဲ့တာ ငါ ဂရုမစိုက်ဘူး။ အထူး





သဖြင့် စိုးရိမ်လို့မဟုတ်ဘဲ ကဲ့ရဲ့ဖို့စောင့်ကြည့်ပြောနေတဲ့အသံတွေ ..."

မေမေ့ကိုရည်ရွယ်လိုက်တာမှန်း ချစ်ခြင်း သိသည်။

"အခု ကိုကြီးက ဒါတွေပြောနေတာ အကြောင်းရှိလို့လားဟင်"

"မရှိဘူး၊ ဒါပေမယ့် မင်းနဲ့ငါ ဒီလိုထိ တစ်ခါမှ စကားအကြာကြီး မပြောခဲ့ဖူးဘူး၊ အဲဒါကြောင့် အများကြီးပြောဖြစ်သွားတာ၊ အဓိကကတော့ မင်းကို အတိုက်အခံစိတ်လေးရှိနေစေချင်တာပဲ၊ မင်းအမေကို တိုက်ခိုက်ဖို့မဟုတ်ဘူး၊ ကိုယ့်အတွက် အဓိပ္ပာယ်မရှိဘူးလို့ ကိုယ်တိုင်သတ်မှတ်လိုက်တာ အားလုံးအတွက် ဖယ်ရှားဖို့ ထုတ်နုတ်ရွေးချယ်ဖို့.."

နှစ်ယောက်စလုံး ရှေ့ကိုပြန်လှည့်မိကြပြီး ကားက အရှိန်မြင့်သွား၏။

"ဒီလမ်းမသွားနဲ့ ခွေးရူးကိုက်လိမ့်မယ်လို့တားနေရင် ခွေးရူးကိုက်ရင် ဘာဖြစ်တတ်လို့လဲဆိုတာက မေးသင့်တဲ့မေးခွန်းပဲ၊ တချို့မိဘက မကြိုက်ဘူး၊ 'မိဘက စေတနာနဲ့တားနေတာ မရှည်နဲ့'လို့ ပိတ်အော်ပစ်တာမျိုးပေါ့။ သားသမီးကလဲ အော်ငေါက်ခံရတာကိုကြောက်တော့ ပြန်လှန်မေးခွန်းထုတ်ဖို့ကို ဘယ်သောအခါမှ မကြိုးစားတော့ဘူး။ ငယ်ကျင့် ဆိုတာ အဲဒါပဲ၊ ဒီလိုပုံစံခွက်နဲ့ ကြီးပြင်းသွားတဲ့သူဟာ ဒီတိုင်းသွားတာပဲ၊ သူ့အတွက် စူးစမ်းချင်တဲ့စိတ်တွေ ရယူလိုခြင်းတွေအားလုံး ပျောက်ဆုံးသွားတယ်၊ လူဆိုတာ အသက်အရွယ်ကြီးပြင်းလာတာနဲ့အမျှ ရုန်းကန်လှုပ်ရှားဖို့ကိုကြိုးစားရတာ၊ မဟုတ်ရင် ဖယားများတဲ့လောကကြီးမှာ ဘယ်လိုကျော့ကွင်းမှာပဲပိပိ ဘယ်လိုရုန်းထွက်နိုင်မှာလဲ၊ ငါက လူရုပ်လူ ရမ်းကားတစ်ယောက်ဖြစ်ရင်တောင် မင်းထက်တော့ နည်းနည်းသာပါတယ်၊ အဲဒါ ယုံလား"

လေးလေးနက်နက်ပြောလာပြီးမှ ပေါ့ပါးသည့်အပြုံးတစ်ချက်နှင့် ဖြေချလိုက်၏။ ချစ်ခြင်း ကတော့ မပြုံးနိုင်ပါ။ သူပြောလိုက်ကာမှ ကိုယ့်ကိုယ်ကို ပုခက်ထဲမှာပဲရှိနေသလိုလိုထင်လာခဲ့မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကားမောင်းရင်းတိတ်ဆိတ်သွားသည့် ကိုကြီးမျက်နှာတစောင်းကိုငေးမိသည်။

လမ်းပေါ်မှာချည်းပဲလိမ့်နေတာတ်သည့် မေမေပြောသော အလကားကောင် 'စစ်ခြံရဲ'နှင့် မေမေ့လက်ဖဝါးပေါ်မှာ မတိမ်းမစောင်း အမြဲတမ်းရှိနေခဲ့သော 'ချစ်ခြင်းမွမ်းမံ' ...။

အဲဒါ သူက ပိုတော်သတဲ့လား .....။





## အခန်း (၁၆)

"မိုးချုပ်တော့မယ်၊ အိမ်မှာ မေမေ ရောက်နေပြီထင်တယ်"

"မပူပါနဲ့၊ အပြင်မှာကားရပ်ခဲ့ပြီး မင်းကို နောက်ဖေးကနေ ဝင်လို့ရအောင် ငါ လုပ်ပေးမယ်"

ဟုတ်တော့ဟုတ်သည်။ ခြံဝင်းက ထောင့်ခြံမို့ နောက်ဖေးဇထောင့်နားမှာ တံခါးတစ်ပေါက်ရှိသေးသည်။ ချစ်ခြင်း ကတော့ ထိုတံခါးနားကိုပင်သွားရပ်မကြည့်ဖူးပါ။

ခြံကြီးကလည်း အကျယ်ကြီးဖြစ်ကာ ထိုနားထိသွားစရာအကြောင်းရည်းမရှိတော့ မရောက်ပေ။ လမ်းမှာ စကားကောင်းပြီး အချိန်ကို သတိရသာမှ အလျင်အမြန်မောင်းခဲ့ပေမယ့် ပြန်ရောက်ချိန်က အလွန်နောက်ကျနေခဲ့၏။

မေမေ မမြင်အောင် အထဲပြန်ဝင်နိုင်တယ်ထားဦး ချစ်ခြင်း အိမ်မှာရှိနေတာကို မေမေက သိနှင့်ပြီးဖြစ်နေလျှင် ...

"လာ .. ဆင်း"



www.burmeseclassic.com

www.burmeseclassic.com



ကားရပ်လိုက်တော့ ခြံကြီးကိုလှမ်းကြည့်ကာ ချစ်ခြင်း နှုတ်ခမ်းဖျား လေးတွေမှာ ချွေးစို့နေပြီ။

"လာ မြန်မြန်"

ခြံရံ က ချစ်ခြင်း ကတုန်ကယင်ဖြစ်နေတာကို ဖျတ်ခနဲလှမ်းဆွဲပြီး မှ သေချာပြန်ကြည့်၏။

ချစ်ခြင်းခမျာ ချွေးစို့စို့မျက်နှာလေးနှင့် အထည်ထုပ်လေးကို ပိုက် ထားဆဲဖြစ်သည်။ ကားပေါ်မှာ ထားခဲ့လိုက်ဖို့ မေ့နေတာလား၊ ကယောင် ကတမ်းပိုက်ထားခဲ့တာလားမသိ။

သူတို့နှစ်ယောက် ခြံဝင်းကြီးကိုကွေ့ပတ်ပြီး နောက်ကနေ ဝင်ခဲ့ကြ သော်လည်း ...

"ပြန်လာကြပြီပေါ့"

"မေမေ ..."

တံခါးကနေ ခြံထဲကိုဝင်လိုက်သည်နှင့် ခြေသုံးလှမ်းမပြည့်သေးပါ။ ဒေါ်မမခိုင်က စူပါမင်းရောင်ဝတ်စုံတောက်တောက်နှင့် လှလှပပခြယ်သ ထားပုံပေါ်သော မျက်နှာပြင်ဟာ ခုကျတော့ အနီရောင်လွှမ်း၍ မျက်လုံး အစုံက တလက်လက်ဖြစ်နေ၏။

ထိုစဉ် အိမ်ကြီးပေါ်ကနေ ခြေလှမ်းကျဲများနှင့် လျှောက်ထွက်လာသူ က ဦးလွင်မိုးဖြစ်၏။

ဒေါ်မမခိုင်က ဦးလွင်မိုးကို မျက်ဝန်းတွေစွေကြည့်ကာ ခပ်မဲ့မဲ့နှုတ် ခမ်းများနှင့် ခြံရံ ဘက်ပြန်လှည့်တော့ ရှုံ့ရှာစွာ ...

"မင်းက အဲဒီလိုလူမျိုးလား စစ်ခြံရံ"

"ဘာတွေလုပ်နေတယ်ထင်လို့မေးတာလဲ အန်တီခိုင်"

"မင်းက ငါ့ကို အမြဲတမ်း ဘက်တိုက်ခဲ့တဲ့သူပဲ၊ ငါနဲ့ အလားတူသော မာနမျိုး မင်းမှာရှိမှာပဲလို့ ငါထင်ခဲ့တာ၊ သူများ မသထာဘဲစားတော့ ဝတ်





ဘား မကြည်ဖြူတာကိုယူတော့ ခိုးတာ၊ မင်းက ဘာလဲ"

"နေဦး ခိုင်၊ ဒေါသအလျောက် စကားတွေမှားကုန်ကြလိမ့်မယ်၊ ကိုယ် ပြောတာကို ခဏ ..."

"အို ... ကို မပါပါနဲ့"

လက်ကိုကိုင်လိုက်တော့ ဒေါ်မမခိုင် က အသံသေးသေးလေးဖြစ် သွားတဲ့အထိ စူးစူးဝါးဝါးအော်၍ ဦးလွင်မိုးလက်ကို ပုတ်ချပစ်သည်။ ပြီး တော့ ရှေ့ထပ်တိုးပြီး ချစ်ခြင်း လက်ထဲက အထုပ်ကို ဆွဲယူပစ်လိုက်၏။

အထုပ်ကိုကိုင်ထားရင်း ဘယ်လိုမှမယုံနိုင်သည့်မျက်ဝန်းများနှင့် ချစ်ခြင်း ကိုစိုက်ကြည့်၍ တက်ခေါက်သည်။

"ရထားတောင်မှ ရပ်တန့်ဖို့ခက်ခဲပေမယ့် ရှေ့မှာ အန္တရာယ်ရှိရင် ညသြဆွဲဖော်ရသေးတယ်၊ ညည်းက .. ညည်းက ဘယ်လိုနေရာမှာ ချုံခို ပြီးကြံစည်နေခဲ့တာလဲ၊ ဘာတွေထပ်လုပ်ဖို့ရှိသေးလဲ"

"မေမေ .. ချစ်ခြင်းနဲ့ ကိုကြီးက ..."

"တိတ်စမ်း"

ဒေါ်မမခိုင်က ဘာမှအပြောမခံ။ ကိုင်ထားသည့်အထုပ်ကို ပြန်ငုံ့ ကြည့်ပြီး အထဲကပစ္စည်းကို ဆိုးဆိုးဆတ်ဆတ်ဆွဲထုတ်ပစ်လိုက်၏။

"ဟင် ..."

ဒီလောက်ထိကို လုံးဝမထင်ခဲ့တာ အမှန်ပင်။ တစ်ဖက်က အိတ်ခွံကို လွှတ်ချလိုက်မိပြီး လက်နှစ်ဖက်က ဝတ်စုံကို ကတုန်ကယင်ဖြန့်နေမိ လျက် ...

"ဒါ .. ဒါက ..."

ဝတ်စုံက တဖြည်းဖြည်း သဏ္ဍာန်ပေါ်လာကာ ဒေါ်မမခိုင် မျက်လုံး တွေ ကျွတ်ထွက်မတတ် ပြူးကျယ်လာသည်။ ဦးလွင်မိုး တအံ့တသြနှင့် သားဖြစ်သူကိုကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်တန်မှာထားတာတောင် ခြံရံ ရယ် …၊ ပြဿနာ ဘယ်လိုမှ မငြိမ်းချမ်းနိုင်တော့ဘူးဆိုတာကို ဦးလွင်မိုး နားလည်သွား၏။ ခြံရံ သည် အစွမ်းကုန်တင်းမာမှုန်ကုပ်လျက် ဘာစကားမှမဆို။

ချစ်ခြင်း က ပိုဆိုးရှာသည်။ ခြေ့လက့်ဒူးတံတောင် အားလုံး တုန်ယင်ချည့်နဲ့ကာ ပြိုလဲမသွားအောင် အားတင်းထားရသည်။ ဘာမှရှုံးဖြ လို့ရမှာမဟုတ်တော့တာကို သိတဲ့နောက် …

"အမိုက်မ .. ကဲ …"

"အား"

ချစ်ခြင်း ကိုယ်လေးလည်ထွက်သွား၏။

"နင့်ကို သေအောင်သတ်မယ်၊ ဒီဘက်ကိုလှည့်စမ်း"

"မေမေ"

နောက်ထပ်ရိုက်ချက်မှာ ချစ်ခြင်း ခွေခေါက်မှေ့မြောသွားလေသည်။

"ချစ်ခြင်း …"

တိုးသဲ့သောခေါ်သံနှင့် ခြံရံ မျက်လုံးတွေ ချစ်ခြင်း လဲကျသွားသည့်ထံ ရောက်သွား၏။ ပြီးတော့ ဖျတ်ခနဲပြန်မော့ကာ..

"ခင်ဗျား ဘာဖြစ်လို့ ဒီလောက်တောင်လုပ်လိုက်တာလဲ"

"သား …"

သူ့သမီးဆိုတာကို သတိပေးမလို့ပေမယ့် ဦးလွင်မိုး နောက်ကျသွား၏။ ခြံရံ က ချစ်ခြင်းကိုယ်လေးကို ပွေ့ထူနေပြီဖြစ်လျက် …

"ဟော့ .. မကိုင်နဲ့၊ မင်းလက်တွေနဲ့ ငါ့သမီးကို မထိနဲ့နော်၊ ဖယ်စမ်း။ အစကတည်းက မတူတန်တာကို သိအောင်ခွဲခြားပြထားတာ"

ဒေါ်မမခိုင်သည် အရူးတစ်ပိုင်းဖြစ်လျက် ခြံရံ့ ကိုယ်ကြီးကို အတင်းပြေးတွန်းသည်။ ယောက်ျားမျက်နှာ ဘာညာကိုလည်း ထောက်ထားဖို့ မေ့သွားလျက် …





"မင်းကို ကိုမိုးရဲ့သားဆိုပြီး အထင်တကြီးဖြစ်နေမယ်မှတ်လို့လား၊ ဒို့က လူရဲ့တန်ဖိုးကို စည်းစိမ်ဥစ္စာနဲ့သပ်သပ်စီခွဲမြင်တတ်တယ်"

ဒေါ်မမခိုင် က ပျော့ခွေမေ့မြောနေသည့် ချစ်ခြင်း ကိုယ်လေးကို ဘာသာ သိမ်းကျုံးဖက်ထားကာ …

"မင်း ငါ့သမီးကို စိတ်နဲ့တောင်ပြစ်မှားခွင့်မရှိဘူး၊ အဲဒါ မှတ်ထား"

"ခင်ဗျား .. ခင်ဗျား စကားပြောတာ မဟုတ်ဘူးနော်"

"သား တော်ပြီ၊ ပါးစပ်ပိတ်နေစမ်း"

"ဘာဖြစ်လို့ပိတ်ရမှာလဲ ဖေဖေ၊ သူ …"

"မင်း တော်လို့ပြောနေတာ မရဘူးလား။ သွား .. သွားဆိုသွား"

ဘယ်တုန်းကမှ မအော်ဝေါက်ခဲ့ဖူးသည့် ဦးလွင်မိုးမျက်နှာကို စေ့စေ့ကြည့်ကာ ခြံရံ ထ့ရပ်လိုက်သည်။

"တောက် …"

သူ တက်ခေါက်လိုက်ခြင်းကြောင့် ရန်လိုစွာမော့ကြည့်လာသည့် မျက်နှာကြီးကို စိတ်ရှိလက်ရှိ ထိုးကြိတ်တဲ့ပြန်လိုက်ချင်သည်။ ဒါပေမယ့်… တစ်ခုခုတော့ရှိလာမှာပါ …။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

"ဒုန်း"

"တောက်"

"ဝုန်း .. ခွမ်း"

အခန်းရှေ့ကိုရောက်လာကြသည့် ဦးလွင်မိုး နှင့် ဒေါ်တိုးတို့ တ

ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်မိကြသည်။

"ဒုန်း .. ခွမ်း"

ငြိမ်နေမိဆဲမှာ တံခါးရွက်ကို ဘာနဲ့ဝင်ပေါက်လိုက်မှန်းမသိဘဲ ခွ

ခနဲထိမှန်ကွဲရှကာ ဒေါ်တိုး လက်ဖဝါးကပ်ထားမိတာတောင် နာကျင်သွ

တဲ့အထိ တုန်ခါအားက ပြင်းသည်။

သေချာတာတစ်ခုက အခန်းထဲမှာ ဘာတစ်ခုမှ အကောင်းတိုင်းက

တော့မှာမဟုတ်။

"ဒေါက် .. ဒေါက်"

ဦးလွင်မိုးက တံခါးအရင်ခေါက်လိုက်ပြီးမှ ...





"ခြံရုံ .. သား ..."

"ဒေါက် .. ဒေါက်"

ခေါ်ပြီးတံခါးထပ်ခေါက်တော့ အထဲမှာ ဆူညံသံတွေတိတ်ကျသွား၏။

"သား တံခါးဖွင့်ဦး"

"မလာနဲ့တော့ ဖေဖေ၊ ဖေဖေ ဘာတွေပြောမလို့ စုဆောင်းလာ

ယ်ဆိုတာ ကျွန်တော် သိတယ်"

"သား ..."

"ကျွန်တော့်မှာလဲ စကားပြောတတ်တဲ့ ခံစားချက်တွေ အပြည့်ရှိ

ယ်၊ ဒါပေမယ့် ပြောတတ်တိုင်းမကောင်းဘူးမဟုတ်လား"

"မဟုတ်သေးပါဘူး သားရယ်၊ မင်းကို ဖေဖေ ပြောချင်တာက ..."

"သည်းခံတာက အတိုင်းအတာရှိတယ် ဖေဖေ၊ လှိုင်းပုတ်သမျှ ကြံ့

ခံရအောင် ကျွန်တော်က ကျောက်ဆောင်ကြီးမဟုတ်ဘူး၊ သူ့ဘက်က

ကျူးလွန်စော်ကားခွင့်ရနေပြီ၊ ကျွန်တော်ကတော့ ..."

"အဲဒီလိုမဟုတ်ဘူး၊ ဖေဖေ ပြောပြမယ်၊ တံခါး ခဏဖွင့်ပါ"

"ဘာမှထူးမှာမဟုတ်ဘူး ဖေဖေ ပြန်ပါ"

ဦးလွင်မိုး ခေါင်းတယမ်းယမ်းဖြစ်လျက် တံခါးမှာ လက်နှစ်ဖက်

ထောက်ရင်း အကြာကြီးငြိမ်ကျသွားခဲ့သည်။ ထိုစဉ် ဒုန်းခနဲလဲပြိုသံ တစ်

က်ကြားရပြီး အထဲမှာလည်း အသံငြိမ်သွား၏။

ဒေါ်တိုးက ဒီအိမ်မှာ မိသားစုဝင်လိုဖြစ်နေသူမို့ သားအဖနှစ်ယောက်

ကြားမှာ ပြေလည်မှုရအောင် ဘယ်လိုကြိုးစားပေးရမလဲဆိုတာပဲ စဉ်း

းနေမိလျက်...

"လူလေးက စိတ်ကြီးတယ်ဆိုတာ မောင်မိုး သိသားနဲ့ကွယ်၊ သူ့စိတ်

း ခဏလေးငြိမ်သက်သွားအောင်စောင့်လိုက်ပါ၊ သွားတော့ .. နော်၊

တိုး ချော့မော့ကြည့်ပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးလွင်မိုးက ခေါင်းခါလိုက်ကာ ...

"သား ဖေဖေပြောတာ နားထောင်စမ်း။ မင်းစိတ်တွေ သိပ်လှုပ်ရှားနေရင် ဒီတစ်ခြံလုံးကိုပဲ ဖောက်ထိုးမိုးမျှော်လုပ်ပစ်ပစ် ကြိုက်သလိုလုပ် ထင်သလိုနေပါ၊ အပြင်ကိုတော့ မထွက်ပါနဲ့၊ ဒါတစ်ခုပဲနားထောင်ပေး ဟုတ်လား၊ မင်း အပြင်မှာ အပေါင်းအသင်းတွေနဲ့ ဖေဖေ့ကိုရှဲ့ပြီး ထင် သလိုနေမှာတော့ ခွင့်မပြုနိုင်ဘူး"

ခဏစောင့်နေတော့ အထဲက ဘာမှတုံ့ပြန်သံထွက်မလာသဖြင့် ဦးလွင်မိုး လှည့်ပြန်လာခဲ့သည်။

"ဒေါ်တိုး သွားပါ။ သူ့ကို ဘာမှသွားပြောမနေနဲ့၊ ရမှာမဟုတ်ဘူး"

"မဟုတ်ဘူး မောင်မိုး၊ ပစ္စည်းတွေကို ပေါက်ခွဲထိုးကြိတ်ထားရင် သူ့လက်တွေ ဒဏ်ရာဖြစ်နေမှာ"

ဦးလွင်မိုး မျက်နှာ ပို၍ရှုံ့မဲ့သွားခဲ့လျက် ...

"နေပါစေ၊ သူ့စိတ်ထင်သလို လွှတ်ထားပေးလိုက်"

ဦးလွင်မိုးတို့ မရှိလောက်တော့သည့်အချိန်ထ သူ အံကြိတ်နေခဲ့ သည်။ တစ်သက်လုံးမှာ ဒီလောက်ထိ ဒေါသမထွက်ခဲ့ဖူးဘူးဆိုလျှင် မှသားမပါနိုင်ပါ။

ကျိတ်မနိုင်ခဲမရ ဒေါသတွေဖြစ်ရပြီး နံရံကို လက်သီးနဲ့ထိုးမိတဲ့အထိ ဖြစ်ရတာ ဒေါ်မမခိုင် ရောက်လာမှပါ။ ပြီးတော့ ခုလောက်ထိ ထိန်းမနိုင် သိမ်းမရ လွှတ်ထွက်ပေါက်ကွဲအောင် ဒေါသထွက်ရတာလည်း သူမကြောင့် ပဲဖြစ်၏။ တစ်ခန်းလုံး ခြေချစရာမရှိအောင် ကွဲရှထားသည့်ပစ္စည်းတွေကို ငေးကြည့်ပြီး ဒေါသကထွက်ပြီးရင်းထွက်နေသည်။

အမြဲတမ်း လွတ်လပ်စွာဖြတ်သန်းခွင့်ရနေခဲ့သည့်ဘဝမှာ ဖေဖေက လည်း သားမွေးထားတာပဲဆိုပြီး ကြိုက်သလောက်သုံးဖြုန်းခွင့်ပါမစ်နဲ့ ဖြစ်ချင်သလိုဖြစ် ပစ်ထားခဲ့တာမဟုတ်ပေ။ သူကိုယ်တိုင် မလိမ္မာခဲ့ပေ





ယ့် ဆိုးသွမ်းရမ်းကားသည့်လူငယ်တစ်ယောက်ဖြစ်သွားလောက်အောင် တော့ မမိုက်မဲခဲ့ပါ။

သုံးတာနဲ့ဖြုန်းတာကို နေရာတကာ ခွဲခြားမသိခဲ့ရင်တောင် အပျော် နဲ့အပျက်ကိုတော့ တတ်နိုင်သမျှ ခွဲခြားဆင်ခြင်ခဲ့သည်။

လွတ်လပ်ပေါ့ပါးခြင်းဟာ ပျက်စီးလွယ်ခြင်းနဲ့သက်ဆိုင်နေသည် ဆို လျှင်လည်း 'ချစ်ခြင်းမွှမ်းမံ'ဆိုသည့် မိန်းကလေးတစ်ယောက်ရဲ့ ကိုယ် ခန္ဓာကိုထိကိုင်ခွင့်မရှိလောက်အောင် သူ့ဘဝ ပျက်စီးနေခဲ့တာတော့ မဖြစ်တန်ရာ ...။

"ဟော့ .. မကိုင်နဲ့၊ မင်းလက်တွေနဲ့ ငါ့သမီးကို မထိနဲ့နော်"

"အစကတည်းက မတူတန်တာကို သိအောင်ခွဲခြားပြထားတာ"

"ငါတို့က လူရဲ့တန်ဖိုးကို စည်းစိမ်ဥစ္စာနဲ့ သပ်သပ်စီခွဲခြားမြင်တတ် တယ်"

"ငါ့သမီးကို စိတ်နဲ့တောင်ပြစ်မှားခွင့်မရှိဘူး"

"တောက် ..."

ထိုင်လိုက်မိတာ ဖင်မပူသေးဘဲ ဝုန်းခနဲဆို ပြန်ထရပ်မိ၏။ ဒေါ်မမ ခိုင် ၏ရူးရူးဝါးဝါးအော်ဟစ်ပြောနေသံများသည် ခုပဲ ကိုယ့်ရှေ့ပြေးလာ ပြီး အော်နေသလိုလို ...။

ဒီမိန်းမကြီးကို ဒီတိုင်း အလျှော့ပေးနေလို့မရဘူး။ ရင်ဘတ်ထဲက တားသံကိုနားထောင်ရင်း ခြံရဲ့မျက်နှာ နီရဲသုန်မှုန်လာ၏။

မိတွေးဆိုတဲ့နေရာကိုရောက်လာကြသည့်မိန်းမတော်တော်များများ ဟာ မိသားစုဝင်တွေနဲ့ သင့်တင့်မျှတစွာနေထိုင်ခွင့်ရဖို့အတွက် သူမတို့ ဘက်ကသာ ဦးဆုံးလိုက်လျောပေးဆပ်တတ်ကြတာ သူ ကြားဖူးသည်။

နောက်ကျမှ မင်းသားခေါင်းကျွတ်တာတွေ၊ ဟန်ဆောင်မျက်နှာဖုံး တွေ ကွာတာတွေကိုတော့ သူ မသိပါ။ ဒေါ်မမခိုင် တို့ကျတော့ ကလော



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက ဘိလူးဆိုင်းတီးပြီးဝင်လာတာဖြစ်လျက် မျက်နှာချင်းဆိုင်လို
တာနှင့် သူမကချည်းပဲ ခုတ်မယ်ထစ်မယ် စားမယ်ဝါးမယ်တွေ ဖြစ်နေသည်

ဒါ ဘာကြောင့်လဲ၊ သူသည်းခံခဲ့တာ ဖေဖေ့ကြောင့်ပါ။ မေမေ မ
တော့သည့်နောက်မှာ ဖေဖေ သူ့အပေါ်မှာ ညှာတာခဲ့တာတွေ၊ လို
လျော့နားလည်ခဲ့တာတွေ အားလုံးကို တစ်ယောက်နဲ့တစ်ယောက် မပြော
မိကြပေမယ့် ရင်ထဲမှာ ခံစားနားလည်ခဲ့ကြ၏။

ဖေဖေ မင်းကို ဘယ်လောက်ထိချစ်ခဲ့တာ၊ မင်းကြောင့် ဘယ်လိုေ
ဆပ်ခဲ့တာ ဒါတွေကိုပြောပြီး ဖေဖေကလည်း မချူတတ်ခဲ့ပေ။ သူ
လည်း လှုငယ်ပီပီသသ ပေးရင်ယူလိုက်သည်၊ ရှိနေရင် သုံးပစ်လိုက်
ဖေဖေ့ကျေးဇူးကြီးလှပါဘိလို့ မပြောဖြစ်။

စကားမပြောသောသံယောဇဉ်လေညင်းကြောင့် သားအဖနှစ်ယော
ကြားမှာ ဘယ်သူမှ ကြားမဝင်ခင်က ငြိမ့်ငြိမ့်ညောင်းညောင်းလေးပင်...

ခုကျမှ ဖေဖေက မဆုံးမတတ်တဲ့အဖေအဖြစ် ဘွဲ့တစ်ဘွဲ့ ထပ်တိုးက
စစ်ခြံရဲ့ ဆိုတဲ့ကောင်က လေတင်လေအောက်တောင် မထိုင်သင့်တဲ့ အင်
ဆက်ပိုး ...၊ ဒီမိန်းမကို ဖေဖေ ချစ်နေပါလားဆိုပြီး မမြင်သလို၊ မကြာ
သလိုနေခဲ့သမျှ ပိုပိုဆိုးရွားလာခဲ့သည့် ကိုယ့်အဖြစ်ကို တွေးရင်း သူ့မျ
လုံးတွေ နံရံကပ်နာရီကြီးဆီ ရောက်၏။ ညဉ့်တစ်နာရီတိတိရှိနေပြီ။

ခုလောက်ဆို မိန်းမကို ချော့မော့လေပြည်ထိုးရင်း ဖေဖေ ကော
ကောင်းမှအိပ်ခွင့်ရသေးရဲ့လား ...၊

အလွန်နူးညံ့သည့်စိတ်ထားရှိသောဖေဖေ့မျက်နှာကို မြင်ယောင်က
အခန်းထဲမှာ ဟိုပစ္စည်းကန်၊ ဒီပစ္စည်းကန်နှင့် ပြန့်ကျဲနေတာတွေကြား
ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိ၏။ သူတို့သားအဖကြားက ငုံ့ညှာစာ
မှုတွေကိုမမြင်ဘဲ ဟုတ်လှိုငြိမ်ခံနေကြတာလို့ ဒီမိန်းမကြီး မြင်လေ ဒီထ
ဆိုးရွားလာလေ ဖြစ်မှာကို တွေးမိလာသည်။





လှူပုံစံက ခေတ်မီလှပစွာ ပြင်ဆင်နေထိုင်တတ်ပါလျက်နှင့် အယူ
အဆ အတွေးအခေါ်တွေက ခေတ်နောက်ပြန် တစ်ယူသန်ဝါဒတွေဖြစ်
နေသော ဒေါ်မမခိုင်ကို တုံ့ပြန်ဖို့အတွက် သူ့ခေါင်းထဲမှာ အပြင်းအထန်
တွက်ချက်လှုပ်ရှားနေပြီဖြစ်၏။

ချစ်ခြင်း ရေနစ်နေတုန်းက သူ ပြုစုပေးနေတာကိုမြင်ပြီး မူးမေ့လဲကျ
သွားသည့်အဖြစ်က ခုမှပဲရှင်းသွားခဲ့သည်။ သူမအမြင်မှာ ကိုယ်က ရွံ့ရှာ
ရော အင်းဆက်ပိုးတစ်ကောင်ဖြစ်နေတာ စကားအဖြစ်ပြောနေတာမ
ဟုတ်ခဲ့ဘဲ ...၊ တကယ်ရွံ့ရှာနေလို့ တကယ့်ကို ထိကိုင်တာမကြိုက်မှန်း
ခုမှ သေချာနားလည်ခဲ့၏။

ဤပုံစံအရဆိုလျှင် ချစ်ခြင်း ကို အမြန်ဆုံးလက်ထပ်ပေးလိုက်ဖို့
အဖြစ်က မြန်သထက်မြန်တော့မှာဖြစ်ကာ ဒေါ်မမခိုင် ပါးစပ်ထဲမှာ ...

"အိမ်ကသတ္တဝါနဲ့ နီးစပ်သွားမှာစိုးလို့လေ ..."

စသည့် စကားတွေဖြင့် သူ့တစ်ဘဝလုံး မြောင်းထဲရောက်သွားဖို့က
သေချာနေသည်။

"ဝှန်း"

ခြံရဲ့ တံခါးနားကို ဖျတ်ခနဲတိုးကာ ထိုနားမှာ ပြန့်ကျဲနေသည့်ပစ္စည်း
အပိုင်းအစတွေကို ခြေထောက်နဲ့ သိမ်းကန်ဖယ်ရှားပစ်သည်။ ပြီးတော့
တံခါးဖွင့်၍ထွက်လာခဲ့သော ခြေလှမ်းတွေက 'ချစ်ခြင်း' ၏အိပ်ခန်းဆီ
သို့....။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"ဒေါက် … ဒေါက်"

တံခါးခေါက်သံကြောင့် ချစ်ခြင်း မျက်လုံးတွေ တံခါးဆီကို ရွေ့လျားသွား၏။ ပါးပြင်နှစ်ဖက်မှာ နာကျင်နေခြင်းက ရင်ထဲကကြေကွဲခြင်းနဲ့ အပြိုင် မကုန်ခန်းနိုင်သောမျက်ရည်တွေကို သွန်လွှတ်ပေးနေခဲ့ပြီး အိပ်စက်ဖို့ကို သတိလည်းမရ၊ အိပ်ချိန်ဆိုတာကိုလည်း မေ့နေခဲ့သည်။

"အမိုက်မ .. တိရစ္ဆာန်တစ်ကောင်သာသာပဲ အသိဉာဏ်ရှိတဲ့ သမီးမိုက်၊ ဘယ်လိုပြောပြော ဘယ်လိုသင်သင် မှတ်တတ်တဲ့ ညည်းဦးနှောက် အမှေးပါးတွေ မှိုစွဲနေပြီလားဟင်၊ ဘာဖြစ်လို့ ဘာမှမရှိခဲ့တာလဲ၊ ဒီသတ္တဝါ ဘာကောင်မှန်း ငါ ဒီလောက်ပြောနေရက်နဲ့ ဘာဖြစ်လို့ ရှောင်ရှားရမှန်း မသိရတာလဲ"

ဒီအခန်းထဲပြန်ရောက်လာပြီး အသိတွေ ဝိုးတဝါးပြန်လည်လင်းလက်လာချိန်မှာ ပထမဆုံးကြားလိုက်ရသည်က မေမေ့ငိုရှိုက်သံတွေပဲ ဖြစ်သည်။





"ထပါ။ ညည်းမျက်လုံးတွေကို ဖွင့်စမ်းပါ၊ ငါ့မှာ ပြောချင်တာတွေ ပြည့်ကျပ်နေလို့ ရင်ဘတ်ကြီးလဲနာနေပြီ၊ အရိုင်းအစိုင်းမကြီး၊ အရူးမကြီး ဆိုတဲ့ မျက်လုံးတွေနဲ့ ကြည့်နေကြလို့ တကယ်ကိုရူးချင်နေပြီ သိရဲ့လား"

"ခိုင် .. ခိုင် တော်ပါတော့ကွာ၊ ကလေး ဒီလောက်နာနေတာကို မင်း ညှာတာဖို့ သတိရပါဦး"

"ကို ဘာမှဝင်မပြောနဲ့၊ ဒီကိစ္စတွေအတွက် ကိုနဲ့ခိုင် မရှင်းချင်ဘူး"

ဦးဦးမိုးအသံက အခန်းအပြင်ဘက်ကနေ ခယစွာဖြစ်သည်။ မေမေကတော့ အသားတွေတုန်အောင် တအားအော်လျက် …

"ကိုလွင်မိုးရဲ့ သားအဖြစ်နဲ့ ပြောဆိုနေရင် ကို့မျက်နှာကို ထောက်နေရဦးမှာ၊ ခိုင် ကတော့ ရှင်းရှင်းပဲ ကို၊ ကို့သားဖြစ်ဖြစ် ဘာဖြစ်ဖြစ် ခိုင့်သမီးကိုတော့ အထိမခံနိုင်ဘူး"

"ဟုတ်ပါပြီ မထိစေရပါဘူး၊ အခု ကလေးတွေ့ အတူတွဲပြန်လာတာနဲ့ပဲ ခိုင် ဒီလိုထဖြစ်တာတော့ မကောင်းပါဘူးကွာ၊ တစ်အိမ်တည်းနေတဲ့ သူချင်း တစ်ခါတလေ ပြောမိဆိုမိ၊ သွားမိလာမိကြတာ မရှိရတော့ဘူးလား"

"သိပ်ရှိရတာပေ့ါ၊ ဒါပေမယ့် တစ်ညနေကုန်အောင် ခိုးထွက်သွားပြီး ခြံနောက်ဖေးက ပြန်ခိုးဝင်လာဖို့မလိုဘူး၊ အဂူတူသွားပြီး သတို့သမီးဝတ်စုံဝယ်လာကြတာကို …"

"အဲဒါကို ကိုယ် ပြောပါရစေ"

"မပြောနဲ့ လုံးဝကို မကြားချင်တာ၊ ကို ထွက်မသွားသေးရင် ကို့စကားတွေမကြားရတဲ့နေရာ ခိုင်တို့ ထွက်သွားမှာနော်"

မေမေ့ ခြိမ်းခြောက်စကားတစ်ခွန်းမှာပဲ ဦးဦးမိုး အသံတိတ်သွားခဲ့၏။

မေမေက ချစ်ခြင်း သတိပြန်ရလာတာကို စိတ်စောစွာ ဆွဲထူ လှုပ်ခါ ပစ်လိုက်ပြီး …



www.burmeseclassic.com

www.burmeseclassic.com



"ညည်းကို ငါ လုံးဝစိတ်မချတော့ဘူး၊ ဒီဝတ်စုံဝယ်နေကြတဲ့အထိ ငါ ဘာမှမသိလိုက်အောင် ညည်း လျှပ်ရှားတတ်နေပြီ"

"မေမေရယ် ..."

ဘာမှလည်းရှင်းခွင့်မပေး၊ ကြားနေရသည့်ပုဒ်မတွေကလည်း သေမိန့်ကျတော့မည့်ပုဒ်မတွေပဲဖြစ်နေသည်။ ချစ်ခြင်း ခေါင်းတခါခါနှင့် ငိုနေရုံမှလွဲ၍ ဘာမှမတတ်နိုင်ခဲ့ပေ။

"ဒီလမကုန်ခင် ညည်းကို ငါ သဘောတူတဲ့တစ်ယောက်နဲ့ လက်မှတ်ထိုးပေးစားပစ်မယ်၊ တစ်သက်မှာတစ်မင်္ဂလာ တခမ်းတနားဖြစ်ချင်ရင် လိမ္မာပါလို့ ငါပြောခဲ့ပြီးသား၊ ညည်း ကိုယ်လျှောက်မယ့်လမ်းကို ရွေးလိုက်တာကိုး"

မေမေ ဤသို့ တစ်ချက်လွှတ်အမိန့်ချမှတ်သွားခဲ့၏။ မေမေ ပြန်ထွက်သွားကတည်းက ချစ်ခြင်း အိပ်ရာပေါ်မှာ အရုပ်ကြိုးပြတ်လေး ခွေကျသွားခဲ့တာ ဟိုဘက်ဒီဘက်လှည့်စောင်းမိရဲ့လားတောင် ကိုယ့်ကိုယ်ကို မသိ။

"ခေါက် .. ခေါက်"

"မေမေလားဟင်"

ချစ်ခြင်း အိပ်ရာထက်ကနေ လက်လေးတစ်ဖက်ထောက်၍ ထလိုက်၏။ ခေါင်းအုံးထက်မှာ အထွေးလိုက်ပုံကျနေသည့် ဆံပင်ရှည်တွေက ထထိုင်လိုက်တော့ ကျောတစ်ပြင်လုံးမှာ အုပ်အုပ်ခဲခဲ နေရာယူလိုက်ကြ၏။

ကြမ်းပြင်မှာ မတ်မတ်ရပ်မိတော့ ခေါင်းထဲမှာ တဆစ်ဆစ်ကိုက်ခဲနေ၏။ မေမေ ဒီလိုထိမရိုက်နှက်ခဲ့ဖူးပါ။ ဒါပေမယ့် ဆူဆူရိုက်ရိုက် မေမေ့အပေါ် ချစ်ခြင်း တစ်ခါမှ စိတ်ကောက်ပြီး တံခါးပိတ်နေခဲ့ဖူးတာမရှိ။

"ခဏလေး မေမေ"





ဆံပင်တွေကို လက်ကိုင်ပဝါလေးနဲ့ကောက်ချည်လိုက်ပြီး မျက်နှာကို တို့ဖတ်နဲ့ နည်းနည်းဖိသိပ်ပြီး တံခါးသွားဖွင့်လိုက်လျှင် ...

"ဟင် .. ကိုကြီး"

"ချစ်ခြင်း"

"ကိုကြီး ဒီအချိန်ကြီး ဘာကိစ္စရှိလို့လဲဟင်"

ခြံရုံ က အနီနဲ့နက်ပြာရောင်စပ်ကျားနှင့်ဂျာကင်ကြီးကို ဝတ်ထားသည်။ ပြီးတော့ ပခုံးတစ်ဖက်မှာချိတ်ထားတာ ကင်မရာလိုလို၊ လွယ်အိတ်လိုလို ...၊

ကျောပေါ် ရောက်အောင်ပို့ထားတော့ သေချာမကြည့်ဖြစ်ပါ။ လက်ထဲမှာတော့ ဟန်းဖုန်းကတစ်ဖက်၊ မီးခိုးဖြူဖြူလေးတွေ လွင့်တက်နေသည့် စီးကရက်က တစ်ဖက်နှင့် ...

"ကိုကြီး ပြောပါဦး၊ မေမေတို့ ဘာဖြစ်လို့လဲဟင်၊ ဘာအကြောင်းတွေဖြစ်ပြန်ပြီလဲ"

"မဟုတ်ဘူး"

ခြံရုံ က ခေါင်းခါပြပြီး စီးကရက်တစ်ရှိုက်ဖွာသည်။ ပြီးတော့ မီးခိုးငွေ့လေးတွေကို ခပ်ဖြည်းဖြည်းမှုတ်လွှတ်ရင်း စီးကရက်ကို တံခါးပေါင်မှာ ဖိချေပစ်လိုက်၏။

"အားလုံး အဆင်ပြေသွားအောင် မင်းနဲ့ငါ ညီညွတ်ကြဖို့လိုတယ် ချစ်ခြင်း"

"ချစ်ခြင်း နဲ့ ..."

"ဟုတ်တယ်၊ အဲဒါတွေ စီစဉ်ဖို့ရှိနေတယ်၊ မင်း လိုက်ခဲ့"

"ဟင် ..."

"လာပါဆိုကွာ"

"အို.. ကိုကြီး နေပါဦး၊ ဘာလုပ်မှာမို့လို့လဲ၊ ချစ်ခြင်း သိပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



လက်ကိုဆွဲချသွားတာ နောက်ဖေးအဆင်းလှေကားလေးထိ တောက်လျှောက်။

"ကိုကြီး ချစ်ခြင်းကို မေမေ ..."

"မင်းအမေရော ကိုယ့်အဖေရောပဲ ရှေ့လျှောက် ဒီလိုပဲ မပြေလည်မှုတွေနဲ့ စခန်းသွားကြတော့မှာ၊ ပိုဆိုးလာဖို့တွေလဲရှိတယ်၊ အဲဒါကြောင့် မင်းနဲ့ငါ မကြိုးစားရင် ဒါကို ဘယ်တော့မှဖြေရှင်းနိုင်မှာမဟုတ်တော့ဘူး"

ခြံထဲကနေဖြတ်သန်း၍ မှောင်ရိပ်တွေ၊ အလင်းရောင်ကွက်ကျားထိုးနေတာတွေကို ဖြတ်သန်းထွက်လာခဲ့ပြီး တံခါးနားကျမှ ကိုကြီးလက်ထဲမှာ သော့တွဲပါလာမှန်းကို သိသည်။

သူမထင်တာက ခြံထဲဆင်းပြီး ပြဿနာဖြေရှင်းနိုင်ဖို့နည်းလမ်းတစ်ခုခုရှာကြမည်၊ တိုင်ပင်မည် ဒါလောက်ပဲတွက်ခဲ့၏။

တံခါးဖွင့်ပြီး မလွှတ်တမ်းဆုပ်ဆွဲထားခဲ့သည့် သူမလက်ကိုဆွဲကာ အပြင်ထွက်၍ တံခါးပြန်ပိတ်၊ သော့ကို ခြံထဲပြန်ပစ်ထည့်၊ အားလုံး ပြီးစီးတော့မှ ...

"ဘယ်ကိုလဲ၊ ကိုကြီး နေပါဦး၊ ဟင့်အင်း .. ချစ်ခြင်း နားလည်အောင် တစ်ခုခုပြောပြပါ"

"ပြောမယ်၊ ဒီမှာပြောလို့မဖြစ်ဘူး၊ ခဏပဲစောင့်"

လမ်းမကြီးထက်မှာ ညဉ့်သန်းခေါင်အချိန်၏ တိတ်ဆိတ်ရှင်းလင်းခြင်းက ကြောက်မက်ဖွယ်ကောင်းနေတော့သည်။

ချစ်ခြင်း လက်ကိုဆွဲ၍ သူ ခြေလှမ်းကျဲနေသမျှ အပြေးတစ်ပိုင်းပါလာရသဖြင့် ပျော့နွဲ့လွှဲယမ်းနေခဲ့သည့်ဆံပင်ရှည်တွေမှာ စည်းနှောင်ထားသည့်လက်ကိုင်ပဝါက ကြာကြာမနေနိုင်ဘဲ ဘယ်မှာပြုတ်ကျကျန်ရစ်သည်မသိ။

နှစ်ယောက်သား အပြေးတစ်ပိုင်းသွားနေကြပုံနှင့် ချစ်ခြင်း ဆံပင်





တွေ တဝေ့ဝေ့မျောလွင့်ပါနေတာ ဘေးကကြည့်နေတဲ့လူသာရှိလျှင် ဘယ်မှာ ဇာတ်သုတ်ခဖြစ်လာပြီး ပြေးနေကြသလဲလို့ ထင်နိုင်သည်။

လမ်းမကြီးတစ်ကြောလုံးမှာ ခပ်ကျဲကျဲမီးတိုင်များမှ အလင်းရောင်တွေပဲရှိနေလျက် ဟိုးအဝေးဆီမှ ကားမီးရောင်ထချို့က ဝင်းခနဲ လက်ခနဲ သာမြင်ရ၏။

"ကိုကြီး ဘယ်သွားနေတာလဲ"

ချစ်ခြင်း မေးတာကို မဖြေဘဲ ခြံရဲ့ က လက်ထဲကဖုန်းကိုထောင်၍ ကိုဖွင့်ကြည့်သည်။ ပြီးတော့ ပြန်ပိတ်လိုက်ပြီး တက်ခေါက်တာ ဘာကို ကျေနပ်မှန်းမသိ။ မေးတာကိုမဖြေပေမယ့် ချစ်ခြင်း လက်ကလေးကိုတော့ ဘယ်လိုမှ ပြန်နုတ်ရုန်းထွက်လို့မရအောင် တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်ထားဆဲဖြစ်၏။

ထိုစဉ် ကားလမ်းမကြီးအတိုင်း တည့်တည့်လာနေသော ကားတစ်စီးမြင်လိုက်ရသည်။ ထိုကားကိုတားတော့မည်လားဟုတွေးမိကာ ကိုကြီး ဘယ်လောက်ထိ ဝေးဝေးသွားမလို့လဲဆိုသည့် စိုးရိမ်ခြင်းက ကပ်ပါလာခဲ့၏။

ဒါပေမယ့် မီးတိုင်အောက်က ဖြတ်ကျော်လာသည့်ကားကို လှမ်းကြည့်လိုက်တော့ တက္ကစီမဟုတ်၊ ဒါဆို ညဉ့်နက်နက် လူမရှိ ကားမရှိတဲ့ လမ်းမကြီးပေါ်မှာ လျှောက်နေပြီ။

ကိုကြီး ဘာလုပ်မှာလဲ ...၊

ဒူးတွေ လက်တွေတုန်ကာ မောဟိုက်လာခြင်းထက် စိတ်မောခြင်းကြောင့် ပို၍ကျပ်ခဲလာခဲ့သည်။

ထိုစဉ်မှာ ကားအဖြူလေးက အရှိန်လျှော့ကျလာပြီး ခြံရဲ့ရှေ့နားမှာ တုံ့ရပ်သွားခဲ့၏။ ညာဘက်မောင်းသူနေရာမှာ ဘယ်တံခါးကို လှမ်းဖွင့် ခေါင်းတစ်လုံး ပြူလာ၍ ...



www.burmeseclassic.com

www.burmeseclassic.com



"တက်ကြ မြန်မြန်"

"ခွေးကောင် .. ဘာခုမှမြန်မြန်လဲ"

တံခါးဆွဲဖွင့်ပြီး ချစ်ခြင်း ပခုံးလေးကိုတွန်းပို့လိုက်သည်။ ပြီးတော့မှ ခြံရံ က ဝင်ထိုင်လိုက်၏။ ဘယ်လိုအချိတ်အဆက်တွေနဲ့ ဒီမှာလာတွေ့ပြီး ဘာတွေဆက်လုပ်ကြမလို့လဲ ...။

ကားမောင်းပြီးရောက်လာတဲ့သူဟာ ကိုကြီး သူငယ်ချင်းတွေထဲက တစ်ယောက်မှန်း သိလိုက်ပြီးသည့်နောက်မှာ ချစ်ခြင်း အံ့ဩလို့မပြီးနိုင်။

ခြံရံ နဲ့ နေဝန်းက ရန်ဖြစ်လို့ကောင်းတုန်း ...။

"မင်းကလဲ ဒေါကန်ဖို့ပဲသိတာ၊ ငါမှာ မျက်လုံးပွင့်အောင်ပဲ မနည်းကြိုးစားထရတာ နားလည်ပေးဖို့စဉ်းစား"

"ရောက်လာရင် နှစ်ပတ်လောက်လိမ့်ကန်ပစ်မလို့ စဉ်းစားထားတယ်"

"ကားထဲဝင်ထိုင်ပြီးမှ ဆီမရှိလို့ ဘုရားတပြီး ဂိုဒေါင်ထဲမှာ ဆီရှာရသေးတယ်"

"မြန်မြန်မောင်းစမ်းပါကွာ၊ မင်းကို သနားဖို့ အစီအစဉ်မရှိဘူး"

"ကိုကြီး"

လက်မောင်းကိုလှုပ်ခေါ်လိုက်တော့ ခြံရံ က လှည့်ကြည့်သည်။ နေဝန်း ကလည်း မှန်ထဲကနေ လှမ်းကြည့်နေ၏။

"ကိုကြီး ဘယ်သွားမလို့လဲဟင်၊ မေမေနဲ့ ဦးဦးမိုးတို့ အဆင်ပြေဖို့ဆိုပြီးတော့ ဒီထိ ဘာလုပ်ဖို့လဲ"

ခြံရံ မျက်နှာတစ်မျိုးပြောင်းသွားပြီး ချစ်ခြင်းကို စိုက်ကြည့်၏။

"ဒီထိမပြီးသေးဘူး၊ နောက်နာရီဝက်လောက်ဆက်သွားရဦးမှာ"

"ဟင် .. ဘယ်ကိုလဲ၊ အဲဒီလောက်မဖြစ်ဘူးလေ ကိုကြီးရဲ့၊ မနေ့ကမှ ချစ်ခြင်း အဲဒီလိုသွားလာမိလို့ အရိုက်ခံခဲ့ရတာ"





"ဟုတ်တယ်၊ မင်းကို နောက်ထပ် ဘယ်သူမှ လက်ဖျားနဲ့တောင် ခေါ်လို့မရတော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မင်းကို ငါ ခိုးလာတာ"

ချစ်ခြင်း 'ဟင် ...' ဆိုသည့် နှုတ်ခမ်းလေးပွင့်ဟသွားခဲ့ပြီး အသံထွက်ချက်မှထွက်မလာခဲ့တော့ပေ။ အသံတိတ်ပေါက်ကွဲခြင်းတစ်ရပ်က အထင်နှစ်ဖက်မှာ ပြင်းထန်စွာမြည်ဟီးသွားခဲ့သလိုဖြစ်ကာ မျက်လုံးတွေ ညှိုးလျက်နှင့်မှောင်မိုက်သွား၏။

မမြင်မစမ်း မှောင်မိုက်ခြင်းထဲမှာ ထင်လင်းစွာရှိနေတာက .. မေမေ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

အသားတုန်အောင်ဒေါသဖြစ်ခြင်းကို ကိုယ့်ဘာသာ သတိထားမိလ
ခြင်းက ဒါပထမဆုံးပဲထင်သည်။ တက်ခေါက် လမ်းလျှောက်ရင်း တသေ
သောသွန်ကျတဲ့မျက်ရည်တွေကလည်း မကုန်နိုင်။

ဘယ်လောက်ဒိုနေလဲ၊ ဒေါသက တစ်ရစ်ပြီးတစ်ရစ်တိုးလျက် ဖြေ
ကွဲနေတာလား၊ ဒေါသတွေပေါက်ကွဲခွင့်မရလို့လား၊ ကိုယ့်ကိုယ်ကိုလည်း
မသိတော့ပေ။

သိလိုက်တာက မှန်တင်ခုံရှေ့မှာထိုင်ချလိုက်ပြီး ညာဘက်လက်
မှန်တင်ခုံမှာတင်လိုက်သည့်အချိန်ဖြစ်၏။

လက်သီးဆုပ်ထားသည့် လက်ကောက်ဝတ်နေရာမှ လက်ဖျံရင်း
တဆတ်ဆတ်တုန်နေ၏။

"ရွေးလိုမိုက်တဲ့သမီး ..."

ဒီလောက်ထိ တွင်းတူးမိုက်ရသလားဟု အထပ်ထပ်ရေရွတ်ရင်
မျက်ရည်က မရပ်မနားကျနေခဲ့သည်။





"သမီး နိုင်"

ဒေါ်လေးအသံကိုကြားလိုက်ရတော့ ဝမ်းသာအားတက်သွားသဖြင့်
ချက်ချင်း ထ,ရပ်လိုက်မိသည်။ သို့သော် ဦးလွင်မိုး သွားခေါ်လာတာလား
ု တွေးမိပြီး ရပ်နေမိပြန်၏။

မနေ့က ပြန်ရောက်ရောက်ချင်း ဖုန်းဆက်သည်။ ခရီးပန်းနေလို့
ထက်ဆောင်တွေပို့ရင်း နောက်တော့မှ လာမည်တဲ့ ...။

"နိုင် ... ဟဲ့.. ဒီမိန်းကလေး အခေါ်တစ်ယောက်လုံးလာတာတောင်
ဖျာဖျာသလဲမရှိပါလား"

နောက်ထပ်အသံထွက်လာမှ ဒေါ်မမနိုင် က တံခါးသွားဖွင့်၏။

"အမလေး ဖြစ်နေလိုက်တဲ့ပုံကလဲ ဆံပင်ဖရိုဖရဲ၊ အကျီကု မသပ်
ရပ်နဲ့ ပါးပေါ်မှာ မျက်ရည်က ချောင်းစီးနေပြီ"

"ဒေါ်လေး ကြည့်ထားပါ၊ အဲဒါ သမီးလိမ္မာလေးကြောင့် ..."

"ဘယ့်နှယ်ပြောလိုက်တာလဲ နိုင်ရယ်၊ ကလေးကို နေရင်းထိုင်ရင်း
အပြစ်မပေးပါနဲ့၊ ကိုယ်က စိတ်တိုတုန်းမို့ လွှတ်ခနဲပြောလိုက်တာပေမယ့်
သာရဲ့ နှုတ်ထွက်စကား ကျိန်စာထက်စူးသတဲ့၊ အဲဒီမျက်ရည်တွေလဲသုတ်
ခ်လိုက်စမ်းပါ၊ သွားလာရင်း ကလေးမှာ ခလုတ်ကန်သင်းတွေ့ ပါ့မယ်"

အခန်းထဲဝင်လာရင်း တစ်စစီလွင့်ပျံ့နေသည့် ချစ်ခြင်းရဲ့ဓာတ်ပုံတွေ
ကို ဒေါ်ဥမ္မာက တစ်ပုံချင်းလိုက်ကောက်သည်။ ပြီးတော့ အခန်းထောင့်
မှာ ပွင့်လျက်ကျနေသည့် ဓာတ်ပုံအယ်လ်ဘန်ကိုပါ သွားကောက်၍ ...

"ဒါတို့လဲ ကလေးမမွေးဘူးပေမယ့် ညည်းတို့သားအမိတွေကို အဆင့်
ဆင့်ထိန်းရင်း မိဘဖြစ်ခဲ့ရတာပါပဲ၊ ခုလို ဒေါသဖြစ်နေချိန်မှာ နှစ်သိမ့်
ထားလာပြောတာလဲ ရန်သူပဲ၊ ဒါပေမယ့် ကိုယ် ဒေါသဖြစ်တာက နှစ်
ယ်လေးနာရီပြည့်မှာမဟုတ်ဘူး၊ ဒေါသကြောင့်ထွက်သွားတဲ့ စကား
စ်ခွန်းကြောင့် ကိုယ့်သားသမီးဘဝနစ်မွန်းသွားလိမ့်မယ်"

www.burmeseclassic.com



"ဒေါ်လေးက မလာသေးဘူးဆိုပြီး ချက်ချင်းကြီးရောက်လာတာ ကိုမိုး ခေါ်လို့မဟုတ်လား"

"အေးပေါ့၊ ညည်းဒေါ်သက ဆရာမနိုင် နှစ်ဆောင်ပြိုင်ဖြစ်နေတာကိုး၊ သူ့ဘက်မှာ မိဘမရှိတော့ ညည်းဘက်က ကျုပ်ကိုပဲ သူ တိုင်ပင်တာပေါ့"

"ဒါ တိုင်ပင်ရမယ့်ကိစ္စမဟုတ်ဘူး ဒေါ်လေး၊ သူ့သားက နိုင့်သမီးလေးကို ..."

ပြောလို့မဆုံးဘဲ ဒေါ်မမနိုင် ဟီးခနဲငိုသည်။ ငိုနေရင်း လက်မောင်းပင့်ပြီး မျက်ရည်ကိုရော နှာခေါင်းကိုပါ ပွတ်တိုက်သုတ်ပစ်ပြီး မျှော်ရာ ခြေရင်းမှာဆောင့်ထိုင်၏။

"သိပ်မိုက်ရိုင်းတဲ့ကောင်၊ နိုင့်ကို မုန်းတီးပြီး သမီးလေးကို နိုးပြေးသွားတာ"

"သတို့သမီးဝတ်စုံတောင်ဝယ်နေကြမှပဲ ညည်းကိုမုန်းလို့ဖြစ်နိုင်မလားအေ၊ ကလေးတွေ ကြောက်လန့်သွားအောင် ဒီလောက် ဝုန်းဒိုင်းကြမှတော့ ပြေးကြပြီပေါ့"

"ဒေါ်လေးက အကုန်သိနေတာပဲလား"

"သိတာပေါ့။ အပြင်မှာ ငါရောက်နေတာ နှစ်နာရီလောက်ရှိပြီ ပြဿနာအားလုံးကို မောင်မိုး ပြောပြတယ်လေ၊ အခု ညည်း တစ်နေကုန် လုံးဝအတွေ့မခံဘဲ အခန်းအောင်းနေတဲ့အထိပေါ့"

"မန္တလေးကို အပြီးအပိုင်ထွက်လာဖို့ထိ စီစဉ်နေတာ၊ သမီး ကျန်ခဲ့မှာ စိုးလို့ ..."

"ဘုရား .. ဘုရား"

ဒေါ်ဥမ္မာ ရင်ဘတ်ဖိလျက် တူမဖြစ်သူကို တအံ့တသြကြည့်၏။

"ကိုယ့်ကိုယ်ကို မြီးကောင်ပေါက်အရွယ် အပျိုဖျန်းကလေးများ မှတ်





နေသလား မမနိုင်၊ အိမ်ထောင်ပြုတယ်ဆိုတာ ယောကျ်ား ဒီလိုယူ၊ ဒီလို ထားရတယ်လို့ ကလေးကို နည်းတောင်းလမ်းမှန်တွေ ညွှန်ပြပေးမလို့လား"

"ဒီလိုလုပ်မှ နိုင် စိတ်ကျေနပ်မှာ ဒေါ်လေးရဲ့၊ ခု သူ အတင်းလိုက် တောင်းပန်နေတာကို တောင်းပန်နေတဲ့အသံလို့ နိုင် မကြားဘဲ အနိုင်ရလို့ ကြိတ်ကြွားနေတာလို့ပဲ ထင်နေတယ်"

"အံ့ရောအေ"

"သူ့ကိုတောင် အားနာရမှန်းမသိဘဲ သူ့သားနဲ့ နိုင့်သမီးကို လုံးဝ ခွဲပစ်စေချင်ပါဘူးလို့ နိုင် တဖွဖွပြောနေခဲ့တာ"

"ခုဖြစ်သွားတာကို သူ မြှောက်ပေးတာလို့ ညည်း ထင်လို့လား"

"အဲဒီလိုမဟုတ်မှန်းလဲ သိတယ်၊ ဒါပေမယ့် နိုင့်သမီးကို နိုင် နိုင်တယ် သား၊ သူ့သားကို ဆုံးမထားပေါ့၊ သူ အပြောအဆို ဆုံးမမှုနည်းလို့ ဒီလို ဖြစ်တာ၊ သူတို့ချင်း ဘယ်လိုပဲပတ်သက်ခဲ့ပါစေ ဒီလိုဖြစ်သွားတာ ဟို ကောင့်ကြောင့်ပဲ၊ နိုင် သေချာသိတယ်၊ သမီး ဒီလောက်ထိသတ္တိမရှိဘူး၊ ဇာတ်ဇရက်ထဖြစ်ကြတဲ့ညပဲ ချက်ချင်း နိုးပြေးသွားတာ၊ နိုင့်ကို တမင် ညာပြနေတာမဟုတ်ဘူးလား"

"ဟုတ်နေတယ်ပဲထားပါဦး ကလေးအမိုက်တွေပဲလို့တွေးပြီး ခွင့် လွှတ်လိုက်ပါတော့ကွယ်၊ ဒီလိုကိစ္စမျိုးက ကြက်တိုက်ပွဲလို သူ့ကြက် ကောက်၊ ကိုယ့်ကြက် ကိုယ်ကောက်ပြီး လှည့်ပြန်ကြလို့ဖြစ်တဲ့ကိစ္စမျိုး မဟုတ်ဘူး၊ ကိုယ့်ဘက်က သမီးမိန်းကလေး"

"အို.. ဘာဖြစ်ဖြစ် မထူးစိတ်ပိုက်ပြီး အံကြိတ်ခေါင်းငုံ့နေလဲ ဒီကောင် လေးက ခေါင်းတက်နင်းမှာပဲ၊ ကိုယ့်ဘက်က ဆူးပဲဖြစ်ဖြစ်၊ ဖက်ပဲဖြစ်ဖြစ် အတောင့်ရှည်တော့ အစေ့များမယ်၊ ဒီကောင်လေးနဲ့ လုံးဝ သဘောမတူ ဘူး ဒေါ်လေး၊ ရအောင်ခွဲမှာပဲ"

"နို .. နေပါဦးကွယ်၊ ဒီကောင်လေးကို ဘယ်လိုဆိုးရွားတဲ့ပြစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



တွေ မြင်ထားလို့ ဒီလောက်ခါးခါးသီးသီးသဘောမတူနေရတာလဲ”

ဒေါ်ဥမ္မာ စိတ်ပျက်လက်ပျက်နှင့် မေးမိတော့သည်။ သူမ သိ[illegible] သလောက်မှာ ခြံရှံ ဆိုတဲ့ ကောင်လေးက အပေါင်းအသင်းတွေနဲ့ အရို[illegible] ဖြုန်းနေတတ်သည်၊ မိဘကို ကူညီရမှန်းမသိ၊ ဖါလောက်ပဲဖြစ်၏။

ဒေါ်မမခိုင်က ထိုင်နေရင်းမှ ထ,ရပ်လိုက်ကာ ...

“ပြောဖြစ်နေလဲ ‘လူငယ်တွေက ဒီလိုပါပဲအေ’ လို့ ဒေါ်လေး ပြောဦးမ[illegible] ပဲ၊ သူ့အဖေကို ဒေါ်လေးတို့ ဒီလောက်လက်ခံခဲ့ကြတာ၊ သူ့သားကို[illegible] အထိခံမှာမဟုတ်ပါဘူး။ ဒါပေမယ့် နိုင့်စိတ်ထဲမှာ ခံစားမိနေတာ ဒီကော[illegible] လေး လူကောင်းသူကောင်း ဘယ်လိုနည်းနဲ့မှဖြစ်လာမှာမဟုတ်ဘူး”

“ဖြစ်လာမှာ၊ မလာမှာကို စောင့်ကြည့်ရုံပဲရှိတော့တာမဟုတ်ဘူးလာ[illegible] သမီးရယ်၊ ညည်း ခါးခါးသီးသီးဖြစ်နေလို့သာ ဒေါ်လေး မပြောဘဲနေ[illegible] တာ၊ လင်မယားနှစ်ယောက် စီးပွားခွဲနေကြတာကိုက အဓိပ္ပာယ်မရှိဘူ[illegible]

“အဓိပ္ပာယ်ရှိတယ် ဒေါ်လေး၊ ဒီကောင်လေး စော်ကားမှာကို မခံရ[illegible] တာရော ကိုယ့်သမီးအတွက် ပြောစရာရှိလာရင် အားမနာတမ်းပြော[illegible] ဖို့အတွက်ရော ဒီတိုင်း တမင်လုပ်ခဲ့တာ၊ ဒီလောက်လုပ်တဲ့ကြားက နု[illegible] သွားတာ ကြည့်ဦး”

“ဖြစ်ချိန်တန်ရင် ဖြစ်သွားတာပဲဆိုတဲ့တရားသဘောကို ညည်း[illegible] နားမလည်တာ နိုင်ရယ်၊ အရာရာမှာ ကံကိုပုံချလို့မဖြစ်ပေမယ့် ဒါ[illegible] ကံအကြောင်းတရားတွေပဲ၊ ခုကိစ္စမှာ မောင်မိုးဘက်က အရမ်းကိုသည်[illegible] လွန်းလို့ ညည်း ထင်သလိုစီမံခွင့်တွေရနေတာ၊ စီးပွားခွဲမယ်ဆိုတာ[illegible] ဟိုက ခွဲထွက်နေတယ်၊ သူ့သားတစ်ယောက်လုံးကို တစ်ပြားမှ တန်[illegible] မရှိအောင်ပြောနေလဲ အပြစ်ယူပြီးငြင်ရမှန်းမသိဘူး”

“တစ်ပြားဖိုးမှမရှိတာ သူ သိနေတာကိုး၊ ငြိုငြင်လို့ရမလား”

ဒေါ်မမခိုင်က ဒေါ်ဥမ္မာ စုထပ်ချထားသည့် ချစ်ခြင်း ဓာတ်ပုံတွေ[illegible]





[illegible]ဘ်စိအောက်ကလွတ်သွားအောင် ဟိုဘက်တွန်းပစ်လိုက်ပြီး ကျောခိုင်း [illegible]ိုင်၏။

တူမဖြစ်သူ ကလေးဆန်နေတာကိုကြည့်ကာ ဒေါ်ဥမ္မာ ပင့်သက် [illegible]ိမိသည်။ အစက လွင်မိုးကို နိုင်ကိုယ်တိုင် နှစ်သက်ခဲ့တာပေမယ့် [illegible]မ်းနဲ့ပတ်သက်ပြီးမှ ဒီယောက်ျားကိုပါ မုန်းနေလေသလားမသိ။

“အတွေးမလွန်နဲ့ သမီး၊ ညည်း ဒေါသနောက်လိုက်ပြီးမှားမှာကိုစိုးလို့ [illegible] လေး ပြေးလာခဲ့တာ”

“သိပါတယ်၊ ကိုမိုးတို့ တအားချမ်းသာတာကို လက်လွှတ်သွားမယ် [illegible]ညာ ...”

“အဲဒီလို ကလေးဆန်တာတွေမပြောနဲ့လေ၊ အခု ညည်းကို အိမ်ထောင် [illegible]ေးဖို့ ဒေါ်လေး နားချနေတာမဟုတ်ဘူး။ ညည်းက ယောက္ခမဖြစ် [illegible]ဘေမယ့် သမီးရှင်ဖြစ်နေပြီ၊ ညည်းသမီးရဲ့အိမ်ထောင်ရေးအတွက် ပြော [illegible]နေတာ။ အခု စီးပွားခွဲပစ်လိုက်တာကိုပဲကြည့်၊ အစကတည်းက မောင်မိုး [illegible]တ ကျိုကျိုတက်ချမ်းသာကြတဲ့လူတွေ၊ ညည်းမှာ လုပ်ငန်းလေး နှီးဆို [illegible]ဘ်လောက်ပဲရှိတာ၊ ခွဲလိုက်ခြမ်းလိုက်တော့ ညည်းဘက်မှာ ဘယ်လို [illegible]ကျိုးအမြတ်တွေ ထွက်လာသလဲ”

ဒေါ်မမခိုင် မဖြေပါ။ ဖြေစရာလည်းမရှိပေ။ ဒါပေမယ့် ဟိုတုန်း [illegible]ကတည်းက မျက်နှာလေးက မိုက်တိမိုက်ကန်းပုံနှင့် ပြောရဲဆိုရဲလွန်း [illegible]ည့် စစ်ခြံရှံ ဆိုတဲ့ကောင်လေးကို လျှော့မတွက်ခဲ့တာ အမှန်ပင်။

ကိုယ့်လုပ်ငန်းတွေကို သမီးရဲ့အဖေ ရှိစဉ်ကတည်းက ကူညီတွဲခေါ် [illegible]သည့်သူမို့ ရင်းနှီးခဲ့ကြသည့် သံယောဇဉ်တွေလည်းရှိတော့ ကိုမိုးကို [illegible]မ လက်ခံခဲ့သည်။

ထို့ပြင် ဘယ်သူမှမသိလိုက်သည့်အချက်မှာ သမီးရဲ့အဖေက စီးပွား [illegible]ကို သူများတန်းတူ ရင်ပေါင်တန်းနိုင်အောင် အပတ်တကုတ်ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



သည်။ တခြား ဘာကိုမှ ခေါင်းထဲမထည့်။

လင်မယားချင်း အသက်ဆယ်နှစ်လောက်ကွာသည့်အပြင် နိုင်က ကလေးဆန်သည်၊ ယောက်ျားကျတော့ လူကြီးပီသလွန်း၏။

အိမ်ကို မကြာခဏရောက်ရောက်လာတတ်သည့် ကိုမိုးက နိုင့် ယောက်ျားကိုလည်းကူညီသည်။ အိမ်ထောင်ရေး အဆင်မပြေဖြစ်နေကြ တာကိုလည်း ဘာကြောင့်ဆိုတဲ့ပြစ်ချက်ကိုရှာပြ၏။

"စီးပွားရှာနေတာလဲ ကိုယ်ကောင်းစားဖို့မှမဟုတ်ဘဲ ကိုအောင် ရ ဒီမိန်းနဲ့အိမ်ထောင်ရေးပြည့်စုံတိုးတက်ဖို့မဟုတ်လား။ အဲဒီတော့ သူ့ စိတ် ချမ်းသာဖို့လဲ အဓိကကျတာပဲ၊ နောက်ပြီး မနိုင်က ငယ်ရွယ်သူလေ၊ သူ့ အတွက်လဲ နည်းနည်းအချိန်ပေးလိုက်ပါ၊ အိမ်ထောင်ရေး သာယာ ကိုအောင် အခု စိတ်ညစ်နေရတာတွေ ပြေပျောက်မှာပေါ့"

ကိုမိုး ပြောပြနေတာ တချို့ကို နိုင်ကိုယ်တိုင် တစ်စွန်းတစ်စ ကြား ဖူးသည်။ ပြီးတော့ ကိုယ့်ခင်ပွန်းရဲ့ဒေသနကိုလည်း မသိဘဲနေမလား။

"ရှာဖွေစုဆောင်းတဲ့ယောက်ျားအပေါ် ကို စနီးလုပ်တဲ့မိန်းမက ပို နားလည်နေရမှာမဟုတ်ဘူးလား ကိုမိုး၊ ယောက်ျားဖြစ်တဲ့လူကတော အပင်ပန်းခံနေရင် သူ့အလုပ်က ချွေးသိပ်ပေးဖို့ပဲရှိတာ၊ အမောမပြေ အပြင် သူတို့ကောက်တာကွေးတာကိုပဲ အချိန်ပေးချော့မြူနေရဦးမှာ လား၊ ဒါ အဓိပ္ပာယ်မရှိဘူး"

လို့ မဲ့မဲ့ရွဲ့ရွဲ့ညည်းညူခဲ့တဲ့သူဖြစ်သည်။ ထို့ကြောင့် ကိုအောင် မဆုံး ကတည်းက နူးနူးညွှံ့ညွှံ့ပြောဆိုနေထိုင်တတ်သည့် ကိုမိုးကို နိုင် ခင်မင် မိသည်။

ဘာဖြစ်ဖြစ် ပြောဆိုရင်ဖွင့်ရင်း မောင်နှမအရင်းလို တိုင်ပင်ခဲ့တာ လည်းရှိသည်။ ကိုအောင် ရုတ်တရက်ဆုံးသွားတော့ အားမငယ်ဖို့ပြော ရင်း လုပ်ငန်းတွေ ကမောက်ကမဖြစ်မကုန်အောင် ကိုမိုးကပဲ ကူညီ





ခေါ်ပေးသွားခဲ့သည်။

စီးပွားရေးချင်း ပခုံးချင်းယှဉ်ဖို့က ဟိုးအစဉ်အဆက်ကတည်းက လုံးဝအလှမ်းကွာပြီးသား အခြေအနေတွေပဲ။ ထို့ပြင် မသိစိတ်မှာ ကိုမိုး ကို အထင်ကြီးမြတ်နိုးနေခဲ့ခြင်းကြောင့် သူ့မှာ ဒီလိုပြည့်စုံကြွယ်ဝလို့ ဒီမိန်းမ အားကိုးလာတာလို့ မမြင်စေချင်။

အထူးသဖြင့် ဒီကလေးလေး မျက်ဝန်းတွေကြောင့် ကိုယ့်ဘက်မှာ ဘာတစ်ခုမှ ပြောစရာမရှိစေချင်ခဲ့တာဖြစ်၏။

ဒေါ်ဥမ္မာက နိုင် တွေးနေတာတွေကိုမသိပေမယ့် ပြောတာကို ငြိမ် သက်စွာနားထောင်နေသည်မို့ ခဏအကဲခတ်ပြီး သူမ စကားကို ရှေ့ ဆက်၏။

"မိန်းမဆိုတာ စီးတဲ့ရေ ဆည်တဲ့ကန်သင်းအေ့၊ ထွက်ပေါက် မရှိ ပေါက်မရှိအောင်တောင်မှ သိမ်းထုပ်ဖာထေးရဦးမှာ၊ ညည်းက တမင် တကာဖွင့်ချပေးနေတာ ဘယ်လောက်စိတ်ပျက်ဖို့ကောင်းသလဲ၊ သူရှာ တာ သူစု၊ ကိုယ်ရှာတာကိုယ်စုဆိုရင် ညည်းယောက်ျား ကျန်ရစ်ခဲ့တဲ့ စီးပွားရေးဆိုတာကိုရော ဘယ်သူ ဦးဆောင်ပေးနေတာလဲ"

"ဒါတော့မပြောပါနဲ့၊ အခု နိုင့်ဘာသာ လိုက်လုပ်နေပြီ"

"ထားပါတော့၊ အကျိုးအမြတ်တွေခွဲကြတော့ သူရှာနိုင်တဲ့ရာနှုန်းနဲ့ ညည်းရတဲ့ရာနှုန်း အတူတူပဲလား"

ဒေါ်မမနိုင် ငြိမ်သွားပြန်သည်။

"စဉ်းစားကြည့်ဦး မယ်နိုင်"

ဒေါ်ဥမ္မာက တစ်ခုခုစိတ်ပေါက်ပြီးခေါ်ပြီဆို မယ်နိုင် ဖြစ်သွားတတ် တာပဲ။ ကလေးတွေကိစ္စ နားချဖို့လာရင်း လူကြီးချင်းကို ပြန်ပြီးစေ့စပ်ပေး နေရတဲ့အဖြစ်ကိုတော့ မကျေနပ်ချင်၊ ကလေးတွေမှမဟုတ်တော့တဲ့ ဟာ...။



www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆုံးမှာ ကလေးတွေပဲတွေးလိုက်ဦး။ သူ့သားအတွက် သူ စုဆောင်းထားနိုင်တာ အများကြီးဖြစ်နေပြီ၊ ညည်းသမီးအတွက် ဘယ်လောက်ရှိလဲ"

ဒေါ်မမနိုင် ဖျတ်ခနဲမော့ကြည့်လာပြီး ဘာမှပြန်မပြောနိုင်။

"တကယ်ဆိုရင် သူ့သားအတွက် ကိုယ့်သမီးအတွက်ဆိုတာတွေက ကိုယ့်လက်ထဲမှာပဲရှိရမှာ၊ မောင်မိုး ရှာသမျှ တစ်မူးတစ်ပဲက အစ ညည်းက အုပ်စီးထားနိုင်ရမှာလေ .. မဟုတ်ဘူးလား၊ ဒီလိုချုပ်ကိုင်အုပ်စီးခွင့်ရဖို့ဆိုတာတောင်မှ ဒနီးဖြစ်တိုင်း အိမ်ရှင်မပါဝါကို အလိုလိုရတာတ်ကြတာမဟုတ်ဘူး၊ အခု ညည်းမှာ မောင်မိုးက သူကိုယ်တိုင် ယူစမ်းပါ၊ ချူစမ်းပါနဲ့ဖြစ်နေတာ၊ ဒီလိုအခွင့်အရေးတွေကို မြောင်းထဲမျှောပစ်နေတာများ ဆုံသြပါရဲ့အေ ..."

"ဒါကတော့ နိုင် သူ့လောက်မချမ်းသာပေမယ့် ..."

"ဟဲ့ ... ဒီအရွယ်တွေ အိမ်ထောင်ပြုကြ၊ လက်ထပ်ကြတာ ရင်ခုန်သံတွေနားထောင်ပြီး သာယာကြဖို့တစ်ခုတည်းမှမဟုတ်ဘဲ၊ မိန်းမကျတော့ ကိုယ့်ဘဝအတွက် နိုင်နိုင်မတ်မတ်ရပ်တည်ပေးမယ့် အားကိုးထိုက်တဲ့သူကိုရှာတာ၊ ယောကျ်ားကတော့ တည်ငြိမ်အေးချမ်းပြီး စီးတဲ့ရေဆည်တဲ့ကန်သင်းဖြစ်နိုင်မယ့် အိမ်ရှင်မကို အလိုရှိတာ၊ အခု ညည်းကိုက လွဲနေတာ နိုင်၊ မဟုတ်တဲ့မာနတွေထားနေတာ"

"မဟုတ်တဲ့မာနတွေလို့ ဒေါ်လေး မပြောပါနဲ့၊ အဲဒီလို ကင်းအောင်နေတာတောင်မှ ..."

"အိုအေ .. သူ့အဖေကို ညည်း ယူထားကာမှတော့ သူ့ရဲ့မိထွေး မဖြစ်လို့ ရကိုမရဘူး"

"ဖြစ်တယ်.. ဟုတ်တယ်လေ၊ ဒါပေမယ့် သူ့အမေရဲ့နေရာကို ဝင်လုတယ်လို့ အထင်မခံနိုင်ဘူး၊ နိုင်က မိထွေးပီသချင်တာ"





"ဖြစ်ရလေ ..."

"မိထွေးပီသရတဲ့ကြားထဲ ပစ္စည်းမက်တဲ့မိန်းမလို့ ထပ်ပြောလာရင် လူသတ်ပွဲတွေဖြစ်ကုန်မှာပဲ"

"မက်ရမယ်၊ မိန်းမဖြစ်နေတဲ့အတွက် ရှေ့ရေးနောက်ရေးဆိုတာကို ယောကျ်ားထက်ပူရတယ်၊ ချမ်းသာခြင်းကို မမက်လို့ ဖြစ်ကိုမဖြစ်ဘူး"

"ဒေါ်လေး ဘာကိုပြောချင်နေတာလဲ၊ ကိုမိုးနဲ့နိုင့် အိမ်ထောင်ရေးကိုလား၊ သူ့သား အရိုင်းအစိုင်းကောင်နဲ့ ချစ်ခြင်းကိစ္စလား ..."

"ဩော် ... ဒီသားအဖနဲ့ညားနေကြတဲ့ သားအမိက ညည်းတို့ဖြစ်နေလို့ အပေါ်စုံတွဲအကြောင်းရော၊ အောက်စုံတွဲအကြောင်းရော နှစ်တွဲစလုံးကို တွဲပြောနေရတာ"

ဒေါ်ဥမ္မာက မတ်တတ်ရပ်လိုက်သည့် ဒေါ်မမနိုင်ကို လိုက်မော့ကြည့်ကာ ...

"ညည်း အခု အခန်းအောင်းပြီး ဘာတွေလုပ်နေဖို့စဉ်းစားနေတာလဲ၊ ဒေါ်လေးကို အဒေါ်တစ်ယောက်လို လေးစားသမှုလေးရှိရင် နည်းနည်းပါးပါး တိုင်ပင်ပါဦး"

စိတ်မရှည်သည့်မျက်ဝန်းတွေ ဒေါ်ဥမ္မာ့ထံရောက်လာကာ ...

"ဒေါ်လေးက လာကတည်းက နိုင် ဘာပြောပြော ဘာလုပ်လုပ် တားဆီးဖို့မဟုတ်ဘူးလား"

"တားသင့်ရင် တားရမှာပေါ့၊ ဒါဆို ဒေါ်လေးပြောမယ့်စကားနားထောင်"

ဒေါ်လေးတို့ တစ်ခုခုပြောဖျောင်းဖျတော့မည်ဆို ဒေါ်လေးတွေ၊ သမီးတွေဖြစ်ပြီး မျက်တောင်ဖျားတွေမှာ စိုနေဆဲမျက်ရည်စတွေကို လက်ခုံနဲ့ အပြီးသတ်သုတ်၍ နောက်ထပ်ငိုချိန်ရမှာမဟုတ်တော့တာကို သည်းတွေးမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီကလေးနှစ်ယောက်အတွက် သူမ တစ်ခုခုဆုံးဖြတ်ရတော့မှာ မဟုတ်လား ...။

"ကလေးတွေကို ခွဲဖို့ သမီး မစဉ်းစားပါနဲ့"

"ဘာလဲ .. အဲဒီလိုပြောပေးပါလို့ ကိုမိုးက သင်ပေးလိုက်တာလား"

"နိုင် ..."

တံခါးအပြင်ကနေ ဦးလွင်မိုးအသံပေါ်လာသည်။ တံခါးက စေ့ရုံစေ့ထားတာဖြစ်ပေမယ့် ဦးလွင်မိုးက ဝင်မလာခဲ့ပါ။

"ကိုယ့်ကို အထင်မလွဲပါနဲ့ကွာ၊ ဒေါ်လေးကို လှမ်းအကြောင်းကြားရတာက ကိုယ်မှန်ပေမယ့် ကိုယ့်သဘောအတိုင်းဖြစ်ချင်လို့ စစ်ကူခေါ်တာမျိုး လုံးဝမဟုတ်ဘူး၊ အရာရာကို မင်းစိတ်တိုင်းကျဖို့ပဲ ကိုယ် ကြိုးစားခဲ့တာ မင်းသိပါတယ်၊ ဒါပေမယ့် အခုက ကိုယ်တို့ရဲ့သားသမီးတွေဖြစ်နေလို့ပါ"

"အဲဒီတော့ နိုင် က ..."

"နေဦးလေ၊ သူပြောတာကိုနားထောင်လိုက်ပါဦး။ မောင်မိုး လာလေကွယ် .. ဝင်ခဲ့"

ဦးလွင်မိုးဘက်က အသံတိတ်သွားပြီး အထဲကိုလည်းဝင်မလာ၊ ဒေါ်မမနိုင် ကတော့ သိပါသည်။ ဒီဘက်မှာ အခန်းခွဲနေလိုက်ကတည်းက ...

"ဒီကိစ္စကို နိုင့်ဘာသာ စိတ်ကြိုက်ဆုံးဖြတ်မယ်၊ အဲဒါ မပြီးမချင်းရှင် နိုင့်ဆီကို လုံးဝမလာနဲ့၊ ဘာမှလာမပြောနဲ့ ဒါပဲ"

အမြဲတမ်းအနိုင်ပေးထားခဲ့သည့်အတိုင်း သူမ၏တစ်ချက်လွှတ်စည်းကို ဦးလွင်မိုး သူ့ဘာသာ ချိုးဖျက်ကျော်လွှားပြီး ဝင်လာမှာမဟုတ်ပေ။ ထင်သည့်အတိုင်းပင် ...

ဦးလွင်မိုး၏စကားသံက အပြင်ကနေပဲ ဆက်လက်ထွက်ပေါ်လာ





ခဲ့၏။

"ကိုယ့်သားကို အစကရော ဟိုမနေ့တစ်နေ့အထိရော နိုင် ကြိုက်သလိုမှန်း၊ မုန်းတဲ့အကြောင်း ဘယ်လိုစကားတွေပဲပြောနေနေ ကိုယ်မငြိုငြင်ခဲ့ဘူး၊ ခုရော နောက်ရော ကိုယ့်ဘက်က ငြိုငြင်လာဖို့ လုံးဝမရှိဘူး။ ဒါပေမယ့် မခေါ်ချင်လို့ရတယ်၊ မတော်ချင်လို့မရတော့တဲ့ ဒီနေ့ အခြေအနေမှာ နိုင် စဉ်းစားပါကွာ။ ဒါတွေ ဒီလိုဖြစ်အောင် ကိုယ် ဖန်တီးခဲ့တာ မဟုတ်ပါဘူးဆိုတာ ယုံကြည်တယ်ဆိုရင် ကလေးတွေကို နားလည်ပေးလိုက်ပါ။ ဖြစ်သင့်တဲ့အတိုင်း စီမံပေးပြီးရင်လဲ နိုင့် သဘောကျစီစဉ်ပါ။ ဥပမာ သူတို့ကို ဘယ်လိုနေ၊ ဘယ်လိုထိုင် ကိစ္စအဝဝပေါ့ .. ဒါပါပဲ။ ကိုယ်ပြောတာကို မကျေနပ်နိုင်ဘူးဆိုရင်တော့ ဒီထက်ပိုပြီး ဘာမှပြောဖို့ မရှိတော့ပါဘူး"

ခဏတိတ်သွားသည်ထင်ပေမယ့် ဦးလွင်မိုးအသံ နောက်ထပ်ထွက်ပေါ်မလာတော့ပါ။ ဒေါ်မမနိုင် ကလည်း ဘာတစ်ခွန်းမှ ဆက်ပြောမလာ။

တူဝရီးနှစ်ယောက် တိတ်နေကြပြီးမှ ဒေါ်ဥမ္မာက နေရာမှထ,ရပ်ကာ...

"ဒါဆိုရင် ညည်းထင်သလို ဖြရဲ့ က တမင်နိုးပြေးသွားတာ ဟုတ်၊ မဟုတ် ဒေါ်လေးကိုယ်တိုင်စုံစမ်းမယ်၊ နှစ်ဦးသဘောတူပြေးကြတာဆိုရင်တော့ ခွဲဖို့မကြိုးစားနဲ့တော့ နိုင်ရယ်.. နော်၊ ဒေါ်လေးစကားကို နားထောင်ပါ။ ဒါမှ ညည်းတို့မိသားတစ်စုလုံး အဆင်ပြေသွားမှာ"

www.burmeseclassic.com



## အခန်း (၂၀)

"တော်တော့ကွာ"

ဒေါသဖြစ်ဖြစ်နှင့် စားပွဲကိုထုပစ်လိုက်တော့ အော်သည့်အသံနှင့် 'ဒုန်း' ခနဲအသံပေါင်းကာ ချစ်ခြင်း ရဲ့ရှိုက်သံတွေကို တိတ်ကျသွားစေခဲ့၏။

"မင်းကိုမိုးပြေးလာခဲ့တဲ့အတွက် ငါလဲ မိန်းမရသွားတာပဲ၊ မင်း အိမ်ထောင်သည်ဖြစ်ရသလို ငါလဲ လူပျိုမဟုတ်တော့တဲ့ကောင်ဖြစ်သွားခဲ့ပြီ ဘယ်သူ ပိုနစ်နာတာရှိသလဲ"

"ကိုကြီးက လုပ်ချင်တာလုပ်ခွင့်ရှိတဲ့သူလေ၊ ချစ်ခြင်း က ကိုကြီးရဲ့ ဒေါသတွေ အမုန်းတရားတွေကြားမှာ ကြားညပ်ခဲ့တဲ့ မြေစာပင် ..."

"အဲဒါ မင်းက ဒေါ်မမခိုင်ရဲ့သမီးဖြစ်နေလို့ ပေးလိုက်ရတဲ့အချက်ပဲ"

ချစ်ခြင်း ငိုနေတာကို စီးကရက်သောက်မပျက် သူ ထိုင်ကြည့်နေခဲ့သည်။ ထမင်းစားဖို့ ခေါ် မရတာလည်း သူ့ဘာသာစားလိုက်ပြီး နေတတ်သလိုနေခဲ့သေးသည်။

အပြင်ခဏသွား၊ ပြန်လာပြီးကြည့်တော့လည်း ငိုနေတုန်း၊ နောက်





ဖေးမှာ သွားထိုင်နေပြီး မှေသလောက်ရှိမှ သူ ပြန်ဝင်ခဲ့တာ ဒါလည်း ချစ်ခြင်း ငိုလို့မပြီးသေး။ အိပ်ရာဝင်တဲ့အထိ မျက်ရည်တစမ်းစမ်း၊ လက်နဲ့တပွတ်ပွတ်ဖြစ်နေတာကျတော့ မလွန်လွန်းဘူးလား ...။

"မင်းကိုခိုးလာပြီး ငါက မဟားတရားစော်ကားနေလို့လား၊ တစ်နာရီကို အခါရှစ်ဆယ်နှုန်းနဲ့ ထိုင်ဆဲနေခဲ့သလား၊ ဒီမျက်ရည်က ဘာလဲ၊ တစ်ညလုံး တစ်နေ့လုံး မပြီးနိုင်အောင် ပေ ဘယ်လောက်အနက်ကနေ ညှစ်ထုတ်ယူနေတာလဲ၊ အဓိပ္ပာယ်ကို လုံးဝမရှိတာ"

မီးရှိနေတဲ့စီးကရက်ကို ဒေါသဖြစ်ဖြစ်နှင့် နံရံဆီ လွှဲပေါက်လိုက်ပြီးမှ ပြန်ပြုတ်ကျလာတော့ ခြေထောက်နဲ့ဖိခြေပစ်ရသည်။

ချစ်ခြင်း က အိပ်ရာခြေရင်းမှာထိုင်လျက် ပြောလေငိုလေ ...၊ တအားအော်ပစ်လိုက်တုန်း မျက်လုံးလေးတွေဝိုင်းကာ အထိတ်တလန့် မော့ကြည့်ပြီး ခဏရပ်သွားသေးသည်။ ပြီးမှ တစ်မှိုစ်မှို တရစ်ရစ် ပြန်ပြည့်လာသည့်မျက်ရည်တွေက ပိုတောင်အားကောင်းလာသလားမသိ။

"ပြောစမ်းပါ၊ အဲဒီမျက်ရည်တွေမကုန်နိုင်တဲ့အကြောင်းကို...၊ မင်းအမေ စိတ်နာနာနဲ့ အမွှေဖြတ်လိုက်မှာစိုးလို့လား၊ ဘယ်တော့မှ မခေါ်တော့ဘဲနေမှာစိုးတာလား"

"အဲဒါတွေဟုတ်တယ်ဆိုတော့ ကိုကြီး ဘာလုပ်ပေးမှာမို့လဲ"

"ဝမ်းသာတယ်အော်ပြီး ဟားတိုက်ရယ်လိုက်ဦးမှာ"

မြရဲ့ မျက်နှာထက်က တဖောက်ကန်းမာနတွေကို စေ့စေ့ကြည့်၍ ချစ်ခြင်း က နှုတ်ခမ်းလေးကိုဖိကိုက်ထား၏။

"စစ်ခြရဲ့ဆိုတဲ့ကောင်ကို မင်းအမေ တစ်ဖက်သတ်အထင်မြင်သေးပြီးကြည့်မရဖြစ်နေတဲ့အကြောင်း သိချင်တယ်၊ သူ့သမီးကိုပါ စွန့်လွှတ်တဲ့အထိ ငါ့ကိုမုန်းတီးနိုင်သလားဆိုတာလဲ သိချင်သေးတယ်။ နောက်တစ်ခု အရေးပါဆုံးက ထိကိုင်ခွင့်တောင်မရှိဘူး၊ မထိုက်တန်ပါဘူးဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူ့သမီး ငါ့မိန်းမဖြစ်သွားပြီဆိုရင် ဘယ်လိုဖြစ်သွားမလဲ၊ ငါသိချင်တာ အဲဒါတွေပဲ"

"ကိုကြီး သိချင်တာတွေ မေမေ့ကိုမေးပါလား၊ 'ကျွန်တော်က ဘာဖြစ်နေလို့ ဒီလောက်ခွဲခြားနှိမ့်ချနေရတာလဲ'လို့ ကိုကြီး မေးရဲတာပဲ မေးပါလား၊ ဘာမှမဆိုင်တဲ့လူကိုဆွဲထည့်ပြီး ဒီလို ခုတုံးလုပ်လိုက်တာ ကိုကြီး သိပ်ရက်စက်တယ် သိလား"

"ဟား ... ဒေါ်မမခိုင်နဲ့ပတ်သက်တဲ့ အမိကက မင်းပဲရှိတာလေ၊ မင်းကို အထိမခံနိုင်တဲ့မာနတွေနဲ့ မင်းအမေက ငါ့အဖေကိုတောင် အတိုက်အခံစိတ်တွေမွေးနေခဲ့တာ နားလည်လား။ ဆယ်တန်းမအောင်တာ၊ အပေါင်းအသင်းတွေနဲ့အချိန်ဖြုန်းတာ၊ အချူပ်ထဲရောက်တော့ရော ဘာဖြစ်လဲ၊ ဘာမှမတော်စပ်ကြတဲ့သူချင်း မဆိုင်သလိုနေ့ပေါ့၊ သူ့မှာ သမီးတစ်ယောက်ရှိနေတာနဲ့ အသုံးမကျဘူးလို့ သတ်မှတ်လိုက်တဲ့ငါ့ကို အနှိမ်ခံရဲ ဘီလူးသရဲလို ... တောက် ..."

"မသိဘူး၊ အဲဒါတွေ ချစ်ခြင်း မသိဘူး၊ ချစ်ခြင်း မေမေ့ကိုလဲ ချစ်တယ်၊ ကိုကြီးကိုလဲမမုန်းဘူး။ မေမေ ဘယ်လိုတားတား ကိုကြီးက လာခဲ့ဆိုလာတယ်၊ သွားမယ်ဆို လိုက်ခဲ့တာပဲ၊ ကိုယ့်ကိုမမုန်းခဲ့တဲ့လူကို ကိုကြီး ခုလို ..."

"တော်တော့ ချစ်ခြင်း"

ခြံရံ က ဒေါက်ဆတ်ဆတ်အော်ပစ်လိုက်သည်။

"ငါ့စိတ်ကူး၊ ငါ့ရည်ရွယ်ချက်တွေထဲမှာ မိန်းမယူဖို့မပြောနဲ့ ရည်းစားထားကြည့်ဖို့တောင်မပါခဲ့ဘူး။ မင်းအမေ အပြောအဆိုပက်စက်တာတွေကြောင့် မရည်ရွယ်ဘဲဖြစ်ကုန်ရတာ၊ အဲဒီတော့ မင်းနဲ့ငါ ခံစားချက်ချင်း မတူနိုင်ပေမယ့် ဖြစ်တဲ့လမ်းကြောင်းကတော့ ဒီတစ်ကြောင်းတည်းပဲ၊ နောက်ထပ် မျက်ရည်တွေထပ်ပေါ်မနေနဲ့"





"မျက်ရည်က ပေါ်များမှကျတာမျိုးမှမဟုတ်တာ၊ ဝမ်းနည်းလို့ အလိုဖြစ်လာတာ ခုလောက်ဆို မေမေ ချစ်ခြင်းကို ..."

"မပြောနဲ့လို့ မင်းကိုပြောနေတယ်နော်"

ခြံရံ ချစ်ခြင်း ဘေးကို လွှားခနဲရောက်လာကာ ပခုံးနှစ်ဖက်ကို ဆွဲခါလိုက်ပြီး အော်သည်။

"အဲဒါကိုပြောချင်တာ၊ မင်းအမေအကြောင်းလို့ ခေါင်းစဉ်တပ်လာရင်း ငါက ဖိုက်ရိုင်းဖို့အဆင်သင့်ပဲ၊ ဒီထက်ပိုပြီး မင်း မနစ်နာချင်ရင် မင်းအမေကို လုံးဝ စကားထဲမပါစေနဲ့"

"အဲဒါကတော့ ..."

"မပြောနဲ့ဆိုရင် တော်တော့"

ချစ်ခြင်း ပခုံးမှာ ဖိကိုင်ထားသည့် ခြံရံ့လက်တွေကို အင်အားမဲ့စွာ ဖယ်ချရင်း တရှိုက်ရှိုက်ငိုသည်။

"ကိုကြီးကို မုန်းတယ်"

"မင်းကို ချစ်ဖို့ကြိုက်ဖို့လဲ မစဉ်းစားဘူး"

ပခုံးစကိုဆောင့်တွန်းလွှတ်ပြီး နေရာမှထ,ရပ်လိုက်သည်။ ထိုစဉ် တံခါးပြင်မှ လူခေါ်ဘဲလ်မြည်သံကြောင့် သူ အပြင်ထွက်ကြည့်လိုက်တော့ ချစ်ခြင်း ရဲ့ 'ဘွားလေး'...၊

"မြေးလေးရော ..."

"ဘွားကို ဘယ်သူပြောလိုက်တာလဲ"

"မင်းအဖေပေါ့ကွယ်၊ မင်းရှိနိုင်တဲ့နေရာကို သူပဲခန့်မှန်းနိုင်တာပဲ၊ မြေးလေးတို့ကို ဘွားလေး လာခေါ်တာ"

ပြောရင်း ဒေါ်ဥမ္မာက အိမ်ထဲကို လှမ်းဝင်သွားသည်။ အတွင်းမှာ ကော်ဇောကပ်ရောင်ဖျော့ဖျော့သုတ်ပြီးစ တိုက်ကြီး၏အရောင်အဆင်းက လင်းလက်နေသည်။

www.burmeseclassic.com



ပရိဘောဂပစ္စည်းတွေ ထည့်ထားတာမျိုးမဟုတ်ပေမယ့် ညှော်ခံ
မှာ ညှော်သည်ထိုင်ဖို့ချထားသည့် စားပွဲကုလားထိုင်တွေလောက်တော့ရှိ

ခန်းဆီးလိုက်ကာတွေလည်း တပ်မထားပါ။ ဒါပေမယ့် မှန်တေ
သံပန်းတွေအထပ်ထပ်နှင့် ပြတင်းပေါက်တိုင်းက လှနေ၏။ ဦးလွင်မိ
ဆောက်သည့် လုံးချင်းတိုက်များအနက်မှ တစ်လုံးဖြစ်သည်။

သူက တိုက်တွေဆောက်တာ ခြံမြေကိစ္စတွေမှာ ဝါသနာပါသလော
အောင်မြင်သည်။ သားဖြစ်သူကလည်း ဆောက်ပြီးစတိုက်အသစ်မှ
နေရတာကို ဝါသနာထုံ၏။ ထို့ကြောင့် ဟိုတုန်းကတည်းက ခြံရဲ့ အိမ်မှ
မပြသည့်အကျင့်ရှိနေခဲ့တာဖြစ်သည်။

"ဖေဖေ ဆောက်နေတဲ့ ခုနစ်လွှာအိမ်ရာ ပြီးပြီလား၊ ထောင့်ခန်းမှ
ကျွန်တော် သွားနေမလို့"

"လုံးဝ ခြံထဲမဆင်းရဘူးနော် ... ရော့ .."

ဦးလွင်မိုးကလည်း တိုက်ဆောက်ပြီးတာနှင့်သားဖြစ်သူကိုသော့အ
ပတ်သည့်အကျင့်က ကြောင့်ကြကင်းကင်းနှင့် ဖြစ်မြောက်ခဲ့သည်။ ခြံ
ကတော့ ဘဏ်မှာ သူ့အတွက်ထည့်ပေးထားသည့်ငွေတွေအပြည့် နှ
သူငယ်ချင်းတွေ စုပြီး တိုက်တစ်လုံး သို့မဟုတ် တိုက်ခန်းတစ်ခန်းမှ
တစ်လတော့နေဖြစ်ခဲ့သည်ချည်းပင်။

ဦးလွင်မိုးက ငွေတွေ ဘယ်လောက်ချပေးထားထား ...

"ငွေသုံးတာကို ဖေဖေ မနှမြောဘူး၊ တိုင်းတာသုံးနေဖို့မလိုအော
သားအတွက် ဖေဖေ ရှာနိုင်တယ်၊ ဒါပေမယ့် ရောဂါကို ငွေနဲ့ဝယ်ယူတာ
မျိုးတော့ မလုပ်နဲ့၊ မင်း ဘယ်လောက်ငွေပေါပေါ ဆေးသမားလေး ဖြ
လာရင်တော့ လူ့အသိုင်းအဝိုင်းကနေ တဖြည်းဖြည်း ဖယ်သွားပေးရမှာ
အရက်သမားလေးဖြစ်ခဲ့ရင်လဲ ဖရိုဖရဲ နံနံစော်စော်နဲ့ လမ်းဘေးမှာ ဝ
လျားမှောက်အိပ်ရလိမ့်မယ်၊ ဖေဖေ့လုပ်စာကို တစ်သက်လုံး ခုံခုံညား





ဘားသုံးစားသွားချင်ရင်တော့ မမိုက်ပါနဲ့"

ဦးလွင်မိုး မကြာခဏသတိပေးတတ်တာ ဒီစကားတွေပဲဖြစ်သည်။
စစ်ခါတလေ သားတစ်ယောက်လုံးကို သူ့ရှေ့မှာ ဒေါ်မမခိုင် မဲ့ရွဲ့ကဲ့ရဲ့
လည်း အတိုက်အခံ ဘာမှမပြောဘဲနေတတ်ပြီး အေးအေးဆေးဆေး
ကားပြောဖြစ်တဲ့အခါမှာ သူ ဒီလိုဆုံးမထားခဲ့တာတွေကို ပြောပြခဲ့သည်။

'ကျွန်တော့်သား အဲဒီလောက်ထိ ဆိုးဆိုးရွားရွားမမိုက်နိုင်ပါဘူး'လို့
ကြည်စွာပြောပြတတ်တာတွေလည်း ကြားခဲ့ရပါသည်။ ထို့ကြောင့်
နေ့ဝေးကြပေမယ့် ဦးလွင်မိုးတို့သားအဖအနေအထားကို ဒေါ်ဥမ္မာ
ကဲခတ်မိခဲ့တာဖြစ်သည်။

တိုက်ကိုလှည့်ပတ်ကြည့်ရင်း အခန်းတစ်ခုကိုဖြတ်ကျော်အံ့ဆဲဆဲမှာ
ခါးပွင့်သွားကာ ...

"ဘွား ..."

"ဟင် .. မြေး ..."

"ဘွား လိုက်လာတယ်"

ချစ်ခြင်း ဘွားရင်ခွင်ထဲပြေးဝင်ပြီး အားပါးတရ ငိုချလိုက်မိသည်။
ခြံရဲ့ နှာခေါင်းရှုံ့ပွပွနှင့် မျက်နှာလွှဲပစ်၏။

မျက်ရည်တွေ လက်လီလက္ကားရသည်လို့ ဆိုင်းဘုတ်ချိတ်သင့်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"ချစ်ခြင်းနဲ့ကိုကြီး ဘာမှမဟုတ်ဘူး ဘွားလေး၊ ဟိုတုန်းကရောခုရော ဘာမှမဟုတ်ဘူး၊ ကိုကြီးက မေမေ့စကားတွေကို မခံချင်လို့ ဒီလိုလုပ်ခဲ့တာ၊ ချစ်ခြင်းကို ဘာမှ ..."

"အမလေးလေး ... ဒီစကားတွေ ဒီအဖြစ်တွေကိုတော့ နိုင့်ရှေ့မှာ သွားမပြောလိုက်ပါနဲ့ မြေးရယ်၊ ညည်းတို့လေးတွေကို .. ဟို .. ဩော်... ခက်တော့တာပဲ၊ သမီးကတစ်မျိုး၊ မအေကတစ်မျိုးနဲ့ ..."

ထိုစဉ် ခြံရှံက ဘယ်ကိုဖုန်းခေါ်နေမှန်းမသိဘဲ ဖုန်းကိုင်လျက်ထွက်လာကာ ဒေါ်ဥမ္မာ လှမ်းကြည့်လိုက်တာမြင်မှ ဘေးမှာ လာထိုင်၏။

သုံးယောက်ထိုင်နေတာက ချစ်ခြင်းက ဒေါ်ဥမ္မာနဲ့ကပ်လျက်ဖြစ်ပြီး ခြံရှံ က သပ်သပ်ခုံတစ်လုံးမှာ ...၊ ဒေါ်ဥမ္မာက ချစ်ခြင်း လက်ဖဝါးလေးကို ဆုပ်ကိုင်ထားရင်း သူ့ကိုကြည့်၍ ...

"ခိုးပြေးခဲ့ကြပြီးမှ မင်းတို့တွေ ဘယ်လိုပဲကင်းကင်းနေနေ လင်မယားဖြစ်သွားတာက ဖြစ်သွားတာပဲ၊ အလိုလိုကမှ ဟိုလင်မယားမှာ မင်းကို





နှစ်ယောက်ကြောင့်ရှင်းမရဖြစ်နေကြတုန်း၊ သီးခြားနေကြတာတွေ၊ ဘာမဖြစ်ကြတာတွေ သွားပြောလိုက်ရင် ခက်ကုန်တော့မယ်"

"ချစ်ခြင်းတို့ ရှိုးသားကြတာသိတော့ မေမေတို့ အထင်မလွဲတော့ဘူးပေါ့ ဘွားရဲ့၊ အခု ချစ်လို့ခိုးပြေးကြတာမှမဟုတ်တာ၊ မေမေ့စကားကြောင့်..."

"ပြောလေ ကဲလေပါလားနော်"

"ချစ်ခြင်း ပြောတာက မေမေ ချစ်ခြင်းကို ဒေါသထွက်နေတာတွေတော့ ပြေသွားမှာပဲလို့ ..."

"ပြေတာကတော့ ပြေနေပြီလေ၊ လူကြီးတွေက မြေးတို့ကို လူငယ်တွေ ရှူးရှူးမိုက်မိုက်နဲ့မှားကုန်ကြတယ်ဆိုပြီး ခွင့်လွှတ်ဖို့ ပြန်ခေါ်ဖို့ စဉ်းစားနေကြပြီ၊ ဒါကို မဟုတ်ပါဘူး မေမေ့ကြောင့်ပါလို့ မြေးက တစ်ကပြန်စရင် ပြေခဲ့တာတွေအားလုံးလဲ တစ်ကပြန်စကြပြီပေါ့"

ချစ်ခြင်း မျက်တောင်လေးခတ်ရင်း ခြံရှံ့ကိုလှမ်းကြည့်သည်။ ခြံရှံ့မျက်နှာက တင်းနေ၏။ ဘွား ရောက်လာခါစလို မဆိုးတော့ပေမယ့် ပြေပြေပြစ်ပြစ်မရှိသေးတာတော့ အမှန်ပင်။

နှစ်ယောက်တွဲခုံမှာ တစ်ယောက်တည်းထိုင်ကာ ခါးကိုခပ်လျော့လျော့မှီလျက် လက်နှစ်ဖက်ကို နောက်မှာဆန့်တင်ထားသည်။

မျက်နှာခပ်စောင်းစောင်းစိုက်ရင်း မျက်လွှာပင့်ကြည့်နေပုံက လူကြီးတစ်ယောက်ရှေ့မှာဆိုပြီး အထူးတလည် လေးစားဟန် အလျဉ်းမရှိပေ။

နိုင် တစ်လျှောက်လုံး ကြည့်မရဖြစ်လာတာ ဒီပုံစံတွေပဲဖြစ်လျက်ဆု တွေးမိပြီး ဒေါ်ဥမ္မာကတော့ စူးခနဲ တစ်ချက်ပဲကြည့်ပြီး ဥပေက္ခာထားခဲ့လိုက်၏။

"မြေးတို့နှစ်ယောက်ကို ဘွားပြောချင်တယ်ကွယ်၊ နှစ်ယောက်စလုံးက မိဘတွေကို မိဘလိုသဘောထားပြီး လေးစားကြပါ၊ မြေးထက်စာရင် မြေးခြံရှံ က အသက်လဲပိုကြီးတယ်၊ ပြီးတော့ ဒီကိစ္စမှာ ဘွားက ဘွားရဲ့



www.burmeseclassic.com

www.burmeseclassic.com



တူမဖြစ်ပေမယ့် ဘာကိုလိုက်မပြောပါဘူး။ ခိုင့်ဘက်က အယူအဆတ
တိမ်းစောင်းပြီး အပြောအဆိုမှားယွင်းတာတွေရှိမှန်း ဘွားက လက်ခံ
တယ်၊ အဲဒါကြောင့် လူငယ်ဖြစ်တဲ့ မင်းဘက်က အရွဲ့တိုက်တာ၊ ဂရုမစို
တာတွေဖြစ်ခဲ့တာလဲ မလွန်ဘူး၊ ဒါပေမယ့် ခုဖြစ်ခဲ့တာက အရုပ်တစ်
ကို ပိုင်ရှင်က တိုလွန်းလို့ ကိုယ် ခိုးယူလို့ရကြောင်း ခိုးပြလိုက်တာမျိုး
မဟုတ်ဘူးလေ၊ မင်းတို့နှစ်ယောက် လက်ထပ်ပြီးကြပြီ၊ လင်မယားအ
မမြောက်ကြပေမယ့်လဲ လင်မယားလို့ တရားဝင်စာတင်ခဲ့ပြီးပြီ။ အရု
တစ်ရုပ်လို နေရာတကျသွားပြန်ထားလိုက်လို့ ရနိုင်မယ့်ကိစ္စမျိုးမဟု
ဘူးဆိုတာ သိအောင်ပြောပြတာ"

"ကျွန်တော်ကလဲ အဲဒီလောက်ထိအောက်တန်းကျဖို့လုပ်ခဲ့တာ မဟု
ပါဘူး၊ အခု သူ ပြန်သိမ်းမယ်ဆိုရင်လဲ ချစ်ခြင်း ကို ကျွန်တော် လက်ထ
ယူထားပြီးသားဖြစ်တဲ့အတွက် လုံးဝ ပြန်မပေးနိုင်ဘူး၊ ဒါပေမယ့်..."

ခြံရံ က အားပါးတရပြောဖို့ ပါးစပ်ဖွင့်ထားပြီးမှ ချစ်ခြင်း မျက်နှာလေ
ဆီ ဖျတ်ခနဲအကြည့်ရောက်သွားပြီး စကားတစ်ထောက်နားသွားသည်

"ဒါပေမယ့် ချစ်လွန်းလို့ မရမကခိုးယူထားရတဲ့အဖြစ်မျိုးမဟုတ်ဘူ
သူ့ကြောင့် သူ့သမီး ဒီလိုပါသွားတယ်ဆိုတာတော့ သိကိုသိရမယ်"

ဒေါ်ဥမ္မာ ပါးစပ်အဟောင်းသားဖြစ်သွားခဲ့၏။ ပြောချင်တာပြောပြီ
ထ,ထွက်သွားသည့် ခြံရံ က ဘာပူပင်သောကမှရှိမနေတဲ့သူလို ဖုန်းနံပါ
တွေနှိပ်ပြီး ပြောလို့ ...၊ ရယ်လို့ ...။

"မြေး ..."

ဒေါ်ဥမ္မာ ချစ်ခြင်း နားကိုပိုတိုးကာ လက်ခုံလေးကိုဆုပ်ကိုင်ဖျစ်ညှစ်၍

"ယောက်ျားလေးက ဘာကြောင့်ဖြစ်ဖြစ် မိုက်လို့ရတယ်၊ အရွဲ့တိုက
လဲရတယ်၊ မြေးက မိန်းကလေးနော် .. သူနဲ့မပြိုင်ရဘူး၊ မိန်းမဆိုတာ
လင်ကိုတစ်မျိုး မိဘဆွေမျိုးကိုတစ်မျိုး အမျိုးမျိုး ထိန်းချုပ်နိုင်ရတယ်





မြေးတို့က လူငယ်တွေဖြစ်ပြီး ထင်ရာလုပ်တယ်၊ စိတ်ရှိတဲ့အတိုင်းနေ
ထယ်၊ လက်ထပ်ပြီးမှ မပေါင်းသင်းဘဲနေကြတော့ တစ်ယောက်နဲ့ တစ်
ယောက် နားညံ့နွေးထွေးမှု ပိုနည်းမှာပဲ"

"ဘွားလေးရယ် ... ချစ်ခြင်း နဲ့ ကိုကြီးက သွေးမတော်ကြပေမယ့်
မောင်နှမလိုနေခဲ့ကြတာပါ၊ ကိုကြီးက အပြောရိုင်းပေမယ့် မေမေ ပြော
သလောက် မဆိုးပါဘူး"

"အေး .. အဲဒါကို မြေးရင်ထဲမှာ ထည့်သင့်တာထည့်၊ ဖယ်သင့်တာ
ဖယ်ရမယ်၊ အခု လင်မယားဖြစ်နေကြပြီးမှ မောင်နှမလိုချစ်ခဲ့ကြတာ
ဆိုတာကြီးကို ဖယ်ထားရတော့မှာ"

ချစ်ခြင်း က ကျစ်ဆံမြီးအဖျားလေးတွေကိုငုံ့ကြည့်ကိုင်နေရင်း
သေးတွန့်ချိုးထား၏။

"ဘာပဲဖြစ်ဖြစ် ခြံရံ က မြေးရဲ့ယောက်ျားဖြစ်သွားပြီ၊ လူ ... တဲ့လား ...၊
ဒီလိုသတိမှတ်ပြီး မျက်စိအောက်မှာခေါ်ထားကာမှ ခုပြော ... စ်နေသည်။
ဆိုင်ဘူးတို့၊ မောင်နှမလိုနေခဲ့တာတို့ လုံးဝမပြောရဘူး၊ မြေး လု ... သား ...၊
ကိုယ့်အမေနဲ့ ကိုယ့်ယောက်ျား သင့်မြတ်ကြဖို့ ..."

"ဘွား .. ချစ်ခြင်းကို မေမေက ပြန်ခေါ်မယ်တဲ့လား။ ဟုတ်လား
အဲဒီလိုပြောလိုက်လို့လား"

ချစ်ခြင်း မထင်မှတ်ခဲ့သဖြင့် ဝမ်းသာလွန်းလို့ အသံတွေပင်တုန်နေရှာ
သည်။ ဘွား ရောက်လာတာ မေမေ မသိအောင်လာခဲ့တာပဲမှတ်ခဲ့သည်။
ချစ်ခြင်း ကို မေမေ ခွင့်လွှတ်ဖို့ဆိုတာ အိပ်မက်ထဲထည့်မက်ဖို့တောင်
ရဲခဲ့ပေ။

ဘွား ခေါင်းညိတ်လိုက်တော့ အသက်ရှုဖို့တောင်မေ့သွားတဲ့အထိ...

"ဟုတ်တယ်၊ ဒါပေမယ့် အဲဒီလိုဖြစ်လာအောင် ဘွား ဘယ်လောက်
ပြောခဲ့ရသလဲ မြေး မသိဘူး။ မောင်မိုးနဲ့ဘွား မြေးရဲ့မေမေကို အခိုင်



www.burmeseclassic.com

www.burmeseclassic.com



အကြာကြီး ပါးစပ်က အမြှုပ်ထွက်အောင်စည်းရုံးခဲ့ရတာ၊ ခုလို ကျေးဇူး ဖို့ဖြစ်လာတာဟာ မြေးကို မြေးရဲ့မေမေ ဘယ်လောက်ချစ်သလဲဆိုတဲ့ အဖြေပဲ"

"ချစ်ခြင်း သိပါတယ် ဘွားရယ်၊ ချစ်ခြင်း ကသာ ..."

"အဲဒါတွေထားလိုက်တော့၊ မြေးနဲ့ခြံရှ သာ ကွဲပြီဆိုရင် သူ့သား ဖ သမီး ဆိုတဲ့ ကွဲလွဲချက်တွေနဲ့ မောင်မိုးနဲ့ ခိုင်လဲ အိမ်ထောင်ပျက်ဘ ရောက်ကြမှာပဲ၊ မြေးမေမေရဲ့စိတ်ကို မြေးက ပိုသိမှာပါ"

ချစ်ခြင်း ခေါင်းညိတ်လိုက်မှ ဒေါ်ဉမ္မာ ဆက်ပြောၐ။

၁။ "အဲဒီတော့ မြေးတို့နှစ်ယောက်မှာ ဘယ်လိုချိတ်ဆက်တွေပဲရှိနေ ယားဆိုတဲ့အသိနဲ့ပဲနေရမယ်၊ လင်မယားမဖြစ်ဖို့ကလွဲပြီး ဘာမှ အ ပါဘူး၊ အဆိုတာကိုလဲ သိထားရမယ်၊ အဆိုးဆုံးဖြစ်ဖို့ရှိတာက မြေး ယူထားပြီမြေးရဲ့သဘောမပါဘဲ ဖွတ်ခိုးယူခဲ့တယ်ဆိုတာသာ ခိုင် သိ

ခြံရှ ဧပးမှာမဟုတ်တဲ့အပြင် ခြံရှ ကို ထောင်ကျအောင်ချမှာ" ဆိ ဖျတ်ခင် .. အဲ .. အဲဒီလိုလုပ်လို့ရသေးလို့လား"

"ရပြီကော မြေးရယ်၊ အလိုမတူဘဲ ခိုးယူပေါင်းသင်းမှုပဲ၊ မြေး သူ့ရဲ့ယောကျ်ားကို အဲဒီလိုလုပ်ရက်သလား"

ဟင့်အင်း .. လို့ ချက်ချင်း ဖြေသံထွက်မလာပါ။ ဒေါ်ဉမ္မာ ရင်မော သွား၏။ ဒီလိုသမီးမျိုး အမေဖြစ်တဲ့သူက မျက်ရည်တစ်ချက်ကျပြလိုက် တာနဲ့ ဘာဖြစ်ဖြစ် မေမေ့သဘောဖြစ်သွားနိုင်တာကို တွက်မိတော့ အသက်ရှုလို့တောင်မဝချင်။

ထို့ကြောင့် ဘယ်လိုလှည့်ပြောရမလဲဆိုတာကို စဉ်းစားရင်း ...

"ခုချိန်ထိ သူ့အပေါ်မှာ အစစအရာရာ ခွင့်လွှတ်သည်းခံပြီးခေါ် လာခဲ့တဲ့ မောင်မိုးကိုကြည့်စမ်း၊ ဒီနေ့ထိလဲ သူ့ခမျာ ပြည့်ပြည့်ဝဝ သာ ယာခွင့်မရခဲ့ရှာပါဘူး၊ သူ့သားကိုလဲ ထောင်ချမယ်၊ သူ့ကိုလဲ ခွဲထွက်သွား





မယ်ဆိုရင် ..."

"အို.. အဲဒီလောက်ထိ မဖြစ်စေရပါဘူး၊ ဦးဦးမိုးကို ချစ်ခြင်း ခင်ပါ တယ် ဘွားရယ်၊ ခုမေမေ ဦးဦးမိုးကိုချစ်တာလဲ ချစ်ခြင်း သိတယ်၊ ဘာပဲဖြစ် ဖြစ် ချစ်ခြင်းကြောင့် မေမေတို့ ဘာမှမဖြစ်စေရဘူး"

"အမလေးလေး .. ကြားချင်တာက အဲဒီလိုစကားသံတွေပဲ မြေးရယ်၊ လိမ္မာလိုက်တဲ့ကလေး၊ ဘွားပြောချင်တာကလေ ယောကျ်ားလေးနဲ့ မာန မပြိုင်ပါနဲ့၊ ခြံရှ ဘက်က စကားပဲများများ၊ အပြုအမူတွေပဲရိုင်းနေနေ အမေနဲ့ယောကျ်ားရဲ့ကြားမှာ မြေးက ဖြေရှင်းတတ်ဖို့ပဲ..."

ချစ်ခြင်း စိတ်ထဲမှာရှုပ်ထွေးကုန်၏။ အစတုန်းက ကိုကြီးနဲ့ချစ်ခြင်း ဘာမှမလွန်ကျူးခဲ့ကြတာမို့ ကျန်တာ ဘာအရှုပ်အရှင်းကိုမှ မတွေးဘဲ မေမေ ခွင့်လွှတ်ဖို့သာအရေးကြီးဆုံးလို့ ပေါ့ပေါ့ပါးပါးပဲတွေးထားခဲ့မိ၏။ ခုတော့ ဖြစ်နိုင်နေတာတွေက ဒီလောက်တောင်များနေသတဲ့လား ...၊ ပြီးတော့ ကိုကြီးကို ထင်သလိုလုပ်ခွင့်ပေးရဖို့တွေချည်းပဲဖြစ်နေသည်။

ဘွားပြောတဲ့ 'မြေး ဖြေရှင်းတတ်ဖို့ပဲ' ဆိုတာ ဒါ အဓိကလား ...၊

ချစ်ခြင်း မျက်လုံးထဲမှာ မေမေနဲ့ကိုကြီး မျက်နှာတွေကို တစ်လှည့်စီ မြင်ယောင်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

"ဒါ အနီရောင်မှမဟုတ်တာ အန်တီနိုင်၊ ပုစွန်ဆီရောင်ပါ"

"ဟုတ်တယ် ပုစွန်ဆီရောင်ပဲ၊ ဒါပေမယ့် ဒီလောက်ရဲတောက်နေတာ မင်း မမြင်ဘူးလား"

"ကျွန်တော်တော်က ဒါကိုပဲကြိုက်တာ"

"ဘာ ..."

"မေမေ ..."

သတို့သမီးဝတ်စုံအထပ်ကို အားလုံးရှေ့မှာထားပြီး ဒေါ်မမခိုင် ဆတ်ခနဲထ၊ရပ်လိုက်တော့ အစကတည်းက ရပ်နေတာဖြစ်သည့် ခြံရှံ နှင့် မျက်နှာချင်းဆိုင်ရပ်ပြီးသားဖြစ်သွားသည်။

ချစ်ခြင်း က မေမေ့ဘေးမှာထိုင်နေတာပေမယ့် ဒီအရေးမှာ သူမ ကြားဝင်မဖြစ်မှာမို့ တစ်ယောက်ထိုင်ဆိုဖာကိုကျော်ကာ နှစ်ယောက် အလယ်မှာ နေရာယူလိုက်၍ ...





"မေမေရယ် .. ဟို .. ဒီ .. ဒီအရောင် .. ဒီအရောင်ကို ချစ်ခြင်း ရွေးတာပါ"

"ဘာပြောတယ်"

ဒေါ်မမခိုင် မျက်လုံးတွေ မီးဝင်းဝင်းတောက်သွားသည်။ ချစ်ခြင်း ဒီလိုဝင်လိုက်မည်ဟု မထင်ခဲ့သလို ခြံရှံ ကလည်း အံ့သြသွားသည့် အကြည့်တစ်ချက်နှင့် ဖျတ်ခနဲငဲ့ကြည့်၏။ ပြီးတော့ နှုတ်ခမ်းလွှာတို့မှာ ရိုသဲ့သဲ့မဲ့ပြုံးတို့ စွန်းထင်းလေသည်။

"ညည်း ဘာပြောလိုက်တယ် ချစ်ခြင်း၊ ပြန်ပြောစမ်း"

"ဟို ..."

ဘယ်တုန်းကမှ မညာရဲခဲ့သည့်မေမေ့မျက်နှာကို ချစ်ခြင်း ရင်ဆိုင်မကြည့်ဝံ့တော့ဘဲ မျက်နှာငုံ့ပစ်လိုက်ကတည်းက မှားသွားတာပါ။

သမီးမျက်နှာကို တစ်ချက်စိုက်ကြည့်လိုက်တာနဲ့ ဒေါ်မမခိုင် က နားလည်သွားသည်။ အပြုံးတို့ငြိတွယ်နေဆဲရှိသည့် ခြံရှံ ရဲ့ဘေးတိုက်မျက်နှာကို စူးစူးရဲရဲလှမ်းကြည့်၍ ...

"ကောင်းပြီ၊ ဒီမင်္ဂလာပွဲအတွက် ပြင်ဆင်ပြီးသမျှရော နောက်ထပ်လိုအပ်နေသေးတာရော ကိုယ့်စိတ်ကူး၊ ကိုယ့်စိတ်ကြိုက်လုပ်ကြ၊ ငါ ဘာမှမပြောတော့ဘူး"

"မေမေ ..."

ဒေါ်မမခိုင်က အားလုံးရှေ့ကနေ လှည့်ထွက်သွား၏။

ချစ်ခြင်း ခြေလှမ်းပြင်လိုက်တော့ ဒေါ်ဥမ္မာက လက်ကိုလှမ်းဆွဲလိုက်ပြီး ...

"မြေး ဒီလိုဝင်ပြောလိုက်ပြီးမှ ဒီလိုပြောလို့ စိတ်ဆိုးသွားတဲ့လူကို ဘယ်လိုစိတ်ပြေအောင်တောင်းပန်မှာလဲ"

ဦးလွင်မိုး သက်ပြင်းရှည်ကြီးချကာ ဆိုဖာမှာမှီကျသွားခဲ့၏။ ဒေ့ခ်ိန်း



www.burmeseclassic.com

www.burmeseclassic.com



မှာ လူစုံတက်စုံရှိနေကြပြီး ဘာမှလည်းမပြောနိုင်ကြပေ။

သတို့သားက ကိုယ့်သားဖြစ်နေတော့ ဦးလွင်မိုး ဘယ်ဘက်က ဝင်ပါရမှန်းမသိသလို ဒေါ်ဥမ္မာကိုယ်တိုင်လည်း ဒီတိုင်းထိုင်ကြည့်နေခဲ့ရသည်။

"လာ မြေး .. ဘွား ပြောစရာရှိသေးတယ်"

ဒေါ်ဥမ္မာက ချစ်ခြင်းကို သင်ပြစရာရှိသလို လက်ကိုဆွဲ၍ထရပ်လိုက်ရင်း ဦးလွင်မိုးကိုလည်း အဓိပ္ပာယ်ပါသည့်အကြည့်တစ်ချက်နှင့် သတိပေးခဲ့၏။

'ကိုယ့်သားအချိုးမပြေတာကို သင်ပေးစမ်းပါဦး' လို့ ပြောတာမျိုး ...၊

ဦးလွင်မိုး မျက်နှာကြီးမအီမလည်နှင့်ကျန်ခဲ့ရင်း မဲ့တော့မလို ပြုံးတော့မလိုလုပ်နေသည့် ခြံရံ နှုတ်ခမ်းတွေကို မော့ကြည့်သည်။

ပြီးတော့ နေရာမှ ဖြည်းညင်းစွာထ,ရပ်လိုက်ပြီး စားပွဲပေါ်ကမင်္ဂလာဝတ်စုံဆီ မျက်ဝန်းတွေဝေ့သွားလျက်...

"ဒါကို တမင်ကန့်လန့်တိုက်လိုက်တာလား သား"

"လုပ်ပြီ ဖေဖေ"

ခြံရံ က မျက်နှာကို ချက်ချင်းတည်ပစ်လိုက်ပြီး ပြန်လှည့်ကြည့်ကာ...

"ချစ်ခြင်း ပြောသွားတာ ဖေဖေ ကြားရဲ့သားနဲ့ ...၊ သူနဲ့ကျွန်တော်..."

"ထားလိုက်တော့၊ အဲဒါကို ဖေဖေ မပြောချင်တော့ဘူး၊ အခု ပြောမှာက မြန်မာ့ယဉ်ကျေးမှုထုံးတမ်းစဉ်လာအတိုင်း အနီရောင်သမ်းနေတဲ့ ဒီဝတ်စုံကို မင်း သူ့ကိုပေးမဝတ်သင့်ဘူးဆိုတာပဲ၊ ဒါ တရုတ်ပြည်မဟုတ်ဘူး"

"ဟာ .. ဖေဖေက အနီတီခိုင့်ဘက်ကလိုက်တာ ပေါ်တင်ကြီးပါလား၊ ဒါ ပုစွန်ဆီရောင်ဆိုတာ လူတိုင်းသိတယ်၊ ချစ်ခြင်း ကိုယ်တိုင် ရွေးထားတယ်ဆိုတာလဲ ခုန-ကပြောသွားတာပဲ"





မဟုတ်သေးဘူး ...။ ဦးလွင်မိုး ခေါင်းတယမ်းယမ်းဖြစ်သွားသည်။ ဒီလိုမဟုတ်ဘူးဆိုတာကို စိတ်ကသိနေပေမယ့် ပြောစရာစကားလုံးကရှားနေသည်။

သူ့သမီးမျက်ဝန်းတွေထဲက စာကိုဖတ်မိသွားလို့ ခိုင် မချိတရိ ကျိတ်မှိတ်လှည့်ထွက်သွားတာကိုလည်း မသိလို့မဟုတ်ပေ။ ခက်တာက တစ်ဖက်မှာ မယား၊ တစ်ဖက်မှာ သား ...၊

"အေး ... ဘယ်ဘက်ကမှ ရပ်တည်ပေးခွင့်မ ရှိလောက်အောင် ဆုံးမရခက်တဲ့သားမျိုးကို ဖေဖေ မွေးထားတော့ ခုလို ရှုနိုင်မကယ်နိုင်ဖြစ်ရတာ မဆန်းပါဘူး၊ ဖေဖေ အမှန်တရားအတိုင်း ပြောလဲ ခိုင့်ကို လက်ညှိုးထိုးပြီး မင်းလွတ်အောင်ရုန်းထွက်မှာပဲ၊ မိဘတွေရဲ့အခြေအနေ အကျပ်အတည်းတစ်ခုမှာ မင်း လက်စွဲသုံးစရာစကားလုံးတွေလဲ အများကြီးကိုး...၊ ဒါပေမယ့်ကွာ ပဋိပက္ခဆိုတာ မှုလောင်လွန်းပါတယ်၊ နိုင်က မင်းကို လူကြီးတစ်ယောက်အမြင်နဲ့ကဲ့ရဲ့တယ်၊ မလိမ္မာတဲ့သားလို့သတ်မှတ်ပြီး သူ့သမီးနဲ့ နီးစပ်မှာစိုးခဲ့တယ်"

ဦးလွင်မိုး စကားခဏရပ်လိုက်တော့ ခြံရံ က ဖေဖေ ဘာပြောချင်တာလဲဆိုသည့်မျက်လုံးတွေနှင့် စူးစိုက်ကြည့်နေခဲ့သည်။ ဦးလွင်မိုးကသည်း ထိုင်နေရာကနေ ထ,ရပ်လို်က်ကာ ...

"ဖေဖေ ဖြစ်ချင်တာကတော့ ဒါ သမီးရှင်မိဘဘက်က မမှားပါဘူး၊ ကိုယ့်ကိုယ်ကို လူတော်လူကောင်း တကယ်ဟုတ်,မဟုတ် ပြန်စစ်ကြည့်လေ၊ ဆိုးလို့ဆိုးတယ်ပြောတာ နာစရာမဟုတ်ဘူးကွ၊ သူ့သမီး ကိုယ်ယူထားပြီးရင် သူ့ ကိုယ့်ယောက္ခမဖြစ်လာတာပဲ၊ မိဘလို ရှိသေတာ,မရိုသေတာထား၊ ယောက္ခမအရာမှာထားလိုက်ရကတည်းက မင်း လေးစားသင့်တဲ့ လူ ..."

"ကျွန်တော်က အခု သူ့ကို ထိုင်ဆဲနေလို့လား ဖေဖေ၊ ကိုယ်လုပ်ချင်



www.burmeseclassic.com

www.burmeseclassic.com



ရှိတာ လုပ်ခဲ့တာ၊ ဒဲ့ ပါသင့်တာလောက်ပဲပါပေါ့၊ တချို့ဆိုရင် ညဘက် သပ်သပ်လုပ်တဲ့ဧည့်ပွဲမှာ ဓာအနက်တွေ၊ မဟူရာလက်ဝတ်ရတနာတွေ ဆင်ကြတာတောင်ရှိသေးတယ်၊ ခေတ်ထဲမှာနေနေကြတဲ့လူငယ်တွေကို နေရာတကာ မလျှော်စံတွေနဲ့ချည်တုပ်ခိုင်းစေလို့တော့ ဘယ်ရမလဲ"

ပြောလိုက်ချင်တ ရှိသေးသည်။ 'ကျွန်တော်ကရော သူ့ကို ယောက္ခမ တော်ချင်လွန်းလို့လား .'၊ 'သူ့သမီးကိုချစ်လွန်းလို့ မရမနေရိုးယူခဲ့ရတာ ဆိုလဲဟုတ်လိမ့်ဦးမည်.. ခုတော့ ...၊

လည်ချောင်းထဲမှာ မှုဖေ့ကိုပြောပြချင်တဲ့စကားတွေ စုပြုံတိုးဝှေ့ နေကြသည်၊ ဘာမှတော့မဖြောဖြစ်ပါ။ ဘဝတစ်ခုလုံးနဲ့ ရင်းနှီးခဲ့လိုက်တာ မှန်သည်။

ဒါပေမယ့် နှလုံးသားနဲ့ပက်သက်တာမပါပေ။ ထိုပြင် ရည်ရွယ်ထား ခဲ့တာ ဘာမှမရှိဘဲ ဒေါ်မမခိုင်ရဲ့ ကိုယ့်ယောက္ခမဖြစ်လာခဲ့၏။ ဒါဟာ သူ့သမီးကို လိုချင်လွန်းလို့မဟုတ်ဘဲ ပိုင်ဆိုင်ခြင်းမည်ခဲ့တာဖြစ်သည်။ အကယ်၍ ဒေါ်မမခိုင်နဲ့ ပဋိပက္ခ အမြဲရှိနေရမှာဖြစ်သည့် သူ့ဘက်က ခံစားချက်တွေကိုသာ ဖေဖေ အလုံးစုံသိသွားခဲ့လျှင် ဒီနေရာမှာ ငိုချင်းချ သွားနိုင်သေးသည်။

ဘာဖြစ်လို့လဲဆိုတော့ မပေချွှင်မှန်းသိလို့ ရအောင်ယူတာ၊ ရပြီးပြီ ဆိုရင်တော့ .....။





## အခန်း (၂၃)

"ရော့ ..."

မျက်နှာရှေ့ကိုရောက်လာသည့် ပန်းနုရောင်ဖျော့ဖျော့ ပိုးပျော့ချိတ် ဝတ်စုံကို ဘာမှန်းမသိသလို ငုံ့ကြည့်နေမိသေးသည်။ ပြီးတော့မှ သူ့ကို မော့ကြည့်မိလျှင် ...

"ဒါ ..."

"မင်းဝတ်ဖို့လေ၊ မျက်ရည်တွေသုတ်လိုက်ပြီး အဲဒါကိုဝတ်၊ နောက် ထပ် မျက်ရည်တစ်စက်မှမကျနဲ့နော်၊ ပြောထားတာ"

မျက်နှာက နီတီတီ၊ မာတင်းတင်းနှင့် အဖြူရောင်အနောက်တိုင်း ဝတ်စုံ၏ ဘောင်းဘီအိတ်နှစ်ဖက်ထဲမှာ လက်နှစ်ဖက်ပြန်ထည့်သည်။ ချစ်ခြင်း မျက်ဝန်းလေးတွေမှာ ကျလုလုမျက်ရည်တွေပြည့်သိပ်နေတာကို နှာခေါင်းခပ်တွန့်တွန့် နှုတ်ခမ်းမဲ့ချင်ချင်နှင့် စိုက်ကြည့်ပြီးနောက်ကို ခြေ တစ်လှမ်းဆုတ်၏။

ပြီးတော့ ဘေးမှာရှိနေသည့် အလှပြင်ဆရာမကိုလည်း ဂရုမစိုက်ဘဲ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ကျေးဇူးတင်သွားတာရှိလို့ နည်းနည်းလျှော့ပေးလိုက်တာပဲ၊ ဒါပေမယ့် ပဋိပက္ခ ခုမှ စမှာ ..."

တင်းနေသည့်မျက်နှာက အံကြိတ်ရင်းမဲ့လိုက်တော့ ပို၍အကျည်းတန်သွားသည်။ သူ ဖျတ်ခနဲပြန်လှည့်သွားတော့မှ ...

"ကိုကြီး ..."

ချစ်ခြင်း အသံလေးကလည်း ပျော့ပျောင်းမှုတော့မရှိပါ။ သူမကိုယ်မှာ မျက်နှာ၊ အဝတ်အစားအားလုံး ပြင်ဆင်ပြီးလို့ လည်ကုံးတွေတောင် ကပ်ချိတ်နေပြီဖြစ်ရာ ...

"ကိုကြီး လျှော့ပေးပေမယ့် မရတော့ဘူး။ ဒီမှာ အားလုံး ပြင်ပြီးနေပြီ"

"ဘာလို့မရရမှာလဲ"

ခြံရှ ကိုယ် ချာခနဲပြန်လှည့်လာသည်။ သူ ဦးဆုံးဝယ်လာပေးခဲ့သည့် ဝတ်စုံရဲရဲနှင့် ချစ်ခြင်း ပါးပြင်လေးတွေက ပန်းနုရောင်နှမ္မတ်နေသည်။

ဆံပင်တွေ အကုန်သိမ်းတင်ထားသည့် နဖူးဆံယဉ်စလေးတွေထိပ်မှာ သရဖူလေးကလည်း လက်နေ၏။ ပြီးတော့ လည်တိုင်မှာ ပတ္တမြားတွေချည်းဖြစ်သော လက်ဝတ်ရတနာတွေက နေရာယူပြီးဖြစ်ကာ လက်ကောက်တွေက ဆင်လျက်ဆင်ဆဲ ...။

"ဆရာမ အဲဒါတွေ အခု ပြန်ဖြုတ်လိုက်ပါ"

"မဖြစ်ဘူး ငါ့မောင်၊ အဝတ်အစားလဲလိုက်တာနဲ့မျက်နှာကမိတ်ကပ်ရောင်က သီးခြားအရောင်လွဲဖြစ်သွားမှာ၊ ပြီးတော့ အားလုံး လိုက်ဖက်အောင်ပြန်ပြင်ဖို့အတွက် အနည်းဆုံး အချိန် ..."

"အချိန်လို့သတ်မှတ်ရမှာ ကျွန်တော့်အလုပ်ပါ၊ ဆရာမအလုပ်က သတို့သမီးကိုပြင်ပေးဖို့ပဲ၊ နှစ်ခါပြင်ရတဲ့အတွက် နှစ်ပွဲစာပေးမယ်၊ အမြန်ဆုံးပြီးအောင်လုပ်ပါ"

"ကိုကြီး ..."





ချစ်ခြင်း ပါးလေးတစ်ဖက်မှာ မျက်ရည်ကြောင်းလေးတစ်ကြောင်း ဖြတ်ဆင်းသွားလျက် ...

"ဒီဝတ်စုံလဲ ကိုကြီးစိတ်တိုင်းကျခဲ့တာပဲ၊ ချစ်ခြင်း ပြန်မလဲချင်တော့ဘူး။ ပွဲချိန်က အရမ်းနီးနေပြီ၊ ကိုကြီးပဲ တစ်ခုပြီးတစ်ခု ..."

"မင်းတို့ ငါ မျက်ရည်တစ်စက်မှမကျနဲ့လို့ ပြောပြီးသားနော်"

"အို.. မင်း ဘယ်လိုလုပ်လိုက်တာလဲ"

ချစ်ခြင်း မေးဖျားလေးကို လက်ဖဝါးနဲ့ပင့်ကိုင်ပြီး မော့ယူလိုက်တော့ အလှပြင်ဆရာမ မျက်နှာပျက်ပျက်နှင့်ဝင်တားသည်။ ဘယ်လိုသတို့သားသဲ ...။

လက်တောင်မထပ်ရသေးဘဲ ရိုက်တော့နှက်တော့မလိုလို ...၊ ခြံရှသာ ဘာကိုမှဂရုမစိုက်ပေ။

"မင်း အဲဒါကိုဝတ်ပြီး မျက်ရည်ချောင်းစီးနေတာမဟုတ်လား၊ ငါလိုချင်တာ မင်းမျက်ရည်မဟုတ်ဘူး၊ မင်းအမေနဲ့ ဘယ်တော့မှမငြိမ်းချမ်းဖို့.."

ချစ်ခြင်း မျက်တောင်မခတ်ဘဲနေလိုက်တော့ တစ်ဖက်မှာ လှုပ်လီလှုပ်လဲ့မျက်ရည်တွေက ပြိုဆင်းခွင့်မရသေးဘဲရှိ၏။

သူ့ပဲ အနိုင်ယူ၊ သူပဲ ဒေါသထွက်နေသည့် တက်ခေါက်သံတစ်ချက် ချန်ရစ်ခဲ့ပြီး ခြံရှ ပြန်ထွက်သွားသည်။

"ရော့ ... ရော့ .. တစ်သျှူး"

ဆရာမက ချစ်ခြင်း လက်ထဲကို တစ်သျှူးထည့်ပေးလိုက်ရင်း ...

"တစ်ခါမှကိုမကြုံဖူးဘူး၊ တကယ် ..."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

ဒေါ်မမခိုင်ကို ဒီပွဲမှာ ဒီလိုလေးပွဲတက်ပါဝင်လာအောင် ဦးလွင်မိုး နှင့်ဒေါ်ဥမ္မာ ပင်ပန်းကြီးစွာ ကြိုးစားခဲ့ရ၏။ မင်္ဂလာပွဲက ခြိမ့်ခြိမ့်သဲ စည်ကားသည်။

သတို့သား၊သတို့သမီးတို့ကို ချစ်စနိုးမျက်ဝန်းများနှင့် လက်ဆွဲ၍ [illegible] ဆက်သွားကြ၏။ ဒေါ်မမခိုင် မျက်လုံးထဲမှာတော့ စားပွဲရှိသမျှ လူတွေ [illegible] ပြည့်သိပ်စည်ကားနေတာကိုရော ...၊

နှစ်ဖက်မိတ်နှင့် တက်ရောက်လာကြသည့် လူကုံထံအလွှာတို့ [illegible] ပြုံးပြက်လက်နေသော ကျောက်မျက်ရတနာရောင်စဉ်တွေကိုရော ...

သူမမျက်လုံးထဲမှာ ဘာတစ်ခုမှမမြင်သလို မကြားသလို လှုပ်ရှား[illegible] ကင်းမဲ့နေခဲ့၏။ ဒါပေမယ့် တစ်ခါတစ်ခါ ဖျတ်ခနဲရွှေ့လျားလိုက်ပါသွား[illegible] ခဲ့သော ထိုမျက်ဝန်းတွေဟာ သမီးဖြစ်သော 'ချစ်ခြင်းမွှမ်းမံ' ၏မျက်နှာ လေးထက်မှာ ...





"ဟား ဟား .. ရယ်ရတယ်ကွာ၊ မိန်းမယူလိုက်တာကိုများ ပျင်းပျင်းရိရိဘာနဲ့ ယူဖြစ်သွားတာတဲ့ ... ခွေးကောင်"

နားထဲမှာ ဆူညံသံတွေကိုဖောက်ထွင်း၍ တိုးဝင်လာသည့်စကားသံ တစ်ချက်၊ ဦးလွင်မိုးလက်ကိုဆွဲ၍ ညာဘက်အခြမ်းက မိတ်ဆွေတွေကို နှုတ်ဆက်ဖို့ ကူးလာခဲ့တာဖြစ်သည်။

ဒေါ်မမခိုင် ခြေလှမ်းတုံ့သွားတော့ ဦးလွင်မိုး ထိတ်ခနဲဖြစ်သွားကာ ဒီနားမှာမရပ်ဖြစ်အောင် လက်ကိုဖိဆုပ်ထားရင်း မသိသလိုဆက်ထွက် လာခဲ့မိသည်။

"ခေါ်ပါဦးဟ မင်းမိန်းမကို ...၊ ငါတို့ဝိုင်းမှာ တစ်ခွက်တစ်ဖလား လောက် ဝင်ထည့်ပေးချင်စိတ်လေးရှိရင် ပိုရင်းနှီးသွားတာပေါ့"

"ဟား .. သိပ်ရတာပေါ့"

ဦးလွင်မိုး ဆွဲခေါ်သည့်အတိုင်း ခပ်တောင့်တောင့်ပါသွားခဲ့သော ဒေါ်မမခိုင် နေရာမှာတင် တုံ့ခနဲရပ်သွားခဲ့၏။

"လာပါ ခိုင်ရယ်၊ ဒီလိုနေ့မျိုးမှာ လူငယ်တွေ ကဲကြတာပဲ ကိုယ်တို့ လူကြီးတွေက တော်ရုံလောက်ကို မသိချင်ယောင်ဆောင်နေလိုက်ပါ"

ဒေါ်မမခိုင် စကားတစ်ခွန်းမှမဆိုဘဲ အံကြိတ်နေ၏။ ညှော်ခံပွဲထဲကို ဆင်ပါခဲ့ရတာလဲ သမီးမျက်နှာကို တစ်ချက်လေးတော့ငဲ့သင့်သည်ထင်လို့ပါ။

ဒါကြောင့် ဒီလူနဲ့ ဒီပွဲကို သူမ လုံးဝသဘောမတူကြောင်း သိသာ အောင် မျက်နှာနဲ့ပဲနေဖို့ ဆုံးဖြတ်ခဲ့သည်။ ဘာတစ်လုံးမှ နှုတ်ဆက်ပြော ဆိုခြင်းမပြုဘဲ လူတွေ တစ်မျိုးတစ်မည်ဝေဖန်ကြမှာကိုတောင် ဂရုမစိုက် အောင်ကြိုးစားခဲ့၏။

"နည်းနည်းတော့ ကြည်ကြည်သာသာနေပါ ခိုင်ရယ်၊ ကိုယ့်အိမ်တွင်း ရေးကို မင်္ဂလာပွဲလာတဲ့လူတွေက သိကြတာမဟုတ်ဘူး၊ ကိုယ့်ကိုပဲ လူမှု ဆက်ဆံရေးနည်းတယ်လို့ ကဲ့ရဲ့သွားကြမှာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးက ဘယ်လိုပြောပြော မရတော့ ပတ်ဝန်းကျင်နဲ့ လူ
ပြောခဲ့သည်။

"ကဲ့ရဲ့ပါစေ ဒေါ်လေး၊ ဒီပွဲကို ခိုင် မကျေနပ်ဘူးဆိုတာ သိသွား
ပြီးတာပဲ"

ဒေါ်လေး လက်လျှော့သွားတော့ ကိုမိုးက တစ်မျိုး ...၊

"သမီး မျက်နှာလေးပျက်နေရှာတယ် ခိုင်ရယ်၊ ဒီလိုမျက်နှာမျိုး
တော့ မနေပါနဲ့ကွာ၊ ဒီပွဲပြီးသွားရင် ခိုင့်ဘာသာ လွတ်လပ်သလိုနေပ

"ခိုင့်အတွက် ဒီပွဲက အရေးကြီးဆုံးပဲ ကို၊ ကိုသား အားပါးတရ ပြ
ရယ်နေနိုင်တဲ့အထိ ခိုင် အရှုံးပေးပြီးပြီ အခု သမီးအတွက် ဆင်းလာခဲ့တာ
သူ့ကို လုံးဝ လက်မခံနိုင်ဘူး၊ ဒါမျိုး အားလုံးသိမှ ဖြစ်မယ်"

ဒီတိုင်း ပြတ်ပြတ်ပြောခဲ့တာမို့ နောက်ထပ်လည်း ကိုမိုး ဘာ
မတောင်းဆိုတော့ပေ။ ပွဲက ဒီတိုင်းပြီးဆုံးသွားခဲ့လျှင်တောင် တော်လှ
ဦးမည်။ ဒေါ်မမခိုင် ဒေါသတွေ တရစ်ရစ်တက်နေ၏။

လူငယ်တွေ သောက်စားပျော်ပါးနေကြသည့်စကားဝိုင်းနှင့် ခြံရုံ
ပစ်လိုက်သောဇနီးသည်ကြောင့် ဦးလွင်မိုး မျက်နှာပြုံကျတော့မတ
ဖြစ်သွားသည်။

ကြည့်လိုက်တော့ လူငယ်ငါးယောက်ဝိုင်းနေသည့်စားပွဲပေါ်မှ
ဧည့်ခံပွဲက စားစရာတွေမပါဘဲ နိုင်ငံခြားအရက်တွေနှင့် အမြည်းအစုံ

တော်တော်ခက်တဲ့ကောင်ပါလား ...၊ ဒါမျိုးက ဧည့်ခံပွဲပြီးမှ သပ်သ
လုပ်ရမည့် ဘာချလာနိုက်၊ လူအစည်ကားဆုံးအချိန် ရှေ့ဆုံးစားပွဲမှာ
သောက်ပွဲစားပွဲကြီးလုပ်နေတာ ဘာလဲ ...။

နီကျင်ကျင်မျက်နှာနှင့် ရယ်မောရွှင်လန်းနေသည့် သားမျက်နှာ
လှမ်းကြည့်ရင်း တမင် ခိုင့်ကို စိတ်ဒုက္ခပေးနေတာလား၊ မသိတစ်ဆိုး
နေခြင်းလား ဝေခွဲရခက်နေသည်။





ဒေါ်မမခိုင်ကတော့ စူးရဲသောမျက်ဝန်းတွေ ကျွတ်ကျမတတ်ဖြစ်နေ
သျှက် ...

"ကိုသား ခိုင့်ကို စိန်ခေါ်နေတာ"

"ခိုင်ရယ် မဟုတ် ..."

"ဟော့ ချစ်ခြင်း .. ချစ်ခြင်း ခဏ .. ဒီကို ..."

လက်ခုပ်လည်းတီးသည်။ အသံကျယ်ကျယ်နှင့် လှမ်းခေါ်လိုက်
တော့ ကြားသမျှလူတွေ ခြံရုံတို့စားပွဲဆီ အာရုံရောက်သွားကြ၏။ ချစ်ခြင်း
က ဒေါ်ဥမ္မာတို့သားအမိနှစ်ယောက်နှင့် ဧည့်သည် သုံးယောက်လောက်
ကို နှုတ်ဆက်နေရာမှ လှည့်ကြည့်သည်။

တစ်ဆက်တည်း ခြံရုံ တို့စားပွဲ၏ ဟိုဘက်နားမှာရပ်နေသည့် ဒေါ်မ
မခိုင်တို့ကိုပါ လှမ်းမြင်လျက် ...

"ကိုကြီး ..."

ထိတ်လန့်စွာရေရွတ်လိုက်သည့် ချစ်ခြင်း နှုတ်ခမ်းလေးတွေ လှုပ်
ခတ်သွားသည့်တိုင် ဘာသံမှလည်းမထွက်နိုင်။ မေမေနဲ့ ကိုကြီးကို ခေါက်
တုံ့ခေါက်ပြန်ကြည့်ရင်း ဒီဘက်ကို စက်ရုပ်လေးလိုလှည့်သည်။ စူးနစ်သွား
သည့်မျက်ဝန်းတို့သည် ခြံရုံ့ကိုကျော်၍ မေမေ့ဆီမှာ ...

"မြန်မြန်လာစမ်းပါ၊ ဒီကောင်တွေ ရစ်နေလို့ ..."

ခြံရုံ က သူကိုယ်တိုင်ရောက်လာပြီး ချစ်ခြင်း လက်ကို ဖျတ်ခနဲဆုပ်
ကိုင်သည်။ သူငယ်ချင်းတွေဆီ ပြန်အလှည့်မှာ လူကယိုင်သွားလျက်
ချစ်ခြင်းနဲ့ ပခုံးချင်းမသိမသာတိုက်သွား၏။

"ဟော ဟော ... ပွဲကမပြီးသေးဘူး လူက ယိုင်ချင်နေပြီ"

"လူငယ်တွေက ဒီလိုပါပဲ"

"ဒီကောင်လေးကို ကိုလွင်မိုးနဲ့တွဲပြီး တစ်ခါမှမတွေ့ဖူးဘူး"

"ဟုတ်တယ်၊ သားရှိမှန်းပဲသိတာ၊ ခုမှပဲသေချာသိတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"လူချောလေးပဲ"

"တစ်ဦးတည်းသောသားဆိုတော့ ဒီလိုပေါ့လေ၊ မိဘကလဲ ရွှေဘုံပေါ်မှာတင်ထားနိုင်တာကိုး ..."

လူတွေ အထူးသဖြင့် သတိထားမိကုန်အောင်လုပ်လိုက်သည့်ဖြစ်ရပ်ကြောင့် လှည့်ကြည့်ကြ၊ ဝေဖန်ကြနှင့် အနီးအနားကစကားသံတွေကို ဒေါ်ဥမ္မာ မသက်သာစွာကြားနေရ၏။

ချစ်ခြင်း လက်ကလေးကို ဆွဲထွက်သွားသည့်နောက်ကို မျက်လုံးကပါသွားစဉ်မှာ လူငယ်တွေစားပွဲဝိုင်း၏ ဟိုဘက်မှာရှိနေသော တူမဖြစ်သူနဲ့ ဦးလွင်မိုးတို့စုံတွဲကို ဒေါ်ဥမ္မာ လှမ်းမြင်သွား၏။

ဒါကြောင့် ခုနက ခြံရှံ လှမ်းခေါ်တာကို လှည့်ကြည့်ပြီး ချစ်ခြင်းမျက်နှာလေးပျက်နေတာပါလားဟု နားလည်သွားသည်။ ဘာတွေဖြစ်ကုန်ကြတာလဲ၊ ဧည့်ခံပွဲထဲကလူတွေတောင် သတိထားမိကုန်ပြီလားမသိ။ ဒေါ်မမခိုင် မျက်နှာက စားတော့ဝါးတော့မတတ်ရှိကာ လူငယ်တွေကတော့ ကမ္ဘာကြီးပူတာ၊ အေးတာ သူတို့နဲ့မဆိုင်သလိုမျိုး ပတ်ဝန်းကျင်ကို အကြည့်တစ်ချက်မျှမရောက်ဘဲ ရယ်မောမပျက် ...

"မင်းတို့စုံတွဲက ဘာလဲကွ၊ ဧည့်ခံတော့ တစ်ယောက်တခြားစီ၊ မင်းမိန်းမမျက်နှာကိုလဲ ကြည့်ပါဦး၊ ဘာလဲ ကလေးကို မုန့်ပေးကြိုက်ထားတာလား ..."

"အေးလေ .. ဟားဟားဟား"

"မရဘူး .. မရဘူး၊ မင်္ဂလာပွဲဆိုတာ ပြုံးနေရတယ်၊ ဒီလောက်ရင်ခုန်စရာကောင်းတဲ့ညကို ရင်ခုန်ရမှန်း မသိဘူးလား"

"ခြံရှံ .. မင်း အဲဒါတော့ သင်ပေးသင့်တယ်"

"အေး .. ဟုတ်တယ်၊ ဘယ်မှာလဲ .. ဗီဒီယိုကင်မရာမင်း .. ဟေ့ .. ဒီကိုလာ ..."





"ကြားတယ် .. ငါရိုက်မယ်၊ ခြံရှံ .. မင်း မင်းရဲ့သတို့သမီးကို အမှတ်တရ အနမ်းလက်ဆောင်ပေးရမယ်"

"ဟေး ... ဟုတ်တယ်"

လက်ခုပ်သံတွေ သောသောညံသွားသည်။ မင်္ဂလာပွဲတွေမှာ ဒါဟာ ပျော်ရွှင်စရာပါ။ ဒါပေမယ့် ဒီပွဲရဲ့နောက်ကွယ်က ချည်နှောင်သည့်ကြိုးဆက်ထုံးတွေရှိနေတာကိုကျတော့ ဘယ်သူမှမသိ။

ခြံရှံ မျက်နှာမှာ ကျေနပ်သည့်ခပ်ကြိတ်ကြိတ်အပြုံးတွေဝေနေသော်လည်း ချစ်ခြင်း မျက်ဝန်းလေးတွေမှာ ပြေးပေါက်မှားနေသည့် သိုးငယ်လေးတစ်ကောင်နှင့်တူနေ၏။

ဝိုင်းဝန်းဆွဲလွဲကြတော့မတတ် အနားမှာ ခပ်ယိုင်ယိုင်အရက်နံ့တွေထုံကြိုင်လျက် စုပြုံရောက်လာသူတွေကို ချောက်ချားစွာကြည့်၏။

ခြံရှံ လက်မောင်းကို အားကိုးတကြီးဖက်တွယ်ထားသည့် လက်တို့သည် ရယ်မြူးရိပ်များနှင့် ငုံမိုးကြည့်လာသော မျက်ဝန်းတို့ကြောင့် လန့်ပြေးပြေကျ၏။

"ကိုကြီး ... ချစ်ခြင်း ..."

"သူတို့က မင်း ငြင်းနေရင် ကျေနပ်မှာမဟုတ်ဘူး"

"ဟင့်အင်း ..."

ချစ်ခြင်း ခေါင်းတွင်တွင်ခါ၍ မျက်ရည်တွေ အလိုလိုပြည့်သိပ်လာခဲ့သည်။ သူနဲ့မေမေ့ကြားမှာ ပဋိပက္ခတွေမရှိရအောင်ကြိုးစားရမှာကိုသိသည်။

ဒီအဖြစ်ဟာ လူကြီးတွေနဲ့ မသက်ဆိုင်သော မင်္ဂလာည၏ပျော်ရွှင်မှုအဖွဲ့ထဲက တစ်ခုပဲဆိုတာကိုလည်း တွေးမိသည်။ ဒါပေမယ့် လူကြားသူကြားမှာ ဒီလိုလုပ်ရမှာကိုတော့ ရှက်ကြောက်တတ်လွန်းသည့်စိတ်ကဘယ်လိုမှလက်မခံနိုင်။

မေမေ ကယ်ပါဦးလို့ မပြောပေမယ့် မျက်ဝန်းတွေက မေမေ့ရှိရာကို



www.burmeseclassic.com

www.burmeseclassic.com



တန်းခနဲရောက်သွားသည်။

ဒါကိုမြင်လိုက်သည့် ခြံရှဲ့ မျက်နှာကလည်း တင်းမာသွားခဲ့လျက်

"လာပါကွာ၊ ကိုယ့်ဘက်ကိုတိုး ..."

"ဟင့်အင်း .. ဟင့်အင်း .. အဲလိုမလုပ်ပါရစေနဲ့"

ချစ်ခြင်း မျက်နှာလေးငုံ့ထားပြီး အတင်းရုန်းနေသည်။ ခြံရှဲ့ က

လေးနှစ်ဖက်ကို မလွှတ်အောင်ဖိဆုပ်ထားလျက် 'မော့ပါကွာ'လို့ ချော

သည်လား ...၊

ကိုယ်ကြည့်နေမှန်းသိလို့ ဇွတ်တရွတ်ကြိုးစားနေသည်လား ...

"တောက် ..."

မခံရပ်နိုင်လွန်းသည့်မျက်ရည်စက်တို့ ပါးပြင်ပေါ် ဖြတ်ပြေးသွား

၏။ ဒေါ်မမခိုင် ပိုင်းခနဲနေကြသည့်လူတွေကြားထဲက သမီးလေး

အံကြိတ်ကြည့်နေရင်း ခြံရှဲ့ ဆိုသောလူရမ်းကားကို မုန်းသထက်မုန်း

သေချာနေခဲ့၏။

လက်သီးနှစ်ဖက်ဆုပ်ထားရင်း အားမလို အားမရဖြစ်လာခြင်း

မတ်မတ်ရပ်မနေချင်လောက်အောင် အားအင်ချည့်နဲ့လာသည်နှင့်တ

"ခိုင် ... ခိုင် သတိထားလေ"

ဦးလွင်မိုး၏ စိုးရိမ်တကြီးခေါ်သံမှာ ဒေါ်မမခိုင် ဦးလွင်မိုး၏ပခုံး တ

ဖက်မှာ ပျော့နွဲ့စွာမှီချလိုက်မိလေသည်။ ချစ်ခင်အားကိုးစွာတော့မဟုတ်

ဘယ်လိုမှ မတ်တတ်ရပ်နေနိုင်စွမ်းမရှိတော့၍ဖြစ်သည်။ ရင်ထဲ

ဒီလူကိုလက်ထပ်ခဲ့မိလေခြင်းဆိုသည့်နောင်တနှင့် တဆစ်ဆစ်နာကျ

လာ၏။

သမီးကို မတန်မရာ မထိနဲ့ မကိုင်နဲ့လို့ တားမြစ်ခဲ့မိသည့် မာနစကား

များကြောင့် သမီးလေးကို မရအရသိမ်းပိုက်သွားသည်။ ဘယ်လို

မကြည်ဖြူနိုင်ပါဟုကြွေးကြော်နေခဲ့သည့်ကိုယ့်ရှေ့မှာ တမင်တကာ





ခက်နမ်းပြခဲ့၏။

မင်း ယုတ်မာဖို့အတွက် ငါက မင်းရဲ့မိထွေးဖြစ်ခဲ့တာပေါ့ ...။

ဒေါ်မမခိုင်သည် ဦးလွင်မိုး တွဲခေါ်ယူခဲ့သောနောက်ကို သက်မဲ့အရုပ်တစ်ရုပ်လိုပါသွားခဲ့ရင်း မိထွေးနှင့်သက်ဆိုင်သော သီအိုရီတွေ ဘယ်နှစ်ခုလောက်ရှိနေနိုင်မလဲဆိုတာကို နာကျင်စွာတွေးလာမိသည်။

ဒါပေမယ့် သူမ မှတ်သားလိုက်နာရမှာကတော့ မိထွေးသီအိုရီ မဟုတ်ပေ။ ကိုယ့်ကိုယ်ကို သူမဟာ မိထွေးလား၊ ယောက္ခမလား၊ နှစ်ခုစလုံးတစ်ခုမှမဟုတ်ခဲ့ဘူးလား ...၊ ဘာမှန်းမသိတော့သော်လည်း ကိုယ့်သမီးကတော့ သူ့ ဇနီးဖြစ်သွားပါပြီ။

ထိုအခါ ခေါင်းထဲမှာရောက်လာသည်က သမက်တစ်ယောက်၏အဆိုးအကောင်း ...၊

သူမ ဘာမှမသိခဲ့သေးတာဟာ သမက်အထာပဲဖြစ်မှန်း တွေးမိလာခဲ့ပြီးသည့်နောက် .....။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၅)

"ကလေးတွေ ကန်တော့မလို့စောင့်နေတယ် ခိုင်"

"ကန်တော့မခံချင်ဘူး၊ ကို့သားကို ဥပေက္ခာမထားနိုင်ရင် ကို သွားလိုက်"

ဒေါ်မမခိုင်က ရှုဆေးဘူးလေးကို စားပွဲပေါ် ဆောင့်ချလိုက်ပြီးမှ ပြန်ကောက်ရှုကာ ခေါင်းအုံးမှာ ပြေလျော့လျော့မှီနေရာကနေ လှဲချလိုက်၏။

ဒီလိုငြင်းမှာပဲဆိုတာ ဦးလွင်မိုးကလည်း သိသည်။ သူခေါ်တာက ထွက်ပြီးကန်တော့ခံဖို့ထက် ကိုယ့်သားကလည်း ကန်တော့ချင်တဲ့ဆန္ဒရှိတာကို သိစေချင်တာဖြစ်၏။ ထို့ကြောင့် ဒေါ်မမခိုင်ငြင်းတာကို စိတ်မပျက်ဘဲ အနားတိုးသွား လိုက်ရင်း ...

"ရေချိုးလိုက်ပါလား ခိုင် သိပ်မှည့်မနက်သေးတာ၊ ကိုယ် ရေနွေးစပ်ထားပြီးပြီ"

"ဟင့်အင်း"





"ဒါဖြင့်လဲ အင်္ကျီထဘီတွေ ပေါ့ပေါ့ပါးပါးလဲထားလိုက်ပါလား"

"ကို့ဘာသာ သွားစရာရှိတာကိုသွားပါ၊ ခိုင် အဆင်ပြေလို့နေနေတာ"

ဒေါ်မမခိုင်က ညှော်ခံပွဲကဝတ်ထားတဲ့အတိုင်း ဘာမှမလဲဘဲ ဦးလွင်မိုးတွဲခေါ်လာပြီး ဒီမှာချထားပေးတဲ့ပုံစံလေးအတိုင်း လှဲနေတာဖြစ်သည်။

ဒေါ်မမခိုင်ကိုထားခဲ့ပြီး ဦးလွင်မိုး ညှော်ခံပွဲကိုပြန်သွားခဲ့သေးသည်။ ပြီးလုပြီဆိုမှ ဒေါ်ဥမ္မာတို့နဲ့ ထားခဲ့တာဖြစ်သည်။

ပြန်ဝင်လာတော့ ဒေါ်မမခိုင်မျက်နှာ ကြည်ကြည်လင်လင်ပြန်ဖြစ်နေလျက် မျက်နှာကြက်ကိုငေးစိုက်ကြည့်နေ၏။ ကလေးတွေနဲ့ ဒီအမေကြားက မပြေလည်မငြိမ်းချမ်းမှုကို ဘယ်လိုဆက်လက်ချည်နှောင်ရမှန်းမသိဘဲ ဦးလွင်မိုး သက်ပြင်းတွေအကြိမ်ကြိမ်ချ၏။

ချော့မော့ပြောကြည့်လိုက်တော့ အံကြိတ်မျိုသိပ်ထားလိုက်သလိုလို၊ တကယ်ခွင့်လွှတ်ပေးဖို့ကြိုးစားနေသလိုလို တည်နေသည့်မျက်နှာလေးကို အကဲခတ်လို့မရပေ။

"ဒါဆို ကိုယ် အပြင်ခဏထွက်လိုက်ဦးမယ်၊ ခိုင် နေကောင်းရဲ့လား"

"အင်း ..."

'အင်း'လို့ဖြေတာကို ကြားပေမယ့် သူ ထွက်သွားတုန်းမှာ မူးမိုက်နေလေသး၊ ကိုက်ခဲနေနိုင်သလားဟု တွေးပူကာ နဖူးပြင်လေးကို လက်ဖဝါးတပ်တင်လိုက်မိသေးသည်။

ခိုင် မူးပြီဆို ချွေးတွေတအားစို့ရွှဲလာကာ နှုတ်ခမ်းတွေ အရောင်ပြောင်းသွားတတ်၏။ ခေါင်းကိုက်လိုက်တာလို့ညည်းသံကြားတိုင်း မျက်နှာပြင်မှာချွေးတစ်စက်မှမရှိဘဲ ပြောင်တင်းတင်း နီတီတီလေးဖြစ်တတ်တာတွေ သူ အားလုံးကို မှတ်ထားခဲ့သည်။

ထို့ကြောင့် နဖူးလေးကိုစမ်းကြည့်ပြီး မျက်နှာကို အကဲခတ်လို့ကျေနပ်မှ အခန်းထဲကထွက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ခိုင်က သူ့ထက် အသက်လည်းငယ်ပါသည်။ ပြီးတော့ ကလေး တစ်ယောက်အမေ ဆိုပေမယ့် အပျိုနှင့်တွ မမီလောက်အောင်လှသည်။ လှသလောက် စကားပြောသွက်တာလေးက ချစ်စရာကောင်းသည်။

တစ်ခါတလေ သူမကိုယ်သူမ မုဆိုးမ ကလေးတစ်ယောက်အမေဆိုသည့်အရွယ်ကို မေ့လျော့နေသလားထင်ရလောက်အောင် ခြေဆောင့်စိတ်ကောက်တာတွေလည်းရှိ၏။

ခိုင့်ကို သူများရဲ့ရင်ခွင်ရိပ်ထဲမှာရှိနေတဲ့ဘဝကတည်းက သူ့ရင်ထဲမှာ နွေးထွေးနေခဲ့တာပါ။ ရယူပိုင်ဆိုင်ချင်တာမျိုးမဟုတ်ဘဲ အလိုလိုက်ကြည်ဖြူနေချင်တာမျိုးဖြစ်၏။ သူမဟာ ကိုယ့်ဘဝနဲ့မသက်ဆိုင်ပေမယ့် သူမအလိုမကျလို့ မျက်နှာ ညိုနေတာလေးကိုတောင် မမြင်ချင်ခဲ့သည့် ခံစားချက်မျိုးတွေလည်း ရှိနေခဲ့ဖူးသည်။

ဒါကြောင့် ကိုယ့်မိတ်ဆွေရဲ့ဇနီးပေမယ့် ကိုယ့်ရဲ့ညီမရင်းလေး တစ်ယောက်အပေါ် ဂရုစိုက်စောင့်ရှောက်ခြင်းမျိုးတွေနှင့် သူ့ဘက်က တာဝန်ကျေနေခဲ့တာ ဟိုတုန်းကတည်းကဖြစ်သည်။

ပိုင်ဆိုင်ခွင့်ရလိုက်တော့လည်း ချစ်လို့မဝနိုင်အောင် အရိပ်တကြည့်ကြည့်နှင့်ဖြစ်ရ၏။ ခဏခဏစိတ်တိုတတ်ကာ အနိုင်ရမှကျေနပ်တတ်သည့် သူမအကျင့်လေးကြောင့် အိမ်ထောင်ရေးဟာ တတိယအရွယ်မှာ တစ်ကပြန်စခဲ့ရပေမယ့် အေးစက်ထုံထိုင်းခဲ့တာမရှိ။

သူ့အတွက်က သားရဲ့မေမေကို သူငယ်ချင်းရင်း လက်ဆက်ခဲ့ရသဖြင့် သူငယ်ချင်းလို ပွင့်လင်းကြပြီး မသာယာတဲ့အဖုအထစ်မရှိခဲ့ပေမယ့် ခိုင်နဲ့ကျမှ ရင်ခုန်ရသလိုမျိုးတော့ မဖြစ်ခဲ့ဘူးထင်သည်။

ဘာပဲဖြစ်ဖြစ် သူဟာ ပေးဆပ်ကြည်ဖြူခြင်းကိုပဲ ပျော်မွေ့နေတဲ့သူဖြစ်လို့နေမှာပါ။ သူ့လို နားလည်ခြင်းမျိုး သားမှာ ဘာဖြစ်လို့မရှိခဲ့တာလဲ။ ဗာကယ်ဆို ခိုင့်သမီးရဲ့စိတ်ဓာတ် အယူအဆတွေက သူနဲ့တူနေခဲ့လျက်





သားက ခိုင့်သားလို့ပြောလျှင်တောင် မယုံတဲ့သူရှိမှာမဟုတ်။

ချစ်ခြင်း က အေးချမ်းသိမ်မွေ့ပြီး ခြံရံ က လွတ်လပ်လှုပ်ရှားချင်တဲ့သူဖြစ်သည်။ ခြံရံ သည် သူနဲ့ပတ်သက်သမျှ သူနိုင်ရမှကြိုက်သလောက် ချစ်ခြင်း က အလွယ်တကူ အရှုံးပေး၍ ငြိမ်းချမ်းချင်တဲ့ပုံစံလေးရှိနေ၏။

ဒါပေမယ့် ချစ်ခြင်း ကို သူက ချစ်နိုင်ပြီး ခိုင် ကတော့ သူမလိုစရိုက်မျိုးရှိနေသည့် ခြံရံ့ကို နည်းနည်းလေးမှ မရှုဆိတ်နိုင်။

အဆင်မပြေတာတွေကို စုပြုံတွေးလာခဲ့ရင်း ဦးလွင်မိုး၏ခြေလှမ်းတွေ ဧည့်ခန်းနားရောက်လာမှ ရပ်၏။

"မလာဘူးတဲ့လား"

ဒေါ်ဥမ္မာက မျက်နှာမကောင်းစွာဆီးမေးသည်။ လှမ်းကြည့်လိုက်တော့ အရက်ရှိန်ကြောင့် နီနေသည့် ခြံရံ့မျက်နှာက ခပ်ချဉ်ချဉ်မဲ့ပြုံးနှင့်…

ချစ်ခြင်း ကတော့ မိတ်ကပ်ဖျော့ဖျော့တင်ကျန်ဆဲမျက်နှာလေးနှင့် မျက်တောင်ရှည်ကြီးတွေ မျက်ခွံပြေပြေမှာကပ်နေတဲ့အထိ မျှော်လင့်နေခဲ့တာ အထိတ်တလန့် …။

"သူ နေမကောင်းဘူး ဒေါ်လေး၊ ဒေါ်လေးနဲ့ ကျွန်တော်ပဲ ကန်တော့ခံလိုက်တာပေါ့"

ဒေါ်ဥမ္မာ ခေါင်းညိတ်လိုက်ရသည်။ ဒီလိုပဲဖြစ်မယ်ဆိုတာ သူတို့ သိကြသလို ခြံရံ သိနေတယ်ဆိုတာကလည်း မချိုမချဉ်မျက်နှာမှာပေါ် နေလျက်…၊ ကန်တော့ပြီးကြတော့ ဆုပေးလို့မှမဆုံးသေးဘဲ ထ,ရပ်လိုက်ကာ …

"ကျွန်တော် တာဝန်ကျေတယ်နော် ဖေဖေ၊ ကျွန်တော်က မိဘလိုနေရာပေးပါတယ် .. သူက မယူတာ"

"သား …"

"ပြောပြတာပါ၊ နေရာတကာ ကျွန်တော်ပဲ လွန်လွန်ကျူးကျူးဖြစ်နေတယ်လို့ ဖေဖေ မျက်လုံးစိမ်းနဲ့ကြည့်လွန်းလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဦးလွင်မိုး ပြောမလို့ ပါးစပ်ပြင်ပေမယ့် ဒေါ်ဥမ္မာကပဲ ခေါင်းညိတ်လိုက်ကာ ...

"မျက်လုံးစိန်းနဲ့တော့မဟုတ်နိုင်ပါဘူးကွယ်၊ ဆန့်ရင်းနာနာဖွပ်ဆိုတဲ့ စကားအတိုင်း ဆုံးမစရာရှိ ကိုယ့်သွေးသားကိုပဲ ဆုံးမရတာမျိုးပါ၊ ဒါပေမယ့် ဘွား တစ်ခုတော့ပြောချင်တယ်"

ဒေါ်ဥမ္မာသည် သူမမှာကြားဆုံးမလာသည့်အတိုင်း အစစအရာရာ သည်းခံနေရှာသည့် မြေးမလေးကို ကရုဏာမျက်ဝန်းများနှင့် ငုံ့မိုးကြည့်လိုက်မိရင်း ...

"မိကောင်းဖခင်သားသမီးတိုင်းဟာ မိမိရဲ့ဆွေဂုဏ်မျိုးဂုဏ်၊ မိဘဂုဏ်ကို ထိန်းသိမ်းတတ်ကြတယ်၊ ဒီထဲမှာ အိမ်ထောင်မှုဘုရားတည် ဆေးမင်ရည်စုပ်ထိုးဆိုတာက အဓိကပေါ့၊ အိမ်ထောင်တစ်ခု တည်ဆောက်လိုက်တာကို ပေါ့ပေါ့လေးသဘောထားလို့မရဘူး၊ ဒါက မိန်းကလေးအတွက်ပဲ အရေးပါတာမှမဟုတ်တာ၊ ငါ့ ယောက်ျားပဲဆိုတဲ့သဘောနဲ့ ပေါ့ပျက်တာဟာ ဂုဏ်သိက္ခာရှိတဲ့ယောက်ျားကောင်းတို့ရဲ့စရိုက်မဟုတ်ဘူးကွယ့်"

"ဘွားက ကျွန်တော့်ကို အဲဒီလိုလူလို့ မြင်လို့လား"

"သား .. လူကြီးဆုံးမနေတာကို ဘာဖြစ်လို့ပြန်မေးနေတာလဲ"

စကားလုံးတွေ အများကြီး စုငုံထားရသည့် နှုတ်ခမ်းတလှုပ်လှုပ်နှင့် ခြံရှံမျက်နှာက အချိုးတကျငြိမ်သက်သွားခြင်းမဖြစ်။

"ဘွားက အဲဒီလိုမဖြစ်စေချင်တာပါကွယ်၊ မိကောင်းဖခင်သားသမီးမို့လို့လဲ မြေးတို့ကို ကြည်ကြည်ဖြူဖြူလက်ထပ်ပေးခဲ့တာပေါ့"

'မကြည်ဖြူတာကို သိစေချင်တဲ့တစ်ယောက်ကတော့ ထွက်မလာဘူးမဟုတ်လား၊ အဲဒါကိုထည့်ပြော'

ခြံရှံ က ထိုစကားတွေကို ပါးစပ်ကမဟုတ်ဘဲ အိမ်ထဲဘက်ကို မျက်လုံးဝေ့ကြည့်ပြီး လူကြီးတွေသိသာအောင် အသံတိတ်ပြော၏။





ဒေါ်ဥမ္မာ မျက်နှာပျက်သွားကာ ယောက္ခမနဲ့သမက်ဖြစ်လာသူတို့ကြားမှာ ဘယ်သူ ဒုက္ခများသလဲဆိုသည့်အဖြစ်ကို တွေးမိသဖြင့် မျက်လုံးတွေက မျက်လွှာလေးချနေသည့် ချစ်ခြင်း ထံရောက်သွား၏။

ဘာပဲဖြစ်ဖြစ် မပြောလို့လဲ မပြီး ...။

"ဘွားပြောချင်တာက မြေးတို့ ကိုယ့်အိမ်ထောင်ရေးသာယာဖို့ပဲ ကြိုးစားသင့်တာကိုပါ။ အဖေ အမေ မွေးချင်းဆွေမျိုးဆိုတာတွေက အချိန်တန်ရင် သူတို့က အပြင်လူတွေပါ၊ သက်ဆုံးတိုင်ပေါင်းသင်းကြရမှာက လင်နဲ့မယားနှစ်ယောက်တည်းရယ်၊ ဒီနှစ်ယောက် နားလည်မှုရှိနေကြဖို့ထက် ဘာမှအရေးမကြီးဘူး၊ တစ်ယောက်ကိုတစ်ယောက်ကြင်နာပါ၊ ဖေးမပါ"

ဟုတ်ကဲ့ပါ၊ ဘာညာ မပြောဘဲ ခြံရှံ က ခေါင်းညိတ်လိုက်သလိုလို၊ မျက်လွှာချသလိုလိုနှင့် ဆံပင်ရှည်တွေကို နဖူးကနေထိုးလှန်ဖွပြီးမှ ပြန်ပီချကာ ချစ်ခြင်း ကိုငုံ့ကြည့်၍ ...

"ထ .. သွားမယ်"

လူကြီးဆုံးမနေတာကို မကြားချင်သည့်ပုံမျိုးဖြစ်သွားသဖြင့် ဦးလွင်မိုး ဒေါ်ဥမ္မာကို အားနာသွားမိသည်။ ဒါပေမယ့် ထိုအချိန်မှာပဲ ဒေါ်ဥမ္မာ မြေးနှစ်ယောက် တံခါးဝမှာပေါ်လာကာ ...

"ဘွားရေ .. မေမေက ပြန်ဖို့စောင့်နေတယ်"

"သြော် .. အေး .. ဘွား ပြီးပါပြီ"

ချစ်ခြင်း က ကြိုးဆွဲရုပ်သေးကို ဒီတိုင်းပုံချထားသလို ခွေခေါက်ထိုင်နေရာမှ ကပျာကယာထရပ်ပြီး ...

"ဘွား ..."

"ဘွား ပြန်မယ် မြေး"

တစ်ယောက်လက်ကို တစ်ယောက်ဆုပ်ကိုင်ကာ နှစ်ယောက်တည်း နားလည်နိုင်သောမျက်ဝန်းစကားများနှင့် စက္ကန့်များစွာပြောမိကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဒေါ်ဥမ္မာက အားလုံးကို နှုတ်ဆက်သလိုပြုံးပြကာ ...

"ကဲ .. ဒေါ်လေး ပြန်ပြီလို့ ခိုင့်ကိုပြောလိုက်တော့"

"ဟုတ်ကဲ့"

"အားလုံးအတွက် ဒေါ်လေး စိတ်ချမယ်နော် မောင်မိုး"

"စိတ်ချပါ ဒေါ်လေး"

ဒေါ်ဥမ္မာတို့ကားလေး ပျောက်ကွယ်သွားတော့ စောစောက ဆုံးမစကားပြောနေတုန်း ပြန်မယ်ဆိုပြီး ထ,ရပ်လိုက်သည့် ခြံရှံ က ဆိုဖာပေါ်မှာ အိခနဲနောက်ပြန်ထိုင်ချလိုက်၏။ အိပ်ခန်းထဲဝင်တော့မလို့ ခြေဦးလှည့်ပြီးမှ ဦးလွင်မိုး တုံ့ခနဲဖြစ်သွား၏။

ပြန်လှည့်ကြည့်ပြီးမှ သူတို့ဘာသာနေပါစေဟုတွေးကာ ကျောခိုင်းထားလိုက်တော့သည်။

"ဘယ်ကိုလဲ ချစ်ခြင်း"

"အိပ်တော့မလို့"

"ဟား .. မင်း ..."

"ကိုကြီးပဲ ခုနက ..."

"ခုနက မင်း မထဘဲနဲ့ ဘွား ပြန်မယ်ဆိုမှ ကမ္ဘာမြို့မလို့ ခုန်ထလာတာ မင်းလေ ..."

"ကဲ .. ချစ်ခြင်း ဘာလုပ်ပေးရမလဲ ပြောပါ"

"ဖိနပ် လာချွတ်ပေး၊ ပြီးရင် ကုတ်အကျႌ၊ ပြီးရင် အထဲကိုတွဲခေါ်"

ညဥ့်မနက်သေးပေမယ့် ညရဲ့တိတ်ဆိတ်ခြင်းက သူ့အသံကို လွှင့်တင်ပေးထားသလိုဖြစ်ကာ တစ်အိမ်လုံး ဘယ်သူမှမကြားဘဲနေမှာမဟုတ်။

ဒေါ်တိုးခမျာလည်း အပြင်မှာပြေးကြည့်ပြီး သိမ်းဆည်းကြပ်မတ်ရင်း အိမ်ထဲကိုလည်း မဖြောင့်ရှာပါ။ ဒါပေမယ့် သူမလုပ်ပေးပါမယ်လို့ ဝင်ပြောရမယ့်နေရာလည်းမဟုတ်တော့ မတတ်နိုင်။





အားလုံးဖယ်ခွာသွားကြရပြီ။ သူ့အမိန့်ကို မလွန်ဆန်ချင်တော့သည်မို့ ချစ်ခြင်း တစ်ယောက်ပဲ သူ့ရှေ့မှာ ပုဆစ်တုပ်လေးထိုင်၍ ဖိနပ်ချွတ်ပေးသည်။

သူ တကယ်မူးနေသည်လား ...၊ တမင်ခိုင်းချင်တာလားတော့မသိ။ ရဲလာနေသောမျက်နှာကို ဆိုဖာနောက်မှီမှာမှေ့လှန်ထားလိုက် မျက်လုံးတွေကို မှိတ်ထား၏။

"အကျႌချွတ်မယ် ကိုကြီး"

"ဟင် .. အင်း ..."

ခြံရှံ က ခေါင်းထူလာပြီး မျက်လုံးတွေကိုဖိမှိတ်လိုက် ပြုံ၍ အားမရတော့ ခေါင်းတွေကိုခါပစ်သည်။

အကျႌချွတ်ပေးနေတာကိုငြိမ်နေပြီး ချစ်ခြင်း ပခုံးလေးနှစ်ဖက်လက်တွေတင်ကာ နဖူးချင်းတိုက်၍ သူ့ကိုယ်ကိုထိန်းနေ၏။

"မူးလိုက်တာကွာ၊ ကျွတ် .. ဒီည ယောက္ခမနဲ့ တစ်ထောင့်တစ်ဥ ဘျည်မကုန်မချင်းတိုက်မလို့ဟာ ဒီခေါင်းတွေ ယုတ်မာတာ"

သူ့ပါးစပ်က အရက်နံ့ကြောင့် ချစ်ခြင်း မျက်နှာလွှဲပစ်လိုက်တော့ နဖူးချင်းထိကပ်ထားသည့် ခြံရှံ့မျက်နှာက ပခုံးတစ်ဖက်မှာ မေးတင်သွား၏။

ပြီးတော့ ငိုက်ခနဲဖြစ်သွားသဖြင့် ကိုယ်ကိုထိန်းလိုက်တော့ ချစ်ခြင်း ခါးလေးကို ကျုံးဖက်ပစ်လိုက်သလို ရင်ဘတ်ချင်းတင်းကျပ်စွာထိကပ်သွားသည်။

"အို .. ကိုကြီး .. ကိုကြီး သတိထားလေ၊ လွှတ်ပါဦး"

"မင်းပဲ အမိန့်တွေပေးနေပါလား .. ဟင် ...၊ ကိုယ့်ကို မင်းပဲတွန်းပစ်လိုက်၊ မင်းပဲရုန်းပစ်လိုက် .. အဟွန်း .. ငါ့ငါ့ရဲ့ပစ်မှတ်က မင်းမဟုတ်လို့နော်၊ မင်းကို အမှန်ကြိုတ်မပစ်ရဲဘူးမှတ်နေသလား။ ပြောထားပြီးသား။ မင်း ငါ့သဘောကျ အားလုံးဖြစ်နေရမယ်ဆိုတာ ..."



www.burmeseclassic.com

www.burmeseclassic.com



အာလေးလျှာလေးသံနှင့် လူက ယိမ်းထိုးနေသည်။ စောစော
ဒီပုံစံနှင့် လူကြီးတွေကို ကန်တော့တာလား ...။

ဒေါ်မမခိုင် အသံတွေကိုနားထောင်ရင်း ဖြစ်နေတာတွေကို မြင်နေ
သလိုပင် ...၊

„သမီးလေးကို ဖိနပ်ချွတ်ခိုင်းလိုက်၊ အကျီချွတ်ခိုင်းလိုက်၊ ဒါတွေ
ကြားအောင် ညွှန်ခန်းမှာ တမင်ခိုင်းပြနေတာမှန်း သိသည်။

ဒေါ် လာဦးညမှာပဲ စစ်ခြံရှံဆိုသည့်လူငယ်တစ်ယောက်၏ရည်ရွယ်
စကားပြော တွေကို မြင်လာခဲ့ရ၏။ နောက်ထပ် ဤသို့သော မငြိမ်းချမ်းမှု
မှာ အိခနဲ တွေကို မြောက်မြားစွာ ရင်ဆိုင်ကျော်လွှားရဦးမည့် အဖြစ်
ပြီးမှ ဦးလှ ပါပြီ။

ဒါဆို ဘာလုပ်သင့်သလဲ ...၊ နဖူးပေါ် လက်တင်လျက် သက်ပြင်းချ
ထား ကြိမ်ကြိမ်ချနေသော ဒေါ်မမခိုင်အဖြစ်ကို နံဘေးမှာအတူရှိနေခဲ့သည့်
ဦးလွင်မိုးကလည်း သိနေခဲ့ပြီး ...

မနက်ဖြန်တွေ နောက်ကျစွာရောက်လာပါစေ .....။





## အခန်း (၂၆)

သူ အိပ်ရာကနိုးလာတော့ ဘေးမှာ ချစ်ခြင်း မရှိပေ။ နေရာကိုကြည့်ခြင်းအားဖြင့် သူ့ဘေးမှာ ချစ်ခြင်း လုံးဝမအိပ်ခဲ့ကြောင်း လတ်ဆတ်သစ်နေသည့် အိပ်ရာခင်းအဖြစ်က ဖော်ပြနေ၏။

“ကျွတ် .. ကျွတ်”

နာရီကိုကြည့်တော့ မနက်လေးနာရီခွဲပဲရှိသေးသည်။ ခေါင်းတွေ အုံခဲနေတာကို ကျူးထလိုက်ရင်း မြင်ကွင်းထဲမှာ အဝတ်မီရှိနဲ့ ယောကျ်ားကြည့်မှန်တင်ခုံစင်မြင့်ကြားက တစ်ယောက်အိပ်ခုတင်မွေ့ရာလေး လိပ်ထားတာကို သတိထားမိလိုက်၏။

ဒါ ညက ချစ်ခြင်း အိပ်တာပဲဖြစ်မည်။

“ချစ်ခြင်း .. ချစ်ခြင်း ..၊ ဟော့ ... ဘယ်ရောက်သွားတာလဲကွ”

သူ့အသံကြီး ဟိန်းထွက်လာပြီး ချစ်ခြင်း အလှူးဖားယားပြေးထွက်



www.burmeseclassic.com

www.burmeseclassic.com



လာ၏။ မျက်နှာမှာ သနပ်ခါးပါးကွက်လေးနှင့် ကျစ်ဆံမြီးနှစ်ဖက်ကျ
ထားသည့်ဘယ်ဘက်နားနောက်မှာ သနပ်ခါးဗန်းတွေ ပန်ထားသေးသ

သူမရောက်လာတာနှင့် တစ်ခန်းလုံး သနပ်ခါးနံ့တွေ ကြိုင်လှိုင်
၏။ လိမ်းထားသည့်သနပ်ခါးကလား၊ ပန်းကမွှေးတာလားမသိ၊ ချစ်
သည် မနက် အိပ်ရာစောစောထတတ်ပြီး သနပ်ခါးလိမ်းထားရတာ
ဝါသနာပါ၏။

အပြင်သွားစရာ ဘာညာရှိရင်တော့ သနပ်ခါးနဲ့မသွားဖြစ်ပါ။
ကြောင့် မနက်စာစားပြီးသည့်အချိန်လောက်မှာ ပါးပေါ်မှာ သနပ်ခ
မနေတတ်တော့တာ များသည်။

အိပ်ရာထနောက်ကျမြဲဖြစ်သော ခြံရဲ့ မျက်လုံးထဲမှာ ချစ်ခြင်း ပါး
က သနပ်ခါးကို အထူးအဆန်းဖြစ်သွားလျက် မကြည်လင်သည့်မျက်
တွေကို စူးစိုက်ကြည့်မိ၏။

ပြီးတော့ အုံ့ခဲနောက်ကျိနေသော ခေါင်းထဲမှာ သနပ်ခါးနံ့ကြေ
နှင်းခွဲနေခြည်ကဲ့သို့ ချက်ချင်းကြီးကြည်လင်သွားတာကို သဘောကျ
သည်။

"မင်း ဘယ်အချိန်က ထ,သွားတာလဲ"

"လေးနာရီက၊ ချစ်ခြင်း ဒီအချိန် ထနေကျ။ ကိုကြီး ဘာခိုင်းမလို့

"အဲဒါ ခိုင်းစရာမလိုဘူးလေ၊ ငါ့အတွက် မျက်နှာသစ်ဖို့ အကြိ
မင်း လုပ်ပေးရမှာ နားမလည်ဘူးလား"

ချစ်ခြင်း က ကြောင်တောင်တောင်လေးကြည့်နေရင်း မျက်နှာ
ညှိုးကျသွားသည်။ ဘာမှမဟုတ်ကြဘဲ ချက်ချင်း လက်ထပ်ဖြစ်ခဲ့ကြ
သူရောကိုယ်ရော အသိ...၊ သူ့မှာ အပြိုးအဘေးနာကြည်းမှုတွေ
သလို ချစ်ခြင်း ကလည်း အစ်ကိုလိုသဘောထားပြီး ခင်တွယ်နေခဲ့
ဖြစ်သည်။





လက်ထပ်လိုက်တာ လွယ်ပေမယ့် အိမ်ထောင်သည်လို ချက်ချင်း
ဘာကျပ့်မလား ...၊ ယောက်ျားတွေဟာ မိန်းမယူလိုက်သည်နှင့် သူတို့
ယ်သူတို့ ဒုက္ခိတလိုနေပြီး ပြုစုခံရတာကို ဝါသနာကြီးကြပုံရသည်။
သူမ ကြည်ကြည်လင်လင်ပဲခေါင်းညိတ်လိုက်ကာ ...
"ကိုကြီး မအိပ်တော့ဘူးဆိုရင် ချစ်ခြင်း ပြင်ထားလိုက်ပ့်မယ်"
ချစ်ခြင်း ပြန်ထွက်သွားတော့ သနပ်ခါးနံ့လေး ပျောက်ကွယ်သွား၏။
ရင်ထဲမှာ ဘယ်လိုကြီးဖြစ်သွားမှန်းမသိ။
နှစ်သက်ကြည်လင်နေသည့်စိတ်က ဘာကြောင့်မှန်းမသိဘဲ နောက်
ကျိဖြစ်သွားသလိုလို၊ ဒေါသဖြစ်သလိုလို ...။ သွားတိုက်ရင်း ချစ်ခြင်း
ပေါ်က ဘီးကြောင်းရာလေးတွေထင်နေသည့်ပါးကွက်ကျားလေးကို
နေသည်။
နှာခေါင်းထဲမှာ သနပ်ခါးနံ့လေးကစွဲနေ၏။ အခန်းထဲဝင်လိုက်တော့
င်းဘီရှည်အညိုနှင့် စပို့ရှပ်အနက်စင်းကျားလေးတစ်ထည် ထုတ်
ထားတာတွေ့ရသည်။ ခြံရဲ့ ခပ်လွန့်လွန့်ပြုံးရင်း ခေါင်းကရေစက်တွေကို
ဘက်နဲ့ပွတ်သုတ်ရင်းဖြင့် ...
"ချစ်ခြင်း ..."
ဒီအသံကြားပြီး ဒေါသတွေထွက် မုန်းကြပါစေ ... တမင်တကာ
ယ်ကြီးခေါ်ပစ်လိုက်သည်။ ဒေါ်မမခိုင် ဆိုသည့် မေတ္တာစေတနာ
မေမေ့ရဲ့နှလုံးသည်းပွတ် ...
နိုးနေပြီဆိုရင်လည်း ကြားပါစေ၊ မနိုးသေးရင်လည်း ဒီအသံကြောင့်
သွားပါစေ။
ခြံရဲ့ ဆိုတဲ့ကောင်ကို နောက်ထပ် မေတ္တာ၊ ကရုဏာ၊ မုဒိတာများစွာ
ထားဖို့လည်း သတိတရဖြစ်စေရင်းဖြင့် ...
"ချစ်ခြင်း .. ကွာ ..."



www.burmeseclassic.com

www.burmeseclassic.com



"လာပြီ .. လာပါပြီ ကိုကြီးရယ်၊ တစ်ခွန်းပဲခေါ်ပါ"

ချစ်ခြင်း ဘယ်လိုကဆုန်စိုင်းပြီး ပြေးချလာရှာသည်မသိ၊ မော
ဟိုက်သံလေးနှင့်ပြောရင်း ...

"မီးဖိုထဲမှာ ဒေါ်တိုးနဲ့ပိုင်းကူနေတာ၊ ကိုကြီး တစ်ခွန်းပဲခေါ်လဲ ကြား
ပါတယ်၊ ဟိုနဲ့ဒီကိုပြေးလာရတာ ချက်ချင်းတော့ ဘယ်ရောက်မလဲ"

"ပြေးမလာရအောင် မင်း ငါ့နားပဲနေလေ၊ မိုးမလင်းသေးဘူး၊ မင်း
ယောကျာ်းလဲ အိပ်ရာက မနိုးရသေးဘူး၊ မင်း ဘယ်မှာရှိနေသင့်သလဲ
နားမလည်ဘူးလား"

"ကိုကြီး ..."

တိုးတိုးပြောပါလို့တားချင်ပေမယ့် ပြောလေကျယ်လေဖြစ်မှာကို သိ
လိုက်သဖြင့် ချစ်ခြင်း မျက်နှာလေးငယ်ကာ လက်ဖဝါးလေးတစ်ဖက်က
ခြံရုံပါးစပ်ကိုပဲလှမ်းပိတ်တော့မလိုလို ...၊ ရှိသမျှတံခါးတွေကိုပဲ လိုက်ပိတ်
တော့မလိုလိုနှင့် လက်ရော ခေါင်းရော ချာလပတ်ယမ်းသွား၏။

ခြံရုံ က သူမကိုစူးစိုက်ကြည့်ကာ ...

"မင်းမှတ်ထား၊ မိန်းမယူလိုက်တဲ့ယောကျာ်းက ကံနိမ့်တာတဲ့
ယောကျာ်းရတဲ့မိန်းမတွေကျတော့ ကံမြင့်လို့တဲ့၊ ငါကတော့ ငါလဲမနိမ့်နိုင်
ဘူး၊ မင်းကိုလဲမြင့်ခွင့်မပေးနိုင်ဘူး၊ ငါ မိန်းမယူထားတာ ငါ့ဝေယျာဝစ္စတွေ
ခိုင်းဖို့ ..."

"လူလေး ..."

ပြောလို့ကောင်းကောင်းနှင့် ပါးစပ်အရသာခံနေတုန်း ဒေါ်တိုးက
ကန့်လန့်ကန့်လန့် ...

"လူလေး ဒီမနက် စောစောနိုးတော့ အပြင်ကိုစောစောထွက်မယ်
ထင်တယ်၊ ဒေါ်တိုး အာလူးပူတီလုပ်ထားတယ်"

"အာလူးပူတီ မစားဘူး"





မျက်နှာကိုက တမင်တကာ ဂျစ်ကန်ကန်မှုန်တေတေလုပ်ယူထား
တာ သိသာလျက် ခြံရုံ က နှုတ်ခမ်းခပ်ဖိဖိနှင့်ပြုံးကာ ...

"ချစ်ခြင်း"

ချစ်ခြင်း မျက်ဝန်းလေးတွေ သူ့ဆီရောက်အောင်စောင့်ကြည့်ပြီးမှ...

"နောက်ကို ငါစားဖို့၊ ငါဝတ်ဖို့ မင်းပဲလုပ်ရမှာ၊ ဒေါ်တိုး သွားတော့
ပြီ"

ဒေါ်တိုးက ချစ်ခြင်း မျက်နှာလေးကို မသိမသာကြည့်ပြီး စိတ်မချမ်း
သာ ထွက်သွားခဲ့၏။ ဘာရယ်မဟုတ်ပါ၊ ခြံရုံ အသံဗြဲနဲ့ဆက်အော်နေ
တာကို ရပ်တန့်သွားဖို့ပြောလာပြီး အဆင်ပြေစရာ စကားတစ်ခုနဲ့လွှဲပေး
လိုက်တာဖြစ်သည်။

ဒီစကားက ဟိုစကားကိုရောက်ချင်ရောက်သွားနိုင်ပေမယ့် ချစ်ခြင်း
ကို လူသိရှင်ကြားအနိုင်ယူဖို့အတွက် ခြံရုံမှာ အစီအစဉ်တွေက အဆင်သင့်၊

"ချစ်ခြင်း ဒီမှာ ..."

အခန်းထဲမှာ သူ ပစ်တင် ဆွဲချနှင့် ခဏလေးအတွင်းမှာ ရှုပ်ပွကုန်
အောင်လုပ်ထားတာတွေကို လှမ်းမြင်ပြီး အထဲကို ဝင်မလို့ခြေလှမ်းပြင်
လိုက်ပေမယ့် ခြံရုံ က လက်မောင်းကို ဖမ်းဆွဲထားလိုက်ကာ ...

"မင်း ငါ့ကို ဒီထက်သည်းခံဖို့ အစီအစဉ်ရှိနေသေးလား"

ဒီမေးခွန်းကိုမေးတော့ လေသံက ပုံမှန်အတိုင်း ခပ်တိုးတိုး၊ ပြီးတော့
ခေါင်းသုတ်ထားသည့်စောင်ကို မွေ့ရာပေါ် လှမ်းပစ်တင်လိုက်ပြီး ...

"ပြောစမ်းပါ၊ ငါ မင်းနဲ့ရန်ဖြစ်ချင်တာ၊ မင်း ဒီလောက်လက်နက်ချနေ
တော့ ပျင်းဖို့ကောင်းတယ်၊ ဘယ်လိုဖြစ်တာလဲ၊ ဒီလူ သိပ်လူပါးဝတယ်
လို့များ ဒေါသတွေ ဘာတွေ ထဖြစ်ကြည့်ပါလား"

"နိုင်ချင်လို့ နိုင်အောင်လုပ်နေမှန်းသိနေတဲ့ဟာ ချစ်ခြင်း က အတိုက်
အခံလုပ်နေလဲ ကိုကြီးကိုလွှမ်းမိုး နိုင်မှာမှမဟုတ်ဘဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပွင့်ပွင့်လင်းလင်းပြော၊ မင်းအမေနဲ့ ငါ ဘယ်လိုမှငြိမ်းချမ်းဖို့မရှိနိုင်တာ မင်း သိနေတယ်မဟုတ်လား၊ ဒါကို ဘယ်လိုနည်းဗျူဟာတွေနဲ့ မင်းကြိုးစားဖို့ရှိလဲ"

"မကြိုးစားပါဘူး၊ မငြိမ်းချမ်းတာထက် ပေါက်ကွဲပျက်စီးမကုန်ဘူးဆိုရင်ပဲ ကျေနပ်တယ်"

"ဘယ်သူနဲ့ဘယ်သူလဲ၊ မင်းနဲ့ငါ အိမ်ထောင်ရေးလား၊ မင်းအမေနဲ့ငါ့အဖေရဲ့ ပဋိပက္ခလား"

ချစ်ခြင်း က သူကိုင်ထားသည့်လက်ကို ဖယ်ချပစ်လိုက်ပြီး မျက်ခုံးတန်းလေးတွေသည် စိတ်ပျက်ခြင်းများနှင့် တွန့်ကုတ်နေကြ၏။ ပြီးတော့ပြောချလိုက်တော့ ခြံရှံ ဒေါသတွေပွက်ပွက်ထဆူသွားစေလောက်သည့် စကားမျိုး ...၊

"မေမေနဲ့ ဦးဦးမိုးတို့ အဆင်မပြေဖြစ်နေကြတာကို သနားလို့ပါ"

"ဘာ ..."

ဒေါသဖြစ်စရာမဟုတ်ဘဲ ဖြစ်ရလားဆိုသည့် ချစ်ခြင်း မျက်ဝန်းလေးတွေက ခြံရှံ့မျက်နှာကိုကြည့်တာ အံ့သြဟန်နှင့် ...

"အဟွန်း ... ကောင်းပါတယ်"

ခြံရှံသည် ဒေါသတွေမဟုတ်ဘဲ ချွန်ထက်နာကျင်စေသည့်အရာဝတ္ထုတွေကို ပါးစပ်ထဲမှာထည့်ငုံထားရသလို ပြောလည်းမပြောနိုင်၊ မျိုချလို့လည်းမရနှင့် အတော်ကြီးခံရခက်သွားရင်း ...

"ကောင်းတယ်၊ မင်းအပေါ်မှာ ငါ ဘယ်လောက်ထိ ဆိုးရွားနိုင်စက်ဦးမလဲဆိုတာကို စိတ်မဝင်စားဘူးဆိုတဲ့သဘောပေါ့၊ သူများအတွက် မင်းက ..."

"သူများမဟုတ်ပါဘူး၊ ကိုကြီးအဖေနဲ့ ချစ်ခြင်းရဲ့မေမေပါ၊ မေမေနဲ့ ဦးဦးမိုးတို့က ကိုကြီးနဲ့ ချစ်ခြင်းတို့ရဲ့ မိဘတွေ၊ ယောက္ခမတွေမဟုတ်ပါဘူး၊ ချစ်ခြင်း ဒီတိုင်းပဲသတ်မှတ်တယ်"

"ဘာမိဘလဲ၊ မင်းရဲ့အမေကို ငါက မိဘလို့သတ်မှတ်ဖို့များ ..."

"မမှတ်နဲ့ပေါ့၊ ဒါပေမယ့် ဦးဦးမိုးကို ချစ်ခြင်း က ချစ်တယ်၊ မေမေ့ဆက်ထပ်လိုက်ကတည်းက ကြည်ဖြူလေးစားခဲ့ရတာ၊ အဲဒါကြောင့် ကိုကြီး ဘယ်လိုနေနေ ဘာပြောပြော ကိုကြီး ပစ်တဲ့မြားတွေ လှံကြီးတွေ ဆီတည့်တည့်မရောက်အောင် ချစ်ခြင်း ကြိုးစားသည်းခံခဲ့တာ၊ သည်းခံနေတာကိုတောင် မကျေမနပ်ဖြစ်နေတာကတော့ ကိုကြီးကို အံ့သြဖို့ကောင်းနေပြီ"

ချစ်ခြင်း က တည်တည်ငြိမ်ငြိမ်လေးပြောပြီး လျှောက်ဝင်သွားသည်။ ပြီးတော့ အခန်းထဲမှာ သူဆွဲချရှုပ်ပွထားတာတွေကို သူ့နေရာနဲ့သူ သပ်ရပ်အောင်ပြန်လည်သိမ်းဆည်းရင်း တစ်ချက်မှ နောက်လှည့်မကြည့်တော့ပေ။

ဦးဦးမိုးကို ချစ်တယ်တဲ့ ...၊ မဟုတ်ဘူး၊ သူ့အမေကိုချစ်နေတာ၊ ဒီအိမ်ထောင်ရေးကြောင့် သူ့အမေ စိတ်ဆင်းရဲမှာကို မဖြစ်စေချင်တာ၊ ခြံရှံ က ရင်ထဲမှာ လှိုက်ပူလာပြီဆို ကြာကြာမခံစားတတ်တဲ့သူဖြစ်သည်။

"မင်းအမေနားထဲကို ပြန်ရောက်အောင်ပို့လိုက် ချစ်ခြင်း၊ မင်းကိုငါက ဘယ်တော့မှ အလိုလိုက်မှာမဟုတ်တော့ ဒီအိမ်ထောင်ရေးနဲ့ပတ်သက်ပြီး ..."

"ဘာအိမ်ထောင်ရေးလဲ"

ချစ်ခြင်း ပက်ခနဲမေးချလိုက်တာ ခြံရှံ ရုတ်တရက် ကြောင်တောင်တောင်ဖြစ်သွား၏။ အမြဲတမ်း သူ့မျက်နှာကိုပဲ တမော့မော့၊ ခေါ်ချင်ချင် ခေါ်ချင်ချင် လိုက်ခေါ်၊ လိုက်ပြောနဲ့ အောက်ကျခယစွာရှိနေခဲ့သည့် မျက်နှာလေးက မာနရောင်တွေလက်နေခဲ့ပြီး ...

"ချစ်ခြင်း ခေါင်းထဲမှာ ဒီမိသားစုဟာ ဟိုတုန်းကအတိုင်း မိသားစု







www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ကနေ ဘာမှမပြောင်းလဲဘူး"

ကြည့်စမ်း ...၊ ဒီနှုတ်ခမ်းပါးလေးတွေဟာ ဒီလိုစကားမျိုးတွေ ပြောတတ်နေသည်လား ...။

"ချစ်ခြင်းကို အနိုင်ယူပြီး မေမေ့ကို ကိုကြီး စိတ်ဆင်းရဲစေချင်တယ် မဟုတ်လား၊ အခု ကိုကြီးဖြစ်စေချင်သလိုဖြစ်လာတာပဲ၊ ချစ်ခြင်း က လူကြီးတွေ တတ်နိုင်သမျှမသိအောင် စိတ်မဆင်းရဲရအောင်ကြိုးစားတယ်၊ နည်းနည်းပိုသွားတဲ့အဖြစ်က အဲဒါပဲ။ အိမ်ထောင်ရေးဆိုတဲ့ နယ်ပယ်ထဲမှာ ချစ်ခြင်းတို့ ဝင်ဆံ့ဖို့မလိုပါဘူး"

"သိပ်လိုတာပေါ့"

ခြံရံ က ချစ်ခြင်း ဘေးကိုလျှောက်သွားပြီး ခပ်နွဲ့နွဲ့ ခါးထောက်၏။

"မင်း ငါ့ထက် အများကြီးငယ်သေးတယ် ချစ်ခြင်း၊ တစ်ယောက်နဲ့ တစ်ယောက် စစ်မျက်နှာဖွင့်လိုက်ကြပြီဆိုရင် ကိုယ့်ဘက်က စစ်ဗျူဟာကို မပေါက်ကြားအောင်လျှို့ဝှက်ရတယ်၊ မင်း ဖွင့်ပြောလိုက်တာ လုံးဝ မဟာအမှားပဲ"

ပြောပြီး ရှေ့ကိုတစ်လှမ်းတိုးတော့ ချစ်ခြင်း က စူးစိုက်ပြန်ကြည့်ကာ နောက်ကို တစ်လှမ်းဆုတ်၏။

"ဘာဗျူဟာလဲ၊ ကိုကြီးပဲ ဘယ်သူ့ကိုဖြစ်ဖြစ် ရန်လိုပြီး တိုက်ချင်ခိုက်ချင်နေတာ၊ ချစ်ခြင်း ရင်ထဲမှာ အဲဒီလိုမရှိဘူး"

"မရှိပေမယ့် မင်းက ပါးပါးလေးလှီးချသွားတာ၊ အခု မင်းစကားကြောင့် ငါ သိလိုက်တာက ငါ့ဘက်က မရသေးတာတွေ အများကြီးရှိနေသေးတဲ့ကိစ္စ ..."

"အို .. ကိုကြီး ဘာလုပ်တာလဲ"

"မင်းဟာရော ဘာဖြစ်တာလဲ၊ မင်းက ငါ့ရဲ့သတို့သမီး၊ ငါ့ရဲ့မင်္ဂလာဦးညဟာ မင်းအမေနဲ့ပတ်သက်တဲ့ စစ်မျက်နှာအခင်းအကျင်းတွေကြောင့်





ပျက်စီးခဲ့ရတာ"

"ဟင့်အင်း .. ချစ်ခြင်း မသိဘူး၊ ကိုကြီးကို ချစ်ခြင်း အမြဲတမ်းရိုးသားခဲ့တာ၊ ခုလဲ ဒီတိုင်းပဲ"

"လက်ထပ်လိုက်ကြတာ မောင်နှမ၊ လင်မယား ဘယ်အချစ် သာသလဲလို့ မဲနှိုက်ကြတာမဟုတ်ဘူး၊ ငါက သူများမကျေနပ်တာကို မရအရယူနိုင်တဲ့အောင်နိုင်ခြင်းကို အလိုရှိတယ်"

"အို ... မကိုင်နဲ့"

ချစ်ခြင်း လက်မှာကိုင်ထားသည့် ခေါင်းလိမ်းဆီဘူးနှင့် မျက်နှာသုတ်ပဝါအထပ်လိုက်က ဘယ်ဆီသို့လွင့်ကျကုန်မှန်းမသိ။ မနက်အရုဏ်တက်လုပြီဖြစ်သော်လည်း အလင်းရောင်က မလာသေးပေ။

ခြံရံ က ချစ်ခြင်း လက်ကို ဖမ်းဆွဲ၏။ ချစ်ခြင်း က ရှောင်လိုက်ပြီး ခုတင်ပေါ် နောက်ပြန်ဆုတ်တက်သည်။ စိတ်ကူးက ဟိုဘက်ကိုပြန်ခုန်ချပြီး ခုတင်တစ်လုံးအခြားနှင့် ရှောင်တိမ်းဖို့ဖြစ်၏။ သို့သော် ...

"ကိုကြီးနော် .. အမေ့ ..."

မွေ့ရာခင်းနှင့်ချိတ်မိပြီး ကိုယ့်ဘာသာမလွတ်မလပ်လဲသွားတာ ဖြစ်သည်။ အိပ်ရာပေါ် မှာမို့ သူမတစ်ကိုယ်လုံး ခြံရံ့ရင်ခွင်ထဲကိုရောက်သွား၏။

"လွှတ် .. လွှတ် .. ချစ်ခြင်း မုန်းတယ်နော်၊ အဲဒီလိုမညစ်ပတ်နဲ့၊ ဟင့်အင်း ..."

ခြံရံ က ချစ်ခြင်း ခေါင်းက သနပ်ခါးပန်းတွေထဲမှာ မျက်နှာကို အတင်းဖိကပ်ပစ်သည်။ ပြီးတော့ နှုတ်ခမ်းဝင်းထိန်နေသည့် လည်တိုင်နုနုမှာ ...၊ ချစ်ခြင်း ကလည်း တတ်နိုင်သမျှတွန်းကန်ရှောင်တိမ်းလျက် ...

"ကိုကြီး မိကောင်းဖခင်သားသမီး ပီသပါ၊ ဒါ .. ဒါကို မရအရယူနိုင်တာ ကိုကြီးမှာ ဘယ်လိုဂုဏ်ဒြပ်တွေတိုးသွားမှာမို့လို့လဲ"

"မင်းပါးစပ်ကို ပိတ်ထားနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

ချစ်ခြင်း နှုတ်ခမ်းလေးကို ဒေါသနှင့် ဦးတည်လာတော့ သူ့မျက်နှာကို ချစ်ခြင်း တအားတွန်းပစ်လိုက်၍ ...

"ကိုကြီး အနိုင်ကျင့်လို့ အောင်မြင်သွားလဲ လူယုတ်မာ၊ မုဒိန်းသမားပဲဖြစ်မှာ၊ ဦးဦးမိုးရဲ့သားဆိုပြီး ကိုကြီး ဒီလောက်မဆိုးနိုင်ဘူးလို့ထင်ခဲ့တဲ့ ချစ်ခြင်း အထင်ကြီးခဲ့သမျှတွေလဲ ဘာမှရှိတော့မှာမဟုတ်ဘူး သိလား...၊ ကိုကြီး သိရဲ့လား .. မလုပ်ပါနဲ့၊ ချစ်ခြင်း ကြောက်တယ် .. ချစ်ခြင်းကို သနားပါ ..."

"မသနားတတ်အောင်ကျင့်ထားပြီးသား"

ခြံရုံ သည် ဖွတ်တာရွတ်ကြိုးစားဖို့ မိုက်ရိုင်းစိတ်ကိုမွေးမြူနေရင်း ချစ်ခြင်း ပစ်ပေါက်နေသည့်စကားလုံးများမှန်ကာ မျက်နှာပြင်မှာ ပူထူရှိန်းဖိန်းလာခဲ့သလိုဖြစ်လျက် .....။





## အခန်း (၂၇)

"မင်းကလဲ ညံ့ပါ့ကွာ"

"အေးလေ .. ပြောတော့ဖြင့် ဆင်ဖမ်းမယ် ကျားဖမ်းမယ်နဲ့ ..."

တစ်ယောက်တစ်မျိုး မဲ့ရွဲ့ရှုံ့မွမ်းဖော်ရ၏။ ဒီထဲမှာ မိန်းမရကာစချင်း အတူတူဖြစ်နေသည့်တိုင်း မျက်နှာက ပိုပြီးစပ်ဖြဲဖြဲ ...။

"လူပျို့လက်ဝက်မြီး"တဲ့၊ ငါကတော့ စာဆိုနဲ့ညီအောင် မြန်မြန်ဆန်ဆန်လှုပ်ရှားပစ်လိုက်တယ်၊ အခု တို့လင်မယား ချစ်လိုက်ကြတာမှ ..."

ခြံရုံ က နောက်ထပ်တစ်ဝက်ထပ်ထည့်လိုက်သည့် ဂိုးလ်လေဘယ်လ်ကို မသောက်သေးဘဲ သူတို့ကို မျက်လွှာပင့်ကြည့်၏။ ပြီးတော့ တိုင်း မျက်နှာထက်မှာ အဆုံးသတ်လျက် ...

"မင်းတို့က ချစ်သူချင်းညားကြတာ၊ ငါနဲ့ချစ်ခြင်း က ..."

"ကောင်မလေးက မင်းကိုချစ်နေတာ အသိသာကြီးပါကွာ၊ မိန်းကလေးတွေက ဒီလိုကိစ္စတွေမှာ အရှက်အကြောက်ကြီးတတ်ကြတာပဲ၊ မင်းကိုက မိုးလားကဲလားနဲ့ အပြောကြီးပြီး တကယ်တမ်းပွဲမတိုးတာ၊ ဒီနေရာမှာတော့ တိုင်း ကို မင်း ဆရာခေါ်လိုက်တော့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ခေါ် ရမှာလဲ၊ ငါ့ဆုံးဖြတ်ချက်နဲ့ငါ နောက်ပြန်ဆုတ်လိုက်တာ။ ငါ သူ့ကိုချစ်ရီပီချစ်ငယောင်လဲမပြခဲ့ဖူးဘူး။ ငါတို့အနေအထားက ဒီလို ခံစားချက်ရောယှက်ဖို့လဲ နီးစပ်နေခဲ့တာ ဘာမှမရှိဘူး၊ အဲဒီအချိန်မှာ သူပြောနေတဲ့စကားတွေက ငါ့နားထဲမှာ လက်ပစ်ဗုံးတွေလိုပဲ၊ လိမ်လည်ကောက်ကျစ်တာထက် ယုတ်မာတာက ပိုပြီးရွံစရာကောင်းတယ်ကွ၊ အမုန်းခံရမှာ ဂရုမစိုက်ပေမယ့် လူယုတ်မာဖြစ်ဖို့တော့ သတ္တိမရှိဘူး"

နေဝန်းတို့က ရယ်ကျဲကျဲဖြစ်နေရင်း ခေါင်းညိတ်ကြသည်။ သရော်လှောင်ပြောင်တာလား 'ဟုတ်တာပဲ'လို့ လက်ခံလိုက်တာလားတော့မသိ။

သူရအောင်က စားပွဲပေါ် မှာရှိသမျှ အမြည်းတွေကို စုံအောင်လှော်နှိုက်ဝါးရင်း ...

"ခြံရဲ့ကို ငါ နားလည်တယ်၊ ရှက်တတ်ခြင်းဆိုတာ မိန်းကလေးမှာပဲရှိတာမဟုတ်ဘူး။ ပြီးတော့ လူပျိုနဲ့အပျို ဒီလိုကိစ္စမျိုးကို ကျူးလွန်မိကြဖို့က အချစ်နတ်ဖမ်းစားပြီး မေ့မေ့မူးမူးပျော်ဝင်သွားကြမှဖြစ်တာ၊ အလိုမတူဘဲ အဓမ္မကျင့်ကြံပြီး အနိုင်ယူဖို့ဆိုရင် ဘယ်မိကောင်းဖခင်သားသမီးမဆို ဝန်လေးမှာပဲ၊ ငါဆိုလဲ အဲဒီလိုမလုပ်ဘူး"

တိုင်း ကလည်း မျက်နှာပိုးသတ်လိုက်ပြီး ခေါင်းညိတ်လာသည်။

"ငါ တမင်စ,တာပါကွာ၊ မင်း ရှောင်ထွက်ခဲ့တာ မှန်ပါတယ်၊ ချစ်ခြင်းနဲ့ မင်းက လုံးဝရိုးသားနေကြတဲ့အဆင့်ကနေ ချက်ချင်းကြီး လက်ထပ်ခဲ့ကြတာ၊ ငါတို့တောင်မှ မင်းတို့ရဲ့ မင်္ဂလာဦးညကို စိတ်ဝင်စားနေကြတာ၊ မင်း စီစဉ်ပေးတဲ့ ဒိုင်ယာလော့တွေကိုရွတ်ပြီး အက်တင်ကောင်းကောင်းနဲ့ သရုပ်ဆောင်ခဲ့ရပေမယ့် ဒေါ်မမခိုင်ကို စိန်ခေါ် နေသလိုကြီးဆိုတော့ ဘယ်အချိန် ပါးပြေးရိုက်မလဲလို့ စားပွဲအောက်ကနေ ဒူးတွေတုန်နေကြတာလေ၊ ကလေးသာဆို ရှူးရှူးတွေထွက်ကျနိုင်တယ်"

ခြံရဲ့ ဖန်ခွက်ကိုင်ပြီး ကုန်စင်အောင်မော့ပစ်လိုက်ရင်း ပြုံးသည်။





"ငါတို့ တစ်ခုပြောချင်တယ်ကွာ၊ အဲဒီညက မင်းလုပ်တာတွေ နည်းနည်းလွန်တယ်ကွာ၊ နောက်ထပ် အိမ်ထဲမှာဆက်ဖြစ်တာတွေလဲ မင်းပြောပုံအရဆိုရင် မင်း တော်တော်လွန်တယ်၊ ဘာပဲဖြစ်ဖြစ်ကွာ အစက မကျေနပ်တာရှိခဲ့ရင်လဲ အခု မင်းကို သူ သည်းခံနေပြီမဟုတ်လား၊ အဲ့ဒါ သူ့သမီးကို မင်း ရလိုက်တဲ့အရင်းအမြစ်ပဲ၊ တော်ပြီပေါ့ .. နောက်ပြီး ချစ်ခြင်း က အရမ်းကိုဖြူတယ်၊ သနားပါတယ်ကွာ၊ သူ မင်းကို တစ်ဖက်သတ်ကြိုက်ပြီး ..."

"တော်ပါကွာ ..."

မဟုတ်တာတွေလို့ မပြောဖြစ်ပေမယ့် မနေ့ညက ချစ်ခြင်း မျက်နှာလေးနှင့်စကားသံတွေက သူတို့စကားတွေ မမှန်ဘူးဆိုတာကို အဖြေပေးနေကြသည်။

သူမ စိတ်ထဲမှာ ကိုယ့်ကိုမရိုးသားစွာငြိတွယ်နေခဲ့သည်ဟု သူကိုယ်တိုင်လဲ မထင်ခဲ့ဖူးပါ။ ဒါပေမယ့် ကိုယ်နဲ့ပတ်သက်သည့် သူမ၏ခံစားချက်တွေဟာ နူးညံ့သက်ဝင်လွယ်ရမည်ဟု တွက်ထားခဲ့မိတာတော့ရှိသည်။

ဒါတွေဟာ ကိုယ့်ကိုယ်ကို အထင်ကြီးခဲ့မိတာတွေမှန်းသိတော့ ရှက်လည်းရှက်မိသည်။ ချစ်ခြင်း ဆိုသည့် မိန်းကလေးကိုလည်း မမြင်ချင်။

"တစ်ခုတော့ လိုတယ်ကွ"

သူရအောင်က တိတ်ဆိတ်သွားသည့်စကားဝိုင်းကို ပြန်စကာ ...

"ဘယ်အခြေအနေတွေရှိရှိကွာ လင်နဲ့မယားဖြစ်သွားကြပြီးတဲ့နောက်မှာ ပေါင်းစပ်ရောယှက်ခြင်းဖြစ်ကြတာ သဘာဝပဲ၊ ဒါ ကဲ့ရဲ့ရယ်စရာလဲမဟုတ်ပါဘူး။ မင်း သူ့ကို အရယူလိုက်ရင်တောင်မှ မသင့်တော်ဘူး ဆိုတာ မရှိဘူး"

"မဟုတ်ဘူးလေ၊ ခြံရဲ့ ပြောသွားတာ မင်း မကြားဘူးလား။ ချစ်ခြင်းက သူ့ကိုယ်သူ အိမ်ထောင်ကျပြီးတဲ့ အိမ်ထောင်သည်လို့ကို မသတ်မှတ်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူးတဲ့ဆို ...”

နေဝန်းက ဘယ်သူ့ကို မကျေနပ်မှန်းမသိသည့်လေသံနှင့် ဝင်ပြော သည်။ မျက်နှာက ခပ်မဲ့မဲ့ ...

“သူ့အမေကို နိုင်ချင်လို့ သူ့ကိုယူလိုက်တာ ကျေနပ်တယ်တဲ့၊ ဟဲ့ ဟာကိုပဲ ...”

“ကဲ .. တော်ကြစမ်းပါကွာ”

နားထောင်နေရင်း မျက်နှာမှာ ရေနွေးပူပူနဲ့အပက်ခံနေရသလို ဖြစ် လာသည်။ သူတို့တွေက ချစ်ခြင်း ပြောသမျှ အလုံးစုံကို မသိကြတဲ့လူ တွေ၊ သူ့မှာသာ ...

“ကိုကြီး အနိုင်ကျင့်လို့ အောင်မြင်သွားလဲ လူယုတ်မာ၊ မုဒိန်းသမား ဖြစ်မှာ”

“ကိုကြီး မိကောင်းဖခင် သားသမီး ပီသပါ”

“ချစ်ခြင်း အထင်ကြီးခဲ့သမျှတွေလဲ ဘာမှရှိတော့မှာမဟုတ်ဘူး - သိလား”

“ကျွတ်”

သူ ကျွတ်ခနဲမျက်နှာမဲ့သွားတော့ အားလုံး မျက်ခုံးတွေပင့်ကုန်ကြ သည်။ ဘာဖြစ်တာလဲဆိုသည့် နားမလည်သည့်မျက်လုံးတွေထဲမှာ သူရ အောင် က တော့ နားလည်နေပုံပါ။

“မင်းကလဲ ဘာဖြစ်နေတာတုန်း၊ လင်မယားချင်းပဲဟာ ...”

“ဟား .. မင်း ...”

“နေပါဦး .. ငါက မင်းကို ကြံပါ၊ စည်ပါလို့ ပြောနေတာမဟုတ်ဘူး အခု မင်းဖြစ်နေတာကို ...”

“ငါ့မျက်နှာကြီးကို တတ်နိုင်ရင် မြောင်းကြိုမြောင်းကြားမှာ သွား မှောပစ်လိုက်ချင်တာ၊ အလိုက်ကမ်းဆိုးမသိတဲ့ မင်းတို့ပါးစပ်တွေကို ပိတ်





ထားစမ်းပါ”

“သူတို့ အလိုက်ကမ်းဆိုးမသိပေမယ့် ငါသိပါတယ်”

သူရအောင် က လည်း သူ့စကားမဆုံးသေးတာကို ဖြတ်ရှေ့ဆက် သည်။

“မင်း သူ့ကို တပ်မက်လွန်းလို့မဟုတ်ဘဲနဲ့ ငါနိုင်နေတဲ့မိန်းကလေးပဲ၊ ငါ့မိန်းမပဲဆိုပြီး ကြံရွယ်ခဲ့တယ်၊ ဒါပေမယ့် ကောင်မလေးက မကြည်ဖြူ ဘဲ မဖွယ်မရာတွေပြောလိုက်တဲ့အတွက် အရှုံးပေးခဲ့တာမဟုတ်ပေမယ့် အနိုင်မယူချင်တော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒီကိစ္စက လမ်းပေါ်မှာ နင်တစ်ခွန်း ငါတစ်ခွန်းအော်ဟစ်ပြီး ရန်ဖြစ်အနိုင်ယူကြတဲ့ကိစ္စမဟုတ် ဘူးလေ၊ ဒါပေမယ့် ...”

“ဒါပေမယ့်တွေ များနေပြီ”

တိုင်း က ပြောင်ချော်ချော်မျက်နှာနှင့်ပြောပြီး ပါးစပ်ပိတ်ကာ ( ဘက်ရွဲ့လိုက်၊ ဒီဘက်ရွဲ့လိုက်လုပ်နေသည်။ သူရအောင် က သူ့ကို တ၊ ချက်ပဲငုံ့ကြည့်ပြီး ဆက်ပြော၏။

“မင်း ရင်ထဲမှာ ဘယ်လောက်ဖြစ်သွားလဲဆိုတာ ငါ ခန့်မှန်းမိတယ် ခြံရဲ့”

“ပိုဆိုးကယ်ကွ၊ ရင်ထဲမှာမဟုတ်ဘူး .. မျက်နှာကြီးတစ်ခုလုံးမှာ ထူအန်းပူလောင်နေတာ၊ ငါ .. ငါ က ...”

ကျွတ်ခနဲဖြစ်သွားရင်း နောက်တစ်ခွက်ငှဲ့လိုက်တော့ တိုင်း ကို သဘောပေါက်သွားကြသည်။ အားလုံးထဲမှာ တိုင်း က အိမ်ထောင်သည် စစ်စစ်ကြီးမို့ ပို၍အတွေးရင့်လျက်...

“ဖြစ်ရလေ ခြံရဲ့ ရာ၊ မင်း အဲဒီလောက်ရက်နေသလား၊ ဒါနဲ့များ တစ် ရက်က နှစ်ရက်ဖြစ်မယ့်အတူတူ ရအောင်ယူခဲ့လိုက်ပါလား၊ မရတော့လဲ မင်းကိုယ်မင်း သူ့ရဲကောင်းလို့ မသတ်မှတ်နိုင်တော့တဲ့ကိစ္စ ...”



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ .. မင်း ခုလဲ ကိုယ့်ကိုယ်ကို နာဘူးလိုလို၊ ဖွန်ကြောင်လိုလို ခံစားနေရတာပဲ၊ ယောက်ျားပဲကွ .. သူ့ဟာသူ ဘယ်လိုသဘောထားထား၊ ကိုယ့်မိန်းမက ကိုယ့်မိန်းမပဲ၊ မင်းကြိုက်သလို ကျူးလွန်သိမ်းပိုက်ခွင့်ရှိတယ်"

"ငါ အဲဒါကိုပြောချင်တာပါ"

သူရအောင် က အဖျားသတ်စကားကို ပိတ်ပြောပြီးမှ နေဝန်းပခုံးကို လှမ်းရိုက်လိုက်ကာ ...

"မင်းတို့ကလဲ ဒီဘက်ပဲ ဦးပြန်လှည့်ပေးနေတယ်၊ နှစ်ယောက်စလုံးက လူပျိုရိုင်း အပျိုရိုင်းတွေ၊ မိန်းကလေးက ရှက်တတ်သလို ငါတို့ကောင်လဲ ဒီလိုပဲပေါ့"

"ဘာ .. ဒါဆို ဒီကောင်ကတော့ လူပျိုမရိုင်းတဲ့ကောင်လား"

တိုင်း က မျက်နှာကြီးရှေ့ထွက်ပြပြီး ကိုယ့်မျက်နှာကို လက်ညှိုးထိုးပြောတော့ နေဝန်းတို့ ပြုံးစိစိဖြစ်ကုန်ကြသည်။

"မင်းဘာသာ ရိုင်းရိုင်း မရိုင်းရိုင်း မင်းရဲ့ညကို မင်း လွယ်လွယ်လေး ဖြတ်ကျော်ခဲ့တယ်မဟုတ်လား"

"အံမာ .. လွယ်တယ်လို့ ဘယ်သူပြောလဲ၊ အဲဒီညတုန်းကများ ..."

"တော်တော့ သေနား၊ သူက လူပျိုရိုင်းချင်သေးတယ်၊ အဲဒီ မင်္ဂလာဦးညကို ပယ်ပယ်နယ်နယ်ပြောပြလိုက်ရတာ အရှက်ကိုမရှိဘူး"

"အံမာ .. မင်းတို့ပဲ အတွေ့အကြုံကလေး ပြောပြပါဦးဆို ..."

"မင်းနော် ..."

"နွေမှာအေးပြီး ဆောင်းမှာနွေးတယ်ဆိုတာ ဘယ်လိုလဲတဲ့၊ အဲဒီလို မေးတာ ဘယ်သူလဲပြော"

နေဝန်း က စပ်ဖြဲဖြဲခေါင်းတညိတ်ညိတ်နှင့် ...

"အင်း .. ငါခေါင်တယ်၊ အဟာမ်း ..ဟာမ်း ..."





"ဟွန်း .. ညက ဆယ်နာရီကျော်ကျော်ပဲရှိသေးတယ် ငါတို့ခေါ်တာ ခင်း ဘာလို့မထူးတာလဲ၊ ဘာလုပ်နေလဲဆိုပြီး မျက်နှာဘယ်လိုလွှဲနေနေ အတင်းလိုက်မေးတာ ဘယ်ကောင်လဲ"

ထိုအခါ သူရအောင် မျက်နှာ ရဲခနဲဖြစ်လျက် ...

"အံမာ .. အဲဒါ ညနေက မင်းကောင်မလေးနဲ့ အငြင်းအခုံတွေဖြစ်ပြီး အဆင်မပြေကြဘူးဆိုလို့ စိတ်ပူလို့ ..."

"အပိုတွေပါကွာ၊ ခိုးပြေးလာခါစ မင်္ဂလာဦးညမှာ ကောင်မလေးနဲ့ အဆင်မပြေဖြစ်ခံရအောင် ငါက ငကြောင်လား၊ ဟဲဟဲ .. တခြားဟာကို စိတ်ဝင်စားတာမဟုတ်လား၊ ဟုတ်ရင် ဟုတ်တယ်လုပ်လိုက်"

"ခွေးကောင် ..."

အတင်း ပခုံးချင်းတိုက်ပြီး ဝန်ခံခိုင်းနေသဖြင့် သူရအောင် က တိုင်း ကျောကုန်းကြီးကို လက်သီးဆုပ်နှင့် အားရပါးရထွယ်၏။

"အရှိန်လွန်လက်သီး မသုံးရ"

ဟု ပြောရင်း နေဝန်း က ထိုလက်သီးကို ဖမ်းဆွဲထားလိုက်၏။ ပြီးတော့ တစ်ခွက်ပြီးတစ်ခွက် မော့နေသည့် ခြံရဲ့ လက်ထဲက ဖန်ခွက်ကို ဆွဲယူထားလိုက်ပြီး ...

"ကဲ .. လက်တွေ့ဖျော်ပစ်တာတွေလျှော့ပြီး အပြောလေးတွေ စ လိုက်ရအောင်"

"အပြောလေးတွေလျှော့ပြီး လက်တွေ့စလိုက်ရအောင်ပဲ ကြားဖူးတယ်"

"လက်တွေ့စပြီးခဲ့ပြီလေ၊ အဲဒါကိုပြောဖို့ပဲကျန်တော့တာ၊ မပြောဘဲ နဲ့ ဒီကောင် အရည်တွေနဲ့ဖျော်ပစ်နေလို့"

"အဲဒါ ဟုတ်တယ် ခြံရဲ၊ မင်း ဘာဆက်လုပ်မှာလဲ၊ အိမ်ထောင်ရေး ဆိုတာ ကိုယ်ကချစ်ပြီး မစွန့်လွှတ်နိုင်လို့ မိဘ သဘောတူလို့ ရှုးသွပ်ပိုက်



www.burmeseclassic.com

www.burmeseclassic.com



မဲလို့ အကြောင်းအမျိုးမျိုးနဲ့ ဘယ်လိုပဲဖြစ်ဖြစ် တည်ဆောက်ပြီးသွား... ပြို့ပျက်လို့ကောင်းတဲ့အရာ မဟုတ်ဘူး။ ပြီးတော့ ငါတို့အုပ်စုက ဆ... တန်းမအောင်ကြတဲ့အုပ်စု၊ ပညာနည်းတယ်ပြောချင်ပြော အရည်အချ... မရှိတဲ့ကောင်တွေလို့တော့ အပြောမခံနိုင်ဘူး၊ မင်းယောက္ခမ မင်းကို အ... ကတည်းက အထင်မြင်သေးလာခဲ့တဲ့လမ်းကြောင်းကလဲ အဲဒါ ..."

တစ်ယောက်တစ်ခွန်း ပြန်စ,လာကြသည်။ သူ့ဘက်ကတော့ ဘာ... ပြောဆိုချင်စိတ်မရှိဘဲဖြစ်နေသည်။ တစ်သက်မှာ ဒီတစ်ခါလို သိမ်... ခြင်းမျိုး ဘယ်တုန်းကမှမဖြစ်ခဲ့ဖူးသည်မို့ တစ်နေကုန် ဒီဆိုင်မှာ လာထ... နေခဲ့တာ။ မျိုချနေခဲ့တဲ့အရည်တွေလဲ အစာအိမ်တစ်လုံးလုံး ပြည့်... လောက်ပြီ။

"တော်တော့ ခြံရှံ့ မင်း ဘာမှမပြောချင်လဲ ငါတို့ အိမ်ပြန်ပို့ပေးမ... မျိုချနေတာ ရေတွေမဟုတ်ဘူးဆိုတာလဲ သတိထားဦး"

ခြံရှံ့ ပုံစံကိုကြည့်၍ တိုင်း ... လူကြီးလေသံနှင့်တားဆီး၏။

"တစ်ခုတော့သတိထားကွ... မင်း ချစ်ခြင်းကို မင်းရင်ထဲကအမုန်းဒေ... မခံချင်ဒေါသတွေနဲ့ လက်ထပ်ခဲ့လိုက်တာမှန်တယ်၊ ဒါပေမယ့် သူ့... တစ်သက်လုံးလက်တွဲသွားရ... ဘ့မှာနော်၊ နေရာတကာ အလွယ်တော... မတွေးနဲ့ကွာ၊ ပြီးတော့ ချစ်ခြင်းကို မင်း တစ်နေ့နေ့မှာ အရမ်းချစ်လာခဲ့... အခု မင်းပေးသမျှတွေက သူ့အတွက် လက်နက်တွေဖြစ်လာနိုင်တယ်..."

တိုင်း က အတည်အတည့်ပြောလာတော့ နေဝန်းတို့မျက်နှာတေ... လည်း တည်ကုန်ကြသည်။ သူတို့တွေ အကုန် ပညာရေးမှာ မထူးချွန်... ပေမယ့် မိဘတွေကတော့ လူကုံထံတွေပါ။ နောက်တစ်ခုက စည်းစိမ်ဥ... နှင့်မသက်ဆိုင်သော မိသားစုတွေထဲက အတွင်းလှိုက်ပြဿနာမျိုးတေ... လည်း ကိုယ်စီရှိနေကြတာဖြစ်သည်။

ပိုဆိုးတာက အိမ်ထောင်ရေးအဆင်မပြေဖြစ်နေကြသော မိဘနှ...





...င့် တစ်သက်လုံးကြီးပြင်းလာခဲ့ရသည့်သူ့မှာ ခံစားချက်တွေ ပိုရှိခဲ့၏။ တိုင်း က ကိုယ့်အကြောင်းကို သတိရကာ ပင့်သက်ရှိုက်ရင်း ...

"မင်းကိုယ်မင်း သတိထားမိရဲ့လား"

ဘာလဲလို့ မမေးပေမယ့် ခြံရှံ့ မျက်လုံးတွေ တိုင်း မျက်နှာဆီရောက် ...ာ၏။ တိုင်း က နီနေသည့်မျက်လုံးတွေကို စိုက်ကြည့်ကာ ...

"မင်းပဲ ဒီလိုပြော၊ ဒီလိုကဲနဲ့ ငါတို့ကို တိုင်ပင်လုပ်ထားပြီးတော့ ညှော်ခံပွဲ ...ထဲမှာ ချစ်ခြင်း ကို ငါတို့က အတင်းနမ်းခိုင်းတော့ မင်း မနမ်းရက်တာလေ..."

ခြံရှံ့ မျက်မှောင်ကြုတ်သွားပြီး ခပ်လွှဲလွှဲလုပ်ပစ်ကာ ...

"မနမ်းရက်ဘူးလို့ ခေါင်းစဉ်မတပ်စမ်းပါနဲ့၊ သူ့ သဘောမတူဘဲနဲ့ ...တ်နမ်းတော့ ငါက နှ...ချင်လွန်းလို့ဖြစ်သွားမှာပေါ့"

"လာသေးတယ် ခြံရှံ့ ရာ၊ မင်း ချစ်ခြင်း မျက်ရည်ကျတာကို မြင်ပြီး ...သွားတဲ့မျက်နှာကို ငါ သေချာကိုရိုက်ပေးထား... အဲဒီမှာ ပြန်ဖွင့် ...ကြည့်ဘူးလား"

မလုံမလဲဖြစ်သွားတာလား၊ ရှက်... ာလားမသိ၊ ရင်ထဲမှာ ဖျင်းခနဲဖြစ် ...သွားသည်။ ချစ်ခြင်း ကို သူ့ရင်ခွင်ထဲဖက်ြ သိမ်းပိုက်ထွေးဖက်ပစ်လိုက် ...န်းက အားရကျေနပ်နေခဲ့သည်။ ဒီ...ကဲ့ထိမလိုဘဲ အတင်းဖက်ပစ် ...ကဲ့တာကိုက ဒေါ်မမခိုင်၏ 'ငါ့သမီးကိုမထိနဲ့'ဆိုသည့်စကားသံကို နာ ...ည်းချက်နဲ့ဖြစ်၏။ 'အခု ခင်ဗျားသမီး ကျုပ်မိန်းမဖြစ်ပြီ တွေ့လား'လို့ ...တွေကြားထဲမှာ အော်ပြောလိုက်ချင်စိတ်တွေလည်း ဖြစ်ခဲ့သေးသည်။

ထို့ကြောင့် ဖျစ်ညှစ်ပွေ့ဖက်ထားလိုက်ပြီးသည့် သူ့သမီးကို သူ့ ...မေရှေ့မှာ အလွန်အကျွံတွေဆက်ဖြစ်ပြဖို့ရည်ရွယ်လိုက်တာတွေမှာ ...ည်း ဖြည့်စွက်ပြင်ဆင်ချက်တွေဖြစ်ဖို့မပါ။ ဒါပေမယ့် သူ့ရဲ့ပွေ့ဖက် ...မ်းပိုက်ထားခဲ့သည့်လက်တွေ လျော့ရိလျော့ရဲဖြစ်ခဲ့ရ၏။

"ကိုကြီး .. ကိုကြီး ချစ်ခြင်းကို လွှတ်ပေးပါနော်၊ ချစ်ခြင်း ရှက်လို့ပါ၊



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်း ရှက်လို့သေသွားနိုင်တယ် သိလား၊ ဟင့်အင်း .. ဟင့်အင်း မလုပ်ပါနဲ့"

ခေါင်းတွင်တွင်ခါလျက် မျက်ဝန်းထဲကမျက်ရည်စက်တွေ ဖိတ်ဖိတ် စဥ်စဥ်ပြိုးပြက်လက်ကုန်ကြသည့်အခါ ချစ်ခြင်း ကိုယ်လေးကို သူ လုံး လွှတ်ပေးလိုက်မိ၏။

"ဆောရီး .. ဆောရီး .. အဲဒါတော့သည်းခံလိုက်တော့၊ သူ အရှ ရှက်နေလို့ .. ဆောရီး ..."

သူငယ်ချင်းတွေ ဝိုင်းကာထားမှာစိုးလို့ သူကိုယ်တိုင် ချစ်ခြင်း ကို လေးကို ရင်ခွင်ထဲမှာထားပြီး လူကြားထဲကနေ ထွက်လို့ရအောင် လ ဖွင့်ပေးခဲ့သေးသည်။

ဒီတုန်းက နေဝန်း ကပ်ပြောကာမှ ဒေါ်မမခိုင် အနီးအနားမှာ တော့မှန်း သိလိုက်ရသည်။

"ကွက်တိပဲ ခြံရုံ၊ မင်း ချစ်ခြင်း ကို ညာတာလိုက်တဲ့အကွက် ဟိုတစ်ယောက် သိသွားမှာမဟုတ်ဘူး၊ အန်ကယ်လ် ခေါ် ထုတ်သွား နောက်ကို ပါသွားတာ၊ မခံချိမခံသာ အံတကြိတ်ကြိတ်နဲ့ သိလား၊ ကလဲ ကောင်မလေး ငိုလိုက်တာနဲ့ ဖြစ်သွားလိုက်တာ၊ ဟိုကမြင်သွား သူ့ရှေ့မှာ မလုပ်ရဲဘူးထင်သွားမှာ၊ ပြောတော့ဖြင့် ဆင်ဖမ်းမယ် ကျား မယနဲ့ ..."

နေဝန်း က ချီးကျူးမှန်းမသိ၊ ကဲ့ရဲ့မှန်းမသိ ကပ်ပြောခဲ့သေးသည ပြောတာက နေဝန်း၊ သူ့ကို တိတ်တဆိတ်အကဲခတ်သွားတာက တို ဖြစ်နေသည်။ ဘာဖြစ်ဖြစ် တိုင်း ကတော့ တပ်အပ်စွပ်စွဲနေပြီဖြစ်၏

"စဥ်းစားလို့ရပြီလား၊ ကိုယ့်မျက်နှာကြီး ဘယ်လိုပုံဖြစ်နေမလဲဆို ကို ..."

သူ ငြိမ်ကျသွားတာကိုကြည့်ပြီး တိုင်း က ထပ်မေး၏။





"မင်း ငါပြောတာကို နည်းနည်းခေါင်းထဲထည့်စမ်းပါကွာ၊ ဒေါ်မမခိုင် က မင်းရဲ့မိထွေးဆိုပေမယ့် မိထွေးတို့တတ်အပ်တဲ့ပညာတွေနဲ့ ကိုယ့် အဖေကို ဖြားယောင်းစည်းရုံးခြင်း၊ နေအိမ်နဲ့တကွသော စည်းစိမ်ဥစ္စာ တို့ကို လက်ဝါးကြီးအုပ်သိမ်းချုပ်ခြင်း စတဲ့ ဘာညာတွေ တစ်ခုမှမလုပ်ခဲ့ ဘူးနော်၊ အဲဒါကို ပြန်စဥ်းစားကြည့်"

"အံမယ် .. မိထွေးတို့တတ်အပ်သောပညာ ဆိုပါလား၊ လုပ်စမ်းပါ. မင်းရဲ့ စသဖြင့်ဆိုတာလေးတွေကို အကျယ်လေးသိပါရစေ"

နေဝန်း က အခြေအနေကို သက်သောင့်သက်သာဖြစ်အောင် အရွှန်း ဝင်ဖောက်၏။ သူရအောင် က ရယ်ချင်နေသည့်မျက်နှာနှင့် ...

"ဘာလဲ .. လုံးရာကပြားပြီး မိထွေးဇာတ် က,မလို့လား"

"မင်းကလဲ ငါ့အဒေါ် က မမိုးမြင့်နွယ်တို့အိမ်မှာ မိထွေးဆိုတဲ့ပုဒ်မနဲ့ နေရတာ ဘယ်လောက်မျက်နှာငယ်လိုက်လဲ၊ လင်ပါသားသမီးတွေက ကြည့်၊ ယောက်မက မကျေနပ်နဲ့ ဒီပညာတွေတတ်ဖို့ မလိုဘူးလား"

"ဩော် .. ဩော် .. တော်တော်အားကိုးရတဲ့တူပါလား၊ ပြောပြလိုက် တော့ တိုင်း ...၊ ဒီနည်းပညာကို သူ သိသင့်တာ ငါ ထောက်ခံသွားပြီ"

"အဲဒီမှာ လဲသေနိုင်းလိုက်၊ ငါလဲ ဒါပဲသိတာ"

တိုင်း က သူ့စကားကို ဝင်ရှုပ်လိုက်သဖြင့် စိတ်တိုသွားပြီး မျက် စောင်းရွယ်၏။ ပြီးမှ ဒီဘက်ပြန်လှည့်၍ ...

"သူ့သမီးကို သည်းသည်းလှုပ်နေတာလေးတစ်ခုပဲ မုန်းဖို့ကောင်း နေတာ၊ အန်ကယ်နဲ့တောင် စီးပွားခွဲထားတာ မဟုတ်ဘူးလား၊ ဒီကတည်း က မင်းအဖေကို သူချစ်တာလဲ သိသာနေပြီ၊ မင်းတို့ ပိုင်ဆိုင်တာတွေကို လဲ မတော်လောဘစိတ်မရှိဘူး၊ ဦးလွင်မိုးရဲ့သား ဆိုတာနဲ့ သမီးရှင်တိုင်း လိုချင်မျှော်လင့်နေနိုင်တဲ့ မင်းကို သူ လုံးဝ ကြည့်မရဘူးဖြစ်နေတာ"

"ကဲ .. တော်ပြီကွာ၊ ဒီမိန်းမကြီးအကြောင်း လုံးဝကိုမကြားချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ခြံရံက အမြည်းပန်းကန်ကိုဆွဲယူပြီး ရှေ့မှာ ဒိုင်းခံနဲ့ချသည်။ တကယ်က ဆောင့်ချတာမဟုတ်ဘဲ လွတ်ကျသွားတာဖြစ်သည်။

သူ့ဗိုက်ထဲမှာ ရေချိန်လွန်နေပြီဖြစ်ကာ ခေါင်းတွေမှာ ဟိတက်နေ၏။ ထိုနှစ်ရပ်ထက်ဆိုးတာက စိတ်ညစ်နေခြင်းဖြစ်သည်။ ဟိုမှာ ကြားရတော့လည်း ဒီအသံ ဒီစကား၊ ဒီမှာကြားရတော့လည်း ဒီအသံ ဒီစကားတွေ...။

"စစ်ခြံရံ မင်းကို ကိုမိုးရဲ့သားဖြစ်တာနဲ့ပဲ ငါက အထင်ကြီးမယ် မှတ်နေလား"

"ကိုကြီးကို ဦးဦးမိုးရဲ့သားဆိုပြီး ဒီလောက်မဆိုးနိုင်ဘူးလို့ထင်ခဲ့တာ" တဲ့ ...။

ဟိုသားအမိတွေ ပါးစပ်ထဲမှာလည်း ဖေဖေက လူကြီးလူကောင်း သူက လူယုတ်မာ၊ ခုလည်း အပေါင်းအသင်းတွေက အစ ထွက်လာတာ ဒီအသံ ...။

"မင်းကို ဦးလွင်မိုးရဲ့သားဆိုတာနဲ့ သမီးရှင်တိုင်း လိုချင်မျှော်လင့်နေနိုင်တယ်"တဲ့။

သူ ဖြတ်သန်းခဲ့တာဟာ လူငယ်တစ်ယောက်ရဲ့ လွတ်လပ်မှုတွေအတိုင်း .. ပေါ့ပါးစွာနဲ့ပါ။ ဒီလောက်ထိတောင် ဂုဏ်ဒြပ်တွေ ကွဲပြားခြားနားနေသည်လား ...၊

ခေါင်းထဲမှာ တရစ်ရစ်ပြာဝေလာသည်။ ရင်ဘတ်ထဲက ပူလောင်ခြင်းသည် မျက်စိတွေ နားတွေထဲမှာ ထိုးဖောက်ထွက်ဖို့ကြိုးစားနေကြသည်ထင်ရလျက် တစ်ကိုယ်လုံး အပူတုံးကြီးဖြစ်လာခဲ့၏။





## အခန်း (၂၈)

"ချစ်ခြင်း .. ချစ်ခြင်း ရေ ..."

ခေါ်သံတွေက တစ်ယောက်တစ်ပေါက်နှင့် ဆူညံနေသည်။ ဒေါ်မမခိုင် စာကြည့်ခန်းကနေထွက်၍ အပြင်ကိုကြည့်လိုက်တော့ အားလုံး ခပ်သိုင်သိုင်တွေဖြစ်နေကြပြီး လဲပြိုကျမတတ် ဆိုးရွားစွာဖြစ်နေသော ခြံရံဘ သူတို့လက်ထဲမှာ ဇက်ကျိုးနေ၏။

"ချစ်ခြင်း ဟော့ .. ခေါ် ..ခေါ်နေတာ မကြားဘူးလား .. အော့ ..."

ခြံရံ မနိုင်မနင်းခေါင်းထူပြီးလှမ်းအော်တော့ ကြည့်နေသည့် ဒေါ်မမခိုင် မျက်လုံးတွေမှာ စက်ဆုပ်ရွံရှာခြင်းတွေဖြစ်နေခဲ့သည်။ ထိုစဉ်နောက်ဖေးဘက်က ပြေးထွက်လာသည့် ချစ်ခြင်း ကိုမြင်လိုက်ရာ ...

"သမီး"

"ရှင်"

ချစ်ခြင်း တုံ့ခနဲဖြစ်သွား၏။ ဒေါ်မမခိုင် ကို မြင်လိုက်သဖြင့် ထိတ်လန့်သည့်မျက်ဝန်းလေးတွေ အပြင်သို့ရောက်သွားလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ"

"သွားမခေါ်နဲ့ .. ထားလိုက်"

"မေမေရယ် ဟို ..ဟိုလေ ဦးဦးမိုး ပြန်လာရင်လဲ စိတ်မကောင်းဖြစ်သွားဦးမှာ၊ ချစ်ခြင်း ..."

"ကိုမိုး ဘာဖြစ်သွားသွား အဲဒါ ငါ့အလုပ်ပါ၊ သွား အထဲဝင်"

ချစ်ခြင်း ခြေတစ်လှမ်းဆုတ်သွားပေမယ့် ပြန်လှည့် မဝင်သေးပါ။ ဒေါ်မမခိုင် က မျက်နှာကို အစွမ်းကုန်ပင့်ချီထားပြီး အပြင်တံခါးဆီ လျှောက်သွားခဲ့၏။

"ဟော့ .. သူ့ကို အဲဒီမှာထားခဲ့လိုက်၊ မင်းတို့ ပြန်တော့"

"ဗျာ"

"ခင်ဗျာ"

နေဝန်းတို့ မူးတာတွေ လွင့်စဉ်ကုန်၏။ ချစ်ခြင်း ကိုခေါ်လိုက်တာ ဒေါ်မမခိုင် ထွက်လာမယ်လို့မထင်၊ အိမ်နေရင်းဝတ်ထားသည့် ကျောက်စိမ်းရောင်ပါတိတ်နှင့် လည်ထောင်လက်ပြတ်အစိမ်းရောင်လေးနဲ့တောင် ဒေါ်မမခိုင် က တတိယအရွယ်လို့မထင်ရအောင် နုပျိုလှပနေဆဲ ဖြစ်သည်။

ပခုံးအောက်လွန်ကာ ကျောမရောက်တရောက် ကောက်ထားသည့် ဆံပင်တွေကို ဘေးနှစ်ဖက်မှာ ဘီးကုတ်နဲ့သိမ်းထိုးထားသည်။ အိပ်ခါနီး အချိန်ပေမယ့် နှုတ်ခမ်းတို့မှာ နီညိုရောင်ရင့်ရင့် နှုတ်ခမ်းနီတွေနှင့် စိုအိ နေတုန်း ...၊

အမြဲတမ်း ဘယ်အချိန်ကြည့်ကြည့် ဒေါ်မမခိုင် က ဤသို့နုရွလှပ နေမြဲဖြစ်ကာ နောက်မှာရပ်ကျန်ခဲ့ရှာသည့် ချစ်ခြင်း ကို လှမ်းမြင်လိုက်ရ တော့ စိတ်မကောင်းစရာ ...၊

ဖြူဖျော့ဖျော့မျက်နှာလေးမှာ နှုတ်ခမ်းသားလေးတွေ ပန်းရောင်





သမ်းနေသော်လည်း နှုတ်ခမ်းနီတင်ထားတာနဲ့တော့ တခြားစီပါ။

ဆံပင်ရှည်တွေကို နှစ်ဖက်ခွဲစည်းထားသဖြင့် နုငယ်ပျိုမျစ်ခြင်းက သိသာပေမယ့် စိတ်ညစ်နွမ်းနယ်နေသောမျက်နှာက အတ္တမာနတွေ လွှမ်းနေသည့် ဒေါ်မမခိုင် မျက်နှာလောက် ဘယ်နေရာမှာမှ တောက်ပ လင်းလက်ခြင်းမရှိ။

သူတို့သုံးယောက်သည် ရှေ့ကိုရောက်နေပြီဖြစ်သည့် အမေဖြစ်သူ နှင့် နောက်မှာရပ်နေသည့် သမီးရဲ့ပုံရိပ်တို့ကို အပြန်ပြန်အလှန်လှန် ယှဉ် ကြည့်မိရင်း အရက်ကြောင့်မဟုတ်ဘဲ လည်ချောင်းတွေထဲမှာ ပူလောင် ခြောက်သွေ့သွားခဲ့၏။

"ပြောနေတာ ကြားတယ်နော်"

"ဗျာ ..."

"မင်းတို့ကို ဒီကထွက်သွားဖို့ ..."

"ခင်ဗျာ .. ဟုတ်ကဲ့၊ ခြံရှံ့ကို လွှတ်ချထားခဲ့လို့မဖြစ်လို့ စောင့်နေတာ ပါ၊ သူ့ကိုလာခေါ်ဖို့ ချစ်ခြင်းကို ..."

"ဘယ်သူမှလာခေါ်မှာမဟုတ်ဘူး၊ အဲဒါကြောင့် ထားခဲ့လိုက်တော့"

"ဟင် .. ဘယ်သူလဲ၊ ချစ်ခြင်းလား .. ဘယ်မှာလဲ"

ခြံရှံ့ က အရေးထဲမှာ မူးချင်တိုင်းမူးလို့ကောင်းတုန်း။ ကြာလေ ဇက် ကျိုးနေလေ တွဲရခက်လာလေ။

သူတို့ ဒီထက်စောစော ထထွက်ခဲ့ဖို့သင့်သည်။ ခြံရှံ့ မျိုးချနေတာတွေ ကို မြင်နေလျက်နှင့် စကားမျှော်မပြတ်ဖြစ်နေသည်မို့ အမှတ်တမဲ့ကြာသွား ခဲ့တာဖြစ်၏။

ဘာဖြစ်လို့ ရှေ့ကအရင်ထွက်မလာရတာလဲဟု မချိတင်ကဲမျက်လုံး များနှင့် ချစ်ခြင်းကို လှမ်းကြည့်မိရင်း ...

"ခြံရှံ့ .. ဟိတ် .. ခြံရှံ့ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ငါတို့ပြန်မယ်၊ မင်း ဒီမှာ ခဏထိုင်လိုက်၊ ဖြစ်မလား"

"ဘယ်မှာလဲ၊ ငါ့အိပ်ရာရောက်ပြီလား၊ ချစ်ခြင်း ရော"

"ပြသနာပဲကွာ"

တိုင်း က သူငယ်ချင်းဖြစ်သူကို ဖိနှပ်ချွတ်နေရာမှာ အပုံလိုက်ချမထား ခဲ့ရက်ဘဲ ရှုံ့မဲ့နေ၏။ သူရအောင် က လက်ပိုက်ကြည့်နေသည့် ဒေါ်မမခိုင် နှုတ်ခမ်းလွှာများမှ တိုက်ရိုက်ကျရောက်လာနိုင်သည့် မုန်တိုင်းကို သိနေ သည်မို့ ခြံရှ ကိုထိုင်လျက်ဖြစ်အောင် တံခါးပေါင်မှာ သေချာချပေးလိုက်၏။

တိုင်း က ပြန်ဆွဲထားတော့မလိုလို ဆုပ်ထားသည့်လက်ကို ရုတ် တရက်မလွှတ်။

"ထားခဲ့လိုက်ကွာ၊ သူ့အိမ်ပြန်ရောက်ပြီပဲ"

တိုင်း ကိုပြန်ပြီးဖျောင်းဖျနေရသေးသည်။ တော်ကြာ ဒေါ်မမခိုင်ကို မော့ကြည့်ပြီး မကျေနပ်သံနှင့် တစ်စုံတစ်ရာပြောလိုက်မှာလည်းစိုးကာ တစ်ခါတည်း ပခုံးဖက်ထွက်ဖို့ပြင်၏။

"ဒီမှာ .. ဟေ့ ..."

ဒေါ်မမခိုင် က ခြံရှ မှီနေတာမဟုတ်သည့်တံခါးတစ်ဖက်ကို အသံ မြည်အောင်တွန်းဖွင့်ပစ်လိုက်ပြီး ...

"အရက်သောက်ဖော်သောက်ဖက်ချင်း ရိုင်းပင်းနေကြတာ သွေး စည်းတယ်မခေါ်ဘူးနော်၊ ခေါင်းမထူနိုင်တဲ့လူကို ထူနိုင်သေးတဲ့လူက တွဲပြီးအိမ်အရောက်ပြန်ပို့လိုက်တာနဲ့လဲ သူငယ်ချင်းကောင်းပီသသွားတာ မဟုတ်ဘူး၊ မင်းတို့ နောက်ထပ် သူနဲ့သောက်ဖြစ်ကြရင် သောက်ပြီး လမ်း ပေါ်မှာပဲနေလိုက်ကြ၊ သူ့ကိုလဲ ပြန်ပို့ဖို့မလိုဘူး၊ မူးယစ်ယိုင်ထိုးနေတဲ့ ခြေလှမ်းတွေနဲ့ ငါ့အိမ်ထဲကိုလဲ ဝင်မလာကြနဲ့"

"မေမေ"





"ညည်းက ဘာလုပ်နေတာလဲ"

"ဟို .. ဟို မဆိုင်တဲ့လူတွေကို မပြောပါနဲ့တော့ မေမေရယ်၊ သူတို့ သွားပါစေနော်"

ချစ်ခြင်း ကြောက်ကြောက်နဲ့ဝင်ပြောရတာက မေမေ့ကို သူများတွေ ကဲ့ရဲ့သွားကြမှာစိုးလို့ပါ။ ပြီးတော့ ဒီအိမ်က ဦးဦးမိုးတို့အိမ်၊ မေမေက မိထွေးအဖြစ်နဲ့ရောက်လာခဲ့တာဖြစ်သည်။

ဘေးလူတွေ အမြင်စောင်းကုန်ကြလျှင် မိထွေးဆိုသည့် အဖြစ်ကြီး က ပိုမို၍ကြီးမားကျယ်ပြန့်သွားနိုင်၏။ တိုင်း က ချစ်ခြင်း နဲ့ ဒေါ်မမခိုင် ကို ခြုံငုံကြည့်လိုက်ပြီး ...

"ပြန်မှာပါ၊ ဒါပေမယ့် ကျွန်တော်တို့က မူးယစ်ယိမ်းထိုးနေအောင် သောက်စားနေကြတဲ့ အရက်သမားတွေတော့မဟုတ်ပါဘူး အန်တီ၊ မိကောင်းဖခင်သားသမီးတွေပါ"

"အေး .. မိကောင်းဖခင်သားသမီးဖြစ်ပေမယ့် မတော်မကောင်းဘဲ အော်ကြောလန်အောင်ဆိုးနေတာတွေရှိတော့ ငါက လူငယ်တွေကို မိဘ နာမည်ပြန်ကြည့်ပြီးဆက်ဆံတာမဟုတ်ဘူး၊ ကောင်းတာဖြစ်ဖြစ်၊ ဆိုး တာဖြစ်ဖြစ် ကိုယ်တိုင်လုပ်မှဖြစ်တာ၊ လူကောင်းဖြစ်ချင်ရင် ကောင်းတာ လုပ်၊ လူတော်ဖြစ်ချင်ရင် တော်အောင်နေ .. ဒါပဲ၊ ရှင်းတယ်နော်"

"တိုင်း လာကွာ"

အားလုံးကတော့ ဒီမိသားစုအတွင်းရေးကိုသိထားပြီးပြီမို့ ခြံရှ နဲ့ ပတ် သက်ပြီး သည်းခံကြဖို့ပဲ နှလုံးသွင်းပြီးသားပါ။ ဒါပေမယ့် သိသာသိစေ မမြင်စေနဲ့ပေါ့။

သံတံခါးမှာ ကျောကပ်မှီရင်း ဘေးတိုက်ပုံကျသွားသည့် ခြံရှ ကို လှည့်ကြည့် လှည့်ကြည့်နှင့် ကားပေါ်တက်တော့ တိုင်း က တက်ခေါက် သည်။

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ငါ ခြံရဲ့ ကို ပြန်ခေါ်မယ်ကွာ၊ အနံကယ်လ်ပိုင်တဲ့တိုက်တွေ အများကြီးပဲ၊ အားလုံး ငါ ဝင်ထွက်လို့ရတယ်"

"မင်းအေက် ဒေါ်မမခိုင်က ပိုပြီးအခွင့်ရှိတယ်ဆိုတာလဲ မမေ့နဲ့လေ၊ ဖျောက်လိုက်တော့ကွာ၊ အနားမှာ ချစ်ခြင်း ရှိနေတာပဲ၊ သူ ဒီတိုင်းကြည့်နေမှာမဟုတ်ပါဘူး"

ဒေါ်မမခိုင် က မှောင်ရိပ်မကျတကျထဲက ကားဆီကို လက်ပိုက်မပျက်ရပ်ရင်း မမှိတ်မသုန်ကြည့်နေဆဲဖြစ်သည်။

လူငယ်တွေကို ဘယ်သူဘယ်ဝါရယ်လို့ နာမည်တွေကိုမသိပေမယ့် ကားနားကျမှ ဟိုတစ်ယောက်က ပေစောင်းစောင်းပြန်လှည့်ကြည့်တာရော၊ တစ်ယောက်က ချော့မော့ဆွဲတင်လိုက်တာရော အားလုံးကို မြင်နေရသည်။

"ဟွန်း .. ဒါ အရက်သမားသစ္စာတွေလား ...၊ ရွံဖို့ကောင်းလိုက်တာ"

"ချစ်ခြင်း .. ချစ်ခြင်း ..."

"ဟင် .. ကိုကြီး ..."

"နေစမ်း"

ခြံရဲ့ မျက်လုံးမဖွင့်ဘဲခေါ်နေသည်။ ချစ်ခြင်း ပျာပျာသလဲခြေလှမ်းပြင်သော်လည်း ဒေါ်မမခိုင်က လက်ကိုဖမ်းဆွဲပစ်လိုက်၏။

"ထားလိုက်"

"ချစ်ခြင်း ငါ့ကို ရေတစ်ခွက်လောက်ပေးစမ်းပါ၊ အား .. ပူလိုက်တာ"

အကျီရင်ဘတ်ကိုဆုပ်ဆွဲ၍ ခြံရဲ့ လှေကားထစ်ပေါ်မှာ ရှုံ့မဲ့တွန့်လိမ်နေသည်။

"ချစ်ခြင်း ငါ ရေသောက်ချင်တယ်ကွာ"

"မမေ သူ တစ်ခုခုဖြစ်သွားလိမ့်မယ်၊ ချစ်ခြင်း တောင်းပန်ပါတယ်၊ ဒီတိုင်းမထားပါရစေနဲ့နော်"





ချစ်ခြင်း မျက်ရည်တွေလည်လာသည်။ ထိုမျက်ရည်တွေကို ဒေါ်မမခိုင် က စူးစူးရဲရဲကြည့်လျက် ...

"မင်္ဂလာဦးညကလဲ အသေအကြေသောက်ပြီး မိဘကို ကန့်တော့တယ်၊ မူးရူးပြီး မိုက်မိုက်ရိုင်းရိုင်းတွေပြောလို့ပြော၊ အခု ဆက်သောက်တယ်၊ နောက်နေ့မသောက်ဘူးလို့ ပြောနိုင်မလား၊ အမြဲတမ်းသောက်သွားမယ်ဆိုရင်လဲ ညည်း အရက်သမားမယားဖြစ်ပြီ"

"မေမေရယ် ..."

"'လင်နေစ ဆင်သေမှ' တဲ့၊ ညည်းက ခုတည်းက ဦးကျိုးနေရင် ဒီကောင် တစ်သက်လုံး နိုင်စားသွားတာ ခံရတော့မှာ။ ဒီမှာ ချစ်ခြင်း .. ညည်းပုံစံနဲ့ ဆင်တစ်ကောင်လုံးသေဖို့မလွယ်ဘူးဆိုတာ ငါသိတယ်၊ ဒါပေမယ့် ဈေးထဲကဝယ်လာတဲ့ကြက်ကိုတောင် တစ်ကောင်လုံးကြီးမို့လို့ မခုတ်မပိုင်းရဲဘူးဖြစ်နေရင် ကြက်သေက ထ,ရယ်လိမ့်မယ်၊ ညည်းနဲ့ပတ်သက်ပြီး ငါ ဘာကိုမဆို စွန့်လွှတ်ဖို့ပြင်ဆင်ထားတယ်ဆိုတာ ညည်း သိတယ်နော်"

ဒေါ်မမခိုင် စကားသံတွေက ပြောနေရင်း ပို၍မာကျောပြတ်သားလာ၏။

"တစ်မိန်းနဲ့ကိုယ့်ရင်သွေးဆိုရင် ဘယ်တစ်မိန်းကိုဖြစ်ဖြစ် စွန့်လွှတ်မှာပဲ၊ ငါ့ရဲ့သမီးကလဲ ငါ့လို မဟုတ်မခံစိတ်မျိုး ရှိကိုရှိရမယ်"

ဘာမှလည်းပြန်မပြောရဲတော့ဘဲ ချစ်ခြင်း မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာ၏။ ခြံရဲ့ ကို လှေကားထစ်ပေါ်မှာ ပစ်စလက်ခတ်ကြီးမြင်နေရသောမြင်ကွင်းဟာ သူမ၏တစ်ကိုယ်လုံးကို လက်နက်မျိုးစုံနှင့် နာကျင်အောင်ပစ်ခတ်နေသည့်နှယ် ...၊

ထိုစဉ် ခြံဝမှ ကားမီးရောင် ဝင်းခနဲကျလာ၏။ ဒေါ်မမခိုင် က မျက်နှာကိုပိုတင်းပြီး ပို၍တောင့်မတ်စွာပြင်ဆင်ထားသည်။ ချစ်ခြင်း ကတော့

www.burmeseclassic.com



မျက်လုံးမျက်ဆန်ပြူးနှင့် ဟင်ခနဲဖြစ်လေသည်။

"မေမေ .. ဦး .. ဦးဦးမိုး ပြန်လာပြီ"

"ဘာဖြစ်လဲ၊ သွား .. ခုချက်ချင်းဝင်"

"မတော်ပါဘူး မေမေရယ်၊ ချစ်ခြင်းတို့ထွက်မကြည့်ဘဲပစ်ထားလိုက်တာဆိုရင် ကြားလို့တော်ဦးမှာ၊ အခု ဒီတိုင်းကြီးမြင်သွားပြီးမှ ..."

ပြောပြောဆိုဆို ချစ်ခြင်း က တံခါးအပြင်ကို ထွက်လိုက်ပြီး ခြံရဲ့ တစောင်းတိုက်လဲကျနေသည့်ဘေးမှာ ဒူးတုပ်လေးထိုင်၏။

"ကိုကြီး .. ကိုကြီး"

"ဟင် .. ရေ .. ရေလေ .. ရေသောက်ချင်တယ်"

"တိုက်မယ်၊ အထဲကိုဝင်ရအောင်နော် ကိုကြီး၊ အထဲရောက်မှ ကြက်လေ"

ဘာ .. တောက် .. မင်း .. မင်းအမေက ရေသွားမပေးရဘူးပြောလို့ မဟုတ်လား .. အေ့ .. မင်း ..."

"သမီး ..."

ကားသည် အလျင်စလိုထိုးရပ်သွားလျှက် ဦးလွင်မိုး ကမန်းကတန်း ဆင်းလာ၏။ ချစ်ခြင်း မော့ကြည့်လိုက်တော့ မေမေ မရှိတော့ပါ။

"ဦးဦးမိုး .. ကိုကြီးကိုတွဲပါဦး၊ ချစ်ခြင်း မနိုင်လို့"

"တောက် .. ဒီကောင်လေး ခက်တော့တာပဲကွာ၊ သူတစ်ယောက်တည်း ကားမောင်းလာတာလား"

ရပ်ထားသည့်ကားကိုမြင်သဖြင့် ဦးလွင်မိုး က ခြံရဲ့ကိုဆွဲထူရင်း မေး သည်။ ဒီအိမ်မှာ ကားပိုင်ဆိုင်မှု အများဆုံးဖြစ်သည့် ခြံရဲ က သူ့ကားတွေ ကို ပေါ်တီကိုအောက်မှာ ရပ်ခဲ့၏။

ဘယ်ကပြန်လာလာ သူ့ဂိုဒေါင်ရှေ့မှာပဲရပ်ပစ်ခဲ့ကာ လူချည်းပဲ အိမ် ပေါ်ကို ပြေးတက်တတ်တာ အကျင့်တစ်ခုဖြစ်သည်။





ချစ်ခြင်း က ထိုကားကိုလှမ်းကြည့်၍ ခေါင်းခါပြ၏။

"သူ့သူငယ်ချင်းတွေ လိုက်ပို့တာပါ။ ကိုကြီးက ဒီလိုပဲ သောက် သောက်နေရင် ဒုက္ခပါပဲ ဦးဦးမိုးရယ်"

"သူ ဒီလိုထိ မပျက်စီးခဲ့ဖူးဘူး.သမီး၊ တစ်ခါတလေ သူလုပ်ချင်တာ ရင်သာ တားမရတာ၊ ဦးဦးမိုး ပြောပါမယ် သမီးရယ်၊ မပူနဲ့နော်၊ ဒါနဲ့ မီးမေမေနဲ့ သား ဘာဖြစ်ကြသေးလဲ"

ဟိုဘက်ဒီဘက်တွဲလာကြရင်း ဦးလွင်မိုးက ခပ်တိုးတိုးမေးသည်။ ခြင်း ခေါင်းပဲခါပြလိုက်မိ၏။ ဦးလွင်မိုး ကတော့ မျက်ရည်တွေစိုနေ ဖြစ်သည့် ချစ်ခြင်း၏ မျက်တောင်ကော့ကော့လေးတွေ နှုတ်ခမ်း ဘင့်မေးရိုးစပ်စပ်တို့ကို သတိထားမိခဲ့ပါသည်။

ပြီးတော့ သူ့ကား ခြံထဲဝင်လိုက်ခါစမှာ နိုင် ဒီမှာရပ်နေတာကို မြင် က်ပြီးသား ...၊ ပြဿနာဆိုတာ အထုပ်အထည်လား၊ သတ္တဝါကောင် လား .. ဘာမှန်းမသိပေမယ့် သူ့အိမ်မှာတော့ ပြဿနာက မပြီးနိုင်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၉)

"ဟာ .. ဟ ..."

နားထဲမှာ ငိုရှိုက်နေသည့်အသံကို ကြားနေပေမယ့် ကိုယ့်နားမှာလို့မထင်၊ အိပ်မက်မက်နေသလိုလို၊ ကိုယ်နဲ့မဆိုင်ဘူးလိုလို ...။

မျက်လုံးတွေဖွင့်လိုက်ကာမှ ချစ်ခြင်း က သူ့ခြေရင်းမှာ ကျုံ့ကျုံ့လေးထိုင်လျက်ငိုနေတာ ပခုံးလေးတွေရော ခေါင်းလေးမော့မော့သွားတာရော ...၊

"ဘာတွေဖြစ်နေတာလဲ .. ဟ .. အား ..."

မေးနေရင်း ကျုံ့ထလိုက်တော့ ခေါင်းထဲမှာ တဆစ်ဆစ်ထိုးဆောင့်ကိုက်ခဲနေ၏။

ချစ်ခြင်း က မျက်နှာပေါ်မှာ မျက်ရည်သုတ်ရင်း ဘယ်ရော ညာရော မအားလပ်ဖြစ်နေသည့် လက်နှစ်ဖက်ကို ဖျတ်ခနဲဖယ်ပြီး သူ ထထိုင်တာကိုကြည့်သည်။

ပြီးတော့ သုံးစက္ကန့်လောက်ရပ်တန့်သွားသည့် ငိုရှိုက်ခြင်းကို ပြန်ဆက်၍ ...





"ကိုကြီး နောက်တစ်ခါ အရက်တွေသောက်ဦးမယ်ဆိုရင် အိမ်က က်တာနဲ့ ပြန်ရင် ငါသောက်လာမှာလို့ ပြောသွား"

"ဘာ ..."

မကြည်လင်သည့်ခေါင်းကို ခါပစ်လိုက်ရင်း နားမလည်စွာကြည့်မိသည်။ အချိန်က မနက်သုံးနာရီပဲရှိသေးသည်။ ချစ်ခြင်းက နို့စိမ်းရောင် ကျိုလက်ရှည်ဖားဖား၊ ဘောင်းဘီရှည်ပွပွနှင့် ဆံပင်တွေကလည်း ဖြန့်ချ းလျက်သား ...၊

ဘာတွေဖြစ်ကုန်တာလဲ...။ သူ့ကိုယ်အပေါ် ပိုင်းမှာလည်း အတွင်းခံ ကျယ်ချိုင်းပြတ်အဖြူလေးတစ်ထည်ပဲရှိတော့ကာ အစက ကိုယ် မှာလွှားခြုံထားပုံရသည့်စောင်က ထ,ထိုင်လိုက်တော့ သူ့အောက် ပုံကျနေ၏။

"ဘာတွေဖြစ်လို့လဲ၊ မသိရင် လူသေကောင်ဘေးမှာ ထိုင်ငိုနေတဲ့ ကိုင်းပဲ"

"ဟုတ်တယ်၊ ကိုကြီး အလောင်းဖြစ်သွားမှာစိုးလို့ ချစ်ခြင်း ထိုင် င့်နေရတာ၊ ခုထိ တစ်ရေးမှမအိပ်ရသေးဘူး"

"ဘယ်လို ..."

ချစ်ခြင်း က မျက်ရည်ကို အပြီးသတ်ပွတ်သပ်သုတ်ပစ်နေရင်း သူ ာကိုမဖြေဘဲ ခုတင်ခြေရင်းကနေ အောက်ကိုဆင်းရပ်လိုက်သည်။ တော့ တစ်ထည်စီကျနေသည့် ကုတ်အင်္ကျီတွေ၊ စပို့ရှပ်တွေကို လိုက် ကောက်၍ ရင်ခွင်ထဲမှာ ပိုက်ထားလိုက်ကာ ...

"ညက ကိုကြီး ရေတွေတောင်းလိုက်၊ အင်္ကျီတွေချွတ်ပစ်လိုက်နဲ့ ပုံနေတာလေ"

ပြောနေရင်း ငိုသံလေးပါလာပြန်သည်။ သူမ ညတုန်းက ဘယ် ာက် စိုးရိမ်ကြောက်လန့်နေခဲ့မှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



"အဲကွန်းကလဲ ပိတ်ပါတယ်ဆိုမှ ပွင့်သွားပြီး ဘယ်နေရာက ဘာဖြစ်တယ်မသိဘူး လုံးဝ ပြန်ပိတ်လို့မရတော့ဘူး၊ ကိုကြီး အင်္ကျီတွေချွတ်ချွတ်ပစ်တော့ အအေးပတ်မှာစိုးတာနဲ့ စောင်ထိုင်ခြုံပေးနေရတာ"

"ထိုင်ခြုံပေးနေရတယ် ဟုတ်လား၊ ငါက..."

"ကိုကြီးက စောင်ခြုံပေးတော့ ဖယ်ဖယ်ချပစ်တာ အတင်းဖိကိုင်ထားတော့မှ ပြန်အိပ်ပျော်သွားပြီးငြိမ်တယ်၊ ငြိမ်သွားပြီဆိုပြီး လက်ဖယ်လိုက်တာနဲ့ စောင်ကိုခွာပြန်ရော၊ ဒီကခြုံပေးလိုက် .. ကိုကြီးခွာချလိုက်နဲ့ နောက်ဆုံး ငုတ်တုတ်ထိုင်ပြီး ဖိကိုင်နေရတယ်လေ"

အားနာစိတ်လေးတော့ဖြစ်သွားမိသည်။ ဒါပေမယ့် ကျေးဇူးတင်ပါတယ်လို့ပြောရမယ့်အစား မျက်နှာကိုတင်းပစ်လိုက်မိကာ ...

"မင်းဘာသာ မနေတတ်တာကို၊ အသက်နဲ့အဝေးကြီး"

"ဩော် ... ပြောလို့ရမလား၊ ချစ်ခြင်း ကြားဖူးသလိုမျိုး အရက်တွေအလွန်အကျွံသောက်လာပြီး ရှော့ခ်ရသွားရင် သေနေတဲ့ကိုကြီးအလောင်းကြီးနဲ့ ချစ်ခြင်းက တစ်ညလုံး နှစ်ယောက်တည်း"

"ဟမ်"

ခုတင်ပေါ် ကနေ ဟန်နဲ့ပန်နဲ့ဆင်းပြီးသည့်ကိုယ်က တွန့်ခနဲဖြစ်သွား၏။ ချစ်ခြင်း က မျက်လုံးတွေကို ပွတ်သပ်နေရင်း လှည့်ထွက်သွားကာ—

"ကိုကြီး ပြောသလို ကိုယ့်ဘာသာ နေတတ်သလိုနေလိုက်ရင်တော့ ကိုကြီး သေနေတာလဲ ချစ်ခြင်းက မသိ၊ အခန်းတံခါးတွေအလုံပိတ်ထားတော့ ခန္ဓာကိုယ်ကထွက်သွားတဲ့ ဝိညာဉ်ကလဲ မထွက်နိုင် ..."

ကြည့်စမ်း ...၊ ဒီလောက်ပိုကြီးချက်မငုတ်တုတ်ထိုင်ဖြစ်နေတာ 'ဒီလူသေများသွားရင်' လို့တွေးပြီး အသည်းအသန်ကြောက်နေတာပါလား—

သူ့မှာ ဘာမှလည်းမပြောသာ၊ တံတွေးမျိုတာတောင်မကျဘဲ လည်ချောင်းထဲမှာနင်နေသည်။





ချစ်ခြင်း က တံခါးကို အသာလေးဆွဲဖွင့်ပြီး အပြင်ကို ခိုးချောင်းခိုးဖုက်ချောင်းကြည့်လိုက်သေး၏။ ပြီးတော့ တံခါးကို ကိုင်ထားလျက်နှင့် သူ့ဘက်ပြန်ကြည့်ကာ ...

"တကယ်သေနေတဲ့မသာတောင်မှ မသာစောင့်မရှိရင် ထကြွသောင်းကျန်းလို့ရတယ်၊ ကိုကြီးရဲ့ လတ်လတ်ဆတ်ဆတ်ထွက်သွားတဲ့ဝိညာဉ်ဆိုရင် ..."

"ကဲ .. မင်းပါးစပ်ကိုပိတ်ပြီး ကြွလိုရာကိုကြွ"

"ရှူး ..."

ချစ်ခြင်း က သူ အသံကျယ်သွားတာကို လက်ညှိုးလေး နှုတ်ခမ်းရှေ့မှာထောင်ပြပြီးတား၏။ တကယ့်ကို ထိတ်ထိတ်ပျာပျာတားဆီးတာ ဖြစ်သည်။

"ကိုကြီးကလဲ ကျယ်လိုက်တာ၊ အဲဒါကိုပြောချင်လို့ ပြန်လှည့်လာတာတောင် ကျယ်ဖြစ်အောင်ကျယ်လိုက်သေးတယ်"

စိတ်ပျက်လက်ပျက်လေး ရှုံ့မဲ့ညည်းကာ ...

"ချစ်ခြင်း မျက်နှာသွားသစ်ပြီး မီးဖိုချောင်ဝင်လိုက်ဦးမယ်၊ ကိုကြီး ပြန်အိပ်ချင်အိပ်၊ မအိပ်ချင်လဲ အသံဖြကြီးနဲ့ အော်မခေါ်နဲ့နော်၊ ညက ကိုကြီးကြောင့် လူကြီးတွေလဲ ကောင်းကောင်းအိပ်ရတာမဟုတ်ဘူး။ ချစ်ခြင်း မကြာမကြာပြန်လာကြည့်မယ်"

သူမဘာသာ အစီအစဉ်တွေဆွဲပြီး ခြေသံဖွဖွနှင့်ထွက်သွား၏။ အိပ်ရာပေါ်မှာ နောက်ပြန်ထိုင်လိုက်ရင်း မကျေမနပ်ဖြစ်ကျန်ခဲ့တာတွေကို ဖိသိပ်မျိုချနေရသည်။

ပြောသွားလိုက်တာ မသာကောင်ဖြစ်လိုက်၊ ဝိညာဉ်ဖြစ်လိုက်၊ အသံဖြကြီးနဲ့ မအော်ပါနဲ့ဆိုတာက ပါသေး။

ခုလည်းကြည့်ဦး ...၊ သူက ဒီမှာ ငုတ်တုတ်ထိုင်နေမိနေကာမှ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



မသစ်ဘဲ ဘာလုပ်နေရမှာလဲ၊ တစ်ကိုယ်လုံး အရက်နံ့ ချွေးနံ့တွေနဲ့ ပြ ကြီးဖြစ်နေတာကို ပြန်အိပ်ဖို့ရော ဘယ်လိုလုပ်မလဲ။

ဒီကောင်မလေး ယောက်ျားအိပ်ရာထကိုစောင်ပြီး ဝတ္တရားမ လုပ်ကိုင်ပေးရမှာတွေကျတော့ ဘာဖြစ်လို့ မသိတတ်ဆိုးရွားနေတာ

တဘက်နှစ်ထည်ကိုလှမ်းဆွဲလိုက်ပြီး သူ မှုန်ကုပ်ကုပ်မာ တင်းမျက်နှာနှင့် ထွက်လာခဲ့သည်။ ဒေါ်တိုးက သူ့ကိုမြင်တော့ လ လက်စခြေလှမ်းကိုပြန်ရုပ်ပြီး သူ့ဘက်လျှောက်လာ၏။

"လူလေး .. ခေါင်းကိုက်နေသေးလား၊ ဒေါ်တိုး ဘာလုပ်ပေးရ ဟင်၊ ရေတော့မချိုးလိုက်နဲ့ဦးနော်၊ နည်းနည်းစောသေးတယ်ကွယ်"

သူ တစ်ခါတလေ ဒီလောက်မဆိုးပေမယ့် ဒီလိုသောက်လာတဲ့ တွေမှာ ဒေါ်တိုး က ဂရုတစိုက်လုပ်ကိုင်ပေးနေကျဖြစ်သည်။

ဒီအချိန်လောက်မှာ သူ နိုးပြီ၊ မျက်နှာသစ်၊ တစ်ခါတလေ ရေချိုး သည်။ တစ်ခုခုစား ဒါမှမဟုတ် ဆေးသောက်ပြီး ပြန်အိပ်တတ်၏ ကြောင့် လူကြီးတွေနိုးသည့်အချိန်မှာ သူ မနိုးတော့ပေ။

'သား ညက ဘယ်အချိန်ပြန်ရောက်လဲ'လို့ ဖေဖေက ဝတ္တရားမ မေးပေမယ့် ဒေါ်တိုးကလည်း သောက်စားပြီးပြန်လာတာကို ချန် ကာ အဆင်ပြေအောင်ပြောပေးနေကျဖြစ်၏။

သူသောက်လာတာကို ရိပ်မိသည်ဖြစ်စေ၊ တကယ်မသိလိုက် ဖြစ်ဖြစ် ဖေဖေက ဒေါ်တိုး ဖြေလိုက်တာနဲ့ပဲ ယုံကြည်သယော ဥပေက္ခာထားပေးတတ်သည်။

ထို့ကြောင့် တစ်ခါတစ်ရံ သောက်တတ်ခြင်းကိုသိသာသိ၍ မြင် တာမရှိခဲ့။ ခုကျတော့ သူ့ခြေလှမ်းတွေကိုစောင့်ကြည့်လာပြီဖြစ် မျက်လုံးတစ်စုံကြောင့် ချစ်ခြင်းက အစ ဒေါ်တိုးလည်း ကျီးလန့်စာ ဖြစ်နေပုံပေါ်၏။





"ဒေါ်တိုး ကျွန်တော် ညက ဘယ်လိုပြန်ရောက်လာလဲ"

သူ မေးလိုက်တော့ ဒေါ်တိုး က အရဏ်တက်လုလု တိတ်ဆိတ်နေ တုန်းအချိန်မို့ ရှေ့ကိုတိုးလိုက်ပြီး လေသံကိုနှိမ့်၍..

"အရမ်းကိုမူးလာတာကွယ့်၊ ဘာပဲဖြစ်ဖြစ် ကိုယ်က လူပျိုလူလွတ် မှမဟုတ်တော့တာ လူလေးရယ်၊ အနေအထိုင် ..."

"အဲဒါ ဘာတွေဖြစ်ကုန်လို့လဲ၊ အန်တီခိုင်ပဲ ပြဿနာရှာတာမဟုတ် လား"

"ပြဿနာ သူကရှာတာမဟုတ်ဘူး၊ လူလေးက ဆင်ခြင်လိုက်ရင် ဘာမှဖြစ်လာဖို့မရှိဘူး။ လူကြီးဆိုတာက လူငယ်တစ်ယောက်ကို တော် ရင်တော်သလို၊ ကောင်းရင်ကောင်းသလို ချီးမြှင့်မြှောက်စားချင်ကြတာပဲ။ မခိုင်က ပိုဆိုးမှာပေါ့၊ လူလေးက သားဆိုလဲဟုတ်တယ်၊ အခု သမက်ဖြစ် သွားပြီ၊ လူလေးကို လူတော်တစ်ယောက်ဖြစ်ဖို့ ဘယ်လောက်မျှော်လင့် နေမလဲ"

"အလကားအပိုတွေ၊ သူလုပ်နေတာ ကျွန်တော့်ကို ကောင်းစေချင် တာမဟုတ်ဘူး။ ကဲ့ရဲ့ရှုတ်ချဖို့ မကောင်းတာတွေချည်းစောင့်ကြည့်နေ တာ၊ တမင် မကောင်းပြောချင်နေတဲ့လူရှေ့မှာ ဘာလုပ်လုပ် ကောင်းမှာ မဟုတ်ဘူး၊ ဒီလောက်ဆိုရင် သူ သဘောပေါက်နေပါပြီ"

"ဘယ်လိုကွယ် ..."

"သူ့သမီးနဲ့ကျွန်တော့်အိမ်ထောင်ရေး ဘယ်လိုဖြစ်လာသလဲဆိုတာ..."

စိတ်ထဲမှာ ချဉ်သလိုဖြစ်လာပြီး ပြောချင်ရာပြောပစ်လိုက်မိသည်။ ဒေါ်တိုးက သေချာပြောမပြပေမယ့် ညက ဒေါ်မမခိုင် ဘယ်လောက် ပြောဆိုခဲ့သလဲဆိုတာ မကြားရဘဲ သိနေသည်။

ကိုယ့်ဘက်က စိတ်ကောင်းဝင်ဖို့ကြိုးစားကြည့်လိုက်တိုင်း ဒီအသံတွေ ပဲကြားကြားနေရတာ ဘီလူးက ကျဖြစ်အောင် ဆိုင်းတီးပေးနေသလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ရင်ထဲကသောကကို သူ စာနာမိပါသည်။ ဒါပေမယ့် မတာ နိုင်။ ချိတ်ချိတ်ချင်းမို့ ချိတ်မိတယ်ဆိုသည့်စကားမှန်လျှင် သင်းက လူကြ ပီပီ မချိတ်အောင်ဖြောင့်လိုက်ပေ့။ ကိုယ့်တက်က ဖြောင့်မတ်ဖို့လိုသလား

မျက်စိနှစ်လုံးပွင့်တာနှင့် ခေါင်းထဲရောက်ရောက်နေတတ်သည် ဒေါ်မမခိုင်၏ စကားလုံးတွေကြောင့် နေ့တိုင်း စားကောင်းခြင်း မစား အိပ်ကောင်းခြင်းမအိပ်ရ။

ဒေါသမစင်သည့်လက်က ရေချိုးခန်းတံခါးကို ဆွဲဖွင့်လိုက်မိလျှင်

"ဟင် .. ကိုကြီး ..."

ချစ်ခြင်း က မျက်နှာသစ်နေရာကနေ ဖျတ်ခနဲလှည့်ကြည့်၏။ ခြ လည်း အထဲကို ခြေတစ်လှမ်းကျူးမိပြီးမှ ထိုမှာပဲရပ်သွားလျက် ...

"ပြီးရင်ထွက်"

"ကိုကြီး ပြန်မအိပ်တော့ဘူးလား၊ ရေတော့မချိုးနဲ့ဦးနော်၊ ဒေါ်တို က ..."

"ထွက်ပါဆိုကွာ .. မင်း တော်တော်ရှည်ပါလား"

ပြောပြီး သူ ဒီဘက်ကို မျက်နှာအလှည့်မှာ တစ်စုံတစ်ယောက်ကို မြင်လိုက်သဖြင့် အစီအစဉ်က ချက်ချင်းပြောင်းသွားသည်။ အထဲကိုဝင်ပြီး တံခါးပြန်ပိတ်လိုက်ကာ ...

"ဒီလောက်တောင် မျက်နှာသစ်ချနေရအောင် မင်းကို ငါက ဘယ် နှစ်ချက်လောက်ရိုက်ရသေးလို့လဲ၊ တစ်ညလုံး ငိုပဲငိုနိုင်တယ်၊ မင်းမျက်နှ ငါရိုက်တဲ့လက်ရာ ထင်မကျန်ခဲ့ဘူး။ မျက်ရည်ကျလွန်းလို့ ယောင်ကိုင်း နေတာ"

"ဟင် .. ကို .. ကိုကြီး ဘာတွေ ..."

"အဲဒါ ပထမဆုံးလက်ဆင်ပဲရှိသေးတယ် ချစ်ခြင်း။ ငါက ကောင်း စိတ်မွေးရင် ကောင်းတယ်၊ မကောင်းတဲ့ကောင်လို့သတ်မှတ်ခြင်းခံထား





တဲ့အတွက် မကောင်းခြင်းအားလုံး ငါလုပ်မှာပဲ၊ မင်းက ငါ့ကိုမှ အိမ်ထောင် ရွေးခဲ့တော့ အဲဒီမကောင်းခြင်းတွေကို မင်းပဲယူရမယ်၊ အဲဒီတော့ နောက် ထပ် ဒီလို မျက်နှာရေစိမ်ပြီးဖုံးဖိမနေရအောင် မင်း မငိုတတ်အောင် ကြိုး စားထား"

"ကိုကြီး .. ချစ်ခြင်း ..."

"တော်ပြီ၊ အဲဒါတွေထားလိုက်တော့၊ အခု ဆပ်ပြာစိမ်ပြီးရင် မင်း ငါ့တစ်ကိုယ်လုံးကို ကြေးတွန်းပေးရမယ်၊ ထွက်မသွားနဲ့ဦး"

"တောက်"

"ဟင် ..."

အခန်းပြင်က တက်ခေါက်သံကြားလိုက်သဖြင့် ချစ်ခြင်း တုန်သွား သည်။ ခြံရဲ ကလည်း အပြင်မှာလူရှိမှန်း ခုမှသိသလိုမျိုး ဖျတ်ခနဲလှည့် ကြည့်လိုက်သောကြောင့် ခြံရဲ့ ချစ်ခြင်း သံသယမရှိခဲ့ပေ။

"ကိုကြီး .. မေမေ ..."

"အဲဒါ ဘာဖြစ်လဲ"

"ဒုန်း"

တံခါးထုပစ်လိုက်သံက အချိန်မတော်မှာ ကျယ်လောင်စွာမြည် လျက် တံခါးတစ်ချပ်လုံးပြုတ်ထွက်လာမလားထင်ရသည်။

"အထဲမှာ ဘာလုပ်နေကြတာလဲ၊ မြန်မြန်ဖွင့်စမ်း၊ ချစ်ခြင်း ..."

ပြောသင့်တာ မသင့်တာ မဆင်ခြင်နိုင်ဘဲ ဒေါသတွေပဲ တစ်ကိုယ် လုံးမှာ စီးမျောလျက် ဒေါ်မမခိုင် အသံတွေပါ တုန်ခါနေ၏။

"ချစ်ခြင်း မအားသေးဘူး အန်တီခိုင်၊ ထွက်လို့လဲမရသေးဘူး ကျွန်တော် ရေချိုးရဦးမှာ၊ ချစ်ခြင်းကိုလဲ ခိုင်းစရာရှိလို့ ..."

ခံလိုက်ရမ်း မမခိုင် ..၊ အသားတွေတုန်နေအောင်ဖြစ်သည့် မခံရပ်နိုင် ခြင်းက ပေါက်ကွဲစရာရှာလို့မရ၊ သူများလင်မယား အခန်းထဲမှာ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



နေနေ၊ ဘယ်လိုခိုင်းခိုင်း လူကြီးက နေရာတကာဝင်ပါဖို့မသင့်ဘူးဆိုတာ တွေးမိလိုက်ပါလား ...။

ကိုယ့်သမီးဆိုပြီး လက်ဆွဲခေါ်သွားလို့ရသလား၊ သူ့ဘက်က သူ့ ဇနီး။ သူ့ဇနီးဖြစ်ဖြစ် ဘာဖြစ်ဖြစ် 'ဒီလူ အနိုင်ကျင့်လွန်းလို့ မေမေ ကယ်ပါဦး'လို့အော်ပြီး ကိုယ့်သမီးက ကိုယ့်ဆီ လက်ကမ်းပြေးလာရင် လည်း အသာလေးဆီးပွေ့ထားလိုက်ရုံ ...၊

ခုတော့ ... ညည်းသမီးကို ညည်း ပိုင်လို့လား ...။

ကိုယ့်ကိုယ်ကိုပြစ်တင်ကျိန်ဆဲမိရင်း ဒေါ်မမခိုင် လှည့်ထွက်သွား တော့ ချစ်ခြင်းက ခြံရဲ့ရှေ့ကို မျက်နှာချင်းဆိုင်လာရပ်လျက် ...

"ကိုကြီး မေမေ့ကို တမင်ပြောလိုက်တာလား၊ စောစောကပြောတာ တွေရော မေမေ ရှိနေမှန်းသိလို့လားဟင် ..."

"ဘာတွေမေးနေတာလဲ၊ မင်းအမေရဲ့ခြေသံကို နားစွင့်နေဖို့ စိတ်ထဲ မဝင်စားဘူး"

ခပ်တည်တည်ညာလိုက်သည့်မျက်နှာကို ချစ်ခြင်း က ရိုးသားစွာ အကဲခတ်နေဆဲဖြစ်၏။ တကယ်တမ်းကလည်း သူ တမင်စောင့်ဆိုင်း အကွက်ဆင်ထားတာမဟုတ်တော့ ကိုယ့်ဘက်က လုံခြုံသည်။ မတည့် တဲ့လူချင်း ခွင်တွေ့ရင်တော့ ပြောရမှာပေါ့။ သူဖြုံမှ ကိုယ်ဖြုံနိုင်မည်။ သူက ဘီလူးဆိုင်းတီးပေးနေတာကို ကိုယ်က မင်းသားလို ကရရောလား

"ချစ်ခြင်း က ဘာလုပ်ရမှာလဲ၊ ကိုကြီးကို ကြေးစောင့်တွန်းပေး အောင် ကိုကြီးနဲ့ ချစ်ခြင်း ..."

"စကားမများနဲ့၊ ကန်ထဲမှာ ဆပ်ပြာထည့်လိုက်"

ချစ်ခြင်း က မလှုပ်မယှက်လေးရပ်ရင်း သစ်ချထားသည့်မျက်နှာထဲ လည်း ရေမသုတ်ဖြစ်။

"ဟား ဘာလုပ်နေတာလဲ၊ မင်း ငါအော်တော့ အော်တယ်ပြောတယ်"





သူ သွားတိုက်နေရင်း လှည့်အော်မှ ချစ်ခြင်း စူပုပ်ပုပ်မျက်နှာလေး နှင့် ရေပြည့်ပြီးသားကန်ထဲကို ဆပ်ပြာရည်ထည့်လိုက်သည်။

ဒေါ်တိုးက သုံးနာရီလောက်ဆို အိပ်ရာမှထပြီဖြစ်ကာ သူမမျက်နှာ သစ်တာနှင့် ရေချိုးကန်ကိုဆေးကြောရေဖြည့်ထားခဲ့သည်။ အရင်အိပ်ရာ ထတဲ့သူက အဆင်သင့်ချိုးရုံပဲဖြစ်၏။

ကိုယ်ချိုးပြီးတာနှင့် ပြန်ဖွင့်ချခဲ့ရုံပင်။ ဒေါ်တိုးက ရေဖြည့်ထားဖို့ကို မပျက်မကွက်တာဝန်ယူခဲ့၏။ ချစ်ခြင်း က ဆပ်ပြာထည့်နေရင်း တစ်ခုခု မေးချင်နေသလို ခဏခဏလှည့်ကြည့်၏။

ခြံရဲ့ကို ကြောက်လို့မဟုတ်ပေမယ့် သူ အော်လိုက်ငေါက်လိုက်မည့် အသံကို ကြောက်တော့လည်း တော်ရုံကိစ္စပြောဖို့ရှိလျှင် အချိန်နေရာရွေး နေရတာနဲ့ပဲ ငြိမ်နေလိုက်ရတာတွေ မနည်း။ စောစောက ရေချိုးခန်း အပြင်မှာ မေမေ ဘယ်အချိန်ရောက်လာတာလဲ၊ ကိုကြီးပြောသမျှအားလုံး ကို ကြားသွားသလား၊ တချို့တစ်ဝက်ပဲကြားတာလား ...။

မေမေ့ရှေ့ကျမှ မတရားဖိနှိပ်ပြောတတ်လွန်းသည့် ခြံရဲ စိတ်ကို လည်း သိပ်တော့မယုံချင်ပေ။ မေမေ ရှိမှန်းသိလို့များ တမင်ပြောလိုက် လေသလား ...။

ဒီလိုတွေ သူတစ်ပြန် ကိုယ်တစ်ပြန် ပုတ်ခတ်စောင်းချိတ်နေကြလျှင် မသင့်မြတ်ခြင်းတွေ ပြီးဆုံးပါဦးမလား...၊ တွေးနေရင်း ပြောချင်တာတွေ က ပါးစပ်ထဲမှာ များပြားလာရကာ ကိုယ်ကိုမတ်ပြီး သူ့ဘက်ကိုလှည့် လိုက်မိ၏။

"ဟင် ..."

ချစ်ခြင်း မျက်လုံးပြူးသွားသည်။ ခြံရဲ က ဘောင်းဘီခါးပတ်ကို ငုံ့ဖြုတ်နေ၏။

"ကိုကြီး ဘာလုပ်တာလဲ၊ နေဦးလေ .. ချစ်ခြင်း အပြင်ထွက်မှ ချိုးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကြေးတွန်းပေးရမယ်လို့ မင်းကို ငါ ခိုင်းထားတာ မကြားဘူးလား"

"ဘာ ..."

မေမေ့ကို တမင်ဒေါသဖြစ်အောင် ကိုကြီး ပြောလိုက်တာလို့ပဲ ချစ်ခြင်းက ထင်ခဲ့တာဖြစ်၏။ ထို့ပြင် ခြံရဲ ကလည်း ညာလက်စနှင့် နည်းနည်းတော့ သဘာဝကျအောင်ညာပေးလိုက်ဖို့စိတ်ကူးနဲ့ဖြစ်သည်။ ချစ်ခြင်း အလန့်တကြားဖြစ်သွားမှာကိုသိသည်။ ငြင်းမှာပဲဆိုတာကိုလည်း တွေးပြီးသား။ သူကလည်း တကယ်ရအောင်ခိုင်းဖို့မှမဟုတ်ဘဲ၊ ဒါပေမယ့်...

"ကိုကြီးကလေ .. ကိုကြီးက တကယ်သစ်ပတ်တဲ့စိတ်ရှိတာပဲ။ ချစ်ခြင်း က ကိုကြီးကို မေမေ့တစ်ယောက်တည်းကို အတိုက်အခံလုပ်ချင်လို့ ဆိုးပြနေတာလို့ထင်ခဲ့တာ"

အမြဲတမ်း နူးညံ့သည်းခံနေတတ်ခဲ့သည့် မျက်ဝန်းလေးတွေက စူးစူးရဲရဲဖြစ်လျက် ...

"မတွန်းပေးဘူး၊ ကြေးမကလို့ သေမယ့်ဒဏ်ရာဖြစ်ဖြစ် ..."

"ဟိတ် ..."

"အား ..."

ဒီလိုပြောဆိုထွက်သွားတာကို ခေါင်းငုံ့မကျန်ခဲ့နိုင်သည့် ခြံရဲ က ဒေါသနှင့်ရှေ့ကပိတ်ရပ်လိုက်သည်။ အညှုံမခံဖို့ဆုံးဖြတ်ထားသည့် ချစ်ခြင်း ကလည်း တွေဝေခြင်းမရှိသော ခြေလှမ်းတွေနဲ့မို့ ရင်ဘတ်ချင်း အင့်ခနဲပစ်တိုက်၏။

ထိုအခါ ဆပ်ပြာထည့်မွှေနေတုန်းမှာ စဉ်းစားနေရင်း လက်[illegible] ရေစင်လိုက်လုပ်မိသဖြင့် ကျောက်ပြားပေါ် မှာစိုနေသော ဆပ်ပြာရေတွေကြောင့် ...

"ဒုတ် ..."

"အား .. သေပြီကွာ"





ခြေချော်ကာ ပက်လက်လန်လဲရမှာက ချစ်ခြင်း ဖြစ်သော်လည်း ခြံရဲ က မိအောင်ဆွဲဖက်ပြီး ကိုယ်ကိုလှည့်လိုက်သောကြောင့် ဖက်လျက်လဲကျသွားတော့ သူက အောက်က ...၊

"ကိုကြီး .. ကိုကြီး ခေါင်းကိုထိသွားပြီထင်တယ်"

"ကွဲပါစေကွာ၊ သေပေ့စေ .. မင်းကိုယ်ကြီးကိုဖယ်လိုက်"

ဒေါသတွေဖောင်းဖွမှုန်းမြင့်ကာ ခြံရဲ အော်တော့မှ သူ့ကိုယ်ပေါ် မှာ ဝမ်းလျားမှောက်လျက်ရှိနေသည့်ကိုယ့်အဖြစ်ကို သတိရသည်။

"ထ.. ထ ကိုကြီး၊ ဟို .. ချစ်ခြင်း က ..."

"အား ..."

သူ ထ,ထိုင်ပြီး ရှုံ့မဲ့၍ ခေါင်းကိုနောက်ပြန်စမ်းလိုက်တော့ ချစ်ခြင်း စကားမဆက်နိုင်ဘဲ စိတ်ဝင်တစားကြည့်နေ၏။ ထိုအခါ လက်မှာ သွေးတွေဘာတွေပါမလာတော့မှ ...

"အမလေး တော်ပါသေးရဲ့"

"မင်းကြီးတော်ကြီး တော်ပါလား၊ ဒီမှာ ကျောကွဲပြီလားမသိဘူး၊ ခေါင်းမှာ ထိချက်ပြင်းမှာစိုးလို့ ကျောကော့ခံလိုက်ရတာ"

"ဟင် .. ဟုတ်တယ် ...၊ ချစ်ခြင်း ကြည့်ပေးမယ်"

"မကြည့်နဲ့၊ မင်းပဲ သေမယ့်ဒဏ်ရာဖြစ်ဖြစ်လို့ပြောတာမဟုတ်လား၊ အသက်နဲ့အဝေးကြီးပဲ"

"ကိုကြီးကလဲ ချစ်ခြင်း က ဒေါသဖြစ်လို့ပြောတာကို ..."

[illegible]ကျနောက်ကျ ခပ်ယယပုံလေးနဲ့ မလိမ်မိုးမလိမ့်မှာပြောပြီဆိုလည်း တကယ့်ကိုဖြူစင်သူလေးပါပဲ။ မဟုတ်မဟပ်နှင့်ထင်ရာတွေးပြီး ဒေါသဖြစ်ပြီလားဆို စွာမှစွာ ...၊

ခြံရဲ့ကို အတင်းဝင်တွဲ ဝင်ကူနှင့် အိပ်ခန်းထဲရောက်တဲ့အထိ လေပြည်ထိုးစကားတွေ ဆိုလာတာ မပြီးနိုင်။ မိုးထိန်ထိန်လင်းတော့ ဒဏ်ရာ



www.burmeseclassic.com

www.burmeseclassic.com



က ပိုနာလာပြီး ခြံရံ မျက်နှာရှုံ့မဲ့နေ၏။

"ဒုက္ခပါပဲ၊ ကိုကြီးကလဲ မသက်သာတဲ့နဲ့ ဆရာဝန်ပင့်ဖို့ ဦးမိုးကို သွားပြောမယ်ဆိုတာလဲ မရဘူး။ ချစ်ခြင်း က တစ်ညလုံး မအိပ်ရသေးတော့ မျက်လုံးထဲမှာ သဲတွေဝင်နေသလိုပဲ"

"မင်းကို ဘယ်သူက မအိပ်နဲ့ဦးလို့ ဆွဲထားလို့လဲ"

"ကိုကြီးကို စိတ်မချလို့ပေါ့"

ပြောလိုက်တာလေးကတော့ ယဉ်သည်။ သူ့ခြေရင်းနားမှာ ခွေခွေလေးလှဲအိပ်လိုက်သဖြင့် ကိုယ့်ကို စေတနာကြီးမားစွာ တကယ်ကိုစောင့်အိပ်တာပါလားလို့ တွက်လိုက်မိတာ ဒီကောင့်အမှား။

ထို့ပြင် ဟန်တွေပန်တွေနှင့် ပြောလိုက်မိတော့ ပိုဆိုးသွားသည်။

"ခုကျတော့ ဒီအိပ်ရာထဲမှာ အိပ်ရဲသွားပြန်ပြီလား"

"ဟင် ..."

"သွား .. ကိုယ့်အိပ်ရာမှာ ကိုယ်သွားအိပ်"

ဒီစကားကြားမှ လှဲအိပ်နေသည့် ချစ်ခြင်းရဲ့ မျက်တောင်ရှည့်တွေ ဖျတ်ခနဲဖွင့်ကြည့်လာကာ ..

"ကိုကြီး တစ်ကိုယ်လုံး မလှုပ်နိုင်၊ မထနိုင်ဖြစ်နေပြီမဟုတ်လား။ ချစ်ခြင်း က ဘာကိုကြောက်ရမှာလဲ"

"ဘာ ..."

"သူ့ကို စိတ်မချလို့ ခြေရင်းမှာစောင့်အိပ်ပေးတာကိုများ ကန်ချချင်နေသေးလားမသိဘူး။ ချစ်ခြင်း အတွက်လဲ အန္တရာယ်မရှိဘူး၊ ကိုကြီးလဲ အဆင်ပြေမယ်၊ မကောင်းဘူးလား"

"ချစ်ခြင်း ..."

သူ့ကိုယ်ကြီး ကြွမတ်လာတဲ့အထိ ဒေါသတွေဖောင်းကြွတက်လာတာကို ချစ်ခြင်း က သတိမထားမိ။





"အေးဆေးနားနေပါ၊ တွဲဖို့ ထူဖို့လိုရင် ခြေထောက်နဲ့ တစ်ချက်လေးပဲတို့လိုက်၊ ချစ်ခြင်း က အိပ်ရေးဆတ်ပြီးသား ..."

မဆတ်နဲ့ .. သေအောင်အိပ်လိုက်တော့ ...၊

ကောင်စုတ်မလေး ...၊

'ခြေထောက်နဲ့ တစ်ချက်ပဲတို့မှာမဟုတ်ဘူး၊ ကျွမ်းပြန်ကျ ဇက်ကျိုးပြီး သေအောင် တစ်ခါတည်း ဖနောင့်နဲ့ပေါက်ပြီးမှ ကန်ချပစ်မှာ'၊ အိပ်တဲ့လူက အိပ်သွားပြီး သူ့မှာသာ ဘာမှမပြောဖြစ်လိုက်ဘဲ တင်းတင်းစေ့ထားရသည့် နှုတ်ခမ်းသားဟိုအတွင်းမှာ စကားလုံးတွေ အတောင်ပံပေါက်လာနိုင်သည်။

'တစ်ကိုယ်လုံး မလှုပ်နိုင်၊ မထနိုင်ဘူးထင်ရင် မင်း မျက်လုံးနည်းနည်းလေးဖွင့်ကြည့်လိုက်' လို့များ ကျောင်းမှန်းကန်မှန်းသိအောင်ပြလိုက်လျှင် အသံပြာအောင်အော်သွားမှာ သေချာသည်။ သနားတာကို သနားမှန်းသိပါလား ...။

မျက်နှာလေး ဒီဘက်လှည့်၍ စောင်တစ်ဝက်ခါးပေါ်တင်ကာ အိပ်ပျော်နေသည့် ချစ်ခြင်း ကိုစိုက်ကြည့်ရင်း မကျေနပ်ဖြစ်သွားခြင်းက ဒေါသလည်းမဟုတ်တော့ဘဲ သူ့နှုတ်ခမ်းတွေမှာ ပြုံးယောင်သမ်းလာသည်။

ကိုယ့်ဘာသာ ခေါင်းအုံးတွေဆင့်ခုံပြီး ခေါင်းရင်းမှာ ခပ်လျှောလျှောတိုးထိုင်လိုက်ရင်း ပြုံးနေသည့်နှုတ်ခမ်းတို့မှာ သွားတွေပေါ်အောင် အသံကိတ်ရယ်မိသည်အထိ ဖြစ်သွားခဲ့၏။

ချစ်ခြင်း သူ့ကို တော်တော့်ကို ခင်တွယ်နေတာက သိသာပါသည်။ ဒါပေမယ့် သူထင်ထားသလိုမဟုတ်နိုင်သည့်အဖြစ်က သေချာသလောက်ရှိနေသည့်အတွက် ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၀)

အပြင်ကပြန်လာပြီး အထဲမဝင်ဘဲ ကုတ်တစ်ဘူးထုတ်ယူပြီး ဧည့်ခန်းထဲမှာပဲ ထိုင်လိုက်သည်။ ထိုစဉ် ဒေါ်တိုးက သစ်ခွပန်းအဖြူလေးတွေနှင့် ပန်းကိုင်းကို တယုတယတကြည့်ကြည့်နှင့် ခြံထဲက တက်လာသဖြင့်…

"ဒေါ်တိုး ကွန်တော်စားဖို့ ဘာရှိလဲ"

"ဟင် .. လူလေး ဒီနေ့ အစောကြီးအိမ်ပြန်ကပ်လို့ပါလား"

ဒေါ်တိုးမျက်နှာ ပြုံးချိုသွားလျက် …

"ရှိပါတော်၊ ဒီနေ့ ဆန်းဒေးလဲဖြစ်တော့ တစ်ယောက်တစ်မျိုး အကြိုက်တွေစုံအောင်ကို ချက်ပေးထားတာ၊ ဘယ်သူမှတော့ဒီမစားကြသေးဘူး၊ လူလေး ခဏပဲစောင့် သိလား၊ ဒေါ်တိုး ဒါလေး သွားပေးလိုက်ဦးမယ်"

"ဘယ်ကိုလဲ"

"ချစ်ခြင်း ပန်မှာလေ၊ သူ့အမေနဲ့အတူ မွေးနေ့လိုက်သွားမလို့တဲ့၊ မခိုင် သူ့သမီးလေးကို စိတ်ကြိုက်ပြင်ဆင်ပေးထားတာ လှလိုက်တာမှ ဘယ်လိုလေးပါလို့ပြောရမှန်းတောင် မသိဘူး၊ ဖြူဥနေတာပဲ"





ဒေါ်တိုးက အားပါးတရချီးမွမ်းရင်း အသံက ကျန်ခဲ့လျက် လူကတော့ ထွက်ခွာသွားပြီဖြစ်၏။ ခြံရှံ့ ကုတ်တစ်ဘူးလုံးကို ရေသောက်သလို သောက်ပစ်လိုက်ပြီး နေရာမှ ထရပ်လိုက်သည်။

ဘူးခွံကို အမှိုက်ပုံထဲလှမ်းပစ်လိုက်ပြီး လက်နှစ်ဖက်ကို ဘောင်းဘီအိတ်နှစ်ဖက်ထဲမှာထည့်၍ ဟွန့်ခနဲမဲ့၏။

ပြီးတော့ ကျဲကျဲမှန်မှန်လျှောက်တတ်သည့်ခြေလှမ်းတွေက ယုံကြည်မှုအပြည့်နှင့် အပေါ် ထပ်လှေကားအတိုင်း နင်းဖြတ်တက်ခဲ့၏။

လမ်းလျှောက်ပြီဆို လက်တစ်ဝက် ဒါမှမဟုတ် လက်နှစ်ဖက်စလုံးကို ဘောင်းဘီအိတ်ထဲမှာထည့်၍ တစ်လှမ်းချင်းလျှောက်တတ်တာ သူ့အကျင့်ပဲဖြစ်သည်။

ဒါက အပြင်မှာပဲသွားသွား၊ အိမ်ထဲမှာပဲနေနေ ဒီတိုင်းဖြစ်သော်လည်း ဒေါ်မမခိုင်တော့ ချီးကျူးဖော်ရခဲ့သေးသည်။

"ကိုသားလေးက နေရင်းထိုင်ရင်း ပေါ်နေတဲ့ သူ့စတိုင်လ်မှာကိုက ဂါရဝါစတရားပျောက်ဆုံးနေတာ၊ တစ်ကိုယ်လုံးမှာ ရိုကျိုးနှာခံတတ်တဲ့ အမူအရာ တစ်စက်မှမရှိဘူး"

'ဘယ်အချိန်ဖြစ်ဖြစ် ကြည့်လိုက်ရင် မိုက်ကန်းကန်းပုံ'ဆိုတာတွေ…၊

ကိုယ်နေတတ်သလိုနေတာလည်း ဒေါ်မမခိုင် မျက်လုံးထဲမှာ ကန့်လန့်ချည်းပဲဖြစ်နေ၏။ အဲဒါကို ဘယ်လိုညှိနှိုင်းရမလဲ။ လူကြီးလုပ်တဲ့ဘက်ကတောင် မတည့်ဖို့ချည်းပဲ တွေးနေသေးတာ ကိုယ့်ဘက်က အနေသာကြီး …။

ဘာဖြစ်လဲ နေတော့ …၊

မတည့်အောင်စ,ဖြစ်နေတာက ကိုယ့်ဘက်ကမဟုတ်တာ သေချာသည်။ ဒါပေမယ့် ဒီမိန်းမကြီး ကဲ့ရဲ့ရှုတ်ချနေသမျှ သူချည်းပဲ မကြားသလို မမြင်သလိုနေခဲ့ရတာ ဘယ်လောက်ကြာပြီလဲ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အလှည့်က ခုမှ ...၊

"အို .. ဝတ်ထားတာက အဖြူ၊ မျက်နှာကလဲ ဖြူဖျော့နေလို့ ဖြစ်မလား၊ မော့လိုက် နှုတ်ခမ်းနီခရမ်းရောင်လေးက အလိုက်ဆုံးပဲ"

"မေမေရယ် နှုတ်ခမ်းနီပါဆိုမှ နီနေရင်လဲနီပေါ့၊ မျက်နှာမှာ အရောင်တွေစုံနေတာ ချစ်ခြင်း မကြိုက်ပါဘူး"

"ဟဲ့ .. ဒါက ပွဲလမ်းသဘင်သွားမှာလေ၊ ညည်းကို လှသိနည်းလွန်းလို့ ခုလိုခေါ်ထုတ်ချင်နေတာ ကြာပြီ။ အပျိုတုန်းကလဲ ရှက်တတ်လိုက်တာမှ ဘယ်ခေါ်လို့မှမရဘူး၊ အခု အိမ်ထောင်သည်ဖြစ်နေပြီ၊ ရဲသင့်တာတော့ ရဲရမှာပေါ့"

အခန်းရှေ့ဖြတ်လျှောက်လိုက်ကာမှ အထဲကစကားသံတွေကြောင့် ခြံရှံ တုံ့ခနဲရပ်ပစ်လိုက်၏။ ချစ်ခြင်း က ဒီထဲမှာပဲ ...၊ သူ အသံမပေးဘဲ ဆက်နားထောင်နေလိုက်မိသည်။

"ကိုမိုးက လုံးဝကိုမအားဘူး၊ အဲဒါကြောင့် သူ့သားနဲ့ညည်းကိုပဲ လွှတ်မလို့တဲ့၊ ဒါမျိုးက လင်မယားစုံတွဲတွေပဲ သွားရတာတဲ့။ မေမေကတော့ သူ့သားနဲ့တွဲပြီး မလွှတ်ချင်ပါဘူး၊ သူ အနိုင်ကျင့်တာတွေ ညည်းခံရသမျှ လူကြားထဲသွားပြသလိုဖြစ်ကုန်မှာပဲ၊ ညည်းလဲ သတိထားနော်၊ သည်းခံလွန်းတဲ့သူက ကြောက်တတ်တာပဲ၊ ဒီကောင်လေးကိုများ ဒီလောက်သည်းခံဖို့ ဘာလိုသလဲ"

"ကိုကြီးက အပြောဆိုးတာပါ မေမေရယ်၊ သူ ချစ်ခြင်းကို ..."

"ဘယ်လိုစေတနာတွေထားခဲ့ဖူးသလဲ၊ ညည်းကို ချစ်ပါရစေ .. ကြိုက်ပါရစေလို့ ခွင့်တောင်းပြီး လက်ထပ်ခဲ့တာလား"

စကားသံတိတ်သွားပြီး ချစ်ခြင်း အသံလေးလည်း ပျောက်နေသည်။ ကြားနေရသမျှအတွက် ခြံရှံ အံကြိတ်နေမိ၏။ ဒါ သူနဲ့ ဘာဆိုင်သလဲ...။

"ဒီစကားတွေကို မေမေ မပြောသင့်မှန်းသိတယ်၊ ဒါပေမယ့် ညည်း





ကိုယ့်အဖြစ်ကိုမသိလို့ ပြောနေရတာ၊ ဒီမှာ ချစ်ခြင်း ..."

"ရှင် ..."

"ညည်းကို ဒီကောင်လေး ဘာမှမဟုတ်ကြဘဲနဲ့ ခိုးပြေးသွားတာ မေမေ မသိဘူးမှတ်နေလား၊ ကိုယ့်ကိုယ်ကို ဟင်းရွက်ကန်စွန်းရူးသလို ခူးပြီး ပြုတ်သုတ်ကြော်စားသွားတာကို ကျေနပ်နေတဲ့အထိ ညံ့ခဲ့တာ ညည်းကို တကယ်အံ့သြတယ် တကယ်ပဲ၊ ထားလိုက်ပါတော့၊ ငါကတော့ ချစ်လျှူရှုနေနိုင်သမျှ အစွမ်းကုန်နေမှာပါ၊ ငါ သည်းမခံနိုင်တဲ့တစ်နေ့မှာ ညည်းရောငါရော တစ်ခုလပ်ဖြစ်ကြဖို့ပဲ အားမွေးထားတယ်၊ အဲဒီအချိန်ထိ ညည်းပါးစပ်ထဲမှာ ကိုကြီး ဆိုတာ မချနိုင်သေးရင် အသေရိုက်သင်ပစ်မှာ၊ မယုံမရှိနဲ့"

ဒီလောက်ထိပြောနေတာကိုကြားရတော့ ဒေါ်သက လက်သီးဆုပ်ထားတာတောင် အံ့ကြချင်နေ၏။ ပစ္စည်းချသံ၊ လှုပ်ရှားသွားသည့်အသံသိုင်းတွေအရ ချစ်ခြင်း ကို ပြင်ဆင်ပေးနေရင်း ပြောနေတာဖြစ်မည်။

ပြောရင်း မခံမရပ်နိုင်တွေဖြစ်နေပြီး မေမေတွေ ငါတွေ ရောထွေးသျက် ဆုံးမနေသလိုလို၊ ကြိမ်းမောင်းနေသလိုလို၊ လေသံက မာထန်ပြတ်သားလာခြင်းဖြစ်သည်။

ခြံရှံ အခန်းတံခါးကို ရန်သူလို စူးစိုက်ကြည့်လိုက်ပြီး ခါးနှစ်ဖက်ထောက်၏။ သူ့မှာပဲ အစီအစဉ်တွေရှိနေသေးလား၊ ချစ်ခြင်း ဆိုတဲ့ မိန်းကလေးရဲ့ဘဝကို ဘယ်သူကပိုင်တာလဲ၊ ဟွန်း ...

"ဒေါက် ... ဒေါက်"

အံကြိတ်လျက်နှင့်မဲ့ကာ တံခါးကို ခပ်ပြင်းပြင်းခေါက်လိုက်၏။

"ချစ်ခြင်း အထဲမှာရှိလား"

"ဒေါက် .. ဒေါက်"

တံခါးကို အဆက်မပြတ်ခေါက်၍ ခပ်မာမာမေးလိုက်သည်။ အထဲက



www.burmeseclassic.com

www.burmeseclassic.com



အသံတွေ တိခနဲတိတ်ကျသွားပြီး ...

"ကိုကြီး ဘာလုပ်မလို့လဲဟင် ..."

"အပြင်သွားစရာရှိတယ်၊ ရေမိုးချိုးပြီးပြင်ထား။ မိနစ်နှစ်ဆယ်အတွင်း ..."

"ကိုကြီး ..."

သူ လှည့်ထွက်လာခဲ့ပြီးမှ ချစ်ခြင်း မျက်နှာလေး အခန်းတံခါး ဟသွားတဲ့ကြားမှာ ပေါ်လာ၏။

"ဘာလဲ"

"ချစ်ခြင်းနဲ့ မေမေတို့ မွေးနေ့သွားကြမလို့ ခုပဲ ..."

"ဘာ ..."

'ဘာ'ဆိုတဲ့အသံမှာ အံ့ဩသွားခြင်းက လိုတာထက်ပိုသွားတာ ကိုယ့်ကိုယ်ကို သိလိုက်၏။

ဘာဖြစ်လို့လဲဆိုတော့ ချစ်ခြင်း မျက်နှာလေးကိုမြင်လိုက်ပြီး သူ ဒေးခနဲဖြစ်သွားသဖြင့် ဘာပြောမိလိုက်မှန်းပင် သတိမထားမိလိုက်ပေ။

ပန်းနုရောင်လည်းမဟုတ်၊ ဖြူစွတ်စွတ်ကြီးလည်းမဟုတ်ဘဲ မျက်ခွံပြေပြေ၊ နှုတ်ခမ်းသားထွေးထွေးလေးတွေမှာ လက်နေသည့် ခရမ်းရောင်ဖျော့ဖျော့နှင့် တောက်ပခြင်းကင်းစွာ နုလွင်နေသည်။

နဖူးအပြောင်သိမ်းထားပြီးမှ နားသယ်စပ်ဆံစလေးတွေကို အတွန့်အလိပ်လေးတွေလုပ်ပြီး ပြုဆင်းချထားတာလေးက မျက်နှာလေးနှင့်တော်တော်ကြည့်ကောင်း၏။

ထို့ပြင် ဆံထုံးနှင့်မတူဘဲ နောက်မှာ မို့မို့ပုံ့ပုံ့လေးကပ်ထားပြီး အောက်မှာ ဆံပင်တွန့်တွန့်ဖွားဖွားလေးတွေ ပြန်ချထားသေးသည်။

ဆံပင်ဖားလျား သို့မဟုတ် ကျစ်ဆံမြီးနဲ့ သနပ်ခါးနဲ့ပဲ မြင်နေကျချစ်ခြင်း မျက်နှာလေးက လုံးဝပြောင်းလဲသွားသဖြင့် ဟန်မဆောင်နိုင်





သည့် သူ့မျက်လုံးတွေက မဖုံးနိုင်မဖိနိုင်။

"ကိုကြီး ..."

ချစ်ခြင်း က ကိုယ်လေးတစ်ပိုင်းကိုင်းနေရာကနေ တံခါးဖွင့်ပြီး အပြင်ထွက်လာသည်။ ဝတ်ထားသည်က ထုံးခြောက်ရောင်ပိုးချိတ်ရင်ဖုံးလေးဖြစ်၏။

"ချစ်ခြင်း ..."

အထဲက အာဠာဝက၏အော်သံမျိုး ခုန်ပျံထွက်လာတော့ ချစ်ခြင်းတုံ့ခနဲဖြစ်သွားသည်။ အာဠာဝကဘီလူး၏အသံကို မကြားဖူးပေမယ့် ခြံရဲ့နားထဲမှာတော့ ထိုထက်ပိုဆိုးနေကာ ချစ်ခြင်း ခြေလှမ်းတွေ ရပ်သွားတော့ မကျေနပ်ခြင်းက ပိုကဲသွားသည်။

ဒေါ်မမခိုင်၏ပုံရိပ် အခန်းဝမှာပေါ်လာသည်နှင့် သူကလည်း ချစ်ခြင်းလက်ကလေးကို လှမ်းဆွဲလိုက်ပြီးသားဖြစ်သွားကာ ...

"ပြင်ဆင်ထားတာပါလား၊ ဒါဆို စောင့်စရာမလိုတော့ဘူးပေါ့၊ သွားမယ်"

"စစ်ခြံရဲ ..."

ချစ်ခြင်း လက်ကိုဆွဲထွက်လိုက်ပြီး လှည့်မကြည့်ဘဲ ခြံရဲ က ခြေလှမ်းရပ်လိုက်၏။

"ဘာအတွက် ပြင်ဆင်ထားတာလဲဆိုတာ မင်း မေးသင့်တယ်၊ ဒီအခန်းရှေ့မှာ မင်း ရပ်လိုက်ကတည်းက ငါတို့စကားသံတွေကို မင်း ကြားမှာပါ"

"ကျွန်တော် စိတ်မဝင်စားဘူး"

"ဝင်စားသည်ဖြစ်စေ၊ မဝင်စားဘူးဖြစ်စေ ငါတို့ပြောနေတဲ့စကားသံအလုံးစုံကိုလဲ မင်း ကြားပြီးပြီဖြစ်ဖြစ်၊ မကြားသေးဘူးဖြစ်ဖြစ်ကွာ ငါ့အသံကိုတော့သိမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မမခိုင် က စကားရပ်လိုက်ပြီး ရှေ့ကိုလျှောက်ထွက်လာ၏။ ထိုအခါ ချစ်ခြင်း၏ရှေ့နောက်နှစ်ဖက်မှာ ခြံရုံနှင့် ဒေါ်မမခိုင် မျဉ်းဖြောင့် မကျတကျရပ်လိုက်ပြီးဖြစ်သွားသည်။

"ချစ်ခြင်းကို ဒီလိုပြင်ဆင်ပေးထားတာ မင်းရောက်လာရင် အသား လေးလက်ဆွဲခေါ်သွားနိုင်အောင်မဟုတ်ဘူး၊ သိရက်နဲ့ မင်း တမင်လုပ် သွားလို့ ထပ်ပြောပြတာ၊ မင်းသွားစရာရှိနေရင်လဲ ဒီနေ့တော့ တစ်ယောက် တည်းပဲသွားလိုက်ပေတော့"

"ဟာ ... အန်တီခိုင် ပြောတာ ပိုင်လှချေလား"

ခြံရုံ ဘာတွေပြောတော့မှာကို သိလိုက်သဖြင့် ချစ်ခြင်း မျက်နှာလေး သစ်ရွက်လေးတစ်ရွက်လောက်ငယ်ကျသွား၏။ ရုတ်တရက် ဘာမှလဲ ဝင်မပြောရဲ ...။

ခြံရုံ က ချစ်ခြင်း လက်ကလေးကို ဆောင့်ဆွဲပစ်လိုက်သဖြင့် သူ့ ဘက်ကို ယိုင်ကျသွားကာ ပခုံးချင်းပစ်တိုက်သွားသည်။ ပြီးတော့ ကိုယ် ကိုခွာရပ်လို့မရအောင် လက်မောင်းလေးကနေပြောင်း၍ဖိဆုပ်ကိုင်ထား လိုက်ပြီး ...

"ကျွန်တော့်မိန်းမကို ကျွန်တော် ဘယ်အချိန် ဘယ်နေရာကိုဖြစ်ဖြစ် ခေါ်သွားလို့ရတယ်၊ သူများနဲ့သွားမယ့်လမ်းကို သဘောကျတယ်၊ မသွား ရဘူးလို့ တားဆီးပိုင်ခွင့်ရှိတယ်"

"မင်း ဘာပြောတယ်"

"အန်တီခိုင် သိထားသင့်တာတွေကို ကျွန်တော်က ထပ်ပြောပြတာ ပါ၊ ဒီလိုပြင်ဆင်ပေးထားတာတွေ ပါမသွားစေချင်ရင်တော့ သူ့ကို ဘယ် ခေါ်ဖို့ပဲရှိရှိ ကျွန်တော့်ကို အသိမပေးဘဲ ပြင်ဆင်ပေးမထားနဲ့ပေါ့၊ အခွင့် အရေးတွေ ပြိုင်ဆိုင်ရှုတ်ပြနေရတာ သိပ်တော့မကောင်းဘူး"

ပြောပြီး ချစ်ခြင်း လက်မောင်းလေးကို တွန်းပစ်လိုက်ကာ မျက်နှာ



ကို သေချာငုံ့ကြည့်၍ ...

"အန်တီခိုင် မကျေနပ်ဘူးဆိုရင် မင်းမျက်နှာပေါ်ကအရောင်တွေကို ပြန်ခွာပေးခဲ့၊ ငါ ညီ့ခန်းကစောင့်နေမယ်"

သူ ပိုင်နိုင်ခြင်းအပြည့်နှင့် ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်ထည့် ကာ ခပ်မိန့်မိန့်လျှောက်ထွက်ခဲ့သည်။ ဒီပုံစံလျှောက်လာတာကို မထီလေး စားခြင်းဟု သတ်မှတ်၍ ကဲ့ရဲ့ခဲ့ဖူးသည့် ဒေါ်မမခိုင် တစ်ယောက် ဘယ် လောက်ထိ မှဒိတာတွေပွားနေမလဲ။

အဟွန်း .. နည်းနည်းပါးပါးပဲချစ်ပါ ...၊ ဒီကောင်က ကျေးဇူးမတင် တတ်လို့ .....။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၁)

မြင်နေရသမျှ မျက်စိတွေရော နားတွေရော နောက်နေတော့သည်။ ခြံရှံ က သူ့ဘာသာ လှမ်းဝင်သွားသဖြင့် ချစ်ခြင်း မီအောင်လိုက်ကာ လက်မောင်းကိုဖက်ထားလိုက်ရ၏။

ညမှောင်မှောင်မှာ လရောင်လောက်ပင်မသာသော မီးရောင်မှိန်မှိန် နှင့် ...၊ မြင်မြင်သမျှက အတွဲတွေချည်းပဲဖြစ်လျက် ယောကျ်ားတွေက လည်း ဆံပင်စုတ်ဖွားဖွားနီကျင်ကျင်၊ လက်ပတ်တွေ၊ ဆွဲကြိုးတွေအပြည့် နှင့် နားကပ်တစ်ဖက်ပန်ထားတာတွေလည်းရှိ၏။

မိန်းကလေးတွေကျတော့ လုံလုံလဲလဲဝတ်ထားပေမယ့် ကိုယ်မှာ ကျပ်ထုပ်စည်းထားသလိုဖြစ်အောင် တင်းကပ်နေတာတွေဖြစ်သည်။

တချို့ကျတော့ ဗိုက်တွေ ချက်တွေပေါ်အောင် တမင်ဖော်ထား သည့် အတွင်းခံသာသာအင်္ကျီတိုနံ့နံ့လေးတွေနှင့် ပေါင်ထိပ် မရောက် တရောက် ဘောင်းဘီကျပ်ကျပ်ပြောင်ပြောင်တွေ ...၊



"ကိုကြီး ဒါ ဘာဆိုင်လဲဟင်"

"နိုက်ကလပ်"

"ဟင် ..."

ခြေလှမ်းတုံ့ခနဲဖြစ်သွားစဉ်မှာ ချစ်ခြင်း လူကြားထဲမှာ ပြုတ်ကျန်ခဲ့ သည်။ အခန်းက သိပ်မကျယ်ဘဲ စားပွဲတွေ လူတွေနှင့် ပြည့်ကျပ်နေ သည်။ ထိပ်ဆုံးမီးလုံးကြီးလည်နေသည့်ဘက်မှာ ဆယ့်လေးငါးယောက်ခန့် က သူ့အတွဲတွေနဲ့သူ ကနေကြတာ နိုင်ငံခြားရုပ်ရှင်တွေထဲကလိုပင် ...၊

တချို့ကျတော့ စားပွဲကြားထဲတွေထိ လှုပ်ခါတွန့်လိမ်ပြီးသွားနေကြ ၏။ ဒီလိုနေရာကိုလည်း မလာခဲ့ဖူးပါ။ ဒါမျိုးတွေ ထကယ်ရှိနေမယ်လို့ လည်း မထင်။ ချစ်ခြင်း အသက်ရှူမှားမတတ်ဖြစ်နေတော့သည်။

ကိုယ့်ကို တစ်စက်မှလှည့်မကြည့်ဘဲ ဝင်ရောက်ပျောက်ကွယ်သွား သည့် ခြံရှံကို လိုက်ရှာဖို့တောင် ရတ်တရက်မေ့သွားတဲ့အထိ ...၊

မေမေ့ရှေ့ကနေ ခေါ်ထုတ်လာခဲ့ပြီး ဘယ်ကိုမှသွားဖို့ရည်ရွယ်ချက် မရှိဘဲ ထွက်လာခဲ့ခြင်းကို ကားပေါ်မှာဝန်ခံသည်။ သူ မေမေ့ကို အမြဲ တမ်း အရှုံးမပေးခဲ့တာကို သိပြီးသားမို့ ချစ်ခြင်း စိတ်မဆိုးပါ။

မေမေနဲ့ ကြာလေ မသင့်မြတ်ဖို့အကြောင်းတွေ များလာလေ ဖြစ်ရ သည့်အတွက် စိတ်ညစ်သွားမိတာပဲရှိသည်။ ခုတော့ ဒီလိုနေရာကိုမှ ခေါ် လာခဲ့သည့် ခြံရှံ့သဘောကို နားမလည်နိုင်အောင်ဖြစ်မိ၏။

"ဟုတ်တယ်၊ မင်းအမေနဲ့ အတိုက်အခံတွေ ဖြစ်နေဖို့အတွက် ငါမှာ အမြဲအဆင်သင့်ပဲ၊ အဲဒီတော့ သူ့သမီးဖြစ်တဲ့မင်းမှာတာဝန်ရှိတယ်"တဲ့...။

ဘာတာဝန်လဲ ...၊ သူ ဘာပြောပြော အမြဲတမ်း နားလည်သည်းခံ ပေးနေရသည့်အပြင် ဘာတာဝန်တွေယူဖို့ရှိသေးလဲ။

ဓာတ်တွေးမျိုချလိုက်တော့ လည်ချောင်းထဲမှာ ကျပ်ခဲခဲကြီးဖြစ်သွား သဖြင့် ရင်ထဲက ပူလောင်မှုကို သတိထားမိလိုက်သည်။ ခြံရှံ့ကို လိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်တော့ လှုပ်လှုပ်ရွရွကနေကြသည့် အနီးက ထိပ်စားပွဲမှာ ရယ်လို့ မောလို့ ...။

ဂျာကင်အနက်၊ စပို့ရှပ်လည်ကပ်အဖြူနှင့်မို့ ခြံရံ့ ကို ထင်းခနဲမြင်လိုက်ရသည်။ ပြီးတော့ ခြံရံ က ထိုင်နေတာမဟုတ်ပေ။ လူနှစ်ယောက်ရှိနေသည့်စားပွဲမှာ ထိုင်ခုံတစ်လုံးပေါ် ခြေတစ်ဖက်တင်ကာ ထိုဒူးပေါ်ကို တံတောင်တစ်ဖက်ထောက်ထားပြီး ဘီယာငုံ့ထည့်နေတာဖြစ်သည်။

ကိုယ်ကိုကိုင်းထားသဖြင့် လည်ပင်းက ပလက်တီနမ်ကြိုးတုတ်တုတ်က သူ့မေးဖျားအောက်မှာ လှုပ်ခါနေသည်။ လမ်းသရဲဆန်ဆန်နေသည့်သူမို့ထင်သည် ဆွဲကြိုးတွေ၊ လက်ပတ်တွေ၊ ဘောင်းဘီမှာတပ်သည့်ချိန်းကွင်းတွေက အစ ဆိုဒ်စုံ ဒီဇိုင်းစုံရှိသည်။ အတိုတွေ၊ အရှည်ကြီးတွေ အမျိုးမျိုးဝတ်၏။ အားလုံးက ပလက်တီနမ်တွေချည်းပဲဖြစ်သည်။

"ယောက်ျားလေးဖြစ်ပြီး လက်ဝတ်ရတနာက ကြိုက်လိုက်သေးတယ်၊ အပေါင်းအသင်းသာမှားရင် လုံးရာကပြားသွားနိုင်တယ်"လို့ မေမေက ဟောကိန်းထုတ်ထားတာလည်းရှိသည်။

တစ်ခန်းလုံးမှာရှိသမျှလူတွေကိုကြည့်ပြီး ချစ်ခြင်း ကိုယ့်ကိုယ်ကို မသိမသာပြန်ကြည့်မိသည်။ မေမေ ပြင်ပေးထားတဲ့အတိုင်းက ဒေါ်ပပမြိုင်၏မွေးနေ့မင်္ဂလာကိုသွားဖို့ဖြစ်၏။

ဤသို့သော ပွဲထိုင်အဝတ်အစားကြီးနဲ့ ဒီလိုနေရာမှာ တခြားစီ ...၊

ပြီးတော့ ဝတ်စုံက ထုံးခြောက်ရောင်လက်လက်မို့ မလုံမလဲဖြစ်လာကာ အဝင်ဝနားကစားပွဲမှာပဲ ဖျတ်ခနဲဝင်ထိုင်လိုက်မိ၏။

တကယ်ပြန်ကြည့်မိတော့ သူမ ထိုင်ချလိုက်တာ စားပွဲတစ်လုံးမဟုတ်ဘဲ အရက်ပုလင်းမျိုးစုံတင်ထားသည့် ဒေါက်စင်သေးသေးလေးဖြစ်နေသည်။ သူမမှာ ပြန်ထရခက်၊ ထိုင်နေရခက်နှင့် ...

"ညီမ ဟိုမှာ ကိုယ်ကြိုက်တာသွားယူလေ၊ ခြံရံနဲ့ ပါလာတာမဟုတ်





လား"

"ရှင် ... ဟုတ်"

ဗန်းကလေးပေါ်မှာ အနီရောင်ဝါလဲ့လဲ့အရောင်တွေရှိသော အရည်တွေပါသည့် ဖန်ခွက်တွေတင်ပြီး ဟိုသွား ဒီသွား အလုပ်ရှုပ်နေသည့်မိန်းမလှလေးက ကပ္ပလီမတွေလို တစ်ခေါင်းလုံး ကောက်ကွေးဖွာထွက်နေအောင် ဆံပင်ကိုလုပ်ထားသည်။

ဖော်ရွေသည့်အပြုံးနှင့်မို့ ခင်ဖို့လည်းကောင်းပါသည်။ ဒါပေမယ့် စားစရာကို ကိုယ်တိုင်ယူပေးဖို့တော့ ကောင်းသည်ဟု တွေးမိ၏။

သူမ ဒီလိုနေရာမပြောနှင့် ရန်ကုန်မှာ စားသောက်ဆိုင်ထိုင်ဖူးသည့်အကြိမ်ရေဆို ရေတွက်လို့တောင်ရနိုင်သည်။ ဒါတောင်မှ မေမေ မပါဘဲ ထိုင်တာမျိုး တစ်ခါမှမရှိခဲ့ဖူးပေ။

ဘယ်လိုဆိုင်၊ ဘယ်လိုနေရာမှာ ဘာအထာတွေရှိတာ သူမ ဘာမှမသိ။ မျက်လုံးက သူများတွေ ဘာတွေ ထထယူနေကြသလဲ၊ ဘယ်လိုစားကြသလဲ လိုက်ကြည့်ရင်း ခြံရံ့ဆီလည်း မကြာခဏ လှမ်းကြည့်မိ၏။

ထို့ကြောင့် ဘာတွေပြောပြီးရယ်နေမှန်းမသိပေမယ့် ငုံ့ထည့်လိုက်မော့လိုက်နှင့် တစ်ခွက်ပြီးတစ်ခွက် အရက်တွေမျိုချနေတာကို ဒီတိုင်းမြင်နေရ၏။

ဒီမှာ ချစ်ခြင်း တစ်ယောက်တည်း ခြောက်ကပ်ကပ်ကြီးဖြစ်နေတာကိုလည်း သူ လှမ်းမြင်နေသားနဲ့ ဂရုမစိုက်။

တစ်ခန်းလုံး ကြိုင်လှိုင်နေတဲ့အနံ့တွေက ရေမွှေးနံ့လိုလို၊ စီးကရက်နံ့လိုလို ...၊ ဒါပေမယ့် အရက်နံ့တွေပဲဆိုတာလောက်တော့ ချစ်ခြင်း သိသည်။

တေးဂီတသံတွေ၊ လူသံတွေနှင့် ဒီအနံ့အသက်တွေရောကာ စိတ်အိုက်လူအိုက်ဖြစ်လာ၏။ စိတ်ညစ်ညစ်နှင့် ခြံရံ့ကိုပဲ လည်ပင်းရှည်ရှည်ပြီး လှမ်းမျှော်နေရတာလည်း ကိုယ့်အဖြစ်ကိုတောင် ရှက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ကို အရွဲ့တိုက်ခေါ် ထုတ်လာခဲ့ပြီး ဘယ်ကိုသွားဖို့မှလည်း ရည်ရွယ်ချက်မရှိခဲ့ဘဲ ဒီဘက်ကိုလှည့်ဝင်လာတာ ရုတ်တရက် ဆုံးဖြတ်ချက်နဲ့ဖြစ်သည်။

ဒါနဲ့တောင် သူ့မှာ အပေါင်းအသင်းတွေနဲ့ဆုံစည်းဖြစ်သေးသည်။ ဒီလိုနေရာတွေမှာ သူနဲ့မသိသူမရှိလို့ထင်ပါရဲ့ ...။ ဒေါသဖြစ်လာတော့ မဟုတ်ကဟုတ်ကတွေလျှောက်တွေးရင်း စိတ်မထိန်းနိုင်သည့်အဆုံးမှာ နေရာမှထ,ရပ်လိုက်မိသည်။

"ဟား .. ဘယ်လေတိုက်ပြီးလွင့်လာတာသဲ"

"အဟွန်း .. လမ်းကြောင်းမှားလာတာတော့ သေချာတယ်ကွ"

"အို .. ဘာလုပ်တာလဲ"

ရှေ့ကနေ နီးနီးကပ်ကပ်ရပ်ပြီး ချစ်ခြင်း တစ်ကိုယ်လုံးကို ဝေ့ဝဲကြည့်နေသဖြင့် တော်တော်ကြီးရေချိန်လွန်နေပုံရသော လူနှစ်ယောက်မျက်နှာကို နီရဲနေ၏။

ပြီးတော့ တစ်ယောက်ပခုံးတစ်ယောက်ဖက်၍ ယိုင်လဲမသွားအောင် ထိန်းနေရင်း ရှုံစရာရယ်သံများနှင့် ...

"တစ်ယောက်တည်းလား"

"ကျွန်မမှာ အဖော်ပါတယ်၊ ရှေ့ကဖယ်နော်"

စားပွဲတွေကြားမှာ ဘယ်ကနေမှ ရှောင်သွားလို့မရ။

"တောက်"

ရှက်သည့်စိတ်က ဘာကိုမှမမြင်၊ ကိုယ့်ရှေ့တည့်တည့်ကမျက်နှာကို အားရှိပါးရှိလွှဲရိုက်ပစ်လိုက်၏။

"ဟ .. ဆော်ကုန်ပြီ"

ရိုက်ပစ်လိုက်သည့်အသံကျယ်ကျယ်လောင်လောင်ကြီး ထွက်သွားမှ တအံ့တသြလှမ်းကြည့်ဖော်ရကြသည်။ ဒီလူတွေ ရှေ့ကပိတ်ပြီး ဗရုတ်





သုတ်ခတွေ နှောင့်ယှက်ပြောဆိုနေတုန်းကတော့ အမြင်မတော်သည့် ဇာတ်နာလေးနဲ့တောင် ဝင်ရောက်ဖြေရှင်းပေးမယ့်သူမရှိ။

"မင်းက လက်သံပြောင်လှချေလား၊ ဟော့ ..."

"လွှတ်နော်"

တစ်ယောက်ကိုထိသွားတော့ တစ်ယောက်က ချစ်ခြင်း လက်ကောက်ဝတ်လေးကို ပိုင်စိုးပိုင်နင်းလှမ်းဆွဲပစ်လိုက်ပြီး ...

"မင်းမှာ အဖော်ရှိနေတာတောင်မှ ဒီလိုရိုင်းစိုင်းတတ်နေသလား"

"ရှင် .. လွှတ်"

"အဖော်ရှိနေလို့ ရိုင်းရဲတာပေါ့ကွ၊ ဒီမှာ .. ဒီဘက်နည်းနည်းလှည့်"

ရောက်လာသူက ခြံရံ ချစ်ခြင်း လက်ကိုဆွဲထားသူ၏ပခုံးအား နောက်ကနေ တံခါးခေါက်သလို လက်ခုံနဲ့ နှစ်ချက်၊ သုံးချက် ပုတ်ခေါ် လိုက်သည်။

ထိုသူက လှည့်ကြည့်ပေမယ့် ကိုင်ထားသည့်လက်ကို မလွှတ်ဘဲ မိုက်ကြည့်ကြည့်တာဖြစ်၏။ ခြံရံ က စိတ်မရှည်သည့်မျက်လုံးတွေ ထိုလက်ဆီ စူးခနဲရောက်သွားကာ ...

"မင်းကို ဒီဘက်လှည့်ခိုင်းနေတာ"

အံကြိတ်သံနှင့်ပြော၍ လက်နှစ်ဖက်ကို တစ်ဖက်စီကိုင်ပြီး ဆောင့်ဖြုတ်ပစ်လိုက်၏။

"မင်းက .. မင်းက ဘာလဲ"

"အဖော်"

"ဘာ ..."

"အဟွန်း ...၊ မင်းမျက်လုံးတွေကို တည့်တည့်ကြည့်လိုက်၊ ဘယ်နေရာကြည့်ကြည့် မင်းအာရုံထဲမှာထင်နေတာ အဲဒီတစ်ခုတည်းပဲရှိတယ်ဆိုရင် ..."

"ဟိတ်ကောင် ..."



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်း ရိုက်ပစ်လိုက်လို့ ယိုင်ထွက်သွားသည့်တစ်ယောက်ကလည်း ဒေါ်းကိုရောက်လာကာ ...

"ဒါ ငါ့ပစ္စည်းဆိုရင် တစ်ခွန်းပဲပြောလိုက် .. ရှင်းရှင်းလေး၊ မင်းကိုယ် မင်း ရုပ်ရှင်မင်းသားထင်ရင် ဒီနေရာမှာ ဓွေးဓွေးနှီသွားမယ်"

ခြံရံ က နှစ်ယောက်လုံးကို မပ်မဲ့မဲ့ကြည့်ကာ ...

"မိန်းမမြင်တိုင်း မင်းတို့မျက်လုံးထဲမှာ ဖောက်ထိုးမြင်နေရင် သတိထားဦး၊ ထမိက မျက်နှာပြန်အုပ်နေမှာ၊ ကိုယ့်အမေကို ပစ်မှားမိတယ်"

"ဘာကွ ..."

"ဟေ့လူတွေ ..."

နှစ်ယောက်လုံး ရှူးရှူးရှားရှားရှေ့တက်လိုက်သည်နှင့် လုံခြုံရေးတွေက နောက်ကရောက်လာပြီး နှစ်ယောက်စလုံးကို ဖမ်းချုပ်ပစ်လိုက်၏။ သူတို့ကလည်း ထိုသူနှစ်ယောက်ကို ဒေါသတွေဖြစ်လျက် ...

"ခင်ဗျားတို့ ဒီကိုလာတိုင်း ပြဿနာ အမြဲရှာတယ်၊ လာ .. လာလိုက်ခဲ့တော့"

"တောက် ... ဟိုကောင် .. အချင်းချင်းတွေတော့င်မှ လူပါးလာဝသေးတယ်"

ရှန်းကန်တက်ခေါက်ရင်း နှစ်ယောက်စလုံးပါသွားကြသည်။ ခြံရံ က လက်ဝါးနှစ်ဖက်ကိုပွတ်သပ်၍ ပီကေဝါးနေတာ မပျက်။

"ကိုကြီး"

သူ့မျက်လုံးတွေ ချစ်ခြင်း ဆီရောက်သွား၏။ ဘယ်တုန်းကမှ မကြည့်ခဲ့ဖူးသော မျက်လုံးစိမ်းတွေကြောင့် အံ့ဩသလိုဖြစ်သွားခြင်းမှာ ပီကေဝါးနေသော လှုပ်ခတ်နေသည့်မေးဖျားတွေတောင် ရပ်တန့်သွားခဲ့သည်။

"ချစ်ခြင်း ပြန်မယ်"





ချစ်ခြင်း သည် သူ့ကို တရားခံလိုလို၊ အသွန်ရှုံမုန်းစရာကောင်းသည့် ရာဇဝင်လူဆိုးကြီးလိုလို တစ်ကိုယ်လုံးကို စုန်ချည်ဆန်ချည်နှစ်ခါလောက် ပြေးပြီးမှ မျက်ဝန်းတွေကို တခြားလွှဲပစ်၏။

မျက်ဝန်းမှာပြည့်သိပ်နေသည့်မျက်ရည်များနှင့် စောစောက ဟိုလူ ဆုပ်ဆွဲထားသည့်လက်ကလေးတစ်ဖက်ကို ဖိဆုပ်ပွတ်ချေနေတာ မြင်တော့မှ သူ သဘောပေါက်သွားသည်။ နှုတ်ခမ်းတွေကိုမဖွင့်ဘဲ ပီကေကို ဖိကြိတ်ဝါးနေရင်း ...

"ခဏနေဦး၊ ငါကိစ္စမပြီးသေးဘူး"

"ဟုတ်သားပဲကွာ၊ ဒီမှာ သူ့ပြဿနာရှိသေးတယ်"

အသံကြောင့် ချစ်ခြင်း လှည့်ကြည့်လိုက်တော့ ပုစွန်ဆီရောင်နှုရဲနေသော အပေါ်ပိုင်းကျပ်ကျပ်၊ တင်မှ အတွန့်ဖွားဖွားနှင့်ဝတ်စုံကို စတော့ကင်အနီရောင်နှင့်ဝတ်ထားသည့် အမျိုးသမီးတစ်ယောက်၊ ကိုကြီးနဲ့တော့ ရွယ်တူလောက်ပဲဖြစ်လိမ့်မည်။ ဒါပေမယ့် သွေးရောင်ပေါက်အောင်နီမြန်းနေသည့် မျက်နှာက နှင်းပွင့်လိုဖွေးနေသည့် အသားရောင်ကို ဝါးမျိုထား၏။

နားရွက်အောက်လောက်ဆံပင်ကုပ်ကုပ်ကို တခြမ်းစောင်းလုပ်ချထားတာ မျက်နှာတစ်ခြမ်းလုံးပျောက်နေသလိုပင်။ ပါးလှသည့်နှုတ်ခမ်းလွှာတွေက ပြုံးနေပေမယ့်လည်း ခင်မင်နှစ်လိုဖွယ်မရှိ။

တော်တော်လှမည့်ပုံရှိပေမယ့် အခု ချစ်ခြင်း ရှေ့မှာရောက်လာသည့် ရိုဝေဝေခပ်တွေတွေမျက်နှာကတော့ စိတ်ပျက်ဖို့သာကောင်းလေသည်။

သူမက ချစ်ခြင်း စူးစိုက်ကြည့်နေတာကို 'ကြည့်ပါဦး'လို့ သေသေချာချာမော့ပြနေသလို အပြုံးမပျက်ရှိရင်း မျက်ခုံးလေးပင့်လိုက်၊ မေးဖျားလေးမော့ပြလိုက်၊ ချစ်ခြင်း မျက်ဝန်းတွေ ဖျတ်ခနဲရှေ့ဖယ်သွားမှ ...

"နာမည်ကိုလဲမှတ်ထားပါဦး၊ 'နန်းမဟာနွယ်'စိန်တိုက်ပိုင်ရှင် ဦးဝေငွေရဲ့ တစ်ဦးတည်းသောသမီး 'ဝဇ္ဇာထိပ်ထား' "



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်း မျက်ခုံးလေးတွန့်သွား၏။ စိန်တိုက်ပိုင်ရှင် ဦးဝေဠုကို မေမေ ပြောနေတဲ့စကားတွေထဲမှာ မကြာခဏကြားဖူးနေတာပါ။ မေမေဆိုရင် လက်ဝတ်လက်စားဆို အဲဒီမှာဝယ်နေကျ ...။

"သြော် .. မဝဠာထိပ်ထား က အမေ မရှိဘူးကိုး"

သူမကလည်း လည်သည်။ ချစ်ခြင်း မျက်ဝန်းတွေထဲက တိမ်ငုတ် ကျန်ခဲ့သည့်စကားတို့ကို မျက်ဝန်းချင်းစုံစမ်းလိုက်ပြီး ...

"မင်းမှာလဲ အဖေမရှိဘူးမဟုတ်လား၊ အဟွန်း .. ဘဝအနိမ့်အမြင့် တွေ မညီညွတ်ကြတာ အဲဒီလိုနောက်ကြောင်းတွေကြောင့်ပဲလေ"

ချစ်ခြင်း က မျက်တောင်လေးတွေ တဖျပ်ဖျပ်ခတ်၍ ဒီစကားပိုင်းနှင့် မသက်ဆိုင်သောမျက်ရည်တို့ကို ပုတ်ခတ်ဖယ်ရှားသည်။ ပြီးတော့ တည် ငြိမ်အောင် စိတ်ကိုထိန်းကာ ...

"ဟုတ်ပါတယ်၊ ဒါပေမယ့် တွေးကြည့်မယ်ဆိုရင် အမိမဲ့သား ရေနည်း ငါး တဲ့၊ မိခင်မဲ့တဲ့သားသမီးက ခန်းခြောက်လုလုကန်ထဲကငါးနဲ့တူတယ်၊ ဖခင်မဲ့တဲ့ သားသမီးတွေကျတော့ အရိပ်မဲ့တဲ့နေပူပြင်ကို ဖြတ်သန်းနေကြ တာနဲ့တူတယ်လေ။ သာသနာသက်တမ်းမကုန်ဆုံးသရွေ့ နေဆယ်စင်း အပြိုင်ပူဖို့လဲမရှိတော့ နေပူထိပြီးသေတဲ့မသာ မရှိသေးဘူး၊ ရေနည်းသွား တဲ့ကန်ထဲမှာဆိုရင်တော့ ငါးတွေအတွက် အသက်အန္တရာယ်ရှိတာပေါ့.. ဟုတ်တယ်နော်"

သူငယ်ချင်းမိတ်ဆွေတွေပါးစပ်ဖျားမှာ ထိပ်ထား ဆိုသည့် နာမည် တစ်လုံးနှင့် 'သခင်မ'တစ်ပါးဖြစ်နေခဲ့သည့် ထိပ်ထားမျက်နှာလေး ညို့ခနဲ မှောင်သွား၏။ သူမ ဘာမှမတုံ့ပြန်ရသေးမီ ချစ်ခြင်း က နှာခေါင်းရှုံ့တော့ မလို နှုတ်ခမ်းမဲ့တော့မလိုမျက်နှာလေးနှင့် ခြံရှံ ကို လှည့်ကြည့်ကာ ...

"ကိုကြီးမှာ ပြဿနာတွေ မပြတ်နိုင်သေးဘူးဆိုရင် နေခဲ့လေ၊ ချစ်ခြင်း ပြန်မယ်"





တကယ်ပြန်မည့်မျက်နှာနှင့် ပြောနေတာကို သိသော်လည်း တကယ် လို့ မယုံနိုင်သည်မို့ ချစ်ခြင်း ချာခနဲလှည့်ထွက်သွားတာကို ခြံရှံ ဒီတိုင်း ကြည့်နေလိုက်မိသည်။

"တကယ်ရင့်တယ်နော်၊ တို့ကို သရုပ်ပျက်ဝတ်စားနေထိုင်တဲ့ မိန်း ကလေးလို့ကြည့်ပြီး အပီအပြင်ကိုဖဲ့သွားတာ"

"သူ စိတ်ဆိုးသွားတာ ကိုယ့်ကိုပါ၊ မင်းကို တောင်းပန်တယ်"

"အဟွန့် ..."

ထိပ်ထား က အုပ်ကွယ်နေသည့်မျက်နှာပေါ်က ဆံပင်တွေကို မျက် နှာ ဆတ်ခါ၍ဖယ်ပစ်လိုက်ရင်း ရယ်သည်။

"မလိုပါဘူး ခြံရှံရယ်၊ မျက်လုံးထဲကို အမှိုက်ဝင်သွားသလောက် တော့ဖြစ်တာပေါ့၊ သူက ယူနဲ့ ဘယ်လိုလဲ"

"ဘယ်လိုမှမလဲဘူး"

"လင်မယားနဲ့မှမတူတာ"

"ဘာနဲ့တူလို့လဲ"

"မောင်နှမ ..."

"မောင်နှမမှမဟုတ်တာ၊ အဲဒါကြောင့် လက်ထပ်ကြတာပေါ့"

"ယူ့မိတွေးက ပညာတော်တာလို့ ပြောကြတယ်"

"ဘာ .. ဘယ်လို ..."

"ကြားမိတာပါ၊ ယူ့ဒက်ဒီက ဟိုက်ဘော့စ်တစ်ယောက်ပဲ၊ အဖေကို ယှုနိုင်ကာမှတော့ ယူလဲ တစ်နေ့နေ့ ဒီလိုဖြစ်သွားမှာပဲလို့ ပြောကြတဲ့ စကားတွေ ..."

ခြံရှံ့ မျက်နှာ ပြုံးယောင်သမ်းသွားသည်။ ဒေါ်မမခိုင် မျက်နှာကြီးကို မြင်ယောင်မိသလိုပါ။

"အဟွန်း ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်တာလဲ"

"ရယ်စရာမို့လို့ပေါ့၊ ပတ်ဝန်းကျင် ကဲ့ရဲ့စကားဆိုတာ လူတွေရဲ့ ဖြစ်ရိုးဖြစ်စဉ်အတိုင်းမဟုတ်ဘဲ၊ တခြားတစ်စုံတစ်ရာကို ထူးခြားဖောက်ထွင်းခွင့်မပေးခြင်းက စ,တာထင်တယ်"

"ပြောပါဦး"

"ဟုတ်တယ်၊ ဒီထက်တော့ ကိုယ် မပြောတတ်ဘူး၊ ဒါပေမယ့် ဖြစ်ရိုးဖြစ်စဉ်မဟုတ်ဘဲ ထူးခြားနေတာတွေကျတော့ ဘယ်သူမှမသိတော့ဘူး၊ တစ်ခါတလေ လူတွေကြားထဲက ပြဿနာအရပ်ရပ်မှာ အမှန်တရား ပျောက်ကွယ်နေတတ်တာ အဲဒါပဲ၊ အားလုံးလိုလိုက မြင်နေရတာကိုပဲ ကြည့်တတ်တယ်၊ မမြင်နိုင်တာကို ထွင်းဖောက်မြင်နိုင်အောင် ကြိုးစားတဲ့သူ ရှားတယ်လေ"

ထိပ်ထား က စိတ်ရှုပ်လာသည့်မျက်နှာလေးနှင့် ရှုံ့မဲ့သွားကာ ...

"လာပါ၊ အဲဒါတွေထားလိုက်တော့၊ ကန်းထရီးတီးရှော့ပ်မှာ မပြီးခဲ့တဲ့ပွဲ ပြန်စမယ်မဟုတ်လား"

ခြံရံ က အပြင်ကိုလှမ်းကြည့်ပြီး နာရီဆီ ပြန်ငုံ့ကြည့်၏။ ပြီးတော့ ခေါင်းခါလိုက်ကာ ...

"အပြင်မှာ မိုးရွာနေတယ်လေ၊ ချစ်ခြင်း မိုးမိလိမ့်မယ်"

"ယူ ပြောတော့ အရေးမပါဘူးဆို ..."

"ကိုယ့်မျက်စိအောက်မှာ သူရှိနေရင် ဟုတ်တယ်၊ သူ ထွက်သွားပြီဆိုတော့ ကိုယ်လိုက်မှဖြစ်မှာ၊ ဟိုကောင်တွေကို ပြောလိုက်နော်၊ ကန်းထရီးမှာပဲ ပြန်ဆုံမယ်"

ပြောပြီးလှည့်အထွက်မှာ သူများထိုင်နေသည့်ကုလားထိုင်အစွန်းတစ်ခုနဲ့ ကိုယ်တစ်ခြမ်းငြိကာ ယိုင်ခနဲဖြစ်သွားသည်။

"ဟာ ..."





"ဆောရီး"

လှည့်ကြည့်သည့်လူကို လက်ကာတောင်းပန်ရင်း ထွက်သွားသည့် ခြံရံ့ကို ထိပ်ထား က ခေါင်းတညိတ်ညိတ်နှင့်လိုက်ကြည့်နေလျက် ရယ်သည်။

"အဟွန်း .. သေချာတယ်၊ အက်ဆစ်ထိသွားပြီ"

ထိပ်ထား ပြောတာကို သူ ကြားလိုက်သည်။ ခေါင်းထဲမှာ ခပ်ထွေထွေဖြစ်နေတာနှင့် နောက်လည်းပြန်လှည့်မကြည့်မိတော့ပါ။

ကားပါကင်ကိုရောက်တော့ မိုးစက်တွေ ခပ်ကျဲကျဲကျနေလျက် ချစ်ခြင်း ၏အရိပ်အယောင်ကိုမှ မမြင်တော့ပေ။

"တောက် ... ပြောလိုက်ရင်တော့ ဘာမှသိတာတတ်တာ မရှိဘူး"

ကားနားထိရောက်နေပြီးမှ ဘီးကိုလွှဲကန်ပစ်လိုက်မိသည်။

ထိုစဉ် မိုးစက်တို့သည် အဖော်အပေါင်းများကို လက်တို့သတင်းပေး၍ ဖြိုင်ဖြိုင်ဆိုင်ဆိုင်ကြီးခုန်ဆင်းလာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၂)

အချိန်က ညဥ့်နက်နက်မဟုတ်ဘဲ မိုးရွာနေတော့ တစ်လမ်းလုံး ရှင်းနေသည်။ ကားတွေ သွားလာနေတာ ရှိပေမယ့် ကျူးတိုးကျဲတဲပဲဖြစ်ကာ လူသူ အသွားအလာက မရှိတော့သလောက်ပင်။

ဒါပေမယ့် သူ့မျက်လုံးတွေကို လမ်း၏ဘယ်ညာနှစ်ဖက်စလုံးမှာ အလုပ်ပေးထားရ၏။ ဘာမှမရှိတာကိုပဲ ပိုက်စိပ်တိုက်ကြည့်လာခဲ့ရ၏။

ဒီကြားထဲ ကျော်တက်သွားသည့်ကားပေါ်မှာ မိန်းကလေးသဏ္ဌာန် လေးမြင်လိုက်တာနှင့် ပြူးပြဲခေါင်းထောင်သွားရကာ ခရီးအတော်ပေါက်လာတော့ ဒေါသက ဆောင့်လန်ထွက်၏။

ဒီကောင်မလေး ပါကင်မှာ သူ့ကို ခဏလေးတောင် ပြန်လှည့်မစောင့်ဘဲ တစ်ခါတည်းတန်းပြန်သွားတာပဲဖြစ်မည်။

"တောက်"

သူ စကားပြောကျန်ခဲ့တာ အလွန်ဆုံးရှိလှရင် သုံးမိနစ်လောက်ပေါ့ ဒါကို ဒီလောက်ကြီးထိ ခရီးပေါက်နေအောင် သွားပဲသွားနိုင်လွန်းသည်





တက္ကသိုလ်ဆိုင်ငှားဖို့ စိတ်ကူးရှိနေလည်း ကားငှားလို့ရတဲ့နေရာထိ ရောက်အောင်သွားဖို့က နီးနီးလေးမဟုတ်ပေ။ သူ ဒီလောက်ထိ ရောက်မလာခင် လမ်းပေါ်မှာတွေ့ရမည်သာ ...။

ဒေါသတွေက ရေနွေးအိုးလို ပွက်ပွက်ဆူလာ၏။ ခပ်ထွေထွေရှိဝေဝေဖီးလ်မျိုးကို တစ်ခါတလေမှာ မက်မက်စက်စက်ခံစားချင်တတ်လို့ မျိုချထားတာတွေလည်း ဒွါရကိုးပေါက်ကနေ အကုန်လုံး အငွေ့ပျံပြီး အူထွက်ကုန်ပြီလားမသိ။

ထိုစဉ် မျက်ဝန်းထောင့်မှာ အဖြူရိပ်လေးတစ်ရိပ်ကို ရိပ်ခနဲကျော်တက်လိုက်ခဲ့တာမြင်လိုက်သလိုဖြစ်သွားသဖြင့် ဘက်ခ်မှန်ကနေ မျက်မှောင်ကြုတ်၍ စူးစိုက်ကြည့်လိုက်မိသည်။

"ဟင် ..."

ချစ်ခြင်းမှန်း သူ သိလိုက်၏။ ကားမှတ်တိုင်ဟု သတ်မှတ်ထားပေမယ့် ယခု ကားမှတ်တိုင်မဟုတ်တော့သဖြင့် ထိုင်ခုံတွေမရှိဘဲ ခေါင်မိုးတစ်ခြမ်းစုတ်သာရှိတော့သော အမိုးရိပ်လေးအောက်မှာ လက်လေးပိုက်၍ ကုပ်ကုပ်လေးရပ်နေသည်။

သူ ကားကိုဘေးဆွဲကပ်ကာ အကြမ်းပရမ်းပြန်ဆုတ်လာခဲ့၏။

"ဗွမ်း"

"အား"

မိုးဦးဖြစ်သောကြောင့် ဗွက်ထပြီဆို ဘယ်တော့မှမခြောက်တဲ့ရှိတတ်သည့် ရေအိုင်က ကားတစ်စီးလုံးဆောင့်ခုန်ဖြတ်ပစ်လိုက်တော့ ရွှံ့ရောသောရေတွေ ဘေးကို ဖျန်းခနဲဝင်ထွက်ကုန်ကြ၏။

လမ်းဘေးကို ထွက်သမျှရေတွေက ချစ်ခြင်း၏ အောက်တစ်ပိုင်းလုံးကို ခုန်ပေါက်မိတ်ဆက်သွားကြသည်။ ချစ်ခြင်း ရှောင်ပါသည်။ ဒါပေမယ့် ဟန်ပြင်နေတုန်းမှာပဲ လျှပ်တစ်ပြက်ကြီးဖြစ်သွားတာမို့ လက်ပိုက်လေး



www.burmeseclassic.com

www.burmeseclassic.com



ဖြုတ်ခနဲကွာသွား၏။

ပြီးတော့ အနက်ပွင့်ရိုက်လိုက်သလို ညစ်ပတ်ပေကျံသွားသော ကိုယ့်ထမီကို ပြန်ငုံ့ကြည့်ကာ ...

"သွားပါပြီ"

မရနိုင်တော့မှန်းသိလျက်နှင့် ထဘီစကို လွတ်တဲ့နေရာကကိုင်ပြီး လှုပ်ခါချနေမိ၏။ နောက်တော့မှ ဖျတ်ခနဲမော့လာကာ ...

"ကိုကြီး ဘာဖြစ်လို့ အရမ်းမောင်းလာတာလဲ"

"ဘာ ..."

"ဂျိမ်း"

အသံမပြည်သည့်ကားမျိုးကို ပြည်သံထွက်အောင် တံခါးဆောင့်ပိတ်ကာ မိုးရေထဲကို ဒီတိုင်းဆင်း၏။ ချစ်ခြင်း ရှေ့ကို ခြေတစ်လှမ်းတည်းနဲ့ လှမ်းခုန်ကူးလိုက်ပြီး ...

"ခင်ဗျားက ဘာတွေမာနပြသွားတာလဲ၊ ဘာအားကိုးနဲ့လဲ၊ အဲဒီကား က အရမ်းမောင်းရုံတင်မကဘူး မင်းကိုပါ တက်ကြိတ်ပစ်ဖို့ရှိတယ်၊ နားလည်လား"

"ကြိတ်လိုက်ပါလား"

ချစ်ခြင်းကလဲ ပြန်အော်သည်။ ငိုထားမှန်းသိသာစေသည့် ပါးပြင်လေးတွေက မျက်ရည်တွေစိုနေသဖြင့် မှုန်ပျပျလမ်းမီးတိုင်အောက်မှာ ပြောင်လက်လက်လေးဖြစ်နေသည်။

"ကိုကြီးက အားကိုးရှိမှ အာခံရဲတယ်ထင်တယ်၊ ချစ်ခြင်း က အားကိုး မလိုဘူး၊ ကိုကြီးကို ဒီလောက်သည်းခံနေတာ ချစ်ခြင်းရဲ့ တစ်ယောက်တည်းသော ငါ့ရဲ့အစ်ကိုလို့ ပထမဆုံးခင်တွယ်မိခဲ့တဲ့ ရူးသွပ်ခြင်းကြောင့်..."

ခြံရဲ့ ဘာမှပြန်မပြောမိပါ။ ဒါ ဖြစ်နိုင်မှန်းလည်း သိလိုက်သည်။ သူ့ ကားကိုမြင်လိုက်ရဲ့နဲ့ ဒီတိုင်းရပ်ကြည့်နေခဲ့တာ နည်းတဲ့သတ္တိလား။ ဘယ်





ကားလာဖို့မှမရှိ၊ အချိန်က ညဥ့်နက်နေပြီ၊ မိုးတွေလည်းရွာနေ၏။

လက်ထပ်ခဲ့ပြီးမှ အံ့သြဖွယ်များစွာတွေ့ရှိလာခဲ့ရသည့် ချစ်ခြင်း ၏ စိတ်ဓာတ်ကို သူ ကြိုတင်ခန့်မှန်းနိုင်ဖို့ ခဲယဉ်းသွားပြီမှန်းလည်း နားလည် လိုက်သည်။

အံ့သြခြင်းသည် အထုပ်အထည်နှင့်ပါလာခဲ့သည့်ဒေါသတွေကို တောင် တဒင်္ဂမေ့သွားစေခဲ့၏။

"အခု ကိုကြီးက ချစ်ခြင်း အထင်ကြီးခင်တွယ်ခဲ့တဲ့ ကိုကြီး မဟုတ် တော့ဘူး၊ မဟုတ်တော့ဘူးဆိုတာ ပြောင်းလဲသွားတာကို ပြောတာ မဟုတ်ဘူး၊ ချစ်ခြင်း အထင်မှားခဲ့တာကို ခုမှသိရတာ"

"ဘာပြောတယ်၊ မင်း ဘာပြောလိုက်တယ်"

"ချစ်ခြင်း ကို အဲဒီလို မညာမတာ မကိုင်ပါနဲ့"

ပခုံးနှစ်ဖက်ကနေ ဆောင့်ဆွဲပစ်လိုက်တော့ ချစ်ခြင်း က အတင်း ခါချပစ်၏။

"ကိုကြီးက မေမေ့ ပြောသလိုပဲ၊ လောင်းကစားသမား၊ ထင်သလို သောက်စားပေတေနေတဲ့လူ၊ မေမေ့ကို အရွဲ့တိုက်နေတာမဟုတ်ဘူး။ ချစ်ခြင်း ကို အစကတည်းက ခုထိ သံယောဇဉ်အကြွင်းနှာတရား တစိုး ကစိမှမရှိခဲ့တဲ့လူ၊ အဲဒါကြောင့် နိုင်ချင်သလိုနိုင်၊ ထားချင်သလိုထားပြီး ကိုကြီး နေချင်တဲ့ပုံစံနဲ့ နေနေတာ"

ကြည့်စမ်း ...၊ ပုဒ်မတွေထွက်လာလိုက်တာ နာရီပိုင်း မိနစ်ပိုင်းလေး အတွင်းမှာ မနည်းမနော ...။

"အဲဒါ ခုမှသိတာ၊ ချစ်ခြင်း ဝမ်းနည်းတယ် သိလား၊ ကိုကြီးကို ချစ်ခြင်း ခေါင်းငုံ့သည်းခံလာခဲ့တာ ချစ်ခြင်း ညံ့လို့မဟုတ်ဘူး၊ မေမေနဲ့ ဦးဦးမိုးတို့ကစဉ်ကလျှားဖြစ်မှာစိုးတာ၊ အစ်ကိုလို သံယောဇဉ်ရှိနေပြီးသား မို့လို့ ချစ်နိုင်ကြမှာပဲလို့ ယုံကြည်ခဲ့တာ၊ တကယ်ကို လုံးဝ သံယောဇဉ်



www.burmeseclassic.com

www.burmeseclassic.com



မထားခဲ့တာကို ခုမှသိတယ်၊ အခု ရွှေကိုတိုးနေရင်း နောက်ပြန်ကြည့် လေ နားလည်လေ၊ ချစ်ခြင်း တစ်ယောက်တည်းထွက်သွားတာကို ကြောင်တောင်ကြည့်နေရက်တဲ့ အပြုအမူတစ်ချက်နဲ့ပဲ အားလုံး သေဆုံး သွားတာ၊ ကိုကြီးလိုပဲနေနိုင်အောင် ချစ်ခြင်း ကြိုးစားမှာပါ။

"ဟိတ် ..."

ချစ်ခြင်းက သူ့ကိုကွေ့ရှောင်ပြီး မိုးရေထဲကို ပြေးဆင်း၏။ သူလှမ်း ဆွဲပေမယ့် လက်ဖျားလေးကိုပဲထိမိကာ အလှမ်းကွာသွားသည်၊ သောက်ထားခဲ့သည့်အရှိန်နှင့်မို့ လှမ်းအဆွဲမှာ လူကယိုင်သွားသဖြင့် ချက်ချင်းမလိုက်နိုင်ဘဲ သူကျန်ခဲ့တာဖြစ်သည်။

ထို့ကြောင့် ကားပေါ်ပဲပြန်တက်ခဲ့ပြီး ကားနဲ့ မောင်းလိုက်ခဲ့သည်၊ ချစ်ခြင်း က သူ ဒီလိုလိုက်လာမှာပဲဆိုတာကိုသိလို့ အမူပိုသွားတာ မဟုတ်ပေ။ သူကားနဲ့ပြန်လိုက်ဖို့ လုံးဝစိတ်ကူးမရှိတော့သည်မို့ ကား မောင်းလို့မရအောင် လမ်းကို ဘယ်ဘက်ကပ်ကာ ထွက်ပြေးသည်။

ခုကျမှ ကားတွေ တစ်စီးပြီးတစ်စီး လာနေတာမြင်ရသဖြင့် သူမှာ ညဘက်ပဲဆိုပြီး လမ်းပြောင်းပြန်ကြီးလည်းမမောင်းရဲ၊ ချစ်ခြင်း နဲ့ ဘေးတိုက်နေရာကိုမှီလာသည့်တိုင် ကားရပ်ဆင်းလို့လည်းမဖြစ် ကိုယ်ကကပ်သွားလို့လည်းမဖြစ်။

"ချစ်ခြင်း ..."

မိုးသံတွေရှိသဖြင့် အသံကို မြှင့်ခေါ်လိုက်သည်။

"မင်း ဟိုရှေ့မှာ ရပ်နေလိုက်နော်၊ မဟုတ်ရင် ငါ့အဆိုးမဆိုနဲ့"

ချစ်ခြင်း က လှည့်လည်းမကြည့်၊ ခြေလှမ်းကိုလည်း ပို၍ အရှိန် မြှင့်တင်လိုက်သည်။ ကားတွေရှိလာသဖြင့် ပြေးဖို့မသင့်တော့မှန်းသိ နေပေမယ့် ခြံရဲ့အသံကို ကြားရလေ ဝမ်းနည်းလေ၊ မျက်ရည်တွေ ကျနေတာကလည်း မိုးစက်များနှင့် ရောနှောပျောက်ကွယ်သွားကြ၏





နားထဲမှာ စွဲထင်ကျန်ရစ်ခဲ့သည်က သူမကို နှောင့်ယှက်ကြသည့် ယူရှူယ်နှစ်ယောက်ထံမှ မကျေမနပ်ကြိမ်းဝါးသံများပင်။

"တောက် .. အချင်းချင်းတွေတောင်မှ လူပါးလာဝသေးတယ်"တဲ့။

အချင်းချင်းတွေဆိုတော့ တခြားတစ်ပါးသော မိန်းကလေးတွေကို ဒီလိုမျိုး ...။ ရှိုက်ငိုချင်သည့်ရင်ဘတ်ထဲမှာ ကျပ်သိပ်လာကာ ခြေလှမ်း မှားသွား၏။ ထိုအခါ ရေတင်နေသည့်လမ်းနံဘေးမှာ ပြင်ညီမှန်း၊ ချိုင့်ခွက် မှန်း မခွဲခြား၊ မထိန်းသိမ်းနိုင်တော့ဘဲ ခွေခေါက်လဲကျလေသည်။

"ဟော့ .. ဘာဖြစ်သွားတာလဲ"

ကားကြောရှင်းသွားချိန်မှာ ချစ်ခြင်း ဘေးကို ကားတစ်စီးထိုးရပ် လာ၏။ ဒီအနေအထားက လမ်းပြောင်းပြန်တော့မဟုတ်ပေမယ့် ကား ရပ်လို့မရသည့်နေရာဖြစ်သည်။ သို့သော် ကားပေါ်က အသက်လေး ဆယ်ခန့်ရှိသောလူတစ်ယောက် ဆင်းလာကာ ထီးကို ချစ်ခြင်း အပေါ် မှာ အုပ်မိုးမိအောင် ခပ်မြင့်မြင့်မြှောက်၍ ဖွင့်လိုက်သည်။

"မင်း ပြန်ထနိုင်ရဲ့လား ..."

ချစ်ခြင်း မော့ကြည့်လိုက်တော့ ခြံရဲ့ကား၏ နောက်မီးနှစ်လုံးကိုပဲ လှမ်းမြင်လိုက်ရ၏။

"ညီမ .. ဘယ်လိုလဲ"

"ရှင် .. ဟုတ်ကဲ့"

ထိုလူက ထီးမိုးပေးထား၍ တွဲထူပေးချင်ပုံလည်းရှိပေမယ့် မထူ ရဲဘဲ လက်တစ်ဖက်က ရှေ့ကိုမလာ၊ ဟိုကိုမရောက်နှင့် နေရာမရ ဖြစ်နေသည်။ ချစ်ခြင်း မတ်တတ်ရပ်နိုင်လာမှ ...

"မင်း မိုးရေထဲမှာ တစ်ခုခုဖြစ်လာပုံပဲ၊ ဒီလောက်စိုရွှဲပြီး ပေရေ နေတာ ..."

"ဟုတ်ကဲ့ .. ဟိုလေ ..."



www.burmeseclassic.com

www.burmeseclassic.com



"လာ .. လာ .. ကားပေါ်တက်၊ ကားထဲရောက်မှပြော၊ မင်းသွားချင်တဲ့နေရာကို ပို့ပေးမယ်"

"ရှင် .. ဟို .. ဟင့်အင်း ..."

မျက်မှန်နှင့်လူက မျက်မှန်ကိုတစ်ချက်ပင့်ပြီး ချစ်ခြင်း ခေါင်းခါလိုက်တာကို နားလည်သွားကာ ...

"တို့က တရားရုံးချုပ်ရှေ့နေတစ်ယောက်ပါ၊ မိန်းကလေးမြင်လိုက်လို့ ကူညီချင်စိတ်ပေါက်သွားတာမဟုတ်ဘူး၊ လှမ်းမြင်လိုက်ကတည်းက တကယ်ဒုက္ခရောက်နေတဲ့သူဆိုတာ ခံစားမိလို့ ဒီလိုမေးတာ၊ မင်းမယုံကြည်ဘူးဆိုရင် နေနိုင်ပါတယ်"

"မဟုတ်ပါဘူး။ ချစ်ခြင်း က .. အဲ .. ကျွန်မက ကိုယ့်အဖြစ်ကို မလုံမလဲခံစားမိလို့ပါ၊ ခုချိန်မှာ ယုံကြည်တာ၊ မယုံကြည်တာထက် နှစ်ဖက်စလုံးမှာ ယုံကြည်ကြဖို့မသင့်တဲ့အချိန်လေ"

"ဒါဆိုရင် မင်း ဒီအတိုင်းနေခဲ့မယ်ပေါ့"

"ဟုတ် .."

ချစ်ခြင်း က ခေါင်းညိတ်ပြီး ဖရိုဖရဲပြေကျ၍ ပုံဆိုးပန်းဆိုးဖြစ်နေနိုင်သည့် ခေါင်းပေါ်ကဆံထုံးကို ဖြစ်သလို အလျင်အမြန်ဆွဲချုပစ်လိုက်၏။ လက်ထဲမှာပါလာသမျှ ကလစ်တွေ၊ ပန်းတွေကို တွေ့ကရာလွှင့်ပစ်၍ ဒီအတိုင်းဆက်လျှောက်ဖို့ ခြေလှမ်းလိုက်သည်။

"မသွားပါနဲ့ .."

ရှေ့နေက လှမ်းဆွဲတော့မလို လက်ပြင်ပြီးမှ ပြန်ရုတ်ကာ ...

"မင်းပြောတာမှန်တယ်၊ မင်းဘက်က မယုံကြည်ဘူးဆိုတာလဲထားလိုက်ပါ၊ ဒါပေမယ့် တို့က မင်းကို လုံးဝကိုယုံသွားပါတယ်၊ အဲဒီတော့ မင်း ဟိုဘက်ကနေ သွားဝင်ထိုင်ပါ၊ တံခါးမပိတ်ဘဲထားပြီး တို့ရဲ့ ရှေ့နေကဒ်ကို အရင်ယူကြည့်၊ စိတ်ချနိုင်မှ တံခါးပိတ်ပေါ့၊ မင်းကို ဒီ





အတိုင်း မထားခဲ့ချင်လို့ပါ၊ ဒါမှမဟုတ်ရင်လဲ မင်းကားမောင်းတတ်ရင် ဒီဘက်က ဝင်ထိုင်လိုက်၊ မင်းအိမ်ကို မင်းမောင်းသွား၊ ပြီးမှ တို့ပြန်မယ်"

ချစ်ခြင်း ထိုသူကို အားနာသွားသည်။ တစ်ကိုယ်လုံး စိုရွှဲကာ ချမ်းလည်းချမ်းနေပါပြီ။

"ချစ်ခြင်း .. ကားမမောင်းတတ်ပါဘူး၊ လိုက်ပို့ပေးပါနော်"

"အိုခေ .."

ကားက အကောင်းဆုံးတော့မဟုတ်ပါ။ အက်စ်အီးလက်ဟောင်းလေးဖြစ်သည်။

"ရော့ .. ယူကြည့်ပါ"

သူက ဖိုင်ကိုတကူးတကဖွင့်လိုက်ပြီး ရှေ့နေကဒ်ကိုယူပေး၏။

"ဟင့်အင်း .. မကြည့်တော့ပါဘူး၊ မယုံမကြည်ပြောမိတာကို ချစ်ခြင်း တောင်းပန်ပါတယ်"

"မတောင်းပန်ရပါဘူး။ မင်းက မိန်းကလေးပဲ"

သူက စကားတွေအများကြီးလည်း ဖောင်ဖွဲ့မနေပါ။ ကဒ်ကို ဖိုင်ပေါ်မှာ ဒီတိုင်းလေးပြန်တင်ထားလိုက်ပြီးမှ ကားထွက်သည်။

မိုးက မှန်မှန်ရွာနေတာဖြစ်သော်လည်း ကားက ဝိုက်ပါမကောင်းသဖြင့် ဖြည်းဖြည်းပဲမောင်းရသည်။

"တို့နာမည်က ကိုကိုဇော်၊ မင်းနာမည်က ချစ်ခြင်း တဲ့လား"

"ချစ်ခြင်းမွှမ်းမံ .."

"ဩော် .. လှသားပဲ"

သူက နောက်ကား အရှိန်နဲ့လိုက်လာတာကို ကျော်တက်သွားအောင် အရှိန်ပိုချကာ ဘေးကပ်ပေးလိုက်၏။ ဒါပေမယ့် ကားက ကျော်တက်မသွားဘဲ ရှေ့ကနေ ခပ်စောင်းစောင်းပိတ်ရပ်ပစ်လိုက်သည်။

ဘာမှန်းမသိပေမယ့် ကားချင်းတိုက်မိသွားမှာစိုးကာ ဦးကိုကိုဇော်



www.burmeseclassic.com

www.burmeseclassic.com



က ကားကို အလျင်စလိုရပ်ပစ်လိုက်ရသည်။ ပြီးတော့ ဂျာကင်အင်္ကျီ အနက်၊ ဆွယ်တာအဖြူနှင့် အမှောင်ထဲမှာထင်းနေသော ဆင်းလာသူတို့ကြည့်ကာ ...

"ဒီလူ ဘာလုပ်တာလဲ"

"ချစ်ခြင်း ကို လာခေါ်တာပါ"

"ဟင် .."

ဦးကိုကိုဇော် အံ့သြသွားသလို ဖျတ်ခနဲ လှည့်ကြည့်သည်။ ချစ်ခြင်း မျက်နှာလေးက လာကြိုတဲ့လူကိုမြင်လိုက်လို့ ဝမ်းသာအားရဖြစ်သွားတဲ့ပုံမရှိဘဲ ကိုယ်လေးမတ်မတ်ပြင်လိုက်ပြီး မျက်ဝန်းလေးတွေက အေးစက်စက်နှင့်။

ရှေ့နေတစ်ယောက်၏ အကဲခတ်နိုင်စွမ်းသည့်ကျွမ်းကျင်မှုအရ မောင်နှမ မဖြစ်နိုင်တာကို ဦးကိုကိုဇော်ကလည်း တန်းသိသွား၏။ သို့ဆိုလျှင် ...။

"ဟိတ် .. ဆင်းလာခဲ့"

မိုးစက်တို့ခိုသီးနေသည့် ဆံပင်တွေကို မျက်နှာခါပစ်လိုက်ပြီး ချစ်ခြင်း ဘက်ကတံခါးကို ထုပစ်လိုက်တာ မညင်သာ ..။

"ဦးကိုကို .. ချစ်ခြင်း လိုက်သွားတော့မယ်၊ သူက ချစ်ခြင်းရဲ့ ခင်ပွန်းပါ"

"ဩော် ..."

"ဦးကိုကို ကို ချစ်ခြင်း ကျေးဇူးတင်ပါတယ်နော်"

"ရတယ်၊ မင်းအဆင်ပြေသွားရင် ပြီးတာပါပဲ"

ချစ်ခြင်း ကားပေါ်ကဆင်းလိုက်တော့ ဦးကိုကိုဇော်က ဒီဘက်ကို လက်တစ်ဖက်ထောက်ငုံ့ကာ ခုနက သူ ဆောင်းခဲ့သည့်ထီးကို ကမ်းပေးရင်း ...





"ရော့ ညီမ ထီးယူသွားလိုက်"

"ရပါတယ်၊ စိုပြီးသားပဲ .. သွားပြီနော်"

ဦးကိုကိုဇော် ကားပေါ်ကနေ မျက်စိတစ်ဆုံး လိုက်ကြည့်နေခဲ့သည်။ ခြံရံ ကတော့ သူ့ကားပေါ်မှာ ပြန်ရောက်နေပြီဖြစ်လျက် လက်တို့သည် စတီယာရင်မှာတစ်ဖက်၊ ဂီယာတံပေါ်မှာတစ်ဖက် တင်ထား၍ မျက်ဝန်းတို့က မှန်ထဲမှာ စူးစိုက်နေ၏။

ပီကေဝါးနေသည့်မေးဖျားတို့ လှုပ်ခတ်နေပုံက မကျေနိုင် မချမ်းနိုင် အံကြိတ်နေတာနှင့်တူ၏။ ချစ်ခြင်း ထိုင်လိုက်သည်နှင့် ကားက သိမ့်ခနဲ ဆောင့်ခါသွားသည်။ ချစ်ခြင်း မျက်နှာလေးမော့ထွက်သွားကာ ထိုင်ခုံပေါ်က ပြုတ်ကျမတတ်ဖြစ်သွား၏။

နှစ်ယောက်၏အခြေအနေသည် စနက်တံဖြုတ်ထားပြီးသည့်ဗုံးနှစ်လုံးကိုကိုင်ပြီး ဘယ်သူ အရင်သေမလဲ တိုင်ပင်နေကြတာနှင့်တူနေသည်။

အိမ်ရောက်သည်နှင့် မိုးက ဝုန်းဒိုင်းကြဲရွာချလေသည်။ ဒေါ်တိုး တစ်ယောက်ပဲ တံခါးစောင့်ဖွင့်ပေးကာ ဦးဦးမိုးရော မေမေ့ကိုရော လုံးဝ မတွေ့ရပေ။

"ဒေါ်တိုး မေမေ အိပ်နေပြီလားဟင်"

"အင်း .. ရှစ်နာရီလောက်တော့ သမီးတို့ကိုမျှော် ..."

"အို ..."

ဒေါ်တိုး စကားမဆုံးခင် ချစ်ခြင်း လက်ကလေးကို ခြံရံ က ဆောင့်ဆွဲကာ အခန်းထဲထိ တောက်လျှောက်သွားသည်။ အထဲရောက်တော့ တံခါးကို ခြေထောက်နဲ့နောက်ပြန်ပိတ်ပစ်လိုက်ကာ ...

"ချစ်ခြင်း ..."

"အ ..ကိုကြီးနော်"

ချစ်ခြင်း မျက်နှာလေးမဲ့သွားသည်။ အခန်းထဲကိုဆွဲသွင်း၊ တံခါးပိတ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး မျက်နှာချင်းဆိုင်ပြန်ဆွဲလှည့်လိုက်ခြင်း။ စသည် လျှပ်စီးလက်သလို လှုကိုဆွဲလှဲမွှေ့ယမ်းနေသည့်အဖြစ်ကြောင့် ချစ်ခြင်း ကိုယ်လေးက သူ့ လက်ထဲမှာ အရုပ်တစ်ရုပ်ထက်အဖြစ်ဆိုးနေသည်။

လက်ကောက်ဝတ်တွေ ပခုံးတွေမှာ သူ ဖိညှစ်ဆုပ်ကိုင်ထားသည့် အရှိန်သည် အသားတွေ ကြေမွပြုတ်ကျကုန်တော့မလားမသိ၊ အတင်း ရုန်းထွက်တော့လည်း မလွတ်မြောက်နိုင်။

နှစ်ယောက်စလုံး မိုးရေတွေ တစက်စက်ဆင်းကျနေအောင် တစ် ကိုယ်လုံးစိုရွှဲနေကြလျက် အဝတ်စားလဲဖို့ကို သတိမရနိုင်အောင် မာန်မာန များနှင့် ရူးရူးရဲရဲကြည့်နေမိကြသည်။

ခြံရဲ့ မျက်ဝန်းများသည် တဖြည်းဖြည်း ဖျော့ကျသွားခဲ့ရင်း ...

“ချစ်ခြင်း မင်း .. မင်း ငါ့ကို ဘာတွေပြောသွားတာလဲ၊ ဘာတွေပြော ပြီး ဒီလောက်ပြတ်ပြတ်သားသားစွန့်စားလိုက်တာလဲ၊ လူမရှိ ကားမလာ တဲ့ လှမ်းမပေါ်မှာ ဘယ်လိုသတ္တိတွေနဲ့ ပြေးနေခဲ့တာလဲ”

“အဲဒီလောက်အများကြီး ဖြေစရာမရှိဘူး ကိုကြီး၊ ဖြေဖို့လဲမလိုဘူး၊ တစ်ခုတော့ ချစ်ခြင်း ပြောနိုင်တယ်၊ ကိုကြီးဘေးမှာရှိနေပေးရတဲ့ ချစ်ခြင်း မွှမ်းမံ ရဲ့တန်ဖိုးကို အစကနေ ပြန်လည်သတ်မှတ်ချင်တယ်၊ ကိုကြီးရဲ့ ဘေးမှာကလွဲရင် ဘယ်နေရာဖြစ်ဖြစ် စိတ်ဝင်စားတယ် .. အဲဒါပဲ”

“ဘာတွေဖြစ်သွားတာလဲ၊ နိုက်ကလပ်ထဲကို မင်း ဝင်လိုက်ခဲ့ရလို့ လား၊ ငါ အဲဒီလိုကောင်ပဲဆိုတာ မင်းအမေ ဘယ်တုန်းကမှ မပြောခဲ့ဘူး လား၊ မင်း ပြောင်းလဲသွားတာ မြန်လှလွန်းလို့ ငါ မျက်စိလည်သွားတယ် ချစ်ခြင်း”

“ဒါပေါ့၊ ချစ်ခြင်း ဆိုတဲ့မိန်းမကို ကိုကြီး နင်းချင်သလိုနင်း၊ ကန်ချင် သလိုကန်၊ ဖွဲ့အိတ်တစ်အိတ်လိုပုံစံနဲ့ အနားမှာထားခဲ့တာကိုး၊ ချစ်ခြင်း ကသာ မေမေ့ဘက်က လူကြီးမျက်လုံးနဲ့ကြည့်ပြီး အမြင်စောင်းနေတာ





ပါလို့ ကိုကြီးဘက်က မြင်ပေးခဲ့တာ၊ ဟွန့် .. သိသာသိစေ မမြင်စေနဲ့ပေါ့ ကိုကြီးရဲ့ ...”

ချစ်ခြင်း အသံလေး ငိုသံပါကာ နှုတ်ခမ်းလေးကိုဖိကိုက်ပစ်သည်။ ဖေါ်မမရိုင် ကျကျနနပြင်ဆင်ပေးထားသည့် မိတ်ကပ်၏အစွမ်းက ကောင်းကင်ကမိုးနှင့် မျက်ရည်မိုးတွေ ဘယ်လိုပူးပေါင်းဖျော်ချပစ်ခဲ့လဲ မမှိန်မဖျော့ဘဲ နုနုအိအိ ဒီတိုင်းလေးပဲတင်နေဆဲဖြစ်သည်။

မျက်တောင်ကော့ကော့လေးအစုံမှာ လက်နေသည့် ဗေဒါရောင် ငွေ မှုန်လေးတွေကတော့ ပါးမို့ထက်မှာ တချို့တစ်ဝက် ဝပ်စင်းလျက် ...။

သူ ချစ်ခြင်း မျက်နှာလေးကို မျက်တောင်မခတ်ဘဲ ငေးစိုက်ကြည့် နေမိသည်။ ချစ်ခြင်း က ဖယ်ချလို့မရမှန်းသိနေလျက်နှင့် ပခုံးလေးတွေ ကျုံ့ကာ သူ့လက်တွေကို မရမကတွန်းချရုန်းရင်း ...

“ကိုကြီး ဘာတွေလုပ်နေတယ်ဆိုတာ ချစ်ခြင်း ကို ခေါ်ပြတယ်၊ အနောက်တိုင်းယဉ်ကျေးမှုတွေနဲ့ မြန်မာသရုပ်ပျောက်အောင် အရှက် သိက္ခာမဲ့နေတဲ့အခန်းထဲမှာ ချစ်ခြင်း ဘဝပျက်တော့မလို့ တဲတဲလေး ရယ်...”

“မင်း ငါ့ဘေးမှာနေသရွေ့ မဲ့တစ်ပေါက်မစွန်းစေရဘူး”

“မဲ့တစ်ပေါက်စွန်းတယ်ဆိုတာ ဘာလဲ ကိုကြီး၊ ချစ်ခြင်း ကို သူတို့ တစ်နေရာရာခေါ်သွားပြီး စော်ကားခံရတဲ့အထိလား၊ အခု .. အခု ချစ်ခြင်း လက်ကို သားဆွဲမယားဆွဲ အဆွဲခံရတာ ပြည့်တန်ဆာလို ...”

“အဲဒီလောက်ထိမဟုတ်ဘူး ချစ်ခြင်း၊ မင်းကို ...”

“ကိုကြီး ရက်ရက်စက်စက်ထားပစ်ခဲ့တာပါ”

“ကျွတ်”

“ချစ်ခြင်း ထွက်လာခဲ့တော့ ပါမလာဘူး၊ လမ်းပေါ်ရောက်တော့လဲ လိုက်မလာဘူး”



www.burmeseclassic.com

www.burmeseclassic.com



"မင်း ကလေးပူဆာသလို ဘာဖြစ်လို့ ခြေကန်ပြီးကောက်နေတာလဲ၊ ဒါအတွက်နဲ့ မင်း လမ်းပေါ်မှာလျှောက်ပြေးနေတာ ဘာဖြစ်သွားနိုင်လဲ မင်း သိရဲ့လားဟင် ..."

"သိတယ်၊ အဲဒီလို လူမိုက် လူရမ်းကား အောက်တန်းစားတွေ စုဝေးနေတဲ့အခန်းတစ်ခုထက် အများကြီးလုံခြုံတယ်ထင်လို့ ချစ်ခြင်း သွားတာ"

"မင်း ..."

ခြံရှံ မျက်နှာ ရဲခနဲဖြစ်သွားကာ လက်က အင်နဲ့အားနဲ့မြောက်တက်သွား၏။ ချစ်ခြင်း မျက်ဝန်းလေးတွေ ပိုချုံးရဲသွားသည်။ အံကြိတ်လိုက်မှန်းသိသာအောင် နှုတ်ခမ်းသားလေးတွေကို ဖိပိတ်ပစ်၏။

ထို့နောက် ...

"ရိုက်လေ ကိုကြီး .. မရိုက်ဘူးလား"

သွားကြားစေ့သံနှင့် တစ်ခွန်းချင်းမေးတော့ ရွယ်ထားသည့် ခြံရှံ လက်တစ်ဖက် တဖြည်းဖြည်း ပြန်ကျသွား၏။ ထိုအခန်းလေးမှာ မှန်တိုင်းမဟုတ်၊ လေပြည်လေညင်းနဲ့လည်းမသက်ဆိုင်သော သွေးအေးရက်စက်ခြင်းတစ်ရပ် ဖြစ်သွားခဲ့၏။

ပါးတစ်ဖက်မှာ ထိထိမိမိ ပြင်းထန်စွာကျရောက်လာခဲ့သည့် ရိုက်ချက်က အလစ်ငိုက်ဖမ်း၍ ကမန်းကတန်းရိုက်ပစ်လိုက်တာမဟုတ်ပေ။

သူ့ရှေ့မှာရပ်နေသည့် မိန်းကလေးက စေ့စေ့ကြည့်ပြီး ကျကျနနလွှဲရိုက်ပစ်လိုက်ခြင်းဖြစ်သည်။

ဒါကို သူမြင်နေသည်။ ရိုက်တော့မှာကိုသိလျက်နှင့် ဒီတိုင်းငြိမ်သက်နေခဲ့ခြင်းဖြစ်ကာ တမင်တကာ ကျေနပ်စွာခံယူလိုက်တာလည်းမဟုတ်။

ဘယ်လိုမှမထင်မှတ်ခဲ့ခြင်းသာဖြစ်လေသည်။ ပါးတစ်ဖက်မှာ ပူလောင်ကျိန်းစပ်သွားတော့မှ တကယ်ရိုက်ချလိုက်ပြီဆိုသည့် သေချာခြင်းက အသိတရားတို့ထံ သတင်းပို့သည်။





ထိုအခါ လွန်ခဲ့သောနှစ်ငါးဆယ်ခန့်က ဘယ်လိုမှ ခြေရာခံမမိအောင် လျှို့ဝှက်စွာဖွဲ့စည်းထားခဲ့သော နာမည်ကြီးဓားပြအဖွဲ့အကြောင်း သက်ကြီးစကား သက်ငယ်ကြား ဆိုတဲ့အတိုင်း သူ ကြားဖူးခဲ့တာကို သတိရ၏။

ထိုအဖွဲ့၏ ဓားပြခေါင်းဆောင်ဟာ စုံစမ်းထောက်လှမ်းနေကြသည့် ဌာနအဖွဲ့အစည်းတွေ ဘယ်လိုမှမထင်မှတ် မယုံနိုင်လောက်သော အလွန်လှပချောမွေ့သည့် မိန်းမလျာတစ်ယောက်ဖြစ်နေသည့်တဲ့ ...။

ပြီးတော့ ရယ်နေရင်း လူသတ်တတ်သည့် တစ်ဆယ့်သုံးယောက်မြောက် လူသတ်မှုကျမှ ဖမ်းမိသွားသော သွေးအေးလူသတ်သမားအကြောင်း ...၊

ဒီလိုထူးခြားသည့်ဖြစ်ရပ်တွေထဲမှာ သူ့အဖြစ်က ဘယ်လိုရာဇဝင်နဲ့ကျန်ရစ်ခဲ့နိုင်သလဲ ...၊

မိုက်ရိုင်းရမ်းကားတဲ့ကောင်၊ မုန်းနေတဲ့လူတစ်ယောက်ကို ကလဲ့စားချေချင်လို့ ဒီမိန်းကလေးကို ရအောင်ယူပြီး ရက်ရက်စက်စက်ထားတဲ့ကောင် .. တဲ့ ...။

ချစ်ခြင်းမွှမ်းမံ ဆိုသော မိန်းကလေးကို လက်ထပ်ခဲ့ပြီးနောက်မှာ ဒီလိုနာမည်ဆိုးတွေ အတင်ခံနေခဲ့ရတာက သူပါ။

ဒါပေမယ့် သူမကိုယ်ပေါ်မှာ သူ့ဒေါသနဲ့ နှီးတစ်ဖျားစာလောက် အရာထင်သွားအောင်တောင်မှ မရိုက်နှက်ခဲ့ဖူးပေ။

ပါးတစ်ဖက်ကို လက်ခုံနဲ့ဖိကပ်လိုက်မိရင်း ချစ်ခြင်း ကို သူ ငေးကြည့်နေမိဆဲဖြစ်သည်။ ချစ်ခြင်း ကလည်း သူ ဘယ်လိုတုံ့ပြန်လာမှာကိုဖြစ်ဖြစ် ဂရုမစိုက်စွာခံယူရဲသည့် မျက်ဝန်းစူးစူးလေးများနှင့် နှုတ်ခမ်းတင်းတင်းစေ့၍ ပြန်ကြည့်နေခဲ့၏။

စက္ကန့်ပေါင်းများစွာဖြတ်သန်းသွားခဲ့ပြီး လုံးဝ ငြိမ်သက်သွားခဲ့ခြင်းသည် ချောက်ချားဖွယ်ကောင်းနေသည်လား၊ ကြေကွဲဖွယ်ဖြစ်နေသည်



www.burmeseclassic.com

www.burmeseclassic.com



လား ...။

ထိုစဉ် ချစ်ခြင်း က ဝင့်သက်လေးရှိုက်ပစ်လိုက်ရင်း သူ့ကိုစိုက်ကြည့်၍ ...

"ဒီနေ့ကစပြီး ကိုကြီးလိုနေနိုင်အောင် ချစ်ခြင်း ကြိုးစားမယ်"

ဟု နာကြည်းစွာဆိုကာ လှည့်ထွက်သွား၏။

"ချစ်ခြင်း"

ခြံရံ ချစ်ခြင်း လက်မောင်းလေးတစ်ဖက်ကို ဖျတ်ခနဲဖမ်းဆွဲ၏။

"ဟင့်အင်း မကိုင်နဲ့နော်"

အတင်းပြန်ရုန်းပေမယ့် ချစ်ခြင်း သူ့ရင်ခွင်ထဲကိုပဲ လုံးထွေးပါသွားခဲ့သည်။ ထိုစဉ် ...

"ချစ်ခြင်း .. သမီး ..."

"ဒေါက် .. ဒေါက်"

"မေမေ ....."

ချစ်ခြင်း တံခါးဝကို ဖျတ်ခနဲလှည့်ကြည့်ကာ မေမေ့ကို အသံပေးလိုက်ပေမယ့် ...၊

ဟင့်အင်း .. ကိုကြီး .. ချစ်ခြင်း ကိုလွှတ် ...၊

တအားအော်ဟစ်ထုရိုက်ပစ်ချင်ပေမယ့် ချစ်ခြင်း အသံတွေ နှုတ်ဖျားထိ ဘာသံမှရောက်မလာခဲ့ပါ။

"ချစ်ခြင်း ပြန်ရောက်နေပြီမဟုတ်လား၊ ဘာဖြစ်နေကြတာလဲ၊ ချစ်ခြင်း ..."

ဒေါ်မမခိုင် ဒီရှေ့ကိုရောက်လာသည့်အချိန်မှာ ရိုက်နှက်သံတစ်ချက်ကို ပီပီပြင်ပြင်ကြားလိုက်၏။ ဒါပေမယ့် နာကျင်စွာအော်သည့်အသံမပါ။

ဘာဖြစ်သွားတာလဲ၊ ဘာသံတွေထွက်လာဦးမလဲလို့ နားစွင့်နေရင်း အပြင်မှာ ဝုန်းဒိုင်းကျဲနေသည့်အသံကသာ လွှမ်းမိုးနေပြီး ဘာကိုမှ ထပ်





မကြားတော့ပေ။ သမီးလေး သတိလစ်သွားတာလား၊ ဟိုကောင် ဘာလုပ်ပစ်လိုက်တာလဲ။

မိခင်တစ်ယောက်၏ ရင်ထဲမှ သားသမီးအပေါ် စိုးရိမ်ပူလောင်ရခြင်းသည် အိမ်ထောင်ရက်သားကျနေပေမယ့်လည်း မငြိမ်းချမ်းနိုင်ပါလား...။

"သမီး .. ချစ်ခြင်း ..."

တံခါးခေါက်လိုက် ခေါ်လိုက်နှင့် မေမေ့အသံကို ချစ်ခြင်း ကြားနေရပေမယ့် ဘယ်လိုတုံ့ပြန်မှုမျိုးနဲ့မှ မေမေ့ကို အကြောင်းမကြားနိုင်။

ထိတ်လန့်ချောက်ချားဖွယ်ကောင်းသော စိမ်းသက်သည့်ကမ္ဘာခြားတစ်ခုထဲမှာ သူမသည် ဝေဟင် ရေပြင် ဘာမှန်းမသိဘဲ မောလျမေ့မူးစွာ ကူးခတ်နေရင်း ....။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၃)

"ကိုကြီး ယုတ်မာတာ၊ ပါးတစ်ချက်ထိုးကျွေးပြီး ချစ်ခြင်း ဘဝကို ဖျက်ဆီးတာ"

"မင်း လျှောက်မပြောနဲ့"

"ပြောမယ်၊ ကိုကြီး အဲလိုလူဆိုတာ သိခဲ့ပြီးမှ ကိုယ်ထိလက်ရောက် လုပ်ပစ်လိုက်မိတာ ချစ်ခြင်း က မှားတာပါ၊ ကိုကြီးကို အရမ်းမုန်းတယ် သိလား"

"ချစ်ခြင်း"

"ဟင့်အင်း .. ဖယ်"

မသေမသပ်ဖြစ်နေသည့်ကိုယ်မှာ စောင်နဲ့ဖြစ်သလိုဆွဲသိမ်းပတ်ကာ ချစ်ခြင်း နှစ်ယောက်အိပ်မွေ့ရာကြီးပေါ်ကနေ လှည့်ဆင်းသည်။ မြင်း က နောက်ကနေ သိမ်းဖက်ထားလိုက်ပြီး ...

"ငါပြောတာကို မင်း နည်းနည်းသည်းခံပြီးနားထောင်"





"မထောင်နိုင်ဘူး၊ ချစ်ခြင်း ကို လွှတ်နော်"

"ဒီဘက်ကိုလှည့်ပါ၊ မင်း မကျေနပ်နိုင်ရင် ကျေနပ်တဲ့အထိ ကိုယ့်ကို တုံ့ပြန်လိုက်"

"ဘာ ..."

ချစ်ခြင်း သူ့မျက်နှာကို သမင်လည်ပြန်လေး မော့ကြည့်၏။

"တုံ့ပြန်လိုက် ဟုတ်လား၊ ရိုင်းစိုင်းနေတာလား ဦးစစ်ခြံရဲ့ ရှင်ကြီးကို ချစ်ခြင်း မရိုက်ရဲပါဘူး၊ မတန်တဆရအောင် ပြန်ယူတတ်တဲ့ ရှင့်ရဲ့အငြိုး ကို ကြောက်သွားပါပြီ"

ရှင်တွေ ဘာတွေဖြစ်လာသည့်စကားသံက နားစည်ကိုရိုက်ခွဲပြီးမှ အသိဉာဏ် အဲသွေးအသားတွေထဲကို သံတိုသံစတွေ ပစ်သွင်းလိုက်သည် နှင့် တူနေသည်။

ဒီစကားမျိုးကို မကြားချင်တာ ဒေါသလား၊ ရှက်တာလား သူ့ကိုယ် သူလည်းမသိပါ၊ ဒီလိုအပြုအမူမျိုး နောက် ဘယ်တော့မှ မပြုမိစေရဟု လည်း သူ ဆုံးဖြတ်ခဲ့ဖူးသည်။

ဒီအချိန် ဒီစကားနှံ့သံတွေကြားမှာမှ သူ ဘယ်လိုပြောင်းလဲသွားခဲ့ တာလဲ၊ ဘာဖြစ်သွားတာလဲ။

"မင်း ငါ့ကိုရိုက်လိုက်လို့ ဒီလိုဖြစ်သွားတာ ဟုတ်ကောင်းဟုတ်လိမ့် မယ်၊ ဒါပေမယ့် ငါ့အသားနာလို့ မင်းကို တုံ့ပြန်ခဲ့တာမဟုတ်ဘူး"

"သြော် ... ဟုတ်လား၊ ဒါဆိုရင် ချစ်ခြင်း ကို ကိုကြီး သိပ်ချစ်လို့ပါလို့ ပြောချင်တာလား၊ ချက်ချင်းကြီး အရှက်မရှိ အဲဒီလိုလိမ်ညာပြောရဲလား"

"မင်း တော်တော့"

"မတော်နိုင်ဘူးဆိုရင် ကိုကြီး ရိုက်ဦးမလား၊ ရိုက်လိုက်၊ ချစ်ခြင်း မျက်လုံးထဲမှာ ကိုကြီးက လူယုတ်မာပဲ၊ ယုတ်မာခဲ့ ယုတ်မာဆဲ အမြဲတမ်း ယုတ်မာသွားမယ့်လူ ..."



www.burmeseclassic.com

www.burmeseclassic.com



"တောက်"

သူ အံကြိတ်ထားလိုက်ရင်း ချစ်ခြင်းကိုယ်လေးကို လွှတ်ပေးလိုက်သည်။ ချစ်ခြင်း က နေရာပြင်ထိုင်လိုက်ပြီး သူ့မျက်နှာကို ရှံ့ရှံ့ရှာရှာကြည့်သည်။

"နိုက်ကလပ် ဆိုတဲ့ ဘာသတ္တဝါတွေ စုစည်းနေမှန်းမသိတဲ့ ကမ္ဘာခြားတစ်ခုထဲမှာ ကိုကြီးအကြောင်း ချစ်ခြင်း သိခဲ့ရတာ၊ သူများ သားပျို သမီးပျို၊ သူများသားမယား ဘာမှ ရှောင်ကြဉ်ရမှန်းမသိတဲ့ အရိုင်းအစိုင်းလူက ကိုကြီးမျက်နှာကိုကြည့်ပြီး ပြောသွားတာလေ၊ 'အချင်းချင်းတွေ တောင်မှ လူပါးလာဝသေးတယ်' တဲ့"

"ဘာတွေ ထင်သလိုလျှောက်ပြောနေတာလဲ၊ သူတို့က ..."

"သူတို့က လူတွေ ကိုကြီးကိုအထင်သေးအောင် တမင်ရှုတ်ပြသွားတာမဟုတ်ဘူး၊ မခံမရပ်နိုင် အံကြိတ် ကြိမ်းဝါးသွားတာ၊ မိဘကိုတောင် မယုံကြည်နိုင်ဘဲ ချစ်ခြင်း ယုံကြည်လေးစားစွာကိုးကွယ်ခဲ့တဲ့ အစ်ကိုလိုယောက်ျားက အဲဒီလိုလူမှန်းသိလိုက်ရတော့ ချစ်ခြင်း ကမ္ဘာပြိုသွားသလိုပဲ၊ ပြောင်းလဲသွားတာမဟုတ်ဘူး၊ အမှန်ကိုမြင်သွားတာပါ။ အဲဒီမှာ အသိတရားရခဲ့တာ။ စားသင့်တဲ့အစာလား၊ စွန့်သင့်တဲ့အရာလား ခွဲခြားနိုင်သွားတာ . ငါ ပြင်ဆင်ဖို့အချိန် မနှောင့်နှေးသေးဘူးလို့ တွေးမိပြီးမှ ကိုကြီးရက်စက်တာ .. ယုတ်မာတာ"

ချစ်ခြင်း မျက်နှာလေး နီရဲတက်လာသည်။ မျက်ရည်တွေက ခုကျမှ ပို၍ပူလောင်နေသလိုခံစားနေရ၏။

ရေတာတောက်တောက်ဆင်းနေသည့် ဝတ်စုံက ခြောက်သွေ့သွားခဲ့ပြီဖြစ်ကာ ထိုရေစိုနှင့် တစ်ညလုံးရှိခဲ့တာ အခု မနက်လေးနာရီ ထိုးတော့မည်။

မျက်လုံးတွေမှိတ်ပစ်လိုက်တော့ မျက်ရည်ပူတွေပဲ ထပ်ကျသလို





မျက်ခွံတွေထဲမှာ ပြာပူတွေဝင်နေတာနှင့်တူ၏။

"ချစ်ခြင်း အဲဒီယုတ်မာတဲ့စကားကို မင်း ထပ်မပြောဖို့ ငါ တောင်းပန်ပါတယ်၊ မင်းနဲ့ငါ လင်မယားတွေမို့လို့ ငါ့ဘက်က ထိန်းသိမ်းနိုင်စွမ်းမဲ့ခဲ့တာမှန်ပေမယ့် အနိုင်ကျင့်ခဲ့တာမဟုတ်ဘူး၊ ငါ မင်းကို ..."

"အနိုင်ကျင့်တာပဲ၊ ချစ်ခြင်း လက်မခံနိုင်ဘူးလို့ ကိုကြီးကို ပြောပြီးသား၊ ဒီအိမ်ထောင်ရေးဟာ လင်မယားဖြစ်ကြဖို့မဟုတ်ဘူး၊ မိဘတွေရဲ့ အိမ်ထောင်ရေးဂယက်ကြောင့်ဖြစ်ခဲ့တယ်၊ အဲဒါကြောင့်ပဲ မပြိုကွဲရအောင် ကြိုးစားခဲ့တာ၊ ဒါတွေ ချစ်ခြင်း နဲ့ကိုကြီး သိတယ်၊ ဟင့်အင်း .. မကိုင်နဲ့"

"ချစ်ခြင်း"

"ဖယ်နော် .. လွှတ်"

"မင်း ကိုယ်တွေပူခြစ်နေပါလား"

"မြန်မြန်သေသွားပါစေ၊ ဒီယောက်ျားနဲ့ အမြန်ဆုံးကွဲကွာပါရစေ၊ လွှတ်နော် .. လွှတ်"

သူ ချစ်ခြင်းကိုယ်လေးကို သိမ်းကျုံးဖက်ထားလိုက်မိသည်။

ချစ်ခြင်းသည် သူ့ရင်ဘတ်ကို ထုနက်ရုန်းနေရင်း မူးမူးမိုက်မိုက်ဖြစ်လာခဲ့၏။

ပြီးတော့ သူ့ရင်ခွင်ထဲမှာ မျက်နှာလေးမှိုကျသွားခဲ့ပြီး ...

"ကိုကြီးကိုမုန်းတယ် တကယ်သိလား၊ ကိုကြီးကို သိပ်မုန်းတယ်"

သူ လက်မခံနိုင်သော စကားလုံးတွေကိုပဲ ရေရွတ်နေသည့်နှုတ်ခမ်းလေးကို မေးဖျားလေးကနေပင့်ယူပြီး သူ ငေးကြည့်နေမိ၏။

ရင်ခွင်ရာသီဟာ ဘယ်လောက်ထိ အမြန်ဆုံးနှုန်းနှင့် ပြောင်းလဲသွားနိုင်သည်ကို သူ မသိပါ။ ဒါပေမယ့် သူ့ရဲ့ဘယ်ဘက်ရင်အုံတွင်းမှ စည်းချက်မမှန်သောရင်ခုန်သံများကတော့ လုံးဝအသစ် အစစ်အမှန်တွေ ဖြစ်နေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



မင်း ဘယ်လိုထင်ထင် ဘယ်လိုပဲ စွပ်စွဲနေနေ ငါ့ဘက်က အမှန် အကန်တွေပဲ ချစ်ခြင်း ...၊

အဲဒါကြောင့် ခွင့်ပြုပါ .....၊

သူသည် ပွင့်နေသည့် နှုတ်ခမ်းရဲရဲလေးတွေထက်မှာ နောက်ထပ် ယစ်မူးသွားခဲ့ရင်း ...





## အခန်း (၃၄)

"အဲဒီအသံပဲ မေမေ ကြားချင်တာ"

ဒေါ်မမနိုင် ကျေနပ်စွာပြော၍ မဲ့ပြုံးကို နှုတ်ခမ်းမှာတင်သည်။ ဦးလွင်မိုး၏ မကောင်းခြင်းများစွာသောမျက်နှာအိုအိုက ချစ်ခြင်း ထံ တောင်းပန်ခြင်းများစွာနှင့် လှည့်လာ၏။

"အန်တီ အဲဒါ လုံးဝ အဓိပ္ပာယ်မရှိဘူးနော်"

"မင်း ရှေ့မတိုးနဲ့"

"ချစ်ခြင်း က ကျွန်တော့်မိန်းမ"

"ဟုတ်လား .. ဟုတ်မှာပေ့ါ၊ မင်းက ရအောင်ယူနိုင်တာကိုး ..."

ဆွဲယူမွေး ခေါ်မတာတ်ဖြစ်နေသည့် ခြံရှံ့ ဒေါ်သကိုလည်း ဒေါ်မမနိုင် ဂရုမစိုက်။ ထိုင်လျက်က မထပေမယ့် ချစ်ခြင်း ဒီထဲရောက်လာကတည်း က အခု သူ ဒီမှာလာထိုင်တဲ့အထိ နေ့စဉ်ညဆက် ဖျောင်းဖျတောင်းပန်နေ ခဲ့သော ခင်ပွန်းဖြစ်သူ ဦးလွင်မိုး ကိုလည်း ထည့်မတွက်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်း က 'မေမေနဲ့ပဲ ချစ်ခြင်း နေပါရစေ'လို့ပြောလိုက်ကတည်းက မထနိုင်အောင်ဖျားနေသည့် သမီးကို ဒီအခန်းထဲထည့်လိုက်သည်။

ပထမနှစ်ရက်က ချစ်ခြင်း ကိုယ်တိုင် ငိုယိုခေါင်းခါနေသဖြင့် ခြံရဲ့ကို အခန်းတံခါး လုံးဝဖွင့်မပေးခဲ့ပေ။ နောက်နေ့မှာ ဖွတ်ဝင်လိုက်တော့ ရှေ့ကတားထားသည်။

"သမီး သူ့ကို စကားပြောချင်သလား"လို့ မေးပြီး ...

"ဟင့်အင်း"

လို့ ချစ်ခြင်း ဖြေလိုက်တာနှင့် ချက်ချင်း နှင်ထုတ်၏။ ဘယ်သူ အမိန့်ပေးတာကိုမှ မနာခံတတ်ခဲ့ပေမယ့် 'ကိုကြီး ထွက်သွားပါ'လို့ ချစ်ခြင်း ပြောလိုက်တော့ ခြံရဲ ဘာမှမတတ်နိုင်ခဲ့ပါ။

ပြီးတော့ သူ့မှာ မာနလက်ကျန်များနှင့် ဆက်ရန်ထားဖို့ အံကြိတ်ထွက်လာခဲ့တာဖြစ်၏။ ဒါပေမယ့် သူ ဘယ်လိုမှမနေတတ်ဘဲဖြစ်နေခဲ့၏။

နှုတ်ခမ်းလေးစူ၍ ခေါင်းငုံ့သည်းခံနေလျှင် အသည်းယားတတ်သော အငယ်ဆုံးညီမလေးတစ်ယောက်လို သူ့မအသွင်က ရှိနေခဲ့လျက် မဟုတ်မခံပြန်ပြန်ပြောတတ်တာတွေကျတော့ အလိုလိုက်ထားလို့ ခပ်ရိုင်းရိုင်းလေးဖြစ်နေသည့် စကားတတ်လွန်းသောအသွင်လေးဖြစ်နေပြန်သည်။

ငြိမ်သက်နေခဲ့တာတွေရော၊ ရန်ဖြစ်နေရတာတွေရော သူ ဒီအသံလေးကို တမ်းတတတ်ခဲ့၏။ ပိုဆိုးတာက နှာခေါင်းရိုင်းနဲ့နမ်းလိုက်မိသော ပန်းရနံ့တစ်ချက်ဟာ သူ့အသိအာရုံထဲမှာ ဘယ်လိုမှဖျောက်ဖျက်မရနိုင်တော့ခြင်းဖြစ်၏။

ချစ်ခြင်းရဲ့ ကိုယ်သင်းနံ့လေးက သူ့အာရုံထဲမှာ စွဲကျန်ရစ်ခဲ့သည်။ ကိုယ်မဟုတ်ဘဲ လူယုတ်မာဖြစ်အောင် အမျိုးမျိုးစွပ်စွဲပြောဆိုခဲ့သည့် မိန်းမမို့ ဒီလိုမိန်းမတစ်ယောက်အပေါ်မှာ တိမ်းညွတ်ချင်လာသည့်စိတ်ကို မကျေမနပ်ဖျောက်ဖျက်ဖို့လည်း ကြိုးစားခဲ့ပြီးပြီ။





တကယ်တမ်းကျတော့ မလွယ်ပါ။ 'ငါ့စိတ်နဲ့ငါ့ကိုယ် ထင်ရာလုပ်ခွင့်ရှိတယ်'ဆိုသော သူ့ရဲ့ယုံကြည်ချက်တွေက ဟားတိုက်လှောင်ရယ်ကြ၏။

မဖြစ်ချင်ပေမယ့် မရှောင်နိုင်။ လိုချင်ပါသည်ဆိုတော့လည်း မရ၊ ရှေ့ကိုတိုးလို့မရကာမှ နောက်မဆုတ်နိုင်ဘဲဖြစ်နေသော ခြေထောက်တွေက သူ့ကို မာနတွေခဝါချဖို့ ချော့သိပ်နေခဲ့ကြ၏။

"သား .. မင်း ခဏထွက်လိုက်ပါ"

ဦးလွင်မိုး က ပေါက်ကွဲချင်နေသည့် ခြံရဲ့ မျက်နှာကို အကဲခတ်ရင်း ရှေ့ရာမှထလာ၏။ ခြံရဲ က ခေါင်းကို တစ်လှမ်းရွှေ့ရပ်လိုက်သဖြင့် ဦးလွင်မိုးနဲ့ အနည်းငယ်လှမ်းသွားကာ လူသုံးယောက်က တြိဂံပုံရပ်မိကြသလိုဖြစ်သွားသည်။

ဒေါ်မမခိုင် က ချစ်ခြင်း လှဲနေသည့်အိပ်ရာကို ကျောပေးထားလျက် သူတို့သားအဖက ချစ်ခြင်း ကိုမြင်နေရသည်။ ချစ်ခြင်း သည် အိပ်တာမဟုတ်ဘဲ မျက်ဝန်းတို့ကို ဖိပိတ်ထားတာမို့ မျက်တောင်ရှည်အဖျားလေးတွေ ကော့တက်နေကြကာ လှုပ်လှုပ်ခတ်ခတ်လေးဖြစ်နေသည်။

"အန်တီခိုင် ကျန်တာတွေကို ဘာမှထည့်မပြောပါနဲ့၊ ချစ်ခြင်း နဲ့ ကျွန်တော် စကားပြောချင်တယ်၊ ကျွန်တော်တို့လင်မယားချင်း ဘာတွေပြောနေနေ အန်တီခိုင် ဝင်မပါမိအောင် အပြင်ထွက်နေပေးစေချင်တယ်"

"ဘာကွ ..၊ မင်း တော်တော့်မျက်နှာပြောင်တတ်နေပြီပဲ၊ ငါပြောတဲ့စကားတွေကို မကျေနပ်လို့ ငါ့သမီးကိုယူခဲ့ပါတယ်ဆိုတာ မင်းကိုယ်တိုင်ပြောခဲ့တာနော်၊ အဲဒါ မသိတော့ဘူးလား"

"ဟုတ်တယ်ပဲထားလိုက်ပါ။ ဘယ်အိမ်ထောင်ရေးမဆို အစ၊ အလယ်၊ အဆုံး တစ်သမတ်တည်းမပြောင်းလဲဘဲသွားကြတာမရှိဘူး။ ချစ်လို့ယူပြီး ကွဲကြတာရှိတယ်၊ မချစ်ခဲ့ကြပေမယ့် ချစ်သွားကြတာတွေ အများကြီးပဲ"

"အဲဒါတွေနဲ့ လုံးဝကွဲပြားတယ် ခြံရဲ၊ မင်းက အဲဒီလိုအဖြစ်မျိုးတွေထဲ



www.burmeseclassic.com

www.burmeseclassic.com



ကလူ မဟုတ်ဘူး၊ ချစ်ချစ် မချစ်ချစ် သူတို့တွေ တည်ဆောက်ခဲ့ကြတာ သေတစ်ပန်သက်တစ်ဆုံးပေါင်းကြမယ့် အိမ်ထောင်တစ်ခု၊ မင်း တည်ဆောက်လိုက်တာ အပြုံးနဲ့အကျဉ်းထောင်၊ ကြိုးနဲ့ဖြစ်ဖြစ် ဘာနဲ့ဖြစ်ဖြစ် မတရားချုပ်နှောင်ခံထားရတဲ့သူက အခွင့်အလမ်းသင့်ရင် ရုန်းထွက်မှာပဲ၊ အဲဒါတွေကို မင်း နားလည်သင့်ရင် ရုန်းထွက်မှာပဲ၊ အဲဒါတွေကို မင်း နားလည်ပါတယ်၊ ဘာလဲ ... 'မျက်နှာပြောင်တာ နာမည်သာဆိုးတာ၊ စိုက်ဝတယ်'ဆိုတဲ့ အရှက်မရှိဆောင်ပုဒ်ကို အတည်ပြုချင်လား ..."

"အန်တီခိုင် အဲဒီစကားတွေနဲ့ ချစ်ခြင်းရဲ့စိတ်ကို တူးဆွပေးနေတာ မဟုတ်လား၊ သူ့ပါးစပ်က 'ထွက်သွားပါ၊ မလာပါနဲ့'ဆိုတဲ့စကားတွေ ထွက်လာအောင် ချူချနေတာ"

"အဲဒါ ငါလုပ်ခဲ့တာမဟုတ်ဘူးနော်.. မင်းကိုယ်တိုင်လုပ်တာ၊ ငါ့သမီးကို ငါ ဘယ်လိုတားတား မရလို့ မင်း ခိုးယူလို့ရတဲ့အထိ အခွင့်အရေးဖြစ်သွားတာ၊ ဘယ်လောက်ပြောပြော မအောင်မြင်တဲ့အတွက် မင်းရင်ခွင်ထဲကို မလိုလား၊ မကြည်ဖြူစွာထည့်ပေးခဲ့ရတယ်၊ အခု ဒီလိုပြောင်းလဲသွားတော့ ငါ့ကြောင့်တဲ့လား ..၊ အဟွန်း ..."

ဒေါ်မမခိုင် က သူမ ချစ်ကြည်ဖြူခဲ့ပါသည်ဆိုသော ခင်ပွန်းဖြစ်သူကိုတောင် မျက်မှောင်ကြုတ်၍ငုံ့ကြည့်သည်။ ပြီးမှ ခါးတစ်ဖက်ထောက်ထားသည့်လက်ကို ဖြုတ်ချလိုက်ကာ ...

"ခုနက ငါ့သမီးပြောလိုက်တာ မင်း ကြားတယ်နော်၊ သူ မင်းရဲ့အသံကိုတောင် မကြားချင်တော့ဘူးတဲ့၊ အဲဒါ ရင်ထဲကလာတဲ့အသံ၊ ငါ လည်ပင်းညှစ်ထုတ်တာမဟုတ်ဘူး၊ အဲဒီတော့ သူ စိတ်ချမ်းသာအောင် ငါက ဖြစ်သင့်တဲ့အတိုင်းလုပ်ပေးရမယ်"

"ခိုင် ..."

"ကို ဝင်မပါပါနဲ့"





"ခိုင်ရယ် .. မင်းသမီးဘက်က မင်းပါရသလို ကိုယ်လဲ မိဘဖြစ်နေတော့ ထိန်းသိမ်းတည့်မတ်ပေးဖို့ မပါရတော့ဘူးလား"

"ဩော် ... လက်သည်းဆိတ်လို့ လက်ထိပ်နာတာမျိုးကိုက ရပ်တည်ပြတာလား"

"လွဲနေပြီ ခိုင်ရယ်၊ အဲဒီလို ငါ့သား၊ ငါ့သမီးဆိုပြီး အတိုက်အခံတွေ လုပ်ကြဖို့ ကိုယ်တို့လက်ထပ်ခဲ့ကြတာမှမဟုတ်တာ၊ ဘယ်သူ့မှာမှ အကျိုးမရှိတဲ့အပြင် အခု အားလုံး စိတ်ဆင်းရဲနေကြရတာပဲ"

"အဲဒါ ကိုသား မိုက်ရိုင်းတာတွေပဲလေ၊ ယောကျ်ားဖြစ်ပြီး တည့်တည့်ရင်ဆိုင်ပါလား၊ ခိုင့်သမီးလေးကို ခုတုံးလုပ်ပြီး ကာလှဲ့စားချေတယ်၊ ပြီးတော့ နှိပ်စက်တယ်"

"ကျွန်တော် သူ့ကို လက်ဖျားနဲ့တောင် မထိခဲ့ဖူးဘူး"

"ဘာပြောတယ်ကွ"

ဒေါ်မမခိုင် မျက်လုံးတွေ မီးတောက်မတတ်စူးရဲလာ၏။

"သမီး ဖျားတဲ့ညက မင်းတို့ မိုးရေထဲမှာပြန်လာကြတယ်၊ သမီးကို အိပ်ခန်းထဲထိ ခွေးသေ၊ဝက်သေ ဆွဲသလို ဆွဲချသွားတယ်၊ ပြီးတော့ ရိုက်နှက်နေသံတွေ ..."

'ဟုတ်သလား သား' ဆိုသည့် ဦးလွင်မိုး၏မျက်ဝန်းတွေ ခြံရဲ့ဆီ ရောက်သွားတာ သေမိန့်ကျခံရတော့မည့်လူကဲ့သို့ ...

"ငါ အားလုံးကိုမြင်တယ် သိရဲ့လား၊ ငါ့သမီးကို ငါ မပိုင်တော့လို့ တော်ရာမှာနေပေးခဲ့ရပေမယ့် ငါ့သမီးကိုယ်မှာ ခြင်ကိုက်ရာထင်တာက အစ ငါသိတယ်"

"အခု သူ့ကိုယ်မှာ ဘာဒဏ်ရာတွေဖြစ်နေတာမြင်လို့လဲ၊ ကျွန်တော် ရိုက်ပါတယ်လို့ပြောနိုင်လောက်တဲ့ဒဏ်ရာမျိုး အန်တီခိုင် မြင်ခဲ့သလား"

'ခံလိုက်ရတာက ကျွန်တော်ပါ'လို့ ပြောမထွက်နိုင်။ ဒါဖြင့် ချမ်းမြင်း



www.burmeseclassic.com

www.burmeseclassic.com



က မျက်နှာကိုမမြင်ချင်လောက်အောင် မုန်းတီးပါတယ်ဆိုတဲ့အထိ ဖြစ်သွားတာ ဘာဖြစ်လို့လဲ ဆိုသည့် မေးခွန်း ထပ်ထွက်လာရင် သူ ဖြေနိုင်မှာ မဟုတ်ပေ။

သူ မှားခဲ့တာလည်း မှန်နေပါသည်။ ဒါပေမယ့် ယုတ်မာရက်စက်ခဲ့တာမှမဟုတ်။ သို့ပြင့် သူ မရိုက်နှက်ခဲ့ပါဘဲ ရိုက်တာထက် ပိုမိုနာကြည်းသွားခဲ့သော ချစ်ခြင်း ဘက်ကခံစားချက်ကို သူ့ဘက်က ဖြေရှင်းဖို့လည်း မတတ်နိုင်။ ထိုအခါ ဒေါ်မမခိုင် ပြောသမျှသည်သာ ...

"မင်း ခုထွက်သွားပါ။ ငါ့သမီး စိတ်ဆင်းရဲနေတာကို ချမ်းသာသွားအောင် ငါ ဘယ်လိုပဲဖြေရှင်းပေးပေး မင်းဘက်က မကျေနပ်ခွင့်မရှိဘူး။ မင်း နောက်ထပ် ဒါ ကျွန်တော့်မိန်းမလို့ အရှက်မရှိမပြောတော့ရင်ပေါ့..."

"မဟုတ်သေးဘူး၊ သူနဲ့ ကျွန်တော်ပဲ နားလည်နိုင်တဲ့စကားတွေ ကျွန်တော့်မှာ ပြောဖို့ရှိတယ်၊ အဲဒါ ..."

"မင်း လူစကား နားမလည်ဘူးလား"

"သားရယ် ဖေဖေ့စကားကို ..."

"ဖေဖေ ..."

ဦးလွင်မိုး အမြဲတမ်း အလျှော့ပေးသည့်ဘက်မှာပဲရှိတဲ့သူ၊ ဖေဖေ့ အသံကြားတာနဲ့ ခြံရဲ့ ကလည်း ခေါင်းခါပြီးဖြစ်ကာ မျက်ဝန်းတွေက ချစ်ခြင်း ဆီရောက်၏။

စကားလုံးတွေရှားပါး၍ ဆင်းရဲခြင်းကြီးစွာဖြစ်နေသော ခြံရဲ့မျက်နှာကို စိုက်ကြည့်ရင်း ဒေါ်မမခိုင် က လူမသိသောမဲ့ပြုံးတစ်ရပ်နှင့် မျက်နှာလွှဲသွားသည်။

မိဘ သို့မဟုတ် အချစ်အတွက် အကြမ်းများစွာကို ကျော်ဖြတ်ရင်သန်လာခဲ့ပြီးသည့်လူကြီးတစ်ယောက်၏မျက်လုံးထဲမှာ ခြံရဲ့ပုံစံကို အကဲခတ်လိုက်တာနှင့် ရင်ဘတ်ထဲကို ထိုးထွင်းမြင်လိုက်ပြီးဖြစ်သည်။





မင်း ပြောင်းလဲခံစားမိသွားတာ နောက်ကျသွားပြီ စစ်ခြံရဲ့ ဒီတစ်ခါရာသီဥတု မင်းဘက်မှာ မရှိနိုင်တော့ဘူးဆိုတာ ကိုယ့်ဘာသာ နားလည်လိုက်စမ်းပါ။

ဒေါ် မမခိုင် နှုတ်ခမ်းတွေစေ့ပိတ်လျက် အိပ်ရာထက်မှာ ပက်လက်ကလေးရှိနေသည့် သမီးထံ တစ်လှမ်းချင်းတိုးသွားမိသည်။ တစ်ညလုံး ဦးလွင်မိုး သူမအနားမှာ မမောနိုင်မပန်းနိုင် ဖျောင်းဖျနှစ်သိမ့်နေခဲ့တာတွေက ဘယ်လိုဥပေက္ခာထားလို့မရပါ။

ပြောနေရင်း ဖျတ်ခနဲ ဖျတ်ခနဲ သတိရတတ်သည်။ မာနစိတ်တွေနဲ့ စိတ်ရှိတိုင်းဆုံးဖြတ်မလို့ ဘယ်လိုအားတင်းတင်း တွေဝေစိတ်လေး နည်းနည်းဖြစ်ခဲ့၏။

"နောက်ဆုံး သမီးက ဒီမှာမနေချင်တော့ပါဘူးဆိုရင် သမီးကိုခေါ်ပြီး ခိုင် ထွက်သွားမှာ၊ အဲဒီလောက်ထိ ခိုင့်စိတ်ထဲမှာ ပြင်းပြင်းထန်ထန်ခံစားထားခဲ့တာကို ငြိမ်းချမ်းဖို့ လာပြောမနေနဲ့ ကို၊ ကို ပါ ရန်သူဖြစ်သွားလိမ့်မယ်၊ ကို့သားကို ခိုင် ဘယ်တော့မှ ဘယ်လိုမှ သမက်လို သတ်မှတ်မှာ မဟုတ်ဘူး၊ သားသမီးလို ခွင့်လွှတ်နားလည်ပေးဖို့က အဝေးကြီး ..."

"ခိုင့်ကို သားနဲ့ပြေလည်စေချင်ပေမယ့် ဒီလိုကျေနပ်ပါ၊ ဒီလိုနားလည်ပေးပါလို့ ကိုယ် ပြောခဲ့ဖူးတာရှိလို့လား ခိုင်ရယ်၊ အခုက သားကိုယ်တိုင် သူ့မိန်းမကို ..."

"မပြောပါနဲ့၊ သမီးနဲ့သူ့ကို တွဲပြီး ခိုင် မကြားချင်ဘူး၊ သမီးလေးက သိပ်ကိုနူးညံ့ပျော့ဝင်လွယ်တဲ့ကလေး၊ ကို့သားက အမြိုးကြီးတဲ့သူ၊ သူ့ကို ခင်တွယ်နေတုန်းကလဲ ခိုင် ဘာပြောပြော သမီးက သူ့ဘက်မှာပဲရှိခဲ့တာ၊ အခု သူ့ခံစားချက်နဲ့သူ ဆုံးဖြတ်နိုင်သွားတာ"

"လူငယ်တွေဆိုတာ ..."

"အပြောင်းအလဲမြန်တတ်ကြတယ်ဆိုရင်လဲ သမီးရဲ့စိတ် တစ်ခွန်



www.burmeseclassic.com

www.burmeseclassic.com



မှာ တစ်ခါပြောင်းနေရင်တောင် ခိုင် ကတော့ ခိုင့် သမီးဘက်က မှန်တယ်လို့ အတည်ပြုမှာပဲ”

“ကွဲကြကွာကြရင် ဘယ်သူ့မှာ နစ်နာမှုတွေ ပိုဖြစ်ကုန်မလဲ မင်း စဉ်းစားဦး ခိုင်၊ မာနတွေကြီးပါ၊ မင်းကိုလဲ ကိုယ် အနိုင်မယူရက်ခဲ့ပါဘူး၊ အမြဲတမ်း အရှုံးပေးပြီး မြတ်နိုးနေခဲ့တဲ့ကိုယ့်ဘက်က လိုက်လျောမှုတွေကို ခဏလေးဖာပြီး သားအတွက် ငဲ့ညှာပေးပါ”

ဦးလွင်မိုးက ဒီစကားတွေကိုပဲပြောရင်း တစ်ညလုံး တောင်းပန်နေခဲ့သည်။ သမီး ဖျားပြီဆိုကတည်းက သမီးပါးစပ်ကနေ သူ့သားကို မုန်းတဲ့အကြောင်း စကားစ,လာတာနှင့် တောင်းပန်သကားတွေပြောလာကာ မနေ့ညကဆို စကားမပြောတော့ဘဲ အိပ်ရာအသီးသီးဝင်ခဲ့ကြတဲ့အထိ ဦးလွင်မိုး နဖူးပေါ် လက်တင်ရင်း မျက်လုံးအကြောင်သားနှင့် သက်ပြင်းတွေတချချ။

“ခိုင် ကလေးရဲ့ရှေ့မှာ ဖျောင်းဖျစကားပဲပြောပါ ခိုင်ရယ်၊ ပြီးတော့လေ လင်မယားကြားဆိုတာ မဝင်ကောင်းပါဘူးကွာ၊ သား ခွင့်တောင်းနေတာကို ခဏဖြစ်ဖြစ် ပေးတွေ့လိုက်ပါ၊ အဲဒီအချိန်မှာ သူတို့ ဆုံးဖြတ်ကြပါစေ၊ ကိုယ်ပြောတာက သူတို့ရဲ့ဆန္ဒအမှန်နဲ့ အတိအကျဆုံးဖြတ်တာမျိုးဖြစ်သွားအောင်လို့ပါ”

“အခု သမီးက ဆုံးဖြတ်ပြီးပြီ”

“မဟုတ်သေးဘူး ခိုင်၊ သားကို သမီးက သိပ်ကို ခင်တွယ်ခဲ့တာပါ၊ အဲဒါကိုကြည့်ရင် အခု သူတို့ ဘယ်လိုအတိမ်းအစောင်းတွေဖြစ်သွားသလဲ ဆိုတာကို ခဏလောက်ကြည့်ပြီး အကဲခတ်သင့်တယ်မဟုတ်လား၊ တကယ်လို့ ခဏတစ်ဖြုတ် စိတ်ခန့်မသင့်ဖြစ်ခဲ့ကြတယ်ဆိုရင် လူကြီးတွေ စိတ်လိုက်မာန်ပါဆုံးဖြတ်ကြတာတွေက ဘယ်လိုမှမမှန်ကန်နိုင်ဘူး၊ သမီးနဲ့ သားတို့အပြင် ကိုယ်တို့လဲ စိတ်ဆင်းရဲကြရမှာ၊ မင်းနဲ့ကိုယ့်ရဲ့ အိမ်ထောင်





ရေးဟာ ကလေးတွေလို လွယ်လွယ်တည်ဆောက်ခဲ့ကြတာမဟုတ်သလို လွယ်လွယ်လေးပြိုကွဲသွားတာမျိုးတော့ ဘယ်လိုနည်းနဲ့မှမဖြစ်ရဘူး၊ အဖြစ်လဲမခံနိုင်ဘူး ခိုင်၊ မင်းထင်သလို ကိုယ်က ကိုယ့်သားဘက်ကချည်းပဲ ပြောပေးနေတယ်ဆိုတာ မဟုတ်ဘူး၊ မင်းကိုချစ်လို့ ...

သမီးနဲ့သား အဆင်မပြေသမျှ မင်း ကိုယ့်ကို ဒီလိုအချိန်မရွေး ရင်ခွဲထွက်သွားနိုင်တာကို ကိုယ်ကြုံတွေးပြီးသား၊ အဲဒါကြောင့် သမီးကို သားက နိုးပြေးသွားတယ်ဆိုတော့ ကိုယ် တော်တော့်ကိုစိတ်ဆင်းရဲသွားခဲ့တယ်၊ ကိုယ်ထင်တာတွေအားလုံး အခု ဖြစ်နေပြီ၊ ဒါပေမယ့် ဒီတိုင်း ကိုယ်လွှတ်မပေးလိုက်နိုင်ဘူး၊ အဲဒါ ကိုယ့်ဘက်က သေချာပြီးသား၊ မင်း စဉ်းစားရမှာက ဒီမိသားစုထဲက တစ်ယောက်ယောက်ရဲ့ ဆင်းရဲသောကဖြစ်ခြင်းဟာ မိသားတစ်စုလုံး ပြိုကွဲဖို့ အကြောင်းအစပဲဆိုတာ ...”

ဒေါ်မမခိုင် နားထဲမှာ ဦးလွင်မိုး ပြောသမျှစကားတွေ အစီအရီရှိနေဆဲပါ၊ ဒါပေမယ့် ငါ့သမီးဆိုသည့် အတ္တသံယောဇဉ်က ဘယ်လိုအတွေးကိုမှ အတည်ပြုခွင့်မပေးခဲ့ဘဲ အားလုံးကို ဥပေက္ခာထားခိုင်းနေခဲ့၏။

သမီးဘေးမှာထိုင်လိုက်ရင်း နောက်ကိုပြန်ငဲ့ကြည့်လိုက်တော့ ဦးလွင်မိုးနဲ့ခြံရံ တို့ မရှိကြတော့ပေ။

“သမီး”

ချစ်ခြင်း မျက်ဝန်းလေးတွေ ဖွင့်လာသည်။ ပြီးတော့ တစ်ခန်းလုံးကို ဝေ့ကြည့်၏။

“သူတို့ ထွက်သွားကြပါပြီ၊ သမီးကို မေမေ တစ်ခုမေးချင်တယ်”

“မမေးပါနဲ့ မေမေ၊ ချစ်ခြင်း ဘာမှမပြောချင်လို့ပါ၊ ချစ်ခြင်း ငိုချင်တာပဲသိတယ်”

“အို .. မငိုရဘူး”

ချစ်ခြင်း မျက်ရည်ဝေ့လာတာကိုတောင် ဒေါ်မမခိုင် မကြည့်ရဲ



www.burmeseclassic.com

www.burmeseclassic.com



ပေ။ ပြီးတော့ တွေးရင်း မျက်ရည်ကျနေခြင်းကို ခြံရုံ ရိုက်နှက်ထားလို့ဟု တစ်ထစ်ကျတွက်ခဲ့၏။

ဒါပေမယ့် ဒဏ်ရာရှာတော့လည်း သမီးမျက်နှာ ဝင်းညက်ညက်လေးမှာ အညိုအမည်းစွဲလောက်အောင်မဆိုထားနှင့် အပ်ဖျားရာလောက်တောင် အစွန်းအထင်းဖြစ်ထားတာ မတွေ့။

"သမီးကို သူ ရိုက်လိုက်တယ်မဟုတ်လား"လို့ မေးတော့လည်း မဖြေ။ ခေါင်းတွင်တွင်ခါပြီး မျက်ရည်တွေကျ။ ပြီးတော့ တရှိုက်ရှိုက်ငို...၊

ဘာမှမဖြေပေမယ့် မေးလိုက်တိုင်းငိုနေတာကို ကိုယ့်ဘာသာတွေးယူရတော့ ကိုယ်ထင်နေတာတွေပဲ အဖြေထွက်၏။ ဖြစ်နေသမျှကို ပြန်တွေးရင်း ကိုယ့်အဖြစ်ကိုလည်း နားလည်လာခဲ့သည်။

တကယ်တော့ သူမမျက်ဝန်းတစ်စုံထဲမှာ စစ်ခြံရုံ ဖြစ်နေခဲ့ပြီး ဦးနှောက်အာရုံထဲမှာရှိနေတော့ ဦးလွင်မိုး ...၊ စစ်ခြံရုံ ဆိုသည့်လူငယ်နှင့် ပတ်သက်တိုင်း မာနနှင့်ယှဉ်မည်၊ အတ္တနဲ့ဆုံးဖြတ်ချင်၏။ ဘယ်သူ ဘယ်လိုထင်ထင် စစ်ခြံရုံနဲ့ပတ်သက်လျှင် သူမဘက်မှာ အမြဲတမ်း အနီရောင်လွှင်ပြင် ...၊

ဦးလွင်မိုး ကျတော့ သူမ ချစ်ပါသည်။ သူ့သားကို ဘယ်လိုပဲမုန်းမုန်း သူ့ကိုတော့ဖယ်ထားပြီး နှစ်သက်မြတ်နိုးနေနိုင်ခဲ့သည်။ ဦးလွင်မိုး ဘာပြောပြော ဂရုမစိုက်သလိုနေခဲ့တာပဲရှိသည်။ ခေါင်းထဲမှာတော့ထည့်ထားဖြစ်ခဲ့၏။

ခုလည်း သမီးအတွက် စိတ်လိုက်မာန်ပါဆုံးဖြတ်လိုက်လျှင် ဘာတွေဖြစ်လာနိုင်တာကို ဦးလွင်မိုးက တဖွဖွသတိပေးထောက်ပြခဲ့သည်။ သူမ ဂရုမစိုက်သလိုနေခဲ့ပေမယ့် တကယ်လက်တွေ့ဆုံးဖြတ်ကြဖို့ဖြစ်လာတော မိန်းမ ဆိုသည့် ထိန်းသိမ်းနိုင်စွမ်းသော ဆင်ခြင်တုံတရားက စိတ်တို့ကို လေးလံနေစေခဲ့၏။





ထို့ကြောင့် ...၊

"သမီး အခု ဘာဖြစ်နေတာလဲ သမီး၊ မေမေ မေးချင်တာ အဲဒါကိုပါ၊ သမီးရဲ့ယောကျ်ားကို ..."

"ဟင့်အင်း မေမေ .. အဲဒါလဲမပြောချင်ဘူး။ ချစ်ခြင်း သူ့ကို လုံးဝ မတွေ့ချင်ဘူး၊ ချစ်ခြင်း ကို သူနဲ့နေဖို့ မပြောပါနဲ့"

"ဒါဆိုရင် မေမေတို့ ဒီကနေထွက်သွားကြမှရမယ် သမီး၊ သူ့ဇနီးပါလို့ သူ့ဘက်က ပြောခွင့်ရှိတယ်၊ မေမေ တားဆီးထားတာကို ချိုးဖျက်ပြီး သူ သမီးကိုဆွဲခေါ်သွားခွင့်ရှိတယ်၊ အလုပ်တစ်ခုလုပ်တော့မယ်ဆိုရင် ဆုံးဖြတ်ချက်တစ်ခုပဲချလို့ရတာ သမီး နားလည်မှာပါ၊ မေမေကတော့ သမီး ပြတ်သားတာကိုကြားချင်တယ်၊ မေမေ့မှာ ဘယ်လိုပဲ ဆုံးဖြတ်ဖို့ခက်ခဲနေပါစေ သမီး စိတ်ချမ်းသာဖို့အတွက် ..."

"အဲဒီလိုမလုပ်ပါနဲ့၊ ချစ်ခြင်း မဖြစ်စေချင်တာလဲ အဲဒါပဲ၊ တကယ်တော့ မေမေနဲ့ ဦးဦးမိုးတို့ သိပ်ကိုကြင်နာသင့်တဲ့သူတွေပါ၊ ဦးဦးမိုးမှာ ဘာမှအပြစ်ပြောစရာမရှိဘူး၊ မေမေလဲ ဦးဦးမိုးကို ချစ်တယ်၊ အခု ချစ်ခြင်းနဲ့ကိုကြီး အဆင်မပြေတာကြောင့် ..."

"မဟုတ်ပါဘူး၊ ဒီကောင်လေး အချိုးမပြေတာကို ဟိုးငယ်ငယ်လောက်ကတည်းက မေမေ သတိထားမိနေခဲ့တာ၊ ကြာလေ ဖွတ်ဆတ်ဆတ် ဂရုမစိုက်တတ်တာတွေကို မြင်လာရလေ ..."

ချစ်ခြင်း မျက်ဝန်းလေးတွေ ပြန်မှိတ်သွားသည်။ အဖျားမစင်သေးသည့် ပူရှိန်းသောမျက်ဝန်းထဲမှာ မျက်ရည်ပူတို့သည် မျက်ဝန်းထောင့်ကနေ ဆံနွယ်များကြားသို့ တိုးဝင်ပျောက်ကွယ်ကုန်ကြ၏။

မျက်ဝန်းတွေမှိတ်လိုက်တိုင်း သူ့အသံကိုကြားလိုက်ရတိုင်း ...၊ ပြီးတော့ တစ်ရေးနိုးအိပ်မက်တွေမှာ ...၊ သူ့အငွေ့ခြွေယူခဲ့သောအနမ်းတွေ ခါသမကောင်းသည့်ရယူခြင်းတွေ ...၊

www.burmeseclassic.com



အမြဲတမ်း အနိုင်ယူသွားခဲ့တိုင်း ကျေနပ်ခွင့်လွှတ်ပေးခဲ့နိုင်ပေမယ့် ဒီတစ်ခါ အနိုင်နဲ့ပိုင်းသွားတာကတော့ ရက်စက်လွန်းပါသည်။ ဒါဟာ...

နိုင်တာ့ရှုံးတာတွေအတွက် ချေးငှားပေးဆပ်လို့မရနိုင်သည့် ရလိုမှု တစ်ခုမဟုတ်ဘူးလား ...၊

သူ့အတွက် ချစ်ခြင်း အမြဲတမ်း ကျေနပ်ပေးနိုင်တဲ့အရာဟာ ဘဝ ဘဝ တစ်ခုမဟုတ်ဘူးဆိုတာ ...၊





## အခန်း (၃၅)

တစ်ယောက်တည်း ပြတင်းတံခါးရဲ့ဘေးမှာ ခပ်နွဲ့နွဲ့လေးမှီရပ်ငေး နေရင်း ဒီတိုင်း နောက်မှာစုစည်းထားသည့်ဆံပင်တွေကို ရင်ဘတ်လေး ပေါ် ဆွဲယူပြီး ဖွဖွလေးပွတ်သပ်နေမိသည်။

"သမီး စိတ်လိုက်မာန်ပါ မဆုံးဖြတ်နဲ့နော်"

"စဉ်းစားပါ သမီးရယ် နော်၊ သမီးရဲ့မေမေက အစကတည်းက စိတ် ဆတ်တယ်၊ သမီးကိုလဲ သိပ်ချစ်တော့ သူ့သမီးရဲ့ဆုံးဖြတ်ချက်ပေါ် မှာပဲ ဦးစားပေးစဉ်းစားသွားမှာ၊ သမီးရဲ့သဘောထားနူးညံ့သိမ်မွေ့တာကို ဦးဦးမိုး နားလည်တယ်၊ ခုကိစ္စအတွက် သမီးရဲ့ကိုကြီးကိုလဲ ဦးမိုး သင်ပြဆုံးမ ထားပါတယ်"

"ယုံပါ သမီးရယ်၊ သူ အခု ပြောင်းလဲနေပါပြီ၊ သမီးကိုတွေ့ခွင့် တောင်းနေတာ ခဏလေးဖြစ်ဖြစ် ပေးတွေ့လိုက်ပါလား သမီးရယ်၊ သူ ပြောတာကိုနားထောင်ကြည့်လိုက်ပါဦး။ ဦးမိုး တောင်းပန်တာပါ။ သူ သမီး ကို အရင်လိုဆက်ဆံမှာမဟုတ်ဘူး၊ အဲဒါကို ယုံကြည်ပါ"



www.burmeseclassic.com

www.burmeseclassic.com



မေမေ မရှိတဲ့အချိန်မှာ ဦးဦးမိုး ဖုန်းဆက်ပြောခဲ့တာတွေက နားထဲမှာစွဲနေသည်။ ခုချိန်ထိ ချစ်ခြင်း ဒီအခန်းထဲကမခွာဖြစ်ခဲ့တာလဲ မေမေနဲ့ ဦးဦးမိုးကို ငဲ့ညှာနေ၍ဖြစ်၏။ ဒါပေမယ့် ကိုကြီးကိုတွေ့ပြီး စကားပြောဖို့က ...

"ချစ်ခြင်း ငေးနေတုန်း ဖုန်းခေါ်သံလေးမြည်လာ၏။ ကြိုးဖုန်းက မြည်လာတိုင်း မေမေ့ဖုန်းတွေပဲမို့ ချစ်ခြင်း ကိုင်လိုက်သည်။

"ဟဲလို"

"ချစ်ခြင်း"

ဖုန်းထဲက ခြံရဲ့အသံကြောင့် ချစ်ခြင်း မျက်နှာလေးပျက်သွား၏။ ဒါပေမယ့် ပြန်ချထားလိုက်ဖို့တော့ စိတ်ထဲမှာ မဖြစ်ခဲ့သေးဘဲ ဒီတိုင်းကိုင်ထားနေမိသည်။

"ချစ်ခြင်း မချလိုက်နဲ့နော်၊ အဲဒီအခန်းထဲကို ကိုယ် အခုဝင်လာလို့ရတယ်၊ ဖေဖေကလဲ ဒါမျိုးမလုပ်ရဘူးဆိုလို့ တားထားလို့၊ ပြီးတော့ နောက်ထပ်ပြင်းထန်တဲ့ ပဋိပက္ခတွေ မင်းအမေမဲ့ ကိုယ် မဖြစ်ချင်တော့ဘူး"

"ဘာပြောချင်လို့လဲ .. ပြောလေ"

"အခု ခဏလေးထွက်လာခဲ့ပါ။ မင်းဆီကို ကိုယ်ဝင်လာတဲ့ပုံနဲ့ မင်းအမေ မြင်သွားရင် ကိုယ် ဘာမှပြောလို့မရသေးခင် မင်းသဘောတူလို့ဝင်စကားပြောတာပါလို့ ကိုယ် ရှင်းမပြရသေးခင်မှာ ပြဿနာအကြီးကြီးတက်သွားနိုင်လို့ ..."

"ချစ်ခြင်း .. ကိုကြီးနဲ့ ဘာမှမပြောချင်ဘူး"

ချစ်ခြင်း ဖုန်းချပစ်လိုက်သည်။

"ချစ်ခြင်း ..."

ပေါ်တီကိုအောက်ကနေ ကားကိုမှီ၍ ဖုန်းပြောနေရင်း ခြံရဲ့ မချင့်မရဲ





ဖြစ်သွား၏။ စိတ်နောက်ကိုယ်ပါဖြစ်သွားလျက် လှေကားပေါ်ကို ထောင်တက်လိုက်မိသေးသည်။

"လူလေး ဘာရှုပ်လုပ်နေတာလဲ၊ တံခါးဖွင့်ထားတယ်လေ"

ဒေါ်တိုးတ အပေါ်ထပ်လှေကားဘက်သို့သွားမလို့ ရင်ခွင်ထဲမှာ ခန်းဆီးလိုက်ကာတွေ ပွေ့ပိုက်ထားလျက် သူ့ကိုမြင်သွားခြင်းဖြစ်သည်။ တစ်မနက်လုံး အပြင်ထွက်နေသဖြင့် ခုမှပြန်လာပြီး အထဲမဝင်ဘဲ ရပ်စောင့်နေသည်ဟု ထင်သွားမှန်း သူသိသည်။

ထို့ကြောင့် ဖုန်းကိုင်ထားသည့်လက်နဲ့ပဲ ကာပြလိုက်ပြီး ကားနောက်ပိုင်းကို ပြန်ဆင်းလျှောက်ခဲ့၏။ အထဲမှာ ဒေါ်မမခိုင် မရှိဘူးဆိုတာ သူထင်တာဖြစ်သည်။ အကယ် ရှိနေသည်ဖြစ်စေ သူ ဝင်သွားကာမှ အပြင်က ပြန်ရောက်လာသည်ဖြစ်စေ ...၊

ထိုနှစ်ခုစလုံးမဟုတ်ဘဲ ချစ်ခြင်း က တံခါးတွေ အကုန်လျှောက်ပိတ်ပစ်လိုက်သည်ဖြစ်စေ တစ်ခုခုကြောင့် ပဋိပက္ခတွေဖြစ်ပြီး ပြောကြဆိုကြရပြီဆို စိတ်ကောင်းဝင်နေမိတာက သပ်သပ်၊ မခံချင်စိတ်ကြီးမားပြန့်ကားတတ်သည့်ကိုယ့်မာနက ဘယ်လိုမှ ပြေပြေပြစ်ပြစ်ရှိမှာမဟုတ်ပေ။

ချစ်ခြင်း ဆီ ပြေးလွှားဝင်သွားချင်သည့်စိတ်ကို မျိုသိပ်လိုက်ဖို့ ကားရဲ့ရှေ့ဖျားနောက်ဖျား နှစ်ခေါက်လျှောက်ပြီးမှ အောင်မြင်သည်။ ပြီးတော့ ဒီဖုန်းကိုပဲ ပြန်ခေါ်မိ၏။

"ချစ်ခြင်း"

"ကိုကြီး ချစ်ခြင်းကို အဲဒီလိုနှောင့်ယှက်မနေပါနဲ့ ချစ်ခြင်းတို့သားအမိကို ကိုကြီး ပေးသမျှအမုန်းတွေ အငြိုးတွေနဲ့ ..."

"မဟုတ်ဘူး၊ နေဦး .. မင်း ဘာဖြစ်လို့ ကိုယ်ပြောတာကို လက်မခံတာလဲ၊ ကိုယ် အခု စဉ်းစားနေသမျှ မင်းနဲ့မပြေလည်နိုင်တာအားလုံးကို ဖယ်ထားတယ်၊ မင်းအမေကိုလဲ အတိုက်အခံ ဘာမှမလုပ်ဘူး၊ ဒေါ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် စကားတွေပြောချင်တယ်၊ ကိုယ်တို့ ဆွေးနွေးရအောင်ဆင်းခဲ့ပါ ကွာ၊ မင်း ကျေနပ်အောင် ကိုယ့်ဘက်မှာ ပြောပြချင်တာတွေ အများကြီး ပဲ၊ ဘယ်လိုလဲ .. ဆင်းခဲ့မယ်မဟုတ်လား၊ ကိုယ် အခု ရှေ့မှာစောင့်နေ မယ်နော်"

စကားရပ်ပြီး နားစွင့်ကြည့်လိုက်တော့ ချစ်ခြင်း ဖုန်းမချသေးတာကို သိသည်။ ထပ်ပြောမလို့ပြင်လိုက်ပြီးမှ အသာလေး ပြန်ပိတ်လိုက်၏။ ချစ်ခြင်း ဆင်းမလာမချင်း စောင့်နေဖို့ စိတ်ထဲမှာတင်းထားလိုက်သည်။

ပြီးတော့ ကားတံခါးတစ်ဖက်ပွင့်ပြီး ခြေထောက်ချထိုင်နေလိုက်၏။ ချစ်ခြင်း ဆင်းလာသည့် လှုပ်ရှားမှုတစ်စုံတစ်ရာကိုမှ ကြည့်လို့မမြင်ရသေးပါ။

သူ စီးကရက်မီးညှိလိုက်ပြီး ထိုင်ရာမှထရပ်မိပြန်သည်။ ရင်ထဲမှာ ဘယ်လိုခံစားချက်တွေဖြစ်လာခဲ့သည်လဲ၊ လက်မထပ်မီကလည်း ချစ်ခြင်း ဆိုသည့်မိန်းကလေးက သူ့ရင်ထဲ ခေါင်းထဲမှာ ထူးထွေဆန်းပြားစွာ မရှိခဲ့ပေ။

လက်ထပ်ပြီးသည့်အထိ ချစ်ခြင်း ကိုပိုင်ဆိုင်လိုက်ရခြင်းအတွက် ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း၊ မက်မောခြင်း၊ မမက်မောခြင်း စသည့် ခံစားချက်တို့လည်း ရေရာစွာမရှိခဲ့တာ အမှန်ပင်။

ဘာမှမဟုတ်လောက်သည့် အမှတ်တမဲ့ခံပြင်းခဲ့သော အတ္တမာန လေးတစ်ချက်ကြောင့် အမိကပစ်မှတ်တစ်ခုလို သတ်မှတ်ခဲ့လိုက်တာက ဒေါ်မမခိုင် ...၊

ခုဟော့ ဒေါ်မမခိုင်နှင့်ပတ်သက်သမျှဟာ မှုန်ပျပျမြင်နေရသည့် မီး တောက်ငယ်လေးတစ်ခုသာဖြစ်လျက် ချစ်ခြင်းအတွက် ပူလောင်ခံစား နေရသည့်သောကကြောင့် ရင်ထဲမှာ မီးတောက်မီးလျှံတွေပြည့်လျှံ ဖြစ် နေတာ ထို့နေလည်း အဆင်မပြေ၊ မတ်တတ်ရပ်နေတော့လည်း ဘယ် ကိုပြေးပြီး ဘယ်သူ့ကို အော်ဟစ်တိုင်တန်းရမှန်းမသိ။

ချစ်ခြင်း ဘယ်လိုပြောင်းလဲသွားခဲ့တာကို တွေးမရနိုင်ဘဲ သူကိုယ်





တိုင် ရူးချင်လောက်အောင်ဖြစ်သွားခဲ့တာ အံ့သြရှုပ်ထွေး သေနိုင်လောက် သလား ...၊

ပါးတစ်ဖက်ကိုစတေးပြီးတော့မှ အသည်းနှလုံးကိုပါ အဆစ်ပေး လိုက်ရသည့်အဖြစ်မျိုး။ ကိုယ့်ကို နာကျင်စေခဲ့သည့်မိန်းမကိုမှ အမှတ်တရ ရင်ခုန်သွားခဲ့သည်။

သူမက ချစ်နေတုန်းမှာ ဒါတွေဟာ စာမဖွဲ့လောက်သည့်ခံစားချက် တွေလိုလိုနှင့် မချစ်ခဲ့ပါဘူးဆိုမှ ကိုယ်ကတော့ ချစ်နေမိခဲ့သည်။

ပြီးတော့ သူမဟာ ကိုယ့်မိန်းမဖြစ်ခဲ့ပါလျက်နှင့် ကိုယ်ပိုင်ဆိုင်ခွင့် မရှိတော့သလို ...၊

နာရီကိုငုံ့ကြည့်မိပြန်သည်။ ချစ်ခြင်း မလာနိုင်တော့ဘူးလို့ တွက်နိုင် သည့်အချိန်ကို သိလိုက်ရင်း တင်းခနဲအံကြိတ်မိ၏။

သည်းခံနိုင်ခြင်းက ဒီမှာတင် အဆုံးသတ်သွား၏။ ဒါပေမယ့် သူ ဖုန်းကို အိတ်ထဲထည့်လိုက်ပြီး အိမ်ထဲကိုဝင်မလို့ ခြေလှမ်းက ခြံထဲကို အလောတကြီးမောင်းဝင်လာသည့်အနီရောင်ကား၏အရိပ်ကြောင့် နေရာ မှာပဲ ရပ်တန့်သွားခဲ့၏။ ဒါ ဘယ်သူ့ကားလဲဆိုတာ သိလိုက်သဖြင့် ဒီဘက် ပြန်လှည့်ရပ်ရင်း စောင့်နေလိုက်သည်။

ကိုယ့်ပြဿနာနဲ့ကိုယ် အဆင်မပြေတုန်းမို့ ဧည့်သည်ဆိုသည့်အမှတ် နဲ့လည်း ကြည်သာလို့မရ၊ သူငယ်ချင်းမိတ်ဆွေဆိုတာ သိလျက်နှင့် ကား ကိုစိုက်ကြည့်နေသော သူ့မျက်နှာက ရှုသိုးသိုးမှုန်ကုပ်ကုပ်နှင့် ...

"ခြံရံ ..."

ဆင်းလာသည့် ထိပ်ထား မျက်နှာလေးကလည်း ချိုသာသော တည် ခင်းမှု မပါပေ။ တံခါးကို နောက်ပြန်ဆောင့်ပိတ်လိုက်ပြီး သူ့ဘေးကို ဘောက်ဆတ်ဆတ်လေးလျှောက်လာ၏။

"ချိန်းထားတာကို ဘာဖြစ်လို့မလာတာလဲ၊ ဟိုမှာ ကိုယ်ထင်ရှားကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တွေးပြီး ဘာတွေဖြစ်ကုန်ကြပြီလဲ သိလား ...”

“မတတ်နိုင်ဘူးလေ၊ ဒီမှာလဲ ကိုယ့်ပြဿနာနဲ့ကိုယ်”

“ယူ့ပြဿနာက ဘာလဲ၊ ကိုယ့်မိန်းမ ကိုယ်မပိုင်တဲ့ကိစ္စ၊ အဲဒါ ယူ တစ်ယောက်တည်း ဖြေရှင်းသွားလို့ရတယ်၊ ဟိုမှာက ...”

“ထိပ်ထား .. မင်းကိစ္စမဟုတ်ဘဲနဲ့ ဒီကိုရောက်အောင်လာပြီး ဒေါသ တွေပြနေတာ တို့ကို အကြောင်းကျားနဲ့ ထိုင်တောင်းပန်မယ့်ကောင် မှတ်လို့လား”

“ဟွန့် .. ယူ ဘယ်လိုကောင်လဲဆိုတာ အားလုံးထက် တို့က ပိုသိတယ်၊ အဲဒါကြောင့် အခု အားလုံးအတွက် သေရေးရှင်ရေးဖြစ်နေတဲ့ကိစ္စကို ယူက ဘာမှမဟုတ်သလို လွှတ်တဲ့နေရာမှာ ထွက်ရပ်နေမှာပဲဆိုတာ ကိုလဲ သိတာပဲ”

“သိရင် မင်း ပြန်တော့ ထိပ်ထား၊ မင်းထင်တာထက် ကိုယ်က ပိုဆိုးတဲ့ကောင်ပဲ၊ အခု ဘယ်သူ့ကိစ္စကိုမှ ခေါင်းထဲမထည့်နိုင်ဘူး”

“အခု အဲဒီလိုဖြစ်သွားပြီပေါ့၊ ဟိုညကတည်းက ပြဿနာကို အပြီး ရှင်းခဲ့ရင် ယူနဲ့တို့တွေ ခုလိုရှုပ်နေကြဖို့မရှိဘူး၊ ဘာမှမဟုတ်ဘူး .. မတုန်လှုပ်ဘူးနဲ့ အဲဒီ ချစ်ခြင်း ဆိုတဲ့မိန်းမကြောင့် ယူ အဆိပ်သင့်နေပြီ”

“အဲဒါတွေ မင်းနဲ့မဆိုင်ဘူးထင်တယ်”

“ဘာလို့မဆိုင်ရမှာလဲ၊ သစ်သစ်ဖော်ရဲ့ကိုယ်ဝန်ကိစ္စမှာ အချစ်ကို ဂရုစိုက်ရမှန်းမသိတဲ့ ယူ့လိုယောက်ျားတွေ စုစည်းထားလို့ အခု ရှုပ်နေတာ”

“ထိပ်ထား”

“အဲဒီ ...”

“မင်းနဲ့မဆိုင်ဘဲနဲ့ ဘာဖြစ်လို့ဝင်ရှုပ်နေတာလဲ၊ လိုချင်ရင် အဲဒီကြောင်တောင်တောင်ကောင်ကို လွှတ်လိုက်”

“နေဦး”





ဒီဘက်ပြန်လှည့်မလို့ပြင်လိုက်သည့် ခြံရဲ့ လက်မောင်းကို ထိပ်ထား က လှမ်းဆွဲ၏။ ခြံရဲ့ က လက်ကိုဝုတ်ချပစ်လိုက်ကာ ...

“ထိပ်ထား .. မင်းကို ကိုယ် ဒီထက်ပိုမရိုင်းချင်ဘူး”

“ရိုင်းလေ၊ ယူ အဲဒီ ...”

ဒေါသနှင့် သည်းမခံတတ်ခြင်းက လူကိုမစောင့်၊ တင်းတင်းစေ့ပိတ်ထားသည့် နှုတ်ခမ်းတွေ သူ့အတွက်ဖြစ်ခဲ့သည့်စာဆိုအတိုင်း လွှန့်ခနဲ မဲ့ကျသွားပြီး ထိပ်ထားကို သူ ရင်ဆိုင်ရပ်လိုက်၏။

ထိုစဉ် သူနှင့် မျက်လုံးချင်းစူးစိုက်ကြည့်နေရင်းမှ ထိပ်ထားမျက်ဝန်းတွေ သူ့နောက်ကျောဘက်ကို ဖျတ်ခနဲ ရွေ့လျားသွား၏။ ပြီးတော့ လက်ပိုက်လေးလုပ်ပစ်၍ လှောင်ရယ်သံနှင့် မျက်နှာလေးမော့သည်။

“ဟွန့်.. အချစ်တော်တဲ့မိန်းမနဲ့ မချစ်တတ်တဲ့ယောက်ျား၊ မင်း ဘဲ့ကို ရအောင်ယူနိုင်ပေမယ့် သူ့အချစ်ကိုတော့ ရဖို့မမျှော်လင့်နဲ့ ချစ်ခြင်း၊ သူတို့လူစုက မိန်းကလေးတစ်ယောက်ကို နွားတစ်ကောင်လို အမဲဖျက်ဖို့ထက် ပိုပြီးစိတ်ဝင်စားတတ်တာမဟုတ်ဘူး”

“ဟော့ ...”

သူ သတိလက်လွှတ် တွန်းပစ်လိုက်မိသည်။ ထိပ်ထား ကိုယ်လေး ခြေနှစ်လှမ်းလောက် ဒယိမ်းဒယိုင်ဖြစ်သွားပြီးမှ ကားဘော်ဒီမှာ လက်တစ်ဖက်နဲ့လှမ်းထိန်းနိုင်၏။ ကိုယ်ကိုမတ်မတ်ပြန်ရပ်လိုက်ပြီး ထိပ်ထား က အံကြိတ်ကြည့်သည်။

“ရှောင်သင့်၊ ဆောင်သင့်တဲ့လူမျိုးအတန်းအစားတွေထဲမှာ ယူ ပါတယ် ခြံရဲ့ တို့က မခြောက်တတ်ပေမယ့် ဒီတစ်ခါထားလိုက်တော့၊ တစ်ခုတော့ သတိပေးခဲ့မယ်၊ တို့လက်ထဲကို အဲဒီစာရွက် မနက်ဖြန်ထိ ရောက်မလာသေးရင် ယူတို့တစ်အုပ်စုလုံး ဘယ်တော့မှ လူတောမတိုးရဲအောင် လုပ်ပြီ မယ်၊ တို့က သစ်သစ်ဖော်အတွက် သူ့ရဲကောင်းပဲဆိုတာ ယူ မှတ်ထား”



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ထား ကြိမ်းဝါးသွားတာတွေ ဘယ်သဘောသက်ရောက်သည်။ ဘယ်လောက်ပြင်းထန်သည် ဘာကိုမှ သူ ဂရုမစိုက်နိုင်။

"ချစ်ခြင်း နေဦး"

"ဟင့်အင်း"

ချစ်ခြင်း ကို လိုက်ဆွဲမမီတော့ပေ။ ဂျိမ်းခနဲတံခါးပိတ်လိုက်သံနှင့်အတူ ကျန်ရစ်ခဲ့သည့် ချစ်ခြင်း ၏ရှိုက်သံတွေက သူ့ခေါင်းတစ်ခုလုံးကို ချာချာလည်တော့မတတ်ပင်။

ချစ်ခြင်း ဒီထိဆင်းလာတာကို လုံးဝမသိလိုက်သည့် ကိုယ့်အဖြစ်ကိုပဲ မချင့်မရဲ တက်ခေါက်မိ၏။

"ချစ်ခြင်း"

"... ... ..."

"ဒုန်း .. ဒုန်း"

တံခါးကို လက်သီးဆုပ်နဲ့ထု၍ခေါ်မိသည်။ တံခါးနားမှာ နားကပ်ထောင်လိုက်တော့လည်း ရှိုက်ကြီးတငင်ငိုနေသည့် ချစ်ခြင်း အသံကို သဲ့သဲ့လေးကြားရ၏။

တံခါးနဲ့အဝေးဆုံးနေရာမှာ ချောင်ကပ်ပြီးငိုနေပြီမှန်း သူ သိလိုက်သလို တံခါးလာဖွင့်ပေးဖို့ မလွယ်တော့ပြီမှန်း နားလည်လိုက်၏။ ဒါပေမယ့် သူ့အဖြစ်က ချစ်ခြင်း ကို ဒီနေရာကနေ အော်ကြီးဟစ်ကျယ် ရှင်းပြတောင်းပန်ဖို့လည်း မဖြစ်နိုင်ပေ။

"ချစ်ခြင်း တံခါးမဖွင့်ချင်လဲ ဒီနားမှာ ခဏလေးလာရပ်ကွာ၊ ဒီတံခါးတစ်ဖက်မှာ ခဏလေးပဲလာနေပြီး နားထောင်ပါ၊ ကိုယ် မင်းကို ..."

"ဒီမှာ ဘယ်လောက်ကြာနေပြီလဲ ခြံရှံ၊ မင်းကို နောက်ထပ် ဒီထိလာပြီးမကြိုးစားပါနဲ့လို့ ငါ ပြောခဲ့ပြီးသားနော်"

ဒေါ်မမခိုင် က လက်မွေ့အိတ်ကြီးကို ဘယ်ညာပြောင်းချိတ်ပြီး သူ့





ဘေးမှာလာရပ်၏။

"ချစ်ခြင်းကို ကျွန်တော် ရှင်းပြစရာရှိတယ် အန်တီခိုင်၊ အဲဒါကို မရှင်းရရင် ကျွန်တော်တို့နှစ်ယောက် ..."

"ဘယ်လိုမှပေါင်းခွင့်မရှိတော့ဘူးဆိုတာ ကာယကံရှင် မင်းက မသိပေမယ့် ငါက နားလည်လို့ပြောခဲ့ပြီးသားလေ၊ အဲဒါ မင်းအဖေလဲသိတယ်"

"ဘယ်သူသိသိ ဘယ်သူပြောပြော ကာယကံရှင်ဆိုတဲ့ထဲမှာ ကျွန်တော်နဲ့အတူ ချစ်ခြင်းလဲပါတယ်၊ သူကိုယ်တိုင် ဆုံးဖြတ်တာကိုပဲ .."

"ကလစ်"

သူ့စကားမဆုံးသေးခင် တံခါးလက်ကိုင်ဘုလေးလည်သွားပြီ တံခါးက ခပ်ဟဟလေးပွင့်သွား၏။ ချစ်ခြင်း သည် ဆံနွယ်ရှည်တွေဖြန့်ချထားပေမယ့် နဖူးကနေ ဖြစ်သလိုထိုးသိပ်ပြီး နားနှစ်ဖက်မှာဖိညှပ်ထားပုံလေးကလည်း မသေမသပ်နှင့် ...၊

ကြက်သွေးရောင်ဆွယ်တာလက်ရှည်လေးကိုဝတ်ထားသည်။ မျက်ရည်ပြည့်လျှမ်းသောမျက်ဝန်းများမှ အသံတိတ်စကားသံများကို ခြံရှံ့မျက်နှာထက်မှာ စူးနစ်ပျော်ဝင်လာခဲ့ပြီးမှ ...

"ချစ်ခြင်း ဆုံးဖြတ်တယ် ကိုကြီး၊ ကိုကြီးနဲ့ချစ်ခြင်း ဘယ်တော့မှ မဆုံစည်းတော့ဘူး"

"ချစ်ခြင်း .. ကိုယ် ..."

"ချစ်ခြင်းတို့ ဒီကနေ အမြန်ဆုံးသွားမယ် မေမေ၊ ချစ်ခြင်းကို လွတ်လပ်စွာဆုံးဖြတ်ခွင့်ပြုပါ"

သူမ ချာခနဲပြန်လှည့်သွားခဲ့ပြီး တံခါးက ပြတ်ပြတ်သားသား စည်းခြားပေးလိုက်တာ ဂျိမ်းခနဲ ...၊

ခြံရှံ၏ ချောက်ချားသွားသည့် လက်နှစ်ဖက်က တံခါးချပ်တွေကို ဖိကပ်တွန်းထားလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါ ရွှံ့နိမ့်သွားခြင်းအတွက် အတ္တ မာနတွေနဲ့ တက်ခေါက်ဖို့ကို မေ့နေခဲ့၏။ ဘေးမှာ တည်ငြိမ်စွာရပ်နေသော ဒေါ်မမခိုင်၏မျက်နှာထက်က ကောက်ကြောင်းတွေကို စောကြောဖတ်ပြှင်ဖို့လည်း စိတ်မဝင်စားနိုင်။

တကယ်ပါ .. ကိုယ် တကယ်ချစ်ခဲ့တာ၊ ကိုယ်မှားခဲ့တယ်ဆိုရင်တောင် ကိုယ့်ရဲ့အတ္တတွေပဲ မှားလိမ့်မယ်၊ ရင်ခုန်သံတွေက သစ္စာရှိပါတယ် ချစ်ခြင်းရယ် .....

မျက်နှာကို ဖိပွတ်၍ ခေါင်းငိုက်စိုက်ကျသွားခဲ့တာကို သူများကျေနပ်သွားတယ်ဆိုရင်လည်း ရှိပါစေ ...၊

မလိုလျှင် ရ၊ လိုလျှင် မရတတ်တာ အချစ်လား ...၊

ထို့ကြောင့် သည်အရာ .. ဤသို့ရှိခဲ့လျှင် .....





## အခန်း (၃၆)

"ခြံရှ .. သား .. ဖေဖေ ပြောနေတယ်နော်၊ အခု ရပ်နေလိုက်စမ်း"

"မဖြစ်ဘူး ဖေဖေ၊ ချစ်ခြင်း ကို ကျွန်တော် ..."

သူ့စကားမဆုံးခင် ရှေ့ကိုမြန်မြန်ဆန်ဆန်ရောက်လာခဲ့သည့် ဖေဖေ့လက်သီးက မေးရိုးထောင့်မှာ ခွပ်ခနဲမြည်သွား၏။

"ဖြစ်မလား။ အဲဒီလောက်နဲ့မဖြစ်သေးရင် မင်းခြေထောက်တွေကို ရိုက်ချိုးပေးမယ်"

"ဖေဖေ ..."

"မင်း ခြေတစ်လှမ်းမှမကျူးနဲ့၊ ဒီကနေ သူတို့ထွက်သွားပြီးတဲ့အထိ ဒီတံခါးကနေကျော်ပြီး ဟိုဘက်ကိုမကျူးရဘူး"

အသံတွေတုန်နေသည်။ သူ့ကိုထိုးပစ်လိုက်သည့်လက်သီးဆုပ်က ခုထိမပြေသေးဘဲ မဆန့်တဆန့်လက်ဖျားမှာ ကတုန်ကယင်ရှိနေဆဲဖြစ်၏။

ထိုပြင် မျက်နှာတစ်ပြင်လုံး အဝတ်စနီဖြန့်ခင်းထားသလိုရှိလျက် မျက်ဝန်းအိမ်မှာ မျက်ရည်တွေနဲ့လား ...၊



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ကို တအံ့တသြပြန်ကြည့်မိရင်း ခြံရဲ့ ကိုယ့်မျက်နှာကဒဏ်ရာကို သတိမထားနိုင်။ ပါးစပ်ထဲမှာ ငန်ကျိကျိဖြစ်လာသည့်သွေးတို့ကို ပြတင်းတံခါးကနေ ထွေးထုတ်ပစ်လိုက်ပြီး ဒီဘက်ပြန်လှည့်ကာ ...

"ကျွန်တော်က အခု ..."

"မင်း အခု ဘယ်လိုပဲ ဘဝပြောင်းသွားသွား မင်းရဲ့ပြောင်းလဲမှုတွေကို အသိအမှတ်ပြုဖို့ ဘယ်သူမှ စိတ်မဝင်စားတော့ဘူး သား၊ ရာသီလွန်မိုးကို ဘယ်လိုလူမှလဲ မနှစ်သက်ဘူး"

"ဘာဖြစ်လို့လွန်ရမှာလဲ ဖေဖေ၊ ချစ်ခြင်း က ကျွန်တော့်မိန်းမ၊ ကျွန်တော် ခွင့်မပြုဘဲ သူ ဘာမှ တစ်ယောက်တည်းဆုံးဖြတ်လို့မရဘူး"

"ဘာလဲ .. မင်းက လက်ထပ်စာချုပ်ကြီးကိုင်ပြီး ရှေ့နေရှေ့ရပ်နဲ့ လျှောက်လွှဲချက်တင် အယူခံဝင်တာတွေ လုပ်ချင်သေးလို့လား"

"လုပ်သ ့်ရင် လုပ်ရမှာပဲ ဖေဖေ၊ မှားတဲ့လူကို မှန်အောင်ပြင်မယ်ဆိုရင် ပြင်ဆင်ခွင့်ပေးရမှာပဲ၊ ပြင်လို့မရတဲ့အမှားဆိုတာရှိရင်တောင် မမှားဖူးတဲ့သူ မရှိဘူး"

"မင်း အခု မှားဖူးသွားတယ်လို့ထားလိုက်တော့ သား။ မင်းရဲ့အမှားကို မင်းတစ်ယောက်တည်းခံစားရမှာမဟုတ်ဘူး။ မင်းရင်ကွဲတယ်ဆိုတာ ဝန်းဒိုင်းကြဲပစ်လိုက်ပြီး ဖာထေးဖြတ်ဆက်ဖို့ ကြိုးစားခွင့်ရှိတယ်၊ ဖေဖေက ဘယ်လိုကြိုးစားဖြတ်ဆက်လို့မှမရတော့တဲ့ရင်ဘတ်နဲ့ မင်းလက်ကိုဆုပ်ကိုင်ပြီး ကျန်ခဲ့ရမှာ၊ ဖေဖေတောင်မှ နေပျော်တယ်ဆိုရင် မင်း ထပ်ပြီး ပြဿနာမရှာပါနဲ့"

"ခံစားချက်ဆိုတာ ကိုယ့်ရင်ဘတ်နဲ့ကိုယ်ဖြစ်လာတာ၊ ကျွန်တော့်ကြောင့်ဆိုတာ လုံးဝအခမ်ပ္ပာယ်မရှိဘူးလေ၊ ဒါကိုရှင်းပြခွင့်မရှိတာက စပြီး သဘာဝမကျနေတာ၊ အဲဒါကို ကျွန်တော် လက်မခံနိုင်ဘူး၊ အန်တီခိုင်အရှမ်းကို တစ်ယူသန်တယ်၊ နေ့နေ့ညည အလင်းအမှောင် ဘယ်ရှုထောင့်





ကကြည့်ကြည့် ကျွန်တော့်ကို လူဆိုးလို့ပဲမြင်နေတာ မလွန်လွန်းဘူးလား၊ ကျွန်တော့်ကိုမုန်းတာတစ်ခုတည်းနဲ့ ဘယ်မျက်နှာကိုမှ ဂရုမစိုက်ဘူး၊ ဖေဖေ ဒီလောက်ထိ သူ့ကို ..."

"တော်ပြီ သား၊ ကိုယ့်ရင်ဘတ်နဲ့ကိုယ်ဆိုရင် မင်းရင်ထဲက စာသားတွေကိုပဲ မင်း ရှက်ပါ၊ သူ ဘယ်လိုစိတ်ဓာတ်ပဲရှိရှိ ဖေဖေ ဘယ်လောက်ထိပဲ သည်းခံလိုက်လျောနေရပါစေ သူ့ကို ဖေဖေ ဘယ်တော့မှ အပြစ်မြင်မှာမဟုတ်ဘူး၊ ဟော့ .. သား .. မင်းကို ဖေဖေ တားနေတယ်၊ မသွားရဘူး"

စကားပြောနေတုန်း ခြံရဲ့ အတင်းထွက်သွားသဖြင့် ကမန်းကတန်းလှမ်းတားလိုက်မိ၏။ ဒါပေမယ့် မရပါ။ ခြံရဲ့ က အလှမ်းကွာသည့်ခြေလှမ်းကျဲများနှင့် အိမ်ပေါ်ကို လွှားတက်သွားသည်။

ရိုက်ချိုးစမ်းပါ၊ သူ့ရင်ထဲမှာ ဖေဖေ့လို ဂန္ထဝင်အချစ်တွေ မဖြစ်နိုင်သေးရင်တောင် ဘာနဲ့မှမရောနိုင်တဲ့ အချစ်စစ်တွေရှိသည်။

အချစ်ရဲ့ အတန်းစားတွေ ဘယ်နှစ်မျိုးလောက်ရှိနေလို့လဲ၊ ဂန္ထဝင်အချစ်တွေကိုပွေ့ပိုက်ပြီး ဖေဖေ လက်မြှောက်ကျန်ခဲ့နိုင်ပေမယ့် သူ မကျန်ခဲ့နိုင်၊

ကိုယ်တိုင် မြည်းစမ်းမကြည့်ခဲ့တုန်းက အချစ်ဟာ ဘယ်လိုချိုမြိန်သည်၊ ဘယ်လိုတပ်မက်ဖွယ်ဖမ်းစားနိုင်သည် ဘယ်လောက်ပဲ ညွှန်းဆိုကြပါစေ သူ စိတ်ဝင်စားခဲ့တာမဟုတ်။

ကိုယ်တိုင်ချစ်ပါပြီ၊ ခွဲလမ်းနေပါပြီဆိုမှ အချစ်ကို ဘယ်လိုလူတွေကခါးတယ်ပြောပြော၊ ငရဲမီးဆိုဆို မျိုချနိုင်သည်၊ လောင်မြိုက်ခံပြီး ပွေ့ဖက်ထားရမှာလဲ မကြောက်။

အပေါ်ထပ်ကို သူ ရောက်သွားသည်နှင့် ညှိခန်းဆက်တီမှာ ဒေါ်မမခိုင် က ခြေချင်းချိတ်ထိုင်နေလျက် သူ့ခြေလှမ်းတွေကို စူးစူးစိုက်စိုက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြည့်နေ၏။ ချစ်ခြင်း၏အခန်းဆီကို ဦးတည်ပြီးကာမှ ဒေါ်မမခိုင် ရှေ့ကအဖြတ်မှာ ခြေလှမ်းတုံ့သွားပြီး ...

"ကျွန်တော် ချစ်ခြင်းနဲ့ စကားပြောပါရစေ"

ဒေါ်မမခိုင် မျက်မှောင်ကြုတ်သွားပြီးမှ ချက်ချင်း ပြန်ပြေသွားသည်။ ထို့နောက် တစ်ခွန်းမှတားဆီးခြင်းမပြုဘဲ မျက်နှာလွှဲပစ်၏။ ဒါဟာ ခွင့်လွှတ်ပေးလိုက်တာမဟုတ်မှန်း သူ နားလည်သည်။

ချစ်ခြင်း၏ပြတ်သားမှုအပေါ်မှာ ယုံကြည်ပေးလိုက်ခြင်းပဲဖြစ်ပေမည်။ ဒါဆို အစကတော့ ပြင်းပြင်းထန်ထန်တားဆီးနေခဲ့တာတွေက ချစ်ခြင်း ပျော့ညံ့တွေဝေနေဆဲမို့လို့လား ...၊

ထိုသို့တွေးမိလိုက်တော့ ထိပ်ထား၏စကားတွေကို အမှတ်တမဲ့ ကြားသွားပြီး ရှိုက်ကြီးတငင် ငိုကြွေးခဲ့သော ရှိုက်သံတွေက နားထဲပြန်ဝင်လာသည်။ ဒီအဖြစ်တွေကို သူ မရှင်းလို့မဖြစ် ...။

"ချစ်ခြင်း .."

တံခါးခေါက်လိုက်ဖို့ လက်တင်လိုက်မှ တံခါးပိတ်မထားတာကို သိကာ အသာလေးတွန်းလိုက်မိသည်။ ချစ်ခြင်းသည် ဖွင့်လျက်သား ခရီးဆောင်သေတ္တာဘေးမှာ ကျုံ့ကျုံ့လေးထိုင်လျက် ငိုင်နေရာကနေ ကမန်းကတန်းထ,ရပ်လိုက်၏။

"ကိုကြီး ဘာလို့ဝင်လာတာလဲ၊ ခုထွက်သွားပါ။ ချစ်ခြင်း ဘာစကားမှ မပြောချင်ဘူး"

"မပြောပါနဲ့၊ ကိုယ်ပဲပြောမှာပါ"

"ဟင့်အင်း .. ဟင့်အင်း"

"ချစ်ခြင်း"

"အို.. မကိုင်ပါနဲ့"

"ကိုယ်ရှင်းပြတာကို ခဏလေးနားထောင်ပေးပါ"





"မထောင်နိုင်ဘူး .. ရှင့်ကိုရွံတယ်၊ ရှင် အဲဒီလိုယောကျ်ားမှန်း သိနေပြီးမှ ချစ်ခြင်း ငိုခဲ့မိတာ တွေဝေခဲ့တာတွေအတွက်လဲ ရှက်တယ်၊ အခု ချစ်ခြင်း ကျိတ်မှိတ်ခံစားနေရတဲ့ ရှင်နဲ့မပတ်သက်တဲ့ ရွံစရာကိစ္စတွေ အားလုံး မေ့ဇမ သိသွားပြီ၊ အဲဒါ ချစ်ခြင်း ပြောလိုက်တာပဲ၊ ရှင့်စိတ်ပေါ်မှာ အစကတည်းက မေမေ ဘယ်လိုသဘောထားခဲ့တာကို နားလည်နေရင် အခု ဘာဆက်လုပ်ရမလဲဆိုတာ ရှင် သဘောပေါက်တော့"

ချစ်ခြင်းက ဘယ်ကိုမှအထိမခံတော့ဘဲ သူနဲ့ ဝေးသထက်ဝေးအောင် နောက်ဆုတ်သည်။ ခြေဖျားထိရှည်သော လည်စည်းပါသည့် လက်ပြတ်ဂါဝန်ရှည်အပြာရောင်ကိုဝတ်ထားကာ ဂါဝန်က ခါးစည်းကြိုးလေးကို နောက်မှာ ခပ်လျှော့လျှော့ချည်ထားသဖြင့် သေးသွယ်သော ကိုယ်ခန္ဓာ၏အလှက တမင်ပြထားသလိုထင်းနေသည်။ ထိုပြင် ဖြန့်ချထားသည့်ဆံနွယ်ရှည်တို့သည် မဟာနဖူးပြေပြေကို ကပိုကရိုလေးကွေ့ဆင်းသွားပြီးမှ ခါးစပ်ထိပျော့နွဲ့စွာဝဲဖြာနေပုံလေးက အပူဟန်ဆင်၍ လူက နွမ်းနေသည်ထင်ရတာတောင်မှ အလှမပျက်။

သူမက အမြဲတမ်းလှနေတာပါ။ ချစ်ဖွယ်သောစကားတွေကို ဆိုတတ်လွန်းလို့လည်း သူမအပေါ်မှာ ချစ်တာမှန်းတာတွေကို ဘာမှထုတ်နုတ်မခံစားဖြစ်ခဲ့ဘဲ မချစ်ခဲ့ဘူးလို့ ယူဆခဲ့တာတောင် မမှန်းနိုင်ဘဲ ဖြစ်ခဲ့သည်။ ဒါပေမယ့် သိပ်လှပါလားလို့ မခံစားမိခဲ့တာ သူဟာ ငါးကြော်မကြိုက်သည့်ကြောင်မိုက်လိုလား ...။

"ချစ်ခြင်း ခဏလေးပါ၊ ကိုယ်လေ .. ကိုယ့်ဘက်က အားလုံးကို မင်း မကြိုက်တာအားလုံးကို ပြင်မယ်၊ ပြီးစလွယ်ပြောခဲ့သမျှ မာနစိတ်နဲ့ စိန်ခေါ်သလိုပြောခဲ့သမျှ အားလုံးအတွက်လဲ တောင်းပန်တယ်၊ မင်းနဲ့ ကိုယ်က တကယ်ဆို အကြင်လင်မယားတွေပါ၊ ကိုယ် မင်းကို အသိအတွေ့မှာ ယစ်မူးလို့ပဲဖြစ်ဖြစ်၊ ဒေါသနဲ့ဖြစ်ဖြစ် ကိုယ့်ဘက်မှာ အခွင့်



www.burmeseclassic.com

www.burmeseclassic.com



အရေး အပြည့်ရှိတယ်"

"ဘာ ..."

"ဒါပေမယ့် ကိုယ်မှားသွားပါတယ်၊ ကိုယ် မင်းရဲ့ကြည်ဖြူမှုကိုမယူဘဲ ခုလို ..."

"တော်ပါတော့၊ ချစ်ခြင်း ရှက်တယ် သိလား၊ ကိုကြီး ထွက်သွားပါ"

"မသွားနိုင်ဘူး၊ ကိုယ် မင်းနဲ့အဝေးကြီးကို ထွက်မသွားနိုင်ဘူး၊ မင်းကတော့ အခု သွားမလို့ပြင်ဆင်နေပြီ၊ မင်းဘက်က ခံနိုင်ရည်အပြည့်ရှိပေမယ့် ကိုယ် မခံစားနိုင်ဘူး၊ အချစ်ရဲ့ဖြားယောင်းခြင်းကို မင်း မခံစားတတ်ပေမယ့် ကိုယ် ခံစားတတ်နေပြီ"

"အဲဒါတွေ မသိချင်ဘူး၊ ရှင် အခု ဖယ်ပေး"

ချစ်ခြင်း နှုတ်ဖျားမှ ရှင် ဖြစ်လိုက်၊ ကိုကြီး ခေါ် လိုက်နှင့် ဗလုံးဗထွေးကျလာနေ၏။ ရှေ့ကိုတိုးပြီး တံခါးကနေပြေးထွက်မလို့ ခြေလှမ်းပြင်ရင်း တိုးလည်းမတိုးရဲ။

သူ့အပေါ် မှာ ဤမျှထိ မုန်းတီးရွံရှာနေသည်လား...။ ခြိမ့်ရဲ့ ရင်စိုက်ငေးရင်း နှုတ်ခမ်းတွေဖိကပ်ပိတ်မိသည်။ မရရအောင် ဆက်တောင်းပန်ရမည်လား၊ သွားပါတော့လို့ လက်လျှော့၍လွှတ်ပေးလိုက်ရတော့မှာလား ...။

ချစ်ခြင်း က အိပ်ရာခြေရင်းမှာရှိနေသည့် အဝတ်သေတ္တာကို သွားပိတ်ပစ်လိုက်ပြီး သော့ခတ်သည်။ ပိတ်နေရင်း ဘာကိုသတိရသွားမှန်းမသိဘဲ နေရာမှ မတ်မတ်ပြင်ရပ်လိုက်ပြီး သူ့ကိုမော့ကြည့်၏။

"ကိုကြီး ဒီတစ်ခါထပ်တားရင် ချစ်ခြင်း ကို အဆိုးမဆိုနဲ့"

သေတ္တာကို မွေ့ရာစပ်ကနေ ဖြစ်သလိုဆွဲချလိုက်ပြီး သူ့ရှေ့ကနေဖြတ်ထွက်၏။ ခြိမ့်ရဲ့ က ချစ်ခြင်း လက်ကောက်ဝတ်လေးတစ်ဖက်ကို ဖျတ်ခနဲဆုပ်ကိုင်ထားလိုက်ကာ ...

"မင်းကို အဆိုးမဆိုပါဘူး၊ ဘာလုပ်မှာလဲ .. လုပ်ပါ"





ချစ်ခြင်း မျက်ဝန်းလေးတွေ စူးစူးရဲရဲဖြစ်သွားတာကို စိုက်ကြည့်၍ကိုင်ထားသည့်လက်ကို လွှတ်ပေးလိုက်သည်။ ဘေးတိုက်အနေအထားမှာ ရှိနေရာမှ သူ့မရှေ့ကို ခြေတစ်လှမ်းရွှေ့ရပ်လိုက်ပြီး ...

"ရိုက်မှာလား .. ရိုက်လိုက်ပါ၊ မင်းငါ ငါ ဘာမှမတုံ့ပြန်ဘူး"

"ရှင် -- ရှင့်ကို ချစ်ခြင်း မရိုက်ရဲဘူးထင်နေသလား"

"မထင်ဘူး၊ မင်းဘက်က တစ်ခုခုကို ကိုယ် တကယ်လိုလိုလားလားလိုချင်နေတာ"

"ရှင် ..."

ချစ်ခြင်း လက်တစ်ဖက်ကို မချင့်မရဲဖျစ်ဆုပ်၍ နှုတ်ခမ်းလေးကိုက်၏။ ပြီးတော့ သူ့ကိုရှောင်ထွက်သွားဖို့ ခြေလှမ်းရွှေ့လိုက်သည်နှင့် သူကလိုက်ပိတ်လိုက်သဖြင့် ရင်ဘတ်ချင်းတိုက်မိလျက် နောက်ကိုပဲပြန်ယိုင်သွားခဲ့သည်။

ခြိမ့်ရဲ့ က လက်နှစ်ဖက်စလုံးကို ဘောင်းဘီအိတ်ထဲမှာထည့်ထားလျက်၊ ရိုဝေစွာငေးကြည့်ရင်း ...

"ခဏလေးနားထောင်သွားပါ၊ မင်း ကြားခဲ့တဲ့ပြဿနာဟာ ကိုယ့်ပြဿနာမဟုတ်ဘူး"

"အဲဒါကို လာမပြောနဲ့ .. မယုံဘူး၊ ကြားလဲမကြားချင်ဘူး"

"မကြားချင်တာကိုတော့ ဖွင့်ပြောရမှာပဲ၊ ယုံတာ၊ မယုံတာက ကိုယ်ဘာမှမတတ်နိုင်တဲ့အပိုင်းဆိုတော့ ကိုယ့်ကုသိုလ်ပဲပေါ့၊ သစ်သစ်ဖော်ဆိုတာက တိုင်း နဲ့လက်ထပ်လိုက်တာ မကြာသေးတဲ့ မိန်းကလေး"

ချစ်ခြင်း ရှေ့ဆက်သွားခွင့်လည်းမရတော့ပြီမို့ မျက်ရည်တွေပဲ ပိုးပိုးပေါက်ပေါက်ကျလာကာ သေတ္တာပေါ် မှာ အိခနဲထိုင်ကျသွား၏။ သူမပုံစံလေးက တကယ့်ကို အရုပ်ကြိုးပြတ်၊ ဘယ်လိုမှလက်ခံနားဆင်လိုခြင်းမရှိပေမယ့်လည်း ခြိမ့်ရဲ့ ပြောပြနေတာတွေက နားထဲကို စနစ်တကျဝင်



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့သည်။

"တိုင်း ကိုယ်တိုင် လက်ထပ်ပြီးမှသိရတာက သစ်သစ်ဇော် က ထိပ်ထား ရဲ့ အစ်ကိုနဲ့ ..."

ပြောနေရင်း ဆက်မပြောချင်သလိုလို ဒီမှာပဲရပ်သွားကာ ခြံရှံ့ အသံ တော်တော်နဲ့ထွက်မလာတော့ပေ၊ တအောင့်ကြာမှ ...

"အဲဒါတွေကို ပြောလို့မကောင်းဘူး၊ သေချာရှင်းပြရင်တောင်မှ မင်း နားထောင်ချင်မယ့်ကိစ္စတွေ ဖြစ်မှာမဟုတ်တော့ တိုင်းရယ်၊ သစ်သစ်ဇော် ရယ်၊ ထိပ်ထားရဲ့အစ်ကို မင်းသက်ဇင် တို့သုံးယောက်မှာ ပြဿနာတစ်ခု ရှိခဲ့တာကိုလဲ ခဏမှတ်ထားပေးပါ"

"ဒီမှာ ကိုကြီး ..."

"ခဏလေးပဲ ငြိမ်ငြိမ်လေးနေပေးစမ်းပါ၊ ကိုယ်ပြောပြီးရင် မင်းကိုယ် တိုင် ဆုံးဖြတ်"

ချစ်ခြင်း ဖျတ်ခနဲ မျက်နှာလေးလွှဲသွားပြီး မကြားချင်သလိုမျက်နှာ နှင့်နေ၏။ အဖြစ်အပျက်တွေက မကြားဖူးမနာသာရှိခဲ့တာမျိုးတော့မဟုတ် ပါ။ ဒါပေမယ့် မိန်းကလေးတစ်ယောက်ဟာ ယောကျ်ားလေးတစ်ယောက် ၏ ကားတင်ပြေးခြင်းကို ခံခဲ့ရပြီး ထိုအဖြစ်အပျက်နှင့် ကိုးရက်အကွာမှာ ချစ်သူနှင့်လက်ထပ်ခဲ့သည်။

တစ်လကျော်ကျော်ဆိုသည့်ကိုယ်ဝန်ကို လွယ်လိုက်ရသည့်အချိန် မှာ တစ်ဖက်သတ်ချစ်ခဲ့ဖူးသော မင်းသက်ဇင် ကလည်း ငြိမ်မနေ။ ချစ်သူ ဖြစ်သော တိုင်း ကလည်း ကိုယ့်ရင်သွေးပဲလို့ တစ်ထစ်ချယုံကြည်ခဲ့သူမို့ ဘာမှကိုမှလက်မခံ။

ကလေး အဖေ ဘယ်သူဖြစ်နိုင်သည့်ပြဿနာမှာ မင်းသက်ဇင် ဘက် က မခံရပ်နိုင်သူက ထိပ်ထား ဖြစ်နေခဲ့၏။

ထို့ကြောင့် ကိုယ်ဝန်စမ်းသပ်ချက်အဖြေရထားပြီးသည့်စာရွက်ကို





သူမက လိုချင်နေသည်။ ခုချိန်မှာ ကလေးအဖေ ဘယ်သူဆိုတာကို အတည်ပြုမထားဘဲ ကလေးရဲ့ဒီအင်န်အေကို စစ်ကြည့်ပြီးပြီဆိုမှ မှန်တဲ့ အတိုင်း အတည်ဖြစ်စေမည်။

"အဲဒီ စမ်းသပ်ထားတဲ့စာရွက်ကို ကိုယ် တမင်ယူဝှက်ထားတာ မဟုတ်ဘူး၊ ထိပ်ထား လာတောင်းတာကို မပေးဘဲထားလိုက်တာလဲ ကိုယ်နဲ့ပတ်သက်နေလို့မဟုတ်ဘူး၊ တိုင်းနဲ့ကိုယ်တို့တစ်ဝိုင်းတည်း အတူ သောက်ဖြစ်ကြရင်း ပြန်တော့ သူ့ကို ကိုယ်ပဲ လိုက်ပို့တယ်၊ အဲဒီညက သူ့ရဲ့ကုတ်အင်္ကျီ ကိုယ့်ကားပေါ်မှာကျန်ခဲ့တာ ကိုယ်လဲမသိလိုက်ဘူး၊ ကိုယ့်အင်္ကျီမှတ်ပြီး ဒေါ်တိုးက အင်္ကျီကိုလျှော်ဖို့ အိတ်ထဲကစာရွက် စာ တမ်းတွေကို စာကြည့်စားပွဲပေါ်မှာ ထုတ်ပေးထားခဲ့တယ်၊ အရေးတကြီး ပစ္စည်းမပါတော့ သူ့ကို ချက်ချင်း ပြန်မပေးဖြစ်ခဲ့ဘဲ သူလဲ မင်္ဂလာကိစ္စ အတွက် နှစ်ဖက်မိဘတွေပြေလည်ဖို့ကြိုးစားနေတော့ ဒါကို ပြန်မတောင်း ဘူး၊ ထိပ်ထား ပြဿနာရှာလာကာမှ ပြန်မပေးချင်တဲ့ရည်ရွယ်ချက်တွေ အဲဒီမှာဖြစ်တာ"

ခြံရှံ့ က ချစ်ခြင်း မျက်တောင်ဖျားကော့ကော့လေးတွေကို ငုံ့မိုးကြည့် နေရင်း ဆက်ပြော၏။

"ကိုယ့်ကို အမိန့်ပေးတယ်ထင်ရင် မနာခံတတ်တဲ့ အကျင့်တင်မက ဘူး တုံ့ပြန်ချင်တဲ့ဉာဉ်ဆိုးလဲ ကိုယ့်မှာရှိတယ်"

သိတယ်လို့ပြောလိုက်သလိုမျိုး ချစ်ခြင်း မျက်နှာလေး ဟိုဘက်ကို ပိုလှည့်သွားရင်း မဲ့၏။

"ဘာပဲဖြစ်ဖြစ် မင်းသက်ဇင် က ခိုးယူဖျက်ဆီးခဲ့တဲ့သူပဲ၊ သူ့လက်ထဲ က ထွက်ပြေးလာတဲ့မိန်းကလေးကိုမှ တိုင်း က ပြန်ခိုးထားခဲ့တာ၊ သစ် သစ်ဇော်ရဲ့မိဘတွေ သိတာကျတော့ မင်းသက်ဇင် ကားတင်ပြေးခဲ့သည့် အဖြစ်ကို မဟုတ်ဘူး၊ တိုင်းနဲ့ခိုးရာလိုက်သွားတယ်ဆိုတာပဲ သိကြတာယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီထဲမှာ ချစ်သူချင်း ပေါင်းဖက်သွားခဲ့တဲ့ကိစ္စက ဘာမှ အဖုအထစ်မရှိခဲ့ဘဲ မဟုတ်တာလုပ်ခဲ့တဲ့ မင်းသက်ဇင် က သူ့ပဲ အဖေဖြစ်ရမယ်၊ ဒီအိမ်ထောင်ရေးကို ပြိုကွဲစေရမယ်နဲ့ ကြိမ်းဝါးလာတာ ဘယ်လိုလုပ်လက်ပိုက်ကြည့်နေရမလဲ ...”

“အဲဒါ ကိုကြီးနဲ့ဘာဆိုင်လို့လဲ၊ ကလေးရဲ့အဖေတွေပဲ ဖြေရှင်းသင့်တဲ့ကိစ္စ၊ ကိုကြီး မရှုက်ဘူးလား၊ ဖြီးချင်ရင် ကြားလို့ကောင်းအောင်ဖြီးစမ်းပါ”

ချစ်ခြင်း က မျက်တောင်ဖျားတွေမှာ စို့စွတ်နေသဲမျက်ရည်တို့ကို လက်ခုံနှစ်ဖက်နှင့် ပွတ်သပ်သုတ်ပစ်လိုက်ကာ ...

“လူရမ်းကား သိက္ခာမဲ့ပုဂ္ဂိုလ်တွေ စုစည်းနေကြတဲ့အခန်းထဲမှာတုန်းကလဲ အဲဒီမိန်းမနဲ့ ကိုကြီးတို့ ...”

“ဟား ... အဲဒါ ဘာမှမဟုတ်ဘူး၊ ကိုယ့်ဆီမှာ အဲဒီစာရွက်ရှိနေတဲ့ကိစ္စကို အဲဒီညကစပြီး သူတို့ ပြဿနာရှာကြတာ၊ ဘာမှကိုမပြောရသေးဘူး၊ မင်းနဲ့ဟိုကောင်တွေ ပြဿနာတက်နေလို့ ...”

“ဩော် ... ဒါဆို ကိုကြီးက ကိုယ့်ပြဿနာရှင်းဖို့ရှိနေရက်နဲ့ ချစ်ခြင်းကို ပါအောင်ခေါ်သွားပြီးထားချင်သလို ပစ်ထားလိုက်တာပေါ့”

“ပစ်မထားခဲ့နိုင်လို့ မင်းကို လှမ်းမြင်နေရတဲ့နေရာမှာပဲ ကိုယ် ရှိနေတာပေါ့၊ ယုံပါ ချစ်ခြင်းရယ်၊ ကိုယ် ဘယ်လိုနေနေ မင်းက ကိုယ့်ရင်ဘတ်ထဲမှာပဲနေခဲ့တာပါ၊ အဲဒါ အချစ်တွေ သစ္စာတွေနဲ့ မသက်ဆိုင်သေးတဲ့ကာလကတည်းက သေချာနေခဲ့တာ၊ အဲဒါကို မင်း မယုံကြည်သရွေ့ ကိုယ်နဲ့မင်း ...”

“ဘယ်သောအခါမှမနီးချင်ဘူး၊ ချစ်ခြင်း ရင်ထဲမှာ ယုံကြည်ခြင်း ဆိုတာတွေလဲ မရှိတော့ဘူး”

“အဲဒါ ကိုယ့်အပြစ်ကြီးဖြစ်သွားလား ချစ်ခြင်း၊ အပေါင်းအသင်းတွေနဲ့ သွားလာပျော်ပါးနေခဲ့တာရှိချင်ရှိမယ်၊ ကိုယ် မရှုပ်ခဲ့ဘူး၊ လူတော်





လူကောင်းတစ်ယောက်ထက်ပိုပြီး ကိုယ် စရိုက်ကြမ်းခဲ့တာလဲ မှန်ချင်မှန်မယ်၊ သောက်စားရမ်းကားနေတဲ့အထိ မဆိုးသွမ်းဘူး၊ အဆိုးအကောင်းဆိုတဲ့ မျဉ်းနှစ်ကြောင်းရဲ့ကြားမှာ ရှိနေခဲ့တဲ့ ကိုယ့်ကို ဒီထက်ကြမ်းချင်လာအောင်မလုပ်ပါနဲ့၊ မင်းသဘောအတိုင်း အားလုံး ဖြစ်စေရပါ့မယ်လို့ မင်းရဲ့ရှေ့မှာ ဒူးထောက်နေကာမှ ဘာထပ်လုပ်ပေးရဦးမလဲ”

“ဘာမှမလိုဘူး၊ ကိုကြီးကတော့ ဘာဖြစ်လို့ ခုမှ မင်းသဘောအတိုင်းတွေ လာပြောနေတာလဲ၊ အစကလို ဂရုမစိုက်ခြင်းများစွာနဲ့ မဆိုင်သလိုပဲနေပါလား၊ ချစ်ခြင်းကို ...”

“မင်းကို ငါ ချစ်နေမိလို့ ...”

သူ ချစ်ခြင်းမျက်နှာလေးရှေ့မှာ မျက်နှာချင်းနီးအောင် ငုံ့သည်။

“မင်းကိုချစ်တယ်၊ ချစ်နေမိပြီဆိုမှ ကိုယ့်ကိုထားပြီး မင်း ထွက်သွားလို့မရဘူး”

“ဟင့်အင်း .. မကိုင်နဲ့”

သူ ချစ်ခြင်းပခုံးလေးနှစ်ဖက်ကို ငုံ့လျက်ကနေ ဆုပ်ကိုင်လိုက်ရင်း သူ့မရှေ့မှာ တဖြည်းဖြည်း ဒူးထောက်ကျသွားခဲ့၏။

“ချစ်ခြင်း”

“လွှတ်လို့ ပြောနေတယ်နော်”

“ကိုယ့်ကိုမော့ကြည့်စမ်းပါ၊ ကိုယ့်မှာ ဘာအပြစ်တွေကြီးကြီးမားမားရှိခဲ့လို့လဲ၊ မင်း ကိုယ့်ကို သည်းခံခဲ့၊ နူးညံ့လာခဲ့သမျှတွေက ကိုယ့်ဆီကရသမျှထုပ်ပိုးယူပြီး ခုလိုထွက်သွားဖို့လား၊ ပြောစမ်းပါ ချစ်ခြင်း၊ ဘာဖြစ်လို့ ကိုယ့်ကို ဒီလောက်မုန်းသွားတာလဲ”

ချစ်ခြင်း မျက်ဝန်းလေးတွေ သူ့ဆီရောက်လာသည်။ ပြီးတော့ ချက်ချင်းပြန်လွှဲသွားသဖြင့် ...

“ချစ်ခြင်း”



www.burmeseclassic.com

www.burmeseclassic.com



ပခုံးလေးနှစ်ဖက်ကို လှုပ်ခါပစ်ရင်း မျက်ဝန်းလေးတွေ သူ့ဆီပြန်ရောက်လာအောင်ခေါ်မိသည်။ သူမမျက်ဝန်းမှာ မျက်ရည်တွေပြည့်သိပ်နေခဲ့လျက် ...

"မသိဘူး၊ ချစ်ခြင်း ဘာမှမသိတော့ဘူး၊ အဲဒီတစ်ညမှာ ကိုကြီးကို အများကြီးနားလည်သွားတာ"

"အဲဒါတွေမဟုတ်ဘူးလို့ ကိုယ် ရှင်းပြပြီးပြီ၊ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စကို ကိုယ်ရှင်းနေတာ"

ချစ်ခြင်း က ခေါင်းတွင်တွင်ခါလျက် ...

"အဲဒီ မဆိုင်တဲ့ကိစ္စတွေလောက်တောင် ချစ်ခြင်း ကို ကိုကြီးက အရာမသွင်းခဲ့တာ၊ သူငယ်ချင်းဆိုတဲ့လူတွေလောက် ချစ်ခြင်း က ကိုကြီးအတွက် အရေးမပါခဲ့တဲ့သူ၊ အဲဒီညမှာ အားလုံးရှင်းသွားတာ သိရဲ့လား၊ ချစ်ခြင်း တစ်ယောက်တည်း လမ်းမပေါ်မှာ သေကျေပျက်စီးသွားနိုင်တဲ့ အချိန်ထိ ကိုကြီးက ဥပေက္ခာထားခဲ့တာ"

"မထားခဲ့ဘူး၊ မင်းဘေးကိုရောက်မလာတာပဲရှိတာ၊ မင်းကိုမြင်နေရတဲ့နေရာမှာ ကိုယ်ရှိနေခဲ့တယ်၊ အဲဒီအတွက်တွေအတွက် ပေးဆပ်ဖို့ ကိုယ်ကြိုးစားနေတာပါ၊ မင်းအပေါ်မှာ ဂရုမစိုက်သလိုဖြစ်ခဲ့တဲ့ ကိုယ့်အပြုအမူတွေအတွက် အပြစ်လို့သတ်မှတ်ပြီးစီရင်ပါ၊ မင်းကြိုက်သလို မင်းကျေနပ်လောက်တဲ့အထိ ..."

ချစ်ခြင်း ခါးလေးကို သိမ်းဖက်ထားလိုက်တော့ နွေးအိသင်းပျံ့နေသည့် ချစ်ခြင်းကိုယ်လေး သူ့ရင်ခွင်ထဲကိုရောက်လာသည်။ ရုန်းထွက်သွားမှာကို သိနေသဖြင့် အတင်းအကျပ်သိမ်းချုပ်ဖက်ထားရင်း ဆံနွယ်ရှည်တွေကို တိုးတိုက်နမ်းမိသည်။

သူမ၏ဦးခေါင်းလေးထက်မှာ ပါးကပ်ထားမိလိုက်၊ နွတ်ခမ်းသားများနှင့် ဖိကပ်နမ်းနေမိလိုက်၊ သူ့အဖြစ်က လူပျိုပေါက်စတစ်ယောက်၏





ရှူးသွပ်စွာရင်ခုန်နေမိခြင်းမျိုးလား ...၊

ဒါမှမဟုတ် သူ တကယ်ရူးတော့မည်လား ...၊ ရင်တွေခုန်ခြင်း၊ ကြည်နူးရင်းဖြင့် ကြေကွဲခြင်းကြောင့် မချိတရိဖြစ်လာသည်။

ချစ်ခြင်းရဲ့ နူးညံ့မလိုနှင့် မာကျောနေသည့်နှလုံးသားက ဒေါ်မမခိုင်၏ တစ်ယူသန်အတွေးများနှင့် ချစ်ခြင်းကို သူ အနိုက်အတန့် သို့မဟုတ် ထာဝရ စွန့်လွှတ်ရခြင်း တစ်ခုခုဖြင့် သူ ရူးရတော့မည်။

အချစ်သည် လျှို့ဝှက်စွာ ကိန်းအောင်းနေတတ်သည်ရှိသော မျိုသိပ်ကြိတ်မှိတ်၍ အသည်းကွဲတတ်ခြင်းကိုကျတော့ ဘာကြောင့် မပေးခဲ့တာလဲ။

ကိုယ်ချစ်ခဲ့ရတာကို ဘယ်သူမှမသိသလို အသည်းကွဲရမည်ဆိုလျှင်လည်း လူတွေမသိအောင် တိတ်တိတ်လေးကွဲနိုင်ခွင့်တော့လိုချင်သည်။

ထိုအခါ အာရုံထဲမှာပေါ်လာသည်က တိုင်းနဲ့သစ်သစ်ဖော်တို့ ချစ်ကြတုန်းက တိုင်း အသည်းကွဲရတော့မလို့ အဖြစ်ကလေးတစ်ချက်နှင့် အတိမ်းအစောင်းဖြစ်ခဲ့ဖူးတာကို သတိရ၏။

ဂစ်တာခေါက်၍ သီချင်းဆိုရင်း ငိုပစ်လိုက်တော့မလို တိုင်း မျက်ဝန်းတွေ အရောင်လက်လာတော့ သူတို့ ပခုံးတွန့် လက်ခါ၍ ရယ်မောလှောင်ပြောင်ခဲ့ကြဖူး၏။

တိုင်း ဆိုဖူးတဲ့သီချင်းထဲကလို အခု သူဖြစ်နေပြီလား ...၊

..... ဟိုအရင် ငါ့ရဲ့အခန်းမှာ လူတွေမသိအောင် တိတ်တိတ်ကျိ( မယ် ... အိပ်မက်ထဲတော့ အပြစ်ယူမနှိပ်စက်ပါနဲ့ ... တို့တွေ့ကြချစ်ခြင်း ဘယ်သူမှမသိနိုင်ဘူး ငါတစ်ယောက်တည်း မင်းကြောင့်ရူး - အချစ်ရူးသူ ... ချစ်ခဲ့ခြင်းက မှားခဲ့ပြီ ..... ဒ်မှာ ခုလောက်

သီချင်းသံတွေကိုကြားယောင်ရင်း နစ်မျောခဲ့ာ

ချစ်ခြင်း ကိုယ်လေးထက်မှာ တင်းကျပ်စွာရစ်သိုင်းဘာကို လုမ်းမြင်သော မေးဖျားလေး သူ့ပခုံးထက်မှာ မေးတင်ချက်နှင့် ‌၏



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။

နှစ်ယောက်သည် အချစ်တို့ဖလှယ်ရင်း တသိမ့်သိမ့်ခံစားနေကြသည်ကဲ့သို့ စက္ကန့်များစွာ တိတ်ဆိတ်ငြိမ်သက်နေခဲ့ကြ၏။ ထိုစဉ် ...

"ဒေါက် .. ဒေါက်"

တံခါးခေါက်သံကြောင့် ချစ်ခြင်း ကိုယ်လေးတောင့်တင်းသွားသည်။ သူ့လက်တွေ ပြေကျသွားစဉ်မှာ နှစ်ယောက်တစ်နေရာစီဖြစ်သွားခဲ့ကြ၏။

"ချစ်ခြင်း ... သမီးလေး ..."

ဒေါ်တိုး အသံကို ကြားလိုက်သဖြင့် ချစ်ခြင်း နေရာမှထ,ရပ်လိုက်သည်။

"သမီး ..."

"ရှင် .. ချစ်ခြင်း ရှိတယ်"

"သမီးမေမေ ခေါ်နေတယ်ကွယ်"

"ဟုတ်"

ချစ်ခြင်း မျက်ဝန်းလေးတွေ သူ့မျက်နှာကနေ အဝတ်အစားသေတ္တာဆီရောက်သွား၏။ ခြံရံ က နေရာမှထ,ရပ်လိုက်ရင်း ချစ်ခြင်း လက်ဖဝါးလေးကိုဆွဲယူလိုက်သည်။

ချစ်ခြင်း က ဆတ်ခနဲပြန်ရုန်း၍ ...

"ရှေ့ကဖယ်ပါ"

...ပြီး သူ ဖယ်တာကိုမစောင့်ဘဲ သေတ္တာကို လှမ်းကိုင်လိုက်သည် ...တိုင်းရပ်ကြည့်နေလိုက်ရင်း အံ့ကြိတ်၏။ ထိုစဉ် တံခါးကသွားမှာကို ...သွားကာ အပြင်ဘက်မှာရပ်နေသည့် လူနှစ်ယောက်ကိုရှည်တွေကို တိုး

သူမ၏ဦးခေါ...

နှင့် ဗီကပ်နမ်းနေမိ... ...မယ့် နှုတ်ဖျားကနေ ရေရွတ်လိုက်တာကို တိုင်း





က လှမ်းကြည့်ပြီးခေါင်းညိတ်သည်။ ပြီးတော့ သူ့ဘေးမှာရှိနေသည့် သစ်သစ်ဇော် ကို ငဲ့ကြည့်လိုက်ပြီး ...

"ငါတို့ မင်းအတွက် လာခဲ့ကြတာ"

တိုင်း တို့၏ပခုံးတွေကြားကနေ နောက်ကစည့်ခန်းမြင်ကွင်းကို ခြံရံ က လှမ်းကြည့်သည်။ ဒေါ်မမခိုင်သည် ထိုနေရာမှာပဲထိုင်လျက်ထိုင်ဆဲဖြစ်ကာ သူ့ဘေးမှာ ဖေဖေက ဆိုဖာနောက်မှီမှာ လက်တစ်ဖက်တင်၍ ရပ်နေ၏။

သူ့မျက်ဝန်းတွေ တိုင်းတို့နှစ်ယောက်ထံ ပြန်ရောက်လာမှ ...

"ငါတို့နှစ်ယောက်ရဲ့ကိစ္စတွေအားလုံးကို အန်ကယ်လ်နဲ့အန်တီတို့ကို ရှင်းပြပြီးပြီ"

ပြောနေရင်း ချစ်ခြင်း ကို လှမ်းကြည့်လိုက်ကာ ...

"ချစ်ခြင်း ကိုလဲ ..."

"နေပါစေ၊ ငါ အားလုံးပြောပြပြီးပြီ၊ မင်းတို့ ဒီထိလာပြီးကူညီပေးတာကို ကျေးဇူးတင်တယ်၊ ပြန်ကြတော့"

"ခြံရံ ..."

တိုင်း က ခြံရံ နဲ့ ချစ်ခြင်း တို့နှစ်ယောက်ကို ငေးကြည့်လိုက်ပြီး တိုင်း က အလွန်အမင်း စိတ်ပူကောင်းဖြစ်နေသည့်မျက်နှာနှင့်ခေါ်သည်။ ပြီးတော့ ဘာမှလည်းမပြောသေးဘဲ နှုတ်ဆိတ်သွား၏။

"ဒီလိုရှိတယ် ခြံရံ ရဲ့"

သစ်သစ်ဇော် က ခြံရံ့ ကိုခေါ်တာပေမယ့် မျက်လုံးတွေက ချစ်ခြင်း ဆီမှာဖြစ်ကာ ...

"နင်နဲ့မှမဆိုင်တာ၊ မဆိုင်တဲ့ပြဿနာတစ်ခုကြောင့် နင်ဒီမှာ ခုလောက်ရင်ဆိုင်နေရတာကို ငါတို့ နေဝန်း ပြောမှသိကြတာ"

သစ်သစ်ဇော် က ချစ်ခြင်း ခြေလှမ်းပြင်လိုက်တာကို လှမ်းမြင်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြောနေရင်း အဲ့ထဲကို တိုးဝင်သွားလိုက်ပြီး ချစ်ခြင်း ရှေ့မှာ ရပ်လိုက်၏။

"တို့ ရှင်းပြတာကို ယုံပါ ညီမရယ်၊ ခြံရံ က အဲဒီလိုလူမျိုးမဟုတ်ပါဘူး၊ သူတင်မကဘူး သူတို့သူငယ်ချင်းအားလုံးပဲ တက္ကသိုလ်မတက်ဖြစ်ကြတာချင်းအတူတူပေမယ့် ရမ်းကားတတ်တဲ့အကျင့်တွေမရှိဘူး၊ လူငယ်သဘာဝအတိုင်း နေတတ်စားတတ်တာတွေက လူကြီးတွေ မျက်စိနောက်စရာဖြစ်နေတာ၊ အကျင့်စာရိတ္တပျက်ပြားတဲ့သူ တစ်ယောက်မှမရှိဘူး၊ တို့က တို့ယောကျ်ားနဲ့ပတ်သက်နေလို့ အကောင်းမြင်ဝါဒနဲ့ ကြည့်လိုက်တာမဟုတ်ဘူးနော်၊ တို့ယောကျ်ားဖြစ်လာကာမှ သူနဲ့ပတ်သက်တဲ့ အရာအားလုံးကို ပိုသိလာတာ"

"မမသစ် ..."

"နေပါဦး ညီမရယ် ...၊ အခု ထိပ်ထားနဲ့ ဒီမှာဖြစ်သွားတဲ့ကိစ္စက ခြံရံ နဲ့ ဘာမှကိုမဆိုင်ဘူး၊ အဲဒါက ..."

သစ်သစ်ဇော် က ချစ်ခြင်း လက်မောင်းလေးတစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်ရင်း တိုင်း ကို ပြန်လှည့်ကြည့်ကာ ...

"တို့လင်မယားနှစ်ယောက်ရဲ့ ပါစင်နယ်ကိစ္စပါ။ အဲဒါကို ထိပ်ထားက ခြံရံ က ဝင်ရှုပ်နေတာဆိုပြီး ဒီထိလိုက်ပြဿနာရှာတာ၊ အန်တီ့ကိုလဲ ဒါတွေအားလုံး သေချာရှင်းပြလိုက်ပြီးပြီ အန်တီက ပြောတယ်၊ ဒီပြဿနာတွေကို သူ စိတ်မဝင်စားဘူးတဲ့"

ချစ်ခြင်း မျက်နှာလေးမော့လာသည်။ သစ်သစ်ဇော် က တောင်းပန်သည့်မျက်ဝန်းတွေနှင့်ပါ၊ ခြံရံ က ခေါင်းမော့နေတာလည်းမဟုတ်၊ ခေါင်းငိုက်စိုက်ကျနေတာလည်းမဟုတ်ဘဲ မျက်နှာခပ်လွှဲလွှဲနှင့် မျက်လွှာချနေသည်။

တိုင်း ကတော့ သစ်သစ်ဇော် လို လိပ်ပတ်လည်အောင်မပြောတတ်သည်မို့ ဘာမှဝင်မပြောပေမယ့် မျက်နှာတော့မကောင်းပေ။ ဒီပြဿနာ





မှာ ချစ်ခြင်း သာ အဓိကဖြစ်နေသည်မှန်း သူတို့ နားလည်ခဲ့ပြီဖြစ်၏။

ဒီအိမ်ကို သူတို့ရောက်လာတော့ အန်ကယ်လ်ဦးမိုးက ဒေါ်မမခိုင်ဆီရောက်အောင် ခေါ်သွားပေးသည်။ ပြေလည်အောင်ရှင်းပြစေချင်သည့်ဆန္ဒလည်း ရှိနေပုံပါ။ ဒါပေမယ့် ဒေါ်မမခိုင် မျက်နှာက တစ်ချက်မှမလျှော့။

"ချစ်တယ်ဆိုတာကို ဘာကြောင့်ချစ်တာလဲလို့ မေးလို့မရသလို မုန်းတယ်ဆိုတာလဲ အကြောင်းပြချက် တစ်ခုခုရှိချင်မှရှိမှာပေါ့ကွယ်၊ အန်တီကတော့ မုန်းနေတာတော့မဟုတ်ပါဘူး၊ ဒါပေမယ့် မေတ္တာမရှိခဲ့တာလဲ အမှန်ပဲ၊ ကလေးဆန်ဆန်ပြောရရင်တော့ ကြည့်မရခဲ့တာမျိုးပေါ့။ ဒီလောက်ကြာအောင် တစ်အိမ်တည်းအတူတူနေထိုင်ဖြစ်ခဲ့ကြတာလဲ အန်တီ့ခင်ပွန်းနဲ့ပတ်သက်တယ်၊ အခု ဘာအတွက်နဲ့မှပတ်သက်ဖို့မလိုတော့ဘူးလို့ ဆုံးဖြတ်သတ်မှတ်လိုက်တာက သမီးရဲ့ခံစားချက်ကို ဦးစားပေးလိုက်တာပဲ၊ ဒီပြဿနာနဲ့ပတ်သက်တာကို သမီးကတော့ စိတ်ဝင်စားမလားဘဲ၊ အန်တီ့အတွက် မလိုဘူး" တဲ့။

ပြောသွားသည့်ကိစ္စက ချစ်ခြင်း က ခွင့်လွှတ်ခြင်း၊ ခွင့်မလွှတ်ခြင်းကို ဆုံးဖြတ်လိမ့်မည်၊ သူမကတော့ ခြံရံ့အပေါ်မှာ ဘယ်သောအခါမှ ကျေနပ်ကြည်ဖြူသောသမက်အဖြစ် လက်ခံမှာမဟုတ်ကြောင်း ...၊

"အဲဒီတော့လေ ..."

သစ်သစ်ဇော် ကပဲ သူမစကားကို ပြန်ဆက်ရင်း ...

"အန်တီက ညီမလေးဆုံးဖြတ်တဲ့အတိုင်းဖြစ်စေမှာပါ။ အန်တီနဲ့ ခြံရံ အဆင်မပြေမှုတွေရှိခဲ့ကြတာကို ညီမလေး အစတည်းက သိခဲ့တာပဲ မဟုတ်လားဟင်၊ အခု တို့ရဲ့ပြဿနာကြောင့်မဟုတ်ရင် ခြံရံ့ ကို ညီမလေး ချစ်ခဲ့ပါတယ်"

ချစ်ခြင်း မျက်နှာလေးလွှဲပစ်လိုက်ပြီး ခေါင်းခါ၏။ ထိုအဖြစ်ကို ခြံရံ က မျက်တောင်ဖျားတို့မေးစင်းနေအောင်စိုက်ကြည့်သည်။ ပြီးတော့ နှုတ်



www.burmeseclassic.com

www.burmeseclassic.com



ခမ်းတွေပိကပ်သွားတဲ့အထိ အံကြိတ်၏။

"အိမ်ထောင်တစ်ခုဆိုတာလဲ တည်ဆောက်ပြီးရင် မပြိုကွဲကောင်းပါဘူး တစ်ယောက်နဲ့တစ်ယောက် အထင်အမြင်လွဲမှားခဲ့တာတွေလဲ အခု ရှင်းသွားပြီဆိုတော့ အရင်လိုပဲ ..."

"ဟင့်အင်း .. မဟုတ်ဘူး မမသစ်"

ချစ်ခြင်း က မထင်မှတ်စွာ ခေါင်းမာနေလျက် ...

"ချစ်ခြင်း ခံစားရတာက အဖြစ်အပျက်တစ်ခုအပေါ်မှာပဲ အစပြုခဲ့တာမဟုတ်ဘူး၊ အချစ်ကြီးလို့အမျက်ကြီးတာမျိုး အထင်အမြင်လွဲပြီး ဝုန်းဒိုင်းကြဲခံစားရတာမျိုးနဲ့လဲ မဆိုင်ဘူး၊ ကိုကြီးရင်ထဲကို ကိုယ့်ဘာသာ နားလည်သွားတာ"

"ဘယ်လို ..."

သစ်သစ်ဖော် မျက်မှောင်လေးကြုတ်သွားကာ ချစ်ခြင်းနှင့်ခြံရှံကို တစ်လှည့်စီကြည့်သည်။

"အားလုံးသောအဖြစ်အပျက်တွေ အခြေခံလာတာက အကြောင်းတစ်ခုတည်းပဲရှိတယ်၊ အဲဒါက ဘာလဲဆိုတော့ မေမေ့ကို သူ မုန်းနေတာ၊ ချစ်ခြင်း လိုက်လျောနေသမျှ သူ ကျကျနနကြီးမုန်းတီးခွင့်ရနေတာ"

"ချစ်ခြင်း"

ခြံရှံ ဒီဘက်ကို ဖျတ်ခနဲလှည့်လာပြီး ချစ်ခြင်းပခုံးကို ခပ်ဆောင့်ဆောင့်ဖိကိုင်သည်။

"တော်တော့၊ မင်း အဲဒီလောက်အထပ်ထပ်ထိုးနှက်ရရင် ကျေနပ်တော့၊ အခု မင်း ဘာလုပ်ချင်တာလဲ၊ ဒီကထွက်သွားမှ ငြိမ်းချမ်းမှာမဟုတ်လား၊ သွားလိုက် .. ရတယ်"

"အို.. ခြံရှံ ကလဲ ..."

"မင်း အဲဒီလို သည်းမခံတတ်တာတွေခက်တာ ခြံရှံ"





တိုင်း တို့လင်မယား လှုပ်လှုပ်ရှားရှားဖြစ်ကုန်ကြသည်။ ကြည့်လိုက်တော့လည်း နှစ်ယောက်စလုံးမှာ မျက်ရည်စတွေနှင့်၊ ပြောနေကြတာလည်း ချစ်ကြင်နာတာတွေ မပါ။

ချစ်ခြင်းနှင့်ခြံရှံကို သူတို့ ဘယ်လိုနားလည်ရမှန်းမသိတော့အောင် ဖြစ်သွားမိကြသည်။ ချစ်ခြင်း က မျက်တောင်တွေ တဖျပ်ဖျပ်ခတ်ပစ်ရင်း သေတ္တာဆွဲထွက်တော့ သစ်သစ်ဖော် က အတင်းပြန်ဆွဲထားကာ ...

"နေပါဦး၊ ခဏလေးဖြစ်ဖြစ် အချိန်ယူပြီး စဉ်းစားပါဦး"

"ဟုတ်ပါတယ်၊ ခြံရှံ ကလဲ ဒီလိုပဲပြောတတ်ဆိုတတ်တာ အကြောင်း မသိကြဲတာမဟုတ်ဘဲ"

တိုင်း ကလည်း ဝင်ပြောရင်း တံခါးကိုကျောပေး၍ မသိမသာပိတ်ရပ်ထားလိုက်၏။

ချစ်ခြင်း ဒီအခန်းအပြင်ကိုထွက်လိုက်တာနှင့် ဒေါ်မမခိုင်က အဲသာလေးခေါ် ထွက်သွားတော့မှာကို သူတို့ သိသည်။

ခြံရှံ အပေါ်မှာ 'ကြည့်မရခြင်း'ဆိုသော မပြေလည်နိုင်သည့်ပုဒ်မနှင့် သူမက စီရင်ချက်ချဖို့ အသင့်စောင့်နေတာဖြစ်သည်။ ချစ်ခြင်း ဒါကိုမသိဘူးလား၊ ဒါမှမဟုတ် ခြံရှံ အပေါ်မှာ တကယ်ကို မကျေနပ်နိုင်တာလား။

စောစောကပြောသွားသည့် အကြောင်းတစ်ခုပဲရှိတယ်ဆိုတာ ဘာလဲ ...။

တိုင်း တို့ရင်ထဲမှာ မေးခွန်းတွေဖြစ်ကုန်ကြ၏။ ခြံရှံ ဘက်က အစကတည်းက ကြင်ကြင်နာနာမရှိခဲ့တာကိုတော့ သူတို့အားလုံး သိပါသည်။ ဒါပေမယ့် ချစ်ခြင်း ဘက်က မကျေနပ်ခဲ့တဲ့ အရိပ်အယောင် ဘာများရှိခဲ့လို့လဲ။

ခုကျတော့ သူတို့မြင်နေရတာ အံ့သြဖွယ်တွေဖြစ်နေ၏။ ခြံရှံ က မစွန့်ရက်၊ မပစ်နိုင်။ အံတကြိတ်ကြိတ်၊ မျက်ရည်တဝေ့ဝေ့နှင့် ...။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်း က စွန့်ခွာထွက်သွားဖို့ ဟန်တပြင်ပြင် ...၊ ဘာတွေဖြစ်ကုန်ပြီလဲ ...။ နေဝန်း ကတော့ ခေါင်းတခါခါနှင့်ပြောခဲ့၏။

"ခြံရှံ ကောင်မလေးကို တော်တော်ချစ်နေတာကွ .. အံ့သြစရာပဲ ဒီကောင် ပျာနေပြီ" တဲ့။ ကြားတုန်းက သူ ပြန်ပြောခဲ့သေးသည်။

"ချစ်နေရင် ချစ်တယ်လို့ပြောလိုက်ပေါ့၊ ပျာစရာလား" လို့ ...။

ခုကျမှ နားလည်သွားသည်။ ဘာမှမသိရသေးဘဲ နားလည်သွားသည်က ချစ်ဖို့မလွယ်တဲ့အကြောင်း ...။ ထိုစဉ် အခန်းရှေ့ နီးနီးလေးက နေ ဒေါ်မမခိုင်၏ အေးစက်စက်အသံကို ကြားလိုက်ကြရ၏။

"သမီး ..."

"ရှင်"

သူတို့အားလုံး ခေါင်းထောင်သွားကြသည်။

"အချိန်တွေ ဒီလောက်ရင်းနှီးလိုက်ရင် ဘယ်လိုအမြတ်ထွက်လာမယ်လို့ သမီး ထင်လို့လဲ"

ချစ်ခြင်း မျက်ဝန်းလေးတွေ ခြံရှံ့ဆီ ဝေ့ခနဲဖြတ်ပြေး၏။ ပြီးမှ သစ်သစ်ဖော်ကို ကွေ့ရှောင်ပြီး အပြင်ကိုထွက်သည်။

"ခဏလေး"

သစ်သစ်ဖော် က ခြံရှံ့ မျက်နှာပေါ်က ရေဆူအမှတ်ကို တွက်ကြည့်ပြီး စာနာစိတ်နှင့် တင်းကပ်လိုက်ကာ ...

"အန်တီရယ် သူတို့ ဆွေးနွေးလို့မပြီးသေးပါဘူး၊ အချိန် ခဏလေး ထပ်စောင့်ပေးပါ"

"လိုလို့လား၊ ဒါ နှစ်နိုင်ငံ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးတဲ့ပွဲမှမဟုတ်တာ၊ တစ်မိုးအောက်ထဲမှာ တစ်ခန်းတည်း အကြာကြီး အတူတူနေနေတဲ့ သူချင်း ..."

ဒေါ်မမခိုင် က ချစ်ခြင်း မျက်နှာလေးကိုစိုက်ကြည့်ပြီး သစ်သစ်ဖော်





ဘက်ကို ပြန်လှည့်လာတော့ မကြည်လင်သည့် တင်းမာမှုများနှင့် ...

"ဘယ်ဘက်ကမှမေတ္တာမပါတာကို သိတယ်၊ နားလည်မှုတွေ၊ စာနာမှုတွေ ဘာမှမပါဘဲ အသုံးချခံလိုက်ရတာကိုလဲသိတယ်၊ ဒါပေမယ့် ဘာမှမတတ်နိုင်လိုက်တဲ့ကိစ္စလေး၊ ကိုယ့်သမီးကလဲ ကျေနပ်နိုင်ပါတယ် ဆိုလို့ ဘယ်လောက်ထိကျေနပ်ပေးမလဲ နေလိုက်စမ်း ဆိုပြီး ကြည့်နေခဲ့တာ၊ အဲဒီတစ်လျှောက်လုံးက ဆွေးနွေးခွင့်ရှိနေတဲ့အချိန်တွေ မဟုတ်ဘူးလား"

ဒေါ်မမခိုင် က လက်ပိုက်ပြီး ချစ်ခြင်း ဘက်ကို သေချာလှည့်ရပ်ကာ ...

"သမီး ပြော .. အခု မေမေတို့ သွားလို့ရပြီလား"

"နေပါဦး အန်တီခိုင်"

ခြံရှံ က ဘောင်းဘီအိတ်ထဲမှာ လက်တစ်ဖက်ထည့်လျက်နှင့် တစ်လှမ်းချင်းလေးဖင့်ဖွာလျှောက်လာ၏။ အားလုံးနှင့် မျက်နှာချင်းဆိုင်ဖြစ်အောင် နေရာယူ၍ ရပ်နေလိုက်ပြီး ...

"ကျွန်တော် မတားပါဘူး၊ ဒါပေမယ့် နည်းနည်းတော့ပြောခွင့်ပေးပါ"

မျက်ဝန်းထောင့်နှင့် နှာသီးဖျား နီရဲနေသော ခြံရှံ့ မျက်နှာကို ဒေါ်မမခိုင် က အစွမ်းကုန် ရက်စက်တော့မည့်မျက်လုံးများနှင့် မမှိတ်မသုန် စိုက်ကြည့်နေ၏။ ခြံရှံ က မျက်လွှာချထားရင်း လက်တစ်ဖက်က ဆံပင်တွေ ထဲရောက်လျက် ...

"အသုံးချခံလိုက်ရသလိုဖြစ်အောင် ကျွန်တော် လုပ်ပြခဲ့တာတွေ ရှိပါတယ်၊ ဒါပေမယ့် ချစ်ခြင်းကို ကျွန်တော် မှိုချိုးမျှစ်ချိုး ဆက်ဆံခဲ့တာ မရှိဘူး၊ ကိုယ်ထိလက်ရောက် ဒီနေ့ထိ နာကျင်အောင် တစ်ခါမှမရိုက်နှက်ခဲ့ဘူး၊ အဲဒါတွေ သူသိပါတယ်၊ အခု စွပ်စွဲထားတဲ့ပြဿနာကိုလဲ ဘာပေါက်ရင်တွေကိုယ်တိုင် လာရှင်းပြပြီးပြီ၊ ဒါတွေ သူ့ရင်ထဲမှာ မရှိတော့ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ သေချာတယ်"

"မသေချာတာကို ငါ မသိချင်ဘူး။ အဲဒီတော့ ငါတို့သားအမိနဲ့ မင်းတို့သားအဖရဲ့ ဇာတ်လမ်း ဒီမှာပြီးသွားပြီ"

ဒီစကားရောက်မှ အားလုံး သတိရကာ ဦးလွင်မိုး ရှိနေခဲ့သည့်နေရာကို လှမ်းကြည့်မိကြ၏။ ဦးလွင်မိုး မရှိတော့ပါ။ ခြံရဲ့ မျက်နှာ အဆာပေါင်းများစွာ ရင့်ရော်သွားခဲ့၏။ ရင်ထဲမှာ ပြင်းထန်သည့် ထိခိုက်ခြင်းနှင့်အတူ—

"ကျွန်တော့်ကြောင့် အဲဒီလောက်ထိဖြစ်ကုန်တာလား"

သူ့နှုတ်ဖျားမှ တီးတိုးရေရွတ်ရင်း ရှေ့ကို တစ်လှမ်းတိုး၏။ သူ့မျက်ဝန်းအကြည့်တွေက ချစ်ခြင်း မျက်နှာလွှဲထားသည့်ဘက်မှာပဲရှိနေကာ—

"ပြောပါရစေ၊ သူ့ကို ကျွန်တော် သိပ်ချစ်ပါတယ်၊ ရိုင်းတဲ့ကောင်ဆိုတဲ့ ကျွန်တော့်ရင်ဘတ်ထဲမှာ သူ့ကိုချစ်မိသွားတဲ့အချစ်က သီးသီးသန့်သန့် နူးနူးညံ့ညံ့ရှိနေခဲ့တာပါ၊ သူနဲ့ကျွန်တော့်ကို ကြည်ဖြူပေးဖို့အတွက် အန်တီခိုင် ဖြစ်စေချင်တဲ့အတိုင်း ကျွန်တော့်ဘက်က အားလုံးဖြစ်စေဖို့ နာခံဖို့တွေလဲဆုံးဖြတ်ခဲ့တယ်၊ ဒါပေမယ့် သူကိုယ်တိုင်က ကျွန်တော့်ကို လက်မခံနိုင်တာဖြစ်တဲ့အတွက် အားလုံးကို ထားခဲ့လိုက်ပါပြီ"

ခြံရဲ့ သည် စိတ်ဆတ် လက်မြန်တတ်ခဲ့သော စစ်ခြံရဲ့ ၏သွင်ပြင်ဟန်ပန်တွေ လုံးဝပျောက်ကွယ်နေခဲ့ပြီး မျက်ဝန်းထဲမှာ နှစ်ချို့အလွမ်းတွေ ထည့်သိပ်ထားသလို ရီဝေနေခဲ့သည်။

နှုတ်ခမ်းသားတို့သည် မျဉ်းဖြောင့်တစ်ကြောင်းလို တင်းတင်းစေ့နေပေမယ့် မာနတွေမဟုတ်ဘဲဖြစ်နေခဲ့၏။ သူသည် အိပ်မက်ထဲမှာ လမ်းထ,လျှောက်နေသည်လား၊ တစ်ရေးနိုး ကယောင်ကတမ်းတွေ ပြောနေသည့်လူလိုလား ...။

ဒေါ်မမခိုင် ကို ပြောနေရင်း ချစ်ခြင်း ကိုပဲကြည့်လျက် ...

"မင်း ကျေနပ်မယ်ဆိုရင် လုပ်ပါ၊ ဒီလိုဖြစ်ကုန်ကြမှ စိတ်ချမ်းသာ





မယ်ဆိုရင်လဲ သွားလိုက်ပါ၊ ဒါပေမယ့် မင်းကို ငါ ချစ်တယ်၊ ဘယ်တော့မှ အဆုံးသတ်မှာမဟုတ်တဲ့ ချစ်ခြင်းမျိုးနဲ့ချစ်တာ၊ မင်းမုန်းလို့ မေ့သွားတဲ့ တစ်နေ့နေ့ကျရင်တော့ ပြန်လာခဲ့ပါ၊ ကိုယ်တို့ တစ်က ပြန်စမယ်"

သူ့မျက်နှာ ငုံ့သွားသည်။ ပြီးတော့ အားလုံး ရှေ့ကနေထွက်သွား၏။ သွားကြမယ်လို့ ခြေလှမ်းပြင်နေကြသည့်သူတွေရှေ့ကနေ သူပဲ ဆင်းထွက်သွားခဲ့၏။ ချစ်ခြင်း ဘယ်လိုမှ မျက်ရည်မခိုင်တော့ပေ။

တိုင်း နဲ့ သစ်သစ်ဖော် တို့ကလည်း ဘယ်သူ့ကိုမှနှုတ်မဆက်တော့ဘဲ ခြံရဲ့ နောက်ကနေ လိုက်သွားကြလေသည်။

အချစ်က မည်သို့ရှိလေသနည်း .....။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၇)

"သွားမယ်လေ"

"ရှင်"

ပေါက်ခနဲကြွေဆင်းသွားသည့်မျက်ရည်စက်ကို မတားဆီးလိုက်နိုင်မီ ကမန်းကတန်းခေါင်းညိတ်၍ ...

"ဟုတ်"

မေမေ့ကို မော့မကြည့်ရဲဘဲ ထွက်သွားကြဖို့ ခြေလှမ်းပြင်၍ ကျောခိုင်းနေလိုက်၏။

"သမီး"

ဒေါ်မမခိုင်က ချစ်ခြင်း ရှေ့ကို မလှုပ်တလှုပ်လျှောက်လာပြီး တောင့်မတ်စွာရပ်လိုက်သည်။ ထို့နောက် ငုံ့ချထားသည့်မျက်နှာလေးကို မေးဖျားလေးကနေ မော့ယူလိုက်ပြီး ...

"တကယ်သွားနိုင်တာလား"

ချစ်ခြင်း ဘာမှမဖြေနိုင်။ ထိန်းချုပ်ထားသမျှမျက်ရည်စက်တို့က ချောင်းရေလျှံသလို တသွဲ့သွဲ့ဖြာဆင်းလာကြ၏။





ဒေါ်မမခိုင် မျက်နှာက တည်တင်းနေရင်းမှ တဖြည်းဖြည်း ရီဝေသွားပြီး ပင့်သက်ရှိုက်သည်။

"သူ တကယ်ပြောသွားတာတွေပဲဆိုတာကို ယုံကြည်လိုက်ပါ"

"ဟင် ..."

မေးဖျားလေးမှာ ထိကပ်ထားသည့်လက်က ဖြည်းလေးစွာပြုတ်ကျသွားခဲ့လျက် ...

"ချစ်ခြင်းနဲ့ မုန်းခြင်း ဆိုတာကို ကိုယ့်ရင်ထဲမှာ ကြိုက်သလိုခံစားသိမ်းဆည်းခွင့်ရှိပေမယ့် ကိုယ်ထင်တဲ့အတိုင်း တစ်ဖက်သားအပေါ် ဆုံးဖြတ်တဲ့အခါမှာ အကြောင်းတစ်စုံတစ်ရာရှိဖို့တော့ လိုမယ်ထင်တယ်"

မေမေ ဘာတွေပြောနေမှန်း ချစ်ခြင်း မသိပါ။ ဒါပေမယ့် အံ့သြနေခြင်းက မပြေ။

"သူ့ဘက်က အားလုံးကိုဖွင့်ချပြောပြသွားပြီဆိုတော့ မေမေက သူကြီးမိဘဖြစ်နေလျက်နဲ့ သဘောထားသေးသိမ်တဲ့သူ မဖြစ်ချင်ဘူး၊ အဲဒါကြောင့် သမီးခံစားချက်အမှန်ကို မေမေ သိချင်တယ်။ ဒီတစ်ခါတော့ မေမေ့ဘက်ကရပ်တည်ရမှာပဲဆိုပြီး သမီး ဆုံးဖြတ်လိုက်တာလား၊ အခုသွားမယ်ဆိုတာ တကယ့်ပြတ်သားတဲ့စိတ်ရင်းလား"

"မေမေက ..."

"မေမေ့ကို မမေးပါနဲ့၊ မေမေက သမီးဘက်ကဖြစ်ဖြစ်၊ သူ့ဘက်ကဖြစ်ဖြစ် မိဘနေရာကနေ ရှောင်လွှဲလို့မရတဲ့သူ၊ မေမေ့စိတ်ထဲမှာ ဘာရှိရှိ သူ သမီးကို တကယ်ချစ်ကြင်နာမယ်ဆိုရင် ကျေနပ်ပေးနိုင်တယ်၊ သူပြောသွားတာတွေ တကယ်ဆိုရင် ကျေနပ်ဝမ်းသာရမယ်၊ အဲဒီတော့ မေမေ့အတွက်ရပ်တည်ပေးချင်တာဆိုရင် တော်ပါတော့"

"မေမေရယ် သူကလေ မေမေနဲ့သူ သင့်မြတ်စေချင်လို့ ချစ်ခြင်းက လိုက်လျောလေ မေမေ့အပေါ်မှာ အနိုင်ယူလေ၊ ပြီးတော့ သူ တကယ်



www.burmeseclassic.com

www.burmeseclassic.com



ရက်စက်ခဲ့တာ"

"အခု သူပြောသွားတဲ့တကယ်တွေကို သမီး ယုံကြည်လိုက်ပါ မေမေ့အတွက် ဆိုတာကို မေ့လိုက်တော့"

"မေမေ ...'

ဒေါ်မမခိုင် မျက်ဝန်းထဲမှာ ချစ်ခြင်း ချောက်ချားစွာရှာဖွေမိသည်က ဒါ တကယ်လား ...၊ အိပ်မက်လား ...။

"မေမေ .. ချစ်ခြင်း လေ .. ချစ်ခြင်း ကိုကြီးကို သနားတယ်"

ဒေါ်မမခိုင်က ခပ်မဲ့မဲ့ပြုံး၏။

"ချစ်ခြင်း ကို စိတ်ဆိုးပြီး မေမေ ပြောနေတာလားဟင်"

ခေါင်းခါပြလိုက်ရင်း နှုတ်ခမ်းထက်မှာ မဲ့ပြုံးတို့ ကင်းစင်အောင် ဒေါ်မမခိုင် ကြိုးစားသည်။ လွယ်တော့မလွယ်ကူပါ။ ဖူးဖူးစင်စင် သန့်သန့်ခန့်ခန့်လေးမွေးမြူလာခဲ့သည့်ကိုယ့်သမီးလေးဟာ စစ်ခြံရဲ့ ကဲ့သို့ ပညာအရည်အချင်းနည်းပြီး ဘာတစ်ခုမှလေးနက်မှုမထင်သော ဂျစ်ကန်ကန် ပုံစံ လူငယ်တစ်ယောက်နှင့် ထာဝရအကြောင်းဆက်ပေါင်းဖက်တော့မည့်အဖြစ်က အိပ်မက်ဆိုးတစ်ခုနှင့်တူနေသည်။

အကြောင်းသိမိတ်ဆွေတွေကတော့ နှစ်သိမ့်မှုတွေပေးကြပါသည်။

"ကိုမိုးသားက ထက်ထက်မြက်မြက်ရှိတဲ့ကလေးပါ၊ ဥစ္စာရှာတယ် ပညာရှာတယ် ဆိုတာကလဲ ကိုယ်တိုင်ထက်သန်မှ ထူးချွန်အောင်မြင်တာမျိုး၊ သူကိုယ်တိုင် စိတ်ပါလက်ပါကြိုးစားချင်လာတဲ့တစ်နေ့ဆို သူ့အခေ ခြေရာနင်းမှာ သေချာတယ်"

"ဘူးပင်ကနေ ကြက်ဟင်းခါးသီးတယ်ဆိုတာ မဖြစ်နိုင်ပါဘူး၊ နည်းနည်းတော့ စောင့်ကြည့်ပါဦး"

"စိတ်ဆတ်တဲ့လူတွေ တော်တော်များများ အပြောဆိုကြတာပဲလေ ခြံရဲ့ ဆိုတဲ့ကောင်လေးက အဲဒီလိုမျိုးပါ၊ ပောာ့ရမ်းဆိုးသွမ်းခဲ့တာ မရှိပါဘူး"





ဆိုသည့်စကားတွေ အမျိုးမျိုးကြားခဲ့ရသည်။ ဘာပဲဖြစ်ဖြစ် ဒီနေ့ မိန်းမတစ်ယောက်၏ဂုဏ်သိက္ခာပိုင်းအရ ကျေနပ်ပေးခဲ့ရပြီ။

မိဘတစ်ယောက်၏ ခွင့်လွှတ်သည်းခံနိုင်စွမ်းသမျှ သမီးလေး စိတ်ချမ်းသာဖို့ လိုက်လျောခဲ့ရသည်။ သားသမီးတို့အပေါ်မှာ မိဘဘက်က 'နာ'ဘယ်နှစ်'နာ'နှင့် ခွင့်လွှတ်ပေးဆပ်နေခဲ့ကြသည်မသိပေမယ့် သူမရင်ထဲမှာ ရစရာမရှိအောင် 'နာ'နေတာတော့ သေချာ၏။

"မေမေ ..."

"ဟင်"

"ချစ်ခြင်း မေးတာကို ဖြေပါဦး မေမေ၊ ချစ်ခြင်း အခု ..."

"သမီး လိုက်သွားချင်တယ်မဟုတ်လား"

"မေမေက ..."

"ခွင့်ပြုနေပြီပဲ"

ချစ်ခြင်း ငိုနေပေမယ့် မျက်ဝန်းလေးတွေ ကြည်လင်သွားသည်။ ပြီးတော့ မေမေ့ကို တင်းခနဲပွေ့ဖက်ကာ ပါးပြင်ကို ဘယ်ပြန်ညာပြန်နမ်း၏။

"မေမေ့ကို အရမ်းချစ်တယ်"

ဟု မော့မော့လေးပြောလိုက်ရင်း အနားမှာချထားသည့်အိတ်ကိုလည်း သတိမရတော့ဘဲ အပေါ်ထပ်ကနေ တောက်လျှောက်ပြေးဆင်းလာလေသည်။ ဒေါ်မမခိုင် အုံ့မှိုင်းသောမျက်နက်ဝန်းတို့မှာ အပြုံးရိပ်ဆင်၏။ သမီးလေး ပျော်သွားသည်ပဲ ...။ လှေကားဆီကို ငေးကြည့်နေဆဲမှာ ဦးလွင်မိုး တက်လာတာကို မြင် လိုက်ရ၏။

"မင်းတို့ထွက်သွားတော့မယ်ဆိုရင် ခဏဖြစ်ဖြစ်, ထာဝရဖြစ်ဖြစ် ကိုယ် ထိုင်ကြည့်နေနိုင်စွမ်းမရှိဘူး ခိုင်၊ အဲဒါကြောင့် နှုတ်မဆက်နဲ့တော့"

ဟု ပြောပြီး သူ့ဘာသာ ဆင်းထွက်သွားခဲ့သူ ...၊

"ခိုင် ..."



www.burmeseclassic.com

www.burmeseclassic.com



ဦးလွင်မိုး အနားရောက်လာတော့ ဒေါ်မမခိုင် မျက်နှာငုံ့သွားကာ..

"မိုင့်ကို ခွင့်လွှတ်ပါ ကို"

"ဘယ်တုန်းကမှကို အပြစ်မြင်လို့မရခဲ့တဲ့သူပါ ခိုင်၊ သမီးလေး ပြောသွားလို့ ကိုယ် ဘယ်လောက်ပျော်သွားသလဲဆိုရင် ကိုယ့်ရဲ့ဘဝကို ဟိုးအစကနေ ပြန်ရလိုက်သလိုပဲ"

ပြောပြီး ဦးလွင်မိုး က ဒေါ်မမခိုင် ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။ ပြီးတော့ မျက်နှာမော့လာစဉ်မှာ မျက်ရည်စိုနေသည့်ပါးပြင်နှစ်ဖက်ကို စူးစိုက်ငေး၍ ...

"မျက်ရည်မကျနဲ့ ကိုယ့်ကြောင့် မင်း ဘယ်တော့မှ မျက်ရည်မကျရဘူး၊ နောက်ထပ်ပြီးတော့လဲ ဒီလိုမဖြစ်စေရဘူး၊ သမီးလေးကိုလေ မင်းကို ကိုယ်ချစ်တာထက်ပိုပြီး မြတ်နိုးနိုင်တဲ့သူဖြစ်လာဖို့ ကိုယ့်သားဘက်က ကိုယ် အာမခံနိုင်တယ်၊ ဘာဖြစ်လို့လဲ သိလား ..."

ဦးလွင်မိုး က ဒေါ်မမခိုင် ပါးပေါ်ကမျက်ရည်စတို့ကို လက်မနှစ်ဖက်နှင့် ဖွဖွလေးယုယစွာပွတ်သုတ်ပေးရင်း ...

"သားက သမီးလေးကို မြတ်မြတ်နိုးနိုးချစ်နေတာ ယောကျ်ားချင်းမို့ ပိုသိတယ်၊ ကိုယ့်သားဖြစ်နေတဲ့အတွက် နှလုံးသားချင်းနားလည်နေတယ်၊ မင်း စောင့်ကြည့်နေပါ ခိုင်ရယ်၊ နောက်ထပ် ဒီမိသားစုထဲမှာ မငြိမ်းချမ်းမှုတွေ ဘယ်တော့မှ ထပ်မရှိစေရဘူး"

ဒေါ်မမခိုင် နှုတ်ခမ်းတွေ ပြုံးယောင်သမ်းသွားသည်။

ဒီတိုင်းပဲဖြစ်ပါရစေ .....။





## အခန်း (၃၈)

ဂါဝန်စလေးကို လက်နှစ်ဖက်နှင့် အသာမ,၍ လှေကားပေါ်တနေထိန်းဆင်းခဲ့ရသမျှ ညှော်ခန်းကိုဖြတ်ပြေးလာတော့ ချစ်ခြင်း ဆံဝင်တွေ လွင့်ခါနေအောင်ပြေးသည်။

ကိုကြီး ဘယ်ရောက်သွားပြီလဲ၊ သတိလက်လွှတ်နှင့် ပြေးထွက်လာပြီးမှ ကားနဲ့သွားဖို့ကို သတိရသည်။

မမသစ်တို့လင်မယားနှင့် တစ်ခါတည်းထွက်သွားတာတော့ မဖြစ်နိုင်။

ခြံရှေ့ စီးသည့်ကားတွေချည်းထားသည့်ဂိုဒေါင်ဘက်ကို ပြန်လှည့်ပြေးလာရင်း ကားနဲ့တကယ်ထွက်သွားတာ ဟုတ်,မဟုတ် ကြည့်ဖို့ကို စိတ်ကူးထားမိသည်။

စိတ်က စောပြီး မောနေတာကို သတိမထားမိပေမယ့် ဒူးတွေတုန်လာတာက ဆိုး၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကားတွေ ဒီတိုင်းရှိနေတာကို ရပ်ကြည့်နေမိရင်း မျက်ရည်က အလိုလိုဝေ့လာသည်။

မမသစ်တို့လာသည့်ကားနှင့် ကိုကြီး ပါသွားပြီလား၊ အဲဒီကနေ ထင်ရာမြင်ရာတွေ ထွက်သွားပြီး ချစ်ခြင်း ကို မုန်းလိုက်၊ မေ့လိုက်ဖို့ ကြိုးစားမှာလား ...။

"... မင်း ကျေနပ်မယ်ဆိုရင် လုပ်ပါ"

"... သူ့ကိုယ်တိုင်က ကျွန်တော့်ကို လက်မခံနိုင်တာဖြစ်တဲ့အတွက် အားလုံးကိုထားခဲ့လိုက်ပါပြီ"

စကားတွေကို ပြန်ကြားရင်း ချစ်ခြင်း အင့်ခနဲရှိုက်မိသည်။ ဟုတ်မှာပါ။ 'ပြန်လာခဲ့ပါ၊ တစ်ကပြန်စမယ်' လို့ ပြောသွားတာကတော့ ကိုကြီး ရင်ထဲက ဖြစ်နိုင်ခြေတစ်ခုလောက်ပဲနေမှာပေါ့ ...။

ချစ်ခြင်း မျက်ရည်တွေကိုသုတ်ပစ်လိုက်ပြီး ဂိုဒေါင်ထဲကနေ ပြေးထွက်ခဲ့မိသည်။ အရှုံးပေးသွားတယ်ဆိုပေမယ့် ကိုကြီးက အမြဲတမ်းပြေးနေတဲ့သူပါ။ ခုလည်း ချစ်ခြင်း လိုက်ရဦးမှာ သိလား ...။

ချစ်ခြင်း ပေါ်တီကိုအောက်က ကားတွေရှိတဲ့ဆီ ပြေးခဲ့မိစဉ် မျက်ဝန်းထောင့်မှာ အရိပ်တစ်ရိပ် ဖျတ်ခနဲကျန်ရစ်ခဲ့သလိုမြင်လိုက်ကာ ပြေးနေသည့်ခြေလှမ်းတွေ ရပ်တန့်သွား၏။

စိတ်ထဲမှာ ချက်ချင်းခံစားမိလိုက်တာက ထိုအရိပ်ဟာ ကိုကြီး ဖြစ်နေသည်ဟု ...၊ ချစ်ခြင်း နောက်ကို ဖျတ်ခနဲပြန်လှည့်လိုက်လျှင် ခြံရဲ့က ကားဂိုဒေါင်၏အပြင်ဘက်နံရံနားမှာ ရပ်လျက်ရှိကာ ဘောင်းဘီခါးစပ်နားမှာ လက်မနှစ်ဖက်ချိတ်လျက် နေရာမှာပဲ ပစ်လှဲထိုင်ချလိုက်ချင်သည့် ခြေလှမ်းများနှင့် ရှေ့တိုးလာ၏။

အလှမ်းကွာနေပေမယ့် တစ်ယောက်၏မျက်ဝန်းတွေကို တစ်ယောက်မြင်နေရ၏။





မေမေနဲ့စကားပြောသွားတုန်းကမျက်နှာအတိုင်းရှိတာ မျက်ဝန်းတွေက ပို၍နီရဲနေသည်။

"ကားမောင်းပို့မယ့်သူမရှိလို့ လိုက်ရှာနေတာလား"

"ကိုကြီး"

ချစ်ခြင်း ရင်ထဲမှာ မီးစနှင့်ထိုးခံလိုက်ရသလို ပူလောင်သွားသည်။ ညှိုးမြှုတုန်လှိုက်အက်ကွဲနေသော ခြံရဲ့ စကားသံမျိုးကို သူမ တစ်ကြိမ်တစ်ခါမျှ မကြားခဲ့ဖူးပေ။

သူမအပေါ်မှာ ကိုကြီး ဒီလောက်ထိချစ်နေခဲ့ သလား ...၊ ကိုကြီး တကယ်ငိုချင်နေတာလား ...၊

ချစ်ခြင်း မျက်တောင်မခတ်ဘဲ မျက်ရည်နှစ်စက်က လိမ့်ခနဲကြွေသွားသည်။

တစ်ယောက်နဲ့တစ်ယောက် တစ်နေရာစီရပ်တန့်နေမိရင်း ငေးမောလျက် ...

"ချစ်ခြင်း .. ကိုကြီး ထွက်သွားပြီထင်နေတာ"

"မသွားပါဘူး၊ မင်းကို ပြန်လာခဲ့ဖို့ ကိုယ် ပြောထားတာပဲ၊ ဘယ်လိုထွက်သွားရမှာလဲ"

"ကိုကြီးရယ် ..."

ချစ်ခြင်း ဟန်မဆောင်နိုင်တော့ပါ။ ကိုကြီးဆီ တအားပြေးသွားမိသည်။ တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာဖက်ထားလိုက်မိသည့်အချိန် ဆို့နင့်နေခဲ့သည့်ရင်ဘတ်ထဲမှာ အသက်ရှူရပ်တန့်သွားတော့မလောက်ပင် ...။

စက္ကန့်တွေညောင်း၍ မိနစ်သို့ပြောင်းရွှေ့သွားသည့်တိုင် ဘာစကားမှ ပြောမထွက်နိုင်သေး။ ချစ်ခြင်း မျက်ရည်တွေ ခြံရဲ့အင်္ကျီရင်ဘတ်မှာစိုစွတ်နေခဲ့ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး ..."

"ဟင် ..."

"ချစ်ခြင်း ကို တကယ်ချစ်တာလားဟင် ..."

"ချစ်ခြင်းရယ် ..."

"ကိုကြီးကို ချစ်ခြင်း မိုက်မိုက်ရိုင်းရိုင်း ရိုက်ခဲ့မိတယ်"

"အဲဒါကြောင့် ပိုချစ်သွားတာထင်တယ်"

တစ်ယောက်မျက်နှာ တစ်ယောက် မကြည့်ဖြစ်ဘဲ စကားတွေ ပြောနေ ကြပြီးမှ ခြံရံ က ချစ်ခြင်း မျက်နှာလေးကို မေးဖျားလေးကကိုင်၍ မော့ယူသည်။

မျက်ရည်တို့နှင့်ပြည့်နေဆဲ မျက်ဝန်းညိုလေးများမှစ၍ တန်းစင်းနေသည်မှာ နှာတံကော့ကော့နှင့် မျက်ရည်လူးသော စကားဝါရောင်ပါးပြင်၊ သန္တာရောင်နှုတ်ခမ်း၊ အားလုံးကို စေ့စေ့စပ်စပ် ငေးစိုက်ကြည့်၏။

သူ့မျက်ဝန်းတို့သည် ကြင်နာမြတ်နိုးခြင်းများနှင့် တလက်လက် စူးရဲလာခဲ့ပြီး ကြည်နူးသည့်အပြုံးတို့ နှုတ်ခမ်းလွှာများမှာဖြစ်ကာ ...

"ထူးဆန်းလိုက်တာ၊ မင်းကိုချစ်နေခဲ့တဲ့ အချစ်တွေကို မင်း ခွဲသွားလောက်အောင်မုန်းတီးနေတဲ့ ရိုက်ချက်ကို ရလိုက်မှ ကိုယ် သိခဲ့တယ်"

ချစ်ခြင်း ယုံတာ၊ မယုံတာကို မတွေးဖြစ်ပါ။ ခြံရံ့ မျက်နှာချောချောကိုပဲ မော့ငေးနေခဲ့မိသည်။ ခြံရံ သည် ချစ်ခြင်း ပါးပြင်လေးကို ထိလိုက်တာနှင့် လက်ရာထင်ကျန်ခဲ့တော့မတတ် မကိုင်ရက် မဖိရက်နှင့် ရှုရှုလေး ထိကပ်ကြည့်သည်။

ပြီးတော့ မြတ်မြတ်နိုးနိုး ငုံ့မိုးစူးငေးလျက် ...

"မင်း ပြေးထွက်လာတာကိုမြင်လိုက်တော့ ရင်ထဲမှာနင့်သွားလို့ နှုတ် မဆက်ရဲခဲ့ဘူး၊ ဒါပေမယ့် နောက်ထပ် ကျောခိုင်းပြီး မမြင်ကွယ်ရာမှာ သွားနေဖို့ကျတော့ ခြေထောက်တွေက မလှုပ်ရှားဘဲဖြစ်နေတယ်၊ အဲဒါ





ကြောင့် ရပ်ကြည့်နေခဲ့တာ၊ သိပ်ချစ်တယ် ချစ်ခြင်းရယ်၊ အခု ကိုယ့်ရင်ခွင်ထဲကိုပြေးဝင်လာတာ ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် ကိုယ် ပြန်မလွှတ်နိုင်တော့ဘူး"

ခြံရံက ချစ်ခြင်း မျက်တောင်မခတ်ဘဲ ငေးကြည့်နေတာကို ပြန်၍ စူးစိုက်ကြည့်ရင်း ...

"ကိုယ့်ဆီကို အပြေးထွက်ဖြေးလာတာမဟုတ်လား၊ နှုတ်ဆက်မလို့ မဟုတ်ဘူးလို့ ပြောစမ်းပါ"

ချစ်ခြင်း၏မျက်ဝန်းလေးတွေမှာ အချစ်၏သက်ရောက်စေတတ်သော ချိုမြိန်ခြင်းများကြောင့် ရွန်းလက်တောက်ပလာခဲ့၏။

"ကိုကြီးပဲ ချစ်ခြင်း က လက်မခံနိုင်ဘူးဆိုရင် သွားပါဆို ..."

ချစ်ခြင်း မေးတာလေးကိုနားထောင်ရင်း ခြံရံ မျက်ဝန်းတွေမှာ ရယ်မြူးရိပ်များနှင့် ကြည်စင်သွားခဲ့သည်။ တွန့်ကုတ်ထားခဲ့သည့်မျက်ခုံးနှစ်ဖက်က ပြေကျသွားခဲ့လျက် ...

"အခု ကိုယ့်ရင်ခွင်ထဲဝင်ပြီး လက်မခံနိုင်ကြောင်းလာပြောတာလား"

"ဟုတ်တယ်၊ ရင်ခွင်ထဲရောက်လာတာက ခြေထောက်တွေ သစ္စာဖောက်လို့ ..."

"ကောင်းတာပေါ့၊ အဲဒါမှ သစ္စာဖောက်တဲ့သူနဲ့ ခြံရံ ဆိုတဲ့လူဆိုးနဲ့.."

"အာ .. ကိုကြီး ... သွား ..."

ချစ်ခြင်း မျက်နှာလေးကိုတိမ်းပစ်လိုက်ရင်းရယ်သည်။ မျက်ရည်လေးတွေ မစိုမခြောက်နှင့်ရယ်နေသည့် မျက်နှာလှလှလေးကို ခြံရံ က လက်ဖဝါးနှစ်ဖက်ထဲမှာ မချင့်မရဲမော့ယူလိုက်၍ ...

"မချစ်ဘူးလား"

"ဟင့်အင်း .. မဖြေဘူး"

"ရတယ်၊ ကိုယ် နားထောင်တတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ .. မသိဘူး၊ ကိုကြီး နော် ..."

တိုးသဲ့သဲ့ရယ်သံလွင်လွင်လေးက လေပြည်သွဲ့သွဲ့မှာ ယဲ့ယဲ့လေး တင်ကျန်ရစ်ကာ တိုးတိတ်ပျောက်ကွယ်သွားခဲ့၏။

ဤမြေ၊ ဤမြမှ ရှိရှိသမျှသော အမှန်းတရားတို့သည် ဤလေပြည် နောက်မှာ လိုက်ပါမျောလွင့်သွားပြီထင်သည်။

ချစ်ခြင်းမြဲ့ရုံသော ဤလေပြည်ဟာ ရင်ခုန်သံများဖြင့် ထုံမွမ်းသည့် ကမ္ဘာတစ်ခုဖြစ်ခဲ့ရင်း ...

လရောင်ကျူးရင့်

ရွှေသမင်စာပေ

www.burmeseclassic.com